
www.burmeseclassic.com

မောင်ညိုမှိုင်း (သန်လျင်)

# မြို့သူကြီးသူပုန်



www.burmeseclassic.com

www.burmeseclassic.com


ဗိုတာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
* အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊


စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုဗိုမိဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊


စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဇူလိုင်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

■

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၀၀၀ ကျပ်

၈၉၅.၈၃
ညီနိုင်း၊ မောင်(သန်လျင်)
မြို့သူကြီးသူပုန် / မောင်ညီနိုင်း(သန်လျင်)။ -ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၃၂၆-စာ ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ။
(၁) မြို့သူကြီးသူပုန်


## အမှင့်

ကျွန်တော်က ကွန်မြူနစ်တောင်းတစ်ဦးပါ။
ချစ်ဝီဒေက ကျွန်တော့် အသည်းနှလုံး စစ်စစ်ပေါ့
ပြိတ္တာ၊ တစ္ဆေ ...
စုန်းကဝေ လုံးဝ အယုံအကြည် မရှိဘူး၊ လက်မခံဘူး။
သို့သော် ....
မြို့သူကြီးသူပုန်တွေနဲ့တွေ့ပြီးနောက်ပိုင်း ...

မောင်ရွှေဂါ

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာရပ်ခံစာ

လုံးချင်းဝတ္ထုရှည်ကြီးတွေကိုပဲ အားရပါးရ ဖတ်ချင်ပါသည်ဆိုသည့် အနယ်နယ်အရပ်ရပ်မှ စာဖတ်ပရိသတ်များအတွက် ဂန္တီရဖြစ်ရပ်ဆန်းကြယ် ဝတ္ထုရှည်များ။ သမိုင်းနောက်ခံ လုံးချင်းဝတ္ထုရှည်များကို ကြိုးစားရေးဖွဲ့ တင်ဆက်လိုက်ရပါတယ်။

သမိုင်းနောက်ခံ၊ ရာဇဝင်နောက်ခံဝတ္ထု ဘာလို့ ရေးရတာပါလဲလို့ အချို့က မေးကြပါတယ်။

ရာဇဝင်သမိုင်းထဲက အဖြစ်အပျက်တွေက မျက်မှောက်ခေတ်မြင်ကွင်းတွေနဲ့ ခပ်ဆင်ဆင်တူတာမျိုးဖြစ်နေလို့ လက်အရသာရှိတာနဲ့ ရေးရတာပါ။

တစ်ခါတစ်ရံ စေတနာဆန္ဒဇောတွေများပြီး ရေးလိုက်ရလို့၊ ပုံနှိပ်လိုက်ရလို့ ဂရုတစိုက် စာစစ်နေသည့်ကြားကပင် စာလုံးပေါင်းအမှား။ သဒ္ဒါရာဇ်အမှား၊ အမည်နာမအမှားတွေ ကိုးကားချက် လွဲချော်မှုတွေလည်း ကျွန်တော့်ဝတ္ထုမှာ အနည်းငယ်ပါသွားတာတွေ ရှိတာကိုလည်း မေတ္တာရပ်ခံ တောင်းပန်ရပါတယ်။

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com

အထူးသဖြင့် ...

ကြိုတင်ထွက်ရှိသွားပြီးဖြစ်တဲ့ 'လင်မုန်းဘုရင်မ ပန်ထွာ' လုံးချင်းဝတ္ထုရှည်မှာ အမှားအနည်းငယ် ပါရှိသွားပါတယ်။

၎င်းဝတ္ထု ဒုတိယတွဲ စာမျက်နှာ (၁၀၁) စာကြောင်းရေ(၁၄) မှာ ကျွန်တော် မှားယွင်းပေါ့ဆ မျက်စိလျှန်းပြီး ယခုလို ရေးလိုက်မိပါတယ်။

'ရွှေရောင်တော်ဘုရား'ကို 'မြို့ဦးဘုရား'လို့လည်း ခေါ်ကြတယ်။ 'ရွှေရောင်တော်' ဘုရားကို တည်းဖို့အတွက်မဟုတ်ဘဲနဲ့ တည်ဖို့အတွက် ဗိသနိုးနတ်မင်းကြီးက ဟောဒီနေရာမှာ နေရာသန့်တစ်နေရာကို ညွှန်ပြခဲ့သတဲ့။ အဲဒီနေရာက ဘုရားအလောင်း 'ကျီးဖြူမင်း' နေခဲ့ဖူးတဲ့ အရပ်ပဲလို့ စာတွေရော၊ အမည်ပါ ထပ်ပိုမှားယွင်း ရေးသွားဖော်ပြသွားမိပါတယ်။

ဒီအမှား အားနည်းချက်ကို ပုံနှိပ်ပြီးနောက်ပိုင်းမှ သိလိုက်ရတဲ့အတွက် ရွှေရောင်တော်ဘုရားသမိုင်းဖြစ်စဉ် လွဲမှားသွားတာကို နောင်တရမိခဲ့ပါတယ်။ ဒါကြောင့် စာသားအမှန်က အောက်ပါအတိုင်းဖြစ်ပါကြောင်း ပြန်လည်ပြင်ဆင် ဖော်ပြရပါတယ်။

'ရွှေရောင်တော်ဘုရား'ကို 'မြို့ဦးဘုရား'လို့လည်း ခေါ်ကြတယ်။ 'ရွှေရောင်တော်' ဘုရားကို တည်ဖို့အတွက် ဗိသနိုးနတ်မင်းကြီးက ဟောဒီနေရာမှာ နေရာသန့်တစ်နေရာကို ညွှန်ပြခဲ့သတဲ့။ အဲဒီနေရာက ဘုရားအလောင်း 'ကြက်ဖြူမင်း' နေခဲ့ဖူးတဲ့ အရပ်ပဲ ...

ဘုရားအလောင်း ကြက်ဖြူမင်းက စာသားအမှန်ပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရေးချင်တဲ့ဇာတွေ များသွားလို့ အမှားဖြစ်သွားရတာပါ။

ဒေသခံများ၊ ဘုရားဂေါပကအဖွဲ့နှင့် စာဖတ်သူများအားလုံးကို လေးစားစွာ မေတ္တာရပ်ခံ ပြန်လည်ပြင်ဆင် တင်ပြရပါတယ်။

ကျွန်တော့်စာဖတ်ပရိသတ်အများစု လိုလားနှစ်ခြိုက်စွာ ဖတ်ရှုချင်တဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် လုံးချင်းရှည်ဖြစ်တဲ့ "မြို့သူကြီးသူပုန်" အမည်ရှိ ဝတ္ထုရှည်ကြီးကို ကြိုးစားရေးဖွဲ့လိုက်ပါပြီ . . .

ယခုစာအုပ်ကိုလည်း ဖတ်ရှုအားပေး ဝေဖန်ကြပါဦးလို့ လေးလေးစားစား တောင်းဆိုအပ်ပါတယ်။

စာချစ်သူများ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC

[ ၁ ]

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ကျွန်တော် စာတစ်အုပ်ကို သဲကြီးမဲကြီး စိတ်ဝင်တစားဖတ်လိုက်၊ မျဉ်းသားလိုက်၊ မှတ်စုထုတ်လိုက် လုပ်နေချိန်မှာ . . .

အိမ်ရှေ့တံခါးရှိရာကနေ တံခါးရွက်ကို သုံးကြိမ်တစ်ခါနှုန်းနဲ့ နားလိုက်ခေါက်လိုက် လုပ်နေသံကို ကြားနေရတယ်။

ဒါနဲ့ စာဖတ်နေတာကို ခဏရပ်ပြီး ပိုသေချာအောင် နားစွင့်လိုက်တယ်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

ဟုတ်တယ်။ တစ်စုံတစ်ဦးက ကျွန်တော်ရှိနေတဲ့ ရှေးဟောင်းအိမ်အိုကြီးရဲ့တံခါးကို သိသိသာသာ ခေါက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကပ်နာရီကိုလှမ်းကြည့်လိုက်တော့ …

ညဉ့်ကိုးနာရီမှာ လက်တံညွှန်ပြနေတယ်။

"ဘယ်သူလဲဟေ့ …"

"ဘယ်သူလဲလို့ မေးနေတယ်လေ"

ရန်ကုန်မြို့က ကျွန်တော့်သူငယ်ချင်း ကိုသိန်းဟန်များလား။

ကိုသိန်းဟန်ကလည်း ဒီလို ညဉ့်ကိုးနာရီအချိန် ကျွန်တော့်အိမ် ဘာလာလုပ်မှာလဲ။ သူလာချင်ရင် လင်းလင်းရှင်းရှင်း နေ့ခင်း၊ မြင်သာထင်သာမှာ လာရမှာပေါ့။

ယခု ကျွန်တော်နေတဲ့ ရှေးဟောင်းတိုက်ဒိုကြီးနဲ့ ရန်ကုန်မြို့ဆိုတာ မနက်စောစော ကားစီးလာရင်တောင် တစ်နေကုန်စီးမှ ကျွန်တော်နေတဲ့ ခြံကျယ်ကြီးရှိရာကို ညနေ သုံးလေးနာရီမှ ရောက်မှာရယ်။

အကယ်လို့သာ သိန်းဟန်ရောက်နေရင်လည်း ကျွန်တော့်နာမည်ကိုခေါ်ပြီး သူရောက်နေတာကို အော်ပြောရမယ်။

ဘာလို့လဲဆိုတော့ …

ကျွန်တော့်သူငယ်ချင်း သိန်းဟန်က စကားပြောရင် အော်ကြီးဟစ်ကျယ်ပြောတဲ့ အလေ့အထ ရှိလို့ပဲဗျ။

ဒါနဲ့ ဖတ်လက်စ 'ရေအောက်မြေအောက်ရှိ ရှေးဟောင်းမြို့ပျက်ကြီးများ' အမည်ရှိ သုတေသနစာအုပ်ကြီးကို ပေတံညှပ်ပိတ်ပြီး အိမ်ရှေ့ဆင်နားရွက်တံခါးဟောင်းကြီးရှိရာ လှမ်းလာခဲ့လိုက်တယ်။

အာလာဒင်မီးအိမ်ကိုလည်း တံခါးပေါက်အနီးက မီးအိမ်တင်စင်ပေါ်မှာ တင်လိုက်ပြီး လိုရမယ်ရ လှံရှည်တစ်ချောင်းကို ညာလက်နှင့်ဆုပ်ကာ ကျွန်းတံခါးရှေ့မှာ ရပ်လိုက်တယ်။

"အိမ်ရှေ့က ဘယ်သူတုံး"

"ဒေါက် … ဒေါက် … ဒေါက် …"

"အိမ်ရှေ့က ဘယ်သူတုံးလို့ မေးနေတယ်လေ"





ကျွန်တော်က စိတ်တိုစပြုလာလို့ အသံမာမာနဲ့ အော်မေးလိုက်မှ …

"အမေကြီးပါ"

"ဗျာ … အမေကြီး … ဟုတ်လား"

"ဟုတ်တယ် … လူကလေးရဲ့၊ အမေကြီးပါ။ ပေးစရာရှိလို့ တံခါးခဏလေး ဖွင့်ပေးပါ … လူကလေးရယ်"

"အမေကြီး … အမေကြီးက ဘယ်ကတုံးခင်ဗျာ"

"လူကလေးတို့ အိမ်အနီးကပါကွယ်။ တံခါးရဲရဲဖွင့်ပါ။ လူကလေး အန္တရာယ်မဖြစ်စေရပါဘူးကွယ်"

အသံကတော့ အသက်အရွယ်ခပ်ကြီးကြီး အသံပဲဗျာ။

အမေကြီးဆိုသူရဲ့အသံမှာ မောဟိုက်သံ မပါဘူး။ တုန်လှုပ်နေတဲ့အသံ မပါဘူး။ ကရုဏာသံလိုတော့ ပါတယ်။

ဒါနဲ့ ကျွန်တော် တံခါးအပေါ်ချက်အောက်ချက် နှစ်ခုကိုဖြုတ်ပြီး တံခါးကို အသာဟပေးလိုက်ရော …

အေးခနဲဖြစ်သွားတယ်။

စိမ့်အေးအေး လေစိမ်းက ကျွန်တော့်မျက်နှာကို တိုးဝှေ့လိုက်တော့ မျက်နှာကနေ ကျောအထိ အေးစိမ့်သွားတာပဲဗျာ။

အပြင်မှာ သစ်ပင်တွေ လေတိုးလို့ သစ်ရွက်ချင်း ထိခတ်တဲ့အသံကို ကြားနေရတယ်။ သို့သော် လျှပ်စစ်မီးမရှိတဲ့အရပ်မို့ အိမ်ရှေ့ဝန်းကျင်တစ်ခုလုံး မဟူရာရောင် မှောင်ပိန်းလို့။

အသံရှင်ကို ကြည့်လိုက်တော့ …

ကျွန်တော့်မျက်စိရှေ့မှာ အမေကြီးဆိုတဲ့ မိန်းမကြီး လုံးဝမရှိဘူး။

လှံရှည်ကို ထိုးရန်အသင့်ပြင်ပြီး ဟိုဒီဝဲယာ လှည့်ကြည့်တယ်။ အသံရှင် မိန်းမကြီးကို မမြင်ရဘူး။

ရင်ထဲမှာ သိုးသိုးသန့်သန့် ခံစားရသလို ဖြစ်သွားတယ်ဗျား

"အမေကြီး … အမေကြီး … ခင်ဗျား ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂီး ..."

"ဟင် ..."

"ဂစ် ... ဂစ် ... ဂစ် ... ဂီး ..."

"အို ..."

ကျွန်တော်က အသံရှင်အမေကြီးကို ခေါ်နေတုန်းမှာပဲ ... 'ဂီး' ဆိုတဲ့ အသံအက်ကွဲကွဲနဲ့ လင်ကောင်ပိုးခေါ် ငှက်ဆိုးတစ်ကောင်ရဲ့ ထိုးသံကို ကြားလိုက်ရပြီး ခေါင်းနားပန်းတွေ ကြီးသွားတာပဲဗျား။

ငှက်ဆိုးက ကျွန်တော့်ခေါ်သံအဆုံးမှာ အိမ်ရှေ့မှောင်မှောင်မည်းမည်းမှာရှိတဲ့ သစ်ပင်ပေါ်ကနေ ဂီးဂနဲထိုးပြီး အိမ်ခေါင်မိုးပေါ် ပျံတက်လို့ ထိုးနေတာဗျ။

"ဂီး ... ဂီး ..."

"ဂစ် ... ဂစ် ... ဂီး ..."

အသံရှင်လူကို မမြင်ရဘဲ ငှက်ဆိုးတစ်ကောင်ရဲ့ ကျက်သရေမရှိတဲ့ အော်သံထိုးသံကို အလန့်တကြား ကြားလိုက်ရတာ။

လူကြီးသူမများ ပြောကြမဟုတ်လားဗျာ။

ငှက်ဆိုးဆိုတာ မင်္ဂလာကျက်သရေမရှိတဲ့ ငှက်။

ဒီငှက်ကို မိစ္ဆာငှက်၊

လင်တောင်ပိုးငှက်၊

သေမင်းရှေ့ပြေးငှက် စသည် ခေါ်ကြတယ်ဆိုပဲ။

အဲဒီငှက်ဆိုး အိမ်တစ်အိမ်ရှေ့မှာ အိမ်ခေါင်ပေါ်မှာ ထိုးရင် လူသေတတ်သတဲ့။ ငှက်ဆိုးထိုးတဲ့အသံနဲ့ အော်တဲ့အသံကို ခွဲခြားပြတာလည်း ရှိသေးတယ်ခင်ဗျ။

"ဂစ် ... ဂစ် ... ဂစ် ..."

အဲဒီအသံက ငှက်ဆိုးရဲ့အော်သံ။

ဒီအော်သံကို စိုးရိမ်စရာ မရှိဘူးတဲ့။ ဒါက အစာရှာရင်း လူတို့ သတ္တဝါတို့ကိုတွေ့လို့ အော်တဲ့အသံတဲ့။

"ဂီး ...."





အဲဒီ 'ဂီး ...'ဆိုပြီး တစ်ချက်၊ တစ်သံတည်း လည်ချောင်းရှင်ခေါင်းသံနဲ့အော်သံကို 'ငှက်ဆိုးထိုးသံ' လို့ ခေါ်သတဲ့။

အဲဒီလို 'ဂီး ...'လို့ ထိုး (အော်)ရင် အဲ့ဒါ မင်္ဂလာမရှိဘူး။ နိမိတ်မကောင်းဘူး။ အသက်အန္တရာယ်ရှိတယ်။

"ဂီး ..."

"ဂစ် ... ဂီး ... ဂီး .... ဂီး ... ဂစ် ..."

အဲဒီလို ထိုးသံရော အစ်သံရော တွဲလုံးနဲ့ အိမ်ပေါ်မှာ အော်နေရင်၊ အော်သွားရင် အဲဒီ အအော်ခံ၊ အဖြတ်သန်းခံရတဲ့အိမ်က လူတစ်ဦးတစ်ယောက် မကြာခင် သေဆုံးကွယ်လွန်ဖို့ ကြိမ်းသေသလောက်ပဲလို့ ကျွန်တော်တို့ မိဘဘိုးဘွားများက ပြောဖူးတယ်လေ။

အခု အဲဒီလို နိမိတ်မကောင်းတဲ့ ငှက်ဆိုးထိုးသံကို ကျွန်တော့် ကြားရတော့ ခေါင်းနားပန်းကြီး၊ ကြက်သီးထ၊ ကျောစိမ့်သွားခဲ့ရပြီ။

ယုံကြည်လွန်းလို့ မဟုတ်ပါဘူးဗျာ။

တစ္ဆေသရဲတို့၊ ဖုတ်၊ ပြိတ္တာ၊ ကျတ်တို့ ကျွန်တော် လုံးဝ မယုံကြည်ဘူး။ တစ်ကြိမ်တစ်ခါမှလည်း မမြင်ဖူး၊ မကြုံဖူးဘူး။

မမြင်ဖူး၊ မကြုံဖူးလို့ ကြောက်လေ့ကြောက်ထ မရှိဘူး။

သို့သော် ဒီငှက်ဆိုးထိုးသံက ကျောစိမ့်လောက်အောင် ဖြစ်သွားလို့၊ ပြီး ... အမေကြီးလည်း မမြင်ရလို့ အသာနောက်ဆုတ်ပြီး တံခါးပိတ်မယ်ဟန် ပြင်လိုက်ရော ...

"လူကလေး ..."

"အမလေး ..."

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်လို့တုံး လူကလေးရဲ့ ဟင်"

တံခါးပိတ်မယ်လို့လုပ်မှ တံခါးဝကနေ 'လူကလေး' လို့ ကပ်ပြီးခေါ်လိုက်တော့ လန့်ဖျပ်ပြီး ကြက်သီးဖြန်းဖြန်း ထရပြန်ပါရောဗျာ။

တော်သေးတာပေါ့။

လန့်ဖျပ်ပြီး လက်ထဲကလုံ့နဲ့များ ထိုးချလိုက်ရင် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်သက်မဲ့ လူသတ်မှုဖြစ်ပြီး ထောင်ထဲဝင်ရဦးမှာ။ ဒါနဲ့ တံခါးရှေ့ တစ်ပေခန့်အကွာမှာ ရပ်နေတဲ့သူကို ကြည့်လိုက်တော့ ခုသက်ခုနှစ်ဆယ်ခန့် အမေအိုကြီးဗျ။

ဆံပင်ဖြူဖြူ ဖွေးဖွေးတွေက ကျောပေါ်မှာ ကျနေတယ်။ သေချာအောင် အာလာဒင်မီးအိမ်ကို မြှောက်ပြီးကြည့်လိုက်တော့ ပါးရည်နားရည် ဘွန်ရှုံ့လို့ ပါးစပ်ထဲမှာလည်း သွားတစ်ချောင်းမှ မရှိဘူး။ အင်္ကျီပင်နီရောင် ရင်ဖုံးပွပွ ဝတ်ထားသလို ထဘီကတော့ ယောထဘီအနက် မတ်တတ်စင်းကို အထက်ဆင်အစထုတ်ပြီး ဝတ်ထားတယ်ခင်ဗျ။

ပြီး ...အမေကြီးရဲ့လက်ထဲမှာ ဟင်းပန်းကန်လိုမျိုး အနံ့ရတဲ့ ပန်းကန်တစ်ခုလည်း ကိုင်ထားတယ်။

"အမေကြီးနော် ..."

"ဟုတ်ပါ့ ... လူကလေးရယ်"

အမေကြီးက ကျွန်တော့်လက်ထဲက လုံရှည်ကြီးကို ကြည့်ပြီး စိုးရွံ့သလို ဖြစ်သွားတယ်။

"အမေကြီးနာမည် ဘယ်လိုခေါ်ပါသလဲဟင်"

"ခေါ်ကြူတိုင်းလို့ ခေါ်ပါတယ်ကွယ်။

လူကလေးနာမည်ကရော ဘယ်လိုခေါ်တုံး။ ကိုယ့်ရပ် ကိုယ့်ဒေသ ရောက်လာတဲ့သူ့ဥစ္စာ နာမည်တော့ သိထားမှကွယ့်"

"ကျွန်တော့်နာမည် မောင်ရွှေဝါလို့ ခေါ်ပါတယ် ...အမေကြီး။ အမေကရော ...နေတော့"

အမေကြီးက ...

"မင်းတို့အိမ်ကြီးရဲ့ တောင်ဘက် အိမ်မည်းကြီးဆိုတဲ့အိမ်မှာ နေတယ်ကွယ့်။ အမေကြီးနဲ့ အမေကြီးမြေးနဲ့ပေါ့"

"ဟုတ်ကဲ့ ... ခင်ဗျ။ ဒါနဲ့ ညဉ့်အချိန်မတော်ကြီးမှာ အမေကြီး ဘယ်လိုကိစ္စရှိလို့ ကျွန်တော့်အိမ်ကို ရောက်လာရပါလဲ ... အမေကြီး။ ကျွန်တော် အမေကြီးကို ဘယ်လိုအကူအညီပေးရမလဲ ပြောပါခင်ဗျား"





"အမေကြီးက လူကလေးထံက အကူအညီလိုချင်လို့ လာခဲ့တာ မဟုတ်ပါဘူးကွယ်။ လူကလေးကို ကူညီချင်လို့ပါ။ အခုလာရတဲ့အကြောင်းက အမေကြီးရဲ့ မြေးမလေးက မင်း ... ဒီရှေးဟောင်းအိမ်ကြီးမှာ တစ်ယောက်တည်း ရောက်နေတယ်တဲ့။ အဖော်လည်း မပါဘူးတဲ့။ တစ်ယောက်တည်းဆို စားရေးသောက်ရေး ဒုက္ခ၊ ကာသီလင်တနိုင်မှာပဲ အဘွားတဲ့။ အဲ့ဒါ ဒီနေ့ ကြက်သားဟင်းချက်လို့။ မင်းနှမက မင်းကို မရင်းနှီးပေမင့် ခင်မင်တယ် လူကလေးရဲ့။ အဘွားရယ်တဲ့ မောင်ကြီးလူစိမ်းကို ဟင်းတစ်ခွက်သွားပို့လိုက်ပါဆိုတာနဲ့ ဟင်းတစ်ခွက်လာပို့တာ ... လူလေးရဲ့။ အမေကြီးတို့က ချက်တာပြုတ်တာ နောက်ကျတယ်။ ရော့ ... ပူပူနွေးနွေးလေး စားဖို့လှယ်ယူလိုက်"

"အားနာစရာ ... အမေကြီးရယ်"

"အားမနာပါနဲ့ ... လူကလေး။ အမေကြီးတို့က ရွာခံတွေပါ။ ဒီနေရာမှာ အိမ်ခြေများများစားစား မရှိဘူး။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်းလို့ သဘောထား။ ရော့ ... လှယ်ထားလိုက်"

မယူရင်လည်း ရှိုင်းရာကျမှာပဲဗျ။

ကျွန်တော်က ဒီနေရာကိုရောက်တာ နှစ်ရက်ပဲရှိသေးတယ်။ ဒီရပ်ဒီရွာရဲ့ ဓလေ့က ဘယ်လိုလဲ၊ ကျွန်တော် မသိသေးဘူး။ ကျွန်တော့်မှာလည်း အသိမိတ်ဆွေ ဒီရပ်ဒီဒေသမှာ မရှိသေးဘူး။

ဒါကြောင့် အမေကြီးလက်ထဲက သင်းပျံ့လှတဲ့ ခပ်နွေးနွေး ကြက်သားဟင်းပန်းကန်ကို ရိုရိုသေသေလှမ်းယူပြီး အိမ်မှာရှိတဲ့ပန်းကန်နဲ့ လှယ်ယူလိုက်တယ်။

အင်း ... သူက အိမ်နီးနားချင်းကောင်းပီသစွာ ဟင်းတစ်ပန်းကန် လာပေးတာကို ကိုယ့်ဘက်ကလည်း တစ်စုံတစ်ခု ပြန်မပေးရင် မကောင်းဘူးလေ။

ဒါကြောင့် မန္တလေး ရွှေနန်းတော် ဘီစကစ်အထုပ်ကြီးတစ်ထုပ် ပြန်လက်ဆောင်ပေးဖို့ စားပွဲပေါ်ကနေ ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒီကိုပြောင်းလာကတည်းက တစ်လစာ အသားဘူး၊ အသားခြောက်၊ မုန့်ခြောက်၊ ဘီစကစ်၊ နို့ဆီ၊ သကြားကနေ 'ရမ်' အရက်၊ ဘရမ်ဒီ'အရက်ပုလင်းတွေပါ ယူလာတာ။ ကုန်မှ မြို့ပေါ်တက်ပြီး ဝယ်ရမှာလေ။

"အမေကြီးခင်ဗျ"

"မောင်ရွှေဝါ"

"ဟောဒါက အမေကြီးတို့ မြေးအဘွားစားဖို့ မန္တလေး ဘီစကစ် ပါခင်ဗျ။ ကျွန်တော် လက်ဆောင်ပေးတာပါ"

"အို ... မောင်ရွှေဝါရယ် ... အမေကြီး လိုချင်လို့လာတာ မဟုတ်ပါဘူး ... လူကလေးရယ် ... မယူပါရစေနဲ့ကွယ် ... မယူပါရစေနဲ့ကွယ်"

အမေကြီး ဒေါ်ကြူတိုင်းက မလိုချင်ဘူးဆိုပြီး အားနာသံနှင့် ငြင်းလေရဲ့ဗျာ။

"ယူပါ ... အမေကြီးရယ်။ ကျွန်တော့်မှာလည်း အရေးရှိရင် အမေကြီးတို့ပဲ အားကိုးပြုရမှာပါ။ ဒါကလည်း ကိုယ့်အမေလို၊ အဘွားလို သဘောထားပြီး ကုသိုလ်ယူတဲ့အနေနဲ့ ပြန်ဒါနပြု လက်ဆောင်ပေးရတာပါ။ ယူပါ အမေကြီးရယ် ... နော်"

"နောင်ကိုတော့ ဒီလိုမလုပ်ပါနဲ့ ... လူကလေးရယ် နော်"

"ဟုတ်ကဲ့ပါ ခင်ဗျ။ ဟုတ်ကဲ့ပါ"

"အမေကြီး ... သွားမယ်နော်။

အကြောင်းကိစ္စရှိရင် လာပြော။ လူမတွေ့ရင် စာရေးပြီး တံခါးမှာ ဆိုးသားခဲ့"

"ဟုတ်ကဲ့ပါခင်ဗျ ... ကျေးဇူးပါပဲ ... အမေကြီးရယ်။ သြော် ... အမေကြီး"

"ပြောကွယ့် ... မောင်ရွှေဝါရဲ့ ... ဘာတုံးကွယ်"

"ကျွန်တော် လိုက်ပို့ပေးပါရစေ ခင်ဗျ"

စိတ်ကူးသစ်စာပေ



"နေ ... နေ ... မောင်ရွှေဝါ။ လူကလေး နေခဲ့။ ဒီလမ်းက အမေကြီးတို့ နေ့တိုင်းသွားနေတဲ့လမ်း။ လကွယ်ညလို မှောင်ပိန်းနေရင်တောင် ငါတို့ သွားလို့ရတယ် ... လူကလေးရဲ့။ လူကလေးကို လိုက်မပို့နဲ့ဆိုတာ က မြွေပါးကင်းပါးနဲ့ ကြုံမှာစိုးလို့။ သွားပြီနော် ... မောင်ရွှေဝါ"

"ဟုတ်ကဲ့ပါခင်ဗျ ... ကျေးဇူးပါဗျ"

ကျွန်တော် ခြံထဲကနေ လှုပ်လှုပ်နဲ့ထွက်သွားတဲ့ အမေကြီး ဒေါ်ကြူတိုင်းကို ညဘက်မို့ စိုးရိမ်စိတ်နဲ့ လှမ်းကြည့်နေမိတယ်။

ကြယ်ရောင် ဖြိုးဖြိုးဖျဖျ အလင်းရောင်နဲ့ မြေသားလမ်းမပေါ်မှာ အမေကြီးဒေါ်ကြူတိုင်း တရွေ့ရွေ့ သွားနေတယ်။

သူ့ရှေ့မှာတော့ ခွေးနက်ကြီးတစ်ကောင်က လမ်းပြသလိုသွားနေတာကို ကျွန်တော် မြင်နေရတယ်။

ခွေးကြီးက လူ့ခါးစောင်းလောက် ရှိပုံပဲဗျာ။

ဟောင်လည်း မဟောင်ဘူး။

ရှေ့စူးစူးကိုကြည့်လိုက်၊ သွားလိုက်၊ အတန်ကြာရင် နောက်ပြန်လှည့် ရပ်စောင့်လိုက်၊ တော်နေကြာ ဘေးဘီဝဲယာကို ကြည့်လိုက် ...

ရှေ့ကိုပြေးသွားလိုက်၊ ပြီးလျှင် သူ့သခင်မရှိရာကို ပြန်ပြေးလာပြီး စောင့်ခေါ်လိုက်၊ မကြာခင် မျက်စိရှေ့မှောက်က ပျောက်သွားခဲ့တယ်။

ဒီတော့မှ ကျွန်တော် အိမ်ထဲကိုပြန်ဝင်လာလိုက်ပြီး အမေကြီးပေးခဲ့တဲ့ ထမင်းစားခုံပေါ်ရှိ ကြက်သားဟင်းပန်းကန်ပေါ်ကို ဝါးအုပ်ဆောင်းလေး အုပ်လိုက်ပြီး စာကြည့်စားပွဲရှိရာ ပြန်လာလို့ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဒီအိမ်ကြီးရှိရာ ရောက်ခဲ့ပုံကို ပြန်စဉ်းစားလိုက်တယ်ခင်ဗျ။

ကျွန်တော့်အလုပ်က ခုတော့ စာရေးဆရာပေါ့ဗျာ။

တစ်ချိန်တုန်းက ကျွန်တော်က တောခိုကျောင်းသား။ မြန်မာပြည်ကွန်မြူနစ်ပါတီဝင် တစ်ဦးပါ။

တောထဲမှာနေတုန်းက ကျွန်တော်က ဝါဒဖြန့်ချိရေးအတွက် လက်ကမ်းစာစောင် တာဝန်ခံပေါ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နောင်တော့ ပဲခူးရိုးမမှာ ဖြုတ်၊ ထုတ်၊ သတ် လုပ်စဉ်ဆိုတဲ့ ဟသ်ာကိုးသောင်းစာတ်ထုပ်ပေါ်လာတော့ တိုးတက်တဲ့ကျောင်းသားဆိုသူတွေကို ကွန်မြူနစ်ပါတီဗဟိုက ပြန်လည်ပြင်ဆင်ရေးသမားဆိုတဲ့ တံဆိပ်ရိုက်ပြီး အချင်းချင်း သတ်ခိုင်းခဲ့တယ်။

ဝါရင့်ကွန်မြူနစ်ကြီးတွေလည်း ဖြုတ်၊ ထုတ်၊ သတ်ထဲမှာ အသက်သေဆုံးခဲ့ကြတယ်။

ပဲခူးရိုးမမှာ ပညာတတ်ကျောင်းသားတွေရဲ့ သွေးတွေဟာ စိမ်းစိုတဲ့သစ်ရွက်နဲ့ ဝါရော်ကြွေကျ သစ်ရွက်တွေပေါ်မှာ စွန်းထင်းပေကျံ စီးမျောခဲ့ကြတယ်။

နောက် … ဘာကြားလဲဗျာ။

ကွန်မြူပါတီ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းကို တင်းစောင့်မောင်မြ (ခေါ်) ကျုံတိတ် (ခေါ်) လုံတိတ်က လျှို့ဝှက်ချောင်းမြောင်း လုပ်ကြံလိုက်တော့ ပဲခူးရိုးမ မြရာပင်ကြောမှာ သခင်သန်းထွန်း ကျဆုံးသွားခဲ့တယ်။ သစ္စာဖောက် မောင်မြ ခေါ် အစိုးရသူလျှိုလည်း ချက်ချင်းပျောက်သွားလိုက်တာ နောက်ဆုံး မဆလအစိုးရရဲ့ထံမှာ လက်နက်ချတဲ့အကြောင်း၊ ကြားသိရတယ်။

ကျွန်တော်တို့ ကွန်မြူနစ်ပါတီကို သခင်ဇင်တာ တာဝန်ယူဦးဆောင်ခဲ့စဉ် ဗြိမြန်တပ်မ (ရရ) ရဲ့ ဖြုတ်လေးဖြုတ် စိမ်ချက်ရဲ့ဒဏ်ကြောင့် သခင်ဇင်တို့ပါ ကျဆုံးခဲ့ရသလို …

ကျွန်တော်လည်း တိုက်ပွဲမှာ ဒဏ်ရာရပြီး တပ်မတော်စစ်ကြောင်းရဲ့ ဖမ်းဆီးခံရလို့ ထောင်ကျခဲ့ရတယ်။

ဒီတိုက်ပွဲမှာ ကျွန်တော် ချစ်မြတ်နိုးခဲ့ရတဲ့ မိန်းကလေးတစ်ဦးလည်း အသက်ပေးလှူခဲ့ရတယ်လေ။

ကံလေးကောင်းချင်တော့ လွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကြောင့် အင်းစိန်ထောင်နဲ့ သာယာဝတီထောင်ထဲမှာ ငါးနှစ်ခန့်နေပြီး ပြန်လွတ်လာခဲ့တယ်ခင်ဗျ။





ထောင်ကလွတ်တော့ ဘာလုပ်ဘာကိုင်ရမှန်းမသိဘူး။

စာရေးတဲ့အတတ်ကလေးတော့ ထောင်ထဲမှာနေတုန်းက လုပ်ရှုကိုင်ရှုတာရှိတယ်။

ဘုန်းကြီးလူထွက်နဲ့ နိုင်ငံရေးသမား ထောင်ထွက်ဟာ မူလ ကိုယ်ရောင်ကိုယ်ဝါ ပျောက်ဆုံးသွားရင် လူ့လောကထဲမှာ ယောင်ချာချာ ဖြစ်နေလေ့ရှိတယ်လေ။

တော်ပါသေးရဲ့ …

ရန်ကုန်တက္ကသိုလ်မှာတုန်းက ကျောင်းနေဖက်ဖြစ်တဲ့ သမိုင်းကျောင်းသား ကိုမျိုးချစ်လှိုင်နဲ့ ပန်းဆိုးတန်းမှာ သွားတွေ့ကြတာ။

သူက စာအုပ်ထုတ်ဝေရေးသမား ပါပလစ်ရှာပေါ့ဗျာ။

အဲဒီ ကိုမျိုးချစ်လှိုင်နဲ့တွေ့ပြီးနောက် ကျွန်တော် စာပေလောကထဲကိုရောက်ခဲ့ပြီး နိုင်ငံရေးစာတွေ ရေးနေရာက ရှေးဟောင်းမြို့တွေအကြောင်း စိတ်ဝင်စားလာခဲ့တယ်။

ရှေးဟောင်းမြို့တော်တွေဖြစ်တဲ့ ဗိဿနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်း၊ ဘုရင့်နောင် နန်းတော်ရာကုန်း၊ ဟန်လင်း၊ ရွှေဘို စသည့်နေရာတွေကို သွားရောက်လေ့လာဖြစ်ခဲ့တယ်။

အဲဒီ ရာဇဝင်ရှေးဟောင်းမြို့ကြီးတွေကို အခြေခံပြီး ရှေးခေတ်အခါက မင်းနဲ့ ပြည်သူရဲ့အကြောင်းကို ရေးဖို့ စိတ်ကူးဖြစ်လာခဲ့ရင်း …

အေးအေးဆေးဆေး စာရေးကောင်းမည့်နေရာကိုရှာကာ …

တိုက်ပွဲကုန်းရွာဆိုတဲ့ ဒီနေရာကို ရောက်ခဲ့ရတာပါ။

ဒီရှေးဟောင်းတိုက်အိုကြီးရဲ့ ယခုအိမ်ပိုင်ရှင်အမည်က ဦးရက်ရာဇာတဲ့။ ကျွန်တော့် ကျောင်းနေဖက်သူငယ်ချင်း သိန်းဟန်ရဲ့အဘိုး။

ဦးရက်ရာဇာတို့ မျိုးရိုးက သီပေါမင်း ပါတော်မူပြီးနောက်ပိုင်း လွတ်လပ်ရေးရပြီးသည်အထိ သူကြီးမျိုးရိုးတဲ့။

မြို့သူကြီးမျိုးရိုးလို့ သိရတယ်။

ဒီရှေးဟောင်းတိုက်အိမ်ကြီးကလည်း ဦးရက်ရာဇာရဲ့အဖေကို မြို့သူကြီးဘဝကနေခဲ့တဲ့ တိုက်အိမ်ကြီးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ . . . ညိုမြမဲမှဲ့ လူမနေတဲ့ တိုက်ကြီးပေါ့ဗျာ။

ကျွန်တော့်ကို အဲဒီ အင်္ဂလိပ်ခေတ် မြို့သူကြီး 'ဦးသောမ'နေခဲ့တဲ့ ရေးတိုက်အိမ်ကြီးမှာ နေချင်သွားနေတဲ့။

"တိုက်ကတော့ သော့ခတ်ပြီးပိတ်ထားတာ နှစ်ပေါင်းငါးဆယ်ကျော်ပြီကွ . . . ရွှေဝါရေ။ မင်းနေချင် သွားနေ။ တစ်ခုတော့ ရှိတယ်နော်"

"ဘာမှာမှာတုံး . . . သိန်းဟန်ရ"

"သတ္တိရှိမှသွားနေ ကိုယ့်လူရေ။ သွေးကြောင်ရင်တော့ သွားမနေနဲ့ပေါ့"

"ဘာဖြစ်လို့တုံး . . . သူငယ်ချင်းရေ မင်းကလည်း"

"တစ္ဆေခြောက်တယ်တဲ့"

"တစ္ဆေ . . . ဟုတ်ရဲ့လားကွာ။ မင်း မနောက်ပါနဲ့ . . . သိန်းဟန်ရာ။ ငါက တိတ်တိတ်ဆိတ်ဆိတ်နေရာဆိုလို့ စာရေးချင်တာပါ။ ပြီး . . . တစ္ဆေတို့ သရဲတို့ ငါမယုံဘူးကွ။ ငါက တောအနှံ့တောင်အနှံ့ နေ့ရောညပါ သွားခဲ့ဖူးတဲ့လူပါ"

"အေးလေ . . . မကြောက်ရင် နေလို့ရတယ်။ ကြောက်ရင်သာ နေလို့မရတာ"

"သိန်းဟန် . . ."

"ပြော . . . ရွှေဝါ . . . ပြော"

"တစ္ဆေတို့သရဲတို့ဆိုတာ ရှိလို့လား . . . သူငယ်ချင်း"

"ရှိတယ်လို့ ငါကပြောရင် မင်း ဘာလုပ်မလို့တုံး"

"မပြင်ဖူးလို့ပါ။ သူလို ငါလိုပဲလား။ ဒါမှမဟုတ် သူတို့က မျက်စိတစ်လုံးနဲ့ ခြေထောက်တစ်ချောင်း ပဲရှိနေသလား။ ဒါမှမဟုတ် ရုပ်ပျက်ဆင်းပျက် အတ္တဘောခန္ဓာကိုယ် ရှိသလား"

"ငါလည်း မတွေ့ဖူးဘူး။ လူကြီးသူမတွေ ပြောတာပဲ ကြားဖူးတယ်။ ဘုရားဟောမှာတော့ ရှိတယ်ပြောတာပဲ"

"စိတ်ကကြောက်ရင် လေတိုက်တာတောင် လန့်တာပါပဲကွာ။ အေးလေ . . . သရဲတို့၊ တစ္ဆေတို့၊ ကျုတ်တို့ ရှိနေရင်လည်း တွေ့ချင်တယ်။





သူကောင်းရင် ကိုယ်ကောင်းမှာပေါ့။ သူဆိုးနေရင်လည်း ငါနဲ့တွေ့မှာပဲ ပေါ့"

ဒီလိုနဲ့ ကျွန်တော် 'တိုက်ပွဲကုန်း'ဆိုတဲ့ ရန်ကုန်မြို့နဲ့ မိုင်ပေါင်းများစွာဝေးတဲ့ ဒီရွာကို ရောက်ခဲ့တယ်။

ဒီနေရာကို ရထားတစ်တန်၊ ကားတစ်တန်၊ ရေတစ်တန်၊ လှည်းတစ်တန်နဲ့ ကျွန်တော်တို့နှစ်ယောက် လာခဲ့တာလေ။

တစ်လစာ စားရေရိက္ခာအပြည့်၊ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ နို့ဆီ၊ သကြား၊ ဘီစကစ်၊ ကိတ်ခြောက်၊ ဝက်ပေါင်ခြောက်၊ ငါးခြောက်၊ အမဲခြောက် စသည့် မီးဖိုချောင်သုံးပစ္စည်းတွေ ပါလာသလို . . .

အင်္ဂလိပ်သောက်ဆေး၊ မြန်မာတိုင်းရင်းဆေး၊ ဂွမ်း၊ ပတ်တီး၊ တင်ချာ၊ အရက်ပြန် စသည့် ဆေးဝါးပစ္စည်းများ၊ ငှက်ဖျားဒဏ် ကာကွယ်ဖို့ အာမိရမ်၊ ဘရမ်ဒီ၊ တောအရက်အဆီ စသည့် သောက်စရာ ယမကာတွေလည်း ယူဆောင်လာခဲ့တယ်။

အံ့ဩစရာတော့ ရှိသား။

ကျွန်တော်တို့စီးလာတဲ့နွားလှည်း ခြံကျယ်ကြီးရှေ့ဆိုက်တော့ နွားနှစ်ကောင်က မရပ်ချင်ကြဘူးဗျ။

"ပွတ် . . . . ပွတ် . . . . ပွတ်"

"ပွတ် . . . . ပွတ် . . . ကျွတ် . . . . ကျွတ် . . ."

လှည်းဆရာက မရပ်ဘဲ ရှန်းကန်ရှေ့တိုးနေတဲ့ နွားနှစ်ကောင်ကို မနည်းကြိုးဆွဲ ချော့မော့ထိန်းထားရတယ်ဗျာ။

"ဆရာလေးတို့ . . . မြန်မြန်ပစ္စည်းတွေ ချကြပါဗျ"

"ဖြည်းဖြည်းပေါ့ . . . လှည်းဆရာရယ်။ ကျွန်တော်တို့လည်း ပင်ပန်းနေလို့ပါဗျာ။ ချမှာပေါ့။ ဘယ်လိုဖြစ်လို့တုံး"

"နွားတွေ ဂနာမငြိမ် ဖြစ်နေလို့ဗျ။ အမြန်လုပ်ပါ"

"အိမ်ပြန်ချင်လို့နေမှာပေါ့ . . . လှည်းဆရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဆရာလေးတို့ စကားမပြောပါနဲ့တော့ဗျာ။ ခင်ဗျားတို့ ပစ္စည်း မြန်မြန်ချပါတော့။ ဟဲ့ . . . သားတို့ ပြွတ် . . . ပြွတ် . . . ကျွတ် . . . ကျွတ် . . ."

နွားနှစ်ကောင်ကို ကြည့်လိုက်တော့ တစ်စုံတစ်ရာကိုလန့်ပြီး ပြန်လှည့်ပြေးချင်နေပုံ ဖြစ်နေတယ်ခင်ဗျ။ အမြီးထောင်လိုက်၊ လှည့်ပတ်ရုန်းလိုက်၊ လှည်းကို ရှေ့တိုးနောက်ငင် လုပ်လိုက်နဲ့။

နောက်ဆုံး လှည်းဆရာက လှည်းပေါ်ကဆင်းပြီး လှည်းစည်းကိုး ရှေ့ကနေရပ်၊ လှည်းတံပိုးကို ထိန်းထားရတယ်။

ကျွန်တော်တို့လည်း အမြန်နှုန်းနဲ့ လှည်းပေါ်ကအဝတ်အစား သားရေအိတ်၊ ဖျာ၊ ဂွမ်းကပ်၊ စောင်နဲ့ စာအုပ်သေတ္တာ၊ အသုံးအဆောင်ပစ္စည်းများကို ရွှေ့ချရပါ့ဗျာ။

ပြီးတာနဲ့ လှည်းဆရာဦးကြီးကို လှည်းငှားခ ငွေတစ်ဆယ်ပေးလိုက်တယ်။ (လမ်းစဉ်ပါတီခေတ်က ငွေတစ်ဆယ်သည် တောကျေးရွာများမှာ သုံးရက်ခန့်သုံး၍ရသော ငွေဖြစ်သည်။)

လှည်းဆရာဦးကြီးက ငွေစက္ကူတစ်ဆယ်ကျပ်တန်ကို ဆတ်ခနဲ ဆွဲယူပြီး သူ့အင်္ကျီအိတ်ထဲထည့်လို့ လှည်းပေါ်ကို လျင်မြန်စွာ ခုန်တက်လိုက်တယ်ဗျား။

"ဒီမှာခင်ဗျ . . . ဦးကြီးရ"

"ဗျို့ . . . ဦးလေးကြီး"

"ဘာတုံးကွာ"

"သန်ဘက်ခါရောက်ရင် ကျွန်တော့်သူငယ်ချင်း ရေဆိပ်ကိုပြန်မှာ ခင်ဗျ"

"အဲ့တော့ ဘာဖြစ်တုံး"

"ဦးကြီးလှည်း လာကြိုပါလားခင်ဗျာ"

"ဟဲ့ . . သားတို့ . . . တဲ့"

"ဝုန်း . . . ဂလုန်း . . ဝုန်း . . . ဂလုန်း . . . ချောင်း . . ချောင်း"

"ဘယ်လိုလူကြီးလဲဟ"





သိန်းဟန်က စကားပြန်မပြောဘဲ နွားလှည်းကို အမြန်မောင်းလိုက်တဲ့ လှည်းဆရာကြီးကိုကြည့်ပြီး စဉ်းစားမရ ဖြစ်သွားတယ်။

"ငါတို့ပေးတဲ့လှည်းခများ နည်းလို့လား မသိဘူး . . သိန်းဟန်"

"ဟ . . . လှည်းခနည်းရင် ပြောမှာပေါ့ကွ။ ခုဟာက ကောင်းကောင်းမေးတာကို ပြန်မဖြေဘူး။ ရိုင်းသလိုပဲ"

"နေပါစေကွာ . . စကားကို အထူးအထွေမပြောတတ်တဲ့ တောသူတောင်သားစရိုက်နေမှာပါ။ ကိုင်း . . . အိမ်ထဲ ပစ္စည်းတွေ သယ်ကြစို့"

ခြံကြီးက အတော်ကျယ်တာပဲကိုး။

မရှိဘူးဆို ရှေ့အလျား ပေနှစ်ရာ၊ ဘေးတိုက်အရှည် ပေသုံးရာလောက် ရှိမယ်ဗျ။

ခြံထဲမှာ သစ်ရွက်ကြွေတွေက ထုနဲ့ထည်နဲ့ ဖြစ်လို့။

ခြံဝင်ဝနဲ့အိမ်က ပေငါးဆယ်လောက်ဝေးတယ်။

ခြံတံခါးက သံကွင်းစွပ်တံခါးကြီး။ ကျွန်းတိုင်ကျွန်းသားတွေနဲ့ လုပ်ထားပေမင့် နှစ်ပေါင်းများစွာ လူမနေဘဲ ပစ်ထားသမို့ ခြစားထားလို့ တံခါးဖွင့်လိုက်တော့ ခြစာတွေ ပြုတ်ကျသွားတယ်။

အိမ်ကြီးက နှစ်ထပ်အုတ်ခံအိမ်ကြီးပဲကိုး။

အုတ်တောင် အနီရောင်မွဲမွဲ ဖြစ်နေပြီ။

ကျွန်တော်တို့ သဲချေးတက်နေတဲ့ တံခါးသော့ကို ပါလာတဲ့ ရှေးဟောင်းသော့ကြီးနဲ့ဖွင့်တာ ဖွင့်လို့မရဘူး။

သိန်းဟန်က ကျောက်တုံးတစ်တုံးနဲ့ ထုလိုက်ရော သော့ပွင့်သွားတယ်။

အထဲမှာ မှောင်ပိန်းလို့။

မှောင်မှာပေါ့ဗျာ။ တံခါးတွေမှ မဖွင့်ရသေးဥစ္စာ။

ဒါနဲ့ သံမံတလင်းပေါ် နင်းပြီး တံခါးချက်တွေ ဖြုတ်ဖွင့်လိုက်တော့မှ အလင်းရောင်ဝင်လာပြီး အိမ်ခန်းအောက်ထပ် အခြေအနေကို ပိုပြီပြင်ပြင် မြင်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်တစ်ခန်းလုံး ပင့်ကူအိမ်တွေ အမျှင်တန်းလို့။ ပိုက်ကွန်ကွက်တွေ နေရာအနှံ့။

ထောင့်တစ်ခုမှာ အုတ်တစ်ချက်လပ်ပြီး အနီးမှာ လူတစ်ရပ်နီးပါး ခြတောင်ပို့ကြီးက စုလစ်မွန်းချွန်တွေ အတောင်အတက်တွေနဲ့။

ရောမခေတ်က ရဲတိုက်ကြီးလိုဖြစ်လို့။

သမံတလင်းပေါ်မှာတော့ ကြွက်ချေး၊ ဖုန်နှင့် မျက်နှာကြက် နေရောင်ကာကဝင်လာတဲ့ သစ်ရွက်အချို့ ရှိနေတာပဲဗျ။ ဒါနဲ့ ကျွန်တော်နဲ့ သိန်းဟာန် နှစ်ယောက်သား အိမ်ထဲက အမှိုက်သရိုက်တွေရှင်း၊ အခွေး အမြည့်တွေ လွှင့်ပစ်။

"သိန်းဟာန် ..."

"အေး ... ပြောဟေ့ ... ရွှေဝါ ဘာလဲ"

"ဟို ... ခြတောင်ပို့ကြီးကို ဖျက်မှရမယ်"

"ဖြစ်ပါ့မလား ... ရွှေဝါ"

"ဘာကိုမဖြစ်ရမှာတုံး၊ ခြတောင်ပို့ဖြိုတာ ဘာခက်လို့လဲ။ တူရွင်း ပြားနဲ့ ပေါက်ပြားရှိရင် ဖြိုလို့ရတယ်။

"ငါက အဲဒါပြောတာမဟုတ်ဘူးဟ ... ရွှေဝါရ"

"ဒါဖြင့် ဘာလဲ"

ဒီမှာ သိန်းဟာန်ကြီးက နဂါးဦးခေါင်းလို၊ ရဲတိုက်ကြီးပုံသဏ္ဌာန်လို လို ဖြစ်နေတဲ့ လူတစ်ရပ်နီး ခြတောင်ပို့ကြီးကိုကြည့်ပြီး မဝံ့မရဲဖြစ်နေတယ်။

"ရှေးလူကြီးတွေ ပြောတာတော့ ..."

"လုပ်ပြန်ပြီ၊ ရှေးလူကြီးပြောကျမ်းနဲ့"

"ခြတောင်ပို့ အိမ်အောက်မှာ၊ အိမ်ဝေါ်မှာရောက်ရင် နဂါးသိုက် ရောက်တာတဲ့။ နဂါးမင်းက သူ့နေရာအမှန်ဖြစ်ကြောင်းကို လူတွေမြင်သာ အောင် လက်တွေ့ တောင်ပို့ကြီးလုပ်ပြတာတဲ့"

"နေပါဦး ... နဂါးရော မင်း မြင်ဖူးလား"

"မမြင်ဖူးပါဘူး ... ပြောကြလို့ပါ"





"ဒီတောင်ပို့ကို ခုနေမဖြိုရင် နောင်အခါ ကြီးထွားလာပြီး အပေါ်ထပ် ကြမ်းခင်းကို ထိုးဖောက်သွားလိမ့်မယ်။ ဒါ နဂါးတောင်ပို့မဟုတ်ဘူး။ ခြ တောင်ပို့။ မင်းမလုပ်ရဲရင် ငါလုပ်မယ် ... ဖယ်နေ"

"နေ ... နေပါဦး ... ရွှေဝါရာ"

ကျွန်တော်က တူရွင်းပြားနဲ့ ဖြိုမယ့်လုပ်ရော သိန်းဟာန်ကြီးက ကပျာကယာ ဝင်တားပါရောဗျာ။

"ဘာလုပ်မလို့တုံး ... ငါ့ဘာသာလုပ်မှာပါ ... နေပါ"

"နေပါဦးကွာ ... ငါ တောင်းပန်ပါရစေဦးကွာ"

ဒီကောင် သိန်းဟာန်ကြီးက အလွန်တုံးတဲ့ ကောင်ကြီးဗျာ။ သရဲ၊ တစ္ဆေလည်းကြောက်၊ ကျတ်၊ ဘီလူးလည်းကြောက်၊ ခု ခြတောင်ပို့ကို ကြောက်နေပြန်ပြီ။ ဒီ ခြတောင်ပို့မှာ ဘာအစောင့်ရှိလို့တုံး။

ရှိရင် မြင်သာထင်သာ ကိုယ်ထင်ပြလေ။

ဒီမှာ သိန်းဟာန်ကြီးရယ်ဗျာ ... ခြတောင်ပို့ရှေ့မှာ ဒူးထောက် လက်အုပ်ချီပြီး ပါးစပ်က ပြောလိုက်လေရဲ့။

"ခြတောင်ပို့မှာ နေထိုင်ကြတဲ့ နဂါးမင်း၊ မြွေမင်းအပေါင်းတို့ .. ကျွန်ုပ်တို့ ဒီအိမ်အတွင်းမှာ နေထိုင်ကြပါတော့မယ်။ မတော်တဆ အညစ် အကြေးများ စွန့်ပစ်ခြင်း၊ မသန့်သောပစ္စည်းများ ထိမိရှမိ ဖြစ်မိမှာစိုးပါသော ကြောင့် ဤတောင်ပို့မှာရှိသော အစောင့်အရှောက်များ၊ အပိုင်အဆိုင်များ ဤ ခြံအတွင်း သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးကြပါရန် မေတ္တာရပ်ပါတယ် ခင်ဗျား။ သင်တို့အားလည်း မေတ္တာများ ပို့သပါသည်။ ဝိရူပက္ခနဂါးမင်း၊ ဧရာပထ နဂါးမင်း၊ ဆဗျာပုတ္တနဂါးမင်း၊ ကဏှာဂေါတမ နဂါးမင်းတို့နှင့်လည်းကောင်း သင်းပင်းရံရွေ မြေနဂါးအပေါင်းတို့အား သီးသီးသန့်သန့် မေတ္တာပို့ပါ၏။ သင်တို့လည်း ကျန်းမာချမ်းသာကြပါစေ"

သို့ကလို ပြောဆိုရေရွတ် မေတ္တာပို့ပြီး တောင်ပို့ကို လက်အုပ်ချီ လို့ ပါးစပ်က တတွတ်တွတ် လုပ်နေတယ်ခင်ဗျ။

အင်း ... သိန်းဟာန် ... သိန်းဟာန် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ရန်ကုန်တက္ကသိုလ်က အဲ့ရပညာတတ်တစ်ဦးပါ။

ကျွန်တော်လည်း မြန်မာလူမျိုးပါ။ အဖေရော၊ အမေရော မြန်မာလူမျိုး စစ်စစ်ပါ။ ကျွန်တော့်မိဘများ ထေရဝါဒ ဗုဒ္ဓဘာသာကို ယုံယုံကြည်ကြည် ကိုးကွယ်ကြတယ်။

သို့သော် ဘုရားစင်ပေါ်မှာ ဘိုးဘိုးအောင်ရုပ်တု မရှိဘူး။

သူရဿတီမယ်တော်ရုပ်ထု မရှိဘူး။

အိမ်တွင်းအုန်း လုံးဝ မဆွဲဘူး။

ဝါဝင်ဝါထွက် ရေငန်မိုင်ဦးရှင်ကြီး ဆွမ်းတင်တဲ့အလုပ် လုံးဝမလုပ်ဘူး။ ခြံတောင်ပို့၊ လက်ဖွဲ့၊ အင်း၊ မန္တာန် ဘာမှမဆောင်ဘူး။

ကျွန်တော်က အနုပဋိလောမရုပ်ဝါဒ တအုပ်တွေဖတ်ပြီး ဘုရားမဲ့ဖြစ်နေတာ။

နောက်ဆုံး . . . ကွန်မြူနစ်ဘဝနဲ့ တောထဲမှာ သေနတ်ကျည်ထိ ဒဏ်ရာရ အဖမ်းခံရတာ။

ကျွန်တော်တို့သင်ထားတဲ့ ပညာတွေက တွေးခေါ်ပြီး လက်တွေ့ကျကျ သဘာဝကျကျ အကောင်အထည်ဖော်ရမှာပေါ့။

သိန်းဟန်ကိုကြည့်စမ်း . . .

ကျွန်တော်တို့ ကွန်မြူနစ်စာပေတွေ မလိုက်စားခင်က တပေမျိုးစုံ အယူဝါဒမျိုးစုံအကြောင်း အတူလေ့လာ ဖတ်ရှုခဲ့ပါတယ်ဗျာ။

အခု ကျွန်တော့်သူငယ်ချင်း လုပ်နေပုံက . . .

တန္တရဝါဒ အယူအဆတွေပဲ။

ကမ္ဘာဦးခေတ်က အယူအဆတွေပဲ။

ကမ္ဘာဦးအစတုန်းက လူသားတွေဟာ မိုးကြီး၊ လေကြီး၊ ရေကြီး၊ မုန်တိုင်းကြီးများရဲ့ အခြေခံသဘာဝ အကြောင်းတရားကို မသိ၊ နားမလည်ကြတော့ . .

ဒါ . . . နတ်မင်းကြီးတွေ စိတ်အလိုမကျလို့ မိုးကြိုးပစ်၊ လေထန်၊ ရေကြီး၊ မုန်တိုင်းကျ ကျိုးပဲ့သေကျေပျက်စီးအောင်လုပ်တာလို့ မှတ်ထင်ပြီး။





မိုးကောင်းကင်ကို ကြီးစိုးသောနတ်၊

လေ၊ ရေ၊ မြေ ကို ကြီးစိုးသောနတ်၊

ပင်လယ်၊ တောင်ကုန်း၊ တောင်တန်း၊ သစ်ပင်တို့ကို ကြီးစိုးသောနတ်ဒေဝတာတွေကို အသား၊ ငါး၊ နွားနို့ စသည်တို့နှင့် ပူဇော်ပသခဲ့ကြတယ်။

အဲဒီလို ယုံကြည်မှုမှားနေတဲ့ အစွဲအလမ်း အပြုအမူတွေဟာ သေးသိမ်ပျောက်ပျက်သွားခြင်းမရှိဘဲ တစ်နေ့တခြား ကြီးထွားလာလိုက်ကြတာ။

ကမ္ဘာဦးကျောက်ခေတ်။

သမိုင်းဦးဘုံမြေခေတ်။

ကြေးခေတ်။

သံခေတ်ကနေ ယနေ့ အနုမြူသိပ္ပံခေတ်ရောက်သည့်တိုင် ရေ၊ မြေ၊ လေ၊ မီး၊ သစ်ပင်၊ တောင်တန်းတို့ကို စောင့်ရှောက်သည့်နတ်တွေ ယနေ့တိုင် ရှိနေတုန်းပဲဆိုပြီး ယုံကြည်လေးနက်စွာ ကိုးကွယ်နေကြတုန်းပဲဗျာ။

အယူဝါဒတွေဟာလည်း ခေတ်ဟောင်းကနေ ခေတ်သစ်တိုင်အောင် အမျိုးမျိုး ပေါ်ထွန်းလာကြတယ်။

အချို့က ဗြဟ္မာကြီးတွေ ကိုးကွယ်ကြတယ်။

အချို့က ကောင်းကင်ဘုံက ထာဝရဘုရားကို ကိုးကွယ်ယုံကြည်ကြတယ်။ အချို့က အတုမရှိဘုရားကို ကိုးကွယ်ကြတယ်။

ကျွန်တော်တို့ မြန်မာက ဗုဒ္ဓ။

တစ်နည်း ထေရဝါဒ ဗုဒ္ဓသာသနာ။

အဲဒါမတိုင်ခင်မှာ ပုဂံခေတ်ကာစပြီး တန္တရဝါဒ၊ မန္တရဝါဒ၊ မဗဒင်လေးပုံ။

"ဟော့ကောင် . . . . လုပ်လို့ရပြီ"

"ဟေ့ . . . ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … မင်း … ဘာတွေစဉ်းစားနေတာလဲ၊ မြို့မယ်ဆို မြို့တော့၊ ငါ ပြောဆိုတောင်းပန်ပြီးပြီ"

အံမယ် … ကိုယ့်လူက တယ်ဟုတ်ပါလား။

မမြင်ရတဲ့ တောင်ပို့စောင့်ပုဂ္ဂိုလ်တွေ၊ မြေနဂါးတွေကို ပြောဆိုတောင်းပန်ပြီးပြီတဲ့။ ဟား … ဟား … ဟား …

သမ္မတများဖြစ်ရင် (၃၇)မင်းနတ်တွေတောင် လိုသလို အမိန့်ပေးမလား သိပေါင်ဗျာ။

ဒါနဲ့ ကျွန်တော်က ခေါက်ပြားဟောင်းနဲ့ တောင်ပို့ကို ပေါက်ချလိုက်တယ်။

"ရှူး …."

"ဟ … ဟ …. ဘာသံတုံးဟ … ရွှေဝါရ"

"ဒုတ်"

"ရှူး …."

"ဟင် …"

"ရွှေဝါ … ကြားလား"

"အေး … ရှူးတဲ့ … ဘာသံလဲ မသိဘူးကွ"

ကျွန်တော် ပေါက်တူးကို အသာချပြီး ရာဝင်အိုးခန့်ကြီးမားကျယ်ပြန့်လှတဲ့ တောင်ပို့ကြီးကို လှည့်ပတ်ကြည့်လိုက်တယ်။

အပေါက်မရှိဘူး။

ကျင်းမရှိဘူး။

"ရွှေဝါ …"

"ဘာတုံးကွာ"

"မြွေမှုတ်သံမျိုးကွ … ရှူးတဲ့"

"မြွေက ဘယ်ကနေ မှုတ်သတုံး … ပြော"

"တောင်ပို့ထဲက လာတဲ့အသံပဲ"





"ဒီလိုလုပ်မယ်ကွာ၊ တောင်ပို့မြေက မာလည်းမာတယ်၊ ရေလောင်းရေချန်ပြီး ပေါက်တူးနဲ့ပေါက်မယ်၊ မင်း ရေပုံးရှာပြီး ရေသွားခပ် … သိန်းဟန်"

"ဖြစ် … ဖြစ်ပါ့မလားကွာ ဟင်"

"နေကွာ … ငကြောက်၊ ဝတုံး၊ ကမ္ဘာဦးလူသားရာ၊ ငါ့ဘာသာ ပဲရှာပြီး လုပ်လိုက်မယ်ကွာ"

ဒီကောင် သိန်းဟန်ကြီးက အစွဲအယူသည်းတယ်ဗျ။

သည်းမှာပေါ့ဗျာ၊ သူ့အမေ ဒေါ်မြချစ်က နတ်တွေကို ဘုရားတစ်ဆူ ဂူတစ်လုံး ကိုးကွယ်ယုံကြည်တဲ့ နတ်ကတော်ကြီးကိုး။

အိမ်ထဲမှာ လိုက်ရှာလိုက်တော့ …

နိုင်လွန်ကြိုးတစ်ခွေနဲ့ ယွန်းရေပုံးတစ်လုံး ရလိုက်တယ်။

ခြံရဲ့ညာဘက်မှာ ကျောက်ရေတွင်းတစ်တွင်း ရှိတယ်ခင်ဗျ။

သစ်သားအဖုံး ဖုံးထားတဲ့ အဖုံးကိုဖယ်လိုက်တော့ …

ရေတွင်းထဲမှာ သစ်ရွက်ကြွေနဲ့ ရေကိုမြင်ရလို့ ကြိုးတပ်ပုံးနဲ့ ရေခပ်ပြီး တောင်ပို့ကြီးကို ဖျန်းလိုက်တယ်။

အဲဒါ ရေဆယ်ပုံးလောက်ဖျန်းပြီး နှပ်ထားတုံး သမံတလင်းကို ရေဆေးသန့်ရှင်းရေး လုပ်လိုက်တာပေါ့ဗျာ။

ဒီမှာ ကျွန်တော် အကြံတစ်ခု ရလိုက်တယ်ဗျ။

ရတဲ့စိတ်ကူး အကြံအတိုင်း တောင်ပို့ရဲ့ အဖျားအချွန်တစ်နေရာကို ပေါက်တူးနဲ့ ခုတ်ပစ်လိုက်တော့ မြေသား အဖျားချွန်ပိုင်း ကျိုးပြတ်ပြီး မြေရေနွေးအိုးခန့် အပေါက်ဖြစ်သွားတယ်။

အဲဒီအပေါက်ထဲကို ရေတစ်ပုံးပြီးတစ်ပုံး ခပ်လောင်းထည့်လိုက်တာ ရေငါးပုံးလည်း လောင်းပြီးရော …

"ဖူး … ရှူး …"

"ဖူး … ရှူး …"

"ဟ … ဟ … သိန်းဟန် … ဘာသံလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါ မှတ်သံ ... မှတ်သံ"

"ဘာမှတ်သံတုံး ... မင်းအမေကလွှား မှတ်သံလား"

"နေ .. နေ ... မလောင်းနဲ့ ... လာ ... လာ .. နားထောင်စမ်း"

ကျွန်တော်တို့ နားစွင့်နေတုံးမှာပဲ တောင်ပို့ထဲကနေ လှုပ်လှုပ်ရှား ရှား လူးလွန့်ရုန်းကန်သံတွေ ကြားရပါရောဗျာ။

"အထဲမှာရှိတယ် ... မြွေဝါ"

"ဘာရှိတာတုံး"

"မ ... မသိဘူး"

"မင်းအမေကလွှားကွာ"

"နေဦး ... ငါ လိုရမယ်ရရှို့ တုတ်ရှာလိုက်ဦးမယ်ဟေ့"

ဒီမှာပဲ သစ်သားကုတင်ဟောင်းအောက်က သစ်သားရိုးတစ် လုံး တစ်ချောင်း ရလိုက်တယ်။ လုံသွားကတော့ သံချေးတက်နေပြီ။

သံချေးတက် လုံရှည်ကို အသင့်ကိုင်ပြီး တောင်ပို့ခေါင်းဝကို စူးစိုက် ကြည့်နေတုန်းမှာပဲ ...

"ရှူး ..."

"ဟာ ... မြွေခေါင်းကြီးဟ"

"ဟော ... ဟော ... ထွက်လာပြီ ... ထွက်လာပြီ .. မြွေဝါ"

ကျွန်တော်လည်း အတော့်ကို အံ့အားသင့်သွားတယ်ဗျာ။ ထွက် လာတာ မြွေဦးခေါင်းတစ်လုံးခင်ဗျ။

မြွေဦးခေါင်းက လက်သီးဆုပ်နီးပါး ရှိတာဗျ။ မကြာဘူး။ မြွေကြီး က လူးလွန့်ပြီး တက်လာလိုက်တာ။

"မြွေ ... မြွေဝါ ... မြွေ .... မြွေကြီး ..."

ဟုတ်တယ် ... မြွေဆိုးကြီး၊ ငန်းပုပ်မြွေဆိုးကြီး။ ဒီလိုမြွေဆိုးမျိုး ကို ကျွန်တော် တောခိုကျောင်းသားဘဝတုန်းက ပဲခူးရိုးမထဲမှာ ဒီလိုမြွေဆိုး တွေ မြင်ဖူးတယ်။ အငြိုးကြီးပြီး အဆိပ်ပြင်းတဲ့ မြွေမျိုးပဲဗျ။ ကြည့်နေတုန်း မှာပဲ ငန်းပုပ်ကြီးက အပြင်ကို ထွက်လာလိုက်တာ အလုံးက ရေနွေးတစ်ဘူး တစ်လုံးလောက် ရှိတာဗျ။





စုလစ်မွန်းချွန် တောင်ပို့ပေါ်ကနေ အောက်ကို လျှောဆင်းပြီး ပါး ပျဉ်းထောင်လိုက်ရော။

နည်းတဲ့ပါးပျဉ်းလားဗျာ။

ထမင်းစားတဲ့ ပန်းကန်ပြားလောက်ကို ပြန့်နေတာခင်ဗျ။

"ရှီ ..."

"ရှီ ..."

ဟုတ်ပေ့ဗျာ .. ဒါ မြွေဆိုးတွန်သံ။ အသံတိုတယ်၊ အသံပြတ်တယ်။ အရှည်က လူလက်နှစ်လံလောက်ကို ရှည်တာပဲ။ မြွေဆိုးကြီးက ပါးပျဉ်းကို ထောင်ပြီး ကျွန်တော်တို့နှစ်ဦးကို ယိမ်းထိုးကြည့်နေတာရယ်။

သိန်းဟန်က ကြောက်လန့်ပြီး ကျွန်တော့်နောက်မှာ ပုန်းကွယ်နေ လို့ဗျ။

ကိုယ်ကလည်း ကိုယ့်ဆီလာရင် ပြန်ခုခံဖို့ လုံသွားကို ရွေ့ထုတ်ပြီး အသင့်အနေအထား လုပ်နေလိုက်တယ်။

"ရှူး ..."

"ဟာ ... ဟိုမှာ ... နောက်တစ်ကောင် ... အ .. အမလေး"

ဟုတ်တယ်ဗျာ။

နောက်ထပ်တစ်ကောင် 'ရှူး'ခနဲ အသံပေးပြီး တွင်းခေါင်းက လျှော ဆင်းလာပါရော။ လျှောဆင်းလာတဲ့ ငန်းပုပ်မြွေကြီးကို အောက်ကစောင့်နေ တဲ့ ငန်းပုပ်ကြီးက စောင့်ခေါ်နေတာကိုး။

အောက်လည်း ရောက်ကရော။

မြွေဆိုးကြီးနှစ်ကောင်က ပါးပျဉ်းကိုယ်စီ ထောင်ပြီး ကျုပ်တို့နှစ်ဦး ကို မှတ်သလို ကြည့်နေတယ်။

ဒီမှာ သိန်းဟန်ကြီးက ...

"မြွေမင်းကြီးတို့ ...သင်တို့ကို ကျွန်ုပ်တို့ အန္တရာယ်မပြုပါဘူး။ အဝေးကို သွားပေးကြပါ။ မေတ္တာရပ်ခံပါတယ်။ သင်တို့ ကျန်းမာချမ်းသာကြ ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကြည့်တော့ ကောင်းသားဗျ။

"ရှိ ..."

"ရှိ ..."

သိန်းဟန်ကြီးက သို့ကလို ပြောလိုက်ရော မြွေဆိုးကြီးနှစ်ကောင်က လူစကားကို နားလည်သည့်အလား နှုတ်ဆက်သလို ရှီခနဲ ပြိုင်တူအသံပေးပြီး တံခါးပေါက်ကနေ အေးအေးဆေးဆေး ထွက်သွားကြလေရဲ့ဗျာ။

ခုမှပဲ သိန်းဟန်ရော ကျွန်တော်ရော သက်ပြင်းချလို့ ရတော့တယ်။

"မင်းများ လုံနဲ့ထိုးသတ်မလားလို့ စိုးရိမ်နေတာ ... ရွှေဝါ"

"ဘယ်သတ်မှာလဲကွာ။ ငန်းပုပ်မြွေဆိုးတွေဟာ သူတို့ကိုရန်လုပ်ရင်တော့ အငြိုးကြီးတယ် သူငယ်ချင်းရ။ သူတို့က အဖိုနဲ့အမ နှစ်ကောင်တွဲပြီး နေတာများတယ်။ သူတို့ဥကို ဖျက်ဆီးရင်လည်း ဖျက်ဆီးတဲ့လူကို ဘယ်နေရာရောက်ရောက် ရအောင်ရှာပြီး အသေသတ် ကလဲ့စားချေတာကွ။ ငါတို့ ပဲခူးရိုးမတောထဲမှာနေတုန်းက ရိုက္ခာပြတ်ရောဟေ့။ အဲဒီမှာ လှတင်ဆိုတဲ့ ဗ. က. ပ က အဲဒီလို ငန်းပုပ်အစ်မတစ်ကောင်ကို မြွေသိုက်ကနေ သတ်ယူလာပြီး ချက်စားကြတာကွ။

မြွေသားနဲ့ အရက်ကိုစားပြီး အိပ်ပျော်နေတုန်းမှာပဲ ငန်းပုပ်အထီးကြီးရောက်လာပြီး လှတင်ကို ပေါက်သတ်လိုက်တာ။ လှတင်အော်သံကြားလို့ မီးထိုးကြည့်တော့ ငန်းပုပ်ကြီးရယ် ဒေါသခိုးတွေဝေတဲ့ မျက်လုံးနဲ့ နောက်တစ်ယောက်ကို ပေါက်သတ်ပြန်ရောဟေ့။ အဲဒီမှာ ရှာမောင်ဆိုတဲ့ကောင်က ဓားနဲ့ဝင်ခုတ်တော့မှ မြွေထီးကြီး သေသွားတာဗျာ။ နောင်အခါမှာ ငန်းပုပ်၊ ငန်းစောင်း၊ ငန်းဝါ၊ မြွေဟောက်တို့ကိုတွေ့ရင် မသတ်ရဲတော့ဘူး။ တတ်နိုင်သမျှ ရှောင်ကြတယ်။ မလွှဲသာလို့ သူတို့က အန္တရာယ်ပေးလာရင်လည်း အထီးရောအမရော ရှာဖွေပြီး၊ စောင့်ပြီး သတ်ပစ်ရတယ်ဗျာ။

"ဒါဆို ငါတို့ အန္တရာယ် မဖြစ်နိုင်ဘူးပေါ့နော်"





"မဖြစ်ပါဘူး ... ဒါပေမဲ့ တောင်ပို့ထဲမှာ မြွေဥတွေရှိမရှိ ကြည့်ရအုံး။ ရှိရင်တော့ တောထဲတစ်နေရာရာမှာ ပြန်ချထားပေးရမှာပဲ"

"ရွှေဝါ ..."

"ဘာလဲ ... သိန်းဟန်"

"သူတို့ ဘယ်အပေါက်ကနေ ဝင်တာလဲဟင်"

"ဒါတော့ ငါလည်းမသိဘူး"

ဟုတ်တာတော့ ဟုတ်တယ်ဗျ။ တောင်ပို့ကြီးမှာ ဝင်ပေါက်မရှိဘူး။ ဝင်ပေါက်မရှိဘဲ သူတို့ ဘယ်လို အထဲရောက်နေလဲ။ စဉ်းစားမရဘူး။

ဒါနဲ့ နှစ်ကောင်သား တောင်ပို့ကြီးကို တစ်နာရီခန့် တူးဖော်ရှင်းလိုက်ရော ...

"ဟာ ... မြွေဥတွေဟေ့"

"အေးဟ ... နေစမ်း ... ငါးလုံးတောင်ဗျာ"

"မခွဲပစ်နဲ့နော် သိန်းဟန် လက်နဲ့လည်း မကိုင်နဲ့"

ကျွန်တော် မြွေဆိုးဥငါးလုံးကို အဝတ်စတစ်စနဲ့ အုပ်ကိုင်ပြီး ရှိတဲ့ ဆိုးဟောင်းတစ်ထည်ပေါ် သာသာလေး တင်လိုက်တယ်။ ငါးလုံးကို မကွဲရှအောင်လုပ်ရတာ။

ငါးလုံးရရော ...

ခြံကျယ်ကြီးရဲ့ အနောက်ထောင့်က ကြခတ်တောရှိရာကို ယူလာခဲ့လိုက်တယ်။ သည့်နောက် ကြခတ်ရုံခြေရင်းက မြေကျင်းထဲကို သစ်ခက်အခြောက်တွေကို အသိုက်ပုံသဏ္ဌာန်မျိုး လုပ်လိုက်ပြီး မြွေဥထုပ်ပုဆိုးကို မကွဲရှအောင် အသာချပေးလိုက်တယ်။

ပါးစပ်ကလည်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ...

ပြောခဲ့လိုက်တယ်ခင်ဗျာ။

"ကိုင်း ... ငန်းဖိုနဲ့ ငန်းမကြီး လင်မယားတို့ ငါတို့ အခြေအနေအရ တောင်ပို့ကြီးကို ဖြိုခဲ့ရတော့ သင်တို့နေရာကို ဖျက်ဆီးသလို ဖြစ်ခဲ့ရတာ စိတ်မကောင်းပါဘူး။ ဒါကြောင့်နေရာသစ် အသိုက်သစ်လုပ်ပြီး သင်တို့



www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးလောင်းဉများကို ပြန်နေရာချအပ်ခဲ့ပါတယ်။ ဒီနေရာမှာပဲ နေကြပါ။ ငါတို့လည်း အန္တရာယ် မပေးပါနဲ့။ သင်တို့ကိုလည်း အန္တရာယ်မပေးပါဘူး။

"ရွှေဝါ ..."

"ဘာလဲကွ"

"မင်းတောင် ငါနဲ့ရပါင်းလို့လား မသိဘူး။ စာတတ်လာပြီပဲ"

"ဘာကိုပြောတာလဲ ... သိန်းဟန်"

"မြွေကိုတောင် ပြောတတ်ဆိုတတ်နေတာလေကွာ။ အဲဒါ ငါနဲ့ ပေါင်းပြီး စာတတ်လာတဲ့ လက္ခဏာဟ"

"ဟား ... ဟား ... ဟား ... သိန်းဟန် ... တော့ရေ မင်းနဲ့ ပေါင်းလို့ ငါ စာတတ်တာပဲ ပြောချင်ပြောတော့ဟေ့။ ငါလုပ်တဲ့သဘောက သူ လည်း အသက်နဲ့ခန္ဓာနဲ့ သားသမီးနဲ့ပဲ။ ကွဲချင်၊ သေချင်၊ အသိုက်ပျက်ချင် မှာ မဟုတ်ဘူး။ လူတွေလည်း ဒီအတိုင်းပဲ။ ဒါကို ငါ ကိုယ်ချင်းစာလို့ သူ တို့ကို နေရာပြန်ချပေးတာ"

"သာဓုဗျာ ... သာဓု ... သာဓု ... ငါ့လူ ဘုရားရှင်ရဲ့ မေတ္တာ သုတ်ကို သေသေချာချာ ရွတ်ဖတ်လေ့လာလိုက်ရင် မေတ္တာရဲ့ အကျိုး ကျေးဇူးကို ပိုသိရမှာကွ ... ရွှေဝါရ"

"အေးပါ ... ငါလည်း ငါ့ခေါင်းထဲက ကွန်မြူနစ်ရုပ်ကြွင်းဝါဒတွေ ကို တဖြည်းဖြည်း ခဝါချနေပါတယ်။ ခဝါချရင်းလည်း ဗုဒ္ဓဝါဒကို နည်းနည်း ချင်း လေ့လာနေပါတယ် သူငယ်ချင်းရာ"

"သာဓုပါဗျာ ... သာဓုပါ ... မင်း ဗုဒ္ဓဘုရားရှင်ရဲ့ ထေရဝါဒ ဗုဒ္ဓ ဘာသာကို သေချာကျန လေ့လာပါသူငယ်ချင်း။ ငါလည်း မိရိုးဖလာဗုဒ္ဓ ဘာသာ အဆင့်တော့ ရောက်ခဲ့ပြီးပါပြီကွာ။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်အဆင့် တော့ မရောက်သေးဘူး။ ထေရဝါဒ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူစစ်စစ် ဖြစ်ဖို့ ကြိုးစားနေတုန်းပါပဲ။ မင်း ဗုဒ္ဓဘုရားရှင်ရဲ့ ဓမ္မတရားကို နားလည်သိရှိ လာရင် (၃၁) ဘုံဆိုတာကို နားလည်လာပြီး၊ လူယဉ်ကျေးစစ်စစ်ဖြစ်လာမှာ ကေန်ပဲ"

---

စိတ်ကူးသစ်စာပေ



"ဒါဆို အခု ငါက ရိုင်းနေတုန်းပေါ့ ... ဟုတ်လား"

"သိပ်မရိုင်းတော့ပါဘူးလေ။ မေတ္တာရဲ့သဘောကို စကျင့်တာတွေ ဟောဒီ မြွေဉကနေ စ သတိပြုမိပါပြီ။ ဘုရား တရား သံဃာ ဆိုတာလေး အာရုံသွင်းမိသွားရင်း လူရာဝင်ပါပြီ ... ငါ့ရှင်"

"တောက် ... လူပါးဝလိုက်တဲ့ကောင်ကွာ ... ဖွီ"

"ဟား ... ဟား ... ဟား ... လူတော်တွေ မှန်ရင် လူပါးနည်း နည်း ဝလေ့ရှိသကွ။ လူပါးဝတာများသွားမှ သောက်သုံးမကျတဲ့ တော့ကြီး တွေ ဖြစ်သွားတာပေါ့။ ငါတို့နိုင်ငံမှာ တော့တွေက များသားကွ။ မင်းပိုသိပါ တယ်။ မေတ္တာ၊ မေတ္တာဆိုတဲ့စကားကို ကြက်တူရွေးစာအံသလိုရွတ်ပြီး သူ တော်ကောင်းယောင်ဆောင်နေကြတာ။ နေရာအတော်များများမှာ သူသတ် ကိုယ်သတ် ပြည်တွင်းစစ်တိုက်ပွဲတွေ ဖြစ်နေတုန်းကွ ... မောင်ရွှေဝါရ .. လူကလေးရ"

"သိန်းဟန် ..."

"ပြော ... လူကလေးရွှေဝါ"

"မင်း ... သိပ်တော်သွားပြီ။ အဲဒီလောက် တော်မှန်း ငါမသိတာ နာတာပဲ ... သိန်းဟန်"

"တော်မှာပေါ့ကွာ ... ထောင်မှူးကြီးသိန်းဝင်းရဲ့ ယောက်ဖပဲဉစ္စာ အဟီး"

"မင်းကယူတာလား ပေးရတာလားဟ ... လူပေကြီးရ"

"ပေးရတာပေါ့ ... ငါ့အစ်မလည်း အရိုးပဲ ကျန်တော့သကွ"

"ဟား ... ဟား ... ဟား ... တော်လိုက်တာကွ။ မင်း မဟုတ် ဘူးပေါ့ ... မင်းယောက်ဖ ထောင်မှူးကြီးသိန်းဝင်းကွ ... ဟား ... ဟား ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂]

သိန်းဟန် တိုက်ပွဲကုန်းရွာက ရှေးဟောင်းတိုက်ခံအိမ်ကြီးမှာ ကျွန်[illegible] တော်နဲ့အတူ သုံးရက်တိတိ နေထိုင်သွားခဲ့တယ်။

ဒီနေရာမှာ ဘာကြောင့် ရှေးဟောင်းတိုက်ခံအိမ်ကြီးလို့ ခေါ်ရသ[illegible] ဆိုတော့ အောက်ခြေကအုတ်၊ အပေါ်ကသစ်သားနဲ့ ဆောက်ထားလို့ပဲ။

အိမ်ကြီးက နှစ်ပေါင်းများစွာ စွန့်ပစ်ထားခဲ့တာလေ။

မသိရင် ဘုန်းကြီးကျောင်းအိုကြီးလိုလို။

အုတ်နီခဲရောင် ပေါက်နေတယ်။ အုတ်ကြွပ်မိုးတွေလည်း ရှေ[illegible] မည်းညစ်လို့။ အဲဒီအမိုးတွေက နောင်မှ မိုးထားတာတဲ့။

အိမ်ထဲမှာ ရှေးဟောင်း ကြိုးခုတင်ကြီးနှစ်လုံးရှိတယ်။

ကြိုးခုတင်ရဲ့ကြိုးတွေကတော့ ခိုင်ခန့်နေတုန်းပါပဲဗျာ။

ကျွန်းပွတ်လုံးတိုင်ကြီးတွေနဲ့ လုပ်ထားတဲ့အပြင် ခုတင်ခေါင်း[illegible] နဲ့ ခြေရင်းအကာတွေမှာ ဥဒေါင်းမကြီး အတောင်ဖြန့်နေပုံ ရုပ်ကြွ[illegible] ခင်ဗျ။





ရှေးဟောင်း လေထိုးမှန်မီးအိမ်တွေကတော့ သုံးလို့မရတော့ပါဘူး ပြီး … ပန်းကနုတ်တွေ အလှဆင်ထားတဲ့ ရှေးဗီရိုသုံးလုံး။

နဂါးခြေထောက်ခံ စာရေးစားပွဲနဲ့ ရွှေပိန်းချ စာတိုက်သေတ္တာကြီး နှစ်လုံးကိုလည်း အောက်ထပ်မှာ တွေ့ရတယ်။

အပေါ်ထပ်ကတော့ ရောမကျွန်းတံခါးကြီးနှစ်ချပ်ကို ကုလားသော့ နဲ့ သော့ကြီးခတ်ထားတယ်ခင်ဗျ။

ဒီတော့ အပေါ်ထပ်က အခန်းထဲမှာ ဘာတွေရှိနေလဲ ကျွန်တော် တို့မသိဘူး။

ရေတွင်းက ဂဝံကျောက်စီရေတွင်းဆိုတော့ သစ်သားအဖုံးကြီး တွန်း ရွှေ့လိုက်တာနဲ့ ရေကို မြင်နေရတယ်။

အဲဒါ ဝမ်းသာစရာနဲ့ အံ့ဩစရာပဲ။

နှစ်ပေါင်းများစွာ စွန့်ပစ်ထားတာတောင် ရေက ခန်းခြောက်ပျက် စီးသွားတာ မရှိသေးဘူး။

နောက်နေ့ မနက်မိုးရောက်တော့ ကျွန်တော်တို့နှစ်ဦး ရွာရဲ့အခြေ အနေကိုသိချင်လို့ လမ်းလျှောက်လှည့်လည် ကြည့်ကြတာပေါ့ဗျာ။

ကျွန်တော်တို့ ရှေးအုတ်ခံအိမ်အိုကြီးရဲ့ အနီးဝန်းကျင်မှာတော့ အိမ်ဆိုတာ မရှိသလောက်ပဲ။ ဝါးပင်၊ ကန္တာရသွားပင်၊ ကြခတ်တော၊ ချုံပုတ် နဲ့ ရှားစောင်းပင်တွေကိုပဲ မြင်ရတယ်။

မြေကြီးက မာတယ်။

ဟိုစုစုဒီစုစုမှာ ထနောင်းပင်၊ ပေပင်ပုနဲ့ ဆူးချုံပုတ်တွေကို မြင်ရ ပြီး အချို့နေရာတွေက ဘာပင်မှမရှိဘူး။ ကျောက်ကုန်းမာမာ လွင်ကြီး။

"အိမ်တွေမရှိပါလားကွ … သိန်းဟန်ရ"

"အေးကွ … ဒီလိုဆူးတောကွင်းတော ချုံတောလိုနေရာမျိုးမှာ ဒါတို့အဘိုးတွေ ဘာကြောင့် အိမ်အကြီးကြီးဆောက်ပြီး နေကြသလဲ မသိ ဘူး။ တိတ်ဆိတ်နေတာပဲ"

"တစ်ချိန်တစ်ခါတုန်းကတော့ အိမ်တွေဘာတွေ ရှိခဲ့မှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သွားလာဆက်သွယ်ရခက်လို့များ ဒီအတိုင်း ပစ်ထားတယ်နဲ့ တူပါရဲ့"

*ဒီလိုနဲ့ ကျွန်တော်တို့နှစ်ဦး စကားတပြောပြောနဲ့ လျှောက်လာလိုက်*တာ လက်ယာဘက်မြေပြင်မှာ အုတ်ဂူလေးငါးလုံးကို မြင်လိုက်ရတယ်။ ဂူတွေက ပေါက်ပြဲပြိုကျ ပျက်စီးနေတာရှိသလို ဆိတ်နွယ်ပင်လိုနွယ်တွေ ရစ်ပတ်နွယ်အုပ်နေတာလည်း မြင်ရတယ်။

ဂူနှစ်လုံးက တော်တော်ကို ကြီးပုံရတယ်။

လူတစ်ရပ်ခန့်ရှိပြီး ထစ်ခြမ်းစီ ပြိုကျလို့။

ကျန်နေရာတွေကတော့ တလင်းပြင်လိုလို ပြောင်နေတာရှိသလို ကန္တာရရွှေးချုံပုပ်တွေ ပေါက်နေတာလည်း မြင်ရတယ်။

ဂူအသစ်လုပ်ထားတာ မမြင်ရဘူး။

လတ်လတ်ဆတ်ဆတ် လူသေမြှုပ်ထားတဲ့ မြေပုံမျိုး မမြင်ရဘူး။ သချိုင်းဟောင်းရဲ့ လက္ခဏာမျိုးပဲ။

သချိုင်းဟောင်းဝန်းကျင်မှာ အိမ်နဲ့တူလို့ တဲတောင် မမြင်ရဘူး။

သချိုင်းရှေ့နားမှာ ပြိုကျလုလု ရှေးဟောင်းဇရပ်ကို မြင်ရပေမယ့် ဇရပ်အမိုးမရှိတော့သလို အောက်ခံအုတ်တွေလည်း ကြေမွ ကျင်းချိုင့်ကြီးတွေဖြစ်နေတာ မြင်ရတယ်ခင်ဗျ။

"ရှေ့ဝါ ..."

"ပြော ... သိန်းဟန်"

"လူနေအိမ် မမြင်ရသေးဘူး"

"မင်းတစ်ယောက်တည်း နေရဲပါ့မလား"

"ဘာလို့ မနေရဲရမှာလဲကွ။ ပဲခူးရိုးမတောနက်ထဲမှာ ကျား၊ ကျားသစ်၊ ဆင်ရိုင်း၊ မြွေဆိုးတွေနဲ့တောင် ရင်ဆိုင်ယှဉ်ပြိုင် နေခဲ့ဖူးတာဥစ္စာ။ ဒီမှာ ငှက်သံတောင် မကြားရဘူး။ နေရဲတယ်။ နေကြည့်မယ်"

"ထူးခြားတာရှိရင် ငါ့ကိုလှမ်းမှာ ... သူငယ်ချင်း"

"စိတ်ချပါ ... ပြဿနာရှိရင် ငါ မှာလိုက်ပါ့မယ်"

စိတ်ကူးသစ်စာပေ



"ဟော ... ဟော ... ဟိုမှာဟေ့"

"ဘာတုံး ... ဘာမြင်လို့တုံး"

"ဟိုမှာ ယာသမားတွေဟ"

"အေးဟ ... လူတော့ရှိသားပဲဟေ့ လာ ... လာ ... ငါတို့ .. သွားမိတ်ဖွဲ့ရအောင် ... သိန်းဟန်ရေ"

ကျွန်တော်တို့နှစ်ဦး ကုန်းကမူတွေ မြောင်းငယ်တွေကို ကျော်လွှန်ပြီး မကြာခင် မြေဆွနေတဲ့ ဝါးခမောက်ဆောင်း တောင်သူယာသမားအချို့ရှိရာကို ရောက်သွားကြတယ်ဗျ။

ယာသမား အမျိုးသားလူကြီးသုံးဦးနှင့် ...

ယာသူအမျိုးသမီးကြီးသုံးဦးတို့က ကျွန်တော်တို့နှစ်ဦးကို မြေဆွရင်း ပေါင်းသင်ရင်းက လှမ်းလှမ်းလှည့်လှည့်ကြည့်နေကြတယ်။

"ဦးကြီးတို့ခင်ဗျ ..."

"အေး ... မောင်ရင်တို့က ဘယ်အရပ်ကတုံး"

"ကျွန်တော်တို့က ရန်ကုန်မြို့က လာတာပါခင်ဗျား"

"ရန်ကုန် ..."

"ဟုတ်ကဲ့ ... ရန်ကုန်မြို့ကပါ"

"ရန် ... ကုန် ... နေပါဦးကွယ့် ... ရန်ကုန်ဆိုတာ ဘယ်အရပ်ကို ပြောသတုံး ... ငတို့ မသိဘူးကွယ့်"

အင်း ... ရန်ကုန်မသိတဲ့ တောသူတောင်သား ယာသမားကြီးတွေပါကလား။ အသားမည်းမည်း နေလောင်မျက်နှာ ခြေကြမ်းလက်ကြမ်း လုပ်လုပ်စားစား လူရိုးမြန်မာကြီးတွေပေါ့ဗျား။

"ရန်ကုန်ဆိုတာ မြန်မာပြည်အောက်ပိုင်းကို ခေါ်တာပါခင်ဗျ။ ဒီအရပ်ဒေသကနေသွားရင် လှည်းတစ်တန်၊ ရေတစ်တန်၊ ကားစီး၊ ရထားစီး တစ်နေ့နဲ့တစ်ညနီးပါး သွားမှ ရောက်ပါတယ် ... ဦးကြီး"

"အဝေးကြီးပဲ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့"

"ဒီလောက်အဝေးကြီးက လာကြတာလား"

"ဟုတ်ပါတယ် ... ကြီးတော်"

"နို ... မောင်ရင်တို့က အခု ဘယ်မှာနေကြတုံး"

"ဟို ... သချိုင်းဟောင်း အရှေ့တောင်ဘက် တိုက်ခံအိမ်ကြီးမှာ နေပါတယ်ခင်ဗျ"

"ဟော ..."

"အလိုတော် ..."

"မြတ်စွာဘုရားတော်"

"ဟုတ်ရဲ့လားဟ"

ယာသမားဦးကြီးများနှင့် အဒေါ်ကြီးလေးတို့ဟာ ကျွန်တော်တို့နှစ်သီးကို အံ့အံ့သြသြကြည့်ပြီး ပါးစပ်ကလည်း အံ့သြသံတွေ အသီးသီးထွက်သွားကြလေရဲ့။

ပြီး ... သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၊ ကျွန်တော်တို့ နှစ်ဦးမျက်နှာကို ကြည့်လိုက် ...

"မောင်ရင်တို့က ... ဟို ... ဟို ... မြို့သူကြီးဟောင်းပြတ်တိုက်အိုကြီးမှာ နေကြတာ ... ဟုတ်လား"

"ဗျာ ... သူကြီးဟောင်းပြတ်တိုက် ... ဟုတ်လား ... ဦးကြီး ... ဟုတ်လား"

"အဲ ... အဲ ... ဟိုလေ ..."

အသက်ကြီးကြီး ယာသမားကြီးက ပါးစပ်က လွှတ်ခနဲ ပြောလိုက်ပြီးမှ ကျွန်တော်ပြန်မေးတာကို မဖြေချင်လို့ထင်ရဲ့ အားနာသလိုမျိုးဖြစ်ပြီး သူတို့အချင်းချင်း ပြန်ကြည့်နေရင်းက ...

"တိုက်ခံအိမ်အိုကြီးမှာ နေကြတာလား"

"ဟုတ်ပါတယ် ခင်ဗျား"





"ရောက်တာ ဘယ်နှစ်ရက် ရှိသွားပတုံး"

"ဒီနေ့ဆို နှစ်ရက်မြောက်ပါ ဦးကြီးခင်ဗျ"

"နှစ်ရက်တောင် ရှိသွားပြီလား"

ယာသမားဦးကြီးရဲ့လေသံက တအံ့တသြ ဖြစ်နေတဲ့ လေသံပါပဲ။ ယာသူမကြီးသုံးဦးကလည်း ခေါင်းချင်းဆိုင်ပြီး တိုးတိုးတိုးတိုးပြောလိုက် ကျွန်တော်တို့ကို အကဲခတ်လိုက်။

ဒီမှာ တစ်ယောက်သောမိန်းမကြီးက မြေမှုန့်နဲ့ သူ့နဖူးတို့ပြီး ဖွဖွလို့ ပြောလိုက် ...

"မောင်ရင့်နာမည်ကရော ..."

"ကျွန်တော့်နာမည်က ကိုရွှေဝါပါခင်ဗျာ"

"ကျွန်တော့်နာမည်က ကိုသိန်းဟန် ခေါ်ပါတယ်ခင်ဗျာ"

"ဦးကြီးနာမည်ကရော ဘယ်လိုခေါ်ပါသလဲခင်ဗျ"

"ငါ့နာမည်က ဦးလွန်းစိပ်တဲ့ကွ"

"ကျွန်တော်တို့မှာ အသိအကျွမ်းမရှိပါဘူး ... ဦးကြီးရယ်။ ဦးကြီးတို့ ကြီးတော်တို့ မြင်လိုက်ရတော့ ဝမ်းသာအားရှိလို့ပါ။ ကျွန်တော်တို့ကိုလည်း ကိုယ့်တူသားဆွေမျိုးလို သဘောထားပါခင်ဗျား။ ကျွန်တော်တို့ကလည်း ဦးကြီးတို့ ကြီးတော်တို့ကို ခုမှမြင်ဖူးပေမယ့် မြင်မြင်ချင်း ကိုယ့်ဆွေမျိုးသားချင်းများလိုပဲ မှတ်ယူပါ့မယ်ခင်ဗျား"

"အိမ်း .... အိမ်း ... ဒီအိမ်မှာ ကြာကြာနေကြမှာလားကွယ်"

"ကျွန်တော်က ကျန်ရစ်ပါ့မယ်ခင်ဗျ။ သူငယ်ချင်းကတော့ နက်ဖြန်မြို့ကိုပြန်မှာပါ"

ဒီမှာ သိန်းဟန်က ...

"အလုပ်က ခွင့်ယူပြီး လာခဲ့တာပါခင်ဗျ။ နောင် ခွင့်ရက်ရှည်ရရင် ဒီမှာ လာရောက်အနားယူမယ် စိတ်ကူးထားပါတယ်ခင်ဗျ"

"အနားလာယူမှာ"



www.burmeseclassic.com

"ဟုတ်ကဲ့ခင်ဗျ"

"မောင်ရင် ဘယ်သူ မောင်ရွှေဝါနော်"

"ဟုတ်ပါတယ် ဦးကြီး"

"မောင်ရင်က တစ်ယောက်တည်းနေမယ်"

"ဟုတ်"

"မောင်ရင့်အလုပ်ကရော"

"စာရေးဆရာပါ ... ဦးကြီး"

"စာရေးဆရာ"

"ဟုတ်ကဲ့ခင်ဗျ"

"စာရေးဆရာဆိုတာလည်း အလုပ်ပဲလား"

"ဟုတ်ကဲ့ပါ ခင်ဗျ။ ရောက်ရာအရပ်ဒေသက ရှေးဟောင်းဘုရားတွေ၊ ရာဇဝင်တွေ၊ ဒေသခံလူတွေရဲ့ဘဝကို လေ့လာပြီး ဝတ္ထုဆောင်းပါးများ ရေးသားထုတ်ဝေတဲ့အလုပ်ကို စာရေးဆရာအလုပ်လို့ ခေါ်ပါတယ် ခင်ဗျား"

"ဟုတ်လား ... ဒါဆို မောင်ရင်တို့က ပညာတွေအများကြီး တတ်ကြမှာပေါ့နော်"

"အသင့်အတင့်ပါ ... ဦးကြီးရယ်။ ဒါနဲ့ ဦးကြီးတို့ရွာကရော ဘယ်နေရာမှာလဲခင်ဗျာ"

ဒီမှာ ဦးလွန်းစိပ်ဆိုတဲ့ ယာသမားကြီးက အနောက်ဘက်ကိုလှည့်ပြီး လက်ညှိုးထိုးပြလိုက်တယ်။

"ဟို ... ဈာတ္တိုဝိုင်းကို တွေ့လား"

"တွေ့ပါတယ် ... ဦးကြီး"

"အဲဒါ ငတို့ရွာပဲ။ ဒီမှာ ယာလာလုပ်ကြတာ"

"ဝေးတာပေါ့နော်"

"ဝေးပေမင့် ဒီနေရာမှာ ချောင်းရေရတယ်လေ။ မြေကြီးက စိုက်လို့ပျိုးလို့ကောင်းတော့ လာလုပ်ရတာပေါ့"

စိတ်ကူးသစ်စာပေ



"ဦးကြီး ..."

"အေး ... ပြောလေကွာ"

"ကျွန်တော်တို့ အချိန်ရရင် ဦးကြီးတို့ရွာလေးကို လာလည်လို့ရမလားဟင်"

"ရတာပေါ့ ... ကောင်းကောင်းမွန်မွန်နေရင် ငတို့ရွာက ဘယ်သူ့ဖြစ်ဖြစ် လက်ခံပါတယ်ကွယ်။ လာခဲ့ပေါ့"

"ဒါနဲ့ ဦးရယ် ... နက်ဖြန်မနက်ကို လှည်းတစ်စီးလောက်များ ငှားရင် ရနိုင်မလားဟင်"

"ဘာလုပ်ဖို့တုံး"

"ဒီသူငယ်ချင်းက ရေဆိပ်ကိုဆင်းချင်လို့ပါ ... ဦးကြီး"

"ရပါတယ် လှည်းက ဘယ်ကို လာကြိုရမှာတုံး"

"ကျွန်တော်တို့ အိမ်ကြီးကိုပဲပေါ့"

"ဟာ ... မဖြစ်ဘူး။ ဒါတော့ ဖြစ်မှာမဟုတ်ဘူး"

ဦးကြီးလွန်းစိပ်ဆိုသူဟာ ခေါင်းကို တွင်တွင်ယမ်းပြီး မဖြစ်ဘူးဆိုတဲ့ စကားကို ထပ်ခါတလဲလဲ ပြောနေရဲ့ဗျာ။

"ဘာဖြစ်လို့တုံး ... ဦးကြီးရဲ့"

ဒီမှာ မျက်နှာကို ပုဆိုးပေါင်းထားတဲ့ ယာသူမကြီးက ...

"မောင်ရင်လေးရဲ့"

"ဟုတ်ကဲ့ ... ကြီးတော်၊ ပြောပါ ခင်ဗျား"

"ကျုပ်တို့ရွာသားတွေက အဲဒီအိမ် ..."

"မိဆုံ ... နင်ဝင်မပြောနဲ့။ ငါပြောမယ်"

"ငတို့လှည်းသမားတွေ အဲဒီရှေ့ကို မဖြတ်ကြဘူး"

"ဟုတ်လား"

"ဒါဆို ကျွန်တော်တို့ ဘယ်ကိုလာရမလဲသာပြောပါ ... ဦးကြီးရယ်။ ကျွန်တော်တို့ လာခဲ့မယ်လေ ပြောပါ"

"ဒီလိုလုပ်ပါကွာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ဟုတ်ကဲ့"

"မောင်ရင်တို့ ဒီကို စ,လာတုံးက လမ်းမှာ ညောင်အိုပင်ကြီး တွေ့ခဲ့တယ်မဟုတ်လား"

"လမ်းဆုံက ညောင်ပင်ကြီးလား"

"ဟုတ်တယ် ... အဲဒီညောင်ပင်အိုကြီးရှေ့ကနေ လှည်းစောင့်နေမယ်။ မောင်ရင်လေးတို့ လာခဲ့လိုက်ပေါ့ နော"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ... ဦးကြီးခင်ဗျား။ ဒါထက် ကျွန်တော်တို့ လှည်းခ ဘယ်လောက်များပေး ..."

"ပေးချင်သလောက်သာပေး ရတယ်။ ငါတို့ရွာသားတွေက ငွေစကား မပြောဘူးကွ"

"ဒါဆို ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်ခင်ဗျ"

"အေး ... အေး ... ပြန်ပါကွယ်"

"ကျွန်တော်တို့နေတဲ့အိမ်လည်း လာလည်ပါ ... ဦးကြီး"

"ဟေ ..."

"မြတ်စွာဘုရား ..."

"မောင်ရင် ... ရှေ့ဝါ"

"ဟုတ်ကဲ့ ... ဦးကြီး"

"မောင်ရင် ... ငါတို့ရွာ လာလည်ပါ ... မောင်ရာ။ မင်းတို့အိမ်ဘက်တော့ ... ကဲ ... ကဲ ... သွား ... သွား ... နက်ဖြန် လှည်းစောင့်နေမယ်။ နေမမြင့်စေနဲ့ဟေ့"

ကျွန်တော်တို့ ဝမ်းသာအားရနဲ့ အိမ်ကြီးရှိရာကို ပြန်လာလိုက်ကြတယ်။

"လှည်းကိစ္စတော့ စိတ်အေးသွားပြီ ... သိန်းဟန်ရ"

"ရှေ့ဝါ ... မင်း တစ်ချက်စဉ်းစားစမ်း"

"ဘာစဉ်းစားရမှာတုံး။ မိန်းမ ယူဖို့လား"

စိတ်ကူးသစ်စာပေ



"အရေးထဲ နောက်ပြောင်နေပြန်ပါပြီကွာ။ ဦးလွန်းစိန်တို့သူရော တို့ ... ယာသူမကြီးတွေရော ငါတို့ ခုနေတဲ့ အိမ်ဘက်ကို မလာချင်ကြ သူကွ"

"ဘေးလို့ မလာချင်တာ နေမှာပေါ့"

"သူတို့ကြည့်ရတာ ဒီဘက်ကိုလာရမှာ လန့်ကြောက်နေသလိုပဲ"

"သူတို့ကြောက်ရင် ကြောက်ပေါ့ကွာ။ ငါတို့ မကြောက်ရင် ပြီးတာပဲ။ ရင်းရင်းနှီးနှီး မရှိကြသေးလို့။ စားကြွင်းတစ်စိမ့် အဝင်အထွက်မရှိဘူး သေးလို့ မလာကြတာ နေမှာပါ။ နောင် ရင်းနှီးသွားကြရင် ချောင်းပေါက် အောင် ... လာမှာ။ လာ ... နေမှလာပြီး မြန်မြန်လျှောက်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

မိုးလင်းတော့ သိန်းဟန်နဲ့ကျွန်တော် အဝတ်အစား သားရေအိတ်တွေဆွဲပြီး လှည်းစီးရမည့် ရွာလမ်းဆုံ ညောင်ပင်အိုရှိရာ လမ်းလျှောက်လာခဲ့လိုက်ကြတယ်။

အသက် (၂၀)နှစ်ခန့် လှည်းသမားလူရွယ်က ဝါးဖတ်ခမောက်ဆောင်းနဲ့ အသင့်ကြိုနေတယ်ဗျ။

"ကိုရွှေဝါနဲ့ ကိုသိန်းဟန် ဆိုတာလားဗျ"

"ဟုတ်တယ် ... ညီလေးရေ ... မင်းက ဦးကြီးလွန်းစိပ်ရဲ့ လှည်းဆရာလားဟေ့"

"ဟုတ်တယ်ဗျ ... လှည်းပေါ်တက်ကြဗျ။ နေထွက်လာရင် ကျုပ်တို့အရပ်က မီးပုံပေါ်လျှောက်ရသလိုပဲ၊ ချွေးပါရင် ချွေးတုံးတောင် ချက်ချင်းပြာကျတယ်ဗျ။ မြန်မြန်တက်ကြဗျို့"

"တယ်ဆိုတဲ့ စာပါလားကွ ... ညီလေးရဲ့"

"စာဆိုတာ မဟုတ်ဘူး ... နောင်ကြီးတို့ရေ ... ပြာသိုရောက်ရင် ချမ်းပုံနှယ် ရေခဲတုံးဖက်အိပ်ရသလိုပဲ။ တပေါင်းတန်ခူး ဒီလမ်းကိုသွားရင်





ပုဆိုးပေါင်း ခမောက်ဆောင်းသွား၊ ခမောက်တို့ ပုဆိုးတို့ မဆောင်းမခုံရင် ဆံပင် မီးကျွမ်းရောဗျ"

ကျွန်တော်တို့နှစ်ဦး လှည်းပေါ်တက်ထိုင်ရင်း ပြုံးလိုက်ကြတယ်။

"ရွှေဝါ ... မင်းစာရေးဆရာတောင် သူ့ကို လိုက်မမီနိုင်တော့ဘူး"

"ဟုတ်ပကွာ ... ညီလေးနာမည် ဘယ်လိုခေါ်တုံးကွယ်"

"မောင်ပေပင်တဲ့ဗျ"

"နာမည်ဆန်းလှချည်လား ... ငါ့ညီရ"

"ဆန်းမှာပေါ့ဗျာ။ ကျုပ်အမေက ပေပင်အောက်မှာ ဗိုက်နာပြီးမွေးတာကိုး။ ဒါတောင် ပေသီး မသီးသေးလို့ဗျ။ ပေသီးများသီးရင် ကျုပ်နာမည် အထက်ရောက်ကရော"

"ဘယ်လိုကြောင့် အထက်ကို ရောက်မတုံးကွယ့်"

"ပေပင်အောက်မွေးလို့ ပေပင်လို့ နာမည်ပေးတယ်။ ပေသီးသီးချိန်များ ပေပင်အောက်မွေးရင် ပေသီးလို့ နာမည်ပေးမှာပေါ့ဗျာ။ ပေသီးက ဘယ်နေရာမှာသီးတုံး သိလားဗျ"

"ပေသီးက ပေပင်ပေါ်သီးတာပေါ့ကွ"

"အပေါ်မှာသီးလို့ ကျုပ် ပေသီးခေါ်ရင် အထက်ရောက်တာပေါ့ဗျ နောင်ကြီးရဲ့။ အထက်ရောက်ရင် နတ်သမီးထမီ လှမ်းဆွဲလို့ရပြီပေါ့ဗျာ"

"မကြည့်ရဲပေါင်ကွာ"

"နဲ့လိုက်မဲ့ဖြစ်ခြင်းကွယ်"

"ဘယ်နှုံမှာတုံး ... နောင်ကြီးရဲ့ မွေးမှာဗျ"

"ဟာ ... ဟာ ... ငါ့လူရ ... မောင်ပေပင့်လေးရ ... ဘယ်နဲ့နတ်သမီးတိုဒင်းက မွေးရမှာတုံးကွ။ လင်းပါဦး"

"နတ်သုဒ္ဓါစားတဲ့ မျိုးတွေလဗျာ။ အီးစော်ကအစ မွေးတယ်လို့ကျုပ်တို့ဘကြီး ပြောဖူးသဗျ"

"ဒါဆို နမူနာလေးများ ကြည့်ချင်ပါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား ... နောင်ကြီးရဲ့ ... ကျုပ် ဒီကိစ္စနဲ့ ပတ်သက်ပြီး စားချင်းယှဉ် မရုတ်ပါရစေနဲ့ဗျာ"

"ဟား ... ဟား ... ဟား ... ကြိုက်သွားပြီကွား ငါညီက တယ် ဉာဏ်ရည်ကောင်းတာပဲကိုး။ ရွှေလျှောက် မင်းကို ငါ အနိုင်ယူဟဲလုပ်ရမှာ ပဲပေါ့။ ဒါနဲ့ ငါညီတို့ရွာနာမည်ကရော ဘယ်လိုခေါ်တုံး"

"ပေမြစ်ရွာ၊ ဖြစ်နေမလားကွယ် ဟင်"

"ဒါဖြင့် ဘယ်လိုခေါ်တုံး"

"ပေမြစ်မဟုတ်ဘူးဗျ"

"တောင်ကြီးကိုးလုံးရွာတဲ့ဗျား"

"ဟား ... ဟား ... ကြောက်စရာကောင်းလိုက်လေ ... ငါညီ ရား၊ ငါတို့အမျိုးတွေ ခေါ်မလာရဲတော့ပါဘူးကွာ"

"ဟား ... ဟား ... ဟား ... ရယ်စရာပြောတာပါ .. နောင်ကြီး တို့ရာ။ ခိုးကလေးတော့ နောင်ကြီးတို့ ပျင်းမှာစိုးလို့ပါ။ ကျုပ်တို့ရွာရဲ့အမည် က ဓားဆောင့်ကုန်းရွာတဲ့ဗျ"

"ဓားဆောင့်ကုန်းရွာ ... ဟုတ်လား"

"ဟုတ်ပဗျာ"

"ရွာနာမည် ဆန်းလှချည်လား ... ဓိုညီရေ။ ဘယ်လိုကြောင့် ဓား ဆောင့်ကုန်းရွာ ခေါ်ရတာတုံးကွ"

လူရွယ်လှည်းဆရာလေးက ဗဟုသုတ နှံ့စပ်ပုံလေးဖျူ ပြီး .... ပျော်ပျော်ရွှင်ရွှင် နေတတ်ပုံလေးပဲ။

"ကျွန်တော်တို့ အဘိုးအဘွားမိဘများ ပြောတာပေါ့ဗျာ။ ရှေးမြန်မာ မင်းများ လက်ထက်တုန်းက တော်လှန်ရေးသမားကြီး ဗိုလ်မြတ်ထွန်းတို့က ဒီနေရာကနေ ဓားဆောင့်ပြီး အင်္ဂလိပ်နယ်ချဲ့ကို တော်ခဲ့ကြလို့ ဓားဆောင့် ကုန်းလို့ ခေါ်တာတဲ့။ တစ်ခါ အင်္ဂလိပ်တော်လှန်ရေး ဂျပန်တော်လှန်ရေး ကာလတုန်းကလည်း တော်လှန်ရေးသမားတွေ ဓားဆောင့်ပြီး တော်လှန် တိုက်ပွဲဝင်ကြလို့ ဓားဆောင့်ကုန်းရွာလို့ ခေါ်တာတဲ့ဗျ"





"ရာဇဝင်နောက်ခံနဲ့ ရွာပဲကိုး။ ဒါဖြင့် အစ်ကိုတို့ သွားနေတဲ့ရွာ ကရော နာမည်သိုးသန့်ရှိသေးလားကွ"

"ရှိတယ်ဗျ"

"ရှိရင် ပြောစမ်းပါဦး ... ငါ့ညီလေးရ"

"အခု နောင်ကြီးတို့နေတဲ့ အိမ်ကြီးဝန်းကျင်ကို ဟိုတုန်းက ခေါ်ကြ တာ ဗိုလ်လုကုန်းရွာတဲ့။ တိုက်ပွဲကုန်းလို့လည်း ခေါ်ကြသဗျ"

"နာမည်တွေကလည်း ဆန်းလှချည်လား ... ငါ့ညီရာ။ ဟင်း ... နာမည်ကြားရတာနဲ့တင် ကြက်သီးဖြန်းဖြန်း ထ,ရပါလားကွာ"

"ဒါ ... ဘာဟုတ်သေးလဲဗျာ။ ဒီထက် ကြက်သီးဖြန်းဖြန်းထစရာ တွေ နောင် သိရကြုံပါလိမ့်မယ်ဗျာ။ ဒါနဲ့ စာရေးဆရာဆိုတာ ဘယ်သူတုံး ဗျ"

"အစ်ကိုပဲ ... ငါ့ညီရ"

မောင်ပေပင်ဆိုသူ လှည်းဆရာလေးက နွားကြိုးကို လျှော့ရင်းက လှည့်ကြည့်ပြီး ...

"နောင်ကြီးလား"

"အေးကွ"

"ကျုပ်ကလည်း အပြောအဟောလေး ဝါသနာပါတယ်ဗျ။ ဒီမှာ ကြာကြာနေမှာလားဟင်"

"နေမှာပါကွယ်"

"ဒီမှာကြာကြာနေရင် ထူးထူးဆန်းဆန်း ပြောစရာတွေ အများကြီး ရှိတယ်။ စာရေးဆရာကြီးရဲ့ ... ဟဲ့ ... သားတို့ ... ပြေးစမ်းဟဲ့"

"ဒိုး ... ဂလုံ ... ဂလုံ ... ဒိုး .... ဂျိုး ..."

နွားနှစ်ကောင်ကလည်း ဟဲ့ဆိုတာနဲ့ ပြေးလိုက်တာ မြေကြီးနဲ့ဘီး နဲ့ လွတ်နေလား ထင်ရတယ်။

ဒီလိုနဲ့ ...



www.burmeseclassic.com

ကျွန်တော်တို့ ရေဆိပ်ကို ရောက်လာခဲ့ကြတယ်။ မော်တော်က လည်း စက်သံပေးနေပြီ။

"ဟို ... ဆရာလေး ... လိုက်မှာလားဗျို့"

"လိုက်မယ်ဗျ ... ခဏလေး ... ရွှေပါ ... ငါသွားမယ်နော်"

"အေး ... သွား"

"မင်းနေလို့ ဖြစ်ရဲ့လား"

"ဘာလို့ မဖြစ်ရမှာလဲကွ။ မင်းကလည်း ..."

"တစ်လတစ်ခေါက် ငါ ရိုက္ခာနဲ့ လာခဲ့ပါ့မယ်။ အကယ်လို့ နေရ ထိုင်ရတာ အဆင်မပြေရင် ဒီမော်တော်အကြုံနဲ့ စာပေးလိုက်"

"ရပါတယ် စိတ်ချလက်ချသာသွားပါ။ ငါ ကွန်မြူနစ် လူထွက်ပါ။ ငါက ဘာကိုကြောက်ရမှာတုံး"

"တစ်ယောက်တည်းမို့လို့ စိတ်မချလို့ပါကွာ။ သွားပြီဟေ့"

"ရွတ်ဆိုင်"

သိန်းဟန်က မော်တော်စထွက်ကတည်းက လက်ပြသွားလိုက်တာ မော်တော် ရေလယ်ကိုကျော်ပြီး ရေးရေးမြင်တော့မှ ကျွန်တော်ပြန်ဖို့ လှည်း ပေါ်တက်လိုက်တယ်။

အင်း ... ပြောမနာဆိုမနာ သူငယ်ချင်း။

ညီအစ်ကိုတမျှ ချစ်ရတဲ့ သူငယ်ချင်းလေ။

ခုတော့ ပြန်သွားပြီ။

"စာရေးဆရာ လွမ်းနေလို့လားဗျ"

"အေးကွာ"

"စာရေးဆရာမှာ မိန်းမရှိလား"

"မရှိပါဘူးကွာ"

"ရဲစားရော"

"မရှိဘူး"

---

စိတ်ကူးသစ်စာပေ



"မလွမ်းပါနဲ့ဗျာ ... ကျုပ် မိန်းမရှာပြီး ပေးစားပါမယ်ဗျာ ပိန်ပိန် ကြိုက်လား၊ ဝဝကြိုက်လား။ ငါးရံ့ကိုယ်လုံးလေးလား ပြော"

"အဟဲ ... ဟဲ ..."

ဒီကောင်လေး မဆိုးဘူးဗျာ။

လှည်းမောင်းနေပေမင့် လူကဲခတ်မညံ့ဘူး။

အချစ်ဆုံးသူငယ်ချင်း ပြန်သွားလို့ ရင်ထဲမှာ ဟာတာတာဖြစ် ငေး မှိုင်သွားတာကို သူ သတိပြုမိသွားတော့ ပျော်စရာရွှင်စရာ စကားရှာပြီး ကျွန်တော့်ကို အလွမ်းပြေအောင် လုပ်စကားပြောနေတာရယ်။

"ရည်းစားလုပ်သူက ချောမှဖြစ်မှာနော်"

"ငါးရှဉ့်လိုပေါ့ ... ဟုတ်လား"

"ကျုပ်တို့ ဘေးဆောင့်ကုန်းရွာသူတွေဟာ ချစ်သူလင်သားအပေါ် ကြင်ကြင်နာနာ ရှိပါတယ်ဗျ ... စာရေးဆရာရ"

"ဘယ်လိုကြင်နာတာတုံး ... မောင်ပေပင်ရဲ့"

"လင်မယားစိတ်ဆိုးရင် လင်လုပ်သူရဲ့ ကျောကုန်းကို ဘေးနှောင့် နဲ့ ဆောင့်တာဗျ"

"မြတ်စွာဘုရား ... ကယ်တော်မူပါဘုရား"

"ဟား ... ဟား ... ဟား ... မကြောက်ပါနဲ့ ... စာရေးဆရာ ရယ်။ စိတ်ဆိုးမှ လုပ်တာပါ။ အဲ ... ဒေါသထွက်ပြီဆိုရင်တော့ ငါးခူစင်း ကောသလို တောက်တောက်စင်းတာပဲဗျို့ ... ဟား ... ဟား ..."

မောင်ပေပင်က သူ့စကားသူ သဘောကျပြီး အားရပါးရ အော် ရယ်လိုက်လေရဲ့ဗျာ။

"မောင်ပေပင်ရေ ..."

"ပြော ... စာရေးဆရာ မိန်းမဂုဏ်ရည်တော့ ကြိုက်သွားပြီမဟုတ် လားဟင်"

"ဝုံးမန်းမျိုပြီး ယူရမည့်ကိန်းပါကွာ။ ရှိတာလေးတောင် ဆောက် တောက်စင်းလိုက်ရင် ငါလည်း ဖုန်းကညာတစ်ပါး ဖြစ်သွားမယ် ပေ့ ... ဒီမှာ မောင်ပေပင်ရဲ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"ပြောချ"

"မင်း ဝါနဲ့ လာနေပါလားကွ"

"လာနေပြီး ဘာလုပ်ရမှာတုံး"

"ထမင်းချက်ပေးပေါ့ကွာ။ လခလည်း ပေးမယ်၊ ထမင်းလည်း ကျွေးမယ်"

"တကယ်လား ... စာရေးဆရာ"

"နှစ်ကယ်ပါ ... ငါ့ညီရာ။ လာမှာလားဟင်"

"လာခဲ့မယ်လေ။ ညအရော အိပ်ရဦးမှာလား"

"အိပ်ချင်တဲ့နေ့အိပ်၊ မအိပ်ချင် ပြန်ပေါ့"

"လုပ်လိုက်လေဗျာ။ စာရေးဆရာရာ ... ဟဲ့ ... သွားဟဲ့"

"အချက်အပြုတ်တော့ ရတယ်မဟုတ်လား"

"စိတ်ချစမ်းပါ ... စာရေးဆရာရယ်။ ကျွဲက ဝက်စာကျွေးနေကျ ပါဗျ ... အဟီး ..."

"ကောင်းပေါ့ကွာ"

✿ ✿ ✿

[၄]

❑

ပြောရရင် ပြဿနာက မောင်ပေပင်ရောက်ပြီး နှစ်ရက်မြောက်မှာ ဖြစ်တာပဲဗျာ။

ကျွန်တော်လည်း အဖော်လေးရတော့ ဝမ်းသာတာပေါ့။ ရေခပ် အမှိုက်လှည်းကျင်းပေး၊ ထမင်းဟင်းချက်ပြုတ် လုပ်ပေးရှာတယ်။

ဒီကောင်လေး အချက်အပြုတ် မဆိုးဘူး။

ရွာထဲက ယူလာတဲ့ ခရမ်းသီး၊ ဒန့်ဒလွန်၊ ရုံးပတီသီးနဲ့ ပဲကုလား ဟင်းချက်၊ ဘဲဥကြော်လေးနဲ့တွဲ၊ ရေတ်သီးထောင်းနဲ့ ပြင်ဆင်ထားလိုက်တာ ရယ်။

နှစ်ယောက်သား ခေါင်းမဖော်တမ်း စားလိုက်ကြတာ ထမင်းလေး လုံးချက်ကို နည်းနည်းပဲကျွန်တော့တယ်ဗျာ။ မြိန်လိုက်တာ။

ဖြစ်ချင်တော့ ...

မနေ့က ညရှုနပိုင်းမှာရယ် ...

မောင်ပေပင်ကလည်း ထမင်းအိုးတည်ပြီး ငရုတ်သီးထောင်းနေ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပေပင်ရေ ..."

"ဗျာ ... ဆရာလေး"

"အစ်ကို အညောင်းပြေ လမ်းလျှောက်ဦးမယ်။ မင်း ... ချက်ထား နှင့်ပေတော့"

"ဆရာလေး ... ရွာထဲရောက်ဦးမလား"

"ရွာက ဝေးတယ်ကွ။ မနက်ဖြန်ကျမှ မင်းနဲ့အတူ သွားကြမယ်။ ဟိုနားဒီနား ပါပဲကွာ။ အဝေးကြီး မသွားပါဘူး"

ဒီမှာ မောင်ပေပင်က ငရုတ်သီးထောင်းတာကို ရပ်လိုက်ပြီး ..

"ဆရာလေး ..."

"အေး ... ပြော ... ဘာမှာမလို့လဲ"

"ဟို ... ဟို ... လေ ... နေစောင်းနေပြီဗျ။ ဟို ... သချိုင်းကုန်း ဟောင်းဘက်ကို မသွားနဲ့"

"ဘာဖြစ်လို့တုံး ... မောင်ပေပင်ရဲ့"

"မကြာခင် နရိုင်း (နွားရိုင်း) သွင်းချိန်ရောက်လာတော့မယ်။ အဲ့ လိုအချိန်မျိုး။ သချိုင်းကုန်းဟောင်းဘက်ကို လုံးဝမသွားတာ အကောင်းဆုံး ပဲ"

"အကြောင်းရှိလို့လား ... မောင်ပေပင်"

"ရှိတာပေါ့ ... ဆရာလေးရဲ့"

"ကဲ ... ဒါဆို ပြောစမ်း၊ ဘာအကြောင်းများတုံးကွ"

"ညနေစာစားပြီးမှ ပြောပြမယ် ... ဆရာလေး"

"မင်း ... ဒီည ဒီမှာအိပ်မှာလား"

"အိပ်ပါ့မယ် ... ဆရာလေး"

"သိပ်ကောင်းပေါ့ကွာ ... နားထောင်ချင်တယ်ကွ ... ငါ့ညီရ"

"ညကျရင် အဲဒီ သချိုင်းကုန်းဟောင်းကြီးအကြောင်း ပြောပြမယ် စိတ်ချ"





"ငါလည်း ရေးစရာ စာတလမ်းရတာပေါ့ကွာ။ ကဲ ... မင်းလည်း ချက်၊ အစ်ကိုလည်း လမ်းလျှောက်လိုက်ဦးမယ်"

ကျွန်တော် နေထိုင်တဲ့ ရှေးဟောင်းတိုက်ခံအိမ်အိုကြီးကနေ လမ်းမ ဘက် ထွက်ခဲ့လိုက်တယ်။

ခပ်လှမ်းလှမ်းက ချိုးကူသံသာသာကို ကြားရပြီး ရင်ထဲမှာ လွမ်း သလိုလို ဖြစ်သွားခဲ့ရတယ်။

ဒီမှာ မိစေတနာကို သွားသတိရလိုက်လေရဲ့။ အင်း ... မိစေတနာ မိစေတနာ ... သူမသာ ခုနေ ကိုယ့်အနားမှာ ရှိနေရင် ...

ဟောဒီ ကန္တာရပင်တွေ၊ ပေပင်တွေ အစီအရီပေါက်နေတဲ့ မြေနီ လမ်းပေါ်မှာ လက်ချင်းချိတ်ပြီး အပြုံးကိုယ်စီ အရယ်ကိုယ်စီနဲ့ လျှောက်စရာ ကောင်းလိုက်မည့်ဖြစ်ခြင်း။

ကျွန်တော် နောက်ဘဝဆိုတာ မယုံကြည်ပါဘူးဗျာ။

သို့သော် ... လူပြောများ၊ လူကြုံက်များလှတဲ့ နောက်ဘဝဆိုတာ များ အမှန်တကယ် ရှိနေမယ်ဆိုရင် ...

မိစေတနာ ဘယ်ဘဝ၊ ဘယ်နေရာရောက်နေမှာလဲ သိချင်လိုက် တာ။

သူမနှင့်ကျွန်တော် စွယ်တော်တစ်ရွက်လို အချစ်မျိုးနဲ့ ချစ်ခဲ့ကြဖူး တယ်။ သို့သော် ကျွန်တော်တို့အချစ်ကို တရားဝင်ပွဲထုတ်ခွင့် မရခဲ့ကြဘူး။

ချိုးကူသံက ကျွန်တော့်ရင်ဘတ်ထဲက အလွမ်းတံခါးကို တစ်ချက် ချင်း ခေါက်နေသလိုပါပဲ။

လွမ်းစရာ အိပ်မက်များပေပေါ့။

လွန်ခဲ့သည့် အတိတ်ကာလတုန်းက ကျွန်တော်နဲ့မိစေတနာက ပဲခူး မြို့မတောထဲက ကွန်မြူနစ်စခန်းမှာပေါ့။

ကျွန်တော်တို့နှစ်ဦးစလုံး ရန်ကုန်တက္ကသိုလ်ကို ကျောခိုင်းလာတဲ့ ကျောင်းသား ဗကပတွေပေါ့။

မိစေတနာက မွန်မြန်မာ။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ၊ အရပ် မနိမ့်မမြင့်၊ မျက်နှာသွယ်သွယ်နှင့် ခွဲမက်ဖွယ်အလှရှိတဲ့ တက္ကသိုလ်ကျောင်းသူပေါ့။

ပစ္စည်းမဲ့ တော်လှန်ရေးဆိုတဲ့ ယုံကြည်ချက်နဲ့ ဆိုရှယ်လစ်အတုအယောင် အစိုးရကို လက်နက်ကိုင်တော်လှန်ဖို့ ကျွန်တော်တို့ တောခိုခဲ့ကြတာ။

တောထဲမှာ တက္ကသိုလ်အသီးသီးက ခေတ်ပညာတတ် တက္ကသိုလ်ကျောင်းသားတွေ၊ ကျောင်းသူတွေ ရောက်နေကြတယ်။

ကျွန်တော်တို့ တောထဲရောက်တာနဲ့ ...

ကျွန်တော်တို့ရဲ့ ခေတ်ရှင်အတွေးအခေါ်တွေကို ကွန်မြူနစ် အခြေခံ သဘောတရားနဲ့ ဆေးကြောပစ်ရတယ်။

မိဘချစ်သောတာကို အပြင်းအထန် ရှုံ့ချရတယ်။

ညီအစ်ကိုမောင်နှမများ အစိုးရဝန်ထမ်းဖြစ်နေတာကို ဝေဖန်ရတယ်။ ကျူညီဝတ်စုံဝတ်ပြီး သဘောတရားရေးရာ သင်တန်းတွေတက်၊ အခြေခံသင်တန်းတွေကို အသားပြုကွဲ ချွေးဒီးဒီးကျ လေ့ကျင့်ရတယ်။

ဆား လက်သန်းဖျားခန့်နှင့် ဆန်ကြမ်းထမင်း၊ အရွက်ဟင်း ရေလုံပြုတ်နီးပါးကို နေ့စဉ် စားကြရတယ်။ ပစ္စည်းမဲ့ လက်တွေ့ဘဝပေါ့။

တချို့သော ကျောင်းသားတွေ ဒီပစ္စည်းမဲ့ တော်လှန်ရေးကျင့်စဉ် ဘဝဒဏ်ကို မခံနိုင်ကြဘူး။

ဆီဦးထောပတ်စားပြီး ကြော့ကြော့လေးနေခဲ့ရတဲ့ တက္ကသိုလ်ကျောင်းသားဘဝနဲ့ ...

ဝါးခင်းအင်ရွက်မိုး ခြင်ထောင်မပါ တဲပေါ်မှာ စောင်စုတ်စောင်ပြဲ ခြုံအိပ်ရတဲ့ဘဝ။

ဆီမရှိ၊ ငံပြာရည်မရှိ၊ ဆပ်ပြာမရှိ၊ စားစရာ မုန့်ပဲသရေစာမရှိတဲ့ တောကြီးမျက်မည်းထဲမှာ ရေလုံပြုတ်ကိုစားပြီး စစ်အစိုးရကို အမြစ်ပြတ်ချေမှုန်းဖို့ ခေါင်းဆောင်ကြီးတွေရဲ့ ရည်မှန်းချက်ကို ကျွန်တော်တို့ ဝတ်ပြတ်ဆင်းရဲချို့ငဲ့နှင့် ပါရမီဖြည့်နေကြတယ်။





ခေါင်းဆောင်ကြီးတွေကတော့ သံမဏိမိန့်ခွန်းတွေကို တန်းစီရှိနှိုး ရောက်တိုင်း ပုဆိုးတိုတိုဝတ်၊ ကာကီအကျီ အနွမ်းအပေါက်ဝတ်ပြီး အားရပါးရ ဟောပြောနေတယ်။

"ငါတို့ ရဲဘော်တို့ ခုလို ရိုးမတောနက်ထဲမှာ မြွတ်ကိုက်ခံ၊ ခြင်ကိုက်ခံ၊ မြွေကိုက်ခံ အငတ်အပြတ်ခံနေရတာဟာ ဆိုရှယ်လစ်အတုအယောင် အစိုးရကြောင့်ပဲ"

"ငါတို့ ပစ္စည်းမဲ့တော်လှန်ရေး ရဲဘော်တွေသာမကဘူး၊ လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ ဆင်းရဲသားတွေရဲ့ဘဝလည်း အကုန်ငတ်မွတ်ဆင်းရဲမွဲတွေချတ်ခြုံကျနေရတာ ဆိုရှယ်လစ်အစိုးရကြောင့်ပဲ"

"ငါတို့ ဗမာပြည် ကွန်မြူနစ်ပါတီ အောင်ပွဲရမှ တိုင်းသူပြည်သားတွေရဲ့ အဖိနှိပ်ခံဘဝ၊ ကုပ်သွေးစုပ်ခံဘဝ၊ ဆင်းရဲတွင်းနက်နေတဲ့ဘဝတွေ လွတ်မြောက်မှာပဲ"

"ငါတို့ အောင်ပွဲခံဖို့ အချိန်နီးကပ်လာပြီ။ အောင်ပွဲအတွက် မင်းတို့ ငါတို့ ချွေးသွေးအသက်တွေ ရင်းနှီးပေးဆပ်ရမှာပဲ။ ကွန်မြူနစ်တပ်သားကောင်းတစ်ယောက်၊ ပစ္စည်းမဲ့တော်လှန်ရေးသမားတစ်ယောက်ရဲ့ဘဝဆိုတာ အရာရာ ပေးဆပ်ရမယ်။ စွန့်လွှတ်ရမယ်"

"အငတ်ခံရတာ ဇကာပဲ"

"အသေခံရတာလည်း ဇကာပဲ"

"ရဲဘော်တို့ ပစ္စည်းမဲ့ တော်လှန်ရေးသမား ပီသဖို့၊ ပညာတတ်အတွေးအခေါ်တွေ၊ ခေတ်ရှင်စိတ်ဓာတ်တွေ၊ အတွေးအခေါ်တွေ၊ တွေဝေမှုတွေကို ရဲဘော်တို့ ဦးနှောက်ထဲကနေ စွန့်ထုတ်ပစ်ရမယ်။ ဒီ ခေတ်ရှင်ဝါဒ မှိုင်းမိနိုင်တဲ့ အတွေးအခေါ်တွေ ရှိနေ၊ ခံယူနေသမျှ ပစ္စည်းမဲ့တော်လှန်ရေးသမားလုံးဝဖြစ်မှာမဟုတ်ဘူး"

"နောက်ဆုံးပြောချင်တာက အမိန့်ကို တစ်သွေမတိမ်း နာခံပါ။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးလုပ်ကြပါ။ အမိန့်မနာခံရင်၊ စည်းကမ်းဖျက်ရင်၊



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဝေရင် ငါတို့ တောရဲ့ဥပဒေက သေဒဏ်ပဲ။ အထူးသဖြင့် ငါတို့ ကွန်မြူနစ်ဝါဒကို တန်ဖိုးမဲ့အောင်၊ ဂုဏ်သရေထိခိုက်အောင် ဖေဖန်ရင် သေဒဏ်ပဲ”

“ရဲဘော်တို့ ပစ္စည်းမဲ့ တော်လှန်ရေးသမားကောင်းတစ်ယောက်နဲ့ ဖက်ဆစ်အစိုးရရဲ့ ဝန်ကြီးတစ်ဖွဲ့လုံးနဲ့ မလဲနိုင်ဘူး”

“ဖက်ဆစ်အစိုးရ မဆလအစိုးရရဲ့ ဗိုလ်ချုပ်ကြီး၊ ဗိုလ်မှူးကြီး ဘယ်ကောင်နဲ့မှ ငါတို့တော်လှန်ရေးရဲဘော်တစ်ယောက်နဲ့ တန်ဖိုးချင်း မတူဘူး။ ငါတို့က ပစ္စည်းမဲ့ ပြည်သူတွေအတွက် ဒုက္ခဆင်းရဲမျိုးစုံခံ၊ အသေခံပြီး တိုက်ပွဲဝင်နေကြတာ”

“ငါတို့နောက်မှာ ပစ္စည်းမဲ့ပြည်သူတွေရှိတယ်။ ငါတို့ကို ကမ္ဘာပေါ်မှာရှိတဲ့ ပစ္စည်းမဲ့တော်လှန်ရေး ရဲဘော်တွေက ရပ်တည်ပေးနေကြတယ်။ ငါတို့ တိုက်ပွဲမှာ ကျဆုံးသွားခဲ့ရင် ငါတို့အလောင်းနဲ့ အရိုးတွေ ဝိညာဉ်တွေကို ပြည်သူတွေ တိုက်တန်စွာ အလေးပြုကြလိမ့်မယ်။ ငါတို့ အောင်ပွဲခံဖို့ အချိန်နီးကပ်နေပြီ။ တိုက်ပွဲဟောဆိုရင် ရှေ့တန်းက ရင်ကော့တက်ဖို့ သတ္တိရှိနေကြရမယ်။ သတ္တိရှိကြရဲ့လား ... ရဲဘော်တို့”

“ရှိ ...”

“သေရဲလားဟေ့”

“သေရဲတယ်”

“သတ်ရဲလားဟေ့”

“သတ်ရဲတယ်”

“တိုက်ရဲလားဟေ့”

“တိုက်ရဲတယ်”

“အေး ... မှတ်ထား၊ ဗမာပြည် ကွန်မြူနစ်ပါတီက ပစ္စည်းမဲ့ တော်လှန်ရေးသမားကောင်းဆိုတာ သတ်ရဲ၊ သေရဲ၊ တိုက်ရဲ စော်ရဲတဲ့ သူရဲကောင်းတွေပဲ။ တိုက်ပွဲမှာ ကျဆုံးသွားခဲ့ကြတဲ့ ငါတို့ရဲဘော်တွေရဲ့ သွေးချွေး အရိုးတွေအတွက် ငါတို့ အောင်ပွဲခံပြီးရင် ပစ္စည်းမဲ့တော်လှန်ရေးသမား သူရဲကောင်းတို့ရဲ့ သူရဲကောင်းဗိမာန်တွေကို မြန်မာပြည်အနှံ့ မြို့ကြီးတွေမှာ ထည့်ဝါခံ့ညားစွာ တည်ဆောက်ရမယ်။ ငါတို့ ကျဆုံးသွားပြီးရင် ငါတို့ရဲ့ သူရဲကောင်းဗိမာန်ကို ပစ္စည်းမဲ့ပြည်သူတွေ ဦးညွှတ်ပြီး တော်လှန်ရေးအရွေ့ ကောင်းတွေကို သားမြေးများတိုင်အောင် လက်ဆင့်ကမ်းကြလိမ့်မယ်။ နားလည်ကြလား ... ရဲဘော်တို့”





“ဟုတ်”

အဲဒီ ... သံမဏိစကားလုံးတွေနဲ့ ကျွန်တော်တို့ ဦးနှောက်တွေ ကျောက်ခဲလို မာလာကြတယ်။ ရင်ဘတ်တစ်ခုလုံးဟာ ခေါင်းဆောင်တွေရဲ့ သံမဏိစကားလုံးတွေနဲ့ ပြည့်သိပ်ပြီး တိုက်ရဲသေရဲ နေကြလေရဲ့။

နောက်ဆုံးတော့လည်း ...

တပ်မတော်စစ်ကြောင်းနဲ့ ရင်ဆိုင်လိုက်ရတိုင်း ...

ကျွန်တော်တို့ ပစ္စည်းမဲ့ တော်လှန်ရေးသမားတွေရဲ့ အသက်တွေ ပေးလှူခဲ့ရတယ်။

သက်တမ်းရလာတော့ အယူသီးလာကြပြီး ...

အချင်းချင်း ဖြုတ်ထုတ်သတ်ကြ။

တောခိုကျောင်းသားတွေရဲ့ သွေးတွေ မြေကျ။

သစ္စာဖောက်လို့ အမည်တပ်။

ပြန်လည်ပြင်ဆင်ရေးသမား တံဆိပ်ကပ်၊ စွဲချက်တင်။

ဒီလိုနဲ့ အဖေကိုသားကသတ်။

ဆရာကို တပည့်က ရက်ရက်စက်စက်သတ်။

သူငယ်ချင်းရဲဘော်ကို ကျန်သူငယ်ချင်းရဲဘော်ကသတ်။ အမျိုးသားရဲဘော်ကို အမျိုးသမီးရဲဘော်များက တုတ်နဲ့ရိုက်သတ်၊ တံတွေးနဲ့ထွေး၊ သွေးကိုလျှာနှင့်လျက်၊ အသဲနှလုံးကို မရွံ့မရှာ ကိုက်စားပြ။

ပေါ်ရိုသာရဇာတ်တော်ကြီး။

ဟာသ်ဘကိုးသောင်းဇာတ်တော်ကြီးကို ပဲခူးရိုးမမြေပြင်မှာ ရက်စက်ကြမ်းကြုတ်စွာ ကပြအသုံးတော်ခံလိုက်ကြတာ။

နောက်ဆုံးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဓာတ်တူသားချင်း ပြန်စားတဲ့ ဟသာကိုးသောင်းစာတ်သမ်းကို ရေးကစီစဉ်တင်ဆက်ခဲ့တဲ့ ...

မြန်မာပြည် ကွန်မြူနစ်ပါတီခေါင်းဆောင်ကြီး၊ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး သခင်သန်းထွန်းကို လက်အောက်ငယ်သားဖြစ်တဲ့ ရဲဘော်မောင်မြ က မြို့ယာပင်ကြောမှာ ရိုင်ဖယ်နဲ့ အသေလုပ်ကြံသတ်ဖြတ်လိုက်တယ်။

ရဲဘော်မောင်မြလည်း လုပ်ကြံပြီးတာနဲ့ လစ်သွားလိုက်တာ နောက်ဆုံး အစိုးရတပ်မှာ လက်နက်ချ အလင်းဝင်လိုက်တယ်လို့ သိရတယ်။

ခေါင်းဆောင်ကြီးကိုလည်း ဒုတ်ဂူသွင်းပြီး မသင်္ဂြိုဟ်နိုင်ရှာဘူးဗျာ။ ပလပ်စတစ်ပတ်ပြီး ချေးသောကောင်မြှုပ်သလို တူးတူး မြေမြှုပ် အလေးပြု သင်္ဂြိုဟ်ခဲ့ရတယ်။

ဒီအချိန်မှာ ကျွန်တော်တို့ ရဲဘော်အချို့ စိတ်ဓာတ်ကျသူကျ ဖြစ်ကုန်ကြပြီ။ ကျွန်တော်တို့ ရသမျှပစ္စည်းယူပြီး ခေါင်းဆောင်သစ်ရဲ့ အစီအစဉ်နှင့် အရေးပေါ် နေရာပြောင်းရတော့တယ်ဗျ။

ကျွန်တော်တို့ ရိုင်ဖယ်ကိုလွယ်၊ လွယ်အိတ်ထဲကို အဝတ်အစားနဲ့ မှတ်စုစာအုပ်စာရွက်တွေ ထည့်ပြီး နေရာသစ်ရှိရာကို ခရီးပြင်းနှင်ခဲ့ကြတယ်။

ကျွန်တော့်အနီးမှာတော့ ချစ်သူ မိစေတနာက ရိုင်ဖယ်သေနတ်ကိုလွယ်ပြီး ကပ်လိုက်လာတယ်။ ထပ်ချပ်မကွာ။

မရှောင်လို့ မရတော့ဘူးလေ။

အစိုးရစစ်တပ်က ဖြတ်လေးဖြတ်နဲ့ ရိုးမနဲ့ မြစ်ဝကျွန်းပေါ်ကို ပိုင်းထားတာ။ ခြေမြန်တပ်မ (၇၇) တဲ့။

နောက်တစ်နေ့မှာ ကျွန်တော်တို့ ရှေ့ရကွဲသွားကြတယ်။ လိုက်ချောင်းတိုရောက်တော့ သတင်းရလိုက်ပါပြီဗျာ။

ခေါင်းဆောင်အသစ် သခင်ဇင်တို့ တပ်မတော်စစ်ကြောင်းနဲ့တိုးပြီး ပစ်ခတ်ကြရာက တိုက်ပွဲမှာ ကျဆုံးသွားပြီတဲ့။

"ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"





"စဉ်းစားကြပါ။ အချိန်ရှိသေးတယ်"

အားလုံးနီးပါး စိုးရွံ့နေကြပေါ့ဗျာ။

"ရဲဘော်တို့ထဲမှာ လက်နက်ချ အလင်းဝင်ချင်တဲ့လူ ရှိလား"

ဘယ်သူမှ ရှိတယ်လို့ မပြောကြဘူး။

မပြောရဲတာလည်း ပါချင်ပါမှာပေါ့။

ကျွန်တော်တို့ရှေ့မှာ ကျွန်တော်တို့ခေါင်းဆောင်တွေ ရဲရင့်စွာ အသေခံသွားကြပြီလေ။

"လက်နက်ချ အလင်းဝင်ချင်တဲ့လူ ရှိလား"

ရဲဘော်ကံကြီးက အသံခပ်အုပ်အုပ်နဲ့ မေးရင်း သူ့ရိုင်ဖယ်ကို ပခုံးတနေမြှုတ်လို့ ညာလက်နဲ့ တင်းတင်းဆုပ်ထားလိုက်တယ်။

"မရှိဘူး"

"ရဲဘော်စိုးမောင်"

"မရှိ"

"ရဲဘော် ဖိုးတုတ်"

"မရှိ"

"ရဲဘော် မောင်ထိန်"

"မရှိ"

"ရဲဘော် ရွှေဝါ"

"မရှိ"

"ရဲဘော် မိစေတနာ"

"မရှိ"

"ရဲဘော် မသန်းဆောင်"

"မရှိ"

"ကောင်းတယ် ဒါ ကွန်မြူနစ်ကောင်းရဲ့ သူရဲကောင်းစိတ်ဓာတ်၊ ဇွဲသည်းမဲ့ တော်လှန်ရေးရဲဘော်များရဲ့ သံမဏိစိတ်ဓာတ်၊ ဒါတို့ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ရဲဘော်တွေ၊ ငါတို့လမ်းစဉ်နဲ့ ငါတို့ယုံကြည်ချက်အတွက် အသက်စွန့်သွားကြပြီ။ ငါတို့ ရှေ့ခရီးမှာ ရှင်လမ်းနည်းတယ်။ သေလမ်းများတယ်။ သေရဲတိုက်ရဲတာ ဗကပ်ဆိုတဲ့ခံယူချက်နဲ့ ငါတို့ တိုက်ပွဲဝင်သွားမယ် သွားစို့"

ကျွန်တော် ရဲဘော်တွေရဲ့ ဘောင်းဘီအင်္ကျီတွေဟာ ဆွေးတွေငြိပြီး စုတ်ပြဲနေကြသလို မျက်နှာ၊ လက်မောင်းနဲ့ ခြေထောက်တွေမှာလည်း ခြစ်ရာရှရာ ရှုးရာတွေဟာ ချွေးစသွေးစနဲ့ ဗေးကပ်ယိုစီးကြလို့။

လက်ကျန်ရေဗူးထဲက ရေကို နည်းနည်းစီချွေတာသောက်ပြီး ခင်တိုးလမ်းအတိုင်း တရွေ့ရွေ့ လာနေတုန်းမှာပဲ …

"ရယ် …"

"ချောက်ဗ …"

"ချောက် …"

ဟိန်းထွက်လာတဲ့ အမိန့်ပေးသံတစ်သံကိုကြားလိုက်ရလို့ ကျွန်တော်တို့ လူစုခွဲပြီး သေနတ်မောင်းတင် ချက်ချင်း အကာအကွယ် ယူလိုက်ကြတယ်။

"ရဲဘော်တို့ လက်နက်ချပြီး အသာတကြည် အဖမ်းခံကြပါ။ တပ်မတော်စစ်ကြောင်းက ရဲဘော်တို့ကို ဝိုင်းပတ်ထားပြီးပါပြီ။ လက်နက်တွေ မြေပြင်မှာချပြီး လူချည်းပဲ ထွက်ခဲ့လိုက်ပါ"

"ရဲဘော်ဂျီကြီး … ကျုပ်တို့ အဝိုင်းခံလိုက်ရပြီဗျ"

"ဘယ်လိုလုပ်မှာတုံး"

"ငါတို့ လက်နက်မချအူးလို့ အဓိဋ္ဌာန်ထားတယ်လေ ရဲဘော်"

"ပြန်တိုက်မယ်ဟေ့"

"ငါတို့ အသေခံတိုက်ရင်း အောင်ပွဲခံရမှာပေါ့"

နှုးလိုပြောရရင် အောင်မြင်စွာဆုတ်ခွာတယ်။ တိုက်ပွဲမှာ ကျဆုံးခဲ့ရင် သူ့ရဲကောင်းပီသစွာ ပါတီကို အလုပ်အကျွေးပြုတာ။

တစ်နည်း …

ရဲရင့်စွာ အသေခံလိုက်ကြတာ။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီမှာ မှုသေတစ်ခုရှိတယ်။ ရန်သူ့ထံမှာ လုံးဝ လက်နက်မချတစ်ဆိုတဲ့ တရားသေမှုပဲ။

ရန်သူ (တပ်မတော်အစိုးရ)ထံမှာ လက်နက်ချ အလင်းဝင်သွားတဲ့ သူကို ရန်သူအစိုးရက အမြင်ရှိရှုရသူ၊ တိုင်းပြည်ရဲ့ စေတနာ၊ မေတ္တာ၊ မှုဝါဒကို နားလည်လက်ခံသူဆိုတဲ့ စကားလုံးနဲ့ ဂုဏ်ပြုလေ့ရှိတယ်။

ကျွန်တော်တို့မှုက အဲဒါ သစ္စာဖောက်တာ။

ပါတီကို ကျေးဇူးကန်းတာ။

ပါတီကို သစ္စာဖောက်တာ။

ကွန်မြူနစ်ပါတီက လက်နက်ချ သစ္စာဖောက်တွေကို ခွေးသေ၊ ကြက်သေလို ရှုံ့မှန်း အောနလုံးနာလေ့ရှိတယ်။

အကြောင်းကြောင်းကြောင့် ကွန်မြူနစ်ပါတီဝင် မြေပေါ်မြေအောက် ရဲဘော်တစ်ယောက် အစိုးရရဲ့ ဖမ်းဆီးထောင်ကျခြင်း ခံခဲ့ရရင် …

ပြီး … ရန်သူရဲ့ စစ်ကြောရေးစခန်းမှာ ပါတီရဲ့ လျှို့ဝှက်ချက်မှန် သမျှကို လုံးဝဖွင့်မပြောလို့ ညှင်းပန်းနှိပ်စက်ခံရရင်း သေဆုံးသွားခဲ့ရင် …

အဲဒီလိုရဲဘော်မျိုးကို ပါတီက အစဉ်အမြဲ ဂုဏ်ယူတန်ဖိုးထားလေ့ရှိတယ်။

ထောင်ကျသွားခဲ့ရင်လည်း ကွန်မြူနစ်ရဲဘော်ကောင်းတစ်ယောက် ပါတီနဲ့ ပစ္စည်းမဲ့တော်လှန်ရေးအပေါ် သစ္စာရှိသူအဖြစ် နားလည်ပေးခဲ့ကြတယ်။

ဒီလိုမှမဟုတ်ပါပဲ …

ရန်သူအစိုးရထံမှာ လက်နက်ချ အလင်းဝင် …

ပါတီရဲ့အတွင်းရေး စသည့် လျှို့ဝှက်ရမည့်အချက်တွေ ဖွင့်ဟဝန်ခံပြီး ကိုယ့်ဘဝ သက်သာရေးအတွက် ပါတီကို အပြစ်ပြော အပုပ်ချ …

အစိုးရပေးတဲ့ အခွင့်အရေးအမျိုးမျိုး ယူသွားတဲ့ …

လက်နက်ချ အလင်းဝင်တွေကိုတော့ ပါတီရဲ့သမိုင်းမှာ …

သူ့ရဲဘောကြောင်သူ …

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက် ...

အမျိုးညှဲ့ ဂုဏ်သိက္ခာ ညှိုးမှိန်းသူအဖြစ် ရှုချလေ့ရှိတယ်။ အဲဒီလို အလင်းဝင်လက်နက်ချတွေနဲ့လည်း ဘယ်သောအခါမှ ထမင်းတစ်ဝိုင်းတည်း အတူစားလေ့မရှိသလို ...

လမ်းတွေ့ရင်လည်း လုံးဝ မေးထူးခေါ်ပြော နှုတ်ဆက်လေ့မရှိဘူး။ ဒါ ကွန်မြူနစ်ဝါဒနှင့် ဝါဒအပေါ် အကြွင်းမဲ့ယုံကြည်သစ္စာရှိသူတို့ရဲ့ သဘောထား ခံယူချက်ပဲ။ သေရင်တောင် အသုဘလိုက်မပို့ဘူးဗျာ။

တပ်မတော်စစ်ကြောင်းက သုံးကြိမ်သုံးခါ အသံမြှင့်ပြီး လက်နက်ချဖို့ တောင်းဆိုနေတယ်။

"ရဲဘော်ရွှေဝါ ..."

"ပြောပါ ... ရဲဘော်ကံကြီး။ ကျုပ်တို့ ဘယ်လိုဖောက်ထွက်ကြမလဲ"

"ရန်သူရဲ့စကားကို မယုံနဲ့။ နှစ်သုတ်ခွဲပြီး ဖောက်ထွက်မယ်။ မလွှဲသာမရှောင်သာမှပစ်။ ကျုပ်တို့မှာ ကျည်ဆန်ရော၊ ရိက္ခာရော နည်းတယ်။ ဖောက်ထွက်ကြတော့"

ကျွန်တော် ချစ်သူရဲဘော် မိစေတနာရဲ့လက်ကိုဆွဲပြီး ရဲဘော်မိုးတုတ်၊ ရဲဘော် မသန်းခေါင်တို့နဲ့ လျှိုအောက်ကို ဆင်းလိုက်တယ်။

"ပစ် ..."

"ဒိုင်း"

"ဖောင်း"

"ဒိုင်း"

"ဖန်း ... ဖန်း ... ဖန်း ..."

"ပစ်ကုန်ပြီ။ သူတို့တိုက်နေတုန်း ဖောက်ထွက်"

"သူတို့ကို ချန်ထားခဲ့လို့ မဖြစ်ဘူး ... ကိုမိုးတုတ်"

"ဒါဆို ငါတို့ မရှောင်တော့ဘူးလား ... ရဲဘော်ရွှေဝါ"

"ကျုပ်တို့ ရဲဘော်ကံကြီးတို့ကို ကူညီတိုက်ပေးရမယ်လေဗျာ"





"ရဲဘော်ရွှေဝါ ... ရန်သူက လက်နက်ရော အင်အားရော ငါတို့ထက် အများကြီးသာနေတယ်။ ရဲဘော်ကံကြီးတို့လည်း အသေမခံဘူး ဖြစ်ဆုတ်လာလိမ့်မယ် ... လာပါ"

"ဒိုင်း ... ဒိုင်း ..."

"ဖောက်"

"ဝုန်း ..."

"ဝေါ"

"အား .."

"ပစ်"

"ဖန်း ... ဖန်း ... ဖန်း ..."

"အား ... အား ... ငါ့ကိုထိသွားပြီ ... ကံကြီး ... မင်းတို့ပြေး"

"ဖောက် ... ဖောက် ... ဖောက် ..."

လက်ပစ်ဗုံးပစ်သံ၊ ကာဘိုင်ပစ်သံ၊ ရိုင်ဖယ်ပစ်သံ၊ ဂျီဖိုးပစ်သံတွေဟာ လေိုက်ချောင်းရိုးမတောထဲမှာ ဆူညံနေတယ်။

"ကျုပ် မလိုက်ဘူး၊ သူတို့ကို သွားကူမယ်"

ကျွန်တော် ရိုင်ဖယ်ကို မောင်းတင်ပြီး ကျည်ဆန်အိတ်ကို လက်နဲ့စမ်းလို့ အလုည့် ...

"မောင် ..."

"မိစေတနာ ... မင်း မောင်နဲ့ လိုက်မှာလား"

"မောင် ... တိုက်ပွဲက သိပ်ပြင်းထန်နေတယ်"

"မင်း လိုက်မယ်၊ မလိုက်ဘူးဆဲပြော။ မောင့်ကို သွေးကြောင်တဲ့စကား မပြောနဲ့ ... ဖယ်"

မိစေတနာက ကျွန်တော့်ရဲ့လက်မောင်းကို ဆွဲထားပြီး စိုးရိမ်သံနဲ့ ပြောနေတာ။ သူမရဲ့ဆံပင် နီကြန်ကြန်တွေပေါ်မှာ ဝါးရွက်နဲ့ဖုန်တွေ ဖင်နေသလို၊ ထဘီအောက်နားကလည်း စုတ်ပြဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ကျွန်မစကားကို နားမထောင်တော့ဘူးလား ဟင်"

"ဖယ်ကွာ ... ငါ တိုက်ရင်း သေမယ်ဟေ့"

ကျွန်တော် ချစ်သူ မိစေတနာရဲ့လက်ကို ပုတ်ချပြီး မိုင်ဖယ်ကို ဆွဲလို့ လှိုဏ်ထဲကနေ ကုန်းပေါ် ပြေးတက်လိုက်တယ်။

"မောင် ... မောင် ... နေဦး"

"မောင်ရေ ... မောင် ... နေပါဦး ... မောင်ရဲ့ ... ကျွန်မကို စောင့်ပါဦး ... မောင်ရဲ့"

လှည့်ကြည့်လိုက်တော့ ချစ်သူ မိစေတနာရယ် ရိုင်ဖယ်သေနတ်ကို ကိုင်ပြီး နောက်ကနေ ပြေးလိုက်လာတယ်။

ရဲဘော်ဖိုးတုတ်နဲ့ ရဲဘော်သန်းဆောင်တို့ကတော့ လွတ်ရာကို ရှောင်ပြေးကြပြီ။

"မိစေတနာ ... ကာဘာယူထား"

"မောင် ... လောမကြီးနဲ့နော် ... စောင့် ... စောင့် ..."

"ဒိုင်း ... ဒိုင်း ..."

"အား ..."

"ဖောင်း ... ဖောင်း ..."

"ဖောက် ... ဖောက် ..."

"အုန်း ..."

ဒီအချိန်မှာ သွေးသံရဲရဲနဲ့ လူတစ်ယောက် ပစ်ရင်း နောက်ဆုတ်လာနေတယ်။ ပြီး သူလဲကျသွားရာက အားယူပြန်ထပြီး ရိုင်ဖယ်နဲ့ ပြန်ပစ်လိုက်တယ်။

"ဒိုင်း ..."

ကြည့်လိုက်တော့ ကျွန်တော်တို့ခေါင်းဆောင် ရဲဘော်ကံကြီး။

"ရဲဘော်ကံကြီး ... ဝပ်နေ ... ဝပ်နေ"

"ဒိုင်း ..."

စိတ်ကူးသစ်စာပေ



"ဒိုင်း ... ဒိုင်း ..."

ကျွန်တော့်အသံကြောင့် ရဲဘော်ကံကြီးက မြေပြင်မှာ မှောက်နေတုန်း ကျွန်တော်တို့နှစ်ဦးက ရန်သူရှိရာကို သေနတ်နဲ့ ထိုးပစ်လိုက်တယ်။

ရဲဘော်ကံကြီးဟာ သွေးအလူးလူးနဲ့ မိကျောင်းတွားသွားပြီး ကျွန်တော်တို့ရှိရာကို ရွှေ့လာနေရှာတယ်။

သူ့ပါးစပ်ထဲမှာ သွေးခဲတွေ။

သူ့ကျောဟာ ကျည်ဒဏ်ရာနဲ့ စုတ်ပြတ်လို့။

"ရဲဘော် ... ရွှေ ... ဝါ ..."

"ကို ... ကံ ... ကြီး ..."

"ရှောင်ကြ ... အသေ ... မခံနဲ့ ... မြန် မြန် ရှောင်ကြ ... အား"

"ကျုပ် လုံးဝ မရှောင်ဘူး၊ မပြေးဘူး။ ပြန်တိုက်မယ်"

"ရွှေ ... ဝါ ... မိ ... စေ ... တ ... နာ ..."

"ရှင် ... ရှင် ..."

"ရွှေ ... ဝါ ... ကို ... ခေါ် ... သွား ... တော့ ..."

"ဦးကံကြီးကို ကျွန်မတို့ တွဲခေါ်သွားမယ်။ အားယူပြီး ထပါနော် ဦးကံကြီး"

"ငါ ... ကို ... ထားခဲ့ ... ရဲဘော် ... ရွှေ ... ဝါ ... ကို .. ခေါ် ... သွား"

"ဗွက် ... အင့် ..."

"အိုး ... သွေးတွေ ... သွေးတွေ ... ဦးကံကြီး .. ဦးကံကြီး"

"ဝေါ့ ..."

"ဗွက် ... အော့ ... ဝေါ့ ... အား ... အ ... အ ..."

"ဦး ... ကံ ..."

"ရဲဘော်ကံကြီး ... ရဲဘော်ကံကြီး ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရုံဘော်ကံကြီးရှေ့ယ်မှာ … ကျွန်တော်တို့ကို အသေအခံဖို့ ရှေ့ကို တဖွဖွပြောရင်း၊ သွေးခဲသွေးပွက်တွေ ပါးစပ်ထဲက ထိုးအန် စက်ကျိုးကျသို့ အသက်ပျောက်သွားခဲ့ရှာတယ်။

"မင်း … တို့ … ငါ … တို့ … ကို … သတ် … တယ် … မင်းတို့ကို … ငါ … ပြန်သတ်မယ် … တိုက်မယ် … ကဲကွာ … ကိုင်းကွာ …"

"ဒိုင်း … ဒိုင်း …"

"ဖောင်း … ဖောင်း …"

"ဒိုင်း … ဒ်သေရိုတာ ဗကာပ … ကွ"

ကျွန်တော်တို့နှစ်ဦး အသံကြားရာ၊ ကျည်ဆန်လာရာကို မှန်းဆပြီး ရင်နာကြေကွဲစိတ်နှင့် တစ်ချက်ပြီးတစ်ချက် ပစ်လိုက်ကြတယ်။ တစ်တောလုံး ယမ်းနံ့နဲ့ ပေါက်ကွဲသံတွေ ညံနေတယ်။

"ဒိုင်း …"

"ဖောင်း …"

"ဖောက် …"

"အား … အ … အ … မောင် … မောင် … ကျွန်မ … ထိ …"

"မိ … စေ … တနာ …"

ရန်သူရဲ့ ကျည်ဆန်တစ်တောင့် ချစ်သူမိစေတနာရဲ့ ရင်ဝကို ထိမှန်ပြီး သေနတ်ပါလွှင့်စင်လို့ လဲကျသွားတယ်။ ကျွန်တော် အပစ်ရပ်လိုက်ပြီး သူမရှိရာကို ပြေးသွားလို့ ချစ်သူမိစေတနာကို စိုးရိမ်ကြီးစွာ ထိုးပွေ့လိုက်တယ်ဗျာ။

မိစေတနာရဲ့ရင်ဝက သွေးနီရဲရဲတွေ တဖွက်ဖွက်ထွက်ပြီး ကျွန်တော့်လက်ပေါ်ကို စီးကျလာတယ်။

ကျည်ဆန်က ရင်ဝကဝင်ပြီး နောက်ကျောက ထွက်သွားတော့ သူ့ရဲ့နောက်ကျောဟာ လက်သီးဆုပ်မက ပွင့်ပြီး တစ်ကိုယ်လုံး သွေးတွေ





ပေကျံ လူးညစ်နေရဲ့ဗျာ။ သူမ အံကို ကြိတ်တင်းခံနေပေမင့် မျက်လုံးတွေက လေးနေပြီ။

မိစေတနာက ကျွန်တော့်ရဲ့လက်ကို သူမရဲ့ သွေးလူးလူး ညာလက်နဲ့ ဆုပ်ကိုင်ပြီး မျက်စိကို အားယူဖွင့်ကြည့်နေရင်းက …

"မောင် …"

"မိစေတနာ …. မိစေတနာ …"

"ကျွန်မ မောင့်ကို စိတ်မချဘူး"

"အားတင်းထား … မောင် ပွေ့ခေါ်သွားမယ်"

"မ … ခေါ် … ပါ … နဲ့ … ကျွန် … မ … လေ … မောင့်ကို … ချစ် … ချစ် … ကျွန် … မ … မောင့် … ထံ … ကို ပြန် … လာ … ခဲ့ … မယ် … မောင် …"

"မိစေတနာ …"

"မိစေတနာ …"

ခေါ်လို့မရတော့ဘူး။ ကျွန်တော့်ခေါ်သံကို ချစ်သူ မကြားနိုင်တော့ဘူး။ သူ … သူ … ကျွန်တော့်ရင်ခွင်ထဲမှာ ခေါင်းဝင်ဝှက်ပြီး အသက်ပျောက်သွားခဲ့ပြီဗျာ။

ကျွန်တော် သူမရဲ့ သွေးလူးကိုယ်လုံးကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ပြီး ရှိုက်ကြီးတငင် ငိုလိုက်တယ်။ ကျွန်တော့်ပါးပြင်ပေါ်က မျက်ရည်တွေဟာ သူမပါးပြင်မှာ ပေကျံနေတဲ့ သွေးစတွေနဲ့ ရောစွန်းသွားခဲ့တယ်။

ဘယ်လိုပဲ လှုပ်နှိုးနှိုး၊ တဖွဖွခေါ်ခေါ် မိစေတနာ ကျွန်တော့်ကို မောင်လို့ မခေါ်နိုင်တော့ဘူး။

ရှင်လို့ မထူးနိုင်တော့ဘူး။

ကျွန်တော် သူမရဲ့ အသက်မဲ့ခန္ဓာကိုယ်ကို မြေပြင်မှာ အသာချလိုက်ပြီး ရိုင်ဖယ်ကို ကျည်အသစ်ထိုးလိုက်လို့ တိုက်ပွဲဖြစ်နေတဲ့ နေရာကို တရွေ့ရွေ့ ချဉ်းကပ်လာလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံတွေ၊ ပေါက်ကွဲသံတွေ နီးနီးကပ်ကပ် ကြားနေရတုန်းပဲ။ ကျွန်တော်တို့ တိမ်းရှောင်ရဲဘော်တွေနဲ့ ပက်ပင်းတိုးပြီး တိုက်နေကြတာ။

ကျွန်တော် ရန်သူတစ်ယောက်ကို ရိုင်ဖယ်တစ်လက်နဲ့ ထိုးချိန်ပစ်ချလိုက်တယ်။

"ဒိုင်း ..."

ရန်သူက ကျွန်းပင်ကြီး ကွယ်လိုက်တော့ ကျည်ဆန်က ကျွန်းဖတ်ကို ထိမှန်ပြီး အခေါက်တွေ ပွင့်လန်သွားတာ မြင်ရတယ်။

"ဖောင်း ..."

ရန်သူကလည်း ကျွန်တော့်ကို ပြန်ပစ်နေတယ်။

အလို ... ရန်သူစစ်သားတွေက ဟိုအပင်၊ ဒီအပင် ကွယ်ပြီး နေရာယူ ပစ်နေကြတာပါကလား။

"ဒိုင်း ..."

"ဖောင်း ..."

"ဒိုင်း ..."

"ဖောက် ..."

"အား ..."

သူ့ပစ်ကိုယ်ပစ် ပစ်နေကြတာ ကျွန်တော့်ရင်ထဲမှာ ကျဆုံးရဲဘော်တွေအတွက်၊ ချစ်သူ မိစေတနာအတွက် တစစ်စစ် တစူးစူး နာကျင်လေတယ်။

နာကျင်နေတာနဲ့အမျှ သေသေကျေကျေ ဒေါသစိတ်ကလည်း လူကို လွှမ်းမိုးနေတော့ အင်အားအနည်းအများကို အမှုမထားတော့ဘူး။

ရန်သူတစ်ယောက်ကို ပစ်သတ်ခွင့်ရရင်လည်း သေပျော်ပြီလို့ ယူဆပြီး ပစ်လိုက်၊ ဆုတ်လိုက်၊ ကွယ်လိုက်၊ ပစ်လိုက်၊ ရှေ့တိုးတိုက်။

ဒီမှာပဲ ကျွန်တော့်ညာလက်ပြင်နံဘေးကို ရန်သူ့ကျည်ဆန်ဖောက်ဝင်ထွက်သွားပြီး ကျွန်တော့်လက်က ရိုင်ဖယ်လည်း လက်ကနေ လွတ်ကျသွားတော့တယ်။

စိတ်ကူးသစ်စာပေ



ကျည်ထိအဏ်ရာနေရာက ပူခနဲ သွေးတွေစီးကျလာတာကို သိလိုက်ပေမင့် ဒါကို ဂရုမထားတော့ဘဲ ...

ကျသွားတဲ့ရိုင်ဖယ်ကို ဘယ်လက်နှင့် လှမ်းကောက်ယူလိုက်ချိန်မှာပဲ ကျွန်တော့်သေနတ်ကို တစ်စုံတစ်ဦးက ခြေနဲ့ကန်လိုက်တာ။ သေနတ်က ရှေ့ကို လွင့်ထွက်သွားပါရောဗျာ။

သေနတ်က အရေးကြီးတယ်လေ။ သေနတ်မရှိရင်၊ ကျည်ဆန်မရှိရင် ကျွန်တော်တို့ဘဝက အချွန်း။ ဒါမှမဟုတ် လူ အသေ။

ဒါကြောင့် လွင့်သွားတဲ့ ရိုင်ဖယ်ရှိရာကို ပြေးကောက်မလို့ ပြင်လိုက်ချိန်မှာပဲ ...

"ဖောင်း ..."

"ခွပ် ..."

"အား ..."

ကျွန်တော့်ဦးခေါင်းပေါ်ကို ပြင်းထန်တဲ့ ရိုက်ချက်တစ်ချက် ကျရောက်လာပြီး မူးမိုက်လဲကျသွားတာကို ကျွန်တော် နောက်ဆုံး သိလိုက်ရပြီး လုံးဝ သတိလစ်သွားခဲ့တယ်။

ရန်ကုန်ဆေးရုံ၊ ပြီးတော့ ဦးနှောက်နှင့် အာရုံကြောဆေးရုံမှာ အတန်ကြာ လက်ထိတ်တန်းလန်းနဲ့ ဆေးရုံ တက်ခဲ့ရတယ်။

သည့်နောက်ပိုင်း သတိကောင်းစွာ ရလာတော့ ...

ကျွန်တော် ထောက်လှမ်းရေး၊ စစ်ကြောရေးစခန်းမှာ ရက်အတန်ကြာ နေရောညပါ ဒုက္ခဆင်းရဲကြီးစွာ စစ်ဆေးမေးမြန်းခံရပြီး ...

နောက်ဆုံး ထောင် (၅)နှစ် ကျခဲ့ရတယ်။

ထောင်ကထွက်လာတော့ ခေါင်းကိုက်အာရုံကြောဝေဒနာကို ခံစားလို့ တစ်နှစ်တစ်ကြိမ် ပြန်ပြီး ဦးခေါင်းစစ်ဆေးရတယ်။ အခု ကျွန်တော့်ချစ်သူ မိစေတနာကို ကျွန်တော် သတိရနေတယ်။ ချစ်သူကို ကောင်းမွန်စွာ သင်္ဂြိုဟ်မပေးခဲ့ရဘူး။

ကျွန်တော်တို့ကို သောင်းကျန်းသူတဲ့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်ကို လက်နက်ကိုင် ဆန့်ကျင်သူတဲ့။

နိုင်ငံရေးသမားလို့ အသိအမှတ် မပြုခဲ့ဘူး။

ကျွန်တော်တို့ တော်လှန်ရေး လုပ်နည်းလုပ်ဟန်တွေ မှားခဲ့မှန်းကို နောင် ကျွန်တော် ဖြည်းဖြည်း သိခဲ့ရတယ်။

ကွန်မြူနစ်လမ်းစဉ်ရဲ့ မူလရည်ရွယ်ချက်က ဘုံဝါဒပါ။

အရင်းရှင် မရှိရဘူး။

သူဌေး မရှိရဘူး။

လယ်ပိုင်ရှင်၊ မြေပိုင်ရှင် မရှိရဘူး။

အလုပ်သမားနဲ့ လယ်သမား အဓိကပဲ။

ပစ္စည်းမဲ့လူတန်းစားက အာဏာကို ရယူပြီး ဖိနှိပ်ချုပ်ချယ်မှုနှင့် အာဏာရှင်စနစ်၊ နယ်ချဲ့စနစ်၊ ဓနရှင်စနစ်ကို အပြီးတိုင် တူညီသော ကမ္ဘာ့ ပစ္စည်းမဲ့ လူတန်းစားတွေနဲ့ ပူးပေါင်းတိုက်ဖျက် အမြစ်ပြတ်ချေမှုန်းရေး ရည်မှန်းချက်ပါ။

နောက်ဆုံးတော့လည်း ...

အာဏာရှင်စနစ်ဆိုတာ တောထဲမှာလည်း ရှိနေတာပဲ။

ခေါင်းဆောင်တွေရဲ့ ပါးစပ်ဖျားမှာ အာဏာရှိတယ်။

သေနတ်ပြောင်းဝမှာ အာဏာရှိတယ်။

တစ်သွေးတစ်သံ တစ်မိန့်ကို နာခံရတယ်။

ဝေဖန်ရင် သေဒဏ်။

ဒီလိုနဲ့ ခေါင်းဆောင်တွေကလည်း အာဏာမှာ ယစ်မူးကြပြီး အမြော်အမြင်နဲ့ လက်တွေ့ ကွာဟလာကြတယ်။ စည်းရုံးရေး ကျဆင်းလာရာကနေ အချင်းချင်း ဖြုတ်ထုတ်သတ်လမ်းစဉ်ကို အကောင်အထည်ဖော်ကြ။

တစ်ဖက်နိုင်ငံရောက် ပေါလစ်ဗျူရိုဆိုသူ ပြည်ပကွန်မြူနစ် [illegible] အဝေးရောက် ကွန်မြူနစ်ဆရာကြီးတို့ရဲ့ တိုက်တိုင်းအောင်လမ်းစဉ်လည်း ကိုယ့်မြေကိုယ့်ရေနဲ့ သဟဇာတ ဖြစ်မလာဘဲ ...

စိတ်ကူးသစ်စာပေ



ကြေကျမြေခ သွေးနဲ့ဇာတ်သိမ်း။ အကျဉ်းထောင်နဲ့ နိဂုံးချုပ် [illegible] နိဋ္ဌိတန်ခဲ့ရပြီပေါ့။

လမ်းစဉ်အမှား၊ လူအမှားနောက်မှာ ကျွန်တော်တို့ လူငယ်ရဲဘော်တွေကတော့ စစ်မှန်တဲ့ယုံကြည်ချက် ရင်ဝယ်ပိုက်ပြီး ဖွတ်လိုက်ခဲ့ကြတာ။

ဩော် ... ချစ်သူ မိစေတနာကို လွမ်းလိုက်ရတာ။ မိသားစုဘဝကိုပါ မေ့ထားတဲ့ ပြတ်သားတဲ့ ချစ်သူပါ။

နောင်ဘဝဆိုတာ တကယ်ရှိတယ်ဆိုရင် ...

မင်းရောက်နေတဲ့ ဘဝဝိညာဉ်သစ်ရှိရာကို ပြောပြပါ .. မိစေတနာ။ မင်းရှိရာ တမလွန်ဘဝကို မောင် အရောက်လာခဲ့ပါမယ်။ မင်းကို မောင် ရင်နှင့်အမျှ ချစ်ခဲ့ရပါတယ် ... အချစ်ရယ်။

ဒီအချစ်ကို သက်သေပြဖို့ မင်းရောက်နေတဲ့နေရာဘုံလေး မောင့်ကို အိပ်မက်ပေးပါ ... ချစ်ရယ် နော်။

မောင် မိစေတနာနဲ့ အတူနေချင်လို့ပါ။

လွမ်းရသမျှတွေကို ပြောပြချင်လို့ပါ။

မချွေ၊ မကြွေခဲ့ရတဲ့ မေတ္တာအနှမ်းပွင့်တွေကို မင်းရဲ့ပါးပြင်ပေါ်မှာ တစ်ပွင့်စီ တစ်ခိုင်စီ ချွေချ ကြွေကျပြီး အချစ်သီချင်းလင်္ကာတွေ မနားတမ်း ရွတ်ပြချင်လို့ပါ ... မိစေတနာရယ်။

www.burmeseclassic.com



[၅]

❑

မူလတုန်းကတော့ ကျွန်တော့်အနီး ပတ်ဝန်းကျင်ကို အညောင်းပြေလမ်းလျှောက်မလို့ပါ။ သို့သော် ချစ်သူမိစေတနာကိုသတိရပြီး ထနောင်းပင်အောက်မှာ ထိုင်စဉ်းစားလိုက်လို့ ...

ရင်ထဲမှာ အဟောင်းတွေ အသစ်ဖြစ်ပြီး ...

ရင်နင့်ကြေကွဲဖွယ်ရာတွေ ပြန်ပေါ်လာခဲ့ရတယ်။

လက်ကနာရီကို ကြည့်လိုက်တော့ ညနေ (၆)နာရီထိုးဖို့ (၁၀) မိနစ်ပဲ လိုတော့တယ်။ မကြာခင် မှောင်ရီသမ်းလာတော့မယ်။ ဒါကြောင့် ကျွန်တော် တိုက်အိမ်ကြီးရှိရာကို ပြန်လာခဲ့လိုက်တယ်။

ခြံထဲကိုဝင်လိုက်တော့ ...

ထမင်းချက်နေတဲ့ မောင်ပေပင် မရှိဘူးဗျ။

မီးဖိုမှာ မီးတွေလည်း ငြိမ်းလို့။

မီးခိုးငွေ့ငွေ့ကတော့ ဝေ့နေတာ မြင်ရတာ။

မောင်ပေပင် ဘယ်သွားနေပါလိမ့်။ ကြက်သွန်တွေလည်း အခွံသင်ရင်းတန်းလန်း။ ပဲတွေလည်း မနက်က ရေစိမ်ထားတဲ့အတိုင်းပဲ ရှိနေတယ်။





ရွှတ်ဆုံထဲမှာတော့ ထောင်းလက်စ ရွှတ်သီးတွေကို မြင်ရသေးမဲ့ ကြက်သွန်မြိတ်။ ကြက်သွန်နီ၊ ချင်း ထည့်မထောင်းရသေးဘူး။

ဒီကောင်လေး တိုးလိုးတန်းလန်းထားပြီး ဘယ်များ သွားနေပါလိမ့်ဗျာ။ အိမ်သာများ သွားနေရော့လား။

"မောင်ပေပင်ရေ ... ဟေ့ ... မောင်ပေပင် ..."

"မင်း အိမ်သာထဲမှာလားဟေ့ ... မောင်ပေပင်"

ပြန်ထူးသံ မကြားရဘူး။ အိမ်သာတံခါး ဆွဲကြည့်တော့လည်း အထဲမှာ မရှိဘူးဗျ။ ဒါနဲ့ အိမ်ထဲတွေရော၊ ခြံထဲတွေပါ အော်ခေါ်ရှာကြည့်လည်း မောင်ပေပင်ရဲ့ထူးသံကို လုံးဝ မကြားရ။

မီးဖိုပေါ်က တည်လက်စထမင်းအိုး ဖွင့်ကြည့်လိုက်ရော ...

"ဟင် ... ထမင်းကလည်း ဆန်နဲ့ရေပဲ ရှိသေးတယ်။ မချက်ဘဲနဲ့ ဘယ်များ သွားနေပါလိမ့်"

အချိန်အတန်ကြာသည့်တိုင် မောင်ပေပင်ရဲ့ အသံလည်းမကြားရ၊ လူလည်း လုံးဝ မမြင်ရတာနဲ့ ကိုယ့်ဘာသာပဲ မီးပြန်မွှေးလို့ ထမင်းအိုးကို ချက်ရတော့တယ်။ ချက်ရင်း ရွှတ်သီးကိုထောင်း၊ ထောင်းရင်းနဲ့ မောင်ပေပင် ပြန်လာနိုး စောင့်ပါသော်လည်း ...

ကျွန်တော် ဟင်းရော၊ ထမင်းရော ချက်ပြုတ်ပြီးသည့်တိုင် လုံးဝ ပြန်မလာတော့ဘူးဗျာ။

ဟုတ်ပလွဲရော ...

သူတို့နေတဲ့ ရွာကိုများ အကြောင်းကိစ္စတစ်ခုခုရှိလို့ အရေးပေါ် ပြန်သွားရော့လား။

ပြန်ရင်လည်း ကျွန်တော့်ကို လာရှာတွေ့ ပြောသွားသင့်တာကိုး။ အကြောင်းများ မတွေ့နိုင်အောင် အရေးကြီးနေလို့ပါလိမ့်။

မနက်ရောက်မှပဲ သူတို့ရွာ လိုက်သွားမေးရမှာပဲ။

ကိုယ်ကလည်း သူတို့ရွာ တစ်ခါမှ မရောက်ဖူး။



www.burmeseclassic.com

ဒီကိုလာပြီး ကျွန်တော့်ကို ကူညီချက်ပြုတ်ပေးတာဆို ဒီနေ့နဲ့မှ နှစ်ရက်မြောက်ပဲ ရှိသေးတယ်လေ။

သည့်နောက် . . .

ကိုယ့်ဘာသာကိုယ် ခါတိုင်းနေ့များလိုပဲ ချူးခပ်ပြီး စားသောက်လို့ ညဥ့်ရောက်တာနဲ့ မီးအိမ်ထွန်းပြီး စာဖတ်နေလိုက်တော့တယ်။

ဒီလိုနဲ့ . . . တစ်ယောက်တည်း ရှေးဟောင်းမြို့တော်ကြီးများ အကြောင်း အာရုံစိုက်ဖတ်နေတုန်း၊ ကျွန်တော် တစ်ခါမှ မမြင်ဖူးတဲ့ မိန်းမ ကြီးတစ်ယောက် ညဥ့် (၉) နာရီလောက်မှာ ကျွန်တော်နေတဲ့ အိမ်ကြီးရဲ့ တံခါးရွက်နှစ်ခုကို လာခေါက်ခဲ့တာပါပဲ။

ဒီတော့ . . .

ဒီဝတ္ထုရဲ့ အဦးအစမှာ ရေးခဲ့ပြီးသလို . . .

ထူးဆန်းတဲ့ အသက် (၇၀)ခန့် အမေအိုကြီးတစ်ဦး . . .

နာမည်က ဒေါ်ကြွယ်တိုင်းတဲ့။

ကျွန်တော် စားဖို့ဆိုပြီး ကြက်သားဟင်း ပူပူနွေးနွေးတစ်ပန်းကန် လာပေးခဲ့တယ်။

သမီးလုပ်သူက ပေးခိုင်းလို့တဲ့။

သူ့သမီးလည်း ကျွန်တော် မမြင်ဘူး။

အမေကြီးတို့အိမ်က ဘယ်နေရာပါလဲ မေးတော့ ကျွန်တော်တို့ အိမ်ကြီးရဲ့ တောင်ဘက်အရပ်က အိမ်မည်းကြီးဆိုတဲ့အိမ်မှာ နေတယ်။ နောင် လာလည်ပါဦးလို့ ပြောပြီး ပြန်သွားခဲ့တာပဲ။

အဲဒီညဥ့်တုန်းက အမေကြီးဒေါ်ကြွယ်တိုင်း . . .

သူငယ်ချင်း ကိုသိန်းဟန်၊

မားဆောင့်ကုန်းရွာသား လှည်းသမား မောင်ပေပင်၊

တောထဲမှာ ကျဆုံးခဲ့ရှာတဲ့ ချစ်သူ မိစေတနာတို့ကို ဒီအိမ်ကြီးနဲ့ ဒီအရပ်ရောက်ပြီးမှ ဆက်စပ်ဆက်စပ် တွေးတောသတိရဖြစ်ပြီး အတွေးတွေ ဖြန့်နေမိတာ။

စိတ်ကူးသစ်စာပေ



ညဥ့်နက်ပိုင်းရောက်တော့မှ မေ့ခနဲ အိပ်ပျော်သွားခဲ့တော့တယ်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

အလို . . . အိပ်ရှေ့က တံခါးခေါက်သံနှင့် တံခါးကို တဝုန်းဝုန်း ဆွဲရိုက်နေတဲ့အသံမျိုး ကြားနေရပါရောလား။

တံခါးခေါက်သံကတော့ အတော်ကို ပြင်းတာပဲ။

ဒေါ်ကြွယ်တိုင်းဆိုသူ မိန်းမကြီးများ နောက်တစ်ခေါက် ထပ်ရောက် လာပြန်လေရော့သလား။

ဘာတွေများ ထပ်ပေးဦးမလို့လဲ။

ဒီတိုက်ပွဲကုန်းဆိုတဲ့ အရပ်ဒေသက လူတွေက တစ်မျိုးပဲဗျာ။ အချိန်မတော် ညအိပ်ချိန်မျိုးမှ လာပြီး မိတ်ဆက်လိုမိတ်ဆက်၊ စားစရာ လာပေးလိုပေး။

အေးလေ . . . ကိုယ့်မှာလည်း ဟုတ်တိပတ်တိ အသိမိတ်ဆွေက မရှိ။ ရှိတဲ့တစ်ယောက်ကလည်း ထမင်းဟင်း ချက်ရင်းပြုတ်ရင်း တန်းလန်း ထားပြီး ရွာတရက်ပြန်သွား။

ဘယ်လိုအရပ်ဒေသမှန်းကို မသိပါဘူး။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

"ဒုန်း . . . ဒုန်း . . . ဒုန်း . . ."

"လာပြီဗျို့ . . . တံခါးကို တအားမထုပါနဲ့ဗျ။ တံခါးရွက်တွေ ပြုတ်ကျကုန်ပါဦးမယ်။ လာပြီ . . . လာပြီ . . ."

သို့ကလို အထဲကနေ အော်ပြောလိုက်ရင်း မီးအိမ်ကို မြှင့်လိုက် တယ်။ ထင်သာမြင်သာရှိတော့မှ ကျွန်းတံခါးရွက်တံခါးရဲ့ ချက်နှစ်ချက်ကို ဖြုတ်ချပြီး တံခါးရွက်ကို ဟပေးလိုက်ရော . . .

ဆံပင်ဖားလျားနဲ့ လူတစ်ယောက်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို နောက်ကျောပေးပြီး လမ်းမဘက်ကို မျက်နှာမူထား
လို့ ဆံပင်ရှည်တွေက တင်ပါးပေါ်ထိ ဖားလျားကျနေတယ်။ ခြေဖဝါး
ဖိနပ် မပါဘူး။

ဒီမှာ ကျွန်တော်က အာလာဒင်မီးအိမ်ကို ပင့်မြှောက်ပြီး ...

"အမကြီး ... ဒေါ်ကြုံတိုင်းလား"

"အမကြီး ... ဘာကိစ္စရှိလို့ နောက်တစ်ခေါက် ပြန်လာတာ
လဲခင်ဗျ"

ကျွန်တော်မေးနေတာကို ဆံပင်ဖားလျား နောက်ကျောခိုင်းကြ
က ပြန်မဖြေဘူး။

"ဒီမှာ အမကြီး ... ဒေါ်ကြုံတိုင်း ဘာကိစ္စရှိလို့လဲ"

ဒီမှာ ဆံပင်ဖားလျားနဲ့ မိန်းမက တရွေ့ရွေ့ တဖြည်းဖြည်း ကျွန်
တော့်ဘက်ကို လှည့်လိုက်ရော ...

"ဟင် ..."

"မောင် ..."

"ဟာ ..."

"မောင် ... ကျွန် ... မ ... လေ ... ကျွန်မ ပါ။ မောင်
မှတ်မိရဲ့လား ဟင်"

အိုး ... ဟုတ်မှဟုတ်ရဲ့လား ...

မောင် ... တဲ့။

ကျွန်တော့်ကို 'မောင်' လို့ တဖွဖွခေါ်နေတာ ...

သူမရဲ့ အသံမှာ လှိုက်မောနေသံ ပါတယ်။

ဆံပင်အချို့က သူမရဲ့ မျက်နှာပေါ်မှာ အုပ်နေလို့။

သူမ ဘယ်သူဆိုတာ သဲသဲကွဲကွဲ မသိရသေးဘူး။

"ခင် ... ခင်ဗျား ... ဘယ် ... ဘယ်သူလဲ။ ခင်ဗျား ဘယ်
လဲ"





ကျွန်တော့်မေးသံ အဆုံးမှာ သူမက မျက်နှာပေါ်အုပ်ကျနေတဲ့
ဆံပင်တွေကို လက်နှင့်ဖယ်လိုက်ရော ...

"ဟင် ... ခင် ... ခင်ဗျား ... မင်း ... မင်း ..."

"ကျွန်မ ... မိ စေတနာပါ မောင်"

"အို ... မိ စေ တ နာ ... မ ... မဟုတ်ဘူး၊ မဟုတ်ဘူး။ ငါ့ရဲ့
မိစေတနာက ပဲခူးရိုးမ တောထဲမှာ သေနတ်ကျည်ဆန်ထိပြီး ... သေ ..
သေသွားပြီ။ သေသွားခဲ့တာ ကြာပြီ။ မင်း ... မင်း ..."

အံ့ဩစရာတော့ ဖြစ်နေတယ်ဗျာ။

ကျွန်တော့်ရင်ဟာ တဒိတ်ဒိတ် စခုန်နေပြီ။

မီးအိမ်ကိုင်ထားတဲ့ လက်ကလည်း တုန်စပြုနေပြီ။

ကျွန်တော့်ရှေ့မှာ ရပ်နေတဲ့ မိန်းမရဲ့မျက်နှာက ကျွန်တော့်ချစ်သူ
မိစေတနာရဲ့ မျက်နှာနဲ့ တစ်ထေရာတည်းပဲ။

သို့သော် ...

ချစ်သူ မိစေတနာက တောထဲမှာ သေဆုံးခဲ့တာ (၃)နှစ်ကျော်
ရှိသွားပြီ။ ဘယ်လိုလုပ်ပြီး ညဥ့်သန်းခေါင် ကျွန်တော့်ရှေ့က အမျိုးသမီး
က ကျွန်တော့်ချစ်သူ မိစေတနာ ဖြစ်ရမှာလဲဗျာ။

ဒီမှာပဲ သူမက ရင်ဘတ်ပေါ် အုပ်တင်ထားတဲ့ သူမရဲ့ညာလက်
ကို ဖယ်ပြလိုက်ရော ...

"ဟယ် ..."

"သွေး ... သွေးတွေ ... သွေးတွေ ..."

သူမရဲ့ရင်ဝမှာ အပေါက်တစ်ခု။ အဲဒီအပေါက်ဝကနေ နီနီရဲရဲသွေး
တွေဟာ သူမရဲ့ဝမ်းဗိုက်ပေါ်၊ ဆီးခုံပေါ်၊ ထဘီပေါ်ကို စီးကျလာတာ မြင်
ပြီး ကျွန်တော် အံ့ဩသွားခဲ့ရပြီ။

"မောင် ..."

"မောင် ... ယုံပြီလား ဟင်။ ကျွန်မ ရင်ဝကို စူးဝင်သွားတဲ့
ကျည်ဆန်ကြောင့် ကျတဲ့ သွေးတွေပါ မောင် ... သွေးတွေပါ။ မောင်
ကျွန်မကို ယုံပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ... မိစေတနာ ... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ... မောင်ရယ်၊ မောင့်ရဲ့ချစ်သူ ရဲဘော် မိစေတနာပါ။ မောင့်ရဲဘော် မိစေတနာအစစ်ပါ ... မောင်ရယ်"

သူမရဲ့ အသံက နာနာကျင်ကျင် ခံစားနေရတဲ့အသံ။

မောဟိုက်ပန်းလျတဲ့ အသံနဲ့ ရှေ့ကို တစ်လှမ်းတိုးလိုက်တယ်။ ကျွန်တော် ယောင်ပြီး နောက်ကိုတစ်လှမ်း ဆုတ်မိလိုက်တယ်။

သူမရဲ့ ရင်ဝက သွေးနီနီရဲရဲတွေ တစ်စက်ချင်း အောက်ကို စီ ကျနေတယ်။

ကျွန်တော့်ရဲ့ရှေ့ သူမရဲ့ ခြေဖဝါးအောက်မှာ သွေးစက်တွေ အိုင်ထွန်းနေတာကို ကျွန်တော် အထင်းသား မြင်နေရပြီး ရင်ခုန်သံ မြ မြန်လာနေတယ်။

ကျွန်မ မောင့်ကို သတိရလို့ မောင်နဲ့အတူ နေမလို့ လာခဲ့တာ။ ပြောရင်း ကျွန်တော် ရှေ့ကို တစ်လှမ်းတိုးလိုက်ပြန်တယ်။

"မင်း ... မင်း ... သေသွားပြီလေ"

"အိုး ... မောင်ရယ်၊ မသေလို့ လာခဲ့တာပါ ... မောင်။ မော ကျွန်မ သိပ်ချမ်းနေတယ်။ ဒဏ်ရာက အရမ်းနာနေတယ်။ အား ... ကျွ ကျွတ် ..."

သူမ စုတ်သတ်ရင်း ယိုင်သွားလို့ ကျွန်တော် လက်တစ်ဖ လှမ်းထိန်းလိုက်မိတယ်ဗျာ။

ချစ်သူ မိစေတနာ။

ဒါ ကျွန်တော့်ချစ်သူ မိစေတနာပါ။

သေချာတာတော့ သေချာတယ်။

(၃) နှစ်ကျော်ခန့် ရှိသွားပြီဖြစ်တဲ့ ဒဏ်ရာ ခုချိန်ထိ ဘာလို့မကျ ရသေးတာလဲ။ အမှန်တကယ် တောထဲမှာ မသေဘဲ ရန်သူ့လက်ကလွ သွားရီးမှန်ခဲ့ရင် ဒီဒဏ်ရာ ခုဆို ပျောက်ကင်းပြီး အမာရွတ်ပဲ ရှိနေရမှာ ဗျာ။

စိတ်ကူးသစ်စာပေ



ဒါ ... ဒါဆို ... ဒါဆိုရင် ...

မိစေတနာ လူစင်စစ်မှ ဟုတ်ပါရဲ့လား။

ဟို ... ဟို ... တစ္ဆေဆိုတာများလား။

ကျွန်တော်က တစ္ဆေဆိုတာကို မယုံကြည်ဘူး။ မြင်လည်း မမြင် ဖူးဘူး။

ကြည့်စမ်း ... မိစေတနာရဲ့ လက်က အေးစက်နေတာပဲ။ ရေခဲ ရိုက်ထားတဲ့အသားလို အေးစက်နေတယ်။ သူမ အားယူထလိုက်ပြီး ကျွန် တော့်လည်ပင်းကို သိုင်းဖက်လိုက်တယ်။

အို ... ကျွန်တော့်တစ်ကိုယ်လုံး သူမရဲ့ရင်ဝကသွေးတွေ ပေကျံ ကုန်ပြီ။

"မိစေတနာ ... လွှတ် ... လွှတ်ပါ ... လွှတ်စမ်းပါ"

"ကျွန်မ ... မလွှတ်ဘူး ... မောင့်ကို ... ချစ်တယ်။ မောင့်ကို ကျွန်မ အခု လာခေါ်တာ"

"ဘာ ... ဘာပြောတယ်"

"ကျွန်မ မောင့်ကို လူ့လောကထဲမှာ တစ်ယောက်တည်း မထား ခဲ့နိုင်ဘူး။ မောင့်ကို ကျွန်မ ချစ်တယ်။ အရမ်းချစ်တယ်။ အခု ကျွန်မ မောင့် ကို အပြီးတိုင် လာခေါ်တာ"

"ဟင် ... မင်း ... မင်း ... ဘာလဲ ... မင်း သေပြီလေ။ မင်း အခု ဘယ်ရောက်ပြီး ဘာဖြစ်နေတာလဲ။ လွှတ် ... လွှတ် ..."

ကျွန်တော်က မီးအိမ်ကို ညာလက်နှင့် ကိုင်ရင်းက ရုန်း။

သို့သော် ရုန်းလို့မရဘူး။ မိစေတနာရဲ့ ရေခဲရိုက်ထားသလို အေး စက်စက် လက်နှစ်ဖက်က ဖြုတ်တူနှင့်ညှပ်ထားသလို ဖြစ်နေတော့ ကျွန် တော် ရုန်းလို့မရဘူး။

ကျွန်တော့်တစ်ကိုယ်လုံး ချွေးစေးတွေဟာ သွေးစေးတွေနဲ့ရောပြီး စေးထန်းနေတယ်ဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင် ... လိုက်ခဲ့ ... လိုက်ခဲ့ ..."

"မလိုက်ဘူး ... မင်း ငါ့ကို ဘယ်ခေါ်သွားမလို့လဲ။ မလိုက်ဘူး"

"မောင်ပဲ နွေခင်းတုန်းက ထနောင်းပင်အောက်မှာ ပြောနေတာလေ။ မိစေတနာ မင်း ဘယ်ဘဝမှာ ရောက်နေလဲတဲ့။ ရောက်ရာဘုံဘဝကို ပြောစမ်းပါတဲ့။ မောင် မင်းနဲ့အတူနေပြီး အချစ်ကဗျာ၊ အလင်္ကာတွေကို နေ့ရောညပါ ပွေ့ဖက်ယုယ ရွတ်ပြဆိုချင်လို့ဆို။ မောင် ကျွန်မကို အဲဒီလောက်ချစ်မှန်း နွေခင်းက သိလိုက်ရတယ်။ လာ ... မောင် ... ကျွန်မတို့ အတူနေကြစို့။ ကဲ ... လာ ..."

သူက ကျွန်တော့်ကို လက်နှစ်ဖက်နှင့် တအားဆွဲခေါ်တယ်။

ကျွန်တော် ရုန်းကန် အော်ဟစ်လိုက်တယ်။

"မလိုက်ဘူး။ မင်း သေသွားပြီ ... မိစေတနာ။ မင်း ... မင်းဘာလဲ ဘယ်လိုမိန်းမလဲ။ ငါ မလိုက်ဘူး"

"မောင်သိအောင် ပြောရရင် ကျွန်မ အခုရောက်နေတာ တစ္ဆေဘဝပါ ... မောင်"

"ဟင် ... တစ္ဆေ ... တစ္ဆေ ... သွား ... သွား ... မင်းနေရာမင်းပြန်သွား။ မလိုက်ဘူး ... မလိုက်ဘူး"

"မောင့်ကို ကျွန်မ ချစ်တယ်။ မောင့်ကို တစ္ဆေမြို့ရှိရာ ခေါ်သွားပြီး လက်ထပ်မှာပါ မောင်။ ကျွန်မတို့ အခု အတူနေရတော့မယ်။ မောင်ဝမ်းသာစမ်းပါ ... လာ .. လာ ..."

သူမက အိမ်ပြင်ကို ဆွဲခေါ် ...

ကျွန်တော်က တအားရုန်း ...

ကျွန်တော်တို့နှစ်ဦး ရုန်းရင်း ဆွဲရင်း ပြိုင်တူလဲကျသွားချိန်မှာပဲ–

"ဝှမ်း ..."

"ဗောင်း ... ဝုန်း ..."

စိတ်ကူးသစ်စာပေ



"ဟာ ... ဟာ ... မီး ... မီး ..."

ကျွန်တော့်လက်ထဲက အာလာဒင်မီးအိမ်ဟာ သမံတလင်းပေါ် ကွဲကျပြီး ရေနံဆီနဲ့ မီးတွေ တောက်လောင်ပါရော။ ကျွန်တော့်အဝတ်အစားတွေရော၊ သူမရဲ့ဆံပင်တွေကိုပါ မီးတွေ စွဲလောင်နေတယ်။

ကံဆိုးချင်တော့ ...

ရေနံဆီတွေက သမံတလင်းပေါ်မှာ စီးမျောမီးစွဲပြီး အိမ်ထောင့်က ရေနံဆီပုံးရှိရာကို မီးကူးလောင်လိုက်တာများ။

"ဝုန်း ..."

"အုန်း ..."

"အား ... အား ... အား ..."

ရေနံဆီပုံးကို မီးစွဲလောင် ပေါက်ကွဲပြီး မီးတောက်မီးလျှံတွေက ကျွန်တော်တို့နှစ်ဦး ခန္ဓာကိုယ်ပေါ်ကို ပြုတ်ကျလောင်စွဲကုန်တယ်။ ကျွန်တော့်ရဲ့ အင်္ကျီနဲ့ပုဆိုးမှာ မီးတွေ စွဲလောင်နေလို့ ကျွန်တော်က ရေလှောင်အုတ်ကန်ရှိရာကို ပြေး ...

ဒီမှာ ဆံပင်တွေကို မီးစွဲလောင်ပြီး ဦးခေါင်းပေါ်မှာ မီးလျှံရဲရဲတောက်၊ ထဘီနဲ့အင်္ကျီမှာ မီးတွေစွဲလောင်နေတဲ့ မိစေတနာက နောက်ကနေ ပြေးလိုက်လာပြီး ကျွန်တော့်ကို သန်မာတဲ့ လက်အစုံနဲ့ ပွေ့ယူလိုက်တာ။

"လွှတ် ... လွှတ် ... အား ... အား ..."

"မောင်နဲ့ကျွန်မ အတူနေလို့ရပြီ ... မောင်ရေ ... ဟား ... ဟား ဟား ဟား ဟား ..."

"မိစေတနာ ... ငါ့ကို လွှတ်နော်။ မင်း ... တစ္ဆေ ... တစ္ဆေ လွှတ်ပါ ... လွှတ်ပါ ..."

"မောင်လည်း မကြာခင် တစ္ဆေဘဝရောက်တော့မှာပဲ မောင်ရဲ့။ မကြောက်ပါနဲ့၊ မငိုပါနဲ့။ ကျွန်မက မောင့်ကိုထွေးပိုက်ပြီး မောင်သိပ်ကြိုက်တဲ့ လေဘာတီမမြရင်သီချင်းကို ဆိုပြမှာပါနော်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လွှတ် ... လွှတ် ..."

"ဟား ဟား ဟား ဟား ဟား ... ဝမ်းသာလိုက်တာဟေ့ ... ဟီး ဟီး ဟီး ဟီး ... ဟား ဟား ဟား ဟား ..."

သူမ မီးစွဲလက်အစုံနဲ့ မီးစွဲနေတဲ့ ကျွန်တော့်ကို ပွေ့ဖက်ပြီး မြို့အပြင်ကိုထွက်ဖို့ လှမ်းနေချိန်မှာပဲ ...

"ဝုန်း ..."

"ဝေါ ..."

"ဖောင်း ... ဖြောင်း ..."

"အား ... မလေး ..."

ကျွန်တော်တို့အပေါ်ကို မီးဟုန်းဟုန်းလောင်နေတဲ့ ရှေးဟောင်းအိမ်အိုကြီးရဲ့ သစ်သားထုတ်တန်းတွေ၊ အုတ်ကျိုးအုတ်ပွတွေ ပဲ့လွင့်စင်ပိုကျသွားလိုက်တာ ..

မိစေတနာရဲ့ ကြောက်လန့်တကြား အော်လိုက်သံနှင့် ပြိုင်တူကျွန်တော် ရင်ခေါင်းသံနဲ့ အသားကုန် ဟစ်အော်ပစ်လိုက်တယ်။

"ကယ်တော်မူကြပါဗျ"

"ကယ်တော်မူကြပါဗျို့"

"သိန်းဟန် ... သိန်းဟန်ရေ ..."

"မောင်ပေယင် ... မောင်ပေယင်ရေ ..."

"ဝုန်း ..."

"အား ... ဟင်း ဟင်း ..."

ကျွန်တော် အော်ဟစ်သံတွေနဲ့အတူ ဝုန်းခနဲ ပြုတ်ကျသွားပြီး လန့်နိုးလို့ မျက်စိဖွင့်ကြည့်လိုက်ရော ...

"အို ..."

ကျွန်တော်က ရှေးသစ်သားခုတင်အောက်မှာ ရောက်နေပြီး ..





အနီးမှာ စောင်နဲ့ခေါင်းအုံးတွေ ဖက်လုံးတွေ ပြန့်ကျဲလို့။ လူတစ်ကိုယ်လုံးဟာ ပူလောင်ပြီး ချေးအရမ်းထွက်နေတယ်။ ချွေးတွေ စိုရွှဲနေတဲ့ ခန္ဓာကိုယ်ဟာ မီးတောက်မီးလျှံ စွဲလောင်ခံရသလို ပူစပ်နေတယ်။

ဪ ... စာရေးစားပွဲပေါ်ရှိ ရေချိုင့်ထဲကရေကို အားရပါးရ မော့သောက်လိုက်တော့ ရေတွေက ပူနေတဲ့ရင်ပေါ်ကို စီးကျပြီး ရွဲရွဲစိုကုန်တော့တယ်။

"ဟူး ..."

"အိပ်မက်ဆိုးပဲ ... ဒါ အိပ်မက်ဆိုးပဲ"

"ထိတ်လန့်စရာ ကောင်းလိုက်တာ"

မိစေတနာ ... မိစေတနာ ... ငါ့အိပ်မက်ထဲကို သူမ ရောက်လာခဲ့တာပဲ။ ဒါ နေ့ခင်းတုန်းက ငါ သူ့အကြောင်း တွေးမိလိုက်တဲ့ အစွဲကြောင့်များ သူမ ငါ့ထံကို ရောက်လာရောသလား။

ငါ ဘာကြောင့် ချစ်သူခေါ်ရာနောက်ကို မလိုက်ရဲရတာလဲ။

ချစ်သူဘယ်ဘဝကိုရောက်ရောက် ငါလိုက်ခဲ့မယ်လို့ အမှန်တကယ် ပြောခဲ့တာပဲ။ အခု သူမလာခေါ်တာကို ငါ ဘာလို့ လိုက်ခဲ့မှာပေါ့လို့ လိုလိုလားလား ချစ်မြတ်နိုးစွာ မပြောလိုက်တာလဲ။

သူမ တစ္ဆေဘဝ ရောက်နေတယ်လို့ ပြောခဲ့တယ်။

အမှန်တကယ်ရော မိစေတနာ တစ္ဆေဘဝကို ရောက်သွားခဲ့ရောသလား။ တစ္ဆေတို့ သရဲတို့ဆိုတာရော တကယ်ရှိလို့လား။

ရှိနေတယ်ဆိုရင် ...

တစ္ဆေချစ်သူက အတူနေဖို့ လာခေါ်တာကို ငါ ငြင်းဆန်ရုန်းကန်ခဲ့သော။ ငါ သစ္စာကတိ မတည်ခဲ့တာလား။

ငါ ယောက်ျားကောင်းတို့ရဲ့ အချစ်ကတိ သစ္စာကို ဖောက်ဖျက်ခဲ့လိုက်ပြီနဲ့ တူပါရဲ့။

ချစ်သူ မိစေတနာ ငါ့ကို အထင်လွဲသွားလေမလား။



www.burmeseclassic.com

www.burmeseclassic.com



အိုး ... တကယ်လို့သာ ချစ်သူ မိစေတနာတစ်ယောက် မဆို စကောင်း ဆိုစကောင်း ...

တစ္ဆေဘဝ၊ သရဲဘဝ ရောက်သွားခဲ့ရင် ...

ငါ လိုက်သွားသင့်သလား။ ချစ်သူ တစ္ဆေနှင့် အတူနေသင့်သလား။ ငါ့ရဲ့ရင်ထဲက အချစ်သစ္စာတရားကို ဘယ်လို ငါ မှတ်ကျောက်အတင်ခံရမှာလဲ။

မဖြစ်ပါစေနှင့်။

ချစ်သူ ဘဝဆိုး ဘဝသစ်ကို မရောက်ပါစေနဲ့။

ကျွန်တော် ရင်မောမောနှင့် ထရပ်လိုက်ပြီး မျက်နှာသစ်ဖို့အခွက်တံခါးကို ဖွင့်လိုက်ရော ...

"အလို ... ဘာတွေလဲ"

ရှေ့ သမံတလင်းပေါ်မှာ နီနီရဲရဲ အစက်တွေ၊ အကွက်တွေ။ ထိုင်ပြီး လက်ညှိုးနဲ့ တို့နှမ်းကြည့်လိုက်တော့ ...

"ဟာ ... ဒါ သွေးနဲ့ပဲ"

"သွေးကွက်၊ သွေးစက်တွေ။ ဒါ ... ဒါ ဘယ်က ရောက်လာတာလဲ"

ကျွန်တော် ညက အိပ်မက်ဆိုးကို ချက်ချင်း သတိရလိုက်တယ်ဗျာ။ ညကအိပ်မက်ထဲမှာ ကွယ်လွန်သွားတဲ့ ချစ်သူ မိစေတနာ ဟောဒီနေရာမှာ ရပ်ပြီး ကျွန်တော့်ကို စကားတွေ ပြောလို့ ...

ဒီတုန်းက သူမရဲ့ ရင်ဝကျည်ဒဏ်ရာက သွေးစက်တွေ ဟောဒီ သမံတလင်းပေါ်ကို တစ်စက်ချင်း တစ်ပွက်ချင်း ကျနေတာ မြင်ရတယ်။

အဲဒါက အိပ်မက်လေ။

အခု သွေးစက်တွေ၊ သွေးစီးကြောင်းတွေကို အမှန်တကယ်မြင်နေရတယ်။ ကြည့်စမ်း ...။

သွေးပွက်အချို့ပေါ်မှာ ခြေရာတွေပါလား။

စိတ်ကူးသစ်စာပေ



အလိုလေးဗျာ ...

ခြေရာက နှစ်မျိုးတောင်ပဲ။

တစ်စုံသောခြေရာက အိမ်တွင်းကို ဦးလှည့်နေတဲ့ခြေရာ။ နောက်ခြေရာတစ်စုံက အပြန်ခြေဝကို ဦးလှည့်နေတဲ့ ခြေရာ။

သေချာတယ်။

မိန်းမတစ်ယောက်ရဲ့ ခြေရာပဲ။ သွယ်သွယ်သေးသေး ခြေရာ။ ခြေမသေး၊ ခြေချောင်းသေးသေး တင်ကျုန်ရစ်လို့။

ဟုတ်မှား ဟုတ်နေမလား။

မိစေတနာ တကယ်ပဲ တစ္ဆေဖြစ်ပြီးတော့ ကျွန်တော်ရှိရာကို လာခဲ့ ပြန်သွားခဲ့ရော့သလား။

စဉ်းစားရ အတော်ခက်နေတယ်။

သည့်နောက် ရေခပ်ပြီး သွေးကွက်သွေးစက်တွေနဲ့ သွေးစီးချောင်း ခြေရာကို ပြောင်စင်အောင် ဆေးကြောသန့်စင်ပစ်လိုက်တယ်ဗျာ။

ပြီး ... သွားတိုက်၊ မျက်နှာသစ်ပြီး အဆာပြေစားဖို့ လက်ဖက်ရည်တစ်ခွက် ဖျော်လိုက်တယ်။

သည့်နေ့ ဘာချက်စားရင် ကောင်းမှာလဲ။

ဟုတ်ပြီ ... ညဦးပိုင်းတုန်းက ဒေါ်ကြဲ့တိုင်းဆိုတဲ့ အမေကြီး ကြက်သားဟင်းတစ်ပန်းကန် လာပေးသွားတာ။ အုပ်ဆောင်းအောက်မှာ ရှိတယ်။ အဲဒီကြက်သားဟင်းနဲ့ အာလူးလေးနဲ့ ရောပြီး ဆီပြန်ရေကျန် ချက်လိုက်ရင် မနက်စာ ညစာ အိုကေသွားပြီ။

ပြီးရင် ...

ကြက်သားဟင်း လာပေးသွားတဲ့ အမေကြီး ဒေါ်ကြဲ့တိုင်းတို့သားအမိအိမ် သွားတွေ့၊ မိတ်ဆက် မိတ်ဆွေဖွဲ့မယ်။

အဲဒီကနေ မောင်ပေပင်တို့ရွာကို သွားလည်လေ့လာရင်း မောင်ပေပင် ဘယ်လိုကြောင့် အရေးတကြီး ပြန်သွားရသည်လဲဆိုတာ မေးမြန်းရမယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်နှင့် ဘီစကစ်စားပြီးနောက် ဟင်းချက်ဖို့ အုပ်ဆောင်းကို ဖွင့်လိုက်ရော ...

"ဟာ ..."

"အော့ ... ဝေါ့ ... ဝေါ့ ..."

"အို ... နံ့လိုက်တာ ... ဘယ့်နှယ်ဖြစ်လို့ပါလိမ့်"

နီးအုပ်ဆောင်းကို ဖွင့်လိုက်တာနဲ့ ပုပ်အဲ့အဲ့မစင်နံ့က ထောင်းခနဲ နှာခေါင်းထဲကို ဆောင့်ဝင်လာလို့ အန်လိုက်ရတာရယ်ဗျာ။

ညက သိမ်းအုပ်ထားတဲ့ ကြက်သားဟင်းက ဘာကြောင့် မစင် ပုပ်နံ့လိုမျိုး နံရမှာတုံး။

သိချင်တာနဲ့ နှာခေါင်းကို လက်နဲ့အုပ်ပြီး ကြည့်လိုက်ရော ...

"အလိုလေးဗျာ ..."

ထူးဆန်းလှချေကလား။ ဟုတ်ရဲ့လား။ ဟုတ်နေတယ်။ ကျွန်တော် အသက် (၃၂) နှစ် ရှိသွားပါပြီဗျာ။ ရိုးမတောထဲမှာရော တောလက်ကျေးရွာ အနှံ့မှာပါ လှည့်နေ၊ သွားနေခဲ့ဖူးပါတယ်။

ဒီလို ထူးထူးဆန်းဆန်း အဖြစ်မျိုးတွေ မကြုံခဲ့ပါဘူးဗျာ။

ခု ... ကြည့်စမ်း။

ည (၉) နာရီခန့်ကမှ အငွေ့တထောင်းထောင်း မဆလာရနံ့ သင်း သင်းနဲ့ အမေဒေါ်ကြုံတိုင်း စားဖို့လာပေးသွားတဲ့ ကြက်သားဟင်း။

ခု ပန်းကန်ထဲမှာ ...

ပုပ်သိုး လောက်တွေ တရွရွထိုးနေတဲ့ မစင်ပုပ်တွေလို ဖြစ်နေတာကို ကျွန်တော် ထူးဆန်းအံ့ဖွယ် တွေ့နေရပြီဗျာ။

မစဉ်းစားတတ်တော့ဘူး။

သည် ရွှေမြို့သူကြီးအိမ်ဟောင်းကြီးကို ရောက်ခဲ့တာ (၃)ရက်နဲ့ တစ်မနက်ပဲ ရှိသေးတယ် ထူးထူးဆန်းဆန်းတွေ မြင်ရ ကြုံရ မက်ရ ဖြစ်နေပါကလား။





ကြက်သားပန်းကန်က ဘာကြောင့် ပုပ်နံ့နေတဲ့ လောက်တရွရွ မစင်တွေ ဖြစ်သွားရတာလဲ ဟင်။

တိုက်ပွဲကုန်းရွာတဲ့။

ဘယ်လိုတိုက်ပွဲကုန်း ရွာတုံး။

ကြုံရတာကတော့ လျှို့ဝှက်သည်းဖို့ပဲ။

ရင်ထိတ်သည်းဖို့ပဲ။ ဖြစ်ရပ်ဆန်းကြယ်တွေ။

ကျွန်တော် ဒီအရပ်၊ ဒီရွှေမြို့သူကြီးဟောင်းရဲ့ အိမ်အိုကြီးမှာ ဆက်လက်နေသင့်ပါရဲ့လားဗျာ ဟင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

ဘယ်လိုပဲဖြစ်ဖြစ်လေ ...

မကြောက်တတ်လို့ လာနေတာဥစ္စာ။

ရောက်တုန်းရောက်ခိုက်၊ နေတုန်းနေခိုက် အကြောင်းစုံသိဖို့တော့ စုံစမ်း လေ့လာရမှာပဲ။

ဒါကြောင့် ကျွန်တော် မြို့သူကြီးဟောင်းရဲ့ တိုက်ခံအိမ်အိုကြီးက နေ ထွက်လာခဲ့လိုက်တယ်ဗျာ။

အမေကြီး ဒေါ်ကြုံတိုင်းက ကျွန်တော်နေတဲ့ အိမ်ကြီးရဲ့ တောင် ဘက်စူးစူးအရပ်မှာ နေတယ်လို့ ပြောလို့ မြေနီလမ်းအတိုင်း တောင်စူးစူး ဘက်ကို လမ်းလျှောက်လာခဲ့လိုက်တယ်။

နာရီဝက်လောက်ကို လျှောက်ရတာပဲဗျ။

လူနဲ့တူတာ လမ်းနံဘေးမှာ ဖိနပ်စုတ်တောင် မတွေ့ရဘူး။

ရွံ့၊ မခိုင်၊ ယိုင်လဲ၊ ပြိုကျနေတဲ့ အိမ်လေးငါးလုံး တွေ့ရပေမဲ့ လူမနေကြဘူး။ အမိုးမရှိ၊ အကာလည်းမရှိ။

အချို့အိမ်က တိုင်မျှသာပဲ ထိုးထိုးထောင် မြင်ရတယ်။





ရွာပျက်လား၊ ရွာပြောင်းလား၊ စွန့်ပစ်ရွာဟောင်းလား မသိရဘူး။ တော်တော်လေး လျှောက်သွားလိုက်တော့မှ ...

ညောင်ပိန္နဲပင်ကြီးတွေ ဝိုင်းရံနေတဲ့ ခြံထဲမှာ သစ်သားအိမ်မကြီး တစ်လုံးကို တွေ့ရတော့တယ်ခင်ဗျ။

ရေနံချေးဝနေတဲ့ နှစ်ထပ်အိမ်မည်းကြီးပဲ။

မခိုင်၊ ရွဲ့နေပြီ။

ခေါင်မိုးသွပ်တွေ တချို့ လန်လို့။

အကာပျဉ်ချပ်တွေကလည်း ခြစားပြီး တိုးလိုးတွဲလောင်း ပြုတ်ကျ လုလု မြင်ရတယ်။ ခြံတံခါး မရှိဘူး။

ညောင်ရွက်အကြွေတွေက အိမ်အဝင်လမ်းဝမှာ ဖွေးနေတာပဲ။

ညောင်ကိုင်းအချို့က အိမ်ယိုင်အိမ်မည်းကြီးရဲ့ သွပ်မိုးပေါ်ကို တိုင်းကျနေပြီး လေတိုက်ရင် အမိုးသွပ်ပြားကို သစ်ကိုင်းနဲ့ တံမြက်လှည်း သလို ဖြစ်နေပုံရတယ်။

ကျိုးကျိုးဂွတ်ဂွတ်အသံတွေ မြည်နေတယ်ဗျ။

ကျွန်တော်မှာ လက်တလော ဒီနီးနားဝန်းကျင်က အသိအကျွမ်း ဆိုရင် အမေကြီးဒေါ်ကြုံတိုင်းနဲ့ မောင်ပေပင်ပဲ ရှိတာဆိုတော့ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း သဘောထား ဆက်ဆံရမှာပဲလေ။

သစ်ရွက်ကြွေတွေကို နင်းပြီး အိမ်မည်းအိမ်ရွဲ့ကြီးရဲ့ ရှေ့မှာရပ် လို့ အသံပြုလိုက်တယ်ဗျာ။

"အမေကြီး ... အမေကြီး ... ဒေါ်ကြုံတိုင်းခင်ဗျ"

"အမေကြီး ... ဗျို့ ... အိမ်ရှင်တို့ ... အိမ်ရှင်တို့ ..."

အထဲက ပြန်ထူးသံ မကြားရဘူး။

ရေနံချေးခြောက်သယောင်းနေတဲ့ တံခါးနှစ်ချပ်က စေ့ပိတ်ထား တယ်။ အပြင်မှာ သော့ခတ်ထားတာ၊ ချက်၊ မင်းတုံး၊ ကလန့် ထိုးထားတာ မရှိဘူး။ တံခါးနှစ်ချပ်ကတော့ သံချက်ချွေးပြည်ပြီး တွဲလောင်းကျ ဟနေ တာတော့ မြင်ရတယ်။

"အမေကြီး ... အမေကြီး ဒေါ်ကြုံတိုင်းခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပါ … မောင်ရွှေဓါ လာတာပါ"

လုံးဝ အသံမကြားရဘူး။ လူပဲမရှိလို့လား ဒါမှမဟုတ် အိပ်ရာက မနိုးသေးတာပဲလား။ တံခါးခေါက်ရအောင်လည်း မတော်။ အိပ်ပျော်နေတုန်း ဆို အနှောင့်အယှက်ပေးသလို ဖြစ်မှာလည်း စိုးရတယ်။

ဒါနဲ့ စာရွက်ပိုင်းလေးထုတ်ပြီး မောင်တိန်နဲ့ စာတိုတစ်ကြောင်း ရေးလို့ တံခါးမှာ ညှပ်ထားခဲ့လိုက်တယ်။

စာက တိုတိုပါပဲဗျာ။

*အမေကြီး …*

*ကျွန်တော် နံနက်စောစောက လာခဲ့ပါတယ်။*

*အိပ်ပျော်နေမှတ်လို့ တံခါးမခေါက်တော့ဘဲ ပြန်သွားပါတယ်။*

*မောင်ရွှေဓါ*

စာတိုလေးပါ။ အိပ်ရာကနိုးလို့ တံခါးဖွင့်လိုက်ရင် မြင်ရနိုင်ပါ တယ်။ သည့်နောက် ပြန်လှည့်လိုက်ရော …

"အလိုလေး …"

ခွေးနက်ကြီး တစ်ကောင်ပါလား။

မရှိဘူးဆို ကျွန်တော့်ခါးစောင်းနီးပါးရှိမယ် ထင်ရဲ့ဗျာ။

လျှာတန်းလန်းထုတ် ဆောင့်ကြောင့်ထိုင်ပြီး ကျွန်တော့်ကို နောက် ဖက် နှစ်ပေဘက်အကွာကနေ ကြည့်နေတာဗျာ။

ခြေဆံလက်ဆံတုတ်တုတ် အစွယ်ဖွေးဖွေးနဲ့ဗျ။

လူကို လန့်သွားတာပဲ။

ကျွန်တော်လို လူစိမ်းကို သူ ခုန်အုပ်ကိုက်လိုက်ရင် သေသွားနိုင် တယ်။ သို့သော် ခွေးနက်ကြီးရဲ့ ပုံသဏ္ဌာန်က ကျွန်တော့်ကို ရန်လိုပုံ၊ ရန် ပြုချင်ပုံ မရဘူး။ စောင့်ကြည့်နေပုံမျိုး။

မြန်မြန် ဒီခြံထဲကထွက်တာ ကောင်းမယ်။

နို့မို့ မျက်စိနောက်ပြီး ခုန်အုပ်လိုက်ရင် မလွယ်ဘူး။





အသာ လှည့်ကြည့်လှည့်ကြည့် လုပ်ပြီး ခပ်သုတ်သုတ် မြန်မြန် ထွက်လိုက်ရော ခြံဝအထွက်မှာ …

"ညောင် …"

"ဟဲ့ … ဟဲ့ …"

"ညောင် … ခွီး …"

ကြောင်အော်သံဗျ။ ကျွန်တော့်ဦးခေါင်းပေါ် မိုးနေတဲ့ ညောင် ကိုင်းပေါ်ကနေ အော်လိုက်တဲ့ ကြောင်အော်သံ။

ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးဖြန်းခနဲ ထပြီး ခေါင်းနားပန်း ပါ ကြီးသွားတယ်။ မော့ကြည့်လိုက်တော့ ကြောင်နက်ကြီးတစ်ကောင်။

ရဲတွတ်နေတဲ့ မျက်လုံးအစုံနဲ့ ကျွန်တော့်ကိုစိုက်ကြည့်ပြီး အော် နေတယ်။

"ခွီး …"

"ဟင် …"

"ညောင် … ခွီး …"

နောက် ညောင်ကိုင်းတစ်နေရာက ကြောင်အော်သံ ကြားရပြန် ပါရော။ ဒါနဲ့ မော့ကြည့်လိုက်တယ်။ ကြောင်နက်ကြီးတစ်ကောင်ပဲ … အစွယ်ဖြဲပြီး ကျွန်တော့်ကိုကြည့်လို့ အော်လိုက်တာ …

ကြောင်နက်ကြီးတွေဟာ အရွယ်အစားကြီးလွန်းလို့ ကြောင်မှ ဟုတ်ရဲ့လား သံသယဝင်မိတယ်ဗျာ။ ကြောင်နက်တစ်ကောင်ရဲ့ အရွယ် အစားက အိမ်မွေးခွေး ခပ်ရွယ်ရွယ်လောက်ကို ကြီးမားပြီး နက်ပြောင်နေ တာပဲ။

"ညောင် … ခွီး …"

ဟော … တစ်နေရာက အော်သံ ထပ်ကြားရပြန်ပါပြီဗျ။

ကြောင်အော်သံဟာ အိမ်ကြီးရှေ့မှာ ဟိန်းနေတယ်။

အသံကြားရာ ညောင်ကိုင်းကို မော့ကြည့်နေတုန်းမှာပဲ …

"ညောင် …"

"ညောင် … ခွီး … ခွီး …"



www.burmeseclassic.com

www.burmeseclassic.com



"ညှောင် ... ညှောင် ..."

"ညှောင် ... ညှောင် ... ခွီး ... ခွီး ..."

"ညှောင် ... ညှောင် ..."

အလိုလေး ... ကြောင်အော်သံတွေက ညှောင်ပင်ကြီးလေးပင်ရဲ့ ညှောင်ပင်ကိုင်းတိုင်းပေါ်ကနေ ကြားနေရ မြင်နေရတယ်။ မရှိဘူးဆိုရင် ကြောင်ကောင်ရေ တစ်ရာကျော်ခန့် ရှိမလားမသိဘူး။

ကြောင်အော်သံနဲ့ ကြောင်မာန်ဖီသံတွေဟာ ညှောင်ပင်ကြီးလေး ပင်ပေါ်မှာ ကြောက်စရာကောင်းအောင် ဆူညံနေတယ်။

ကျွန်တော် ကြောင်နက်ကြီးတွေကို လှည့်ပတ်မော့ကြည့်နေတုန်း မှာပဲ ကြောင်နက်ကြီးတွေဟာ ညှောင်ပင်ပေါ်ကနေ ကျွန်တော်ရပ်နေတဲ့ နေရာကို တစ်ကောင်ပြီးတစ်ကောင် ခုန်ခုန်ချကြတာခင်ဗျ။

အလိုလေးဗျာ ... ကောင်ရေတစ်ရာခန့်တော့ ရှိမယ်ထင်ရဲ့။

သူတို့ရဲ့ခုန်ချသံ၊ အော်သံ၊ မာန်ဖီသံတွေကြောင့် ကျွန်တော် လမ်းမရှိရာကို နောက်ဆုတ်နောက်ဆုတ် သွားလိုက်ချိန်မှာပဲ ...

ကျားသစ်နက်တွေနဲ့ အလားသဏ္ဌာန်တူလွန်းလှတဲ့ ကြောင်နက် အကောင်တစ်ရာခန့်အုပ်ကြီးဟာ ကျွန်တော်ရှိရာကို မာန်ဖီပြီး အုပ်ဖွဲ့လှမ်း လာနေတာ မြင်လိုက်ရော ...

ကျွန်တော် တစ်ချိုးတည်း ပြန်ပြေးရတော့တာပဲ။

နောက်ဆီမှာ ကြောင်နက်ရိုင်းကြီးတွေရဲ့ အော်သံ၊ မာန်ဖီသံနှင့် ပြေးလိုက်လာသံတွေ ကြားရရော ကျွန်တော့်ကို သူတို့ အန္တရာယ်ပြုဖို့ဆို တာ သေချာသွားပြီ။

အကယ်၍သာ ဒီကြောင်နက်အုပ်ကြီးကြားထဲ ကျွန်တော် ရောက် သွားမယ်ဆိုရင် အသက်ပြန်ရှင်စရာလည်း ရှိမှာမဟုတ်သလို၊

ကျွန်တော့်တစ်ကိုယ်လုံးလည်း သူတို့ ဝိုင်းကုတ်ဖဲ့ စားသောက် တာနဲ့ အရိုးပဲကျန်ရစ်မှာ သေချာတယ်။

ကြည့်ရတာ ကြောင်ရိုင်းတွေ ဖြစ်ဖို့များတယ်။

---

စိတ်ကူးသစ်စာပေ



သူတို့ရဲ့ အစွယ်ဖွေးဖွေးနဲ့ ခြေသည်းလက်သည်း နက်နက်ရှည် ရှည်ကြီးတွေဟာ ဘယ်လိုလူစားမျိုး၊ သတ္တဝါမျိုးကိုမဆို ပြေးလို့မလွတ်နိုင် အောင် အန္တရာယ်ပေးနိုင်တယ်ဗျာ။

ဒီကြောင်တွေကို အမေကြီး ဒေါ်ကြူတိုင်းများ မွေးထားလေသလား။ မွေးထားရင်လည်း ဒီကြောင်ရိုင်းအုပ်ကြီးကို ဘယ်လို အစားအစာ ရှာဖွေ ကျွေးနိုင်ပါသလဲဗျာ ... ဟင်။

ကျွန်တော် ခြေကုန်သုတ်ရင်းကနေ နောက်ပြန်လှည့်ကြည့်လိုက် တော့ နောက်ကလိုက်လာတဲ့ ကြောင်ရိုင်းနက်အုပ်ကြီး မရှိတော့ဘူး။ တိုက် ခတ်နေတဲ့ လေပွေနှင့်အတူ ဖုန်လုံးနဲ့ သစ်ရွက်တွေ မြေပြင်အပေါ်မှာ လူး လိမ့်တက်နေတာပဲ မြင်ရတော့တယ်။

လူလည်း မောနေပြီ။

ပဲခူးရိုးမတောနက်ကြီးနဲ့ တောတကာ့တောမှာ ကျွန်တော် နှစ် နဲ့ချီ နေခဲ့ဖူးပါရဲ့ဗျာ။

ရိုးမကျားဆိုးကြီးတွေ ...

သစ်ဆင်လို့ခေါ်တဲ့ သစ်နက်ကြီးတွေ မြင်ဖူး၊ ကြုံဖူးပါရဲ့။ မြင်ရ ကြုံရရင် တစ်ကောင်နှစ်ကောင် အဖိုနဲ့အမပဲ တွေ့ရတာ။ တောကြောင် တွေဆိုလည်း တွေ့ရရင် သုံးလေးကောင်မျှသာပဲ။

ခုလို ကောင်ရေရာအုပ်ချီတာမျိုး မတွေ့ဖူးဘူး။

သစ်ပင်ရိပ်မှာအမောဖြေရင်း စီးကျလာတဲ့ချွေးတွေကို လက်ကိုင် ပဝါနဲ့ သုတ်ပစ်လိုက်တယ်။

ဒီကိစ္စကို အမေဒေါ်ကြူတိုင်းနဲ့တွေ့ရင် သေသေချာချာ မေးရမှာ ပဲ။ ဒီလိုသာ အန္တရာယ်ပေးနိုင်တဲ့ ကြောင်ရိုင်းအုပ်ကြီး ညှောင်ပင်ပေါ်မှာ ရှိနေရင် သူ့အိမ် ဘယ်လိုလုပ် သွားရဲတော့မှာလဲဗျာ ... နော။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၇]

□

ဒီလိုနဲ့ ကျွန်တော် မောင်ပေပင်တို့နေတဲ့ တားဆောင့်ကုန်းဆိုတဲ့ အိမ်ခြေ (၅၀) ခန့်ရှိ ရွာကလေးထဲကို ရောက်လာခဲ့လိုက်တော့တယ်။

အချို့အိမ်တွေက ခြေတံရှည် သစ်သားအိမ်တွေခင်ဗျ။

အိမ်အောက်မှာတော့ ဆန်ဖွတ်သူဖွတ်၊ မောင်းထောင်းသူမောင်းထောင်း၊ ဆန်ပြာသူပြာ လုပ်နေကြတယ်။

အချို့အိမ်တွေက တဲကုပ်လိုအိမ်မျိုးတွေ ဖြစ်ကြတယ်။

ရွာရဲ့ထိပ်မှာ ပေတာစ်ရာပတ်လည်ခန့် ရေကန်ကြီးတစ်ကန်ကို ကြာခွက်ပင်တွေ၊ ကြာပွင့်တွေ အစီအရီနဲ့ မြင်လိုက်ရတယ်။ ကန်ထဲကရေကို မိန်းမပျိုလေးငါးယောက်က ရေအိုးတွေနဲ့ခပ်ပြီး ရေသယ်နေတာကိုလည်း မြင်ရတယ်။

ဆံတောက်ဖားဖား၊ ထဘီတိုတို ရေစိုစိုနှင့် ရေခပ်ရေသယ်နေကြသူ မိန်းမပျိုအစုက ကျွန်တော့်ကိုကြည့်ပြီး တိုးတိုးပြောနေကြ၊ လှည့်ကြည့်ကြ၊ စွေကြည့်ကြ လုပ်နေကြရဲ့ဗျာ။

စိတ်ကူးသစ်စာပေ



ထင်ရတာတော့ သူတို့ တောခေါင်ခေါင် အိမ်စုစုရှိတဲ့ အရပ်အရွှေကို ကြောင့်ကြောင့်မော့မော့ သန့်သန့်ပြန့်ပြန့် လူရွယ်အမျိုးသား ညှော်စိန်းတစ်ဦး ဝင်လာတာကို အထူးအဆန်း အအံ့အဩ စကားတင်းဆိုစရာ ဖြစ်နေပုံပဲ။

ဒါနဲ့ ရေပြည့်အိုးရွက်လာတဲ့ မိန်းမပျို (၅) ဦးအနက်က ရှေ့ဆုံးက ဆံတောက်ဖားဖား ထဘီရေစိုနဲ့အမျိုးသမီးကို မေးကြည့်ရတော့တယ်။

"ညီမလေး ..."

"ရှင် ... ရှင် ... ဟင် ..."

မြို့ကြီးသားတစ်ဦးရဲ့ စတင်နှုတ်ဆက်သံကြောင့် ထင်ရဲ့၊ 'ရှင် .. ဟင်' လို့ ပြောရင်း ခေါင်းပေါ်က ကယိမ်းကယိုင်ဖြစ်သွားတဲ့ ရေအိုးကို လက်နဲ့ထိန်းရင်းက မျက်လုံးပြူးပြီး ကြည့်နေတယ်ဗျ။

"ဗိုကျွယ် ..., ဒီရွာက တားဆောင်ကုန်း ဟုတ်တယ်နော်"

"ဟုတ် ... ဟုတ် ... ဟုတ်တယ်တော့် ... အယ် ... အယ် ... ဗ ... ဟုတ်ဘူးတော့်"

"ဗျာ ... ဘယ်လို ... ဘယ်လို ..."

"မဟုတ်ဘူးဆိုတာက တားဆောင်ကုန်း ... မ ... မဟုတ်ဘူးလို့ ပြောတာတော့် ..."

"ဟုတ်တယ် ဆိုတာကရောဗျာ"

"ဟုတ်တယ်ဆိုတာက တားဆောင့်ကုန်းလို့ ... ပြော ပြော"

"ဒါဖြင့် ဒီရွာက တားဆောင့်ကုန်းရွာပေါ့"

"ဟုတ် ... အင်း ... အင်း ... တော့် ..."

"ဒါဆို ဒီတားဆောင့်ကုန်းရွာက လှည်းမောင်းတဲ့ ကိုပေပင်ဆိုတဲ့ လူငယ်ဗျာ ... သိပါလား ... ညီမရယ်"

"ပေရွက် ..."

"မဟုတ်ဘူး ... ပေပင်ပါကွယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပေရွက် မရှိဘူးရှင်။ အဲ ... အဲ ... ရှိတော့ရှိတယ်တော့ နော် အော့ ... မိသန်းတုတ် ... မရှိဘူး ... ရှိတယ်နော်"

ကျွန်တော် ဒီရွာသူတွေနဲ့တွေ့တာ မိနစ်ပိုင်းပဲရှိသေးတယ်။ မေးလိုက်တာနဲ့ မရှိဘူး။ ရှိတယ်ကို ပြိုင်တူပြောတယ်။

ခုလည်း မောင်ပေပင်ကိုမေးတာ ပေရွက်တဲ့။ မရှိဘူးနဲ့ ရှိတယ်ကိုလည်း သူ့နောက် ရေအိုးရွက်ထားတဲ့ မိသန်းတုတ်ဆိုသူကိုလည်း လှမ်းသက်သေ ထူနေလိုက်သေးရဲ့ဗျာ။

ဒီမှာ မိသန်းတုတ်ဆိုသူ အသားမည်းမည်း၊ ဘွားခေါ်ခေါ်နဲ့ အမျိုးသမီးက ဝင်ထောက်ခံလိုက်တယ်ခင်ဗျ။

"ဟုတ်သယ်တော် ... မိရွှေသင်ပြောသာ ဟုတ်သယ်တော်။ ပေရွက်ဆိုတဲ့ကောင်တော့ ရှိပါတော်။ လူရွက်လူပေ လူရွေ။ တော်ကြီးရဲ့ ပေရွက်ဆိုတဲ့ကောင်နဲ့ ဘာတော်လို့တုံး"

ရှုံးချင်တယ်ဗျာ ...

"မဟုတ်ဘူး ... အစ်မကြီးရဲ့၊ ကျွန်တော် ပေရွက်ဆိုတဲ့လူကို တွေ့ချင်တာ မဟုတ်ဘူးဗျ"

"ဒါဖြင့် ပသူတုံးတော့။ ပေရွက်မဟုတ်ရင် ပသူတုံး"

"မောင်ပေပင်ဆိုသူဗျာ"

"ဩော် ... မောင်ပေပင်လား"

"ဟုတ်ကဲ့ပါ ခင်ဗျ ... မောင်ပေပင်ကို သိတယ်မဟုတ်လား ဟင်"

"အဲ ... အဲ ... ကျုပ်တော့ မသိဘူးတော့်"

သေလိုက်ပါတော့ဗျာ။

မောင်ပေပင်လားတဲ့။ သိတဲ့ပုံမျိုးရယ်။ သိလားမေးတော့ ကျုပ်မသိဘူးတဲ့။ ကျွန်တော် ခေါင်းကုတ် စိတ်ညစ်သွားကို ကြည့်ပြီး ကျန်ရေအိုးရွက်ရွာသူတွေ ရယ်ကြပါရောဗျာ။





ရယ်ကြသမှ ခေါင်းပေါ်ကရွက်ထားတဲ့ ရေတွေ ဖိတ်စင်ကုန်အောင်ကို ရယ်ကြတာခင်ဗျ။ သူတို့ကို အားကိုးကာမှ အကျိုးနည်းနေပြီဗျာ။

"ကဲ ... ခင်ဗျားတို့မသိရင်လည်း ဒီပြင်လူ သွားမေးတော့မယ်ဗျာ"

"ခုလို မသိတာ ကျေးဇူးပါပဲ"

ကျွန်တော်ကလည်း ပြန်တွေ့သလိုပြောပြီး လှည့်သွားမယ်လုပ်ရော ...

"ဒီမှာ ... ဦးလေးကြီးရှင့်"

"ဗျာ ..."

"အို ... ကန်တော့ပါတော် ... ကန်တော့ပါ။ ဒီမှာ ဟိုဆရာကြီးရဲ့"

"ကျွန်တော် ကျောင်းဆရာ မဟုတ်ဘူးဗျ"

"မိရွှေသင်ရယ် ... ညည်းကလည်းအေ ဦးလေးကြီးခေါ်လိုက် ဆရာကြီးခေါ်လိုက်နဲ့ ခမျာ အားနာစရာပါယ်။ ဒီမှာရှင့် ... ကိုအဝှာရဲ့"

ဒုက္ခပဲဗျ။

ကိုအဝှာတဲ့။ အဝှာဆိုတာ ဘာကိုပြောတာလဲဗျာ ဟင်။ ကျွန်တော်ကြားဖူးတာက အဝှာဆိုတာ ... အဲ ... အဲ ...

"ကျွန်တော့်နာမည် အဝှာမဟုတ်ဘူး"

"ဒါဖြင့် ဘာတုံးတော် ... အဝှာမဟုတ်ရင်၊ ကိုဟိုဒင်းတဲ့လား တော့်"

ကြည့်ကြပါတော့။

အဝှာကနေ နောက်တစ်ဆင့်တက်လိုက်တော့ ကိုဟိုဒင်းတဲ့။ ဟိုဒင်းဆိုတာ တိုဟာကို ပါးစပ်က မထွက်ရဲလို့ နာမ်စားအဖြစ်ပြောတာမျိုး မဟုတ်ဘူးလား။ ဟင်။

"ကျွန်တော့်နာမည်က ကိုရွှေဝါလို့ ခေါ်ပါတယ်ခင်ဗျ"

"ရွှေ ... ဝါ ..."

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကို ... ရွှေ ... ဝါ ..."

"ဟုတ်ပါတယ်ခင်ဗျ"

"တွေ့လိုက်တာတော်"

"နေပါဦး ... အစ်မကြီးရဲ့၊ ကျွန်တော့်နာမည်က ဘယ်သူနဲ့တူလို့လဲ ပြောပါဦး"

သည်မှာ အာသွက်လျှာသွက် ကိုးရိုးကားရားတွေပြောတဲ့ မသိသန်းတုတ်ဆိုသူက ရွာသူရေအိုးရွက်တို့အကျင့် လှည့်ကြည့်ပြီး ...

"ပြောရင် ကောင်းပါ့မလား ... ရွှေသင်တို့၊ ရွှေခင်တို့အေ"

"ပြောပေါ့တော် ... တူလို့တူတယ် ပြောတာများ"

"အပါး ... အားနာစရာများ ဖြစ်သွားမလားအေ"

"အားနာရအောင် ညည်းလင်မို့လားအေ့"

"ဗျာ ... ဟာဗျာ ..."

ကျွန်တော့်ဗျာ လူတစ်ယောက်နာမည် မေးမိပါရဲ့ ပြောလိုက်ကြတာရယ်။

ဦးလေးကြီးတဲ့။

ဆရာကြီးတဲ့။

ပြီး ... ကိုအတ္တာတဲ့။

ကိုအတ္တာပြီးတော့ ... ကိုယ်ပိုဒင်းတဲ့။

အခု လုပ်ချလိုက်ပြန်ပြီဗျာ။

ညည်းလင် မို့လို့လားတဲ့။

ရှေ့ဆက်ပြောနေရင် သားရှင်ပြုပွဲနဲ့ မြေးနာမည်ပေး ကင်ပွန်းတပ်ပါများ ပါလာမလားမသိဘူး။

"တော့်နာမည်နဲ့ တူတာရှိတယ်တော့။ တော် နားထောင်ချင်ပါ့မလားလို့တော်"

"ပြောပါ ... အားမနာပါနဲ့ ပြောပါဗျာ"

စိတ်ကူးသစ်စာပေ



"တော့်နာမည်နဲ့ တူတာက ရွာဦးဘုန်းကြီးကျောင်းက ..."

"ကပ္ပိယရဲ့နာမည်နဲ့ တူနေလို့လား ... အစ်မကြီး"

"ဟုတ်ဘူးတော့ ..."

"ဒါဖြင့် ဘယ်သူနဲ့ တူတာတုံးဗျာ"

"ဘုန်းကြီးမွေးထားသားတော့"

"လူပဲလား"

"မဟုတ်ဘူး။ ကြောင်နာမည်နဲ့ တူတာတော့"

"ဟာဗျာ ... အစ်မကြီးတို့အုပ်စုနဲ့ တွေ့တာ ကျွန်တော် ရှုးချင်သလိုလို၊ သွပ်ချင်သလိုလို ဖြစ်သွားပြီဗျာ။ သွားတော့မယ်ဗျို့။ တာ့တာ ဘိုင့်ဘိုင့် ... နိုးဆလံ ... တင်းဆလံ ပါပဲဗျို့"

"တော့် ... ကိုအတ္တာ ... အဲလေ ... ဒီမှာ ... ကိုပိုဒင်းရဲ့ .. အို ... မှားကုန်ပါပြီတော်။ တော့် ... တော့် ... တော့် ... ဆရာကြီးရဲ့"

"ဟား ... ဟား ... ဟား .. ဟား ... ဟား"

"ဟီး ... ဟီး ... ဟီး ... ခစ် ... ခစ် ... ခစ်"

"နောင်ကို ရွာထဲ လာရဲပါ့မလား မသိဘူးအေ"

ရွာသူအုပ်စုရဲ့ တားတိုက်သဘောကျ ရယ်သံကို ကြားနေရတယ်။ ခြေလှမ်းကို ခပ်သုတ်သုတ်လျှောက်ခဲ့လိုက်မှ ရွာထိပ်က အိမ်ရှေ့မှာ ပြောင်းစဉ်းနေတဲ့ မိန်းမကြီးတစ်ဦးကို မြင်လို့ ...

"ကြီးတော်ခင်ဗျ ..."

"ပြော ... ငါ့တူ၊ ဘာများလဲကွယ့်"

"မောင်ပေပင်တို့အိမ်များ သိပါလား ... ကြီးတော်"

"လှည်းမောင်းတဲ့ မောင်ပေပင်လားကွယ်"

"ဟုတ်ကဲ့ ... ကြီးတော်"

"ဒီအိမ်တန်းအတိုင်း လျှောက်သွားကွယ့်။ အတန်းရဲ့အဆုံးက အိမ်ဟာ မောင်ပေပင်တို့ အိမ်ပါပဲကွယ်"

"ကျေးဇူးပါပဲခင်ဗျာ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင့်ကို ဒီရွာမှာ မမြင်ရတာ ကြာပြီ လာသလား"

"ဟုတ်ကဲ့ခင်ဗျာ ... ရန်ကုန်မြို့ကပါ ခင်ဗျ"

"မောင်ပေပင်နဲ့ အာတော်လို့တုံး"

"အဲဒီပါ ... ကြီးတော်"

"ဪ ... အေး ... အေး ... သွားပေါ့ ... သွားတွေ့ပါ ကွယ်"

ကျွန်တော် ပြောင်းရိုးစဉ်းနေတဲ့ ကြီးတော်ကြီးကို ကျေးဇူးစကား ပြောပြီး ရွာလမ်းမအတိုင်း လျှောက်လာလိုက်တော့ ...

အိမ်ထဲက တလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ား အတော်များများ က အထူးအဆန်းလို့ ထွက်ကြည့်နေကြတယ်။

ရွာထိပ်က တဲအိမ်ကြီးတစ်လုံးရှေ့ ရောက်သွားတော့ ...

အိမ်ထဲမှာ လူလေးငါးယောက်ကို မြင်ရတယ်ခင်ဗျ။

"မောင်ပေပင်တို့ အိမ်ပါလားခင်ဗျ"

ဒီမှာ အသက်ငါးဆယ်ခန့် ပိန်ပိန်ပါးပါး အင်္ကျီညစ်ထေးထေးနှင့် မိန်းမကြီးတစ်ယောက်က ...

"ဟုတ်ပါတယ်ကွယ် ... မောင်က ဘယ်သူတုံးကွယ့်"

"မောင်ပေပင်ရဲ့ အသိမိတ်ဆွေပါ အမေ"

"မောင်ပေပင်ရဲ့ အသိမိတ်ဆွေ။ ဒါ .. ဒါဆို .. မောင်ရင်က .. မြို့သူကြီးရဲ့ တိုက် .. တိုက် .. ဟောင်းကြီးမှာ .. နေတဲ့ .."

"မောင်ရွှေဝါလို့ ခေါ်ပါတယ် အမေ"

"မောင် .. ရွှေ .. ဝါ .. ဟုတ်လား"

"ဟုတ်ကဲ့ပါခင်ဗျ၊ မောင်ပေပင်ကော ရှိပါသလားအမေ"

"ရှိ .. ရှိ .. ပါတယ် .. ကွယ်၊ ဟို .. ဟိုမှာပါ .. ကြွပါ၊ အိမ်ထဲ ကို ဝင်ပါ"

အမေကြီးရဲ့အသံက တုန်နေတယ်။

စိတ်ကူးသစ်စာပေ



တဲကြမ်းခင်းပေါ်မှာ ရှိနေကြတဲ့ လူကြီးနှစ်ဦးနဲ့ မိန်းမငယ် သုံးဦး ကလည်း ကျွန်တော့်ကို ရိုးရိုး အံ့ဩမျက်နှာနဲ့ ငိုင်းကြည့်ကြလို့။

ကြမ်းခင်းများပေါ်မှာတော့ မောင်ပေပင်ကို စောင်ခြုံကြီးနဲ့ တွေ့ လိုက်ရပြီး မျက်နှာလည်း ချောင်ကျသလိုရှိနေတယ်။

အနီးမှာတော့ ဆေးဆရာဖြစ်တန်တူတူ လူကြီးတစ်ဦးက ဆေး လွယ်အိတ်ထဲက ဆေးအချို့ကို ထုတ်ပေးပြီး ...

"မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ည အိပ်ရာဝင်ခါနီးတစ်ကြိမ် ရေနွေးနဲ့သောက်၊ အစာလည်း ဝင်အောင်စား။ ဒီဆေးက အိပ်ဈေးတယ်။ နှလုံးငြိမ်တယ်၊ ဟုတ်ပြီလား ..."

"ဟုတ်ကဲ့ ဆရာကြီး ..."

ကျွန်တော့်ကိုမြင်တော့ မောင်ပေပင်မျက်လုံးဝိုင်းသွားပြီး အံ့ဩ . ငေးမောကြည့်နေတယ်ခင်ဗျ။

"မောင်ပေပင် .."

"မောင်ပေပင် .."

"ဗျာ .. ဗျာ ..."

"ငါ့ညီ နေမကောင်းလို့လား .."

"ဟုတ် .. ဟုတ် ..."

"ဘယ်လို ကောက်ခါငင်ခါ ဖြစ်ရတာလဲ ငါ့ညီရယ် ဟင် ..."

မောင်ပေပင်က စကားပြန်မပြောဘဲ ကျွန်တော့်မျက်နှာကိုသာ စိုက်ငေးကြည့်နေလေရဲ့။

"အမေ ... မောင်ပေပင် ဘယ်လိုဖြစ်တာလဲ ဟင်။ ကျွန်တော် က မောင်ပေပင်နဲ့ လှည်းငှားရင်းကနေ ရင်းနှီးသွားပါတယ်။ ညီငယ်လေး လို ချစ်ခင်လို့ အသိအကျွမ်းလည်းမရှိတော့ ကျွန်တော်နေတဲ့အိမ်မှာ ဝိုင်း လုပ်ကိုင်းစား ဖျော်သလိုနေပါလို့ ပြောထားပါတယ်။ မနေ့ညနေတုန်းက ခါ တိုင်းလိုပဲ ထမင်းချက်နေတုန်း ရုတ်တရက်ပျောက်သွားလို့၊ ပြန်မလာတာ နဲ့ စိုးရိမ်ပြီး အိမ်လိုက်မေးမြန်းရင်း ရောက်ခဲ့တာပါအမေ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရွှေဝါနော်"

"ဟုတ်ပါတယ် ... အမေ"

အမေကြီးက သားလုပ်သူ မောင်ပေပင်ကိုကြည့်လိုက်၊ ဆေးဆရာကြီးကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက် လုပ်ရင်းက ...

"အမေတို့သား မောင်ပေပင်က နည်းနည်း ရွတ်တွတ်တွတ် ပေကပ်ကပ်လေးကွယ့် မောင်ရွှေဝါရဲ့"

"ဟုတ်ကဲ့ပါ ... အမေ"

"မောင်ရွှေဝါရော ခုနေတဲ့ မြို့သူကြီးဦးသောမရဲ့ ရှေးအိမ်ဟောင်းကြီးမှာနော်"

"ဟုတ်ပါတယ် အမေ။ ဘာဖြစ်လို့ပါလဲခင်ဗျာ"

"မောင်ရွှေဝါ အဲဒီအိမ်ကြီးကို ရောက်တာ ဘယ်နှရက်ရှိပြီတုံးကွယ်"

"ငါးရက် ရှိသွားပါပြီအမေ"

"အိပ်လို့ရရဲ့လား"

"ရပါတယ်ခင်ဗျ။ ဘာဖြစ်လို့လဲဟင် .."

"ထူးထူးထွေထွေ ဘာများဖြစ်ခဲ့သတုံး"

"ဘာမှ မဖြစ်ပါဘူးအမေ။ ဒါနဲ့ .."

"မောင်ပေပင်တော့ ကြုံခဲ့ရပြီး ခုလို ဖြစ်သွားခဲ့တာပဲ။ ဒါ ... ပယောဂ ဆေးဆရာကြီး အဘဦးခမောက် ကုသပေးလို့ ပြန်ကောင်းစ ပြုလာတာကွယ့်"

"အမေ ... ညီငယ်မောင်ပေပင်က ဘယ်လိုဖြစ်လို့ ဆေးကုသရတဲ့ အခြေအနေထိ ရောက်သွားရတာလဲ။ အဲဒါလေး အရင်ရှင်းပြပေးပါလား အမေ"

ဒီမှာ အဖေလုပ်သူက ဆေးဆရာ ဆရာကြီးဦးခမောက်ကို လှမ်းကြည့်လိုက်တယ်။ ဆရာကြီးဦးခမောက်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ...

"မောင်ပေပင် ..."





"ဗျာ .. အဘဆရာကြီး"

"စကားပြောနိုင်မလား .."

"ပြောနိုင်ပါတယ်"

"ကြောက်စိတ်ရှိသေးလား"

"ဟင့်အင်း ... မရှိတော့ဘူး"

"ကောင်းပြီ ... ဟောဒီမြို့က ညွှန့်သည့် မောင်ပေပင်ရဲ့ အသိစိတ်တွေကို ရှင်းပြလိုက်ပါ ... လူကလေး"

ဒီမှာပဲ မောင်ပေပင်က ကိုယ်ပေါ်မှာ ခြုံထားတဲ့စောင်ကို ဖယ်ချလိုက်ပြီး ဟိုဟိုဒီဒီကို မျက်လုံးကစားကြည့်လိုက်တယ်။

"ရဲရဲပြော ... လူကလေး။ ကြောက်စရာ မလိုတော့ပါဘူးကွယ်။ အဘ လူကလေးနားမှာ ရှိပါတယ်။ ညွှန့်သည့် မောင်ရွှေဝါကိုသာ ရှင်းပြလိုက်"

"ဒီလိုပါ ... နောင်ကြီး စာရေးဆရာ။ ကျုပ်က ပေပေတေတေ၊ ရွတ်ရွတ်ရွဲ့ရွဲ့ နေတတ်တဲ့လူငယ်ပါ။ အမေတို့ရော၊ ဟောဒီရွာက လူတွေကရော နောင်ကြီး စာရေးဆရာ အခုနေထိုင်တဲ့ မြို့သူကြီးဦးသောမ တိုက်အိမ်ဟောင်းကြီးရှိရာကို မသွားမလာစေချင်ကြဘူးဗျ ... အဟွတ် ... အဟွတ် ..."

"ဘာကြောင့်များပါလိမ့် ... ညီလေးရယ်"

"ကျုပ် ဒီအကြောင်းအသေးစိတ်ကို မပြောပြတတ်ဘူး .... နောင်ကြီး။ ကျုပ်က အချို့အကြောင်းအရာတွေကို မယုံကြည်ဘူးဗျ။ ရွာထဲကလူတွေ ပြောတာက မြို့သူကြီးတိုက်ရှိရာကို ညဘက်မပြောနဲ့၊ နေ့ဘက်ထောင် တစ်ယောက်တည်း မသွားနဲ့တဲ့။ သွားခဲ့ရင် ရူးရင်ရူး၊ မရူးရင် သေရောတဲ့ဗျာ"

"ဟော ..."

မောင်ပေပင် စကားအဆုံးမှာ အနီးရှိလူများက ကျွန်တော့်ကို ဝိုင်းကြည့် အကဲခတ်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ရွာထဲက တော်တော်လေး သတ္တိကောင်းတဲ့လူမှ တုတ်တား၊ လေးခွ ကိုင်ပြီး သွားခဲ့ကြတယ်လို့ ပြောကြတာ ကြားဖူး ဒါကြောင့် ဘယ်သူမျိုးမှ နောင်ကြီးနေနေတဲ့ မြို့သူကြီး တိုက်အိုကြီးရှိတဲ့နေရာကို မသွားကြဘူး။ ဒါကြောင်းကိစ္စရှိလို့ ကျွဲပျောက်၊ နွားပျောက်ရှိရင် လူစုပြီး မြို့သူကြီးအိမ်ဟောင်း၊ တိုက်ပွဲကုန်းရွာဟောင်းဆီကို နွားပျောက်ရှာလေ့ ရှိကြတယ်ဗျ။ နေ့ ရှာလို့မတွေ့ရင် ဒီတိုင်းထားလိုက်တော့တယ်။ ညဘက် အဲဒီ တိုက်ပွဲကုန်းသုသာန် တစပြင်အရပ်ကို လုံးဝ သွားမရှာကြတော့ဘူး။ တိုတိုနဲ့ ရှင်းရှင်းပြောရရင် တစ္ဆေခြောက်ကြမ်းတဲ့နေရာ၊ ကျက်တွေသောင်းကျန်းတဲ့ နေရာအရပ်လို့ နှစ်အတန်ကြာ မှတ်ယူခဲ့တဲ့ နေရာအရပ်ပဲ နောင်ကြီး စာရေးဆရာ အခုနေတဲ့ မြို့သူကြီး ဈေးတိုက်ခံအိမ်ကြီးတာလည်း နောက်ခံရာဇဝင် ရှိတယ်တဲ့"

"ဘယ်လိုနောက်ခံရာဇဝင်တုံး ... မောင်ပေယင်"

"ကျွန်တော် စေ့စေ့စုံစုံ မသိဘူး ... စာရေးဆရာ၊ ဒီအကြောင်းတွေကို ရွာသူရွာသားတွေကလည်း မပြောခဲ့ကြဘူး။ ပြောခဲ့ရင်လည်း ရောဂါတစ်ခုခု ဝင်သလို၊ သရဲတစ္ဆေပူးသလို ဖြစ်ကြလို့ မပြောကြဘူး နောင်ကြီး သိချင်ရင်တော့ သက်ကြီးလူကြီး ရှေးမီနောက်မီတွေသာ မေး ကြည့်ပါဗျာ ... အပွတ် ..."

"ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် သတ္တိရှိတယ်လို့ ယုံကြည်ပေမင့် အများရှောင်တဲ့နေရာတွေကိုတော့ တတ်နိုင်သမျှ ရှောင်ခဲ့ပါတယ် ဒါပေမင့် လူပြောသူပြောများတဲ့အရပ်၊ လူတွေစိုးရွံ့ကြတဲ့ ရှေးမြို့သူကြီးအိမ် ဟောင်းမှာ နောင်ကြီးတို့ စာရေးဆရာနှစ်ဦး နေကြတယ်။ ကျုပ်တို့တစ်ရွာ လုံး ကြားတယ်။ စောင့်ကြည့်နေကြတယ်။ ဘယ်လိုဖြစ်သွားသလဲ၊ ရူးသွား သလား၊ ဒုက္ခိတ ဖြစ်သွားသလား၊ ဒါမှမဟုတ် သေသွားသလား၊ သေချာ ရှင်ပြေး ပြေးကြသလား၊ စောင့်နားထောင်နေကြပါတယ် ... စာရေး ဆရာ"





"အခုတော့ ကျွန်တော်တို့ တစ်တောင့်တုန်းရွာတစ်ရွာလုံး နောင်ကြီး စာရေးဆရာတို့ကို အံ့ဩသွားကြပါတယ်။ နောင်ကြီးတို့ နှစ်ရက်သုံးရက် နေ့နေ့ညည နေနေကြတယ်။ ဘာမှမဖြစ်ဘူး။ ဒီတော့ ကျုပ် ရွာထဲက လူကြီးသူမတွေ ပြောနေ၊ တားနေကြတာကို လုံးဝအယုံအကြည် မရှိတော့ ဘူးပေါ့ ... နောင်ကြီးရာ။ ပြက်ရယ်တောင် ပြုလိုက်သေးတာဆို"

"နောင်ကြီးစာရေးဆရာရဲ့ မိတ်ဆွေကြီး ဦးသိန်းဟန်ကို ကျုပ် နွားလှည်းနဲ့ လိုက်ပို့ရတော့ ဝမ်းသာလိုက်တာဗျာ။

နောင်ကြီးတို့ မြို့သားစာရေးဆရာတွေနဲ့ ရင်းနှီးရမယ်။

အခွင့်သင့်ရင် နောင်ကြီးတို့နေတဲ့ မြို့သူကြီးအိမ်ကြီးကို ဝင်ရောက် လေ့လာချင်တယ်။ ကျုပ်ဖို့ တစ်ခါမှ မရောက်ဖူးဘူးလေ။

ဒါပေမင့် အကြိမ်ကြိမ်နှိုးဆော်ကြ မြို့သူကြီးအိမ်ရှေ့က သွားမကြိုရဲ၊ တိုမောင်မိန့်သေး တစ်ခါ နောင်ကြီးတို့ကို အခွင့်လိုက်ပို့တုန်းက နွားတွေ လှည့်အော်ပြေးလို့တဲ့။

တိုတိုပြောရရင် ...

နောင်ကြီးစာရေးဆရာနဲ့ ကျုပ်နဲ့ ရင်းနှီးသွားခဲ့ကြပြီ။

နောင်ကြီးစာရေးဆရာလည်း ထမင်းဟင်းချက်ပြုတ်ဖို့ အကူအညီ လိုနေပြီ။ ကျုပ်ကိုလည်း နောင်ကြီးက အကူအညီတောင်းနေပြီ။

ဒါကြောင့် ကျုပ် နှစ်ရက်တိတိ လာပိုင်းကူချက်ပေးခဲ့တယ်။ ဒီ ဘီစ္စ အမေ့ကိုပြောပြခဲ့ပေမင့် အမေက ကြည့်လုပ်နော် လူလေးလို့ ပြော တယ်ဗျ။ ဘာမှမဖြစ်ပါဘူး အမေရာလို့တောင် ပြောလိုက်ပါသေးဗျာ။ မနေ့ ညနေက ကျုပ် ထမင်းချက်ဖို့ ဆန်ဆေးပြီး မီးဖိုပေါ်တင်နေတုန်းဗျ ...

နောင်ကြီးလည်း အပြင်မှာ လမ်းလျှောက်နေချိန်ပေါ့။

"မောင်ပေယင် ..."

"မောင်ပေယင်ရေ ..."

လူတစ်ယောက်ခေါ်သံ ... စာရေးဆရာရေ။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံက အမျိုးသမီးတစ်ဦးရဲ့ ခေါ်သံများ။

မောင်ပေပင်က ပြောရင်းက ပုံးကို ကျွံလိုက်တယ်။

အနီးမှာရှိနေကြတဲ့ လူတွေကတော့ မောင်ပေပင်ရဲ့ ပြောစကားကို စိတ်ဝင်စားစွာ နားစွင့်ကြလို့ပေါ့။

"မောင်ပေပင်ရေ ..."

အမျိုးသမီးတစ်ယောက်ရဲ့ ပီပီသသ ခေါ်သံပါ။

ကျုပ် စဉ်းစားလိုက်သေးတယ် ... စာရေးဆရာ နောင်ကြီးရဲ့။

ဒီအိမ်မှာ အမျိုးသမီးရှိတယ်လို့ နောင်ကြီး ကျုပ်ကို မပြောခဲ့ဖူး ဘူး။ ဘာကြောင့် ကျုပ်နာမည်ကို တကြော်ကြော် ခေါ်နေရတာလဲ။

နောင်ကြီးစာရေးဆရာရဲ့ အမျိုးသမီး ဧနီးများ ရောက်နေရော လား။ ရောက်ရင်လည်း နောင်ကြီး ကျုပ်ကို ပြောမှာပါ။

သို့သော် ပြောဖို့များ မေ့နေလို့လား။ ဒါမှမဟုတ် ကျုပ်ကိုပြောဖို့ မလိုလို့များ မပြောဘဲ နေရော့သလား။ စဉ်းစားတယ်။

တိုက်ခံအိမ်အိုကြီးရဲ့ အပေါ်ထပ်လို နေရာကနေ ကျုပ်ရဲ့နာမည် ကို ခေါ်နေတာ။ မောင်ပေပင်ဆိုတဲ့နာမည်ကို သူမ ဘယ်လိုလုပ်သိနေလဲ မသိဘူး။

ခေါ်နေတဲ့အသံက တစ်ခုခုကို နိုင်းချင်လို့ ခေါ်နေတဲ့အသံ။

မသွားပြန်ရင်၊ မတွေ့ပြန်ရင်လည်း ...

ကိုရွှေဝါရဲ့တပည့် ထမင်းချက်က ကျွန်မခေါ်တာကို လုံးဝမလာ ဘူး။ အရေးအကြောင်းရှိလို့မှ အားကိုးဖော်မရဘူးလို့ နောင်ကြီးစာရေးဆရာ ကို ပြန်တိုင်ပြောမှာလည်း စိုးရသေးလို့ ...

မီးမွှေးလက်စကို ရပ်ပြီး တိုက်ဟောင်းတိုက်ခံအိမ်ကြီးထဲကို အရဲ စွန့် ဝင်ခဲ့လိုက်တယ်များ။

"ဘယ်သူလဲ ..."

"ကျုပ်နာမည်ခေါ်နေတာ ဘယ်သူလဲဗျ"





"တို့ပါကွယ်"

"ဘယ်သူတုံး။ ဘယ်က တို့တုံး"

"မမ အပေါ်ထပ်မှာပါ ... မောင်ပေပင်ရဲ့။ ခဏလေး တက်ခဲ့ပါ ကွယ်။ မမ မောင်လေးရဲ့အကူအညီ လိုနေလို့ပါ ... မောင်လေးရယ်။ လှေကားအတိုင်း မြန်မြန်တက်ခဲ့ပါ။ အမြန်တက်ခဲ့ပါ ... မောင်ပေပင်ရယ်။ မြန်မြန်လေးကွယ်"

သူမရဲ့အသံက အရေးတကြီး အကူအညီ လိုနေသံမျိုးဗျ။ အသံ က အစ်အစ်အက်အက်အသံ။ ဒါနဲ့ ကျွန်းလှေကားထစ်တွေကို နင်းပြီး အပေါ်ထပ်ရှိရာကို စိုးတထိတ်ထိတ်နဲ့ တက်လာခဲ့လိုက်တယ်။

"ခင်ဗျား ဘယ်နေရာမှာတုံးဗျ"

"မမ လှေကားရဲ့ လက်ယာဘက်မှာပါကွယ်"

ဒါနဲ့ လှေကားထစ်လည်းဆုံးရော လက်ယာဘက်ကို လှည့် ကြည့်လိုက်ရော ...

"ဟာ ..."

"အမယ်လေးဗျာ ..."

"အမယ်လေး ... အမယ်လေးဗျ ..."

"ဒုန်း ဒုန်း ဒုန်း ဒုန်း ..."

"မောင် ... လေး ... မောင် ... လေး ... မမကို ... ကယ် ပါ ... ဦး ..."

"ဘုရား ... ဘုရား ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ... ဗုဒ္ဓေါ ..."

"ကျုပ် ဘုရား ... ဘုရားကို ပါးစပ်က အဆက်မပြတ်ရွတ်ပြီး လှေကားထစ်တွေကို ခုန်ကျော်ပြေးဆင်းခဲ့လိုက်တယ်။ ခေါင်းနားပန်းတွေ ကြီး၊ ကြက်သီးတွေတဖြန်းဖြန်းထ။

နောက်ပြန်လုံးဝ လှည့်မကြည့်ဘဲ ပြေးဆင်းတုန်းမှာပဲ နောက်က နေ လည်ပင်းအစ်အစ် အသံကြီးနဲ့ ကျုပ်နာမည်ကို ခေါ်နေသေးတယ်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း နောက်ကြောင်းကို လုံးဝမကြည့်တော့ဘဲ ကျုပ်တို့ရွာ ဘားခေါင့်ကုန်းရှိရာကို အသားကုန်ပြေးလာရင်း ရွာအဝင်ဝမှာ အမောဆို့ လဲကျသွားတာပဲဗျာ။

"ညီလေး ... မောင်ပေပင်"

"ဟုတ် ... ဟုတ်ကဲ့"

"ငါ့ညီက အိပ်အပေါ်ထဲမှာ ဘာကိုမြင်ခဲ့လို့လဲဟင်"

မောင်ပေပင် ကြောက်နေတယ်ဗျား။ သူတွေ့ခဲ့ရတာကို ပြန်ပြောပြဖို့ အတော်ဝန်လေးနေပုံ ဖြစ်နေတယ်။

"ပြောပါ ... ငါ့ညီ၊ မင်း ဘာကိုတွေ့လို့ ကြောက်လန့်ပြီး ပြေးခဲ့ရတာလဲ"

"ဟို ... ဟိုဗျာ ..."

"ပြောပါ ..."

ဒီမှာ မောင်ပေပင်က အနီးမှာရှိတဲ့ ပယောဂဓိဋ္ဌာသဆရာကြီး ဦးခမောက်ဆိုသူကို အားကိုးတကြီး လှည့်ကြည့်လိုက်တယ်။

"ပြောပြလိုက်ပါ ... ကြောက်စရာ မလိုတော့ပါဘူးကွယ်။ အဘ မင်းကို လက်ဖွဲ့ချည်ပေးပြီးပါပြီ။ ရဲရဲသာ ပြောလိုက်"

မောင်ပေပင်ဟာ သူ့လည်ပင်းပေါ်က ကြိုးနီ လက်ဖွဲ့အဆောင်ကြိုးကို လက်နှင့်စမ်းရင်းက ...

"ကြောက်စရာကြီးပါ ... နောင်ကြီးရာ"

"ဘယ်လိုကြောက်စရာမို့လို့တုံး"

"မိန်းမတစ်ယောက်ဗျ ... အဝတ်အစား မပါဘူး"

"ဟင် ..."

"အဲဒီအဝတ်အစားမပါတဲ့ မိန်းမဟာ သစ်သားတန်းမှာ လည်ပင်းကြိုးတန်းလန်းနဲ့ ဆွဲကြိုးချပြီး သေနေတယ်ဗျာ"

"ဟော ..."





"မျက်လုံးပြူး လျှာတန်းလန်းထွက်ပြီး နှီးသေးတွေ ထွက်နေတယ်။ ကျုပ်ကိုမြင်တော့ ... မြင်တော့ ... တန်းလန်းကျနေတဲ့ လက်တွေကို ... ဆန့် ... ဆန့်ပြီး ... လက် ... လက်ယပ် ... လှမ်း ခေါ် ... အမယ်လေး ... ကြောက်လိုက်တာဗျာ ..."

"ဖွ ... ဖွ ..."

"ဖွတဲ့ ... မကောင်းသောအေား မကောင်းသောရန်များ ... သွားတာ ... သွားဟာ"

"ဘုရား ... ဘုရား ... အမယ်လေးလေးတော် ... မသေကောင်း ... မပျောက်ကောင်းပါလားတော်"

မောင်ပေပင်ရဲ့အမေဟာ သူ့သားကိုဖက်ပြီး ငိုလိုက်သလို ကျန်လူကြီးသူမတွေကလည်း 'ဖွ ... ဖွ' လုပ် ဘုရားတ,ဖြစ်ကုန်ကြတယ်။ ကျွန်တော်လည်း ကြားရချက်ကြောင့် အလွန့်ကို အံ့ဩပြီး မယုံနိုင်အောင် ဖြစ်သွားခဲ့တယ်ဗျာ။

"မောင်ပေပင် ..."

"ဗျာ ... နောင် ... ကြီး ..."

"မင်း ... မင်း ... မိန်းမတစ်ယောက် ဆွဲကြိုးချသေနေတာကို အမှန်တကယ် မြင်ခဲ့တာ ဟုတ်ရဲ့လား ... ငါ့ညီရာ ဟင်"

"အမှန်ပါ ... နောင်ကြီးရာ၊ ကျုပ် ညာမပြောပါဘူး။ ကျုပ် ကြောက်ကြောက်နဲ့ ပြေးရင်း ရွာဝမှာ သတိလစ်သွားခဲ့တာဗျ"

ဒီမှာ ရွာသားကြီးတစ်ဦးက ဝင်ပြောလိုက်တယ်။

"ကျုပ်တို့ မောင်ပေပင် အော်ပြေးလာတာ မြင်တယ်ဗျ။ ပါးစပ်ကလည်း 'သရဲ ... သရဲ' နဲ့ အော်ပြီး ရွာဝမှာ လဲကျသတိလစ်သွားလို့ တွဲခေါ်ပွေ့တင် သယ်သာလာခဲ့ကြတာ။ ခုမှာ ပါးစပ်ကလည်း မိန်းမ ... မိန်းမ ... ကြိုးတန်းလန်းနဲ့ လျှာထွက်နေတယ်။ ကျုပ်ကို ခေါ်နေပြီနဲ့ သတိရတော့ ထိန်းလို့မရအောင် အော်ဟစ်နေတာပါ စာရေးဆရာ။ အမေ



www.burmeseclassic.com

www.burmeseclassic.com



ကယ်ပါဦး ... ကျုပ်ကို ... ဟိုမိန်းမ လှမ်းခေါ်နေပြီနဲ့ ကယောင်ဂတမ်း တွေ အော်နေတာ။ အပတော့ မီလာပြီဆိုပြီး ဆရာကြီး အဘဦးခမောက် ကို လှည်းနဲ့ သွားပင့်ခေါ်ပြီး ဆရာကြီး လက်ဖွဲ့နဲ့အုပ်ပေးလိုက်မှ ဒီကောင် ပေပင် ငြိမ်ပြီး မှန်ဖြစ်သွားတာ ... စာရေးဆရာရဲ့"

"ကျွန်တော်ကတော့ နားမလည်နိုင်အောင် ဖြစ်သွားပြီ ... အဘ တို့ရယ်။ ကျွန်တော် ဒီအိမ်မှာရောက်နေတာ လေးငါးရက် ရှိသွားပါပြီ။ အခု မောင်ပေပင်ကြုံရတာမျိုး တစ်ခါမှ မကြုံသေးပါဘူးခင်ဗျာ"

"အင်း ... မောင်ရင်လေးက ကံမြင့်နေလို့ နေမှာပါ။ မောင်ပေ ပင်က ကံနိမ့်တော့ အခြောက်ခံလိုက်ရတာပါ"

ဆရာကြီးဦးခမောက်က ကွမ်းယာရင်းက ပြောလိုက်တာ။

"အဘဆရာကြီး ..."

"ပြောပါ ... စာရေးဆရာ"

"အဲ ... အဲဒါ ... ဘာ ... ဘာဖြစ်တာခင်ဗျာ"

"တစ္ဆေခြောက်တယ်လို့ ခေါ်တာပေါ့"

"ဗျာ ... တစ္ဆေခြောက်တာ ... ဟုတ်လား"

"ဟုတ်ပေါ့ ... စာရေးဆရာရယ်၊ တစ္ဆေတို့၊ သရဲတို့၊ ကျုပ် တို့ဆိုတာ ဘုန်းကံနိမ့်သူ၊ ကလေးသူငယ်နဲ့ စိတ်အားငယ်သူများကို အခွင့် သင့်ရင် ခြောက်လှန့်တာပေါ့"

"အ ... အဘဆရာကြီး ..."

"ပြောပါ ... ပြောပါ"

"အဲ ... အဲ ... စိတ်မဆိုးပါနဲ့ ... အဘဆရာကြီးရယ် ... ဟို လေ ... တစ္ဆေသရဲတို့ဆိုတာ ... တ ... တကယ်ကော ရှိလားဟင် ... အဘဆရာကြီး"

"ရှိတာပေါ့၊ ဘုရားဟောမှာလည်း ရှိတယ်။ စာရေးဆရာတစ်ခါ မှ မကြုံဖူးသေးဘူးလား"





"ဟင့်အင်း ... ကျွန်တော် မကြုံဖူးသေးပါဘူး ... အဘဆရာ ကြီး"

"အင်း ... အင်း ... မောင်ရင် စာရေးဆရာကြီးက ခုနေတဲ့ မြို့သူကြီးအိမ်အိုကြီးအကြောင်း ဘယ်လောက်သိသတုံး"

"မသိပါဘူး ... အဘဆရာကြီး၊ အေးအေးဆေးဆေး လွတ် လွတ်လပ်လပ် စာရေးလို့ရတဲ့နေရာဆိုလို့ လာနေတာပါခင်ဗျ"

"နည်းနည်းပါးပါးရော မတီးခေါက်၊ မမေးကြည့်ဘူးလား"

"မမေးခဲ့ပါဘူး ... အဘ"

"အခု စာရေးဆရာနေတော့ တစ်ယောက်တည်းပဲလား"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ဘာမှမဖြစ်ဘူး မဟုတ်လား"

"မဖြစ်ပါဘူးခင်ဗျ"

"အေးပေါ့ ... နေလို့ရရင် နေပေါ့။ နေလို့မရရင် မနေနဲ့ပေါ့။ အခက်အခဲရှိတော့လည်း ကျုပ်တို့ သူတို့ကို ပြောပေါ့။ စာရေးဆရာလည်း ဒီအရပ်ရောက်နေတာ လေ့လေ့လာလာလေး နေပေါ့"

"ဟုတ်ကဲ့ပါ အဘ"

"ဗုဒ္ဓဘာသာ ကိုးကွယ်သလား"

"အဲ ... အဲ ..."

"ဘာသာခြားအယူ ယူသလား"

"အဲ ... အဲ ... လေ့လာနေတုန်းပါ ... အဘဆရာကြီး"

"ဘာကိုလေ့လာနေတာတုံး ... စာရေးဆရာ"

"ကျွန်တော် ဘယ်ဘာသာကိုပဲဖြစ်ဖြစ် မိရိုးဖလာ ကိုးကွယ်လို့ သားသမီးကကိုးကွယ်တာမျိုး မဖြစ်ချင်ပါဘူး ... အဘ။ ဒါကြောင့် ကိုယ့် ဗုဒ္ဓဘာသာ ထေရဝါဒရော၊ အခြားအယူဝါဒတွေရော လေ့လာနေတုန်းပါ ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ ... ဒါလည်း ဟုတ်တာပဲလေ"

"ကိုးကွယ်ရာဆိုတာ ယုံကြည်မှုရှိမှကိုးကွယ်ရာရမှာကိုး။ ကိုးကွယ်အားထားရာ ဆိုတာကလည်း ကိုးကွယ်အားထားလောက်တဲ့ အကြောင်းတရားရှိမှ အကျိုးတရားလည်းရှိမှ ကိုးကွယ်မှုကို သက်ဝင်ယုံကြည်ရတာကိုး"

"ကောင်းပါတယ် ... လေ့လာပါ ... စာရေးဆရာ။ ကျုပ်တို့ရွာသူရွာသားများကတော့ သိပ် စာမတတ်ကြပါဘူးခင်ဗျာ။ လက်လုပ်လက်စား သေစာရှင်စာနဲ့ ဘုန်းကြီးဟောကြားတဲ့ တရားပဲ နာကြားကြရတာပေါ့။ ဟို ... ဥပုသ်ကုန်းဆိုတဲ့ရွာမှာ ရွှေမျက်မှန်ဆရာတော်ဆိုတာ ရှိတယ်ကွယ့်။ သူကတော့ စာတတ်မေတတ် ဘုန်းကြီးပဲ။ ပခုက္ကူဘုန်းကြီးလို့လည်း ခေါ်တာပေါ့။ မောင်ရင်စာရေးဆရာ ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းပဲဖြစ်ဖြစ်၊ အယူဝါဒရေးရာ အကြောင်းပဲဖြစ်ဖြစ် ခု မောင်ပေပင်တို့ ကြုံခဲ့ရတဲ့ တစ္ဆေပြိတ္တာ ပရသားများအကြောင်းပဲဖြစ်ဖြစ် မေးမြန်းဆွေးနွေးချင်ရင် ပခုက္ကူဆရာတော်ထံ သွားသွားမေးဗျ။ ကျုပ်တို့လည်း အကြောင်းရှိရင် ပခုက္ကူဘုန်းကြီးကို မေးမြန်းလျှောက်ထားရတာပဲ။ စာရေးဆရာကြီးကို တွေ့တုန်းကြုံတုန်း မေတ္တာရပ်ခံချင်တာကို ကျုပ်တို့ဒေသအကြောင်းလေးလည်း စာရေးလို့ရရင် ရေးစမ်းပါဗျာ ... နော်"

"ဟုတ်ကဲ့ပါ ... အဘ၊ ကျွန်တော် အဘတို့၊ အမေတို့၊ ဦးကြီးတို့ကို ကိုယ့်ဆွေမျိုးသားချင်းလို့ မှတ်ပါမယ်။ လေ့လည်း လေ့လာပါမယ်။ ကျွန်တော့်ကိုလည်း ပြောစရာဆိုစရာ အသိပေးစရာရှိရင် အားမနာပါနဲ့၊ ဆုံးမပါ၊ အသိပေးပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျ"

"သာဓုဗျာ ... သာဓု ... သာဓု ... လူလိမ္မာသား ယဉ်ပါ။ လူမိုက်သား ရမ်းကားသတဲ့။ စာရေးဆရာရဲ့ အပြောအဆို အသွင်အပြင်လက္ခဏာက လူကောင်းသူကောင်း လက္ခဏာပါ။ ကျုပ်တို့ရွာလည်း ဝင်ပါထွက်ပါ။ ကျုပ်တို့ကလည်း ကိုယ့်တူကိုယ့်သားလို့ သဘောထားပြီး ကူညီလို့ရတာ ကူညီပါ့မယ်ဗျာ"





"ဝမ်းသာလိုက်တာ ... အဘတို့ရယ်။ ကျွန်တော်ပညာရှာတုန်းပါ။ အသိတွေကို စုဆောင်းတုန်းပါခင်ဗျာ။ ဪ ... မောင်ပေပင်ရေ"

"ဗျာ ... နောင်ကြီး"

"ရော့ ... ဒါ ညီလေးစယ်စားချင်တာလေးစားဖို့ အစ်ကိုမုန့်ဖိုးပေးတာ ယူပါနော်"

"ဟာ ... နောင်ကြီး။ မလုပ်ပါနဲ့ဗျာ။ ကျွန်တော် မယူပါရစေနဲ့နောင်ကြီးရာ၊ နောင်ကြီး လာသတင်းမေးတာပဲ ဝမ်းသာပါပြီဗျာ"

"အစ်ကိုကို အားမနာပါနဲ့ ... ငါ့ညီ"

"မလုပ်ပါနဲ့ဗျာ။ ကျုပ်လည်း အဘဆရာကြီးကျေးဇူးကြောင့် နေကောင်းလာပါပြီ။ ဒါပေမင့် ..."

မောင်ပေပင်က ကျွန်တော်စေတနာနဲ့ပေးတဲ့ ငွေကို လက်မခံပါဘူးဗျာ။ ရိုးသားတဲ့ တောသူတောင်သားတွေဟာ သူတို့လုပ်အားခကလွဲရင် အလကားပေးတာကို လက်မခံဘူးခင်ဗျ။

"ဒါပေမင့် ... ဘာဖြစ်တုံး"

"ကျုပ် ... ကျုပ် ... နောင်ကြီးနေတဲ့ မြို့သူကြီးတိုက်အိမ်ကို မလာတော့ဘူးဗျာ"

"အစ်ကိုရှိနေရင်ရော မလာတော့ဘူးလား"

"ကြောက်တယ်ဗျာ"

ဒီမှာ မောင်ပေပင်ရဲ့အမေက ...

"စာရေးဆရာရေ ... သားကိုတော့ အဲဒီမခေါ်ပါနဲ့တော့တော်။ ကြားရချက်က အမေကြီးသာဆို နေရာတင် လိပ်ပြာလွင့်ပြီး သေမှာပါတော်။ ဒီမှာ ... စာရေးဆရာကြီးရဲ့ ..."

"ဟုတ်ကဲ့ ... ပြောပါ အမေ"

"ငါ့တူ စာရေးဆရာကြီးလည်း အဲဒီ မြို့သူကြီးအိမ်မှာရော၊ အဲဒီဆိုက်ပွဲကုန်းဆိုတဲ့ နေရာဝန်းကျင်မှာရော မနေပါနဲ့တော်။ စာရေးဆရာကြီးနေချင်သပဆို ကျုပ်တို့ ပခုက္ကူဆရာတော်ထံ လျှောက်ထားပြီး ဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ အနိုက်အတန့်နေလို့ရအောင် စီစဉ်ပေးပါ့မယ်တော်။ ဘယ့်နှယ်တုံး ...”

“ကျေးဇူးပါပဲ အမေ၊ ကျွန်တော်စောင့်ကြည့် လေ့လာလိုက်ပါဦးမယ်ခင်ဗျ။ အမေတို့၊ အဘဆရာကြီးတို့၊ ဦးကြီးတို့၊ ကြီးတော်တို့ ကျွန်တော့်ကို ပြန်ခွင့်ပြုကြပါဦးခင်ဗျာ”

“ကောင်းပါပြီကွယ် ... သွား ... သွား ...”

“ရွာထဲလည်း လာခဲ့နော် ... ငါ့တူ”

“ဟုတ်ကဲ့ပါ ခင်ဗျာ”

“ရွာထဲရောက်ရင် စားရေးသောက်ရေး မပူနဲ့ကွယ့်။ ငါတို့ရွာသားတွေ တောသူတောင်သား ဆင်းရဲသားပေမင့် သဒ္ဓါတရားမခေါင်းရဲဘူး .. စာရေးဆရာရေ”

“ကျေးဇူးပါပဲခင်ဗျာ။ မောင်ပေပင်ရေ ... အစ်ကို ပြန်မယ်”

“ဟုတ်ကဲ့ခင်ဗျ။ ဩော် ... နောင်ကြီး စာရေးဆရာ”

“အေး ... ပြော ... ညီလေး ပြော”

“ကျုပ် နောင်ကြီးတိုက်ကို မလာနိုင်တော့ပေမင့် ကျုပ်တို့အိမ်တော့ မကြာမကြာ လာပါဗျာ။ ကျုပ်က နောင်ကြီးကို ကျုပ်အစ်ကိုလို ခင်လို့ပါဗျာ ... နော် ... နောင်ကြီး”

ဩော် ... သံယောဇဉ် ... သံယောဇဉ်။

တစ်မိတ်မ်းထဲက မွေးဖွားတာမဟုတ်ကြပေမဲ့ တစ်ဦးကိုတစ်ဦး ခင်မင်ယုံကြည်လေးစားကြသည်နှင့် ဆွေမျိုးရင်းနှယ်မခြား။ ညီအစ်ကို မောင်ရင်းနှမလို တွယ်တာကြတာပါကလား။

✿ ✿ ✿

[၈]

ကျွန်တော် အိမ်ပြန်ရောက်တာနှင့် မောင်ပေပင်ကိုခြောက်လှန့်သည့် တစ္ဆေ ... တစ်နည်း မောင်ပေပင် မြင်ခဲ့ရသည့် ကြိုးဆွဲချသေနေသည်ဆိုသော အိမ်အပေါ်ထပ်သို့ လှေကားထစ်များနင်းပြီး တက်လာခဲ့လိုက်တယ်ဗျာ။

တစ္ဆေတဲ့။

ဟုတ်ပါ့မလား။ ကျွန်တော် ဒီအိမ်ကြီးကို ရောက်နေတာ ငါးရက်ရှိသွားခဲ့ပါပြီ။ ကျွန်တော်တစ်ယောက်တည်း အိပ်နေတာက နှစ်ရက်နှစ်ည။

မောင်ပေပင်ကို အိမ်ပေါ်ကနေ နှာမည်ခေါ်သတဲ့။

ထူးဆန်းလှချည်ကလား။

လူဆိုလို့ ကျွန်တော်တစ်ယောက်တည်းရှိတဲ့ အိမ်အိုကြီးရဲ့ အပေါ်ထပ်က အမျိုးသမီးတစ်ယောက်က အသံအစ်အစ်နဲ့ ခေါ်သတဲ့။

အကူညီလိုလို့ မြန်မြန်လာခဲ့ပါတဲ့ဗျာ။

ဘယ်မှာ ဒီအိမ်မှာ မိန်းမသားရှိလို့တုံး။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့ညကပဲ အမေကြီး ဒေါ်ကြူတိုင်းဆိုသူ ဟင်းတစ်ခွက် လာပေးသွားတာရှိတယ်။ အမေကြီး ဒေါ်ကြူတိုင်းရဲ့အသက်က (၇၀)နှစ် ခန့် ...

ကျွန်တော် ကျွန်းလှေကားအိုကြီးကို တစ်ထစ်ချင်းနင်းပြီး အပေါ် ထပ်ကို ရောက်အောင်တက်ခဲ့လိုက်တယ်။

အပေါ်မှာ အခန်းနှစ်ခန်းရှိတယ်။

အခန်းနှစ်ခန်းလုံးရဲ့ တံခါးတွေကို လက်သီးဆုပ်ခန့်ရှိတဲ့ ဂျာမ လုပ် ရှေးသော့ကြီးတွေနဲ့ ခတ်ထားတာ။

သော့နှစ်လုံးစလုံး သံချေးတောင်တက်နေပြီ။

မောင်ပေပင်မြင်ရတယ်ဆိုတဲ့ လှေခါးရဲ့ လက်ျာဘက်က အပေါ် သစ်သားတန်းကို မော့ကြည့်လိုက်တော့ ..

မောင်ပေပင် မြင်ခဲ့ရတဲ့ ကြိုးဆွဲချ သေနေတဲ့မိန်းမကို မမြင်ရပါဘူး ဗျာ။ သို့သော် သစ်သားကြမ်းပြင်မှာတော့ အညိုကွက်လို ညစ်ပေနေတာ တော့ နည်းနည်းရှိတယ်။ ဖုန်တွေရောနေတဲ့ ခပ်ညိုညိုအကွက်။

ကျွန်တော် အပေါ်ကို ထပ်ပြီး မော့ကြည့်လိုက်တယ်။

သစ်သားတန်းမှာ ဘာမှမရှိဘူး။

နံဘေးနံဘီကို လိုက်ကြည့်တယ်။

ဖုန်တက်နေတဲ့ ကြမ်းခင်းဘဲ မြင်ရတယ်။

မောင်ပေပင် အမြင်မှောက်တာနေမှာပါ။ တစ်ခါဖူးမျှ မရောက်ဖူး တဲ့နေရာ။ ပြီး .. ဟိုလူ့ဒီလူက ဒီမြို့သူကြီးဟောင်း နေအိမ်ကြီးကို စိုးရိမ်ပြီး လေသံကြားပုံပြင်တွေ နားဝင်ပြီး သံသယရှိတဲ့နေရာ။

အဲ့ဒီလို လူပြောများတဲ့ အိမ်ကြီးမှာ နားစွဲမှားပြီး တက်လာရင်း အမြင်မှောက်ပြီး ကြောက်လန့် ဖျားနာသွားတာနေမှာပါ။

ကျွန်တော် အခန်းပတ်ထားတဲ့ ဝရန်တာကာ လျှောက်ယင်း အတိုင်း ရှေ့ကို ပတ်လျှောက်ကြည့်ဖို့ ရှေ့တိုးသွားစဉ်မှာပဲ ..

"ရှရော ..."





"ဘုတ် .."

"ဘာ .. ဘာလဲဟ"

အပေါ်ကနေ တစ်ရှရှလျှောကျလာတဲ့အသံဗျ။ ကျွန်တော် ကဗျာ ကရာ လှည့်ကြည့်လိုက်ရော ...

"ဟင် .."

ကြိုးတစ်ချောင်းဗျာ။ အလို .. ရိုးရိုးကြိုး မဟုတ်ပါကလား။ ကွင်းလျှောစုံးချည်ထားတဲ့ ကြိုးဟောင်းပြတ်တစ်ချောင်း။

ဟာ ... ဒီကြိုးပုံစံက ကြိုးဆွဲချသေတဲ့လူမျိုး လည်ပင်းမှာ စွပ် ထားရှိတဲ့ ကြိုးကွင်းမျိုးဗျာ။

အပေါ်ကို ကျွန်တော် မော့ကြည့်လိုက်တယ်။ လွှပ်ရှားသံ မကြား ရဘူး။ စောစောက ကျွန်တော် ဂရုတစိုက် ကြည့်တာပါဗျာ။ ကြိုးနဲ့တူလို့ ... တစ်မျှင်တောင် မရှိတာဗျ။

ရှေ့တိုး ခြေလှမ်းတုန်းရှိသေး ကြိုးပြတ်ကြီးအပေါ်က ကျလာတာ ... နေရပြီ။ ဘယ်လိုဖြစ်ရတာတုံး။

ဒါနဲ့ ကျွန်တော် ကြိုးကွင်းပြတ်ကို ကောက်ယူမယ်လို့လည်း လက် ... လိုက်ရော ...

အလိုလေး ...

မကြုံဖူး အဖြစ်ပါကလား။

ကြိုးကွင်းပြတ်က မြွေတစ်ကောင်လို လွန့်နေတယ်။ ငါများ ... မှောက်လို့လား။ တစ်ပေသာအကွာကနေ ရပ်ကြည့်လိုက်တယ်။ ဟုတ် ... ကြိုးက လူးလွန့်နေတာ၊ တွန့်လိမ်နေတာ အရှင်းသား မြင်နေရ ... ဗျာ။

အလို ... အလို ...

ကြိုးပြတ်ရဲ့အစပိုင်းက မြွေပါးပြင်းတောင်သလို ထောင်ပြနေပါ ... ကြိုးစစ်စစ်မှ ဟုတ်ရဲ့လား။ မြွေများ ဖြစ်နေရော့လား၊ နောက် ... ဆုတ်ပြီး ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပဗျာ ...။

ကြိုးကွင်းက တွန့်လိမ်ပြီး ကြိုးစက ပါးပြင်းထထောင်နေတာ။ ဒါ ဘာလဲ ...အာသဘောလဲ။ မျက်လှည့်ပြနေတာလား။

"ဟာ ...ဟာ ...ဘယ့်နှယ် ...ဘယ့်နှယ် ..."

ပါးပျဉ်းထောင်နေတဲ့ ကြိုးစက ကျွန်တော့်ဘက်ကို မျက်နှာမူပြီး ယိမ်းထိုးနေပါလား။ ဟင် ...ရှေ့ကို တရွေ့ရွေ့ လူးလွန့်ယိမ်းထိုး တိုးလာနေတာ။

ကျွန်တော့်ရင်ထဲ တင်းခနဲ ဖြစ်သွားတယ်။

ကြက်သီးဖြန်းခနဲထပြီး ခေါင်းနားပန်းပါ ကြီးသွားတယ်။

အဝိဇ္ဇာဇာက – အသက်မရှိတဲ့ကြိုးက အသက်ဝင်ပြီး လူ့ရှိရာကို တရွေ့ရွေ့ လာနေပြီ။ ဘာလုပ်ရမလဲ။ ဒီထူးဆန်းတဲ့ကြိုးက ငါ့ကို ဘာလုပ်မလို့လဲ၊ နောက်ကိုအမြန်ဆုတ်ပြီး ဟိုဟိုဒီဒီ မျက်စိကစားလိုက်တော့ ပေါက်တူးရိုးလို သစ်သားတုတ်တစ်ချောင်း တွေ့တာနဲ့ ကောက်ယူလိုက်ပြီး တရွေ့ရွေ့ လူးလွန့်တိုးလာနေတဲ့ ပါးပြင်းထောင်ကြိုးရဲ့အပေါ်ကို စုံကိုင်ရိုက်ချလိုက်တယ်။

"ဖုံး ..."

"ဖုံး ...ဒုန်း ...ဖြောင်း ..."

"ကဲဟာ ...ကဲဟာ ...နင်က ဘာတုံး ...သေဟာ"

"ဝုန်း ..."

"ဒုန်း ...ဖြောင်း ..."

ကြိုးကရှေ့တိုး ကျွန်တော်က ပေါက်တူးရိုးနဲ့ရိုက်၊ ပါးပျဉ်းထောင်ကြိုးကို ထိပြီ။ ကြိုးက ကြမ်းပြင်ပေါ်မှာ လူးလွန့် ပြန်ထ။

နောက်ထပ် ဖိရိုက်၊ ထပ်ရိုက်၊ ဆက်တိုက်ရိုက်။

ကျွန်တော် ဒေါသထွက်ထွက်နဲ့ အချက်ပေါင်းများစွာ ရိုက်လိုက်တာဗျာ ပေါက်တူးရိုးလည်း ပိုင်းပိုင်းကျိုးသွားပြီ။





ကျွန်တော့်တစ်ကိုယ်လုံးလည်း ချွေးရွှဲရွှဲစိုပြီး နဖူးကနေ ချွေးသီးတွေ ကြွေကျနေပြီ။

ထူးဆန်းတဲ့ကြိုးကွင်း ပါးပျဉ်းထောင်ပြီး လိုက်လာတဲ့ကြိုးကွင်း အပိုင်းပိုင်း ပြတ်သွားပြီ။

လုံးဝ မလှုပ်တော့ဘူး။

ကြည့်စမ်း ...။ ကြိုးမှ တကယ့်ကြိုးဟောင်းကြီး။

ကြိုးဟောင်းကြီးကို ကျွန်တော် ဘာလို့ အပိုင်းပိုင်းပြတ်အောင် ဒေါသတကြီး ရိုက်ပစ်ရတာလဲ။ ကျွန်တော် ပြန်စဉ်းစားတယ်။

မြွေလို့ထင်ပြီး ရိုက်တာလား။

အဲလို အတွေးအမြင်နဲ့ အချက်ပေါင်းများစွာ ရိုက်တာမဟုတ်ဘူး။

ဒါဆို ဘာလို့ မင်း ဒေါသတကြီး တုတ်ကျိုးအောင် ရိုက်ရတာလဲ ရွှေဝါ။

စိုးရိမ်ပြီး ရိုက်တာဗျာ။

ဘာမှန်းမသိလို့ ငါ့အကြောင်း သိရောဟာဆိုပြီး ရိုက်တာ။

ကျွန်တော် မကြောက်တာတော့ သေချာတယ်။

သည့်နောက် ကြိုးပြတ်တွေကို စွန့်ပစ်ဖို့ အမှိုက်ကျုံးဂေါ်ပြား အောက်ထပ်မှာ ဆင်းယူပြီး အပေါ်ကို ပြန်တက်လာလိုက်ရော ...

ကျွန်တော် မရူးသေးဘူးလို့ ကျိန်းသေ ပြောရဲတယ်ဗျာ။

ကျွန်တော် လုံးဝ မရူးဘူး။

ဦးနှောက် မပျက်သေးဘူး။

ဦးခေါင်း ထိခိုက်ခဲ့ဖူးပေမင့် ကျွန်တော့်ကိုယ်ကျွန်တော်မှန်း သိနေပါသေးတယ်။

သို့သော် ...

အံ့ဩဖို့ကောင်းတာက ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရိုက်ချက်နဲ့ အပိုင်းပိုင်းပြတ်နေတဲ့ ထူးဆန်းတဲ့ကြိုး မရှိတော့ဘူး။ တစ်မျှင်တစ်စတောင် မရှိတော့ဘူး။ ကျန်နေတာက သုံးပိုင်းကြိုးနေတဲ့ သစ်သားပေါက်တူးရိုး အပေါင်းကြီးပဲဗျ။

ကြိုးပြတ်စတွေ ဘယ်ရောက်သွားတာလဲ။

ဘယ်သူလာ သိမ်းယူသွားသလဲ။

ကြမ်းပြင်ပေါ်မှာ ခြေရာမရှိဘူး။ တစ်စုံတစ်ဦးကို မမြင်ရဘူး။ မကျေနပ်သေးဘူးဗျာ။ အမှိုက်ကျုံးဂေါ်ပြားကို ကိုင်ပြီး အပေါ်ပတ်လမ်းကို တစ်ပတ် လျှောက်ကြည့်လိုက်တယ်။

ပြတင်းပေါက်တံခါးတွေ အပေါ်ထပ်မှာ အားလုံးပိတ်ထားတယ်။

ကျွန်တော် ပြတင်းပေါက်တံခါးတွေကို တွန်းကြည့် ဆွဲကြည့်တယ်။ လုံးဝမပွင့်ဘူး။ ဟိုဟိုဒီဒီ ခြံထဲကို အပေါ်ထပ်ကနေ လိုက်ကြည့်တယ်။

သစ်ပင်၊ ဝါးပင်တွေ လေတိုက်ပြီး လှုပ်လို့။

ဘယ်သူမှ မရှိဘူး၊ ဘာလှုရိပ်မှ မရှိဘူး။

စိတ်ကျေနပ်မှုရှိတော့မှ အောက်ထပ်ပြန်ဆင်းလာပြီး ခုတင်ပေါ်ထိုင်မယ်လုပ်ရော …

“ဟာ …”

ကျွန်တော့်ခုတင်ပေါ်က ငွမ်းကပ်အခင်းပေါ်မှာ ကြိုးပြတ်အပိုင်းပိုင်းတွေ ပြန့်ကျဲလို့။

✿ ✿ ✿

[၉]

❑

ဆန်းတာတော့ ဆန်းနေတာပဲ။

တွေးတောစဉ်းစားကြည့်လိုက်တော့ တစ်စုံတစ်ယောက်သောသူ ယူလာ မတင်ထားဘဲနဲ့ ဒီကြိုးပြတ်တွေ ကျွန်တော့်ခုတင်အိပ်ရာပေါ် ရောက်နေစရာ အကြောင်းမရှိဘူး။

ဘယ်သူလာတင်တာလဲ။

လက်သည်ကို ကျွန်တော်မသိဘူး။

လက်သည်ကတော့ အတော့်ကို လျင်မြန်ပါးနပ် ကျွမ်းကျင်သူဖြစ်ပုံရတယ်။ ကြိုက်တယ်ဗျာ … ကျွန်တော်က အဲဒီလို လျှို့ဝှက်သည်းဖိုဇာတ်မျိုးကို ပိုကြိုက်တယ်။

မောင်ပေပင်ကို ချောက်ချားအောင်လုပ်ခဲ့တာ ဒီကြိုးခွေပဲလားမသိဘူး။ ကျွန်တော် ကြိုးပြတ်တွေကို အမှိုက်ပုံမှာ မီးတင်ရှို့လိုက်တော့ …

“အေ့ … ဝေါ့ … ဝေါ့”

“အေ့ … ဝေါ့ … ဝေါ့”

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တောက် ... နဲ့လိုက်တဲ့ ပုပ်အဲ့အဲ့ အနံ့ဆိုးများ။

ကြိုးပြတ်တွေ မီးပုံရှို့တာ အောင့်အန်ချင်စရာကောင်းတဲ့အပုပ်နံ့တွေ ထွက်လာတယ်။

ထူးတာ●တော့ ထူးနေပြီ။

ကျွန်တော် မကြောက်ပါဘူးများ။

ဒီအိမ်မှာ ဘယ်လိုလူထူးလူဆန်း ဖြစ်ရပ်ဆန်းတွေ ရှိနေသလဲ။ အဲဒါ စုံစမ်းရမယ်။ ဘာကြောင့် တားဆောင့်ကုန်းရွာကလူတွေ ဒီမြို့သူကြီး အိမ်အိုကြီးကို စိုးရွံ့ကြတာလဲ။

တစ္ဆေလား ...

သရဲခြောက်တာလား ...

ကျွန်တော် တစ္ဆေကို မြင်ဖူးချင်တယ်။

သူတို့ ဘယ်လိုပုံသဏ္ဍာန်ရှိသည်လဲ ...

သူတို့ ဘယ်လိုကြောင့် တစ္ဆေဆိုတဲ့ဘဝကို ရောက်နေရတာလဲ။ ဒီအိမ်ကြီးကို လူတွေ ဘာကြောင့် စိုးရွံ့ကြတာလဲ။ တစ္ဆေဆိုတာ တကယ်ရှိရင် ကျွန်တော်နဲ့တစ္ဆေ မိတ်ဖွဲ့လို့ရမှာလား။

ကျွန်တော့်အနာဂတ်ရှေ့ရေးမှာ ရန်သူမလိုချင်တော့ဘူးများ။

ရန်သူတွေနဲ့ တောထဲတောင်ထဲမှာ သူသေကိုယ်သေ တိုက်ခဲ့ သတ်ခဲ့ သေခဲ့ကြဖူးတယ်။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်ဖက်နှင့်တစ်ဖက် မမြင်ဖူးကြပါပဲ ...

ဝါဒအစွဲကြောင့် ...

စနစ်အစွဲကြောင့်၊ ယုံကြည်ချက်ကြောင့် ရန်သူလိုသဘောထားပြီး မုန်းခဲ့ကြ၊ တိုက်ခဲ့ကြ၊ အငြိုးကြီးခဲ့ကြတာ။

ကျွန်တော် ဝါဒစွဲကို တဖြည်းဖြည်း ခဝါချနေပါပြီ။

အမုန်းကို နှလုံးမစွဲမိဖို့ ကြိုးစားနေရှိန်ပါ။

ချစ်တဲ့သူကို လိုချင်တယ်။ မိတ်ကောင်းဆွေကောင်းတွေကို မျှော်လင့်တယ်။ မုန်းသူနဲ့ မနေချင်ဘူး။ ချစ်သူတွေ၊ မေတ္တာရှင်တွေနဲ့ အတူနေချင်ပါတယ်များ။





ကျွန်တော် ဒီမြို့သူကြီး တိုက်ခံအိမ်ကြီးကို ရောက်ခဲ့တာ ရန်သူရှာဖို့ မဟုတ်ဘူး ... စာရေးချင်လို့ပါ။ ရှေးဟောင်းမြို့တွေရဲ့သမိုင်း၊ လူနေမှုဘဝ၊ သူတို့ဘာကြောင့် ဘုန်းတန်ခိုးကြီးခဲ့သလဲ၊ သူတို့ဘာကြောင့် အုရားတွေ တည်ခဲ့သလဲ။ စစ်ပွဲကြီးတွေဟာ ဘာကြောင့် ဖြစ်ပွားခဲ့ရတာလဲ”

“စစ်ပွဲကြီးတွေဟာ ဘယ်သူတွေအတွက် စစ်တိုက်ကြတာလဲ။

စစ်ပွဲတွေရဲ့ ရလဒ်က ဘာလဲ။ ကျွန်တော် အဲဒီအကြောင်းတွေကို ရေးချင်တာပါ။

ပဒေသရာဇ်စနစ်ရဲ့ အမုန်း။

ပဒေသရာဇ်စနစ်ရဲ့ အချစ်။

ပဒေသရာဇ်ခေတ်ရဲ့ သူရဲကောင်းတွေအပေါ် ထားတဲ့မေတ္တာ၊ စေတနာ၊ ရဲရွမ်းသတ္တိရှိတဲ့ ရန်သူ သူရဲကောင်းကို ဘာ့ကြောင့် မမုန်းဘဲ ရင်ဆိုင်နိုင်ခဲ့ရတာလဲ။

အဲဒီအကြောင်းတွေကို ခံစားရေးဖွဲ့ဖို့ စာအုပ်တွေ၊ မှတ်စုတွေ၊ စာရွက်တမ်းတွေနဲ့ ဒီအိမ်ကြီးကို ရောက်လာခဲ့တာပါ။

ကျွန်တော်တို့ ခေတ်သစ်မှာ တိုက်ရဲစွမ်းရှိတဲ့ရန်သူကို သူကောင်းပြုရဲတဲ့ နှလုံးသား မရှိဘူး။

ချီးမွမ်းဖို့ ပါးစပ်မပါကြဘူး။ ရန်သူကို ဘယ်လိုနည်းနဲ့ တိုက်တိုက်၊ အနိုင်ရတာကိုပဲ ရဲစွမ်းသတ္တိလို့ ယူဆနေကြတယ်။

သေရဲတိုင်း သတ္တိမဟုတ်တာကို ကျွန်တော် သိခဲ့ပြီးပြီ။

သတ်ရဲတာ၊ တိုက်ရဲတာ သတ္တိမဟုတ်မှန်း ကျွန်တော် သိခဲ့ပြီးပြီ။ ဝါဒတွေမှန်သမျှ၊ စနစ်တွေမှန်သမျှ အတ္တချည်းပါပဲ။ အတ္တကြောင့် မာန ဖြစ်ပြီး မာနကြောင့်လည်း ကဲ့ရဲ့သကြိုဟ် ဒေါသအမုန်းတွေ ဖြစ်တည်ခဲ့ကြပြီး ရန်လိုတဲ့စစ်ပွဲတွေ ဖြစ်ကြ ...

အိုးအိမ်တွေ မီးလောင်ပျက်စီး ...

စစ်ပြေးဒုက္ခသည်တွေဖြစ်၊ ရောဂါဘယနှင့် ငတ်မွတ်ခေါင်းပါး ကြွတွေက လွှမ်းခြုံ ...



www.burmeseclassic.com

www.burmeseclassic.com



သွေးနဲ့မျက်ရည်က အဆီအနှစ်မဲ့တဲ့ မြေကြီးစာဖြစ် ...

အဲဒီလို လူ့စရိုက်ဆိုး တစ်ဖက်စွန်းဝါဒမှာ ကျွန်တော်တို့လူငယ်တွေရဲ့ စိမ်းလန်းနုပျိုတဲ့ဘဝ၊ ပူလောင်ရင့်ရော် ပါကြွေခဲ့ရပြီးပြီ။

အားလုံးကို ချစ်ပါရစေ။

အားလုံးရဲ့အချစ်ကို သန့်ရှင်းစွာ ရယူပါရစေ။

ကျွန်တော့်အတွေးတွေ လွှားလာစုန်ဆန်ဖြစ်နေတယ်။ ရှိပါစေလေ။ အခု ကျွန်တော် မြို့သူကြီးဟောင်းရဲ့ တိုက်ခံအိမ်အိုကြီးမှာ ရောက်နေပါတယ်။

တိုက်ပွဲကုန်းဆိုတဲ့ အိမ်မရှိ၊ လူမနေအရပ်မှာ ရောက်နေပါတယ်။

အိမ်ရှင်တို့ခင်ဗျား ...

ကျွန်တော် ခင်ဗျားတို့ကို ရန်ရှာဖို့ ရောက်လာတာ မဟုတ်ပါဘူး ခင်ဗျာ။

ကျွန်တော် အေးအေးဆေးဆေး စာရေးချင်လို့ပါ။

ရေးလက်စစာအုပ် ပြီးသွားရင် ကျွန်တော် ရန်ကုန်ကို ပြန်မှာပါ။ ကျွန်တော့်ကို ရန်သူလို သဘောမထားကြပါနဲ့ဗျာ။

သည့်နောက် ... ညစာချက်ပြုတ်စားသောက်ပြီး ရေးလက်စ ဝတ္ထုရှည်ကို စိတ်ပါဝင်စားစွာ ရေးနေလိုက်တယ်။

စာရွက်တွေ တစ်ရွက်ပြီးတစ်ရွက် ရေးလိုက်တာ ကျွန်တော့်ရှေ့မှာ စာရွက်တွေ ပုံနေပြီဗျာ။

ရေးရင်း တစ်ချက် သမ်းလိုက်တယ်။

ဒါနဲ့ နာရီကိုကြည့်လိုက်တော့ ညဉ့်ဆယ့်နှစ်နာရီရောက်နေပြီ။ ဖောင်တိန်ကိုပိတ်ပြီး အာလာဒင်မီးအိမ်ကို မီးစာမှိန်လိုက်တယ်။ အလင်းရောင် ယဲ့ယဲ့မှုံပဲရှိတော့တယ်။

သည့်နောက် ခုတင်ပေါ်လှဲချပြီး အိပ်ဖို့ အားယူနေတုန်းမှာပဲ ...

တရှုပ်ရှုပ်နဲ့ ခြေသံတွေ ကြားရတော့တာပဲဗျာ။

ကျွန်တော် အိပ်မပျော်သေးဘူး။

စိတ်ကူးသစ်စာပေ



ခြေသံတွေက ဗိုများလာတယ်။

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် ... အဲဒီထက်မက ခြေသံများ။

အသာနားစွင့်ပြီး အသင့်ရှိနေလိုက်တယ်ဗျာ။

လက်နှိပ်မီးနဲ့ ထိုးမကြည့်သေးဘူး။

သူတို့ ဘယ်သူတွေလဲ ... ဘယ်လိုလူတွေလဲ၊ ညဉ့်သန်းခေါင်အချိန်မတော် လူစုလူဝေးနဲ့ လှို့လှို့ဝှက်ဝှက် ဘာ့ကြောင့် ကျွန်တော်နေတဲ့ အိမ်ထဲကို လာနေကြတာလဲ။ ကျွန်တော့်ကို ရန်ပြုမလို့လား။ သူတို့ အိမ်ရှေ့တံခါးကို ဘယ်လိုဖွင့်ကြပါလိမ့်ဗျာ။

ခြေသံတွေက ကျွန်တော့်ကုတင်ရှိရာကို လာနေကြတာ မဟုတ်ဘူးဗျ။ အပေါ်ထပ်ကိုတက်တဲ့ လှေကားအတိုင်း တက်သွားတဲ့ခြေသံမျိုးတွေ ...

ဒါဆို ခြေသံရှင်တွေဟာ ကျွန်တော့်ကိုရန်ရှာဖို့ မဟုတ်ဘူးဆိုတာ သေချာသလောက်ပဲ။ အာလာဒင်မီးအိမ်ကိုလည်း မီးမမြှင့်ရသေးဘူး။ သူတို့က လူအင်အား များနေပုံပဲလေ။

မီးစာကိုမြှင့်လိုက်မှ ကျွန်တော်နိုးနေမှန်းသိသွားရင် ...

သူတို့လျှို့ဝှက်ချက်ကို သိသွားမှာစိုးပြီး ဝိုင်းဝန်းလုပ်ကြံလိုက်ရင် ကိုယ်သေသွားမယ်။

အသာ အိပ်ချင်ယောင် ဆောင်နေလိုက်တယ်။

"ရှုပ် ... ရှုပ် ... ရှုပ် ... ရှုပ် ....."

"ဖလပ် ... ဖလပ် ... ဖလပ် ..."

"ဂျလောက် ..."

ဟော ... ဒါ အပေါ်ထပ်က အခန်းရဲ့ တံခါးသော့ကိုဖွင့်နေတဲ့ အသံပဲ။

"ကျွီ .... ကျွီ .... ကျွီ ..."

တင်းကြပ်ပုံရတဲ့ တံခါးဖွင့်သံ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခုန်း ... ဂလုန်း ..."

"ဝရော ..."

"ဂလုန်း ..... ကျွီ"

အလို ... ခုံတွေရွှေ့နေတဲ့ အသံပါလား။ ခြေသံပြင်းပြင်းတွေလည်း ကြားရတယ်။ ခုံကို ခပ်ကြမ်းကြမ်းရွှေ့သံ၊ ခြေထောက်နဲ့ ကြမ်းခင်းကို ဆောင့်သလိုပြုနေတဲ့အသံတွေ။

ပြီးတော့ သလိပ်ဟပ်တဲ့အသံ၊

စားပွဲခုံကို ခေါက်နေတဲ့အသံ၊

ဟော ... အသံတွေ တိတ်သွားပြီ။ ငြိမ်သွားကြပြီ။

ကျွန်တော် မီးအိမ်ကိုငြိမ်းလိုက်ပြီး အသာငုတ်တုပ်ထထိုင်လို့ နားစွင့်နေတုန်းမှာပဲ စကားပြောသံတွေ ကြားရတော့တာပဲဗျား။ အသံက ခပ်တိုးတိုးအုပ်အုပ် ပြောနေတဲ့အသံဗျ။

"ကုလားဖြူတွေ အင်အားဘယ်လောက်များသလဲ ငဖေမှုန်"

"အင်အား တစ်ရာကျော်လောက် ရှိပါတယ် မြို့သူကြီး"

"သင်းတို့ ဘယ်အရပ်ကို ဦးတည်နေတုံး ပြော"

"အာလံတို့၊ ဆင်ပေါင်ဝဲ တို့ကို ဦးတည်နေပါတယ်။ အကျွန်တို့ တိုက်ပွဲကုန်းကို ဖြတ်မှာသေချာတယ်လို့ သတင်းရတယ်"

"မြို့သူကြီး ... ဘယ်လိုလုပ်မတုံး။ သူတို့ ရွာတွေဖြတ်ရင် ရွာကြေမှာစိုးရတယ်"

"ကျုပ်တို့ သားမယားတွေအတွက်လည်း စိုးရိမ်ရတယ် မြို့သူကြီး"

"မင်းကြီး ရွှေလရောင်ရဲ့ အစီအမံအတိုင်း ကျုပ်တို့ ဆောင်ရွက်ရမှာပဲ။ ကိုယ့်သဘောနဲ့ကိုယ် တိုက်လို့မရဘူး။ ကျုပ်တို့မှာရှိတဲ့ လက်နက်နဲ့ သူတို့လက်နက်က အရမ်းကွာတယ်"

"ဒါဆို ... ဘယ်လိုလုပ်မတုံး"





"တိုက်ပွဲကုန်းမှာ လူစုထားရမယ်။ ငါးဆောင့်ကုန်း၊ ပန်းကန်ပြားရွာ၊ ဆင်ကျုံးရွာ၊ သေလှကုန်း၊ ဝဲပုံနဲ့ ငွေတွင်းကုန်းရွာက သူကြီးတွေကို ဆင့်လိုက်။ လူသူလက်နက် ငါးဆယ်စီ ဒီတိုက်ပွဲကုန်းရွာမှာ သန်ဘက်ခါ ဆုံမယ်။ ပြီးရင် မင်းကြီးရွှေလရောင်ရဲ့ အစီအမံ အမိန့်အတိုင်း ငါတို့ ရောဝတီကအတက်မှာ ဆီးကြိုထားရမှာပဲ"

"မြို့သူကြီး ..."

"ပြော ... ချိုင်းကြီး"

"သူတို့က သည်အရပ်ကို အမြန်ရောက်လာရင် ကျုပ်တို့ ဘယ်လို စီရင်မတုံး"

"အမြန်ဆုံးရောက်လာရင်တော့ ပြောက်ကျားပုံစံနဲ့ အလစ်အငိုက် ဝင်တိုက်ရမှာပဲ"

"သင်းတို့ကို သေအောင်သတ်မှ ဖြစ်မယ်"

"သင်းတို့ သေပြီးရင်လည်း နောက်ထပ် အင်အားအများကြီးနဲ့ ကျုပ်တို့ရွာတွေကို မီးလောင်တိုက်သွင်းမှာပဲ ... မြို့သူကြီး"

"ငါတို့ ရင်ဆိုင်တိုက်ပြီးရင် ရွာတွေကို ဒီတိုင်းထားခဲ့။ မိန်းမ၊ ယောက်ျား၊ ကလေး၊ ကျွဲ၊ နွား၊ စပါး၊ ဆန်၊ အိုးခွက်၊ ပန်းကန် စတာတွေကို နက်ဖြန် ကြိုတင်ရွှေ့ပြောင်းခိုင်းတော့။ တောနက်ထဲ ရှောင်ခိုင်းထားကြ။ ဒီကုလားဖြူတွေက နတ်မောက်ကို သိမ်းမှာ။ မြို့လုလင်ကို တိုက်မှာ။ သင်းတို့က မင်းကြီးရွှေလရောင်ကို လက်ရဖမ်း အသေဖမ်း ရယူချင်တာ။ ငါတို့အားလုံး မင်းကြီးကို ရန်သူ့လက်မပါအောင် ကြိုတိုက်ရမှာပဲ"

"အလို ..."

"အပေါ်ထပ်မှာ တိုက်ပွဲအတွက် လျှို့ဝှက်ဆွေးနွေးနေကြတာပါလား"

"ကုလားဖြူတပ်တဲ့"

"မင်းကြီးရွှေလရောင်တဲ့"

"နတ်မောက်မြို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မြို့လုလင်တဲ့"

ဟင် ... မင်းကြီးရွှေလရောင်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဘိုး ပဲ။ အင်္ဂလိပ်နယ်ချဲ့အစိုးရကို သိပေါမင်း ပါတော်မူပြီးကတည်းက တော်လှန်တိုက်ပွဲဝင်ခဲ့တဲ့ မျိုးချစ်နယ်ချဲ့ တော်လှန်ရေးသမားကြီးပဲ။

မြို့လုလင်ဆိုတဲ့ ဒေသကနေ လူသူတော်ကောင်း သတ္တိကောင်း များစွာ စုရုံးပြီး အင်္ဂလိပ်စစ်တပ်ကို သေသေကျေကျေ တိုက်ခိုက်ခဲ့တာ မြို့သူကြီး မင်းကြီးရွှေလရောင်ပဲလေ။

အို ... ဒါဆို ဒီအိမ်ကြီးရဲ့ အပေါ်ထပ်မှာ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တဲ့ တော်လှန်ရေးသမားတွေ လျှို့ဝှက်စည်းဝေးနေတာပေါ့။

ဟုတ်ရဲ့လား ...

ငါ အိပ်မက်များ မက်နေလား။

အိပ်မက်မဟုတ်ဘူး။

နားနဲ့ဆတ်ဆတ် ကြားနေရတာ။ အပေါ်ကိုတက်သွားတဲ့ ခြေသံ တွေကနေ အခု ရဲရဲတောက်စကားသံတွေပါ ကြားနေရတာ။

နေပါဦး ...

အခု ကျွန်တော်တို့ ရောက်ရှိနေတဲ့ခေတ်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်လေဗျာ။

ကျွန်တော်တို့ ဗမာပြည် ကွန်မြူနစ်ပါတီတောင် ပြုတ်ပြုတ်ပြု သွားခဲ့ရတဲ့ ခေတ်သစ်ဦးစွာ။

ဘယ့်နှယ် ... အပေါ်ထပ်မှာ ခုမှ အင်္ဂလိပ်စစ်သားတွေကို တိုက် ဖို့ လျှို့ဝှက်စည်းဝေးနေရတာတုံး။

ကျွန်တော် စူးစမ်းချင်လာပြီ။

ဒါနဲ့အတူ နယ်ချဲ့အင်္ဂလိပ်ကို တိုက်ရမယ်ဆိုတဲ့စကားကြောင့် ကျွန်တော်ရဲ့ နဂိုဗီဇ တော်လှန်ရေးစိတ်ဓာတ်ကလည်း ကြွလာခဲ့တယ်။

ဒါကြောင့် ခုတင်ပေါ်က ထလိုက်ပြီး အပေါ်ထပ်ကိုတက်တဲ့ ကျွ လှေကားကြီးအတိုင်း ခြေဖော့လို့ တက်ခဲ့လိုက်တယ်ဗျ။





လိုလိုမည်မည် ငါးတောင့်ထိုးလက်နှိပ်ဓာတ်မီးကိုကိုင်ပြီး အစောင့် တွေ ရှိသလား မသိ၊ ငဲ့၊ စိ ကြည့်ပြီး တစ်ထစ်ချင်း တက်ခဲ့လိုက်တယ်။

မှောင်နှင့်မည်းမည်းပဲ။

ကျွန်တော့်မျက်လုံးက တောထဲမှာ ကျင့်သားရလာပြီးမို့ ည အမှောင်ထဲကို ကြည့်သားရနေတယ်ကိုး။

အစောင့်လုံးဝ ရှိမထားဘူး။

စကားသံတော့ တိုးတိုးညှင်းညှင်း ကြားနေရတယ်ဗျ။

တံခါးမကြီးများ ဓိုးကာလိုက်တော့ အလို ...

တံခါးက ရှာမနေသော့ကြီး ခတ်လျှက်ထန်းသန်းဗျာ။

စားပွဲရုံ လက်ဝါးနဲ့ပုတ်ပြီး ပြောတဲ့အသံ ကြားရပြန်တယ်ဗျာ။

"တော်စိ ... ခုတ်ချင်တာ လက်ယားပေါ့ကွယ်"

"ကျုပ်တို့ဓားတွေကို ကုလားဖြူသွေး ကျွေးမှ ဓားတွေ သိဒ္ဓိဝင် မှာ ... မြို့သူကြီးရဲ့"

"ခေါင်းငါးလုံးဖြတ်နိုင်တဲ့သူကို မင်းကြီးရဲ့ ညာလက်ရုံး ခန့်မယ် ကွယ်"

ကြက်သီးထရှာပါကလား။

တကယ် တိုက်ရဲ သေရဲ သူတွေပါလား။

သူတို့စကားလုံးထဲမှာ သူ့ကျွန်မခံတဲ့ ဇာတိမာန်တွေ ကိန်းဝပ်နေ သယ်။

ကျွန်တော် ချောင်းကြည့်လို့ရမည့် အပေါက်တွေ လိုက်ရှာတယ်။ တွေ့ပြီ ... ကာပျဉ်တစ်ချပ်မှာ ခြထိုးပေါက်လေးတစ်ခု တွေ့ရတယ်။

အထဲမှာ မီးတွန်းထားပုံပဲ။

အလင်းရောင် စိုးစိုးဝင်းဝင်း ခြဝင်ပေါက်က မြင်ရလို့ မျက်စိကို သိပြီး ကြည့်လိုက်ရော ...

"ဟာ ..."

သျှောင်ထုံးနဲ့ လူကြီးတွေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွေး ကားကားကြီးတွေနဲ့ဗျ။

အခုဒီ နွားကိုယ်ပေါ်မှာ အင်္ကျီမပါဘူး။

ကြက်ကြီးတွေဟာ မို့မောက်နေတဲ့ ရင်ဘတ်ပေါ်မှာ

ကျောကုန်း ထင်းသားပဲ။

မတ်တတ်ရပ်နေတဲ့ လူကြီး(၃)ယောက်က ခါးတောင်းကြိုက်ထား

တော့ သူ့ပေါင်နဲ့ ခြေသလုံးပေါ်မှာ ထိုးကွင်းမင်ကြောင်တွေက အပြည့်

ဗျာ။

ကျွန်းစားပွဲရှည်ပေါ်မှာတော့ မီးတိုင်မီးရောင်နဲ့ လင်းလက်နေတဲ့

ငှက်ကြီးတောင်ဓားရှည်တွေ၊ ဓားအိမ်တွေကို အထင်အရှားမြင်ရတယ်။

ထွားကြီး (၁၂)ယောက်၊ ခေါင်းတောင်ဖြစ်ဟန်တူသူ သျှောင်ထုံးနဲ့ နှုတ်ခမ်း

မွေးကားကားကြီးတွေက ကွမ်းဝါးလိုက်၊ စကားပြောလိုက်နဲ့။

မြို့သူကြီးဆိုတာများလား။

ဒီမှာ သူတို့က စကားပြောတာကို ရပ်လိုက်ပြီး ဓားအိမ်ထဲက

ဓားရှည်တွေကို ကိုယ်စီဆွဲထုတ် မြှောက်လိုက်ကြတယ်ဗျ။

ကျန်လူတွေကလည်း စားပွဲရှည်ပေါ်က ဓားတွေကို ကိုင်မြှောက်

ပြီး ဓားဦးချင်း ခေါင်းချင်းဆိုင် ကပ်ထိပြီး သစ္စာစကားကို ဆိုလိုက်ကြတယ်

ဗျာ။

"ငါတို့သည် ..."

"ငါတို့သည် ..."

"ကျူးကျော်ရန်သူ ကုလားဖြူများကို ..."

"ကျူးကျော်ရန်သူ ကုလားဖြူများကို ..."

"အသက်ပေး၍ တိုက်ခိုက်မည်ဟု သစ္စာပြုသည်"

"အသက်ပေး၍ တိုက်ခိုက်မည်ဟု သစ္စာပြုသည်"

"ကြောက်၍ သစ္စာဖောက်ခဲ့ပါက ..."

"ကြောက်၍ သစ္စာဖောက်ခဲ့ပါက ..."

"အမျိုး (၁၀) ဆက် လူညွန့်တုံးပါစေသတည်း"





"အမျိုး (၁၀) ဆက် လူညွန့်တုံးပါစေသတည်း"

သို့ကလို ရဲရဲတောက် သစ္စာစကားတွေ ဓားချင်းကပ်ထိဆိုပြီး ဓား
အိမ်ထဲကို ဓားတွေ ပြန်သွင်းလိုက်ကြတယ်။

သူတို့ လျှို့ဝှက်အစည်းအဝေး ပြီးသွားပြီဗျ။

သူတို့ ပြန်ထွက်ကြတော့မယ်။ မီးတိုင်တွေ လိုက်ငြိမ်းနေကြပြီ။

ကျွန်တော် အကွေ့ဘက်ကို ရှောင်ကွယ်ပြီး နားစွင့်နေတုန်းမှာပဲ
တံခါးဖွင့်သံနှင့်အတူ လှေကားကနေ တဒုန်းဒုန်း ဆင်းသွားသံတွေ ကြား
လိုက်ရတယ်။

အသာခြေဖော့ပြီး လိုက်ကြည့်လိုက်တော့ ...

"ဟင် ..."

လူတစ်ယောက်မှ မမြင်ရပါကလား။

သော့ကို လက်နှင့် စမ်းကြည့်တော့လည်း သော့ခလောက်မပွင့်
ဘူး။ သူတို့ ဘယ်လိုလုပ်ပြီး ဒီအခန်းထဲက ထွက်သွားကြတာလဲဗျာ။

ဟုတ်ပြီ။

တစ္ဆေဆိုတာ ဒါကိုပြောတာများလား။

မဖြစ်နိုင်ဘူးဗျာ။

လူကို မြင်နေရတာ၊ လှုပ်ရှားတာကို မျက်စိနဲ့ မြင်နေရတာ၊ ဓား
တွေကို မြင်နေရတာ၊ စကားသံတွေကို တစ်လုံးမကျန် ကြားနေရတာ။ အခု
ထွက်သွားသံကြားတယ်၊ ဆင်းသွားသံ ကြားတယ်။

လူလုံးလူဖန် မမြင်ရဘူး။

အဓိကအချက်က တံခါးသော့ လုံးဝ မပွင့်တာပဲဗျာ။

ကျွန်တော် ရူးသွားပြီလား မသိဘူး။

နံနက်တုန်းက ကြိုးဆွဲချသေတဲ့ ကြိုးတစ်ချောင်းရဲ့ ဖြစ်ရပ်ဆန်း။
အခု ညဉ့်သန်းခေါင်မှာ အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်တိုက်ခိုက်မည့် မျိုး
ချစ်တော်လှန်ရေးသမား သီပေါမင်းခေတ်က လူထွားကြီးတွေ။ ဓားတွေ
ကိုယ်စီ ကိုင်လို့၊ လွယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



အခုပဲ မြင်၊ အခုပဲ ပျောက်။

ကြက်ဆီး ဖြန်းခနဲ ထသွားတယ် ...။ ကြောက်ထဲ့စိတ်ကြောင့် ကြက်သီးထသွားတာ မဟုတ်ဘူး။ အံ့ဩလွန်းလို့ ထသွားတာ။

ငါးတောင်ထိုးမီးနဲ့ လိုက်ထိုးကြည့်တယ်။

ခြေရာလုံးဝ မကျန်ခဲ့ဘူး။

အထဲမှာ ကွမ်းတံတွေးခွက် ရှိနေတယ်။ တခါးသာ ဖွင့်လို့ရရင် သဲလွန်စကို ရှာကြည့်ချင်တယ်ဗျာ။

ကျွန်တော် အောက်ထပ်ကို ပြန်ဆင်းလာလိုက်ပြီး မီးအိမ်မြှင့် ဒဏ္ဍာရီစာအုပ်ကို ဖွင့်ပြီး ဒီမြို့သူကြီးနေခဲ့တဲ့ အုတ်ခံတိုက်အိမ်ကြီးရောက် ပြီးမှ ကြုံခဲ့ရသမျှကို မှတ်စုမှတ်တမ်း ရေးလိုက်တော့တယ်။

ဒေါက်ကြုတိုင်။

ကြက်သားဟင်းတစ်ခွက်။

အိပ်မက်လာပေးတဲ့ ကွယ်လွန်သူ ချစ်သူမိစေတနာ။

ညောင်ပိန္နဲပင် လေးပင်ပေါ်က အစွယ်ဖွေးဖွေးနဲ့ ကြောင်နက်ကြီး များ။

မောင်ပေပင်နှင့် ကြိုးဆွဲချသေနေတဲ့ ကိုယ်လုံးတီးမိန်းမ။

ပါးပျဉ်းထောင်တဲ့ ကြိုးတစ်စ။

ပြီး ... အပေါ်ထပ် သော့ခတ်ထားတဲ့ အခန်းထဲက ...

နယ်ချဲ့တော်လှန်ရေးသမားတို့ရဲ့ လှို့ဝှက်အစည်းအဝေး။

ပြီး ... မှတ်ချက်တစ်ခုနဲ့ နိဂုံးချုပ်လိုက်တယ်။

ကျွန်တော် လုံးဝ မရှုံးသေးပါ။

✿ ✿ ✿

[၁၀]

❑

အခု ကျွန်တော်ရောက်နေတာ ပယောဂနဲ့ ဗိန္ဓောဆေးဆရာကြီး အဘ ဦးခမောက်ရဲ့အိမ်ပါ။

"ပြော ... စာရေးဆရာ၊ အဘ ဘာအကူအညီပေးရမလဲ ... ပြော"

"ကျွန်တော်သိချင်တာလေး ရှိလို့ပါ အဘ"

"ဟုတ်ပြီ ... မေးပါ၊ သိချင်တာ မေးပါ။ အဘသိသမျှတော့ ပြောပြပါ့မယ်။ မသိတာတော့ မပြောနိုင်ဘူး ... စာရေးဆရာ"

"ကျွန်တော် အခုနေတဲ့ တိုက်ခံအိမ်အိုကြီးနောက်ကြောင်းကို သိချင်လို့ပါ ... အဘရယ်"

"မြို့သူကြီးအိမ် အကြောင်းလား"

"ဟုတ်ကဲ့"

"အခု စာရေးဆရာ ဘာတွေထူးထူးဆန်းဆန်း ကြုံခဲ့ရပြီပြီတုံး"

"ကြုံတော့ မကြုံသေးဘူးခဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မညာချင်လည်း ညာလိုက်ပါတယ်။ ကျွန်တော် ပြော ပြပြီးမှ ဒါနဲ့ထပ်တူ အဘက ပြောပြရင် ကျွန်တော် ယုံတော့မှာမဟုတ်လို့ ပါ။

"ဒါဖြင့် စာရေးဆရာက မြို့သူကြီးအိမ်အကြောင်း ဘာလို့ သိ ချင်ရသတုံး"

"ဟိုနေ့က မောင်ပေပင်အိမ်မှာ ပြောသလိုပေါ့ ... အဘရယ်။ ရွာကလူတွေ ကျွန်တော်နေနေတဲ့ မြို့သူကြီးဟောင်းအိမ်ကြီးကို စိုးရွံ့နေ ကြတာ။ ဘာအကြောင်းကြောင့်တုံးဆိုတာ သိချင်လို့ပါ အဘ"

"လူကလေးကို မူလအိမ်ပိုင်ရှင် အမျိုးတွေက အနည်းအကျဉ်း တောင် ပြောမပြကြဘူးလား"

"ကျွန်တော့်သူငယ်ချင်းကလည်း မကြောက်ရင် နေလို့ပဲ ပြောပါ တယ်ခင်ဗျ။ ပြီး ကျွန်တော်ကြိုက်ရင်လည်း ဈေးပေါပေါနဲ့ ရောင်းမယ်ပေါ့။ မဝယ်ချင်ရင်လည်း ပျော်သလောက်နေလို့ပဲ ပြောပါတယ်။ ကျန်တာ ကျွန် တော် မသိပါဘူး။ အမွေခံမြေးမြစ်တွေပဲ ကျန်ရစ်ကြပြီး မူလပိုင်ရှင်တွေ ကွယ်လွန်ကုန်တာ ကြာပြီခင်ဗျ"

"အိမ်း ... ဒီအိမ်ကြီးက နှစ်ပေါင်း (၈၀) နီးပါးလောက်တော့ ရှိမှာပဲ။ ငတို့ ငယ်ငယ်ကတည်းက မြင်ခဲ့ရတဲ့ အိမ်ကြီးပဲ။ ဟိုးတုန်းက မြို့သူကြီးအိမ်လို့ ခေါ်ကြတာပေါ့။ ပိုက်ဆံရှိတော့ အုတ်ခံ သစ်အကောင်းစား တွေနဲ့ အခိုင်အခံ့ဆောက်ခဲ့လို့ သည်မျှ တာရှည်ခံနေတာပေါ့"

"ဟုတ်ကဲ့ ..."

"တော်ရုံလူ ဒီအိမ်ကြီးမှာ နေလို့မရဘူး"

"ဟုတ်လား ... ဘာကြောင့်ပါလိမ့် ... အဘရယ်"

"တစ္ဆေသိပ်ခြောက်တယ် ... စာရေးဆရာ"

"တစ္ဆေ ..."

"ဟုတ်ပါ့ ... အင်္ဂလိပ်စစ်သားရော ကုလားစစ်သားတွေရော မနေ ရဲလို့ ပြေးရပြောင်းရတဲ့ ရှေးအိမ်ကြီးပေါ့။ အချို့က တစ္ဆေအိမ်ကြီးတဲ့။ အများ





အခေါ်ကတော့ မြို့သူကြီးအိမ်ပဲ ခေါ်ကြတယ်။ ငတို့မိဘများကတော့ မြို့သူ ကြီး ဦးသောမကို မှီခဲ့ကြသကွယ့်။

အဲဒီအချိန်တုန်းက သီပေါမင်း ပါတော်မူပြီး အထက်မြန်မာပြည် တစ်ဝှမ်းလုံး အင်္ဂလိပ်အစိုးရကို ရရာလက်နက်ကိုင်ဆွဲပြီး တော်လှန်ချိန်ပဲ။ ငတို့ ဒီနယ်တစ်လွှားကို မြို့လုလင်က မင်းကြီးရွှေလရောင် ဦးစီးပြီး အင်္ဂလိပ် ကို တော်လှန်ခဲ့တာပဲ။

မြို့သူကြီး ဦးသောမအိမ်ရှိတဲ့နေရာက ဟိုးတုန်းက အိမ်ခြေရာနဲ့ ချီပြီး စည်ကားတဲ့နေရာပဲ။

မြို့သူကြီး ဦးသောမကို ရွာတိုင်းက လေးစားကြတယ်။ နှုတ်ခမ်း မွေးကားကား။ သျှောင်ထုံးကို ပိုးပဝါပေါင်းထားလေ့ရှိပြီး သီပေါမင်း ဆု ချီးမြှင့်တဲ့ ရွှေပိန်းချ ကျောက်စီဓားကြီးများ ညာလက်နဲ့ ဆုပ်ကိုင်ထားရင် ရွာသူကြီးတွေ မော်မကြည့်ရဲကြဘူး။

ဟို ... သီပေါမင်းအုပ်ချုပ်ချိန်က မြို့သူကြီးဦးသောမ အုပ်ချုပ် တဲ့အရပ်က မြင်းခေါင်းမြို့လို့ ခေါ်တယ်။ နောင်ကျမှ တိုက်ပွဲကုန်းဖြစ်သွား တာ။ မင်းကြီး ရွှေလရောင်ရဲ့နောက်မှာ မြို့သူကြီး၊ ရွာသူကြီး လူယုံတွေရှိသလို နောင်တော့ အင်္ဂလိပ်လက်အောက်ဝင်သွားတဲ့ သူကြီးတွေလည်း ရှိတယ်။

အင်္ဂလိပ်အစိုးရက ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့မှာ မန္တလေးရွှေနန်းတော်ကြီးကို သိမ်းပိုက်ပြီး သီပေါမင်းနဲ့မိဖုရား ခေါင်ကြီး စုဖုရားလတ်တို့ကို ဖမ်းဆီးပြီး ကုလားပြည် (ရတနာဂီရိ) ကို ခေါ် သွား အကျဉ်းချထားချိန်။

အထက်မြန်မာပြည်မှာ သူ့ကျွန်မခံဘူးဟေ့ဆိုပြီး ရရာလက်နက် နဲ့ အင်္ဂလိပ်ကို ခံချ တိုက်ကြတာပေါ့။

မြို့သူကြီးဦးသောမက မျိုးချစ်စိတ်ရှိတယ်။

သူ့လက်အောက်က ရွာသူကြီးတွေကလည်း မျိုးချစ်စိတ်ရှိတယ်။ နတ်မောက်မြို့လုလင်ကနေ ဗိုလ်မင်းကြီးရွှေလရောင် စပြီးတော်လှန်တော့ မြို့သူကြီးဦးသောမတို့ ရှေ့တန်းက ပါဝင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မကွေးနဲ့ တောင်တွင်းကြီးဘက်မှာ ရွှေခင်ညိုမင်းသားကလည်း အင်္ဂလိပ်ကို တော်လှန်တာပဲ။ မင်းကြီးရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်ဟာ မကွေး၊ တောင်တွင်းကြီး၊ နတ်မောက်၊ မြို့လှလင်ဒေသကနေ အင်အားတောင့်တင်းစွာနဲ့ အင်္ဂလိပ်အစိုးရကို သူ့ကျွန်မခံစိတ်နဲ့ တော်လှန်တိုက်ခိုက်နေတာ။ အင်္ဂလိပ်အစိုးရ ဖိန့်ဖိန့်တုန်အောင် ဖြစ်နေတယ်။ သရက်၊ မင်းတုန်း၊ မရှူး၊ စလင်းဘက်မှာက ဗိုလ်ဖျိုးကလေး၊ ဗိုလ်ရာဘော်၊ ဗိုလ်ကင်၊ ဗိုလ်ကံသိန်း၊ ဦးပရမနဲ့ ဦးတုတ်ကြီးတို့က နာမည်ကြီး တော်လှန်ရေးသမားတွေပေါ့များ။ မြို့သူကြီးဦးသောမရဲ့ အုတ်ခံတိုက်အိမ်ကြီးဟာ တော်လှန်ရေးသမားတွေ စုဝေးတိုင်ပင် သစ္စာဆိုရာ အရပ်ပဲ။

တစ်နေ့ အင်္ဂလိပ်စစ်တပ်က ဗိုလ်မင်းရွှေလရောင်ကို လက်ရဖမ်းဖို့ တပ်ကြီးနဲ့လာခဲ့တာ။ အဲဒါ မြို့သူကြီးဦးသောမတို့ လူတစ်ကျိပ်ဦးဆောင်ပြီး အင်အားတစ်ရာခန့်နဲ့ သည်အရပ်ကနေ ဆီးကြိုခုခံခဲ့တာပဲ။

အင်္ဂလိပ်တပ်ရဲ့ အမြောက်ဒဏ်ကြောင့် ဦးသောမတို့ တော်လှန်ရေးအဖွဲ့ဝင်တပ်သားတွေ အကျအဆုံးများခဲ့တယ်။

မြို့သူကြီးအဖွဲ့ရဲ့ လက်ချက်ကြောင့်လည်း ကုလားစစ်သားတွေ အတော်များများ သေခဲ့ကြတယ်။

မြို့သူကြီးဦးသောမက တစ်မြို့လုံး၊ တစ်ရွာလုံးကို ကြိုတင်ရှောင်နိုင်းပြီး တိုက်တာလေ။

ကုလားဖြူဦးခေါင်း (၁) ခေါင်း၊ ကုလားစစ်ဗာရီခေါင်း (၂)ခေါင်းကို သူ့ဓားနဲ့ဖြတ်ပြီး မြင်းနဲ့ ရွာစဉ်လှည့်ပြခဲ့တာ။

သူ့သတ္တိရဲရွမ်းကို လေးစားကြလို့ ဓားခွဲပြီးဝင်လာကြတာ အင်အား (၅၀၀) ကျော်တယ်။

မြို့လည်း အင်္ဂလိပ်စစ်တပ်ရဲ့ အမြောက်ဒဏ်ကြောင့် မီးဟုန်းဟုန်းတောက်လောင်ပြီး ပြာကျခဲ့လိုက်တာ။ မြို့သူကြီးဦးသောမရဲ့ အုတ်ခံ နှစ်ထပ်အိမ်ကြီးပဲ ကျန်ခဲ့တော့တယ်။

ရွာတွေမှန်သမျှ အင်္ဂလိပ်စစ်တပ်က မြေလှန်တာပဲ။

စိတ်ကူးသစ်စာပေ



အကုန်မီးတိုက်၊ တွေ့သမျှယောက်ျား ပစ်သတ်၊ ဖမ်း။

မြို့သူကြီးအုပ်ချုပ်တဲ့ရွာ မရှိတော့ဘူး။ အားလုံး မီးလောင်ပြင်ပဲ။

လူကြီး၊ ကလေး၊ ကျွဲ၊ နွား အလောင်းတွေ ဖွေးနေတာပဲ။

အင်္ဂလိပ်စစ်ဗိုလ်နဲ့ တပ်သားအချို့က မြို့သူကြီးအိမ်ပေါ်မှာ နောက်တစ်ကို စောင့်ဖို့ ခေတ္တတည်းခိုနေချိန် ...

ကျန်တပ်တွေက မင်းကြီးရွှေလရောင်နောက်ကို လိုက်ကြတယ်။ နောင်တော့ မင်းကြီးရွှေလရောင်ကို အင်္ဂလိပ်စစ်တပ်က လက်ရဖမ်းမိပြီး ခေါင်းဖြတ်သတ်လို့ လူအများကို ကြောက်ရွံ့သွားအောင် ပြကြတယ်။

ဒီတုန်းက မြို့သူရွာသားအားလုံး နာကြည်းကြေကွဲပြီး ဒေါသထွက်ကြ၊ ရှိက်ငိုကြ၊ တောက်ခေါက်အံကြိတ် မျက်ရည်ကျကြပေါ့ကွာ။

မြို့လှလင်က မင်းကြီးရွှေလရောင်ကို အင်္ဂလိပ်စစ်တပ်က ခေါင်းဖြတ်စီရင်တယ် ကြားရော ...

မြို့သူကြီးဦးသောမနဲ့ လူတစ်ကျိပ်ဟာ တစ်ည သန်းခေါင်မှာ မြို့သူကြီးအိမ်ပေါ်မှာ တည်းခိုနေတဲ့ ကုလားဖြူအစောင့်တပ်ကို ဝင်စီးပြီး ကုလားဖြူစစ်ဗိုလ်ရဲ့ ဦးခေါင်းကိုဖြတ်၊ ကျန်တဲ့ ကုလားတပ်သားတွေကို တိုက်ခိုက်သတ်ဖြတ်နေချိန်မှာပဲ ...

မြို့သူကြီးအပါအဝင် တော်လှန်ရေးသမား (၁၂)ဦး အင်္ဂလိပ်တပ်ရဲ့အဝိုင်း ခံရတော့တယ်။

ဦးသောမက လုံးဝ လက်နက်မချဘူး။

အင်္ဂလိပ်စစ်ဗိုလ်ရဲ့ ဦးခေါင်းပြတ်ကို ဘယ်လက်နဲ့ကိုင်ပြီး ညာလက်ကဓားနဲ့ မည်းမည်းမြင်သမျှ ဝင်ခုတ်တာ။

အင်္ဂလိပ်စစ်သားတွေနဲ့ ကုလားမည်းတပ်က လေးဘက်လေးတန်ဝိုင်းပြီး လက်နက်မျိုးစုံနဲ့ ပစ်ကြတယ်။

ဦးသောမတို့ လွတ်လမ်းမရှိတော့ဘူး။

သူတို့ တိုင်ပင်ကြတယ်။

ငါတို့ လုံးဝ လက်နက်မချဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးရွှေလရောင်လို အသေခံတိုက်ကြမယ်ဟေ့။

အားလုံးညီညွတ်စွာ ဓားကိုင်သစ္စာဆိုပြီး လှူဖြန့်လို့ ဖောက်ထွက်တိုက်ကြတာပဲတဲ့ ... စာရေးဆရာ။

တော်လှန်ရေးသမား (၁၂) ယောက်အပါအဝင် ခေါင်းဆောင် မြို့သူကြီး ဦးသောမပါ ကျည်ဆန်ရာဗရပွနဲ့ ရုပ်ပျက်ဆင်းပျက် ကျဆုံးကုန်ကြတယ်။

သူတို့အားလုံးရဲ့အလောင်းကို မီးလောင်ပြင်ကုန်းမှာ စွန့်ပစ်ထားတာ။ ဘယ်သူမှ အလောင်းကို လာမကောက်ရဲကြဘူး။

အလောင်းလာကောက်သူတွေကို ဂေါ်ရာစစ်သားတွေ အဝေးကနေ သေနတ်နဲ့ ပစ်သတ်တာကိုး။

အရဲစွန့် အလောင်းကောက်တဲ့ မြို့သူကြီးသား သေနတ်မှန်ပြီး သူ့အဖေအလောင်းအနီးမှာ သေသွားခဲ့တယ်။

ဒါကို မြို့သူကြီးကတော် ဒေါ်မင်းရာ မြင်သိသွားရော လင်ဖေ၊ သားဖေနဲ့ ဓားရှည်ဆွဲ၊ တဘီတိုတိုနဲ့ အလောင်းတွေကြားထဲ ပြေးဝင်သွားတာတဲ့။

ကုလားစစ်သားတွေက သေနတ်တွေနဲ့ ဝိုင်းပစ်၊ ပစ်တဲ့ကြားက လင်အလောင်းနဲ့ သားအလောင်းကို ပွေ့ဖက်ဆွဲနေတုန်းမှာ ကုလားစစ်သားတွေပစ်လိုက်တဲ့ ကျည်ဆန်က ဒေါ်မယ်မင်းရာရဲ့ဦးခေါင်းကို ထိမှန်ပြီး သားနဲ့လင်ရဲ့အလောင်းပေါ် မှောက်လျက်လဲကျ အသက်ပျောက်သွားခဲ့ရတာပဲ။

ဇာတ်လမ်းက ဒီလောက်နဲ့မဆုံးသေးဘူး ... စာရေးဆရာ။

အဖေရဲ့အလောင်းကို လာကောက်တဲ့ အစ်ကိုရယ်၊ အမေရယ် သွေးသံရဲရဲ ရုပ်ပျက်ဆင်းပျက် အလောင်းတွေကြားမှာ ကျည်ထိသေဆုံးသွားတာ မြင်လိုက်ရတဲ့ မြို့သူကြီးရဲ့သမီး နာမည်က ခင်စောမြတ်တဲ့။

အသက် (၂၀) အရွယ်၊ ချောချောလှလှ အပျိုမလေး ဦးနှောက်ပျက်သလို ဖြစ်သွားခဲ့တယ် ... စာရေးဆရာ။

ကျန်လူတွေ အလောင်းမကောက်ရဲကြတော့ဘူး။

စိတ်ကူးသစ်စာပေ



ရူးသွပ်သလိုဖြစ်ပြီး အော်ဟစ်ငိုကြွေး ခုန်ပေါက်နေတဲ့ မြို့သူကြီးသမီး ခင်စောမြတ်ကို ဆွဲခေါ်သွားကြရတော့တယ်။

အဲဒီညမှာပဲ စိတ်မှုမမှန်တဲ့ ခင်စောမြတ်ရယ်၊

သူ့မိဘနှစ်ပါးနဲ့ အစ်ကိုလုပ်သူကို သတ်တဲ့ ကုလားစစ်သားတွေကို ပြန်ကလဲ့စားချေမယ်ဆိုပြီး ...

တိန်းသိမ်းထားသူများအလစ်မှာ ငုက်ကြီးတောင်ဓားရှည်ကိုင်ပြီး သူတို့အိမ်ကြီးမှာ တပ်စွဲထားတဲ့ ရန်သူရှိရာကို မကြောက်မရွံ့ ဝင်လာခဲ့လိုက်တယ်။

သို့သော် သူမခန္ဓာကိုယ်ပေါ်မှာ အဝတ်အစားမရှိဘူး။

ကိုယ်လုံးတီး။

အစောင့်ကုလားစစ်သားလည်း ဆံပင်ဖွာရှိုဖားလျားနဲ့ အသက်ငယ်ငယ် ကိုယ်လုံးတီးမိန်းမတစ်ယောက် ဓားသိုင်းကသလို သူ့ဆီလာနေတာ မြင်ရော အံ့အားသင့်ပြီး ကြည့်နေတာတဲ့။

လရောင်ကလည်း ကောင်းကင်မှာ လင်းနေချိန်။

ကိုယ်လုံးတီး မိန်းမရွယ်တစ်ယောက်ရဲ့ အလှကိုမြင်ပြီး ရာဂစိတ်တွေ ထကြွလာလို့ ...

သေနတ်ကို သစ်ပင်မှာထောင်ပြီး အခြားအဖော် ကင်းသမားနဲ့ ထူးလွန့်လူပ်ခါ ဓားက,ကနေတဲ့ ခင်စောမြတ်အနီးကို တိုးကပ်ဆွဲလွဲခေါ်ဖို့ တပ်လာစဉ်မှာပဲ ...

ခင်စောမြတ်ရဲ့ လက်ထဲကဓားက ကင်းစောင့်ကုလားနှစ်ယောက်ရဲ့ခေါင်းကို ခုတ်ပြီးသားဖြစ်ပြီး သင်းတို့ အသံကုန်အော်ဟစ်လို့ လဲကျ။

သေနတ်မောင်းတင်သံတွေ။

အင်္ဂလိပ်လိုရော၊ ကုလားလိုရော ဟစ်အော်မေးသံတွေ ပေါ်လာပြီး မီးရောင်တွေ သူမကိုယ်ပေါ်ကို ကျလာခဲ့တယ်။

ရန်သူဆိုတဲ့ အော်ဟစ်သံများကြားမှာပဲ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်စောမြတ် အိမ်တံခါးကို လှွားခနဲ ခုန်ကျော်ဝင်ပြီး သူတို့နေတဲ့ အိမ်ထဲက ထွက်လာသမျှ ကမူးရှူးထိုး ကုလားစစ်သားတွေကို လက်ထဲက ဓားရှည်နဲ့ ခုတ်ထစ်ပစ်လိုက်တာ။

ဗူးရူးရှူးအော်သံ၊ မြေပြင်မှာ လဲကျ လူးလွန့်သံနှင့်အတူ သေနတ်သံတွေ ပေါ်လာပြီး ခင်စောမြတ်ရဲ့ပေါင်ကို ကျည်ဆန် ထိမှန်သွားတယ်။ ခင်စောမြတ်က မာန်ကြီးလွန်းလှတယ်တဲ့။ ဒဏ်ရာနဲ့ လဲနေရာကနေ ဝိုင်းလာတဲ့ ကုလားစစ်သားနဲ့ မျက်နှာဖြူဗိုလ်ကို လက်ထဲက ငှက်ကြီးတောင်ဓားနဲ့ မွှေ့ယမ်းခုတ်နေလိုက်တာမှ ကုလားစစ်သားတွေ ဝင်ဖမ်းလို့ မရဘူးတဲ့ကွ။ နောက်ဆုံး တုတ်ရှည်တွေနဲ့ ဓားကိုင်လက်ကို ရိုက်ချပြီးမှ စစ်ဖိနပ်တွေနဲ့ ဆောင့်ကန်၊ သေနတ်ဒင်တွေနဲ့ ထုထောင်းပြီး ...

သူတို့နှစ်ထပ်အိမ်ကြီးရဲ့ အပေါ်ထပ်မှာ အမျိုးမျိုး ရိုက်နှက်စစ်ဆေးကြတယ်။ ခင်စောမြတ်ရဲ့ ခန္ဓာကိုယ်က သွေးအလူးလူးဖြစ်လို့။

"အင်္ဂလိပ်အစိုးရကို ပုန်ကန်တဲ့သူပုန်တွေ ဘယ်မှာရှိသေးလဲ"

"မသိဘူး"

"သူပုန်တွေရှိတဲ့နေရာကို ပြောရင် နင့်အသက်ကို ချမ်းသာပေးမယ်လို့ အင်္ဂလိပ်စစ်ဗိုလ်ကြီးက ပြောတယ်"

"ထွီ ..."

"ဖြန်း ..."

"အား ..."

အဝတ်အစားမပါ ကိုယ်လုံးတီးခန္ဓာကိုယ်နဲ့ ကျည်ဆန်ဖောက်သွားတဲ့ ပေါင်ဒဏ်ရာ သွေးစီးကျနေတဲ့ ရှင်စောမြတ်ကို အင်္ဂလိပ်အရာရှိတစ်ဦးက ပါးရိုက်ပစ်လိုက်တယ်။

ခင်စောမြတ်ရဲ့ပါးစပ်က သွေးတွေ ကျလာတယ်။

"နင့်နာမည် ဘယ်သူလဲတဲ့"

"ငါ့နာမည် ခင်စောမြတ်"

"နင် ရှူးနေသလားတဲ့"





"ငါ လုံးဝ မရူးဘူး"

"နင့်ကြောင့် အဖိုးတန်စစ်သားနှစ်ဦး သေဆုံးသွားပြီတဲ့။ နင်သူပုန်တွေရှိရာကိုသာ မှန်မှန်ဖွင့်ပြောပါတဲ့ ... ခင်စောမြတ်"

စကားပြန်က ခင်စောမြတ်ကို ပြောနေတာ။

"ဟဲ့ကောင် ... အမျိုးယုတ်၊ မိမစစ် ဖမစစ်က မွေးတဲ့ သစ္စာဖောက် အမျိုးယုတ် လောက်ကောင်ရဲ့။ ငါတို့က သူပုန်မဟုတ်ဘူး။ နင်တို့သတ်လို့ သေသွားတဲ့ ငါ့အဖေ၊ ငါ့အစ်ကို၊ ငါ့အမေနဲ့ ယောက်ျားကောင်းတွေဟာ .."

"ပြောလိုက် ... မတရား ကျူးကျော်နယ်ချဲ့ရမ်းကားနေတဲ့ သင်းတို့ ကုလားဖြူတွေကို ဟောဒီမြေကနေ တိုက်ခိုက်မောင်းထုတ်နေတဲ့ နယ်ချဲ့တော်လှန်ရေးသမားတွေလို့ ပြောလိုက်ဟဲ့ ... အမျိုးယုတ်ကောင်ရဲ့ ... ထွီ"

အင်္ဂလိပ်စကားပြန် မောင်စိန်ပွင့်က မျက်နှာကြီးနီရဲပြီး အင်္ဂလိပ်အရာရှိတွေကို အင်္ဂလိပ်လို ပြန်ပြောလိုက်ရော ...

ပြင်းထန်တဲ့အမိန့်တစ်ခု ပေးလိုက်တယ်။

သေဒဏ်။

သူတို့ဟာ ခင်စောမြတ်ကို ခြေ၊ လက် နောက်ပြန်ကြိုးနဲ့ ချည်လိုက်ပြီး လည်ပင်းကို ကြိုးကွင်းစွပ်လိုက်တယ်။

သည့်နောက် အပေါ်ထပ်ထုတ်တန်းမှာ ကြိုးဆွဲချ သတ်လိုက်ကြတယ်။ အဲဒီမြင်ကွင်းကို သိမြင်လိုက်ကြတဲ့ မြန်မာထမင်းချက် အစေခံ အလုပ်သမားတွေရဲ့ ပြောပြချက်အရ ...

ခင်စောမြတ်ကို ကြိုးဆွဲချသတ်တော့ ခင်စောမြတ်က အသံနက်ကြီးနဲ့ အော်ဟစ်ရုန်းကန်လိုက်တာ။ ခြေနဲ့လက်မှာ ချည်နှောင်ထားတဲ့ကြိုးတွေ ပြတ်ထွက်သွားပြီး ...

ကြောက်စရာကောင်းအောင် ရုန်းကန်ရင်း အသက်ထွက်သွားခဲ့သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခင်စောမြတ်ရဲ့အလောင်းကိုလည်း သူမရဲ့အဖေ မြို့သူကြီးဦးသောမတို့မိသားစုအပါအဝင် သေဆုံးနေကြတဲ့ မျိုးချစ်တော်လှန်ရေးသမားတွေရဲ့ စွန့်ပစ်အလောင်းပုံပေါ်မှာ စွန့်ပစ်လိုက်ကြတယ်။

မျိုးချစ်တော်လှန်ရေးသမားတွေရဲ့ အလောင်းအားလုံးဟာ မြေမြှုပ်သင်္ဂြိုဟ်မခံရဘူး။

ကျီး၊ လင်းတနဲ့ ခွေးစာအဖြစ် ထားလိုက်တာ ပုပ်ပွပြီး အရိုးကျတဲ့ဘဝ ရောက်သွားခဲ့ရတယ်တဲ့ ... စာရေးဆရာ။

သူတို့အားလုံး နောက်ဆုံး မကျွတ်မလွတ်ဘဝကို ရောက်သွားခဲ့ကြပုံပါပဲ။

အစွဲအလမ်းပေါ့ကွယ်။

နောက်ဆုံးအသက်ထွက် သေဆုံးခါနီး အစွဲအလမ်းကြောင့် ဘဝကူးမကောင်းတဲ့ ပြိတ္တာတစ္ဆေဘဝကို ရောက်ရှိသွားပြီး ...

သူတို့နေထိုင်ခဲ့ရာ စွဲလမ်းခဲ့ရာအိမ်ကြီးမှာ မကျွတ်မလွတ် ပရတစ္ဆေဘဝနဲ့ နေကြရတယ်။

နောင်တော့ အင်္ဂလိပ်စစ်သား၊ ကုလားစစ်သားတွေ မြို့သူကြီးဦးသောမတို့ မိသားစုနေတဲ့အိမ်ကြီးမှာ နေလို့မရတော့ဘဲ အမျိုးမျိုး ခြောက်လှန့်ခံရလို့ ပြောင်းရွှေ့သွားခဲ့ကြတယ်။

ဂျပန်ခေတ်ရောက်တော့လည်း ဂျပန်ကင်ပေတိုင် စစ်ပုလိပ်အဖွဲ့နေသွားသေးတာပဲ။

သူတို့လည်း နေလို့မရဘူး။ ပြေးရတာပဲ။

"ဘယ်လိုပြေးရတာလဲ ... အဘခင်ဗျာ"

"ဒီအကြောင်းကို သိချင်ရင်တော့ ဟိုဘက် ဓားပိုးကုန်းနဲ့ရွာမှာ ဂျပန်တော်လှန်ရေးသမားဟောင်းကြီး ကိုကျောက်ပန်းတောင်းဆိုတာ ရှိတယ်ကွယ့်။ သူလည်း မသေကောင်းမပျောက်ကောင်း ကျန်ရစ်ခဲ့တာပဲ။

ကိုကျောက်ပန်းတောင်းက ကိုယ်တွေ့ဖြစ်ရပ်ဆန်းတွေကို ဂျပန်ဖက်ဆစ် တော်လှန်ရေးသမားဘဝမှာ ကြုံခဲ့ရတာရှိတယ်။





အလွန်အံ့ဩစရာ၊ ခြောက်ချားစရာလည်း ကောင်းပါ့ကွယ်။

အဲဒီ ဖြစ်ရပ်ဆန်းကြယ်အကြောင်းတွေ သိချင်၊ ရေးချင်ရင် ကိုကျောက်ပန်းတောင်းဆိုသူကိုသာ သွားမေးကြည့်ပေတော့"

"အဘခမောက် ..."

"ပြော ... စာရေးဆရာ ... ပြောပါ"

"ဟိုလေ ... လူဟာ သေရင်ပြီးသွားရော မဟုတ်ဘူးလား။ နောက်ဘဝသစ်ဆိုတာရော ရှိသေးလို့လားဟင် ... အဘ"

"အင်း ... စာရေးဆရာတို့က ခေတ်သစ်သိပ္ပံပညာတွေ သင်ကြားခဲ့ရတော့ ကျုပ်တို့ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားခဲ့တဲ့ (၃၁)ဘုံဘဝကို စာရေးဆရာတို့ ပညာတတ် ခေတ်လူငယ်တွေ လက်ခံချင်မှာမဟုတ်ဘူး။ ဒါမျိုးမှု ကိုယ်တွေ့ကြုံခဲ့ရတဲ့ သူတွေရှိတော့ ဘုရားဟောကို လက်ခံယုံကြည်ကြတယ်။ စာရေးဆရာရော ဖြစ်ရပ်ဆန်းကြယ်တွေ စဉ်းစားရခက်တဲ့ အဖြစ်တွေ မကြုံသေးဘူးလား ... ပြော"

"ကျွန်တော် တိတိကျကျ ဝန်မခံနိုင်သေးဘူးဗျ"

ကျွန်တော်ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်တော့ ရှိနေပါပြီ။ ဒါ ကျွန်တော့်ရဲ့ စိတ်ကူးယဉ်မှုကြောင့်လား၊ စိတ်အစွဲအလမ်းကြောင့် အမြင်မှောက်ခဲ့တာလား။ ကျွန်တော် စူးစမ်းစဉ်းစားနေတုန်းမို့ ကျွန်တော်ကြုံခဲ့ရတဲ့အဖြစ်တွေကို ပြောမပြခဲ့ပါဘူးဗျာ။

"ဒါဖြင့် တစ္ဆေဆိုတာ ရှိတယ်လို့ ပြောချင်တာလား အဘ"

"ဟုတ်တယ် ... တစ္ဆေ၊ သရဲ၊ ကျိတ်၊ ဘီလူး၊ ရက္ခစိုးဆိုတာ ရှိတယ်"

"ဘာ့ကြောင့် အဲလိုဖြစ်ရတာလဲ"

"ငတို့ ဥပုသ်ကုန်းရွာက ဝါးတောကျောင်းမှာ ပခုက္ကူဆရာတော် ဦး ရွှေမျက်မှန် ဆရာတော်ဆိုတာ ရှိတယ် စာရေးဆရာ။ ဆရာတော်က ပခုက္ကူကျောင်းတိုက် မန္တလေးကျောင်းတိုက်နဲ့ ရန်ကုန် ဗားကရာတိုက်တို့မှာ ဗုဒ္ဓစာပေများ သင်ကြားတတ်မြောက်ပြီး ဓမ္မာစရိယဘွဲ့ ပါ ရခဲ့တဲ့ ဆရာ

www.burmeseclassic.com



တော်ပဲ။ စာရေးဆရာ ပဂုဏ္ဏုဆရာတော်နဲ့လည်း သွားတွေ့လိုက်ပါ။ ဆွေးနွေးမေးမြန်း လျှောက်ထားကြည့်ပါ။ ဆရာတော်ကတော့ စာရေးဆရာကြီးတို့လို ခေတ်ပညာတတ်များကို နားလည်သဘောပေါက်အောင် ရှင်းပြနိုင်ပါလိမ့်မယ်ဗျား"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲဗျာ ... အဘ။ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျ"

"ဩော် ... စာရေးဆရာကြီးရေ"

"ဟုတ်ကဲ့ ... ပြောပါ ... အဘ ... ဘာများပါလိမ့်"

"စာရေးဆရာကြီး ဇေတီရစ္စာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဘဝသစ်ဘဝဆိုးဖြစ်ခြင်းအကြောင်းကို လက်ခံလာပြီဆိုရင် အဘဆီကို ပြန်လာခဲ့ပါ။ အဘ မင်းကို အံ့သြစရာတွေရှိရာ ခေါ်သွားပြမလို့ပါ"

"အံ့သြစရာတွေကို ပြမလို့ ... ဟုတ်လား"

"ဟုတ်တယ် ... ဂမ္ဘီရတွေပါ"

"ဂမ္ဘီရဆိုတာ ဘာလဲ ... အဘရဲ့"

"လျှို့ဝှက်နက်နဲ သိမ်မွေ့တဲ့ အကြောင်းတရား ခေါ်တာပါ။ ကိုယ်သွားတော့ ... စိတ်ဝင်စားရင် လာသာလာခဲ့ ... စာရေးဆရာကြီးရေ"

✿ ✿ ✿

[၁၁]

❑

ကျွန်တော် ဒိုင်ယာရီစာအုပ်ကိုလှန်လိုက်ပြီး ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့၊ ကြားသိခဲ့ရတဲ့ အကြောင်းအရာတွေကို မှတ်စုအကျဉ်း ရေးလိုက်တယ်။

သည့်နောက် ...

တော်စတွိုင်းရေးတဲ့ စစ်နှင့် ငြိမ်းချမ်းရေးအမည်ရှိ စာအုပ်ကို ဖတ်နေတုန်းမှာပဲ ...

"ခေါက် ... ခေါက် ..."

"ခေါက် ... ခေါက် ..."

အိမ်ရှေ့တံခါးကို တစ်ယောက်ယောက် ခေါက်နေတဲ့အသံပဲ။

"ဘယ်သူလဲဟေ့"

"ခေါက် ... ခေါက် ..."

"ဘယ်သူလဲလို့ ... အမေခေါ်ကြုံတိုင်းလား"

"ကျွန်မပါ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပါတဲ့၊ ညမှောင်စကြီး ဘယ်သူများပါလိမ့်။ အသံကတော့ မိန်းမသံ ခပ်ရှယ်ရှယ် . . .

မိစေတနာများလား . . ။

အိုး . . . မဟုတ်တာရယ် . . . မိစေတနာက ပဲခူးရိုးမတောထဲမှ သေဆုံးသွားခဲ့ပြီ ဥစ္စာ။

ဒါဖြင့် . . . ဟို . . . ဟို . . . အဲ . . . အဲ . . . .

ခင်စောမြတ်များလား။

အိုး . . . မဖြစ်နိုင်တာ။ ခင်စောမြတ်ဆိုတဲ့ မိန်းမကလေးကလည်း သီပေါမင်း ပါတော်မူပြီးနောက်ပိုင်း မကြာခင်ကတည်းက သေဆုံးသွားခဲ့ ဥစ္စာ။

ဓားဆောင့်ကုန်းရွာက လူတွေလည်း ကျွန်တော်နေတဲ့ အိမ်ကြီး ရှိရာကို ညဦးပိုင်းမပြောနဲ့ နေ့ခင်းနေ့လယ်တောင် ခြေဦးမလှည့်ရဲကြပါဘူး ဗျာ။

ဒါနဲ့ မီးအိမ်ကို ဆွဲကိုင်ပြီး တံခါးဖွင့်လိုက်တော့ . . .

မိန်းမရွယ်တစ်ဦးခင်ဗျ။

အသက်နှစ်ဆယ်ခန့် ရှိမယ်နဲ့တူပါရဲ့။

မျက်နှာသွယ်သွယ်၊ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပုပုလေးနဲ့။ မြန် ဆန်ဆန် တစ်ပတ်လျှိုဆံထုံးထုံးထားလို့ အဖြူရောင် ဇီဇဝါလိုပန်းတစ်ပွင့် ပန်ထားတယ်။

ခြေဖဝါးနှစ်ဖက်မှာတော့ ကတ္တီပါပိန်းတန်းဖိနပ်တစ်ရံကို သေသေ သပ်သပ် စီးထားတယ်ခင်ဗျ။

ပန်းရနံ့သင်းသင်းနဲ့ ရွှေဘိုသနပ်ခါးရနံ့ သင်းသင်းလေးက ကျွန် တော့်နှာဝကိုဝင်လာပြီး ရင်ကို အေးမြသွားတာပဲဗျာ။

မီးရောင်ရှေ့မှာ သူမရဲ့ မခို့တရို့အပြုံးကို မြင်လိုက်ရပြီး ရင်ထဲ သွားသလိုလို ခံစားရတယ်။

"မင်းက ဘယ်သူလဲ"





"ကျွန်မနာမည်က မမွေးထုံလို့ ခေါ်ပါတယ် . . . အစ်ကို။ အမေ ကြီး ဒေါ်ကြဲတိုင်းရဲ့ မြေးပါရှင့်"

"ဩော် . . . အမေကြီး ဒေါ်ကြဲတိုင်းရဲ့ မြေးတဲ့လား။ ခုမှပဲ မြင် ဖူးတယ်ကွယ်။ လာ . . . လာ . . . နှမလေး အထဲကိုဝင်ပါ။ ဘယ်လိုကိစ္စ အကြောင်းများ ပေါ်လာလို့ပါလဲနှမ။ အမေကြီး မပါဘူးလား"

"မဝင်တော့ဘူး . . . အစ်ကို။ အစ်ကို့ကို အဘွားက ခေါ်ခိုင်းလို့ လို့ပါရှင့်"

"ဟို . . . တို . . . လေ . . . မနေ့တုန်းက အစ်ကို နှမတို့အိမ်ကို လာခဲ့သေးတယ်"

"ဟုတ်လား"

"ဘယ်သူမှ အိမ်မှာမတွေ့လို့ စာတစ်စောင်ရေးပြီး တံခါးမှာ ညှပ် ထားခဲ့သေးတယ်"

"ဩော် . . ."

"အမေကြီး ဒေါ်ကြဲတိုင်းက ဘာကြောင့်တဲ့တုံး"

"အဖော်မရှိလို့တဲ့ အစ်ကို"

"ဟေ . . . အဖော်မရှိလို့ . . ဘယ်လို အဖော်မရှိတာတုံး . . . နှမ ရဲ့"

"ဟိုးဘက်ရွာ . . . အစ်ကိုရဲ့ . . . ဘာတဲ့ . . . ရှင်ပျံရွာမှာ အလှူ ရုပ်သေးပွဲ ရှိတယ်။ ကျွန်မ ရုပ်သေးပွဲကြိုက်တယ် . . . အစ်ကို။ အဘွားနဲ့ သွားဖို့ဟာ နည်းနည်းဝေးတယ်။ ယောက်ျားသားအဖော်ပါမှ သင့်မယ်။ နှင့် အစ်ကို မောင်ရွှေဝါကို သွားအကူအညီတောင်း။ အမေကြီးလွှတ်လိုက်တာလို့ ပြောဆိုလို့ အစ်ကို့ကို လာခေါ် အကူအညီတောင်းရတာပါ . . . အစ်ကို . . . အဲဒါ . . ."

ရုပ်သေးပွဲတဲ့ဗျာ။

ကျွန်တော် ရုပ်သေးပွဲရုပ်စုံပွဲကို မကြည့်ဖူးဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် ဇာတ်ကိုတော့ ငယ်ငယ်တုန်းက အမေတို့၊ အဖေတို့နဲ့ လိုက်ကြည့်ဖူးတယ်။ အထူးသဖြင့် ပြဇာတ်တော့ ကြိုက်တယ်။ ဝဏ္ဏကျော်ထင် စိန်အောင်မင်းရဲ့ ရာဟုလာအမွေတောင်းခန်း ဇာတ်ကွက်ကြိုက်တယ်။

ပြဇာတ်မှာတော့ ...

မြို့တော်သိန်းအောင်ရဲ့ မိုးလားတိမ်လားမြူလား ပြဇာတ်ကြည့်ဖူးတယ်ဗျား သဘင်သည်မဝင်ရ ကြည့်ဖူးတယ်။ ပြဇာတ်ကို လူတိုင်းသဘောကျနှစ်ခြိုက်အောင် တင်ဆက်သွားကြတာ သဘောကျတယ်ဗျား။

မြို့တော်သိန်းအောင်ရဲ့ ပြဇာတ်တွေက လူတန်းစားဘဝကို အခြေခံကတာဖြစ်တော့ ကျွန်တော်တို့လူငယ်တွေရဲ့ စိတ်အခံနဲ့ အံကိုက်တော့ အဲဒီပြဇာတ်တွေကို ကြိုက်တယ်။

ရုပ်သေးတော့ မကြည့်ဖူးဘူး။

အရုပ်တွေက ရွေ့မှာကြိုးတွေနဲ့ လှုပ်ရှား ...

နောက်ခံကနေ အဆိုကျော်တွေ၊ အပြောဆရာတွေက ဇာတ်ကိုခင်း၊ အံမယ် ... အရုပ်နဲ့ အပြောအဆိုအငိုနဲ့ အံကိုက်နေတာတော့ တော်တယ်ဗျ။ အဲချို့များ အရုပ်ငိုရင် ပွဲကြည့်ရင်း ငိုရဆိုပဲ။

"အစ်ကို ..."

"အဲ ... အဲ ..."

"အဖော်လိုက်ပေးနိုင်မှာလား ... ဟင် .. လို့"

"အဲ ... အဲ ... လိုက်ပေးပါတယ်ကွယ်။ နှမလေးလည်း ရုပ်သေးပွဲကြည့်ချင်နေမှတော့ အစ်ကို အဖော်လိုက်ပေးပါ့မယ်။ ခဏလေး အစ်ကို အဝတ်လဲလိုက်ဦးမယ်နော်"

"ဟုတ် ... ဟုတ်"

ကျွန်တော် အဝတ်အစား အမြန်လဲလိုက်ပြီး ဆွယ်တာအနွေးထည် နက်ပြာရောင်ကို အပေါ်က ထပ်ဝတ်လိုက်တယ်။





ပြီး ... ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ယူလိုက်ပြီး မီးမှိတ်လို့ တံခါးကို အပြင်ကနေ သော့ခတ်လိုက်တယ်။

သည့်နောက် မီးထိုးပြီး မြေနီလမ်းမကြီးအတိုင်း နှစ်ယောက်သား လမ်းလျှောက်လာလိုက်တာ ...

တစ်ချက် ခဲလုံးကို ခလုတ်တိုက်ပြီး မမွှေးထုံ ကျွန်တော့်ဘက်ကို လိုင်သွားရင်း ကျွန်တော့်ပုခုံးနဲ့ သူမရဲ့ပခုံး ထိသွားတယ်ဗျ။

ဆန့်ကျင်ဘက် မိန်းမသားတစ်ယောက်ရဲ့ ပူနွေးနွေးအသားနဲ့ ထိလိုက်လို့ထင့် ရင်ထဲမှာ ရှိန်းခနဲ၊ ဖိန်းခနဲ ...

"ရရဲ့လား ... နှမ"

"ချိုင့်ထဲက နင်းမိလိုက်လို့ ... အစ်ကိုရဲ့"

"သတိထားလျှောက်"

ဒီလိုနဲ့ အသားချင်းထိလိုက်၊ တိုက်လိုက်နဲ့ လျှောက်လာကြတုန်းမှာပဲ ...

"ဂီး ..."

"အဲမေ့ ..."

"ဟဲ့ ... ဟဲ့ ..."

ငှက်ဆိုးတစ်ကောင်ရယ်ဗျာ။ ရုတ်တရက် အနီးက အော်လိုက်တာရယ်။ မမွှေးထုံ လန့်ပြီး ကျွန်တော့်ခါးကို ဖက်ထားလိုက်တာ ...။

ကျွန်တော် ငှက်ဆိုးအော်သံရှိရာကို ငါးတောင့်ထိုးမီးနဲ့ လှမ်းထိုးမွှေ့ယမ်းပစ်လိုက်တော့မှ ငှက်ဆိုးဟာ တဂီးဂီးတစ်စီစ် အော်ဟစ်ပြီး ဟိုးညှို့အမှောင်ထဲကို ပျံသွားတော့တယ်။

"ကြောက်လိုက်တာ ... အစ်ကိုရယ်"

သူမက ကျွန်တော့်ခါးကို ထိုးဖက်ရင်း ရင်ခုန်နေထင့်။ သူမရဲ့ရင်သားအိအိနှစ်ခုက ကျွန်တော့်ကျောကို ဖိလိုက်ထိလိုက်ဖြစ်ပြီး ကျွန်တော့်ရင်တွေ ခုန်နေပြီဗျာ။

"နှမ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အစ်ကို"

"လွှတ်တော့ ... ဟိုငှက် မရှိတော့ဘူး"

ဒီတော့မှ သူမက ရုက်ကိုးရှက်ကန်း အမူအယာနဲ့ လက်ကိုလွှတ်ရင်းက ...

"ကျွန်မလေ ... အဲဒီငှက်မျိုးရဲ့ အော်သံကြားရင် ရင်တွေ တဒိတ်ဒိတ်ခုန်ရော အစ်ကို။ အရမ်းကြောက်တယ် ... သိလား"

"မကြောက်ပါနဲ့ ... အစ်ကို ပါပါတယ်။ ငှက်ရဲ့သဘာဝက ညဉ့်အခါ လူရိပ်လူယောင်မြင်ရင် လန့်ပျံအော်တဲ့သဘောပါ နှမ"

"ငှက်ဆိုး ... အစ်ကိုရဲ့"

"ငှက်ဆိုးဆိုတော့ ဘာဖြစ်လို့တုံး"

"အိုး ... သူက မကောင်းဆိုးဝါးညွှာ"

"ကဲ ... ကဲ ... ဒီလောက် ကြောက်တတ်နေရင်လည်း အစ်ကို့လက်ကို ဆုပ်ကိုင်ပြီး လိုက်ခဲ့တော့ ... နှမရေ"

သည့်နောက် ... မမွှေးထုံက ကျွန်တော့်ဘယ်လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်၊ ဘေးဘက်ညာကို လှည့်ကြည့်၊ မျက်လုံးကစားလိုက်၊ ကျွန်တော့်လက်မောင်းကို သူမရဲ့ လက်မောင်းအိအိနှင့် ချိတ်ညှပ်ပြီး ပူးကပ်လိုက်ပါလာခဲ့လေရဲ့ဗျာ။

အင်း ... ဓားဆောင့်ကုန်း ရွာသူရွာသားတွေ နေရထိုင်ရမှာ စိုးကြောက်တဲ့အရပ်မှာ မမွှေးထုံတို့မြေးအဘွား မကြောက်မရွံ့နေရဲတယ်။

ကျွန်တော့်မှာမှ သတ္တိတွေ ရှိနေတယ်ထင်တာ။

မမွှေးထုံတို့ မြေးအဘွားမှာလည်း မိန်းမသားသတ္တိတွေအပြည့်ရှိနေတာပါပဲလား။ ဒီလိုနဲ့ ညောင်ပင်ကြီးလေးပင် ဝိုင်းပတ်သလိုရှိနေတဲ့ အိမ်ကြီးရှိရာ ဝန်းကျင်ကို ကျွန်တော်တို့နှစ်ဦး ရောက်လာခဲ့ကြတယ်။

လေတိုးသံတွေကြောင့် ညောင်ပင်အိုကြီးလေးပင်ရဲ့ အရွက်ချင်းပွတ်သံ၊ အကိုင်းချင်းပွတ်တိုက်သံတွေဟာ ဆူညံနေတယ်ဗျာ။





ကျွန်တော် ညောင်ပင်လေးပင်ကို တစ်ပင်စီ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ 'ဝေါ' ဆို ညအိပ်ကျီးကန်းတွေ လန့်ပျံကုန်ပြီး တဝုန်းဝုန်း အသံတွေ မြည်သွားပါရောဗျာ။

မနေ့တုန်းက နေ့ခင်းကြောင်တောင်ကြီး ဒီညောင်ပင်တွေပေါ်က ကြောင်နက်ကြီးတွေရဲ့ ကြောက်လန့်စရာ အော်သံ၊ မာန်ဖီသံတွေကို ကြားရတာလေ။

တစ်ရာနီးပါးခန့် ကြောင်နက်ကြီးတွေက ကျွန်တော့်ကို မြင်သွားကြရော မာန်ဖီသံ၊ အဆက်မပြတ် အသံပေးပြီး အပေါ်က ခုန်ချလို့ ကျွန်တော့်ကို ကိုက်မယ့် ကုတ်မဲ့ဟန်နဲ့ ဝိုင်းလိုက်ကြတာ။

အခု ကြောင်နက်အုပ်ကြီးကို ညောင်ပင်ပေါ်မှာ မမြင်ရဘူး။ ဘယ်သွား အစာရှာထွက်နေကြလဲ မသိ။

"အဘွားရေ ... အဘွား ..."

"အစ်ကိုကြီးပါလာပြီ ... အဘွားရဲ့"

မမွှေးထုံဟာ ကျွန်တော့်လက်ကို ချိတ်ထားရင်းက ဝမ်းသာအားရအသံနဲ့ အော်ပြောလိုက်တော့ အမေကြီးဒေါ်ကြူတိုင်းက ခြံထဲကနေ ခပ်သုတ်သုတ် ထွက်လာလိုက်တယ်ဗျ။

အမေကြီးဒေါ်ကြူတိုင်းက ယောထဘီအနက်ရောင်နဲ့ ပင်နီရင်ဖုံးအင်္ကျီကို ဝတ်ထားပြီး ကတ္တီပါအပြာရောင်အနွေးထည်ကို ခြုံထားတယ်။

ဆံပင်ကိုလည်း ဖားလျားမချထားဘူး။

သပ်သပ်ရပ်ရပ်၊ ရှင်းရှင်းသန့်သန့် ထုံးထားသလို သနပ်ခါးရေကျဲကိုလည်း လူးထားတာ လက်နှိပ်မီးရောင်နဲ့ မြင်လိုက်ရတယ်။

"မောင်ရွှေဝါ ... ပါလာလားကွယ့်"

"ပါပါတယ် ... အမေကြီးခင်ဗျ"

"အဘွားရေ ... ကျွန်မမှာဖြင့် အစ်ကို လိုက်မှလိုက်ပါ့မလားလို့ ပူနေရတာတော့။ အစ်ကိုက သဘောသိပ်ကောင်းတာပဲ။ ကျွန်မတော့ ပျော်လိုက်တာ ... အဘွားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ငါ့မြေးပျော်ရင် အဘွား စိတ်ချမ်းသာပါ့ကွယ်။ မောင်ရွှေဝါရေ ... ငါ့မြေးမှာလည်း မောင်ဘွားမရှိ အစ်ကိုမရှိ ညီမမရှိတော့ မင်း ဒီရောက်လာတာ ဝမ်းသာလို့ မဆုံးပါဘူး။ အင်း ... အင်း မောင်ရွှေဝါရယ် ... မြို့ကိုမပြန်တော့ဘဲ အဘွားတို့မြေးအဘွားနဲ့သာ နေလိုက်ရင် ကောင်းမှာပဲကွယ်"

"နေပါတယ် ... အမေကြီးရဲ့ ... ဟဲ ... ဟဲ ... ဟဲ"

"အစ်ကိုကို သမီးတို့နဲ့ အပြီးနေနိုင်အောင် ဆွဲထားရမှာနော် .. အစ်ကို။ အစ်ကိုကော ညီမတို့နဲ့ အတူနေမှာလားဟင်"

"အခုလည်း အတူတူသွားကြတာမဟုတ်လား ... နှမရဲ့"

"အင်းပါ ... အင်းပါ ... ညီမကတော့ အစ်ကိုကို မြို့မပြန်နိုင်အောင် နားပူနားဆာ လုပ်နေမှာပဲ"

"လုပ်ပါဗျာ ... လုပ်ပါဗျာ ..."

"ပြီးရင် လျှာစွဲသွားအောင် ဟင်းကောင်းကောင်း၊ လက်ရာကောင်းကောင်းတွေ နေ့တိုင်း ချက်ကျွေးမှာပဲ ... သိလား"

"စားရချည်သေးရဲ့ ... ငါ့နှမရယ်၊ နေ့တိုင်း ဝမ်း ကြို့တင်နှတ်ထားမှပဲဟေ့ ... ဟား ဟား ဟား ဟား ..."

"ခစ် ခစ် ခစ် ခစ် ... ဒါမှ ကျွန်မတို့အရပ်ကနေ မြို့ကို မပြန်နိုင်မှာပေါ့နော်"

"ဝုတ်ပို့ ... ဝုတ်ပို့ဗျာ"

"ခစ် ခစ် ခစ် ခစ်"

ကျွန်တော်တို့ ခုနလေးကမှ စတင်တွေ့သိ ရင်းနှီးရတာပါ။ မိုးသားပွင့်လင်းလွန်းလှတဲ့ သူမရဲ့ဘဝမှာ စကားပြောဖော် အဖော်မရှိတော့ ကိုယ့်အပေါ် မြင်မြင်ချင်း ခင်ရှာတာပေါ့။

ကျွန်တော့်မှာလည်း မောင်ပေပင် မလာတော့ဘူးဆိုတော့ ဒီမိန်းမပျိုလေးနဲ့ ရင်းနှီးကျွမ်းဝင်ရတာ အဖော်ကောင်းရတာပဲပေါ့။

အင်း ... ခင်ရာဆွေမျိုး။





မြိန်ရာဟင်းကောင်းတဲ့။

"ကဲ ... မောင်ရွှေဝါရေ ... သွားကြစို့။ ရုပ်သေးပွဲတောင် ထွက်နေပလား မသိဘူးကွယ်"

"ဟုတ် ... မမွေး"

"ရှင် ... အဘွား"

"စကားပြောတာရပ်တော့ သွားကြမယ်။ လူများနေရင် အဝေးက ကြည့်နေရတဲ့အဖြစ် ဖြစ်ဦးမယ်။ သွားစို့ ..."

မမွေးကခြံဝမှာ အသင့်ထောင်ထားတဲ့ ဖျာလိပ်ကိုယူပြီး ချိုင်းကြား ညှပ်လိုက်တယ်။

"မောင်ရွှေဝါ ..."

"ခင်ဗျာ ... အမေကြီး"

"ဘာတွေ့လို့လဲ ... လူကလေးရဲ့"

"ဟို ... ဟို ... ဘာမှမဟုတ်ပါဘူး ... အမေကြီး"

"မင်း တစ်ခုခုကို ရှာနေသလိုပါကွယ်။ ဘာကိုတွေ့လို့တုံး"

ဒါနဲ့ ပြောရတော့တာပေါ့ဗျာ။

"မနေ့တုန်းက အမေကြီးတို့အိမ်ကိုလာရင်း ဘယ်သူမှမတွေ့ဖို့ အပြန်မှာ ..."

"ဘာဖြစ်တုံး"

"ဟောဒီ ညောင်ပင်လေးပင်ပေါ်ကနေ အလွန်ကြီးတဲ့ ကြောင်နက်ကြီးတွေ အမေကြီးရဲ့။ အကောင်တစ်ရာခန့် ရှိလိမ့်မယ်ဗျ။ အော်ဟစ်မာန်ဖီပြီး ကျွန်တော့်ကို ရန်ပြုဖို့ ခုန်ချလာတာဗျ"

"ဟုတ်ရဲ့လား ... မောင်ရွှေဝါရယ် ... ဒီညောင်ပင်တွေပေါ်မှာ ကြောင်နက်ဆိုတာ မရှိပါဘူး ... ကလေးရဲ့"

"ကျွန်တော် အသေအချာ မြင်ရတာပါ ... အမေကြီးရဲ့။ ကျွန်တော်က အမေကြီးမွေးထားတဲ့ ကြောင်တွေမှတ်တာ"

"ကြကြီးစည်ရာကွယ် ... မင်းကို တစ္ဆေများ ခြောက်လေရောလား

www.burmeseclassic.com



ကွယ်။ အမေကြီးတို့အိမ်မှာ ခွေးတစ်ကောင်ပဲရှိတယ် ... မောင်ရွှေဝါရဲ့"

"တစ္ဆေရောခြောက်လို့လား ... အမေကြီး"

"ဒီလိုဖြစ်တာမျိုးဆို တစ္ဆေခြောက်တာမျိုးပဲ ဖြစ်မှာပေါ့။ တို့များနေလာတာ နှစ်ပေါင်းမှ မနည်းတာ။ ကြောင်အော်သံတောင်မှ မကြားရဘူး မောင်ရွှေဝါရယ်"

"ကျွန်တော် အမြင်မှောက်တာပဲ ဖြစ်မှာပါခင်ဗျ"

"လူကလေးက တစ္ဆေသရဲတို့ကို မယုံဘူးလား"

"မယုံပါဘူး ... အမေကြီးရယ်"

"ဒါဖြင့် ကြောက်လည်း မကြောက်ဖူးပေါ့"

"မမြင်ဖူးတော့ မကြောက်ဘူးပေါ့"

"မြင်ရရင်ရော ..."

"မြင်ရလို့ သူ(တစ္ဆေသရဲ)က ကိုယ့်ကို ဒုက္ခပေးရင်လည်း သူချကိုယ်ချ ချရုံပဲပေါ့ ... အမေကြီးရယ်"

"အေး ... အေး ... မင်းသတ္တိတော့ ကြိုက်သွားပြီး ... လူကလေးရယ်။ ယောကျ်ားဆိုတာ အဲဒီလို ရဲရင့်မှ ယောကျ်ားခေါ်တာကွယ့်။ တို့များကလည်း အဲဒီလိုရဲရင့်တဲ့ ယောကျ်ားသား တစ္ဆေသရဲ မယုံမကြောက်တဲ့ ယောကျ်ားသားမျိုးကိုမှ ..."

"အဘွားရယ် ... တော်ပါတော့"

အမေကြီး ဒေါ်ဖြူတိုင်းက ပြောလက်စကို ရပ်တန့်ထားတော့ မမွှေးထုံက ဝင်ဟန့်သလို တားလိုက်တယ်ဗျ။

"အမေကြီး ... ဆက်ပြောလေ"

"ဟော ... ဟော ... ဆိုင်းသံကြားရပဟဲ့"

"ဟုတ်တယ် ... အဘွားရေ့ ဟိုမှာကြည့်စမ်း ... အလိုလေး လူအုပ်က နည်းနည်းနောနောလားတော်။ ပျော်စရာကောင်းလိုက်တာတော်။ အစ်ကို ..."

"ဟင် ... အင်း ..."





"အစ်ကို မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ ... နှမရဲ့။ ဒီလိုနေရာမျိုးမှာ ရုပ်သေးပွဲကြည့်ရတာ ရှားရှားပါးပါးဥစ္စာ။ လူည်းတွေလည်း အများကြီးပဲဟေ့"

"အစ်ကိုရေ ... တစ်နှစ်မှတစ်ခါ ကြုံတောင့်ကြုံခဲ ... အစ်ကိုရဲ့။ ချမ်းသာတဲ့ အလှူရှင်တွေမို့လို့သာ မန္တလေးက ရုပ်သေးထည့်နိုင်တာပေါ့"

ဒီလိုနဲ့ ကျွန်တော်တို့ ရုပ်သေးစင် ပွဲကြည့်ကွင်းထဲကို ရောက်လာကြတယ်ဗျ။ ပွဲဈေးတန်းကလည်း ဟိုဘက်ဒီဘက် အတန်းရှည်ကြီးများ။ ကြွင်းဖုတ်သည်၊ ခဲလံကျည်တောက်သည်၊ မုန့်ဟင်းခါးဆိုင်၊ အကြော်စုံဆိုင် စုံနေတာပဲ။ မုန့်လေပွေဆိုင်ရှေ့မှာ ကလေးလူကြီးတွေ ဝိုင်းနေတာပဲ ကိုး။

မုန့်လေပွေသည် အဘိုးကြီးကလည်း တုတ်နှစ်ချောင်းနဲ့ မုန့်လေပွေချပ်ကို မီးရှေ့မှာ ပြလိုက်၊ ကပ်လိုက်၊ လှန်လိုက်၊ ဝိုင်းလိုက် ... အဲဒါ ကြည့်ကောင်းပဲကိုး။

ဟော ... အညာသားကျောကုန်း ကောက်ညှင်းထုပ်ကြီးတွေကလည်း အုန်းသီးနိုင်းချင်းနဲ့ ဝယ်ကြ စားကြဗျ။

အမယ် ... မျက်နှာဖုံး အရုပ်သည်ရှေ့မှာလည်း ကလေးတွေက မျက်နှာဖုံးစက္ကူတွေ မျက်နှာမှာစွပ်ပြီး အချင်းချင်း နောက်ပြောင်နေကြပြီဗျာ။

ပူဖောင်းသည်ကြီးကတော့ 'ပီးပွမ် ... ပီးပွမ်'မည်တဲ့ ပူဖောင်းကို ကိုင်ပြီး ကလေးတွေကို စည်းရုံးနေလေရဲ့။

အညာလူည်းကြမ်းကြီးတွေကတော့ ပွဲခင်းကို ဘယ်ညာဝိုင်းထားကြတယ်ဗျ။

အညာနွား ဝဝဖီးဖီးကြီးတွေကတော့ လူည်းရှေ့မှာ စားမြုံ့ပြန်နေကြတယ်။

ကြည့်စမ်း ... ဝတ်ကောင်းစားလှဝတ်ထားတဲ့ အရွယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတွေ၊ အရွယ်မျိုးစုံ တောကျေးလက် အလှရောင်စုံနဲ့ဗျာ။

ပွဲရှားတဲ့အရပ်မို့လား မသိဘူး။ ဝရိုသတ်ကို ဖွေးဖွေးလှုပ်နေတာ ပဲ။ ကျွန်တော်တို့ရောက်သွားတော့ ပွဲက ထွက်နေပြီဗျ။

"ဟိုဗော် ... မိမွှေး ... မိမွှေးရေ ..."

"ဟယ် ... မဝေလား ... နင်တို့ အဲဒီမှာလား"

"ဟုတ်တယ်အေ့ ... လာ ... လာ ... ဒါတို့နေရာ အကျယ် ကြီးပဲ။ ညှော်သည်လည်း ပါတာကိုး။ လာကြအေ့ ... လာကြ"

"အဘွား ... ရွှေကဝင်နှင့်"

"အေး ... အေး ... သားတို့ နည်းနည်းဖယ်ကြပါကွယ်"

"အစ်ကို ... လာ ... လာ ..."

ကျွန်တော်တို့ကို ပွဲခင်းကလူတွေ ဝိုင်းကြည့်နေကြတယ် ကြည့်နေတာမှ မျက်တောင်မခတ်ပါဘဲဗျာ။

"အဘွား ... ဒီမှာ လာထိုင်လေ။ ဟိုမှာ သူတို့နှစ်ဦးထိုင်ပေ"

"အေးပါ ... အေးပါအေ"

"အစ်ကို ... ဒီမှာ ထိုင်"

ကျွန်တော်ထိုင်တော့ ကျွန်တော့်နံဘေးမှာ မမွှေးထုံက ကပ် ထိုင်လိုက်တယ်ဗျ။ ပခုံးချင်းထိ၊ ပေါင်ချင်းထိနေတော့ ပူနွေးနွေး ရှိန်းတိ တိန်း ဖြစ်နေပေါ့ဗျာ။

"မမွှေး ... မမွှေးအေ့ ..."

"ဘာတုံး ... မယ်သုန်"

"အဲဒါ ရန်ကုန်သား ဆိုအေ့"

"ဟုတ်တယ်အေ့ ..."

"ညည်းလူပေါ့"

"ဟုတ်တယ် ... ဟုတ်တယ် ... မထိနဲ့နော် ... ကောင်မ"

"အေးပါအေ ... ထုံးတို့ထားရင် ပိုင်ရှင်ရှိတယ်ဆိုတာ သိပါတ အေ့။ ငါက ညည်းတို့အစ်ကိုဝမ်းကွဲလားလို့ ... အဟီး"

စိတ်ကူးသစ်စာပေ



"ဝမ်းကွဲအစ်ကိုဆိုတော့ ညည်းက ဘာလုပ်ချင်လို့တုံး"

"အိုအေ ... ယောင်းမကလည်း တွန့်တိုနေလိုက်တာ ... ဟီး ဟီး ... ဟီး"

"ဟွန်း ... ညည်းတို့ မကဲနဲ့။ ဒါပဲ"

"ဟီး ဟီး ဟီး ဟီး"

"နေနေတာပဲအေ"

"ချောလည်း ချောတော့"

"မိမွှေး ... ရှာတာတော်တယ်အေ့"

ကျွန်တော်လည်း သူတို့ ပွင့်ပွင့်လင်းလင်းပြောနေတာကို ကြား ပြီး မျက်နှာပူလိုက်တာရယ်ဗျာ။

မမွှေးထုံကလေးကတော့ အဲဒီလို ပြောကြလေ ပီတိတွေဖြစ်ပြီး ကျွန်တော့်လက်မောင်းကို ရဲရဲတင်းတင်း ချိတ်ထားလေရဲ့။

အစ်ကိုတစ်ယောက်လို အားကိုးပြီး ချိတ်တာလား ...

ဒါမှမဟုတ် ငယ်ရွယ်နုပျိုသူတို့ သဘာဝ အချစ်ဆိုတဲ့ခံစားချက် ဖြစ်ပေါ်လာပြီး မချုပ်နိုင်မချွာရက် ကြည်နူးနေရှာရော့သလား။

ကျွန်တော့်ဘက်ကရော ...

အင်း ... အချစ်နဲ့ဝေးခဲ့တာ ကြာပေါ့လေ။

ကျွန်တော်လည်း ပျိုရွယ်သန့်စွမ်းနေသူ တစ်ကိုယ်ရေ တစ်ကာယ ပေပဲ။ ကြည်နူးစိတ်၊ တပ်မက်စိတ်၊ သွေးဆူစိတ်ကလေး ရှိနေတာပေါ့။ ဒါ ကြောင့် ဣန္ဒြေမပျက် သူမပခုံးနဲ့ ပူးထိနေလိုက်တယ်။

အောက်လင်းမီးအိမ်ကြီးတွေ ထိန်ထိန်လင်းလင်းအောက် မန္တလေး ရွှေမင်္ဂလာရုပ်သေးက အဆို၊ အက မြိုင်မြိုင်နဲ့ ခင်းနေပေါ့ဗျာ။

မင်းသားမင်းသမီး မြိုင်ထထွက်နေတယ်ခင်ဗျ။

နောက်ခံ မင်းသားမင်းသမီး ကြိုးဆွဲပညာရှင်များကလည်း တော် လိုက်တာရယ်ဗျာ။

အရုပ် က,နေတယ်လို့ မမြင်ဘူး။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လှမင်းသားနဲ့ လှမင်းသမီး နှစ်ပါးသွားကနေတယ်လို့ကို ထင်မြင်ခံစားနေရတာ။

နောက်ခံမင်းသားကလည်း အသံဝါကြီးနှင့် ဟစ်နိုင်ပါ၏။

"မွန်းဟောဝန် ××× ခုနစ်တွေ ××× မျှော်လေရှောင် ××× ညိုပြာရီမှောင် ××× တိမ်တောင်နီလာသွေး ××× ခွေးဖွယ် ××× သွယ်သွယ်တွေလာနော ××× ရှေ့ယာဉ်ကြော ××× ငွေသောင်ယံမှာ ××× မောင်နဲ့လွမ်းလို့ ××× ကျွမ်းကြေပြန် ××× ပြေလည်း ××× ပြေပဲ ××× မော့်ရုံမြဲ ×××"

"အစ်ကို ..."

"အဲဒီ နှစ်ပါးသွားမြိုင်ကလေ ... ကြိုက်လားဟင်"

"ကြိုက်ပါတယ် ... နှမရယ်"

"အိပ်ချင်နေလား"

"မအိပ်ချင်ပါဘူး ... နှမရဲ့၊ ရှုပ်သေးကတာကို စိတ်ဝင်စားနေတယ်"

"ဟုတ်ရဲ့လား ... မြို့ကကျွန်ခဲ့တဲ့ ရည်းစားကို သတိရနေတာ မဟုတ်ဘူးလား"

"ရည်းစားမရှိပါဘူး ... နှမရယ်"

"တကယ် ..."

"အင်း ..."

"ညီမကို မညာရဘူးနော်"

"ဟုတ် ..."

"ရော့ ... မရမ်းပြားချဉ်စပ်လေး စားလိုက်။ အိပ်ချင်ပြေပေါ့"

"ကောင်းတယ် ... ပေး"

"ဟင့်အင်း ... မပေးပေါင်"

"ဟင် ... ဒါနဲ့ပဲ အိပ်ချင်ပြေ စားဆို ... နှမကလည်း"

"ညီမ ခွံပေးမှာပေါ့လို့ ပါးစပ်ဟ ... ခစ် ခစ် ခစ်"





"ဘေးမှာ အဘွားရှိနေတယ် ... နှမရဲ့"

"နေပါစေ ... ရတယ် ... ပါးစပ်ဟ"

ဒါနဲ့ ပါးစပ်ကိုဟပေးတော့ မမွှေးထုံက မရမ်းပြားစပ်စပ်လေးကို သွယ်သွယ်သွယ် လက်ချောင်းလေးနဲ့ ခွံ့ပေးတယ်။ ကျွန်တော် ကြည်နူး နှစ်မြိုက်စွာ ဝါးပြီး မျိုချလိုက်တယ်။

ချဉ်စပ်ချိုလေး၊ ခံတွင်း တွေ့လိုက်တာ။

နောက်တစ်ပြား ထပ်ခွံ့ပေး။

နံဘေးက အမျိုးသမီးအချို့က စောင်းပြီး ရီကြ။

"ကြင်နာနေတာပေါ့အေ"

"အိမ်ကယောက်ျားလည်း အဲလိုမျိုး ခွံ့ပေးဦးမယ်ဟေ့"

"လက်ညှိုးပါ ကိုက်စားလိုက်ဦးမယ်အေ့ ... ခိ ခိ ခိ"

"ဟိုမှာ ပြောကုန်ကြပြီ ... နှမရဲ့"

"ပြော ... ပရောပဲ။ မနာလိုလို့ ပြောတာ။ အားကျရင် ကိုယ့်လိုကြိုးစားပေါ့ ... ဟွန်း"

ဒီမှာ မင်းသားက နှစ်ပါးသွားသိမ်းဖို့ စကားဆိုနေတယ်။

"နှမတော်လေး ..."

"မောင်မောင်ဘုရား ..."

"မင်းတို့လို ချောချောလှလှ မယားတွေကြောင့် မောင်ကြီးမှာ ကိလေသာရပ်ဝန်းက မခွာနိုင်ဘူး ... နှမတော်ရဲ့"

ဒီမှာ လူရွှင်တော်တစ်ဦး ဝင်ဖောက်တယ်။

"ကိုယ်တော်လေး ဘုရား"

"ဘာတုံး ... ငယ်ကျွန်ကြီး ... မောင်ဒီပါရဲ့"

"ကိုယ်တော်ဘုရားက မယားတွေအပါးက ခွာချင်ပြီပေါ့ ... ဟုတ်လား"

"ခွာချင်တာပေါ့ ... ငယ်ကျွန်ကြီးရဲ့၊ မယား ... မယား ဆိုတာကြောင့် ကျုပ် ဘုရား၊ တရား မလုပ်နိုင်ဘူးလေ ... မောင်မင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တောထွက်ချင်ပြီပေါ့"

"ထွက်ချင်တာပေါ့၊ တရား ရှာချင်တာပေါ့"

"ဒါဆို ဒီမယားတွေ ဘယ်လိုလုပ်ခဲ့မတုံး"

"အင်း ... သင်းတို့လေးတွေကို ဘယ်လိုလုပ်ပြီး ထားခဲ့ရမတုံးဗျာ"

"စဉ်းစား မင်းသား ... စဉ်းစားပါ"

"မယားချော၊ မယားလှလေးတွေ မေးကြည့်ပါရစေဦးဗျာ"

"မေပါ ... ဖုမ်း ... မင်းသား၊ မယားတွေတင် မဟုတ်ပါဘူး ဟောဟိုကရပ်နေတဲ့ မင်းသားရဲ့မယားပါသားတွေပါ မေးကြည့်ပါဘုရား"

ဒီမှာ ရပ်ကြည့်နေတဲ့ လူရွှင်တော်တစ်ဦးက ...

"ဟေ့ ... မောင်ဒီပါ"

"ဘာတုံး ... ကိုဆင်အိုးရဲ့"

"ငါတို့ မယားပါသားတွေ မဟုတ်ဘူးကွ"

"ဒါဖြင့် ဘာတွေတုံးဗျာ ... ပြောပါဦး"

"ငါတို့က မင်းသားဇနီးမယားတွေရဲ့ ထဘီကို ခိုးရောင်းပြီး ထန်းရည်သောက်တဲ့ ကောင်တွေကွ"

"ဝါး ... ဟား ဟား ဟား ..."

"ကိုင်း ... ကိုင်း ... မယားတွေကို မေးကြည့်ပါရစေဗျာ"

"မေပါ ... မင်းသား ... မေပါ"

"နှမတော်တို့ ... နှမတော်တို့ ..."

"ရှင် ... အစ်ကို ... သွပ်ပြားကို ခေါ်သလားဟင်"

ဒီမှာ လူရွှင်တော်တစ်ဦးက မိန်းကလေးလို ကန့်ကလျလုပ်ပြီး မင်းသားရှေ့ လာရပ်ရော လူရွှင်တော်ဦးဒီပါက လှမ်းပြောတယ်။

"ဟေ့ ... ချီးစားခွေးတွေ မခေါ်ဘူး"

"ဂိန် ..."

"ဝါး ... ဟား ဟား ဟား ဟား ..."





"နှမတော်တို့ရယ် ... မောင်ဘုရားများ ဖန်ရည်သင်္ကန်းနဲ့ တောထွက်ခဲ့ရင် နှမတော်လေးတို့၊ နှမတော်ကြီးတို့က မျက်ရည်စို့ရွဲ မှိုက်ကြီးတငင်နဲ့ ခွဲကြ၊ လွဲကြ၊ တားကြ၊ ငိုကြမှာလား ... နှမများရဲ့ ဟင်"

ဒီမှာ မယားအလှလေးက ပြောတယ်ဗျ။

"မတားပါဘူး ... မောင်ဘုရားရဲ့"

"အလို ... နှမတော်လေးက မတားဘူးဆိုတာက မောင်ဘုရား လျှော်တေသင်္ကန်းစည်းပြီး တောထွက်မှာကို သဘောတူကြည်ဖြူ ပါရမီဖြည့်ဖက်ယူမှာလား ... နှမအလိမ္မာကလေးရဲ့ ဟင် ဟင်လို့"

"ဒီလိုလည်း မဟုတ်ပါဘူး ... မောင်ဘုရားရဲ့"

"ဒါ ... ဒါဆို ... ဘယ်လိုကြောင့်များပါလိမ့် ... နှမရယ် .. တင်"

"မောင်ဘုရား ဒီနေ့တောထွက်ရင် ကျွန်တော်မျိုးမတို့ကလည်း မြို့တက်ပြီး နောက်လင် ချက်ချင်းယူမှာပေါ့ ဘုရား"

"အောင်မလေး ..."

မင်းသမီးက သို့ကလိုပြောရော မင်းသားက အမယ်လေးလို့ ရင်ထု။

ဒီမှာ ဆိုင်းဝိုင်းကလည်း ငိုချင်းချတီး။

ပရိသတ်ကလည်း ရယ်လိုက်တာမှ တအုန်းအုန်း။

ဒီအချိန်မှာ ... ကျွန်တော် အားရပါးရ သဘောကျလိုက်သလိုဖြစ်ပြီး မျက်စိတွေ လေးလံလာတယ်။

"အစ်ကို ... အိပ်ချင်လို့လားဟင်"

"မျက်တောင် စင်းစင်းလာတယ် ... နှမရဲ့"

"အိပ်ချင်ရင် ကျွန်မကိုမှီပြီး အိပ်လေ"

"ရပါတယ် ... နှမရယ်၊ ဝါး ... အား ..."

အလို ... အိပ်ချင်စိတ်က မရပ်မနားရှည်ထုပ်စားပြီးမှ ငိုအိပ်ချင်သလို ဖြစ်လာတယ်။ ဒါနဲ့ ငုတ်တုတ် ဒူးပေါ် လက်တင်အိပ်ပိုက်နေရာက

www.burmeseclassic.com



မမွေးထုံပခုံဘက် ယိမ်းကျသွားတယ်။ မမွေးထုံက အသာ လက်နှင့်ထိန်းပြီး သူမရဲ့ပေါင်ပေါ်မှာ ကျွန်တော့်ဦးခေါင်းကို အသာချပေးလိုက်တော့ ..

တင်းတင်းအိအိ၊ တုတ်တုတ်ခဲခဲ ပေါင်လုံးပေါ်မှာ ကျွန်တော် ပါးကိုအပ်ပြီး မှေးနေလိုက်တယ်။

မမွေးထုံက သူမရဲ့ဘယ်လက်နဲ့ ကျွန်တော့်ရဲ့ ရင်ဘတ်နဲ့ ပါးကို အသာအယာ ပွတ်သပ်ပေးနေတယ်ဗျ။

ကျွန်တော့်မှာလည်း သူမရဲ့ ပေါင်လုံးအိအိပေါ်မှာ ပါးအပ်ရာက ရင်ဘတ်ကို သူမရဲ့ နူးညံ့တဲ့လက်ဖဝါးနဲ့ ပွတ်သပ်ပေးနေတော့ သွေးတွေ တရိပ်ရိပ် လှိုက်ဆူလာတယ်ဗျာ။

ကျွန်တော့်သွေးကြောထဲမှာ ကိလေသာစိတ်တွေ၊ ရာဂစိတ်တွေ တရွရွ စီးမျောနေတယ်။

သွေးတွေ ပူနေပြီ။

ကျွန်တော် သူမရဲ့ ပေါင်လုံးအိအိကို သွေးတိုးစမ်းတဲ့အနေနဲ့ အသာ သွားနဲ့ ဖွဖွလေးကိုက်ကြည့်လိုက်တော့ သူမက ကျွန်တော့်ရင်ဘတ်ကို ပွတ်ရင်း အသာ လက်သည်းနဲ့ဆိတ်သလို လုပ်နေတယ်။

သိလိုက်ပါပြီဗျာ။

ကျွန်တော် သူမရဲ့ခါးကို လက်နှစ်ဖက်နဲ့သိုင်းပြီး ခပ်တင်းတင်း ဖက်ထားလိုက်တော့ ...

သူမရဲ့ ရင်သားထွားထွား မွမွကြီးတွေက ကျွန်တော့်မျက်နှာကို လာဖိသလို ဖြစ်ပြီး ...

ပါးကိုဖိလိုက် ...

မျက်ခုံးနဲ့နှာခေါင်းကို ခန္ဓာကိုယ်လှုပ်ရင်း ပွတ်ဆွဲ ထိသွားလိုက်၊

တစ်ခါတစ်ခါ ရင်သားနှစ်ခုနဲ့ ဖိကပ်ပြီး သူမပါ ငိုက်သလို မိန်းမောသလို ဖြစ်နေချိန်မှာပဲ ...

ကျွန်တော့်မျက်နှာဟာ သူမရဲ့ပေါင်ပေါ်ကနေ ရင်သားနှစ်ခုကြားကို အပ်ထားသကဲ့သို့ ရွေ့သွားချိန် ပူနွေးနွေးသွေး စီးမျောသံ ...





သူမရဲ့ ရင်ခုန်သံ ...

ပြီး တုန်ယင်နေတဲ့ သူမရဲ့လက် ...

ကျွန်တော် ကျဉ်သေးသေးခါးကို ဖက်ပြီး မျက်နှာကို ရင်နှစ်မြွာကြား တိုးဖိထားချိန်မှာပဲ ...

သူမက အညာစောင်တစ်ထည်ကို ကျွန်တော်တို့နှစ်ဦးပေါ် ခြုံသိုင်းလိုက်တယ်။

အိပ်မပျော်တပျော် ဖြစ်နေတဲ့ကျွန်တော် ညာလက်အသာအယာ ရွှေ့လိုက်ပြီး သူမရဲ့ နူးညံ့အိအိ ရင်သားပေါ်ကို လက်အသာတင်ချိန်လိုက်မှာပဲ ...

သူမက စောင်ခေါင်းမြီးခြုံကြီးနဲ့ ကျွန်တော့်ကိုယ်ပေါ်ကို မှောက်ချလိုက်တယ်ဗျာ။

ဒီအချိန်မှာ ရုပ်သေးမင်းသားရဲ့ သီချင်းဆိုသံကိုလည်း ကြားနေရသလို မမွေးထုံရဲ့ လူးလူးလွန့်လွန့် လှိုက်လှိုက်ဖိုဖို တိုးတိုးညင်းညင်း 'အစ်ကို ... အစ်ကို' ဆိုတဲ့ အသံကိုလည်း ကြားနေရင်း ...

"ရွှေတညာ ××× ဖျော်ဖျော်ဖြေ ဘွဲ့ကြော့ ×××

မြန်ဖြေချာဝယ် ××× လွန်သာတွေ့ထိ ×××

ဘန်ရွှေဘာဝယ် ××× မှုရာပို့တွဲ့ ဆိုယောင်မှား ××× "

ကျွန်တော် မေ့ခနဲ အိပ်ပျော်သွားသလိုလို ...

"အို ... အို ... အစ်ကို ... အဟင့် ... အစ်ကို ... အို ... အစ်ကိုရယ်"

"မွေး ..."

"အင် ..."

"ချစ်တယ်ကွယ်"

"ဟင့် ... ရှက်ပါတယ်၊ ဆိုနေမှ ... အဟင့် ... အဟင့် ..."

"ကြည့်စမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မင်းညီမင်းသား မိဖုရားများတို့သာလျှင် သုံးစွဲအိပ်စက်တဲ့ ဖဲမွေ့ရာပေါ်မှာ ရောက်နေပါလား။

ဖဲမွေ့ရာပေါ်မှာ စံပယ်ပန်းတွေက အပြည့်ခင်းထားလို့။

ကျွန်တော် သူမရဲ့ နွေးနွေးစုစု နှုတ်ခမ်းလေးကို ဖိကပ်စုပ်လိုက်တော့ ...

"မွေးရယ် ..."

တိကို ဆားထိသလို လူးလွန့်ပြီး ကျွန်တော့်လည်ပင်းကို တအား သိုင်းဖက်ထားတယ်။

"မွေး ... မွေး ..."

"အင် ... ဟင် ..."

"ချစ်လားဟင်"

"အင်း ... အင်း ..."

"ပါးစပ်က ပြောလေ ... ညီမရဲ့"

"အင်း ... အင်း ..."

"အာ အင်းတုံးလို့"

"ချစ် ... တယ် ... အစ်ကို ..."

"ကဲ ... ကဲ ..."

"အို ... ဟင့် ... အစ် ... ကို ..."

ကျွန်တော်တို့ ရာဂမြစ်ထဲမှာ တသိမ့်သိမ့်စီးမျောပြီး မောမှန်းမသိ ပန်းမှန်းမသိ။

ပန်းပွင့်တွေ ကြေမွသွားခဲ့ ...

ဖဲမွေ့ရာ တွန့်ကြေပြီး ဖဲအခင်းဟာ ခုတင်အောက်ကို လျှောကျသွားခဲ့တယ်။

အချစ်ပဲလား ...

တဏှာပဲလား ...

အချစ်နဲ့တဏှာ နှစ်လွန်းတင်ထားတာပဲလားမသိ။





သောက်လေသောက်လေ ဝေမပြေမြိုင်းနှင့်အတူ အလိုရမ္မက်သေနှများလွှမ်းလှတဲ့ သူမရဲ့ မွတ်သိပ်မှုကို ကျွန်တော် ထပ်ခါတလဲလဲ ဖြည့်ဆည်းပေးရင်း ...

မောပန်းနွမ်းလျ ပါးချင်းအပ်ပြီး နှစ်ဦးသား အိပ်မောကျသွားခဲ့ကြတော့တယ်။

လူက မောပန်းနေတော့ အိပ်ရာက မထချင်ပါဘူးဗျာ။ ဖွဲလမ်းဖွယ် နူးအိတဲ့ ချစ်သူမိန်းကလေးနဲ့ ဖက်ပြီးအိပ်နေရတဲ့ အရသာမျိုးထက် ကောင်းတဲ့အရသာ ဘာရှိမှာလဲဗျာ ... နော်။

ဒီအချိန်မှာပဲ ကျွန်တော့်ရဲ့ပါးကို စူးဝင်သွားအောင် ထိုးလိုက်တဲ့ အဖြစ်ကြောင့် ကျွန်တော် လန့်နိုးသွားခဲ့တယ်။

မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်တော့ ...

အလို ... ကျွန်တော့်ရင်ဘတ်ပေါ်မှာ ကြီးကန်းတစ်ကောင်နားပြီး ကျွန်တော့်ပါးကို နှုတ်သီးနဲ့ ထိုးဆိတ်လိုက်တာပါကလား။

ဟင် ...

"အား ... အား ... အား ... အား ..."

"အာဂလောက် ... အာဂလောက် ... လောက် ... အား ... အား ... အား ..."

ကျွန်တော် ကြီးကန်းကို လက်နှင့်ရိုက်ပြီး ဖယ်လိုက်ရော ကြီးကန်းပေါင်းများစွာတို့ရဲ့ ဆူညံအော်ဟစ်သံတွေ ကြားရပြီး ဝေါက်ခနဲထထိုင်လိုက်တယ်။

ကြီးကန်းတွေ ကျွန်တော့်ခေါင်းပေါ်မှာ ဆူညံစွာအော်ဟစ်ပြီး ကျွန်တော့်ဆံပင်တွေကို ခြေသည်းနဲ့ ကုပ်ခွဲကြတယ်ဗျာ။

"အား ..."

"မမွေး ... မမွေးရေ ..."

"မွေး ... မွေး ..."

မမွေး အနီးမှာ မရှိဘူး။ အဝေးမှာလည်း မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါ ... ဒါ ..."

အလို ... အနီးမှာရှိနေတာ အုတ်ဂူပျက်တွေနဲ့ ကျင်း ချိုင့်တွေပါလား။ သစ်သားမှတ်တိုင် အခွေး၊ အပျက်၊ အယိုင်၊ အရွဲ့တွေလည်း မြင်ရရဲ့။

နေရောင်က ကျွန်တော့်ကိုယ်ပေါ်ကို စူးရှုးရဲရဲ ထိုးကျနေလို့။

သစ်ပင်လည်း မရှိဘူး။ မြက်ပင်လည်း မရှိဘူး။

ကျွန်တော်ရယ်၊ မွေးရယ်၊ အမေကြီးဒေါ်ကြူတိုင်းရယ် ညတုန်းက ဒီနေရာမှာ မန္တလေးရုပ်သေးပွဲကို လူတွေအများကြီးနဲ့ ကြည့်နေတာပါဗျာ။ ကျွန်တော့်ချစ်သူ မမွေးကျွေးတဲ့ မရမ်းပြား ဆားရည်စိမ်ချဉ်စဝ်ကို စားရင်း မွေးရဲ့ပေါင်ပေါ်မှာ အိပ်ပျော်သွားတာ။

ပြီး ... မွေးနဲ့ကျွန်တော် ဖဲမွေ့ရာ ခုတင်ကြီးပေါ်မှာ နှစ်ကိုယ်တူ ကြည်နူးစွာ ချစ်ရည်လူးကြတာလေ။ ကြည့်စမ်းပါဗျာ ...။

ရုပ်သေးစင် မရှိတော့ဘူး။

ရုပ်သေးစင်နေရာမှာ ဂူပျက်ကြီး (၃) လုံး။

လှည်းတွေလည်း မရှိ ဖျာစုတ်လည်း မကျန်။

နေပါဦး ...

ချစ်သူမွေးက ကျွန်တော့်ကို ဘာလို့ သင်္ချိုင်းပျက်ထဲ တစ်ယောက်တည်း ထားရစ်ခဲ့ရတာလဲ။ ဘာလို့ နှိုးပြီး ခေါ်မသွားရတာလဲ။

"ပိုး ..."

"အား ..."

"အား ... အား ... အား ... အား ..."

ကျီးကန်းတွေက ရဲတင်းလိုက်တာရယ်။

ကျွန်တော့်ဆံပင်အချို့ ကျီးခြေသည်းကြား ပါသွားတယ်။ ကျွန်တော် ကျီးရန်ကို လက်နဲ့ဝှေ့ယမ်းပြီး ထရပ်လိုက်တယ်။

လူက ခုန်ညွှတ်ပြီး လဲကျသွားလေရဲ့။

ကျွန်တော် ကြိုးစားပြီး ထတယ်။ ပြန်လဲကျသွားပြန်တယ်။





"ဒကာလေး ..."

"ဟင် ..."

ကြည့်လိုက်တော့ ... ရှိရှယ်သူ ဦးဇင်းတစ်ပါး သပိတ်ကိုပိုက်ပြီး ကျွန်တော့်အနီးမှာရပ်ပြီး ကျွန်တော့်ကို ကြည့်လို့။

"ထရပ်လို့ ရရဲ့လား"

"အားမရှိသလို ဖြစ်နေပါတယ် ... ဦးဇင်း ... အား ..."

"ဦးဇင်းလက်ကို ဆွဲကိုင်ပြီး ကြိုးစားထ"

ကျွန်တော် ဦးဇင်းငယ်ကမ်းပေးတဲ့လက်ကို လှမ်းဆွဲလိုက်တယ်။ ဦးဇင်းငယ်ရဲ့လက်ကို ဆုပ်ကိုင်မိတော့ အလိုလိုခွန်အားတွေစီးဝင်လာသလို ခံစားရပြီး ထရပ်လို့ရတယ်ဗျာ။

"ဒကာလေး ... ဒီမှာ ဘာလုပ်နေတာလဲ"

ဒီမှာ ဝဲပျံနေတဲ့ ထိုးသုတ်မလို့လုပ်နေတဲ့ ကျီးကန်းတွေကို ဦးဇင်းလေးက ညာလက်နဲ့ ထောင်ပြနေတော့ ...

အလို ... ကျီးကန်းအုပ်ကြီး ... ဝေါခနဲ ဝေါခနဲ အလန့်တကြား အဝေးကို ပြန်ပြေးကြပါရောဗျာ။

"ဒကာ ... ဦးဇင်းမေးတာ ကြားရဲ့လား"

"မှန်ပါ့ဘုရား"

"ဒီတစပြင် သင်္ချိုင်းဟောင်းထဲမှာ တစ်ယောက်တည်း ဘာဖြစ်နေတာလဲ။ ဦးဇင်း အဝေးကနေမြင်လို့ လာခဲ့တာ"

"ညတုန်းက ..."

"ဘာဖြစ်လဲ"

ကျွန်တော်က ညတုန်းက မမွေးထုံတို့မြေးအဘွားနဲ့ ဒီနေရာမှာ မန္တလေးရုပ်သေးပွဲကြည့်ရာက ဖြစ်စဉ်ကို ပြောပြလိုက်ရော ...

"ဒကာလေးက ဒီဒေသသားပဲလား"

"မဟုတ်ပါဘူး ... ကိုယ်တော်၊ တပည့်တော် ရန်ကုန်က ရော လာနေတာပါ"

www.burmeseclassic.com



"ဘယ်ရွာကအိမ်မှာ တည်းသိုး ... ဒကာလေး"

"တိုက်ပွဲတုန်းရွာက မြို့သူကြီးဟောင်းတိုက်မှာ နေပါတယ် ဘုရား"

"ဒီနေ့ရာအကြောင်းရော သိရဲ့လား"

"မသိပါဘူး ဘုရား။ ဘာဖြစ်လို့ပါလဲ ... ကိုယ်တော်"

"နောင်ကို ဒီနေရာ တစ်ယောက်တည်း မလာနဲ့။ အထူးသဖြင့် ညဘက်ကို လုံးဝမလာနဲ့"

"ဘာ ... ဘာဖြစ်လို့ပါလဲ ဘုရား။ မိန့်ပါဦး ဘုရား"

"ဒီနေရာက ဂျပန်ခေတ်သချိုင်းတစပြင်။ ပြီးတော့ ကျုတ်ကုန်း ဒကာလေးရဲ့"

"ကျုတ်ကုန်း"

"ဟုတ်တယ် ... အလွန်ဆိုးတဲ့ ကျုတ်ကုန်းပဲ"

"အရှင်ဘုရား ... ကျုတ်ကုန်းဆိုတာ ဘယ်လိုဟာကို ခေါ်တာ တုံးဘုရား"

"အင်း ... ခက်တာပဲကွို့။ ဒကာ ဘာအလုပ်လုပ်လဲ"

"စာရေးဆရာပါ ... အရှင်ဘုရား"

"စာရေးဆရာလုပ်ပြီး ကျုတ်ကုန်းဆိုတာ မသိတော့ ရှင်းပြရတာ ကြာမှာပဲ။ ကိုင်း ... မြန်မြန်ပြန်။ ရွာထဲရောက်မှ လူကြီးသူမတွေ၊ ရဟန်း သံဃာတွေကို မေး။ ကိုင်း ... ဒီတစပြင်သချိုင်းကုန်းက အမြန်သွားတော့။ ဦးဇင်း ကြည့်နေပေးမယ်"

"မှန် ... မှန်ပါဘုရား၊ ဦးတော်တင်ပါတယ် ဘုရား"

ကျွန်တော် ကြည်ညိုလေးစားဖွယ် ဦးဇင်းလေးကို ကန်တော့ပြီး ဝါးတောင့်ထိုး လက်နှိပ်မီး ကောက်ကိုင်လို့ သချိုင်းကုန်း တစပြင်ဟောင်းက နေ အမြန်ထွက်လာခဲ့လိုက်တယ်။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ...





ဦးဇင်းလေးက သပိတ်ပိုက်ပြီး ကျွန်တော့်ကို စိတ်မချသလို ရပ် ကြည့်နေတုန်းပဲ။

ဒီလိုနဲ့ ရပ်ကွက်ကျေးရွာတစ်ခုနီးပါး ကျယ်ဝန်းပြီး သစ်ပင်ကျိုးတိုး ကျဲတဲ ကန္တာရကုန်းသချိုင်းမြေအပြင် လမ်းမကိုရောက်တော့ ဦးဇင်းလေး ကို လှည့်ကြည့်လိုက်ပြန်တယ်။

ဦးဇင်းလေး မရှိတော့ဘူး။

ဦးဇင်းလေး ဘယ်အရပ်ကိုများ ဆွမ်းခံကြွမလို့ပါလိမ့်။ ဒီဝန်းကျင် မှာ အိမ်နဲ့တူလို့ တိုင်ဟောင်းတစ်တိုင်တောင် မတွေ့ရဘူးလေ။

စိတ်ထဲမှာ မမွှေးကို ဒေါသလည်း ဖြစ်နေမိတယ်ဗျာ။

သူမတို့ မြေးအဘွားက အဖော်လိုက်ခဲ့ပါဆိုလို့ လိုက်ခဲ့တာ။ ကျွန် တော့်ကို မတော်တရော် သချိုင်းဟောင်းထဲ ထားခဲ့ကြတယ်။ ဒါ နောက် ပြောင်စရာလားဗျာ ... ဟင်။

တွေ့ကြသေးတာပေါ့ ... မိမွှေးရယ်။

ဒါ ... အချစ်တဲ့လားဟင်။

ဒါ ရွာခံလုပ်ရက်တဲ့ အလုပ်လားဟင်။

တော်ပါပြီ ... ဒီလိုဥပေက္ခာပြုရက်တဲ့ မိန်းမသားမျိုးကို ချစ်သူ ညိုးစား တော်ရရင်တော့ ...

နေဦးလေ ...

လောမကြီးနဲ့ ရွှေဝါ၊ ဆန္ဒမတောနဲ့။

သူတို့မြေးအဘွားရော ဘာဖြစ်ကြလို့လဲ စဉ်းစား။

အင်း ... သူတို့နှစ်ဦးကိုပါ မသမာသူတွေ ဖမ်းဆီးခေါ်ဆောင် သွားပြီး ကျွန်တော့်ကိုတော့ တစ်ခုခုများလုပ်ပြီး သေချင်သေ ထားခဲ့ရော သလား။

ဦးဇင်းလေးကပြောတယ်။

ဒါ ကျုတ်ကုန်းတဲ့။

ကျုတ်ကုန်းဆိုတာ ဘယ်လိုဟာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတာကတော့ ...

ညပွဲခင်းက ဖျာစုတ်ဖျာဟောင်း မကျန်ရစ်ဘူး။ ခဲလံကျည်တောက်အခွံ မကျန်ရစ်ဘူး။ ကောက်ညှင်းထုပ်အခွန် မကျန်ရစ်ဘူး။ အကြော်ဖိုထင်းမီးသွေး မကျန်ရစ်ဘူး။

အဲဒါ အလွန်ကို ထူးခြားနေတာပဲ။

ကျွန်တော် ခြေလှမ်းသွက်သွက်နှင့် နာရီဝက်ခန့် လျှောက်လာလိုက်တော့ မမွှေးထုံတို့ သစ်သားအိမ်ဟောင်းကြီးရှေ့ကို ရောက်လာခဲ့တယ်။

"အူ ... ဝူး ... ဝူး ... ဝူး ... အူ ... ဝူး ..."

"ဂိန် ... အိန် ... အိန် ... အိန် ..."

"အူ ... ဝူး ... အူ ... ဝူး ..."

ခွေးနက်ကြီးရယ် သစ်သားအိမ်အိုကြီးကိုကြည့်ပြီး ဆွဲဆွဲငင်ငင် အူနေတယ်။ ခွေးနက်ကြီးဟာ ကျွန်တော့်ကိုကြည့်ပြီး အူနေလိုက်၊ အိမ်မည်းအိမ်အို အိမ်ယိုင်ကြီးကိုကြည့်ပြီး ဆွဲဆွဲငင်ငင်အူလိုက်။ ကျောထဲမှာ ဖြန်းခနဲ ဖြစ်သွားတယ်။

ဒါနဲ့အတူ တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားခဲ့တယ်။

ဘယ့်နှယ် ... တစပြင်သချိုင်းဟောင်းမှာတုန်းက ကြက်သီးမထခဲ့ဘဲ ခုမှ ကြက်သီးဖြန်းဖြန်း ထနေရပါလိမ့်ဗျာ။

"မမွှေးရေ ... မမွှေး ..."

"အမေကြီး ... အမေကြီး ..."

"အူ ... ဝူ ... ဝူး ... ဝူး ..."

"မမွှေးရေ ... မမွှေး ... အိပ်နေကြတုန်းပဲလားဟေ့"

အသံပြန်မပြုကြဘူး။ ကျွန်တော် တံခါးရှေ့မှာ ရပ်ပြီး တံခါးရွက်ကို လက်နဲ့ခေါက် အသံပြုလိုက်တယ်။ မနိုးကြဘူး။

ဒါနဲ့ တံခါးကို အသာဆွဲကြည့်လိုက်တော့ ...





တံခါးရွက်ကြီး တကျွီကျွီပွင့်လာပြီး ဆွေးမြည့်နေတဲ့ သစ်သားအကာတစ်ခု ပြုတ်ကျသွားတယ်။ တံခါးပွင့်လို့ အထဲကိုဝင်လိုက်တော့ ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့ရတော့ နှာခေါင်းကို လက်နဲ့အုပ်ပြီး ...

"မမွှေးထုံ ..."

"အမေကြီး ... မမွှေးထုံ ... အိပ်ကြတုန်းပဲလားဟင်"

အထဲမှာလည်း ပြတင်းတံခါးတွေ ပိတ်ထားတော့ မှောင်နေ တယ်။ ကြွက်သေပုပ်လိုလို၊ ခွေးသေပုပ်လိုလို အနံ့ဆိုးကလည်း စူးစူးညစ်ညစ်ကို နံ့နေတာပဲ။

ပွဲကြည့်၊ အိပ်ရေးပျက်နေတာပါရဲ့။

ဒါနဲ့ လက်နှိပ်မီးနဲ့ထိုးကြည့်လိုက်တော့ အခန်းတစ်ခန်းထဲမှာ ခြတက်နေတဲ့ ကုတင်ပျက်ကြီးတစ်လုံးကို ဦးစွာမြင်လိုက်ရတယ်ဗျာ။ ခုတင်ပေါ်မှာ တစ်ယောက်ယောက် လဲလျောင်းနေပုံမျိုးပဲ။ မီးထိုးပြီး ရှေ့သွားကြည့်လိုက်ရော ...

"ဟင်"

"ကျွန်တော်မြင်ရတာ သက်ရှိလူသားတစ်ဦးမဟုတ်ဘူး။ အရိုးစုတစ်စုဗျာ။ ကုတင်ပေါ်မှာ ပက်လက်သေနေပုံမျိုးခင်ဗျ။ အရိုးကျပြီး အိပ်နေပုံမပျက်။ ကာလကြာမြင့်စွာကတည်းက သေနေခဲ့ပုံမျိုး။

ဦးခေါင်းကြီးက မျက်တွင်းဟောက်ပက်။ သွားတွေစိလို့။ တော်ရုံသတ္တိမရှိတဲ့သူဆို သွေးလန့်ပြီး သေသွားနိုင်တယ်။ ကြမ်းခင်း ဆွေးမြည့်ပေါက်ပြဲပေါ်မှာ ရှည်လျားလှတဲ့ဆံပင်တွေ၊ ဆံပင်အချို့ ဟိုတစ်စုဒီတစ်စု ပြန့်ကျဲနေတာ မြင်ရလေရဲ့ဗျာ။

"ကျွီ ..."

"ဟင်"

တံခါးတစ်ချပ် ပွင့်တဲ့အသံမျိုး ကြားလိုက်ရတယ်။

ကျွန်တော် မီးနဲ့ ထိုးလိုက်တယ်။ လူမရှိဘူး။ တဝုန်းဝုန်းပြေးသွားတဲ့အသံကြားလို့ မီးနဲ့ထိုးကြည့်လိုက်တော့ ရေနွေးကြမ်းအိုးမှ ခြေကြွက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ တစ်ကောင်နဲ့တစ်ကောင် ကိုက်နေကြတာရယ်။ နောက်ထပ် အခန်းတစ်ခန်းကို မြင်ရတယ်၊ အခန်းတံခါး ပိတ်ထားတယ်။

"ဝေါ ... ဝရော"

"ဟ ... ဟ ..."

အခန်းတံခါးရှေ့ ရစ်နေတုန်းရှိသေးတယ် ဆွေးနေတဲ့တံခါးက ပြုတ်ကျသွားလို့ အမြန်ရှောင်လိုက်ရတယ်။

"အို ... ခြကောင်တွေမှ မနည်းဘူးပဲကိုး"

ရောက်မှတော့ မထူးဘူးဗျာ။

အထဲကိုမီးထိုးကြည့်လိုက်ရော ...

"ဟယ် ..."

သစ်သားကုတင်ပျက်ပေါ်မှာလည်း လူအရိုးစုတစ်စုပါလား။ အရိုးစုအနေအထားက တုံးလုံးဘေးစောင်း အနေအထား။ ဦးခေါင်းက မျက်ကွင်းဟောက်ပက်။ သွားတွေက ဟစိ။ ဆံပင်ဟောင်းတွေကတော့ အရိုးခေါင်းရဲ့အောက်မှာ အချို့ ပိကျန်နေဆဲ။ ဆံပင်က ရှည်ရှည်လျားလျားတွေ။

မဟုတ်မှလွဲရော ...

မိန်းမသားတစ်ဦးရဲ့ ဆံပင်ဖြစ်ပုံပဲ။

အရိုးစုအလောင်းနှစ်ခုကို သချိုင်းကုန်းမှာ မမြှုပ်နှံ၊ မဖွင့်မပယ်ပုံထောက်ရင် ကုတင်ပေါ်မှာပဲ ပြိုင်တူသေဆုံးနေပုံပဲ။

အနံ့တွေကတော့ ...

သေပြီး အရိုးမကျခင် နံ့တဲ့အနံ့မျိုး။

"ဝုန်း ..."

"အမလေး ..."

ကျွန်တော် လန့်အော်ပြီး မီးနဲ့ထိုးလိုက်တော့ ...

အပေါ်အမိုးဘက်က သစ်သားဆွေးတန်းတစ်ခု ပြုတ်ကျလာတာ။ ကံကောင်းလို့ပေါ့ဗျာ။ ခေါင်းပေါ်များကျရင် ခေါင်းထိနိုက်သွားမှာ။ အနံ့တွေက ပိုပြီးနံ့လာတယ်။ ခြတွေကလည်း ခြေထောက်ပေါ်ကို ရွရွ ရွရွနဲ့ တက်ကုန်ကြပြီ။





"အော့ ... ဝေ့ ... အော့ .. ဝေ့ ..."

ကျွန်တော် အိမ်ပျက်အိမ်အိုကြီးထဲက အမြန်ပြေးထွက်လာလိုက်ပြီး မြင်ပလေကို အားရပါးရ တစ်ဝကြီး ရှူပစ်လိုက်တယ်။

"ဟူး ... ခုမှ အသက်ရှူကောင်းတော့တယ်"

ကျွန်တော် အပြင်ကိုရောက်ရော ခွေးနက်ကြီးက ကျွန်တော့်ကို စောင်ပေစောင်ပေနဲ့ကြည့်ပြီး အိမ်အိုကြီးထဲ ပြေးဝင်သွားပါရော။ ကျွန်တော်က မကျေနပ်သေးဘူးဗျ။

ကျွန်တော့်ခေါင်းထဲမှာ ကြောက်စိတ်ကို မရှိသလိုပဲ။

ဒါနဲ့ ခွေးဝင်သွားတဲ့အခန်းကို လက်နှိပ်မီးနဲ့ ထိုးကြည့်လိုက်တော့ အံ့ဩဖွယ်လိုအဖြစ်ကို မြင်လိုက်ရလေရဲ့။

ခွေးနက်ကြီးဟာ ပထမမြင်ရတဲ့ ခုတင်ပေါ် ပက်လက်သေဆုံး အရိုးကျနေသူရဲ့ဦးခေါင်းကို သူ့လျှာနဲ့လျက်လိုက်၊ ငုတ်တုတ်ထိုင်ပြီး အရိုးဦးခေါင်းခွံကိုကြည့်လိုက်၊ တစ်ခါ ရှည်လျားတဲ့လျှာကြီးနဲ့လျက်လိုက် လုပ်နေတာကို အံ့ဖွယ်မြင်လိုက်ရတာပါပဲဗျာ။ ပိုပြီး အံ့ဩဖို့ကောင်းတာက ..

ခွေးနက်ကြီးရဲ့ မျက်လုံးအိမ်ဝန်းကျင်မှာ မျက်ရည်တွေ စိုစွတ်စီးပေနေတာကို မြင်လိုက်ရတာပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## | ၁၂ |

❑

ကျွန်တော်နဲ့မောင်ပေပင်တို့ဟာ ဓားပိုးကုန်းကျေးရွာက ဖက်ဆစ်တော်လှန်ရေးသမားကြီး ဦးကျော်ပန်းတောင်းရဲ့ အိမ်ကို ရောက်နေတာပဲခင်ဗျ။

"ဘကြီးကျော်ရေ ..."

"ဝေ ... ဘယ်သူတုံးဟ"

"ငပေပါ ဘကျော်ရ။ မြို့သား ပါတယ်ဗျ"

"ဟေ ... မြို့သား၊ စာရေးဆရာဆိုလားလကွ"

"ဟုတ်လိုက်လေဗျာ ... နောင်ကြီး ... အပေါ်တက်ဗျ"

"လာပါ ... ကြွပါ ... စာရေးဆရာရေ ပယောဂဆရာကြီး ဖိုးခမောက်ပြောပြလို့ ကျုပ်ကလည်း စာရေးဆရာကို မျှော်နေတာဗျ"

ကျွန်တော်တို့ အိမ်ပေါ်ရောက်တော့ ဘကျော်ခေါ် ဖက်ဆစ်တော်လှန်ရေးရဲဘော်ဟောင်းကြီး ဦးကျော်ပန်းတောင်းနှင့် ဇနီးသည် ဒေါ်မီးခြစ်၊ သမီး မတပေါင်းဆိုသူတို့က လက်ဖက်အသားနှပ်၊ အမဲခြောက်





ဖုတ်ဆီဆမ်း၊ ရေနွေးကြမ်း၊ ဆေးလိပ်၊ ပြောင်းဖူးဖက်လိပ်တို့နှင့် လှိုက်လှိုက်လှဲလှဲကို ညှော်ခံကြတော့ပေါ့ဗျာ။

ဘကျော်က အကျီကျောပြောင်ကြီးနဲ့။ ပေါင်ရင်းကို ပုဆိုးစုတင်ပြီး ထိုင်နေတာရယ်။ ထိုးကွင်းမင်ကြောင်တွေကလည်း အပြည့်ပဲဗျာ။

ထူးခြားတာက ဘကျော်ပန်းတောင်းရဲ့ ညာဘက်နားရွက်ဟာ တစ်ခြမ်းမရှိဘူး။ နားရွက်ပြတ်ကြီးဖြစ်လို့။

"စာရေးဆရာ အားရပါးရသာ စားလကွယ်။ ဟောဒါက ကျုပ်မိန်းမကွယ်။ ဒေါ်မီးခြစ်တဲ့။ ပုတယ်၊ ဂေါင်တယ်၊ နားညည်းတယ်"

"ကိုကျော် ... ရှင်နော် ... ညှော်သည်ရှေ့မှာနော်။ ရှင်ကရော အေးလို့လား ... ဟွန်း ..."

"အဘကျော် ..."

"အေး ... စာရေးဆရာ"

"နာမည်မှာ ကျော်ဆိုတဲ့စကားလုံး ပါတယ်"

"အေး ..."

"ကကြီးရရစ်ကြောက်လား။ ရပင်းကျော်လားခင်ဗျ"

"အေး ... စာရေးဆရာ မေးမှ မေးတတ်ပါ့ကွာ။ အိမ်ထောင်မကျခင်က ကကြီးရပင်းကျော်ကွ။ မာသလားမမေးနဲ့။ ဂျပန်တော်လှန်ရေးမှာလည်း မာမာပဲ။ စစ်ပြီးလို့ အိမ်ထောင်ကျတဲ့နေ့အထိလည်း မာတုန်းပဲကွ။ အဲ ... အဲ ... ကလေး (၅)ယောက်မွေးပြီးလို့ နောက်ပိုင်းမှာ ရပင်းကျော်ကနေ ကကြီးရရစ် ကြောက်ရတဲ့ဘဝရောက်ပြီး ဟောဒီမိန်းမ ပွသမျှ၊ လောင်သမျှ၊ အော်သမျှ၊ ဝေါက်သမျှ ဒဏ်ကို ခံနေရပေါ့ ... စာရေးဆရာရေ"

"ဟား ... ဟား ... ဟား ... ဟား ... ဒါဆို အဘ မမာတော့ဘူးပေါ့"

"ပျော့သွားပြီ ... စာရေးဆရာ"

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျောက် ..."

"ဘာတုံး ... မိန်းမ"

"ရှင်နော် ... ကလေးတွေရှေ့မှာနော် ... ဟင်း"

"စာရေးဆရာရေ ..."

"ဗျာ ... အဘကျောက်"

"အဲဒီနောက်ဆုံး 'ဟင်း'ဆိုတဲ့အသံကို အကြောက်ဆုံးပဲကွ။ အခု စာရေးဆရာရှိနေလို့၊ မရှိရင်လား 'ဟင်း'ဆိုတဲ့ မာန်ဖီသံပြီးရင် ကျုပ်နားကို တိုးလာရောဗျ"

"အလို ... အဘကျောက်ကို ကြီးတော်က ထိုးတာပဲလားဟင်"

"မထိုးဘူးကွ၊ လာဖက်ထားတာ"

"ဟား ဟား ဟား ဟား ... မိုက်တယ်ဗျာ"

"အဟတ် အဟတ် အဟတ် ... ဒါကြောင့် အဘကျောက် ခုလောက် အရွယ်တင်တာကိုးဗျ ... ဟား ဟား ဟား ဟား"

ဒီမှာ ကြီးတော်ဒေါ်မီးခြစ်က ပြောတယ်။

"စာရေးဆရာရေ ... နားထောင်ပြီး စာတစ်အုပ်သာ ရေးပေတော့။ ခုချိန်ကစပြီး ပေါက်ကရနဲ့ ညစ်တီးညစ်ပတ်တွေကို ပြောပေဟာပါလိမ့်မတော်"

"ဟ ... ငါ့လူ ... စာရေးဆရာရ"

"ပြော ... ဘကျောက်"

"အဲဒါ ပိုနားထောင် မကောင်းဘူးလားကွာ ဟင်"

"ကြက်သားဟင်းနဲ့ စားရတာထက် မြိန်ပေါ့ ... အဘရယ်"

"ဟား ... ဟား ... ဟား ... ဟား ... မှတ်ထား ... တောသူမ ရှင်မီးခြစ်ရဲ့ ... ပညာရှိများ ရိုပ်ဖမ်းသံဖမ်းလေးပြောတာနဲ့ ရိုပ်ဖမ်းသံဖမ်း နဲ့ သိတယ်ဗျာ။ နင် နားလည်လား"

"ဟွန်း ... ရှင်ကတော့ လက်လန်ပါတယ်"





"တွေ့လား ... အရှုံးပေးသွားပြီ ... ဟား ဟား ဟား ဟား ... ကျောက်ဝန်းတောင်းပဲကွာ။ ဒါမှ တော်သေးသဟ ... စာရေးဆရာရ"

"ဘာကိုတော်သေးလို့လဲ ... အဘကျောက်ရဲ့"

"ဂယ်နဲ့များ ကျောက်လိုက်ရင် မြောင်းထဲပဲကွ"

"ဟား ဟား ဟား ဟား ... ကံကောင်းနေလို့ပေါ့နော် အဘ"

"အေးလကွာ ... နောက်မိန်းမထပ်ရရင်တော့ ချောက်ထဲပေါ့"

"ဟား ဟား ဟား ဟား"

"ကိုကျောက် ..."

"ဘာတုံး ... ရှင်မီးခြစ်"

"မဟုတ်မဟတ်တွေ ရပ်တော့။ မြို့သားက စာရေးဆရာရှင့်။ သူ ပြောတာလည်း ကောင်းကောင်းနားထောင်ပါဦး"

"အိမ်း ... ဗိုမိန်းမ သတိပေးတာလည်း ဟုတ်သားဟ။ အင်း ဒါကြောင့် ရှေးပညာရှိတွေ ရေးခဲ့ ပြောခဲ့တာကိုး။ ဘာတဲ့ ... မိန်းမစကား နားထောင်ကြားက သင်္ဘြားကျောက်စောင်း ကျိုးသော် ပြောင်းဓါတဲ့"

"ရှိသေးတယ် ... အဘကျောက်ရဲ့"

"ဟုတ်လား ... လုပ်ပါဦးဟ ... စာရေးဆရာဟ"

"မိန်းမနှင့်မီး နှစ်ခုအနက် မီးကို ရေနှင့်ဖျန်းသော် မီးငြိမ်းဓါတဲ့"

"အေး ... ဟုတ်တယ်လေ ... ပြီးတော့ ..."

"မိန်းမကို ရေနှင့်ဖျန်းသော် အရိုးကျိုးပွဲသိမ်း ဖြစ်လတ္တံ့တဲ့"

"ဟုတ်ပါ့ဗျာ ... ရေနှင့်ထိလေ မာလေ၊ လန်းလေ၊ ကြမ်းလေ ပေါ့ဗျာ ... ဟား ဟား ဟား ဟား။ ကိုင်း ... ကိုင်း ... မြို့သားစာရေး ဆရာ ငါ့လူရောက်လာတာ ပျော်လိုက်ပါ့ကွာ။ ဟဲ့ ... ငပေ၊ စားနေှ"

"ဟုတ်ကဲ့ ... ဘကျောက်"

"ကဲ ... စာရေးဆရာ၊ လာရင်းအကြောင်း ပြောပါဦးဗျာ"

"ဒီလို ... အဘရဲ့၊ အဘတို့လည်း ကြားပြီးရောပေါ့။ ကျွန်တော် အခုခေတ္တတည်းနေတဲ့ မြို့သူကြီးတိုက်အိုကြီးအကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သိပေါ့"

"ဆရာကြီး ဦးခမောက်ကတော့ ရှေးမြို့သူကြီးမိသားစုနဲ့ နောက်လိုက်တော်လှန်ရေးသမားတွေ သေဆုံးပြီးနောက်ပိုင်းမှာ ဒီတိုက်ကြီးဟာ တစ္ဆေအလွန်ခြောက်လို့ ဘယ်သူမှ နေလို့မရဘဲ ပစ်ထားတာ နှစ်ပေါင်းမနည်းဘူးတဲ့။ ဂျပန်ခေတ်တုန်းကလည်း အဲဒီအိမ်ကြီး တစ္ဆေအလွန်ခြောက်သတဲ့။ ပြီး ... အဲဒီတိုက်ပွဲကုန်းကလည်း လူမနေလောက်အောင် ရှာပျက်ကြီးဖြစ်ပြီး နေလို့မရတဲ့ရွာ ဖြစ်ခဲ့တယ်လို့ ပြောတယ်။ ဂျပန်ခေတ်က အဲဒီမြို့သူကြီးအိမ်အကြောင်း သိချင်ရင် ဖက်ဆစ်တော်လှန်ရေး ရဲဘော်ဟောင်းကြီး အဘကျောက်ကို မေးကြည့်လို့ ပြောလို့ သိချင်တာနဲ့ လာခဲ့တာပါခင်ဗျာ"

"အေး ... ဟုတ်ပြီ၊ ပြောပြရမှာပေါ့ ... စာရေးဆရာ။ ဒါနဲ့ အခု စာရေးဆရာနေနေတော့ ဘယ်လိုအရာတွေ ကြုံရတုံးဗျာ"

"နည်းနည်းပါးပါးတော့ ထူးခြားပါတယ် ခင်ဗျာ။ စောင့်ကြည့်နေတုန်းပါခင်ဗျ"

"ဒါနဲ့ ငါ့လူ စာရေးဆရာက တစ္ဆေသရဲတို့ကို မကြောက်ဘူးလား"

"မကြောက်ပါဘူးခင်ဗျ"

"ယုံရော မယုံဘူးလား"

"စူးစမ်းလေ့လာ မှတ်သားနေတုန်းပါ ... အဘကျောက်"

"ပညာသည်ရှိတယ်ဆိုတာရော လက်ခံသလားကွယ်"

"ပညာသည်ဆိုတာ ဘာကိုပြောတာပါလဲ ... အဘကျောက်"

"ပညာသည်ဆိုတာ ကဝေကိုပြောတာ။ အဆင့်မြင့်စုန်းကို ကဝေလို့ခေါ်တယ်။ ပညာနှင့် အမျိုးမျိုးပြုစားပြီး နာနာရုပ်များစွာကို ဖန်တီးနိုင်လို့ ပညာသည်ခေါ်သကွယ့်"

"ကျွန်တော်တော့ တစ်ခါမှ ကိုယ်တွေ့မကြုံဖူး။ မမြင်သေးဘူး ... အဘကျောက်ရဲ့၊ မြင်ရရင်တော့ လက်ခံရမှာပဲ ခင်ဗျာ"





"အေး ... ဟုတ်တာပေါ့။ တစ်နေ့ အဘ ပညာသည်ကဝေရှိရာကို ခေါ်သွားပြီး ပြပေးပါ့မယ်ကွယ်။ အခု ပြောမှာက စာရေးဆရာ လက်ရှိနေထိုင်တဲ့ မြို့သူကြီး ဦးသောမရဲ့ ရှေးအိမ်ကြီးအကြောင်းပဲ။ ကျုပ်တို့ အဘိုးများခေတ်က မြို့သူကြီးရှိခဲ့တာပေါ့။ မြို့သူကြီးက တစ်ပါးကျွန်မခံတဲ့ စိတ်ရှိတယ်။ မြို့လုလင်၊ မြို့သူကြီး၊ မင်းကြီးရွှေလရောင်ခေါ် ဗိုလ်မင်းရောင်နဲ့ တစ်သွေးတစ်စိတ်တည်းရှိပြီး အင်္ဂလိပ်နယ်ချဲ့အစိုးရကို သေသေကျေကျေ မြန်မာ့မြေပေါ်ကနေ မောင်းထုတ်ရမယ်ဆိုတဲ့ ယုံကြည်ချက်ရှိတယ်။ မြန်မာ့ရာဇပလ္လင်ပေါ်မှာ မြန်မာမင်းတစ်ပါးကို ပြန်နန်းတင်ပြီး မြန်မာ့လွတ်လပ်ရေးကို ရအောင်ပြန်ယူမယ်ဆိုတဲ့ ရည်မှန်းချက်ရှိတယ်။ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မင်းကြီးရွှေလရောင်ကျဆုံးတဲ့နေ့က အင်္ဂလိပ်လို ၁၈၈၅ ခုနှစ်၊ မေလ (၃) ရက်နေ့ အဲလိုထင်တယ်။ မှားချင်လည်း မှားမယ်နော်။

ကျုပ်တို့ တောင်တွင်းကြီး၊ မင်းဘူး၊ နတ်မောက်မှာ မင်းကြီးရွှေလရောင်ဆို အင်္ဂလိပ်အစိုးရရော စစ်တပ်ရော ဖိန့်ဖိန့်တုန်အောင်ကြောက်ကြတာ။ ကြောက်လို့လည်း အင်္ဂလိပ်စစ်တပ်ရော၊ အိန္ဒိယ မဒရပ်စစ်ဗာရီတပ်မကြီးနဲ့ ဝိုင်းတိုက်ကြသကိုး။ ဒီတုန်းက ကျုပ်ကို သရက်၊ မင်းတုံး၊ ပခုက္ကူ၊ စလင်းဘက်မှာ နာမည်ကျော် နယ်ချဲ့ဆန့်ကျင်ရေးသမားတွေ အများကြီး ပေါ်ခဲ့တယ်။ ခေါင်းဆောင်တွေကတော့ ဗိုလ်ဖျိုးကလေး၊ ဗိုလ်ရာဘော်၊ ဗိုလ်ကင်း၊ ဗိုလ်ကံသိန်း၊ ဦးပရမနဲ့ ဗိုက်တုတ်ကြီးတို့ဟာ ကုလားစစ်သားခေါင်းဖြတ်ရမှ အိပ်ပျော်တဲ့ တော်လှန်ရေးသမားတွေပဲ။

မကွေးနဲ့ တောင်တွင်းကြီးကြားမှာ ရွှေခင်ညိုမင်းသားကလည်း အင်္ဂလိပ်စစ်တပ်နဲ့ နောက်လိုက် ကုလားကျွန်တွေကို တွေ့ရာသင်္ချိုင်း၊ မားဆိုင်းတိုက်ခဲ့တာကလားဗျ။

လက်နက်ချင်းက မညီမျှတော့ ကျုပ်တို့ အဘိုးတွေ တော်လှန်ရေးမှာ ကျဆုံးခဲ့ရတယ်။

အလျင်တုန်းက စာရေးဆရာနေတဲ့အရပ်ကို မင်းခစားရွာခေါ်တာပေါ့။ ဌာကြီးပေါ့။ ရွာစုတွေပေါင်းပြီး မြို့သူကြီးဦးသောမက သီပေါမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမိန့်စာချွန်နဲ့ မြို့သူကြီးလုပ် အုပ်ချုပ်ရတယ်။ သူ့နောက်မှာ သူ့အမျိုးထဲ က ဦးရက်ရာဇာဆိုသူက အင်္ဂလိပ်ခေတ်မှာ သူကြီးလုပ်ခဲ့တယ်။

တိုတိုပြောရရင် ...

အင်္ဂလိပ်အစိုးရစစ်တပ် ဧရာဝတီမြစ်ဝကနေ ရေလမ်း၊ ကုန်းလမ်း နှစ်ဖက်ဆန်ပြီး မင်းကြီးရွှေလရောင်တို့ကို တိုက်မယ်ဆိုတာ အထောက်တော်တွေထံက သတင်းရထားတယ်။

မင်းခစားအရပ်ကနေ မြို့သူကြီးဦးသော၊ ဦးဆောင်ပြီး တိုက်မယ်ပေါ့။ တော်လှန်ရေးသမားတွေကို မင်းခစားရွာမှာ စုတာကိုး။ တိုက်ပွဲဖြစ်တော့လည်း ဒီနေရာဖြစ်ကြတော့ ရွာပါပျက်တာပေါ့။ အင်္ဂလိပ်စစ်တပ်က တော်လှန်ရေးသမား မြို့သူကြီးတို့မိသားစုရော၊ ရွာသူရွာသားပါမကျန် အကုန်ဖမ်းသတ်ပစ်၊ ပြီး ... ရွာတွေကို မီးနဲ့တိုက်ပစ်ခဲ့တာ ရွာပေါင်း ငါးရွာ မီးလောင်ပြင် ဖြစ်သွားခဲ့တယ်။ ဘယ်သူမှ အလောင်းမကောက်ရဲဘူး။ ကောက်တဲ့လူကို ပစ်သတ်တယ်။ ဒီမှာ အလောင်းဝင်လုတဲ့ ကောက်တဲ့ မြို့သူကြီးမိသားစု အသတ်ခံရပြီး သူတို့အားလုံး အိမ်ကြီးမှာ တော်လှန်ရေး အစွဲအလမ်းကြီးစွာနဲ့ မကျွတ်မလွတ်ဘဝကို ရောက်ခဲ့ကြတယ်။

အင်္ဂလိပ်စစ်သားတွေ မြို့သူကြီးတိုက်မှာ စခန်းချတော့ စစ်သားတွေ လန့်ကြသတဲ့။ မြို့သူကြီး တိုက်အပေါ်ထပ်ကနေ ဓားရှည်ဆွဲပြေးဆင်း လာဝင်ခုတ်တာကိုမြင်ပြီး လန့်အော်ကြ ...

တစ်ခါ အင်္ဂလိပ်စစ်ဗိုလ်ရဲ့ လည်ပင်းကို မြို့သူကြီးက လာညှစ်တယ်။ တစ္ဆေခြောက်တယ်ဖြစ်ရော။

သို့သော် အင်္ဂလိပ်စစ်ဗိုလ်က တစ္ဆေကို မယုံကြည်ဘူး။

ညဘက် ... တိုက်ကြီးထဲမှာ စခန်းချ အိပ်မောကျနေရင်း ...

"တိုက်ဟေ့ ... တိုက်"

"ဝိုင်းဟ ... ဝိုင်း .."

"ချ ... ခုတ်လဟ"

"ပစ်လကွ ..."





"သေဟ ... ကျား ... ဗမာကွ"

အော်သံ၊ ကြုံးဝါးသံ၊ ထိုးနှက်တိုက်ခိုက်သံတွေ အိပ်ပေါ်ကရော အိမ်နံဘေးဝန်းကျင်ကပါ ကြားရတာတဲ့။ လူစုလူဝေးနဲ့ ဝင်တိုက်တဲ့အသံတဲ့။

အင်္ဂလိပ်စစ်ဗိုလ်ရော၊ ကုလားစစ်သားတွေရော လန့်နိုး။

"ဗိုင်းယား ... ဗိုင်းယား ..."

"ဒိုင်း ... ဖောင်း ..."

"ဒိုင်း ... ဒိုင်း ..."

"ဒိန် ..."

မှောင်နဲ့မည်းမည်း ရမ်းသမ်းပြီး ပစ်ကြတယ်။ ပစ်လို့အားရမှ မီးထိုးရှာတယ်။ ရန်သူကိုမတွေ့ရဘူး။ သွေးစသွေးန၊ ခြေရာလက်ရာမတွေ့ရဘူး။ အနီးဝန်းကျင်ကို လိုက်ရှာကြတယ်။

မီးလောင်ပြင်ပဲ ရှိနေတယ်။

လူသေအရိုးစုတွေပဲ ရှိတယ်။ တော်လှန်ရေးသမားတွေရဲ့ သဲလွန်စ ဘာမှမတွေ့ရဘူး။

အဲဒါ ... တစ်ညလုံး ကင်းစောင့်အိပ်ရတယ်တဲ့။

ဟော ... နောက်နေ့ သန်းခေါင်ယံ၊ မိုးသောက်ယံကျရင် လာပါပြီတဲ့ဗျာ။ အိပ်မောကျနေတဲ့အချိန်။

"ဝိုင်းဟ ... ဆီးဟ ..."

"ဒုန်း ... ဝုန်း ... ဒုန်း ..."

"သတ်ကြ ... ခေါင်းကိုဖြတ်ဟေ့"

"အမျိုးယုတ်တွေကို အသေသတ်ကြ"

"တစ်ယောက်မှ အရှင်မထားကြနဲ့ဟေ့"

"တိုက် ..."

တိုက်ပွဲဝင်အသံတွေ မြင်းဟီသံ၊ မြင်းခွာသံတွေနဲ့ တူမီးသေနတ်ဖောက်သံတွေပါ ကြားကြရော။ မြန်မာစကားပြန်က အော်တော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရန်သူတွေဝင်လာပြီ ... ကပ္ပတိန်"

"ဘယ်မှာတုံး ... မောင်မင်း"

"လမ်းမပေါ်မှာ ... ဟိုလရောင်အောက် မြင်းတွေပါတယ် ... ကပ္ပတိန်"

"အင်အား ဘယ်လောက်များများရှိသလဲ ... လူကလေး"

"များတယ် ... လေးငါးဆယ်ခန့် ရှိတယ်"

ကင်းသမား၊ စစ်သားတွေကလည်း သတင်းပို့ မြင်းငါးစီးနဲ့ ဓားလှံတူမီးကိုင် သူပုန်တွေ ဝိုင်းထားပါပြီတဲ့။

အကုန်လုံး လက်နက်တွေစွဲ၊ နေရာယူပစ်ကြတာ သေနတ်သံဆူညံနေတာပဲ၊ အိမ်ပေါ်ကို တဝုန်းဝုန်းကျတဲ့အသံတွေ ကြားရသလို ...

"ဝေး ... ဝေး ..."

"ဟေး ... ဟေး ..."

"ဝေးဝေး ... ဟေးဟေး"

မှောင်မည်းကြီးထဲမှာ မကြောက်မရွံ့ ကြွေးကြော်ဟစ်ကြွေးနေတဲ့ အသံမျိုးစုံ ကြားနေရတယ်။ မိန်းမအသံ၊ ယောကျ်ားအသံ၊ ကလေးငိုသံ၊ နာရီဝက်ကျော် ကျည်သွန်ပြီး ပစ်လိုက်ကြတာ အရုဏ်လင်းလာမှ အပစ်ရပ်တော့တယ်။

အင်္ဂလိပ်စစ်ဗိုလ်ကိုယ်တိုင် သူ့ရဲဘော်တွေကို စစ်ဆေးတယ်။

"ဝမ်း ... တူ ... သရီး ... ဖိုး ... ဖိုက်"

"တပ်သား နှစ်ဆယ်၊ အကြပ် တစ်၊ ဗိုလ် တစ်၊ အားလုံး (.....) ယောက်။ ထိခိုက်ဒဏ်ရာမရှိ"

အင်္ဂလိပ်စစ်ဗိုလ် ဝမ်းသာသွားတယ်။

သူ့ရဲဘော်တွေ တစ်ယောက်မှ ထိခိုက်ဒဏ်ရာမရကြဘူး။ ထုံးစံအတိုင်း လူဖြန့်ပြီး ရန်သူ့အလောင်းတွေကို ရှာကြတယ်။ ခြေရာတောင် မတွေ့ဘူး။ မြင်းခွာရာ မတင်ကျန်ဘူး။ အင်္ဂလိပ်စစ်ဗိုလ် စဉ်းစားရခက်နေတယ်။ ခေါင်မိုးပေါ်မှာတော့ အုတ်ခဲကျိုးတွေ တင်လို့။





မိမိတို့ပစ်တဲ့ ကျည်ဆန်ခွံတွေကတော့ နေရာအနှံ့မှာ ကျနေတယ်။

"လူကလေး ..."

"အမိန့်ရှိပါ ... ကပ္ပတိန်"

"ကျွန်ုပ်လည်း မြင်းခွာသံ၊ လူစုလူဝေးသံကြားရတယ်။ လူကလေးလည်း မြင်းစီးလူဆိုးတွေကို မြင်တယ်။ ကျွန်ုပ်ရဲ့ စန္ဒရီရဲဘော်တွေလည်း သူတို့ကို မြင်တယ်။

"ဟုတ် (ရက်စ်)"

"ကျွန်ုပ်တို့ နံနက်လေးနာရီကစပြီး ပြန်တိုက်ခိုက်တယ်"

"ရက်(စ်)"

"အခု ... မိုးလင်းတော့ ရန်သူ သူပုန်တို့ရဲ့ သဲလွန်စ မတွေ့ရဘူး။ အကျအဆုံး မတွေ့ရဘူး။ ကျွန်ုပ်တို့ ဒီနေ့ပါနဲ့ဆို (၃)ရက်။ သန်းခေါင်၊ အရုဏ်တက်၊ ညဦး စသည် တိုက်နေတာပဲ။ သူတို့ ဘယ်လိုရန်သူတွေလဲ။

"အဲ ... အဲ ... ဒါ ..."

"ကော်ပိုရယ် ..."

"ရက်(စ်) ... ကပ္ပတိန်"

"မင်း ရန်သူတွေကို ကိုယ်တိုင်မြင်တယ် ... ဟုတ်သလား"

"သေသေချာချာမြင်ရတာပါ ... ကပ္ပတိန်။ ခေါင်းဆောင်က မြင်းအနက်ကြီးကို စီးထားပါတယ်။ ဆံပင်တွေကို နောက်ကျောမှာ ဖြန့်ချပြီး ဓားရှည်ကို မြှောက်မြှောက်ပြီး သူ့လူတွေကို အမိန့်ပေးနေတာပါ"

"သူ့အသွင်သဏ္ဌာန်ကို ပြောစမ်း ... တပ်ကြပ်ကြီး"

"နှုတ်ခမ်းမွေး ကားကားကြီးနဲ့ပါ။ ပါးစပ်က အော်ပါသေးတယ်"

"ဘယ်လိုအော်ပါသလဲ"

"မြို့သူကြီး ... သောမဆိုလားပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစကား အနည်းငယ်တတ်သည့် တပ်ကြပ်ကြီးက အင်္ဂလိပ်တစ်ဝက်၊ မြန်မာစကားတစ်ဝက်နဲ့ အစီရင်ခံနေတာကို စကားပြန် မောင်သောင်းဖေကြားတော့ အံ့အားသင့်သွားခဲ့သတဲ့။

"လူကလေး ..."

"ကပ္ပတိန် ..."

"မြို့သူကြီးသောမကို ကျွန်ုပ်တို့ သူပုန်တွေကို ကျွန်ုပ် ကေရိဘုရင်မကြီးရဲ့တပ်က သုတ်သင်ရှင်းလင်းလို့ သေဆုံးသွားပြီ မဟုတ်လား။

"ရက်(စ်) ..."

"အခု မြို့သူကြီးသောမကို ပြန်အသက်ရှင်လာပြီး ဒုက္ခပေးနေတာ ဘယ်လိုသဘောတုံး"

"ဟို ... ဟို ..."

"ဒီနယ်မှာ မြို့သူကြီးသောမ ဘယ်လောက်များများရှိသလဲ"

"က ... ကပ် ... ပတိန် ..."

"ပြောပါ ... လူကလေး"

"ဒါ ... ဒါ ... လူ ... လူသူပုန် ... အ ... အ ... စစ် ... မဟုတ်ဘူး"

"အို ... လူသူပုန်အသံမဟုတ်ရင် ... ဘာတုံး .. လူကလေး"

"တစ္ဆေ"

"တစ္ဆေ ... What is it . . ."

"တစ္ဆေဆိုတာ အစွဲအလမ်းစိတ်နဲ့ သေဆုံးသွားသူတွေ နောက်တစ်ဘဝအသေစ်ဖြစ်ပြီး ပရိညာဉ်သားဘဝနဲ့ ကိုယ်ထင်ပြခြောက်လှန့်တာမျိုးပါ ... ကပ္ပတိန်"

"နိုး ... နိုး ... တစ္ဆေ ... ဒါ မရှိဘူး။ ကျွန်ုပ် လုံးဝ လက်မခံဘူး။ အားလုံးထွက် ... ဒီအနီးဝန်းကျင်က ရွာရှိသမျှကို ဝင်စစ်ဆေး ယောက်ျားမှန်သမျှ အကုန်ဖမ်းခေါ်ခဲ့။ ယောက်ျားမတွေ့ရင် မိန်းမတွေကို





ကလေးပါမကျန် ဖမ်းခေါ်ခဲ့။ ဒီရောက်မှ အပြစ်ဒဏ်ပေးပြီး စစ်မေးလိုက်ရင် မြို့သူကြီးသောမအကုနဲ့ လက်ကျန်သူပုန်တွေကို ဖော်ထုတ်ကြမှာပဲ"

စကားပြန်လည်း ဘာမှဝင်ပြောခွင့် မရှိဘူး။

စစ်သားတွေလည်း (၁၀)မိုင်ပတ်လည်က ရှိသမျှရွာတွေကို နင်းဝင်ပြီး ရှာကြပေမယ့် ရွာထဲကလူတွေရော တိရစ္ဆာန်တွေရော အိုးခွက်တွေက အစ ဘာမှမရှိတော့ဘူး။

အားလုံး ကြက်ပျောက်ငှက်ပျောက် ရှောင်တိမ်းသွားကြပြီ။

ဆိုကြပါစို့ ... တရေးသရာရယ်။

ကင်းသမားတွေ ကင်းစောင့်လို့ မရတော့ဘူး။

ကင်းစောင့်နေရင်း မိန်းမတစ်ယောက်ရဲ့ တောက်ခေါ်သံကို အနီးကပ် ကြားနေရပြီး လှည့်ကြည့်ရင် လူမရှိဘူး။

တစ်ခါတစ်ရံ လက်ကို လာဆွဲတယ်။ သေနတ်ကို လာလုတယ်။ အစောင့်က ပြန်ရုန်းဆွဲပြီး ကုလားလို့ ဆဲရေးရင် တခစ်ခစ်လှောင်ပြောင်ရယ်သံကိုလည်း ကြားရတော့ နောက်နေ့ညမှာ အစောင့်စိတ်နောက် သွားတဲ့ဘဝကို ရောက်သွားခဲ့ရတယ်။

နောက်အစောင့်တစ်ယောက်ဆိုရင် ...

ညဉ့်သန်းခေါင် အချိန်လောက်မှာ ..

ပထမ ပုပ်ဟောင်နေတဲ့ အနံ့ရလို့ အော့အန်သတဲ့။

မကြာဘူး။ အပုပ်နံ့ပျောက်ပြီး မွှေးကြိုင်တဲ့ ရနံ့ရလို့ ကြည်နူးနေချိန် နောက်ကနေ ပခုံးကို တစ်ယောက်ကပုတ်လို့ လှည့်ကြည့်လိုက်ရော။

"အ ... ဘား ... အဘားဘား ..."

လှည့်ကြည့်လို့ မြင်လိုက်ရတာက ကိုယ်လုံးတီးနဲ့ မိန်းမတစ်ယောက်။ အပေါ်ပိုင်းဗလာ၊ ရင်သားတွေ တုန်ခါလို့။

ဒါပေမင့် ဦးခေါင်း လုံးဝမပါဘူး။

ခေါင်းပြတ်ကြီး။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ခေါင်းမပါတဲ့ ကိုယ်လုံးတီးမိန်းမက ကုလားစစ်သားရဲ့ လက်ကို လှမ်းဆွဲလိုက်ရော ...

"အ ... ဘား ..."

"အဘား ... ဘား ..."

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

သူ ခေါင်းမပါတဲ့ မိန်းမကို လက်ထဲက ရိုင်ဖယ်သေနတ်နဲ့ တစ်ချက်ပြီးတစ်ချက် ပစ်လိုက်တာ ဦးခေါင်းမပါတဲ့မိန်းမကို ထိမှန်သွားတယ်။ ဒါပေမဲ့ မြေပြင်ကို လဲကျမသွားဘဲ ရှေ့ပဲတိုးလာနေလို့ နောက်ဆုတ် တစ်ချက်ပစ် နောက်ဆုတ် ... တစ်ချက်ပစ်။

ငါးချက်နီးပါး သေနတ်ပစ်သံတွေကြောင့် အရာရှိရော အိပ်ပျော်နေတဲ့ အိန္ဒိယကုလားစစ်သားတွေကို သေနတ်တွေဆွဲ အမိန့်ပေး၊ မောင်းတင် အသင့်ပြင်ကြည့်လိုက်တော့ ...

အစောင့်စစ်သားရယ် ...

"အဘား ... အဘား ..."

"ဒိုင်း ..."

"အဘားဘား ..."

"ဒိုင်း"

အစောင့်စစ်သားက မြေပြင်မှာ ပက်လက်လှန်ပြီး သေနတ်မိုးပေါ်ထောင် ပစ်လိုက်၊ ပါးစပ်က အဘားအဘားနဲ့ ကြောက်လန့်တကြား အော်လိုက်ဖြစ်ပြီး ရုန်းကန်နေတာမြင်လို့ သေနတ်ကိုယ်စီချိန်ပြီး ဝိုင်းလိုက်ကြတယ်။ အချို့က မြေပြင်အရပ်ရပ်မှာ နေရာယူထားကြ။

အစောင့်စစ်သားရဲ့ သေနတ်က ကျည်ကုန်သွားပြီ။

"ရဲဘော် ..."

"အစောင့်စစ်သား မျက်လုံးပြူးပြီး အူကြောင်ကြောင်နဲ့ မျက်နှာဖြူအရာရှိကို ငေးကြည့်နေတယ်။ မတ်တတ်ရပ် အလေးမပြုဘူး။

"ဖောင်း ..."





"အဘား ..."

ကုလားမည်းစစ်သားရဲ့ မျက်နှာကို မျက်နှာဖြူအရာရှိက စစ်ဖိနပ်နဲ့ ကန်ပစ်လိုက်တာ အစောင့်စစ်သား လည်ထွက်ပြီး ပါးစပ်က သွေးတွေ စီးကျလာတယ်။

"Stand"

"ရပ် ... ရပ်ပါ"

သူ အူကြောင်ကြောင်နဲ့ အရာရှိကို ကြည့်နေတယ်။

ပြီး ... မျက်လုံးကို အစွမ်းကုန်ပြူးကြည့်ပြီး တဟားဟားရယ်ပါရောတဲ့။ ရယ်ပြီးနောက် ဟိန္ဒူစတန်နီဘာသာနဲ့ ငါကြောက်တယ်။ သူ ခေါင်းမပါဘူး။ ငါပစ်တာ မသေဘူး။ ငါ ပြန်မယ်။ ငါ့ကို မဒရပ်ကို ပြန်ပို့ပါ။ ဆလံအခါခါပြုပြီး ငိုလိုက်ရယ်လိုက် လုပ်နေတော့မှ ...

ဒီအစောင့်စစ်သား အကြောင်းတစ်ခုခုကြောင့် စိတ်နောက်ပြီး ရူးသလိုဖြစ်မှန်းသိရလို့ ဝိုင်းချုပ်ထားရတယ်။ သူက ရုန်းကန်ပြီး မဒရပ်ကို ပြန်ပို့ပေးဖို့ပဲပြောတယ်။

သူ့ကို ချော့မော့မေးတော့ သူက သူကြုံရတဲ့အဖြစ်ကို ပြောလိုက်၊ ထခုန်လိုက်၊ အခန်းထဲ ပတ်ပြေးလိုက်။

အဲဒါ ကြိုးနဲ့ချည်ထားရသတဲ့။

မိုးလင်းလို့ သွားကြည့်တော့။

ကုလားစစ်သား ဇက်ကျိုးကျပြီး အသက်မရှိတော့ဘူး။

လှာက တန်းလန်း။ အောက်ခြေမှာ သွေးစက်တွေ ...

အဲဒီလိုနဲ့ ကုလားအစောင့်စစ်သား သုံးဦး သွက်သွက်ခါ ရူးသူရူး၊ သေသူသေ ဖြစ်ကုန်ကြလို့ ညဘက် ကင်းစောင့်ရမှာကို လန့်နေကြရောတဲ့။

ဒါနဲ့ အရာရှိကိုယ်တိုင် သူတို့ပြောတာ မယုံလို့ ငါကိုယ်တိုင် ကင်းစောင့်ကြည့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက ထူးဆန်းတဲ့ အကြောင်းရှိရမယ်ဆိုပြီး တစ်ည သူကိုယ်တိုင် ရိုင်ဖယ်သေနတ်နဲ့ ကင်းစောင့်နေလိုက်သတဲ့။

ညဉ့်သန်းခေါင်လောက်မှာ ...

သူတို့ လက်ရှိနေတဲ့ မြို့သူကြီးအိမ်ပေါ်ကနေ လူအချို့ ပြေးဆင်းလာထွက်လာတာကို မြင်ရတယ်။

သူတို့အားလုံး ဆယ့်နှစ်ယောက်။

လက်ထဲမှာ သွေးစွန်းနေတဲ့ ဓားရှည်တွေကိုင်ပြီး အင်္ဂလိပ်စစ်ဗိုလ်ရှိရာကို လာနေတာ။

ဗမာလူမျိုး သူပုန်တွေပဲ။ သျှောင်ထုံး၊ ခေါင်းထောင်းကျိုက်တွေနဲ့တဲ့။

ဒီသူပုန်တွေ ဘယ်အချိန်ကတည်းက အိမ်ပေါ်ကိုရောက်နေလည်း မသိဘူး။ ဒီအတိုင်းဆို သူ့ရဲဘော်တွေ အကုန်သေကုန်ကြပြီပေါ့ရဲ့။

သို့သော် အော်သံဟစ်သံ မကြားရဘူး။

ရှေ့ဆုံးက ထောင်ထောင်မောင်းမောင်း အရပ်မြင့်မြင့်၊ နှုတ်ခမ်းမွေးကားကား သျှောင်ထုံးနဲ့ လူကြီး။ အလို ... ဒါ သေသွားတဲ့ ဒီတိုက်အိမ်ပိုင်ရှင် မြို့သူကြီးပါလား။

သူတို့အားလုံးရဲ့ လှုပ်ရှားမှုကို လရောင်အောက်မှာ အထင်းသားသစ်ပင်အကွယ်ကနေ အင်္ဂလိပ်စစ်ဗိုလ် မြင်နေရသတဲ့။

ကြည့်စမ်း ...

မြို့သူကြီး ဦးသောမရဲ့ ဘယ်လက်က မုတ်ဆိတ်ပါးမြိုင်းမွေး ထူထူလဲချစ် ခေါင်းပြတ်တစ်လုံးကိုကိုင်လို့။

ဟင် ... ဒါ ... ငါ့ရဲဘော် မအရပ်စစ်သားရဲ့ ဦးခေါင်းပြတ်ပါလား။

ညာလက်က ဓားရှည်ရဲ့ ဓားဦးက သွေးစက်စက်ကျနေတာကို မြင်နေရတယ်။ ကျန်ခါးတောင်းကျိုက် ထိုးကွင်းမင်ကြောင်နဲ့ သူပုန်တွေရဲ့လက်ထဲက ဓားရှည်တွေမှာလည်း သွေးတွေပေကျံနေလို့ပါလား။





အင်္ဂလိပ်စစ်ဗိုလ် ရိုင်ဖယ်သေနတ်ကို ကြိုတ်ပြီး မောင်းတင်လို့ ပစ်ကွင်းကို စောင့်နေလိုက်တယ်။

မြို့သူကြီး ဦးသောမဆိုသူကတော့ သေသွားတာ အမှန်ပဲ။

ဒီခေါင်းဆောင်ဖြစ်ဟန်တူသူက မြို့သူကြီးနဲ့ တထေရာတည်းပဲ။ အမွှာညီအစ်ကို သူပုန်ပဲဖြစ်မှာ။

သူတို့ တန်းစီလာနေရာကနေ လူဖြန့်လိုက်ကြသတဲ့။

ဟင် ... သူတို့ ဗမာသူပုန်တွေကလည်း တိုက်ပွဲဝင်နည်းဗျူဟာကို တတ်ကျွမ်းနားလည်ကြသကိုးလို့ တွေးလိုက်တယ်။

ကြည့်စမ်း ...

ဗမာသူပုန် (၁၂)ယောက်က လူဖြန့်ပြီး သူ ပုန်းကွယ်နေတဲ့ သစ်ပင်ကို (၈) လုံးပုံသဏ္ဌာန် ပတ်ဝိုင်းထားလိုက်ကြတာကိုး။

ထူးဆန်းနေတာက သူတို့အားလုံး စကားလုံးဝမပြောသေးတာပဲ။ ဒီလိုနဲ့ အင်္ဂလိပ်စစ်ဗိုလ်နဲ့ ပေ(၅၀)ခန့်အကွာကိုရောက်ရော ဗမာသံ ပီပီသသနဲ့ မြို့သူကြီးက ပြောနေသတဲ့ကွ။

မျက်နှာဖြူစစ်ဗိုလ်က မြန်မာစကားကို သိပ်မပြောတတ်ပေမင့် မြန်မာစကားပြန်၊ ဗမာအစေခံ အလုပ်သမားတွေနဲ့ အနေများလာလို့ ဗမာစကားကိုကြားရင် နားလည်နိုင်သလောက်ပေါက်တယ်။

"ဟေ့ကောင် ... ကုလားဖြူ မင်း ... လက်နက်ချပြီး ငါ့ရှေ့မှာ ဒူးထောက်အညံ့ခံပါ"

"မင်းတို့အားလုံးက ကျူးကျော်သူ နယ်ချဲ့ကုလားဖြူတွေပဲ"

"ငါတို့ ... ဗမာလူမျိုး တိုင်းရင်းသားတွေကို မျိုးဖြုတ်သတ်လို့ တိုက်လို့ ဘယ်တော့မှ မရဘူး"

"ငါတို့ တိုက်ပွဲမှာ ကျဆုံးသွားခဲ့ရင် ငါ့တို့သား၊ ငါတို့သမီး၊ ငါတို့မြေးတွေက မင်းတို့ကို တိုက်မှာပဲ။ ငါတို့ ငါတို့လူမျိုး၊ ငါတို့ဘာသာ၊ ငါတို့ရေမြေအတွက် သေဖို့မတွန့်ဘူး၊ မရွံ့ဘူး ... ကုလားဖြူကောင်ရေ"

"ကိုင်း ... မင်း လက်နက်ချပြီး ထွက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သုံးကြိမ်ပြောမယ်။ လက်နက်မချရင်တော့ နောက် ကုလားဖြူ ဦးခေါင်းကို မြို့ထိပ်မှာ ချိတ်ထားရဦးမှာပေါ့ ဟား … ဟား … ဟား"

မြို့သူကြီးက ရင်ခေါင်းသံကြီးနဲ့ အော်ဟစ်ရယ်လိုက်ပြီး လက်ထဲက စစ်သားခေါင်းပြတ်ကို လရောင်အောက်မှာ မြှောက်မြှောက်ပြနေလေရဲ့။

"ကုလားဖြူကောင် လက်နက်ချပြီး ထွက်ခဲ့"

"ကုလားဖြူ အယုတ်ကောင်တွေ"

"ကုလားဖြူ စစ်ဗိုလ်ပဲဟေ့"

"အားလုံးဝင် … တိုက်"

"ကျား … ကျား … ကျား …"

ရှေ့ဆုံးကနေ မြို့သူကြီးက ခေါင်းပြတ်တစ်ဖက်၊ ဓားတစ်ဖက်နဲ့ ရင်ကော့ပြီး ဝင်လာနေတယ်။

ကျွန်သူပုန် (တော်လှန်ရေးသမား)တွေကလည်း ဓားရှည်တွေကို လက်မောင်းတစ်လုံးဆန့်ပြီး တစ်ပြိုင်နက်တည်း ဝိုင်းလာနေတယ်။

မျက်နှာဖြူစစ်ဗိုလ်က တစ်ယောက်တည်း။

တစ်ယောက်ကိုပစ်ရင် ကျွန်သူပုန်တွေက လွှားခနဲခုန်ဝင်ပြီး သူ့ကို ဓားရှည်တွေနဲ့ ဝိုင်းခုတ်ကြမှာ။

ဒီတော့ ခေါင်းဆောင် မြို့သူကြီးဆိုသူ သေရွာပြန်လား၊ အမြွ ပူးပဲလား … သူ့ကို အလျင်ပစ်ချလိုက်ရင် ကျန်ဓားကိုင်သူပုန်တွေ ကြောက်လန့်ပြီး ပြေးမှာပဲ။

မျက်နှာဖြူစစ်ဗိုလ်။

မြို့သူကြီးရဲ့ ရင်ဝတည့်တည့်သို့ သေနတ်ပြောင်းကိုချိန်ပြီး မောင်းခလုတ်ကို ညှစ်ချလိုက်တယ်။

"ဒိုင်း"

"ဟား … ဟား … ဟား … ပစ်ပါကွ … ပစ်စမ်းပါ … ပစ်ပါ"





ရိုင်ဖယ်ကျည်ဆန် မြို့သူကြီးဆိုသူရဲ့ ရင်ဝကိုထိမှန်ပြီး တွန့်သွားတာ မြင်လိုက်ရတယ်။ သူ လဲကျမသွားဘူး။ သေချာပါတယ်။ ပေ (၃၀) ဝန်းကျင်ကနေ ပစ်လိုက်တဲ့ ကျည်ဆန်ပါ။

သူ့ရဲ့ …ရင်ဝကနေ အပေါက်သေးသေးလေး ဝင်သွားပြီး နောက်ကျောကနေ အဆုတ်ပါပွင့်သွားပြီး ဟောင်းလောင်းပေါက်ကြီး ဖြစ်သွားမှာပါ။ အခု သူ သွေးရူးသွေးတန်း ရှေ့တိုးလာနေတာ။

"ဒိုင်း …"

"ဒိုင်း …"

မြို့သူကြီးရဲ့ရင်ဝကို ထပ်ပစ်တယ်။ လဲမကျသွားဘူး။

မြို့သူကြီးနံဘေးက ထိုးကွင်းမင်ကြောင်နဲ့ သူပုန်ကို ပစ်ချလိုက်တယ်။ အိုးမိုင်ဂေါ့ … သူတို့ ခန္ဓာကိုယ်ကိုယ် ကျည်ဆန်ထိမှန်တာ သွေးမထွက်ပါလား။ အာဖဂန်နစ္စတန်က သူပုန်တွေထက်တောင် ရဲစွမ်းနေပါတလား။

"ဒိုင်း … ဒိုင်း …"

ကိုယ်ကပစ်လိုက် … သူတို့က တဟားဟားရယ်ပြီး ရှေ့တိုးလာလိုက်၊ ထပ်ပစ်လိုက် …

"ဒိုင်း"

"ပစ်လေကွ … ပစ်ပါဦးဟ … ကုလားဖြူစုတ်ရ"

"ဟား … ဟား … ဟား …"

"ဟီး … ဟီး … ဟီး …"

ဆယ်ချက်ပစ်ပြီးတော့ ကျည်ဆန်ကုန်သွားပြီ။

"ချောက် … ချောက် … ချောက် …"

"ဟား … ဟား … ဟား …"

ဒီ ဗမာလူမျိုးသူပုန်တွေ ဘယ်လိုလူစားတွေလဲ။ သေနတ်မှန်လို့ မသေကြဘူး။

"မင်းအလှည့်ပြီးတော့ ငါတို့များ အလှည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သွေးသောက်တို့ ဝင်ခုတ်ကြလဟဲ့"

"ကျား ... ဗမာကွ"

"ကျား ... သူ့ကျွန်မခံတဲ့ ဗမာကွ"

"ခုတ်လှဟာ"

"ခေါင်းကို ငါဖြတ်မဟေ့ ... ကျား"

စစ်ဗိုလ်က ရိုင်ဖယ်နှင့် ဆီးခံတယ်။ ဒီမှာနောက်က သူပုန်က ဆောင့်ကန်လိုက်လို့ သူ မြေပြင်မှာ မှောက်ရက်လဲကျတုန်းမှာပဲ ...

"အား ..."

"ဖောင်း ... ခွမ်း ..."

"ဖုန်း ... ခွပ် .."

"သေဟ ... နင်လား ကုလားဖြူ သေ ... သေ ... သေ"

ဗမာသူပုန်တွေက ခြေနဲ့ဝိုင်းကန်လိုက်တော့ သူ့တစ်ကိုယ်လုံး သွေးခြင်းခြင်း ရဲကုန်တယ်။ သူ့ပါးစပ်ထဲက သွားတွေကျိုးပြီး ပါးစပ်က သွေးတွေ စီးကျနေသလို သူ့နားရွက်လည်း ဓားနဲ့ အဖြတ်ခံလိုက်ရပြီ။

"သွေးသောက်တို့ ... နောက်ဆုတ်"

မြို့သူကြီးက အမိန့်ပေးလိုက်လို့ ဘီလူးစီးနေတဲ့ လူကြမ်းကြီးတွေ နောက်ကို ချဲသွားတယ်။ ပြီး ... ဓားဝင့်လို့ ရှေ့တိုးလာပြီး ...

"ရော့ ... ဒီကုလားခေါင်းကို ပိုက်ထား"

သူက ကုလားဖြူစစ်ဗိုလ်လက်ထဲကို သွေးသံရဲရဲ ကုလားစစ်သားရဲ့ ဦးခေါင်းကို ပစ်ပေးလိုက်တယ်။ စစ်ဗိုလ် ရွံပြီး ကြောက်လို့ မကိုင်ရဲဘူး။

"ဖြန်း ..."

"အ ..."

မြို့သူကြီးရဲ့ လက်ဝါးကြမ်းကြီးက ကုလားဖြူစစ်ဗိုလ်ရဲ့ပါးကို လာထိပြီး ယိုင်နေတဲ့သွားတွေအကုန် အပြင်ကို ကျွတ်ထွက်ကုန်တယ်။

"မှတ်ထား ..."





နောက်ဆုံး ကုလားစစ်သားဦးခေါင်းပြတ်ကို ရင်ဘတ်မှာတပ်ပြီး လက်နဲ့ ပိုက်ထားရတော့တယ်။

"မင်းတို့ ငါတို့ဗမာလူမျိုးတွေနဲ့ တော်လှန်ရေးသမားတွေကို ငါ တို့ထက်ပိုပြီး ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခဲ့တယ်။ ငါတို့ခေါင်းဆောင် မြို့လုလင်သူကြီး မင်းကြီးရွှေလရောင်ရဲ့ခေါင်းကို ဖြတ်ပြီး ငါတို့လူမျိုးတွေ ကို ကြောက်ရွံ့အောင်ပြခဲ့တယ်။ ခု ငတို့အလှည့်ပဲ။ အဲဒါ ဝဋ်လို့ခေါ်တယ်။ မင်းတို့ကုလားဖြူတွေ သတ္တိရှိလို့ သေရဲရင် မျက်လုံးဖွင့်ပြီးသေ။ သတ္တိမရှိ ရင် မျက်လုံးမှိတ်ပြီးသေ။ ကိုင်း ..."

စစ်ဗိုလ်ဟာ တစ်ကိုယ်လုံး ကြောက်ရွံ့စိတ်နဲ့ တုန်နေပြီ။ သူ့ မျက်စိကို မှိတ်ထားလိုက်တယ်။

"ရွှမ်း ..."

"ရှီ ..."

"အား ... အ ... အ ... အိုး ... မိုင်ဂေါ့"

"ဘုတ် ..."

"ဟား ဟား ဟား ဟား ... သေရမှာတော့ ကြောက်တတ်သားပဲ။ ဒါနဲ့များ နေမဝင်ဘုရင်မကြီးရဲ့ စစ်ဗိုလ်တဲ့။ ထွီ ..."

"ဒီအကြောင်းတွေကို အဘကျောက် ဘယ်လိုလုပ် သိတာလဲ တင်"

အဘကျောက်က မြို့သူကြီးအိမ်ရဲ့ နောက်ခံရာဇဝင်ကို ရှင်းပြ ရင်းက ခဏနားလို့ ရေနွေးကြမ်းတစ်ခွက် သောက်လိုက်တယ်ဗျာ။

"ဒီလို ... စာရေးဆရာရဲ့ ... အဲဒီ အင်္ဂလိပ်စစ်ဗိုလ်ရဲ့နာမည် က ... ကပ္ပတိန်ဂျော့ ... ဘာလဲမသိဘူး ... ခေါ်ရခက်တယ်ကွယ့်။ ဒီ အကြောင်းတွေကို အင်္ဂလိပ်စကားပြန် မောင်ကောင်းဖေက သိတယ်။ သူ ကိုယ်တိုင်မြို့သူကြီး တစ္ဆေအဖွဲ့ကို မျက်စိနဲ့မြင်လို့ ပြောပြတာကို ကပ္ပတိန် ဂျော့က မယုံဘူး။ နောက်ဆုံး သူကိုယ်တိုင် ကိုယ်တွေ့ကြုံရတာတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီ နေ့စဉ်မှတ်တမ်းမှာ ရေးထားတယ်တဲ့။ သူလည်း တကယ့်မြို့သူကြီး ဗမာသူပုန်တွေကို မြင်လို့ ပစ်တာပါတဲ့။ ထူးဆန်းတာက သူကျည်ဆန်ကုန်အောင်ပစ်တာလည်း သူ့လက်အောက်စစ်သားတွေ တစ်ယောက်မှ မနိုးကြတာ အလွန်အံ့ဩပါတယ်တဲ့။ သူပုန်ခေါင်းဆောင် မြို့သူကြီးက သူ့ဦးခေါင်းကို ဓားနဲ့ ပိုင်းဖြတ်လိုက်ချိန်မှာတော့ သူ အဖဘုရားသခင်ကို လိုလားစွာ တောင့်တလိုက်ပါတယ်တဲ့။

မိုးလင်းလို့ တပ်ကြပ်ကြီးတစ်ဦးက တွေ့ပြီး လှုပ်နှိုးတဲ့အချိန်ကျမှ သူ သတိပြန်ရလာပါတယ်။ သူ့တစ်ကိုယ်လုံးမှာလည်း ဖုန်နဲ့သွေးတွေ ပေကျံနေသလို သူ့ပါးစပ်ထဲက သွားတွေကတော့ ထူးဆန်းစွာ ယိုင်နဲ့ပြီး ပါးစပ်ကလည်း သွေးစေးတွေ ပြည့်နေတယ်လို့ ဒဏ္ဍာရီစာအုပ်ထဲမှာ ရေးထားတယ်။ သူ့သေနတ်ထဲမှာ ကျည်ဆန်တွေ လုံးဝမရှိတော့သလို သေနတ်ပြောင်းဝကလည်း ယမ်းနံ့တွေ နံနေပါတယ်တဲ့။

ကျွန်ုပ် အချက်များစွာ ပစ်လိုက်သည့် သေနတ်သံကို သူ့ရဲဘော်စစ်သားအားလုံး မကြားကြတာလည်း လွန်စွာ အံ့ဩရပါတယ်တဲ့။

ကျွန်ုပ်ကိုယ်တိုင် ကြုံခဲ့တဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေကို လက်အောက်ငယ်သားတွေကို ပြောပြချင်ပေမင့် ကျွန်ုပ်တို့ အင်္ဂလိပ်လူမျိုး နိုင်ငံကြီးသားစစ်သည်တော်တို့ မာနအတိုင်း မည်သူ့ကိုမျှ ဖွင့်ဟဝန်မခံခဲ့ပါဘူး။ သို့သော် စကားပြန် မောင်သောင်းဖေက ကျွန်ုပ်နှင့် နှစ်ဦးချင်းတွေ့တော့ ကျွန်ုပ်ရဲ့ မျက်နှာကို အဓိပ္ပာယ်ပါသော မျက်လုံးနှင့်ကြည့်ပြီး အကဲခတ်နေတယ်။

ဒီမှာ စကားပြန်မောင်သောင်းဖေ ရိုရိုသေသေပဲ ကရုဏာသက်ဟန်နဲ့ ကျွန်ုပ်ကို မေးပါတယ်။

"ကပ္ပတိန် ညတုန်းက တွေ့ခဲ့ပြီမဟုတ်လား"

မောင်ကောင်းဖေမေးပုံကလည်း ပါးနပ်ပါတယ်။

"ရက်စ် . . . လူကလေး မောင်ကောင်းဖေ . . . ဒီအိမ်ကြီးနဲ့ ဒီနေရာဟာ အလွန်ကို အံ့ဩချောက်ချားစရာ နေရာပါပဲ။ ကျွန်ုပ်ရဲ့ စစ်သားအချို့





ရူးသွပ်သွားကြပြီ။ နက်ဖြန် နေရာသစ်ကို ပြောင်းမှာမို့ အလုပ်သမားတွေ ခေါ်ပြီး စီစဉ်ပါ . . . မောင်ကောင်းဖေ"

ကပ္ပတိန်ရော့က သူ့ရဲ့မှတ်တမ်းမှာ အဲလို မြို့သူကြီးအိမ်က ဖြစ်ရပ်ဆန်းကြယ်တွေအကြောင်း ရေးထားတဲ့ နေ့စဉ်မှတ်တမ်းစာအုပ်ဟာ ပြောင်းရွှေ့ရင်း လမ်းခရီးမှာ ကျကျန်ရစ်ခဲ့တာ မသိလိုက်ဘူး။ အဲဒီစာအုပ်ကို လူသွားလမ်း၊ လှည်းသွားလမ်း ဖုန်အောက်က ရွာသားတစ်ဦးက တွေ့လို့ ကောက်သိမ်းထားတယ်။

အဲဒီစာအုပ်ကို အင်္ဂလိပ်စကားပြောတတ်တဲ့ သံချက်ဝန်ဦးမှိုရဲ့ တပည့်က ဖတ်ကြည့်ပြီး ပြန်ပြောလို့ ဒီမြို့သူကြီးအိမ်ရဲ့ လျှို့ဝှက်ဆန်းကြယ် တစ္ဆေဇာတ်ကြောင်းကို တို့များ တစ်ဆင့်စကားနဲ့ သိရ၊ ကြုံရတာပဲ . . . စာရေးဆရာရေ"

"အဘရယ် . . . အဲဒီနေ့စဉ်မှတ်တမ်းကို ခု မရနိုင်ဘူးလားဟင်"

"နှစ်ပေါင်းကလည်း မနည်းတော့ဘူးလေ . . . စာရေးဆရာ။ စာအုပ်ရသူတွေလည်း သေကုန်ကြပြီဆိုတော့ လမ်းစတော့မမြင်ဘူး . . . စာရေးဆရာရဲ့"

"ဟုတ်တာပေါ့လေ . . . ဒါဆိုရင် အဘကျောက်တို့ ဂျပန်ခေတ်ရောက်တော့ တွေ့ကြုံခဲ့ရတဲ့အဖြစ်ကို ပြောပါဦးခင်ဗျ"

"ဒါကတော့ ကိုယ်တွေ့မို့ မယုံမရှိဘဲ . . . စာရေးဆရာ"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# [၁၃]

❑

စာရေးဆရာတို့လည်း သိပြီးသားပါ။ ၁၉၄၃ ခုနှစ်မှာ မြန်မာနိုင်ငံကို ဂျပန်ဝင်ရောက်လာတယ်။

ဂျပန် ဘာကြောင့် မြန်မာပြည်ထဲကို ဝင်ရောက်လာသလဲဆိုရင် နယ်ချဲ့အင်္ဂလိပ်အစိုးရကို မြန်မာ့မြေပေါ်က တိုက်ထုတ်ချင်လို့ပါ။

ကျုပ်တို့ ဂျပန်ဆိုတာ ဘာလဲမသိဘူး။

ဂျပန် (နိပ္ပွန်) တပ်မတော်ကြီးနဲ့ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ဘီအိုင်အေတပ်ကြီး ထိုင်း(ယိုးဒယား) ကနေ ဝင်လာပြီ။

အင်္ဂလိပ်ကို စစ်ကြေညာပြီး တိုက်ပြီလို့သိရတော့ အင်္ဂလိပ်ကို အမုန်းကြီးမုန်းနေတဲ့ ကျုပ်တို့ ပြန်ချဖို့ စိုင်းပြင်းကြပြီပေါ့ဗျာ။

ကျုပ်တို့ကို တော်လှန်ရေးစိတ်ဓာတ် သွင်းပေးတဲ့သူက သခင်တုတ်ဆိုတဲ့ သခင်ပဲ။

သူက နိုင်ငံရေးကို ကျုပ်တို့ထက် နားလည်တယ်။ သူ့ရဲ့ လှုံ့ဆော်စည်းရုံးမှု၊ သင်တန်းပေးမှုနဲ့ ကျုပ်တို့ လူရွယ်လူကြီးတွေ နိုင်ငံရေးသဘောတရားတွေကို စတင်သိရှိလာခဲ့ကြတယ်။





နယ်ချဲ့တဲ့။

ကိုလိုနီတဲ့။

ပဒေသရာဇ်စနစ်တဲ့။

ဖက်ဆစ်ဝါဒတဲ့။

မြေရှင်တဲ့။

အရင်းရှင်တဲ့။

ဓနရှင်ဝါဒတဲ့။

ရေနံမြေသပိတ်တဲ့။

ပြီး ... ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် ... ဘာတဲ့ ... တားလမတ်ဆိုလား၊ လီနင်ဆိုလား ... အဲဒါ အမည်တွေ သိခဲ့ရတယ်။ ကျုပ်တို့က သခင်တုတ်ကို မေးတယ်"

"သခင်တုတ် .. ကျုပ်တို့ကို အဲဒီဝါဒတွေ မပြောနဲ့တော့။ အင်္ဂလိပ်ကို ဘယ်နေ့ ချရမှာလဲ။ လက်နက် ဘယ်လိုရမှာလဲ။ စစ်သင်တန်း ဘယ်နေရာမှာ ပေးမှာလဲသာ ပြောပါ"

"ကိုကျောက်ပန်းတောင်းရာ ... ချရမှာပေါ့ဗျာ။ အင်္ဂလိပ်နယ်ချဲ့တွေ ကျုပ်တို့နိုင်ငံက သယံဇာတတွေကို နှစ်ပေါင်းများစွာ လက်နက်နဲ့ ဖိနှိပ်ကုပ်သွေးစုပ် ..."

ဒီမှာ ကိုဘားပိန်ဆိုတဲ့ ဓားဆောင့်ကုန်းရွာသားက ပြောရော။

"သခင်တုတ် ... ကျုပ်တို့ ပြန်တော့မယ်"

"ဟ ... သခင်ဘားပိန်ရ"

"တော်ဗျာ ... ကျုပ်ကို သခင်ဘားပိန်တွေ၊ ဘာတွေ ခေါ်မနေနဲ့။ ကျုပ်တို့ သေနတ်မရရင် ဓားနဲ့ခုတ်မှာပဲ။ ဒါပဲ ..."

"နေ ... နေပါဦး ... သခင်ဘား ..."

"သခင်တွေ ဘာတွေ မခေါ်နဲ့တော့"

"ခဏလေးပါ။ အင်္ဂလိပ်နယ်ချဲ့ကို ကျုပ်တို့ချည်းပဲ ထတိုက်လို့ မရဘူးလေ ... ကိုဘားပိန်။ ခင်ဗျားတို့အသိပဲ မဟုတ်လား။ ရှေးဦးဖြ



www.burmeseclassic.com

www.burmeseclassic.com



မင်းသားတို့၊ မင်းကြီးရွှေလရောင်တို့၊ ဗိုလ်ဥတ္တမတို့၊ ကိုဖျိုင်းကြီးတို့ ခါးဆွဲ တိုက်တာပဲ။ နောက်ဆုံး စည်းလုံးညီညွတ်မှုမရှိတော့ အသက်ဆုံးရှုံး အဖမ်း ခံရတော့တာပဲ"

"ဒါဆို ကျုပ်တို့ ဘယ်သူနဲ့ ပေါင်းတိုက်ရမှာတုံး"

"ကနေ့ အာရှမှာ ဂျပန်က အင်အားကောင်းနေတယ်။ အောင်ပွဲ တွေ အလီလီရနေတယ်။ သူတို့က လက်နက်ကောင်းတွေကို ပေးနိုင်တယ်။ ခင်ဗျားတို့ သခင်အောင်ဆန်းကို ကြားဖူးတယ်မဟုတ်လား"

"သိပါတယ်ဗျာ ... မြို့လုလင် မြို့သူကြီး မင်းကြီးရွှေလရောင် ရဲ့မြေးပါ။ ကျုပ်တို့နယ်ဘက်ကပါ"

"အခု သခင်အောင်ဆန်းက ရဲဘော်သုံးကျိပ်ကို ဦးဆောင်ပြီး နိပ္ပွန်တပ်မတော်ကြီးနဲ့ စစ်ချီလာနေပြီဗျ။ သူတို့က စတိုက်မှာ။ ကျုပ်တို့ ဒေသကိုရောက်ရင် ကျုပ်တို့က နိပ္ပွန်တပ်မတော်ကြီးကို ခရီးဦးကြိုဆိုပြီး စားရေးသောက်ရေး နေရေးထိုင်ရေးပါ ကူညီပေးရမယ်။ ပြီး သူတို့ရဲ့ စီမံ ခန့်ခွဲမှုနဲ့ အင်္ဂလိပ်ကို တိုက်ရမှာ"

"ခင်ဗျားတို့ နိပ္ပွန်ကရော ကောင်းလို့လား"

"နိပ္ပွန်စစ်သားတွေက သတ္တိအရမ်းကောင်းတဲ့ လူမျိုးပါ။ အားကိုး ခဲ့ပါ။ သူတို့ထံက စစ်ရေးအကူအညီရမှုနဲ့ နယ်ချဲ့အင်္ဂလိပ်တွေကို တိုက် လို့ရမှာ၊ လွတ်လပ်ရေး ရမှာဗျ။ အရေးကြီးတာ လုံးဝလွတ်လပ်ရေး ရရှိ ရေးပဲ။ လွတ်လပ်ရေးရဖို့ ထမင်းထုပ်ပိုတာလည်း တော်လှန်ရေးအလုပ်ပဲ"

"ကျုပ်တို့ ကိုယ်တိုင်ချချင်တာ ... သခင်တုတ်"

"ထမင်းထုပ်ပိုတဲ့ တော်လှန်ရေးရဲဘော် မလုပ်ချင်ဘူးဗျာ"

"ခဏလေး စောင့်ကြပါ။ လက်နက်ရရှိရေးကို ကျုပ်တို့စီစဉ်နေ ပါတယ် ... သခင်ကျောက်ရာ"

"သေချာပါတယ် ... ဗိုလ်အောင်ဆန်းတို့ ရောက်ရင် လက်နက် ရရစေမှာပေါ့။ ဗိုလ်အောင်ဆန်းရဲ့ ဘီအိုင်အေတပ်မှာ ခင်ဗျားတို့ ဝင်ရမှာ





ပေါ့။ ခင်ဗျားတို့ ရပ်ရွာကာကွယ်ရေးကို ခင်ဗျားတို့ကိုယ်တိုင် တာဝန်ယူပြီး ကာကွယ်ရမှာဗျ"

"သေချာလား ... သခင်တုတ်"

"စစ်အတွင်းကာလ ကျေးရွာငြိမ်ဝပ်ပိပြားရေးအတွက် လုပ်ထုံး လုပ်နည်းပဲ"

ကျုပ်တို့ သခင်တုတ်ရဲ့စကားကိုနားထောင်ပြီး နိပ္ပွန်တပ်မတော် ကြီးနဲ့ ဘီအိုင်အေတပ်ဖွဲ့ကြီးကို ခါးသွေးပြီး မျှော်နေကြတယ်။

မကြာပါဘူးဗျာ ...

သခင်တုတ်က သတင်းတစ်ခု ယူလာခဲ့တယ်။

ဗြိတိသျှအစိုးရက ထုတ်ပြန်တဲ့ ဘားမားလစ် (Burma List) ခေါ် အစိုးရရှာဖွေနေသူတော်စာရင်း အမှတ်စဉ် (၅) မှာ သခင်အောင်ဆန်းကို ထည့် လိုက်ပြီတဲ့။

အဲဒီ မြန်မာကို စစ်ကြေညာတဲ့ သဘောပဲတဲ့။

နောက်တော့ သခင်တုတ်ထံကနေ သတင်းတွေ ဆက်တိုက်ကြား ရတော့တာပဲ။

ဗိုလ်ချုပ်ကြီး စူဇူကီး(ဗိုလ်မိုးကြိုး)နဲ့ ဗိုလ်တေဇ (သခင်အောင် ဆန်း) တို့ ဦးစီးတဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော် ဌာနချုပ်စစ်ကြောင်း ကော့သောင်းမြို့ကို သိမ်းပိုက်လိုက်ပြီ။

ဘီအိုင်အေတပ်က ၁၉၄၂ နှစ်၊ ဇန်နဝါရီ (၁၇) မှာ မြိတ်မြို့ကို သိမ်းလိုက်ပြီဆိုတဲ့သတင်း။

ကျုပ်တို့ တိုက်ပွဲကုန်းအနီးဝန်းကျင်က ရွာသူရွာသားတွေ ဝမ်းသာ လိုက်တာဗျာ။

နန်းရင်းဝန် ဂဠုန်ဦးစောကို ဂျပန်နဲ့ဆက်သွယ်လို့ဆိုပြီး ဗြိတိသျှ အစိုးရက ဖမ်းလိုက်သတဲ့။

ပြီး ... ဗြိတိသျှပိုင် ယူဂန္ဓာနိုင်ငံမှာ ချုပ်နှောင်ထားသတဲ့။

တောက် ... ရင်နာလိုက်တာနယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဘီအိုင်အေတပ်ဖွဲ့က အင်္ဂလိပ်တပ်တွေကိုတိုက်ပြီး ထားဝယ်မြို့ပြီးတော့ မြို့ သိမ်းလိုက်တဲ့သတင်း ကျုပ်တို့ ကြားရလေ တာကို မြနေအောင် သွေး လိုက်ကြ၊ ကြွေးဝါးလိုက်ကြတာ။

ဓားတောင် ပါးနေပြီ။

ဟော ... ဘီးလင်းကို သိမ်းလိုက်ပြီတဲ့ဗျာ။

ကျိုက်ထို၊ စစ်တောင်း၊ သထုံကို သိမ်းနိုင်ပြီ။

ကျုပ်တို့ဝန်းကျင်မှာ ကြားရပါပြီဗျာ။

မြန်မာပြည်ဘုရင်ခံ ဆာဒေါမန်စမစ်နဲ့ အစိုးရဝန်ကြီးတွေ ရန်ကုန် က ဆုတ်ခွာပြီး မကွေးမြို့ကနေ မေမြို့ကို လေယာဉ်ပျံနဲ့ပြေးသတဲ့။

ဆုတ်ခွာရာမြို့မှန်သမျှ မြေလှန်စနစ် သုံးပါရောဗျာ။ အဝီကနေရာ မှန်သမျှ မိုင်းခွဲဖျက်ဆီးသွားခဲ့ကြတယ်။

ကျုပ်တို့ဒေသရဲ့ ကောင်းကင်မှာ စစ်လေယာဉ်ပျံတွေ ပျံသန်းပြီး မည်းမည်းမြင်သမျှ လေယာဉ်ပေါ်ကနေ စက်သေနတ်နဲ့ပစ်တာ။ လူတွေ ကျွဲတွေ သေလိုက်တာ နည်းရောလားဗျာ။

အင်္ဂလိပ်စစ်သားလည်းသေ၊ ကုလားစစ်သားလည်းသေ။

ညဘက်မီးရောင်မြင်ရင် ဗုံးကြဲချလိုက်တာပဲ။

အို ... အိမ်ရော၊ လူတွေရော မျက်စိအောက်မှာ ပျောက်သွား တယ်။

ဒါနဲ့ ... သခင်တုတ်ကို မေးရပါရော။

"သခင်တုတ် ..."

"ဘာလဲ ... ကိုကျောက်ပန်းတောင်း"

"ကျုပ်တို့ရွာတွေကိုပါ ဗုံးကြဲတာ အင်္ဂလိပ်တော်လှန်ရေးလား ဗျာ ဟင်"

"မှားယွင်းပြီး ဗုံးကြဲမိတာနေမှာပါဗျာ။ သည်းခံကြပါ"

ဝမ်းသာစရာစကားတော့ ကြားရသားတော့။

စိတ်ကူးသစ်စာပေ



ရွှေတောင်တိုက်ပွဲမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးရန်နိုင်ကွပ်ကဲ တဲ့ ဘီအိုင်အေတပ်နဲ့ နီပွန်တပ်တွေပူးပေါင်းပြီး တိုက်ကြတာ အင်္ဂလိပ်စစ် သား (၃၅၀)ကျော် သေသတဲ့။

ဝမ်းသာလိုက်တာရယ်ကွာ။

ဒါမှ ဘီအိုင်အေကွ။

ဒါမှ နီပွန်ကွနဲ့ ခုန်ပြီး အော်ကြတာ။

တိုတိုပြောရရင် ... ဂျပန်က အင်္ဂလိပ်ကိုမောင်းထုတ်ပြီး ဗမာ တစ်နိုင်ငံလုံးကို အုပ်ချုပ်လိုက်ပြီပေါ့။

အခု ... ငါတို့ဒေသကို ကျေးရွာတော်ရှင် နီပွန်တပ်ဖွဲ့တွေ ရောက် လာကြပါပြီဗျာ။

ငါတို့ရွာက အပျိုလေးတွေ ဂျပန်တပ်ဖွဲ့ကို အောင်သပြေပန်း ဆက်သကြရသာကွယ့်။

ထမင်း၊ ဟင်းတွေလည်း ချက်ပြုတ်ပြီး မဏ္ဍပ်ကြီးထဲမှာ စားပွဲဝိုင်း တွေနဲ့ အသင့်ပြင်ထားကြတာပေါ့။ ငချိတ်တို့ အိုးစည်ဝိုင်းတောင် ပါသေး သကွ။

ကျေးရွာရှင်တွေကိုး။

လှိုက်လှိုက်လှဲလှဲ ကြိုရမှာပေါ့။

လာပါပြီဗျာ ... ပုကွကွ၊ သွားခေါခေါနဲ့ ဂျပန်စစ်သားတွေ။ ခန့် လိုက်တဲ့ ရုပ်တွေကွာ။

ငါ့လူရေ ... ဂျပန်စစ်သားတွေရယ်ကွာ ပန်းစည်းဆက်တဲ့ ရွာသူ အပျိုမပျိုတွေကို လက်ဆွဲကြလို့ ပြဿနာတက်ပါရောဗျ။

ဒီမှာ ဖတ်ဖတ်ကြဲ မိအုန်းသီးရဲ့လက်ကိုဆွဲလို့ မိအုန်းသီးက ရုန်း ထွက်ပြီး ဆောင့်တွန်းလိုက်တာ ဂျပန်စစ်သားတစ်ယောက် လဲကျသွားရော။

"ဘူးရကား ... ဘိရမာ ..."

ဂျပန်စစ်သားက ကုန်းထပြီး မိအုန်းသီးကို စစ်ဖိနပ်နဲ့ ဆောင့်ကန် လိုက်တာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အင့် ..."

"ခူးရကား"

မိအုန်းသီး အရွက်ကိုထိပြီး အလဲမှာ ဆောင့်ဆောင့်ပြီး ကန်ပါ ရောဟေ့။ ကျုန်တို့ မိန်းကလေးတွေလည်း ကြောက်လို့၊ ရှက်လို့ ပြေး။ ငါ တို့ရွာသားတွေကလည်း မခံမရပ်နိုင်ဖြစ်ပြီး ဓားတွေဆွဲ၊ လှံတွေဆွဲ ချမယ် လုပ်ရော ...

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

မိုးပေါ်ကို ဂျပန်စစ်ဗိုလ်က သေနတ်နဲ့ ထောင်ပြီးပစ်လို့ ငါတို့ အားလုံး တန့်သွားတုန်းမှာပဲ ကျုန်တဲ့ ဂျပန်စစ်သားတွေက ငါတို့ရွာသားတွေ ကို သေနတ်နဲ့ ဝိုင်းချိန်ထားပါရောကွာ။

တော်ဖသေးတာပေါ့။

သခင်တုတ်နဲ့ ဂျပန်စကားပြန်ရောက်လာပြီး အကျိုးအကြောင်း ရှင်းပြတောင်းပန်တော့မှ ဂျပန်တွေ ရှူးရှဲရှူးရှဲနှင့် အော်ဟစ်ပြီး ငြိမ်သွား ကြတယ်။

ငါတို့ သိလိုက်ပါပြီကွာ။

နောက်လာတဲ့မောင်ပုလဲ ဒိုင်းဝန်ထက် ကဲပဲဟေ့။

နောက်ဆုံး ဂျပန်စစ်သားအဖွဲ့ကို မြို့သူကြီးရဲ့ တိုက်ခံအိမ်ကြီးမှာ ပဲ နေရာချပေးလိုက်ကြတော့တယ်။ သေသေကျေကျေပဲကွာ။

ငါတို့ရွာတွေက ကြက်၊ ဝက်၊ ဘဲ၊ နွားတွေကို သူတို့လိုချင် သလောက် ယူပြီး ဂျပန်စက္ကူ ထောင်မလဲ၊ သဲကော်တွေကို ပေးချင် သလောက် ပေးသွားကြတယ်။

ရေချိုးတာ ကိုယ်လုံးတီး။

ပြီး ... အရက်ရှာပေးရသေး။

မိန်းမ ရှာပေးရသေး။

တစ်နေ့ ဂျပန်စကားပြန် ကြွက်နီက ရွာလူကြီးဦးရှုန်ကို ပြော တယ်။ အရက်ကလည်း မူးလို့။

စိတ်ကူးသစ်စာပေ



"သူကြီး ..."

"ဘာတုံး ... မောင်ကြွက်နီ"

"ဂျပန်မာစတာက ပြောတယ် သူတို့နဲ့အိပ်ဖို့ မိန်းမရှာပေးပါတဲ့။ ပိုက်ဆံများများပေးမယ်တဲ့ ရှာပေးပါ ... သူကြီး"

"မောင်ကြွက်နီ ..."

"ဘာတုံး ... ခင်ဗျားက ..."

"တို့ရွာဝန်းကျင်မှာ မကောင်းတဲ့မိန်းမ မရှိဘူး ... မောင်ကြွက်နီ ရယ်"

"ခင်ဗျား ... တုံးလှချည်လားသူကြီး ... အေ့ ... ဝေ့ ... နိပ္ပွန်မာစတာကြီးက ... အေ့ ... ဝေ့ ... လိုချင်တယ်ဆိုရင် ခင်ဗျား ရအောင် ရှာပေးရမှာပဲဗျ ... အေ့ ..."

"ကျုပ်တို့ ရွာတည်ကတည်းက ..."

"တော် ..."

"ရမလား၊ မရဘူးလားပဲ ... ပြော ... တို့ ..."

"မ ... မ ... ရှိပါ ..."

"ဟား ... ဟား ... ဟား ... ဟား ... ခင်ဗျားက ဂျပန် စစ်သားတွေအကြောင်း မသိသေးဘူးကိုး ... ဟား ... ဟား ... ဟား ဟား ... တွေ့ကြသေးတာပေါ့ ... တွေ့ကြသေးတာပေါ့"

ဂျပန်စကားပြန်ကြွက်နီ ပြန်သွားပြီး ခဏနေရော ဂျပန်စစ်သား နှစ်ဦး သူကြီးဦးရှုန်အိမ်ရှေ့ ရောက်လာကြတယ်။

လက်ထဲမှာလည်း သေနတ်တွေနဲ့။

"သ ... ကြီး ... ရှိတယ်ကား"

"ရှိ ... မာစတာ ရှိ"

"သ ... ကြီး ... ဘိရှမာ လာ"

သူကြီးလည်းမြင်ရော သျှောင်ထုံးကနေဆွဲ၊ ကန်တဲ့လူကကန်နဲ့ မြို့သူကြီးတိုက် (သူတို့တည်းတဲ့အိမ်) ရှိရာကို ခေါ်ချလာပါရော။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်း ကျုပ်တို့ မြင်ရကြားရတော့ အခြေအနေ မဟန်မှန်းသိပြီး ပြေးတန်သူ ပြေးကြဖို့ တိတ်တိတ် သတိပေးထားကြတယ်။

ဒီမှာ ဂျပန်စစ်ဗိုလ် အိမ္မူကာဆိုသူ သွားခေါ်ကြီးက ဂျပန်လို ဒေါသတကြီး မေးပါရော။

စကားပြန်က မြန်မာလို ပြန်ပြောတယ်။

"မိန်းမ ခုချက်ချင်း ရှာပေးတဲ့ မာစတာပြောနေတယ်"

"ရွာမှာ ပြည့်တန်ဆာမရှိပါဘူးလို့ ပြောပေးပါ မောင်ကြွက်နီ"

စကားပြန်က သူကြီးစကားကို ပြန်အစီရင်ခံလိုက်ရော ...

"ခူးရကား ... ဘိရုမား"

"ခူးယား"

"ဖြန်း ... ဖြန်း ..."

"အား ..."

"ခူးရကား ..."

"ဘုန်း .... ဘုန်း ..."

"အမလေးဗျာ ..."

သူကြီးဦးရှန်ရဲ့ ပါးစပ်ထဲက သွေးတွေ ပွက်ခနဲကျပြီး သွားတွေ ကျိုးကုန်တယ်။ ဒီဂျပန် ပါးရိုက်အတော်ပြင်းတယ် ငါ့လူ ... စာရေးဆရာရေ။

"ဘိရုမား .............."

"သူကြီး ... ခင်ဗျားမှာ သမီးရှိသလားတဲ့"

"ဗျာ ... ဘာ ... ဘာ ... လုပ် ... မ ... မ ... လို့"

"ခင်ဗျားသမီးကို ဒီခေါ်လာပေးရမယ်တဲ့"

"ဝေ ..."

ဓားဆောင့်ကုန်းရွာသူကြီး ဦးရှန် သတ္တိသိပ်ကောင်းတယ်။

"ခင်ဗျားကိုယ်တိုင် လာမပို့ရင် ဒီက သွားခေါ်ရမှာပဲတဲ့။ ခင်ဗျားကိုယ်တိုင် ခေါ်လာရင်တော့ မာစတာကြီးက ကောင်းကောင်း ချီးမြှင့်မယ်တဲ့။ ဘယ်လိုလဲ"





"ကောင်းပြီ ... ငါ့သမီးမရခဲ့ရင် ရွာထဲက အရွယ်ကောင်းမိန်းမကို ခေါ်လာပို့မယ်"

"ဒါမှပေါ့ဗျာ ... ဟား ... ဟား ... ဟား ... ဟား ... ခင်ဗျား လိမ္မာသားပဲ ... သူကြီးရ ... မာစတာ ..............."

"အိုး ... ဘိရုမာ ... သ ... ကိုး ... ကောင်းတယ်ကား"

ဒါနဲ့ သူကြီးကို ပြန်လွှတ်လိုက်တယ်။

သူကြီး ဦးရှန် သွေးစက်လက် ထော့နင်းနဲ့ အိမ်ကို ပြန်လာခဲ့တယ်။

သူ့မိန်းမ မမျှင်နဲ့ သမီး ထွေးညိုတို့ရော၊ ကျုပ်တို့ရော သူကြီး အဖြစ်ကိုကြည့်ပြီး ရင်နာလို့ မဆုံးပေါ့ကွာ။

"အဖေ ... အဖေ ... ဘယ်လိုဖြစ်လာတာလဲဟင်"

"အချိန်မရှိဘူး သမီး ... သမီးရော၊ မမျှင်ရော လွတ်ရာကျွတ်ရာအရပ်ကို ပြေးတော့"

"ရှင် ..."

"အို ..."

"ဘာ ... ဘာဖြစ်လို့ ပြေးရမှာတုံး ... ကိုမောင်ရှန်ရယ် ... ဟင် ... ဟင် ..."

"ကျောက်ဝန်းတောင်းတို့ ... သံတိုင်တို့ ..."

"ဗျာ ... သူကြီး"

"ရွာထဲက မိန်းမတွေမှန်သမျှ ပျိုပျိုအိုအိုမှန်သမျှ ရသမျှပစ္စည်းယူပြီး ပြေးကြလို့ သွားပြော။ မင်းတို့လည်း ရှောင်ကြ"

"သူကြီး ... ဘာဖြစ်လို့ ရှောင်ခိုင်းနေတာတုံး"

ဒီမှာ သူကြီးက ဂျပန်တွေ မိန်းမရှာခိုင်းတဲ့အဖြစ်ကို ပြောပြီး..

"ငါ့သမီးလည်း ဂျပန်အသုံးတော်ခံဖို့ မပို့နိုင်ဘူး။ ရွာထဲက ငါ့ရွာသူ သမီးပျိုတွေလည်း ဂျပန်တွေထံ ပြည့်တန်ဆာအဖြစ် မပို့နိုင်ဘူး။ ပို့ရင် သူတို့ အစမှ ခွဲကြသတ်ကြလိမ့်မယ်။ ဂျပန်ဟာ ငါတို့ကို လွတ်လပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာမဟုတ်ဘူး။ ငါတို့ကို ဒုက္ခပေးမှာ။ ဒီနေ့ပဲရောက်တယ် ဒီနေ့ပဲပြီး ဒုက္ခပေးပြီ။ အားလုံး ရှောင်ကြ၊ ပုန်းကြ''

''အ ....ဖေ ...''

''ပြေးတော့ ...သမီး''

''အဖေပါ လိုက်ခဲ့ပါ ...အဖေ''

''ဟုတ်တယ် ...ရှင်ပါ လိုက်ခဲ့။ ကိုသျှန် ...မြန်မြန်လုပ်ပါ ရှင်''

''သူကြီး ...ဒေါ်ကြီးမျှင်နဲ့ ထွေးညိုပြောတာ မှန်တယ်။ သူကြီး ပါလိုက်ခဲ့''

''ငါ့ကိုထားခဲ့ကြ။ ငါ တစ်ရွာလုံးကိုကယ်မယ် သွားတော့''

''အဖေ ...အဖေ ...အင့် ...ဟီး ...''

''မိမျှင် ...အချိန်မရှိဘူး ...ပြေး ...မပြေးရင် နင်တို့အားလုံး ကို ဂျပန်တွေ မုဒိမ်းကျင့်လိမ့်မယ် ...သွားကြ''

သူကြီးက ရင်နာသံနဲ့ အော်လိုက်တာ။

ထွေးညိုနဲ့ ဒေါ်မျှင်အပါအဝင် ရွာထဲက မိန်းမသားမှန်သမျှ အမြန် ဆုံး စားစရာ ဆန်လေး၊ အဝတ်ကလေးယူပြီး ဟိုး ...တောကြီးမျက်မည်း ရှိရာကို ပြေးရှောင်ကြရတယ်။

ယောကျ်ားသားတွေကိုလည်း သူကြီးက ရှောင်ခိုင်းတယ်။

အလွန်တော်ပြီး အမြော်အမြင်ရှိတဲ့ ရွာသူကြီးပါဗျာ။

''သူကြီး ...သူကြီးကို သူတို့ သတ်လိမ့်မယ်ဗျ''

''ငါ့ရွာ၊ ငါ့လူတွေအတွက် ငါတစ်ယောက်ပဲ အသေခံမယ်။ ဂျပန် ဘာလဲ ငါသိပြီ။ သွားကြ''

''ကျုပ်တို့ ဓားနဲ့ဝင်ခုတ်မယ်ဗျာ''

''မလုပ်နဲ့ ...ဂျပန်တွေ ရွာရောက်လာတာ ငါတို့ဘဝမျက်ဖို့ပဲ စစ်ဦးဘိလူးပဲ။ အရေးကြီးတာ မင်းတို့မှတ်ထား အင်္ဂလိပ်က အမှေ့ဝင်လာ ပြီး မြန်မာပြည်ကိုသိမ်းတယ်။ ဂျပန်က ငါတို့မြန်မာတွေ သွားပင့်လာတဲ့





ငါတို့ပင့်ခွင့်မှ ကျွေးရတော့မယ်။ မင်းတို့ စောင့်ကြည့်ပြီး သတိနှင့်နေကြ။ တိုင်း ...သွားကြ၊ ရှောင်ကြ။ မရှောင်ရင် မင်းတို့ စောစောစီးစီးသေလိမ့် မယ်''

ကျုပ်တို့ မရှောင်ချင်ပါဘဲနဲ့ သူကြီးဦးရှုန်ကိုထားခဲ့ပြီး စိတ်မကောင်း စွာ ရှောင်ကြရတယ်။ ဒါပေမဲ့ အဝေးကနေ ပုန်းလျှိုးကွယ်လျှိုး ချောင်းမြောင်း နားစွင့်နေချိန်မှာ ...

ဂျပန်စကားပြန်နဲ့ စစ်သားတွေ ရောက်လာပါရော။

စကားပြန်နဲ့ သူကြီးနဲ့ အပြန်အလှန် ပြောကြတယ်။ ခွန်းကြီးခွန်း ငယ် ပြောနေကြတာ။ သူကြီးမှာ ကြောက်စိတ် လုံးဝမရှိဘူးကွာ။ ဂျပန် စစ်သားတွေက သူကြီးအိမ်ထဲ ဝင်ရှာကြတယ်။

''သူကြီး ...ရွာထဲကလူတွေ ဘယ်ရောက်ကုန်ပြီလဲ''

''ကြောက်လို့ ပြေးကုန်ကြပြီ''

''ခင်ဗျားမိန်းမနဲ့ သမီးရော''

''ကွက်နီ ...''

''ဘာတုံး ...ခင်ဗျားက ဘာပြောဦးမလို့တုံး''

''မင်း ...ဗမာလူမျိုးပါ ...ကွက်နီ။ မင်း ...ကိုယ့်လူမျိုးချင်း စောင့်ရှောက်သင့်ပါရက်နဲ့ ဘာလို့ မင်း ...ကိုယ့်လူမျိုးအချင်းချင်းကို ဂျပန် လက်ထဲ ထိုးကျွေးချင်တာလဲ''

''ဟား ...ဟား ...ဟား ...ဟား ...လက်စသတ်တော့ ခင်ဗျားက ဂျပန်အစိုးရကို တော်လှန်အာခံရဲတဲ့စကား ပြောရဲပြီပေါ့ ...ဟား ဟား ...ဟား ...''

''ခေါ်ခဲ့တော့''

ဂျပန်စစ်သားတွေက ဒေါသတွေ ထွက်နေကြပြီလေ။

တွန်းထိုးကန်ကျောက် သေနတ်ဒင်နဲ့ဆောင့်ပြီး ခေါ်သွားကြတာ။ ကျုပ်တို့ ဖိုးအောင်၊ ဖိုးမောင်တို့က ဓားနဲ့ဝင်ခုတ်ပြီး လုမလို့ လုပ်ချင်ပေ မယ့် ဦးလေးကံမောင်က တားထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်စောသေးတယ်"

"တစ်ယောက်တော့ အသေခံလိုက်ကြတော့တဲ့"

"တောက် ...ကျုပ်တို့သူကြီးအတွက် စိတ်မကောင်းလိုက်တာဗျာ။ သူသာ ဂျပန့်အလိုတော်ရိဆိုရင် ကျုပ်တို့တစ်ရွာလုံး မျက်ရည်ကျအောင် လုပ်မှာပေါ့"

"သူက သူတော်ကောင်းသူကြီး"

"မျိုးချစ်သူကြီး"

"ကိုယ့်အမျိုးကို စောင့်ရှောက်တဲ့ ဝံသာနုရက္ခိတ သူကြီးပါဗျာ"

နောက်နေ့မနက်မှာ သူကြီးဦးသျှန် ဂျပန်စစ်ဗိုလ်နဲ့ ကင်ပေတိုင်လက်မရွံ့တို့ရဲ့ ရက်ရက်စက်စက် စစ်ကြောမှုကြောင့် အသက်ဆုံးသွားခဲ့ရတယ်။

သူ့အလောင်းကို တိုက်ပွဲတုန်းသင်္ချိုင်းမှာ ဂျပန်တွေ လာပစ်သွားကြတယ်ဗျာ။ ဒီသင်္ချိုင်းကုန်းက အင်္ဂလိပ်ခေတ်တုန်းက အင်္ဂလိပ်ဆန့်ကျင်ရေး မျိုးချစ်တော်လှန်ရေးသမား မြို့သူကြီး ဦးသောမတို့အားလုံးကို သတ်ဖြတ်ပြီး စွန့်ပစ်ခဲ့တဲ့ နေရာပေါ့။

အရိုးကျတဲ့ နေရာပေါ့။

အင်္ဂလိပ်ပြေးတော့ မြို့သူကြီးရဲ့ အရိုးတွေကို သူညီဝမ်းကွဲ ကန္တာရကုန်းရွာသူကြီး ဦးရက်ရာဇာက လာကောက်ယူသွားတယ်။ အဲဒီအရိုးတွေ ဘယ်မှာမြှုပ်ထားလဲ မသိဘူး။

သူကြီးရက်ရာဇာကလည်း ဘယ်သူ့မှ မပြောခဲ့ဘူး။ လျှို့ဝှက်တယ်။

သူတော်ကောင်းသူကြီးကို ဂျပန်က ညှင်းပန်းနှိပ်စက်မေးမြန်းပြီး သတ်လိုက်ပြီ။

အဲဒီမှာ ဖြစ်ရပ်ဆန်းကြယ် ဖြစ်ခဲ့ရတာပဲ။

မြို့သူကြီးရဲ့အိမ်မှာ နေကြတဲ့ ဂျပန်စစ်သားတွေ ညဘက်မှာ မအိပ်ရဲကြဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဂျပန်စစ်သားတွေ အိပ်ပျော်မယ်ပြုတာနဲ့ ရင်ဝကို၊ ကျောကုန်းကို ဖနောင့်နဲ့ အပေါက်ခံရလို့ပဲ။





အချို့ အိပ်ပျော်စမှာ ပါးကို ဘယ်ပြန်ညာပြန် အရိုက်ခံရသတဲ့။

အချင်းချင်းလုပ်တယ်မှတ်ပြီး စကားတွေ များကြပါရော။ အပေါ်ထပ်မှာ သီးသီးသန့်သန့်အိပ်တဲ့ ဂျပန်စစ်ဗိုလ်ခများလည်း အိပ်ပျော်နေတုန်း တစ်စုံတစ်ဦးက ကန်ချလိုက်လို့ ခုတင်ပေါ်ကနေ လွင့်စင်ပြီး ခါးစောင်းသွားခဲ့တယ်။

ဘယ်သူကန်ချလိုက်မှန်း မသိဘူး။

အခန်းတံခါးလည်း ချက်ထိုးအိပ်တာ။

မီးထိုးပြီး ရှာတော့လည်း ဘယ်သူမှမရှိ။ သို့သော် ကျယ်လောင်မြင့်ထန်တဲ့ လူတစ်ယောက်ရဲ့ တောက်ခတ်သံကိုကြားရပြီး တုန်လှုပ်သွားတယ်လို့ သိရတယ်။

ဒီဖြစ်စဉ်တွေကို စကားပြန်ကိုပြောပြပြီး မေးသတဲ့။

စကားပြန်ကလည်း ပြန်ပြောပြတယ်။

"မာစတာ ...အောက်ထပ်ကရဲဘော်တွေလည်း ထူးထူးဆန်းဆန်းဖြစ်နေကြပါတယ် မာစတာ"

"ဘယ်လိုဖြစ်လို့တုံး ကြွက်နီစ်"

"အိပ်ပျော်နေတုန်း ရင်ဝကို ဖနောင့်နှင့်အပေါက်ခံရတယ်။ အချို့ ခေါင်းကိုအကန်ခံရတယ်။ အချို့ လည်ပင်းညစ်ခံရတယ်တဲ့ ပြောပြီး အချင်းချင်း စကားများနေကြတာ"

"ဟုတ်ရဲ့လား ...ကြွက်နီစ်"

"ဟိုက် ...မာစတာ"

ဂျပန်စစ်ဗိုလ်ကြီးက စကားများနေတဲ့ သူ့ရဲဘော်အားလုံးကို တန်းစီစေပြီး မေးမြန်းစစ်ဆေးတော့ ...

ဟုတ်တယ်တဲ့။

အချို့ဆို နံစောင်းကိုအကန်ခံရပြီး နာနေကြတုန်းတဲ့။

"ဘယ်သူလုပ်သလဲ ပြော။ ဘာလို့ ခုလို ရဲဘော်အချင်းချင်း ဆော်ကားနောက်ပြောင်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မလုပ်ပါ မာစတာ"

"မင်း . . . စ်"

"ဟိုက် . . . မလုပ်ပါ"

"ရှုဂျိကာ . . ."

"ဟိုက် . . . ကျွန်တော်မလုပ်"

ဂျပန်စစ်သားတပ်သား (၃၅)ယောက် ဘယ်သူမှ မလုပ်ဘူးလို့ ထွက်ဆိုကြတယ်။ ဒီနေ့ည ငါ အဲဒီလိုမျိုး မကြားချင်ဘူး။ ကြားရင်၊ မိရင် ပြင်းပြင်းထန်ထန် အရေးယူမယ်။

"ဟိုက် . . ."

ညဘက်အိပ်ပျော်စ ရှိသေးတယ်။

"အား . . . ."

"အစ် . . . အစ် . . . အစ် . . . ခူးရား"

"အိုး . . . အိုး . . . ."

"အား . . . ယား . . . ယား . . ."

"အင့် . . . ဟွတ်"

"ဝုန်း . . . ဝုန်း . . . ဝုန်း . . ."

"မာစတာ . . . မာစတာ . . . အမြန်လာပါ အား . . ."

အောက်ထပ်က အလန့်တကြား အော်သံ၊ ဆူသံတွေကြားလို့ ဂျပန် စစ်ဗိုလ်ကြီး ပစ္စတိုဆွဲ၊ တံခါးဖွင့်ပြီး ဆင်းမလို့လုပ်ချိန်မှာပဲ . . .

"ဘုန်း . . ."

"အား . . ."

"ဒိုင်း"

သူ့တင်ပါးကို နောက်ကနေ ကန်လိုက်တာ။ သေချာပြီ ရှေ့ ရောက်ပြီ။

သူ အိပ်ခန်းမှောင်မှောင်ထဲကို ပစ္စတိုသေနတ်နဲ့ သုံးချက်မှန် ပစ်လိုက်ပြီး တံခါးဆောင့်ကန်ပိတ်လို့ အပြင်ကနေ ချက်ထိုးလိုက်တယ်။





အပေါ်ထပ် မာစတာကြီးအိပ်ခန်းက သေနတ်ပစ်သံတွေကြောင့် ဂျပန်စစ်သားတွေ စစ်သုံးရိုင်ဖယ်တွေ ဆွဲကိုင်ပြီး လှေကားအတိုင်း သေနတ် တွေချိန်လို့ တက်လာကြတယ်။

"မာစတာ"

"အထဲမှာ ရန်သူရှိတယ်။ အပြင်က ဝိုင်းထားကြ"

ဂျပန်စကားပြန် ကြွက်နီကတော့ အကြီးအကျယ် တုန်လှုပ်နေ တယ်တဲ့။ ဘာလို့လဲဆိုတော့ သူ့ကို ခြေနှစ်ချောင်း တရွတ်ဆွဲသွားတာ ခံရ လို့တဲ့ကွာ။ ဆွဲတဲ့လူလည်း မမြင်ရဘူးတဲ့။

"ကြွက်နီ"

"ဟိုက် . . . မာစတာ"

"အထဲမှာ ရန်သူ . . . ဘိရုမာ စပိုင်ရန်သူပဲနေမယ်"

"ဟိုက် . . ."

"ကြွက်နီစ်မေးပါ . . . အညံ့ခံဖို့ပြောပါ"

"ဟိုက် . . . မာစတာ"

စကားပြန်ကြွက်နီစ် အပြင်ကနေ ကျယ်ကျယ် အော်ပြောလိုက် တယ်။

"အထဲကရန်သူ မင်းအညံ့ခံပါလို့ ဂျပန်မာစတာက ပြောနေတယ်။ အသံပြုပါ"

အထဲက တုန့်ပြန်သံမကြားရဘူး။

"ဟော့ . . . အထဲက ဘယ်သူတုံးလို့ မာစတာကြီးမေးနေတယ်"

လုံးဝပဲ . . .

"မင်းအညံ့ခံရင် သက်သာမယ်တဲ့။ ပြောပါ"

ပြန်မပြောဘူး။

ဂျပန်မာစတာကြီးက စကားပြန်ကို ဘယ်လိုလဲ မေးငေါ့ပြတယ်။

"နိုး . . . မာစတာ၊ မတုံ့ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကြွက်နီစ် ... တံခါးသော့ကိုဖြုတ်ပြီး ဖွင့်ပါ။ ငါတို့ ယစ်ပြီးဝင်မယ်"

"ဟိုက် ... မာစတာ"

ဂျပန်မာစတာကြီးက သူ့ရဲဘော်တွေကို ဂျပန်လို အမိန့်ပေးလိုက်ရော စစ်သားတွေက သေနတ်မောင်းကို တင်လိုက်ကြပြီး အခန်းဝကို ဒူးထောက်ချိန်ရွယ်လိုက်ကြတယ်။

"ဖွင့်"

တံခါးရွက်နှစ်ချပ် ပွင့်သွားတယ်။

အထဲက လှုပ်ရှားသံမကြားရဘူး။

အားလုံး ရင်တထိတ်ထိတ်၊ တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်၊ ငါးမိနစ် ...။

"မာစတာ"

"ကြွက်နီစ်"

"မာစတာ စောစောကပစ်လိုက်လို့ သေပြီနဲ့တူပါတယ် မာစတာ"

"ဟိုက် ... အိုကေ"

ဂျပန်မာစတာ ကြွက်နီရဲ့စကားကို လက်ခံလိုက်တယ်။ ပြီး ... လက်နှိပ်မီးတွေနဲ့ ပြိုင်တူထိုးကြည့်လိုက်တယ်။

ဂျပန်စစ်သားတစ်ဦး၏ ဝမ်းလျားထိုးပြီး သေနတ်ကိုင် ဝင်သွားတယ်။ ပြီး ... ပြန်ထွက်လာပြီး အန္တရာယ်ကင်းကြောင်း အချက်ပြလိုက်ရော လက်နှိပ်မီးတွေထိုးပြီး အသင့်ချိန်နဲ့ ဝင်သွားကြတော့တယ်။

"ဟင် ..."

"အို ..."

မာစတာကြီး အလွန့်ကို အံ့သြပြီး အသံတွေထွက်သွားပါရော။

ကြည့်စမ်း ...

ဂျပန်မာစတာကြီးရဲ့ အိပ်ရာခေါင်းအုံးတွေဟာ မားနဲ့စင်းကောထားသလို စုတ်ပြတ်နေတာကို မြင်ရပြီး ...





သူ့ရဲ့အရာရှိအင်္ကျီနဲ့ ဘောင်းဘီစစ်ဝတ်စုံဟာလည်း ဓားနဲ့တောက်တောက်စင်းခံထားရတာကို အံ့ဖွယ်မြင်လိုက်ရတယ်။

ပြတင်းတံခါးတွေ တစ်ချပ်မှ မပွင့်ဘူး။

ခေါင်မိုးသစ်သားအထပ်တွေ တစ်ချပ်မှ မပွင့်ဘူး။

အလုံပိတ်အခန်းရဲ့ ဖျဉ်ချပ်တွေ လုံးဝမဟဘူး။

အခန်းထဲဝင်ပြီး သူ့ကိုကန်တဲ့လူ ...

အဝတ်အစားတွေ ဖျက်ဆီးတဲ့လူ ဘယ်လိုလူလဲ။ ဂျပန်မာစတာက ဒေါသတွေ ပေါက်ကွဲနေပြီ။

မိုးလင်းတော့ တွေ့ရာလူကိုဖမ်းခေါ်ခဲ့ဖို့ ဂျပန်တပ်ကြပ်ကြီးနဲ့အဖွဲ့ကို အမိန့်ပေးလိုက်တယ်။

ဒီမှာ ...

အင်္ဂလိပ်အုပ်ချုပ်ဝန်းက သေနတ်ကျည်ဆန်ထိမှန်ပြီး ပေါင်ပြတ်သွားတဲ့ ဦးရာလူးဆိုတဲ့အဖိုးကြီးကို ခေါ်လာပြီး အောက်ထပ်မှာ ညှင်းပန်းနှိပ်စက်မေးကြတာ။

"အမည် ..."

"ဦးရာလူးပါခင်ဗျာ"

"ရွာထဲက လူတွေ ဘယ်ရောက်ကုန်လဲ"

"ကြောက်လို့ ပြေးကုန်ပါပြီခင်ဗျာ"

"ဘယ်နေရာကို ပြေးကြပုန်းကြသလဲ"

"မသိပါဘူးခင်ဗျာ"

"ဖောင်း ..."

"အား ..."

"မင်း ... အင်္ဂလိပ်စပိုင်လားတဲ့"

"မဟုတ်ပါဘူး"

"ဖြန်း ..."

"အာ ..."



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်ဝှက်သူပုန်အဖွဲ့ ရှိသလားတဲ့"

"မရှိပါဘူး ... အား ..."

"ဘိရုမှာ ... ညာတယ်ကား .... ခူးရား"

"ဖုန်း ..."

"အင့် ... အား ..."

"ဝုန်း ..."

ဂျပန်ကင်ပေတိုင် တပ်ကြပ်ကြီးရဲ့ ကန်ချက်ကြောင့် အဘိုးကြီး ရင်ကိုဖိပြီး လဲကျလူးလွန့်နေတယ်။ ကျန် ဂျပန်စစ်သားတွေကလည်း လိုမ့်ကန်ကြတယ်။

"ခေါင်းဆောင် ဘယ်သူလဲတဲ့"

အဘိုးကြီး ခေါင်းကို ယမ်းလိုက်တယ်။ ပါးစပ်ထဲက သွေးတွေ ပွက်ခနဲကျလာတယ်။ ပြန်လဲကျသွားတော့ ရေတစ်ပုံးနဲ့ပက်ပြီး ပြန်ထူမတ် ပေးပြီး မေးပြန်တယ်။

"သူပုန် သိလား"

"ဟင့်အင်း ..."

"အင်္ဂလိပ်စပိုင် သိလား"

"ဟင့်အင်း"

"ခူးရား ... ကဲ ..."

"အား ... အ ... အ ... အ ..."

ဂျပန်စစ်ကြောရေးသမားက ရေနွေးပူပူနဲ့ မျက်နှာကို ပက်လိုက်တာတဲ့ကွာ။ မျက်နှာက အရေပြားတွေ ဖောင်းကြွပြီး လန်ကုန်သလို ဆံပင်ပေါ်ကနေ ရေနွေးငွေ့ထဲ ပျံ့လွင့်နေသတဲ့။

အဖိုးကြီး ကြမ်းပြင်မှာ လူးလွန့်နေပြီး ...

ဂျပန်တွေက သူ့ကိုပွေ့ထူပြီး ခြေဆင်းတိုင်စေလို့ သစ်သားမျှင်းလုံးနဲ့ အဘိုးကြီးရဲ့ တစ်ချောင်းတည်းသော ခြေသလုံးကို ကြိတ်လှိမ့်စစ်လိုက်တာ ...

---

စိတ်ကူးသစ်စာပေ



"အား ... အမလေးဗျ ..."

"အာ ... သေ ... ပါ ... ပြီ ... ဗျ"

"ဖွင့်ပြောလိုက်ပါ ... အဘိုးကြီး"

"ကျုပ် ... ကျုပ် ... မ ... သိ ... ဘူး"

"ဘိရုမှာ ... လိမ်တယ်ကား သေစမ်း"

"ရွမ်း"

ဂျပန်စစ်ဗိုလ်က ဂျပန်ကင်ဒိုဓားကို ဓားအိမ်ကနေ ဆွဲထုတ်လိုက်တယ်။ ဝင်းလက်နေတဲ့ဓားကို အဘိုးကြီး မမြင်ရတော့ဘူး။ မျက်လုံးနှစ်လုံးက ရေနွေးပူဒဏ်ကြောင့် ပိတ်သွားပြီ။

"အဘိုးကြီး ... နောက်ဆုံးမေးမယ်၊ အင်္ဂလိပ်စပိုင်ရှိသလား။ သူပုန်ရှိသလား"

အဘိုးကြီး ခေါင်းပဲ ယမ်းပြနိုင်တယ်။

"ရှီ ..."

"ရွတ် ..."

"ဘုတ် ..."

ဂျပန်စစ်ဗိုလ်ရဲ့လက်ထဲက ကင်ဒိုဓား လက်ခနဲ မြောက်သွားပြီး လှစ်ခနဲ ပြေးသွားတာကို အားလုံး မြင်လိုက်ရတယ်။ အဘိုးကြီးရဲ့ဦးခေါင်း ကြမ်းပြင်ပေါ်ကို ပြုတ်ကျသွားပြီး လည်ပင်းကသွေးတွေ ပေါက်ခနဲ ပန်းထွက် ရင်းကိုယ်လုံးကြီး တဆတ်ဆတ်တုန်လို့ လဲကျသွားတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

ထူးဆန်းတာက ...

ရှာသားအဘိုးကြီးကို ဂျပန်စစ်ဗိုလ်က ဦးခေါင်းဖြတ်သတ်လိုက်တဲ့ ညမှာပဲ ...

ဂျပန်စစ်ဗိုလ်ကြီးလည်း ရုတ်တရက် သေဆုံးသွားခဲ့တယ်။

အားလုံးဟာ အံ့သြစရာ သိပ်ကောင်းတယ် စာရေးဆရာ။

အောက်ထပ်မှာ အိပ်နေတဲ့ ဂျပန်စစ်သားတွေ ညဥ့်သန်းခေါင်မှာ ဝမ်းလျှောပြီး မထနိုင်ကြဘဲ အော်ဟစ်နေသလို ...

မြို့သူကြီးအိမ်ဝမှာ ညကင်းကျတဲ့ ဂျပန်စစ်သားနှစ်ဦး အမြီး မှောက်ပြီး အချင်းချင်း သေနတ်နဲ့ပြန်ပစ်ကြတာ မသေမရှင်ဖြစ်ခဲ့ကြ သလို ...

ဒီကိစ္စ သတင်းပို့ဖို့ အပေါ်ထပ်က ဂျပန်စစ်ဗိုလ်ကြီးတံခါးကို သွား ခေါက်နိုးကြတယ်။

သွေးလန့်နေတဲ့ ဂျပန်စကားပြန် ကြွက်နီလည်း ပါတယ်။





တံခါးခေါက်တော့ ဂျပန်စစ်ဗိုလ်ကြီး မနိုးဘူးတဲ့။

ဂျပန်လို ခေါ်ကြည့်တယ်။ အသံပြန်မထူးဘူး။

တံခါးကို တဝုန်းဝုန်း ထုတယ်။ တံခါးဖွင့်မပေးဘူး။

ဒါနဲ့ ထူးပါတယ်ဆိုပြီး ရှေ့တံခါးအတွင်းချက်ကို အပြင်ကနေ ထုဖျက်လို့ တိုးဝင်လိုက်ကြရော ...

အားလုံး မျက်လုံးပြူး လန့်ဖြန့်အံ့သြကုန်ကြပါရောတဲ့။

ဂျပန်စစ်ဗိုလ်ကြီး ..........ဟာ ခုတင်ပေါ်မှာ သူ့ဂျပန်ကင်ဒိုဓား နဲ့ ဝမ်းဗိုက်ကို ထိုးစိုက်ပြီး သေဆုံးနေတာကို မြင်လိုက်ရလို့တဲ့ကွာ။

ဂျပန်စစ်ဗိုလ်ကြီးဟာ ဓားရိုးကို လက်အစုံနဲ့ ဆုပ်ထားလျက် ဓား ပေါ်မှောက်လျက် သေဆုံးနေတာတဲ့။

ကိုယ့်ကိုယ်ကိုယ် သတ်သေတာပေါ့။

အဲဒီလိုသတ်သေတာကို ဟာရာကီရီဆိုလား ခေါ်တယ်။ စစ်ရှုံးရင် အရှက်တကွဲဖြစ်ရင်၊ ကိုယ့်မှာအပြစ်ရှိတယ်လို့ ယူဆရင် ကိုယ့်ဂုဏ်သိက္ခာ အတွက် ခုလို ကိုယ့်ဘာသာ ဓားနဲ့ထိုး သတ်သေကြတာပဲ။

သူ ဘာကြောင့် သူ့ကိုယ်ကို သတ်သေရတာလဲ။

သိချင်လို့ ရှာကြည့်လိုက်တော့ စာရွက်တစ်ရွက်ပေါ်မှာ ဂျပန်လို ရေးထားတယ်တဲ့။

အဓိပ္ပာယ်ကတော့ ...

ငါ့ကို မြို့သူကြီးသောမဆိုသူ အမိန့်ပေးတယ်။ ငါလုပ်ခဲ့တဲ့ မတရား မှုအတွက် အပြစ်ရှိနေတယ်။ စစ်သားကောင်းဆိုတာ မတရားတာကို မလုပ် ရဘူး။ တရားမျှတတာကိုပဲ လုပ်ရတယ်လို့ပြောပြီး ငါ့ကို သေမိန့်ပေးသွား တယ်။ ငါ လွန်ဆန်လို့မရဘူး။ ဒါကြောင့် ငါ ဂုဏ်သိက္ခာရှိရှိ ငါ့အပြစ်ကို ငါကိုယ်တိုင် စီရင်လိုက်တယ်။

ဗိုလ်ကြီး .....



www.burmeseclassic.com

www.burmeseclassic.com



မြို့သူကြီးရဲ့ အမိန့်ကြောင့် လွှန်ဆန်မရလို့ ကိုယ်ကိုယ်ကိုယ် အဆုံး စီရင်လိုက်ရသတဲ့။

"ကြွက်နီစံ ..."

"ဟိုက် ..."

"မြို့သူကြီးဆိုတာ ဘယ်သူတုံး"

"ဒီအိမ်ကြီး မူလပိုင်ရှင်ပါ"

"အခု ... သူ ဘယ်လိုလုပ်ပြီး ငါတို့ခေါင်းဆောင်ကို အမိန့်ပေး သေခိုင်းရတာလဲ။ သူက တော်လှန်ရေးသမားလား"

"ဟုတ်"

"အခု ... သူ ဘယ်မှာနေလဲ။ သူ့ကို ဖမ်းရမယ်"

"ဗိုလ်လေး ..."

"ပြောပါ ... ကြွက်နီစံ"

"မြို့သူကြီးသေတာ ကြာပြီ။ အင်္ဂလိပ်ဝင်စကတည်းက အင်္ဂလိပ် စစ်သားတွေသတ်လို့ သေသွားခဲ့ပြီးပါပြီ"

"ဒါ ... ဒါဆို ... ဒီမြို့သူကြီးသေသာမ အမိန့်ပေးလို့ဆိုတော့ ဒီ မြို့သူကြီးသေသာမက ဘယ်ကလာမတုံး ... ကြွက်နီ"

"ဗိုလ်လေး ..."

"ပြော ... ကြွက်နီစံ"

"အတွင်းပြတင်းတွေရော မပွင့်ဘူး။ အမိုးလည်း မဖောက်ဘူး အောက်လည်း မပေါက်ဘူး။ အခင်းကြမ်းပြင်လည်း မဖောက်ဘူး။ ဒီအခန်း တံခါးကို ကျုပ်တို့ ဖျက်ဖွင့်ရတယ်လေ ... ဗိုလ်လေး"

"အဲဒါ ဘာဖြစ်တုံး ... ကြွက်နီစံ"

"မာစတာကြီးရေးခဲ့သလို မြို့သူကြီးဦးသေသာမ ဒီအခန်းထဲ ရောက်လာပြီး အမိန့်ပေးတယ်ဆိုရင် ဒါ လူစင်စစ် လုံးဝမဖြစ်နိုင်ဘူး"

"ဒါဆို ... ဒါဆို ... ဘာကောင်တုံး ... ကြွက်နီ"

"တစ္ဆေ ..."





"ဟင် ... တစ္ဆေ မြို့သူကြီးတစ္ဆေက ငါတို့ဗိုလ်ကြီးကို အမိန့် ပေး ..."

"ဟုတ်တယ် ... ညတိုင်း ဂျပန်စစ်သားတွေ ထိုးကြိတ်ကန် ကျောက်ခံနေရတာလည်း တစ္ဆေခြောက်တာပဲ"

"ဒါဆို ငါတို့ ဘယ်လိုလုပ်မတုံး ... ကြွက်နီစံ။ မင်း ငါ့ကို အကြံ ဉာဏ်ကောင်း မြန်မြန်ပေးပါ"

"ကျုပ်ကိုယ်တိုင် တစ္ဆေကို မြင်ရတယ်"

"ဟင် ... မင်း မြင်ရတယ်။ သူ ဘယ်လိုလဲဟင်"

"မာစတာကြီး အိပ်ခန်းရဲ့ လက်ယာဘက်ကတန်းမှာ မိန်းမတစ် ယောက် ကြိုးဆွဲချ တန်းလန်းသေနေတာ မြင်ရတယ်"

"ဟင်း ... မင်း ... မင်း ... ငါတို့ကို ဘာလို့ မပြောတာတုံး"

"ပြောလို့ယုံရင် ကောင်းတယ်။ မယုံရင် ကျုပ်ကို လူကြောင် လို့ ပြောကြမှာပေါ့။ ကျုပ်တို့ ဒီမြို့သူကြီးအိမ်ဟောင်းမှာ မနေကြပါနဲ့။ ဒို့ပြင် နေရာကို အမြန်ပြောင်းရွှေ့ကြပါ ... ဗိုလ်လေး"

အဲဒီနေ့ကစပြီး ဂျပန်တွေ သူ့တို့ဗိုလ်ကြီးရဲ့အလောင်းနဲ့ ဒဏ်ရာရ တင်းစောင့်စစ်သားနှစ်ဦးရယ်၊ ဝမ်းလျှောနေတဲ့လူတွေရယ်ကို ကြိုးစားပမ်းစား သယ်ယူပြီး အဝေးကို ပြောင်းသွားခဲ့ကြတယ်။

သူတို့မရှိတော့မှ ပုန်းရှောင်နေတဲ့ ရွာသူရွာသားတွေ ရွာဟောင်း ကို ပြန်ရောက်လာခဲ့ကြတော့တယ်။

၁၉၄၅ ခုနှစ်အထိ။

ဂျပန်စစ်သားတွေ ဒုက္ခပေးသမျှကို ရင်စည်းခံနေရာက ...

ဖက်ဆစ်ဂျပန်ကို တော်လှန်တော့မည့် လှို့ဝှက်သတင်းကို အဝေး ရောက် သခင်တုတ်က ယူလာပြန်ရော ...

ကျုပ်တို့ကို လူစုပြီး မြန်မာရဲဘော်တစ်ဦးက ပသီမောင်နှမတော ထဲမှာ စစ်သင်တန်းပေးခဲ့တယ်။

သစ်သားသေနတ်နဲ့ လေ့ကျင့်ရာကနေ ...



www.burmeseclassic.com

www.burmeseclassic.com



တကယ့်သေနတ်နဲ့ လေ့ကျင့်ခွင့်ရပြီး ကျုပ်တို့အားလုံး တက်ကြွနေကြတယ်။

ကျုပ်တို့ဒေသကို တိုင်းအမှတ် (၇)လို့ သတ်မှတ်သတဲ့။

တိုင်းတာဝန်ခံက ဗိုလ်မှူးအောင်။

နိုင်ငံရေးမှူးက သခင်တင်မြ။

တိုင်း(၇)၊ ဒေသက သရက်၊ အာလံ၊ မင်းဘူး၊ မကွေး စသည့် မြို့ကြီးတွေနဲ့ ကျေးရွာတွေ အားလုံးပါတယ်။

တိုတိုပြောကြပါစို့ဗျာ ...

၁၉၄၅ ခုနှစ်၊ မတ်လ(၂၇)ရက်နေ့မှာ ဂျပန်ကို ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဗမာ့တပ်မတော်ရယ်၊ အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားပေါင်းစုံတို့တစ်ပြိုင်နက် လက်နက်စွဲကိုင် ပြန်တော်လှန် တိုက်ခိုက်ခဲ့တာပေါ့။

အဲဒီတုန်းက ကျုပ် ဗိုလ်ချုပ်အောင်ဆန်းကို ခပ်လှမ်းလှမ်းက မြင်ဖူးခဲ့တယ်။

မှတ်မှတ်ရရ ၁၉၄၅ ခုနှစ် ဧပြီလကကွယ်။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဖဆဖလအဖွဲ့ဝင်အချို့ သရက်ခရိုင် သရက်ချောင်းကြီးရွာကို ညဘက်ကြီးရောက်လာကြတာ ကျုပ်တို့ တော်လှန်ရေးရဲဘော်တွေ မြင်ရပေါ့ဗျာ။

မည်းမည်းသေးသေးဗျ။

မာနမရှိဘူး။ တိုတိုရှင်းရှင်းပဲ ပြောတယ်။ ရှိတာနဲ့ စားတယ်။ မညည်းညူဘူး။ အဲဒီ ဖက်ဆစ်တော်လှန်ရေး ကာလတစ်လျှောက် ပြည်သူ့လွတ်လပ်ရေးတပ်မတော်ကို သရက်ချောင်းကြီးမှာ ဖွဲ့ထားတယ်လေ။

ကျုပ်တို့ တိုက်ပွဲကုန်းမှာ ရေးအစဉ်အလာအတိုင်း ရွာတွေရွာတွေက တော်လှန်ရေးသမားတွေ စုဝေးရောက်ရှိလာကြပြီး ဗမာ့တပ်မတော်ရဲ့ ဦးဆောင်မှုနဲ့ ဂျပန်လမ်းကြောင်း၊ စခန်း၊ ရိက္ခာကိုဒေါင်တွေကို တိုက်ခိုက်ဖျက်ဆီးကြတယ်။





ကျုပ်တို့ ရွာသားသုံးဦး အသက်ပေးလှူခဲ့ရတယ်။

ဟောဒီနားရွက် ပြတ်ခဲ့ရတာ ဂျပန်စစ်သားတစ်ဦးကြောင့်ပဲ။ သူ ခြေဦးတဲ့ရာ စွပ်ပြေးနေတာ။ ကျုပ် သူ့နောက်ကို ရိုင်ဖယ်နဲ့ လိုက်ခဲ့တာလေ၊ ရိုင်ဖယ်ကလည်း ကျည်ဆန်က တစ်တောင့်ပဲကျန်တော့တယ်။ ကျုပ် ပြေးနေတဲ့သူ့ကို နောက်ကနေ သေနတ်နဲ့ ပစ်ချလိုက်တော့ သူ့ခြေထောက်ကိုမှန်ပြီး လဲကျသွားရော။

အဲဒီမှာ သေနတ်ဒင်နဲ့ဝင်ရိုက်တော့ သင်းက လိမ့်ရှောင်လို့ သင်းကို မထိဘူး။ ဒီမှာ သူနဲ့ကိုယ်နဲ့ လုံးထွေးကြပေါ့။

သူက ဂျူဒိုလိုသတ်နည်းသုံး။

ကျုပ်က ... မြန်မာဝန်တိုသုံး လုံးကြ၊ ချုပ်ကြ၊ ထိုးကြိတ်ကြလို့။ ဒီမှာ ဂျပန်ကောင်က လုံးရင်းကနေ ကျုပ်နားရွက်ကို သွားနဲ့ကိုက်ဖြတ်လိုက်တာ နားရွက်ပြတ်ပြီး သူ့ပါးစပ်ထဲ ပါသွားတယ်။

ဒီမှာ ကျုပ် သူ့မျက်နှာကို ခေါင်းနဲ့တိုက်ပြီး လည်ပင်းညှစ်သတ်ပစ်လိုက်တော့တယ်။ ကျုပ် ဒီဂျပန်ကောင်ကို ညှစ်ထားတာ ... မလွှတ်ဘူး။ မျက်လုံးထဲမှာ ပေါင်ပြတ်ဦးရာလူနဲ့ ဦးသျှန်တို့ရဲ့မျက်နှာကို မြင်နေပြီး သင်းကို ခါလှုပ်ညှစ်သတ်နေတာ တော်လှန်ရေးရဲဘော်တွေ လာဖျင်မှ ကျုပ် လက်လွှတ်လိုက်တာလေ။

တော်လှန်ရေးရဲဘော်တွေက ကျုပ်ကို ချီးကျူးလို့မဆုံးပဲ။

တကယ် သူရဲကောင်းလို လေးစားသွားကြတယ်။

ဂျပန်စကားပြန် ကြွက်နီကိုလည်း လက်ရဖမ်းမိတယ်။ ဂျပန်ခေတ် မြို့သူကြီးအိမ်ရဲ့ ဖြစ်ပျက်ပုံအကြောင်း ဒီကောင်ကြွက်နီကို စစ်ဆေးတော့ ထွက်ဆိုခဲ့တဲ့ ဖြစ်ရပ်ဆန်းကြယ်တွေပေါ့ကွာ။ ကြွက်နီကတော့ သစ္စာဖောက်တို့ သွားရာလမ်းအတိုင်းပဲပေါ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၅]

တော်လှန်ရေး ပြီးသွားပါပြီ။

လွတ်လပ်ရေးစင်ကူးမတ်ကူးမှာ ကံဆိုးချင်တော့ ကျုပ်တို့ တိုက်ပွဲကုန်း၊ ကန္တာရကုန်း၊ ပလုတ်တုတ်သချိုင်းနားက ကိုးအိမ်စုတို့မှာ ပလိပ်ရောဂါဖြစ်တော့တာပဲ ... စာရေးဆရာရေ။

ရောဂါဖြစ်ပုံက ပထမ စဖျားပြီး ကိုက်ခဲရာက ကိုယ်ပူရှိန်ကြီးပြီး ချမ်းတုန်ဖျားတာက စတာပဲဟေ့။

အဲဒါ မြန်မာဆေးဆရာ ခေါ်ပင့်ကုလည်း မရဘူးကွ။ ပေါင်ကြား၊ ချိုင်းကြား၊ လည်ပင်းတွေကနေ အကြိတ်အဖုတွေ ထွက်ပြီး ရောင်ရမ်းလာကြတယ်။

ဒီမှာ လူနာက ကယောင်ကတမ်းတွေ အော်ဟစ်တော့တာပဲ။ မကြာဘူး (၄) ရက်လောက်မှာ သေတာပဲ။

သေတဲ့လူနာကို ပလုပ်တုတ်သချိုင်းမှာ မြှုပ်ပြီး ပြန်လာရုံရှိသေး နောက်တစ်ယောက် အဲဒီရောဂါနဲ့ သေပြန်ရော။





ရောဂါစဖြစ်တဲ့ အိမ်သားတွေဟာ ရက်မလည်ခင်နှင့် ရက်လည်အပြီးမှာ အဲဒီကပ်ရောဂါနဲ့ သေတာပဲ။

ကြွက်တွေကလည်း အကြီးကြီးတွေပဲဟေ့။

ဖောင်းမွေးတွေ ထောင်ပြီး အုပ်လိုက်ပြေးလွှားနေတာ ကြောင်ပါပြေးရတယ်ဗျာ။

နောက်ရောဂါတစ်ခုက ...

နု ... တဖြုတ်ဖြုတ်သေတဲ့ ရောဂါလိုပဲ။

ရုတ်တရက် ချမ်းတုန်ဖျားလာတယ်။ ကောက်ကာငင်ကာဖျားတာ။ ပြီး ... ခေါင်းကိုက်လို့အော်ငို၊ မကြာဘူး အသက်ရှူလို့မရတော့ဘူး။ လည်ချောင်းထဲ ကျပ်လာပါရော။

အဲဒါ ဖြစ်ညှစ်ချောင်းဆိုးလိုက်ရင် သွေးတွေပါလာပြီး အသက်ရှူကျပ်လို့ သေတာပဲ။

ဒီအိမ်မှာ လူတစ်ယောက် အဲဒီရောဂါနဲ့ သေဆုံးသွားရင် ကျန်အိမ်သားရှိသမျှ တစ်နေ့တစ်ယောက်၊ နှစ်ယောက် သေတာပဲ။

ပလုပ်တုတ်သချိုင်းနဲ့ တိုက်ပွဲကုန်းရွှေဟောင်းသချိုင်းမှာ နေ့ရောညရော မသာချနေရတယ်။ မြေကြီးနက်နက် မတူးနိုင်တော့ဘူး။

တစ်နေ့ သုံးလောင်း တစ်ပြိုင်နက်သေရင် တစ်ကျင်းထဲ မြှုပ်ပဲ။

အသုဘချရင် သရဏဂုံတင်ပေးတဲ့ ဦးဇင်းသုံးပါး ရှေ့ဆင့်နောက်ဆင့် အဲဒီရောဂါ (နောင်သိရတာက ပလိပ်ရောဂါ)နဲ့ ပျံလွန်တော်မူတာပဲ။

ညဘက်မှာ မီးတုတ်နဲ့ သွားနေတာမြင်ရင် ...

အဲဒါ အသုဘချလာတာပဲဟေ့။ ခေါင်းမထမ်းနိုင်တော့ဘူးကွ။ ဖျာလိပ်ဟောင်းပတ်၊ ကြိုးဆိုင်း၊ တုတ်လျှိုထမ်း သချိုင်းပို့ မြေမြှုပ်ရတာပဲ။

သရဏဂုံတင်ဖို့ ဘုန်းကြီး မရှိတော့ဘူး။

ငါတို့ တိုက်ပွဲကုန်း အိမ်ခြေငါးဆယ်ကျော်မှာ ငါတို့အိမ်နဲ့ ကိုမြကြီးတို့အိမ်ပဲ ကျန်တယ်။

ကျန်အိမ်တွေမှာ လူမရှိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မြေကြီးထဲ ရောက်ကုန်ပြီ။

ငှက်ဆိုးထိုးသံကြားရင် သေတာပဲ။ ခွေးအူသံကြားရင် အဲဒါ မသာချလာတာ။ ဘာလို့လဲဆိုတော့ အဲဒီ ပလိပ်ရောဂါနဲ့သေတဲ့ အသုဘလိုက်ပို့ပြီးပြန်လာရင် ရောဂါပိုးက ကူးစက်ပါလာတော့တာပဲ။

ဒီရောဂါက အသားချင်းထိမိ၊ ကိုင်မိတာနဲ့ ကူးတာမြန်တယ်။

လွတ်လပ်ရေးရကာစ ငါတို့ တောရွာတွေမှာ ကျန်းမာရေးမှူး မရှိဘူး။ ကာကွယ်ဆေး မရှိဘူး။

တိုင်းရင်းဆေးဆရာကြီး နှစ်ဦးရှိတယ်။

အဘမြိုင်နဲ့ အဘကြိုင်တဲ့။ ညီအစ်ကို ဆေးဆရာရယ်။

လူနာအိမ်တွေ လိုက်ကုပြီးအပြန်မှာ ခေါင်းကိုက်လိုက်တာပြောပြီး ကိုယ့်ဆေးကိုယ်သောက်နေတုန်း ...

အကျိတ်ကြီးတွေ ထွက်လာပြီး နှစ်ယောက်စလုံး ကွယ်လွန်ပါရောဟေ့။ အားကိုးစရာမရှိတဲ့ အရပ်အရွာဟာ သေခြင်းကို စောင့်မျှော်ရင်း အမြန်ဆုံး သေတော့တာပဲ။

သင်္ချိုင်းနှစ်ခုမှာ ကျင်းတူးစရာနေရာ မရှိတော့ဘူး။

နောက်ဆုံးတော့ ...

ဒီ ကမ္ဘာနာပလိပ်ရောဂါနဲ့ သေပြီတော့ဆို သင်္ချိုင်းမှာ မြေမမြှုပ်နိုင်တော့ဘူး။ အမြန်စွန့်ပစ်ပြီး ပြေးပဲ။

လင်းတတွေ ကောင်းကင်မှာဝဲနေတာ ပိန်းလို့။

သင်္ချိုင်းကုန်းမှာမြင်ရတာ လင်းတနဲ့ ခွေးအတွေပဲရှိတယ်။ နောက်တော့ ရွာသုံးရွာကိုပစ်ပြီး အခု ရွာသစ်ရွာသစ်တွေ ဖြစ်လာမည့်အရပ်ကို ပြေးလာကြတာပဲ။

ရွာသစ်ကို ခြံစည်းရိုးတွေ ကာကြ။

အမှိုက်တွေ မီးပုံရှို့ကြ။

နေဝင်လို့ ခွေးအူသံကြားရင် သံပုံးတီးကြ။ စာရေးဆရာရေ ... နေဝင်မှာကို ကျုပ်ရွာသစ်က လူတွေ ကြောက်ကြတယ်ဗျာ။





"အူ ... ဝူး ... ဝူး ... ဝူး ..."

"အူ ... ဝူး ... ဝူး ... အိန်း ... ဂိန် ... ဂိန် ..."

"ဒိုး ... ဒိုး ... ဒိုး ... ဒိုး ... ဒိုး ... ဒိုး ..."

"ဗုန်း ... ဘုန်း ... ဘုန်း ... ဘုန်း ..."

"ဂလုံ ... ဂလောင် ... ဂလုံ ... ဂလောက်"

"တောက် ... တောက် ... တောက် ...."

ခွေးအူသံပေးတာနဲ့ ရွာသုံးရွာက သံပုံးတီးကြ၊ ဝါးခေါက်ကြတာဟာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ စက်သေနတ် ပစ်သံခတ်သံထက် ပိုကျယ်တယ်။

ကြည့်စမ်း ...

ကျုပ်တို့စွန့်ပစ်တဲ့ သင်္ချိုင်းတစပြင် နှစ်ခုပေါ်က ညညမှာ မီးလုံးကြီးတွေလူးလာပျံသန်းနေတာဗျ။

ဆန်ကောလောက်မီးလုံး၊ အုန်းသီးလောက်မီးလုံး၊ လက်သီးဆုပ်ခန့်မီးလုံး သင်္ချိုင်းတစပြင်ထဲ ဆင်းလိုက်၊ အပေါ်ကိုတပ်ဖြန့်လိုက်။ အုပ်စုလိုက် ရွေ့လျားသွားကြ။

"အဲဒါ ဘာမီးလုံးတွေတုံးဟ"

"မသိဘူး။ တစပြင်ကနေ ဆင်းလိုက်တက်လိုက် ဖြစ်နေတာပဲ"

"စုန်းမီးတွေနဲ့ တူရဲ့ကွာ"

"ဟော ... ဟော ... နားထောင်စမ်း ... ဘာသံလဲဟေ့"

"ဟ ... အဲဒါ ကလေးငိုသံဗျ။ ဦးကျောက်ရ"

"ဟော ... ဟော ... ဒါက မိန်းမငိုသံပဲကွ။ သားအမိများလားမသိဘူး"

"ကလေးငိုသံက ရောဂါဝေဒနာခံစားရလို့ တက်မတတ်ချက်မတတ် ငိုတဲ့အသံမျိုး။ သနားစရာ အသံပါပဲကွာ"

မအေကတော့ ရှိုက်ကြီးတငင် ငိုနေတာ။

"ဦးကျောက် ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာယ်လိုလဲ ရေနံ"

"ဒုက္ခရောက်နေတာဗျ။ သွားကြည့်ရင်ကောင်းမလား"

"မင်း အဲဒီသချိုင်းကုန်းကို ညကြီးမင်းကြီးသွား။ အဲဒါ သေပြီဆိုပြီး လာပစ်ထားကြတဲ့လူက မသေမရှင်နဲ့ နာနာကျင်ကျင် ဝမ်းပန်းတနည်း ငိုနေတာ။ ဆက်နားထောင်"

မကြားပါဘူးဗျာ။

ငိုသံတွေ တိတ်သွားပါရော။

"တိတ်သွားပြီး ဦးကျောက်"

"တိတ်မှာပေါ့။ အခုမှ အသက်ထွက်သွားလို့ နေမှာပေါ့"

သို့သော် ငိုသံတွေ ညတိုင်းကြားရတယ်။

အုပ်စုလိုက်ငိုသံတွေလည်း ကြားရသကိုး။

လူအုပ်ကြီးက, ဟေးဟေးဝေးဝေး အသံပြု အော်သံမျိုးတွေလည်း ကြက်သီးထစရာကောင်းအောင် ကြားရတယ်။ ဒါနဲ့ ကျုပ်တို့ စစ်ပြန်ရဲဘော်အချို့ လူစုပြီး စုံစမ်းဖို့ မီးတုတ်တွေ၊ ဓားလှံတွေနဲ့ သချိုင်းကုန်းရှိရာကို တစ်လှမ်းချင်း ချဉ်းကပ်လာခဲ့လိုက်ကြတယ်။

လရောင်ကလည်း ကောင်းကင်မှာ ထိန်နေတာပဲ။

တစပြင်သချိုင်းကုန်းပေါ်မှာ ယောက်ျားအုပ်စုတစ်စုနဲ့ မိန်းမအုပ်စုတစ်စုကို မထင်မရှား မြင်နေရတယ်။

"လူတွေ အများကြီးပဲ . . . ဦးကျောက်"

"အေးကွ . . . ညကြီးမင်းကြီး သချိုင်းကုန်းထဲ များလှချည်လား"

သူတို့က သချိုင်းတစပြင်ကနေ လက်ယပ်လှမ်းခေါ်နေတာကွ။ အချို့ ကလေးခါးထစ်ခွင်ထားတဲ့ သားသည်အမေလည်း မြင်ရသလို၊

တောင်ဝှေးထောက်နဲ့ အဘွား သက်ကြီးလူအိုတွေလည်း မြင်ရတယ်။ ယောက်ျားတွေက အားအင်ချည့်နဲ့ ပုံစံမျိုးပဲ။

"လာကြပါ . . . ကယ်ကြပါဦးတော်"

စိတ်ကူးသစ်စာပေ



"ကယ်ကြပါဗျာ . . . ကျွန်တော်တို့ . . . ကို . . . ကယ် . . . ကယ်ကြပါ . . . ဗျာ . . ."

"ကိုကျောက် . . . ဒုက္ခသည်တွေဗျ . . . မေးကြည့်စမ်းပါဦးဗျာ"

ဒါနဲ့ ကျုပ်က အဝေးကနေ အော်မေးရတာပေါ့ဗျာ။

အနီးတော့ သွားမမေးရဲဘူးလေ။ တော်ကြာ ပုလိပ်ရောဂါနဲ့ ကာလဝမ်းရောဂါသည်တွေဆိုရင် ကျုပ်တို့လည်း မျိုးပြုတ်ရော။

"ဟေး . . . မင်းတို့ ဘယ်ကတုံးဟေ့"

"ကျုပ်တို့ . . . တောင်ပေါ်ရွာခြေကပါ . . . ကယ်ကြပါ"

"မင်းတို့ရွာက ဘာဖြစ်လို့တုံး"

"ရောဂါဖြစ်နေလို့ . . . ကျုပ်တို့ ပြေးလာရင်း မျက်စိလည် လမ်းမှားနေလို့ပါဗျာ။ ဒီသချိုင်းထဲက ထွက်လို့မရ ဖြစ်နေလို့ပါ။ လမ်းပြပေးကြပါ"

"မင်းတို့ရွာ ဘာရောဂါဖြစ်လို့တုံးဟေ့"

"ဟို . . . ဟို . . . ကာလဝမ်းကြီးကျ . . ."

"ဟာ . . . ကိုကျောက်ရေ ကာလဝမ်းကြီးတဲ့ဟေ့ . . . ဒါဆို ရွာလုံးကျွတ်ပဲ။ ငါတို့ရွာထဲတော့ ခေါ်လို့မရဘူးကွ။ တော်ကြာ ငါတို့ရွာပါဝမ်းကျပြီး ရွာလုံးပြုတ်မယ်"

"ဟုတ်တယ် . . . နေ . . . နေ . . . ငါကြည့်ပြောမယ်။ ဟေ့ . . . တောင်ပေါ်သားတွေ . . . မင်းတို့ ငါတို့ရွာထဲတော့ မဝင်ကြနဲ့။ အခြားကို သွားမယ်ဆို လမ်းပြပေးမယ်"

"ပြပါတော် . . . ကျွန်မတို့ ဒီနေရာမှာ ကြောက်လို့ပါတော်"

"လမ်းသာပြပေးပါ . . . အစ်ကိုကြီးတို့ရယ်၊ ကလေးတွေလည်း ဆာလို့ ငိုနေကြပါပြီရှင်"

"အေး . . . အေး . . . ဒါဆို ပြမယ်။ အခု ငါတို့မီးတိုင်ကို မြင်ရသလား"

"မြင်တယ်ဗျို့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြင်ရင် မီးတိုင်တည့်တည့်ကို ကြည့်ပြီး လာခဲ့ကြ"

"ကျေးဇူးပါပဲတော်"

"ကျေးဇူးပါပဲဗျို့"

လှူငါးဆယ့်ခန့် လမ်းမှားနေတဲ့ တစပြင်ပေါ်က လူအုပ်ကြီးဟာ အထုပ်အပိုးတွေ၊ အိုးခွက်တွေ၊ ကလေးတွေနဲ့ ကျုပ်တို့ပြနေတဲ့ မီးရောင်ရှိရာကို တရွေ့ရွေ့ လာနေကြတာကွ။

လရောင်နဲ့ အရှင်းသား မြင်နေရတယ်။

မီးအလင်းရောင် တစ်ပြအကွာရောက်တော့ သူတို့အားလုံး ရှေ့မတိုးဘဲ တစ်ပြိုင်နက် ရပ်နေကြတယ်ဟေ့။

"ဟေ့လူတွေ ... လာခဲ့ကြလေ"

"အဲဒါ သချိုင်းကုန်းထွက်တဲ့ လမ်းပဲ ... လာကြ ... အချိန်မရှိဘူး"

သူတို့ သချိုင်းအပြင်ကို လုံးဝမထွက်ကြဘူးကွ။

"ဟေ့ ... ဘာလို့ မလာကြတာတုံး။ ငါတို့ လူကောင်းတွေပါကွ။ လာကြပါ"

"ကျုပ်တို့ လမ်းမလျှောက်နိုင်တော့ဘူးဗျာ။ ဒီမှာပဲ အိပ်ရတော့မယ်ဗျာ။ မနက်လင်းလင်းချင်းမှပဲ ဆက်သွားတော့မယ်။ စားစရာလေးများရရင် သက်ကြီးတွေနဲ့ ကလေးတွေအတွက် နည်းနည်းပါးပါး ပေးကြပါလား ... နောင်ကြီးတို့ရာ"

"ဒီနေရာမှာပဲ အိပ်မယ်ပေါ့"

"ဟုတ်ပါတယ်ဗျာ ... မိန်းမသားတွေ မလျှောက်နိုင်တော့ဘူးတဲ့"

"နေရဲကြလို့လား ... မိတ်ဆွေတို့၊ ဒီနေရာ ဘာလဲဆိုတာရော သိကြရဲ့လား"

"သိပါတယ်ဗျာ ... ကျုပ်တို့ နေနေကျပါ"

"ဟေ ..."

စိတ်ကူးသစ်စာပေ



"ဘာ ... ဘာပြောတယ် ... ဟေ့လူတွေ ... ဘာပြောတယ်"

"ဟား ဟား ဟား ဟား ဟား ..."

"ဟီး ဟီး ဟီး ဟီး ဟီး ..."

"အဟတ် ... အဟတ် ... အဟတ် ... အဟတ် ..."

"ခစ် ခစ် ခစ် ခစ် ခစ် ..."

အလို ... တောင်ပေါ်ဒုက္ခသည် ဆိုသူတွေ သချိုင်းဝကနေ ကျုပ်တို့ကိုကြည့်ပြီး အားရပါးရ ရယ်ကုန်ကြပါကလား။

"လာလေ ... မောင်ကြီးတို့၊ ကျွန်မတို့နဲ့ အတူလာနေပါ ... ရှင့် ... ဟီး ဟီး ဟီး ဟီး ..."

"ကို ... ကျောက် ..."

"ဘာ ... ဘာလဲ ..."

"ဒါ ... ဒါ ... လူစင်စစ်တွေ မဟုတ်ဘူး ... ဗျ"

"ဒါ ... ဒါဆို သူတို့က ... ဘာ ... ဘာ ... တုံး ..."

"သူတို့က နာနာဘာဝ ကျတ်တွေဗျ"

"ဟင် ..."

"ဟေ ..."

"မြတ်စွာဘုရား ဒုက္ခပဲ။ ကျတ်တွေ ... ကျတ်တွေ ..."

"နောက်ကို ဆုတ်ကြ"

ကျုပ်တို့ နောက်ကို အမြန်ဆုတ်လိုက်ချိန်မှာ သူတို့က တဟားဟား ရယ်ကြပြီး လက်ယပ်လှမ်းခေါ်နေကြတယ်။

"လိုက်ဟေ့ ... လိုက်ဟေ့ ..."

"ဟာ ... သူတို့ ... လိုက်လာတော့မယ် ... ဟေ့ ... အားလုံး ဘုရားစာတွေ ... ရွတ်ကြ။ ဟေ့ ... မြန်မြန်ရွတ်ကြပါဟ"

"ပုဗ္ဗဏှသုတ်ရဲ့ အစကို ရွတ်ကြ"

"ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊

ယော စာ'မနာပေါ သကုဏဿ သဒ္ဒေါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါပဂ္ဂဟော ဒုဿုပိနံ့ အကန္တံ
ဗုဒ္ဓါနုဘာဝေန ဝိနာ သမေန္တု"

"ဟော့ . . . ဟော့ . . . လူတွေ . . . မ . . . မ . . . ဆိုကြပါနဲ့ဗျ"

"မဆိုကြပါနဲ့"

သချိုင်းကုန်းထဲက လူယောင်ဆောင်ပြီး လှည့်စားဖို့ ခြောက်ဖို့ ကြံစည်နေတဲ့ ကျုတ်တွေရယ် . . .

ဘုရားစာရွတ်သံကြားရော အလန့်တကြား ဝိုင်းအော်ကြပါရော ဟေ့။

"အဖေလုပ်ပါဦး . . . တားပါဦး . . . နားကွဲတော့မယ်တော့်"

"ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာ'ပနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ့ အကန္တံ
ဓမ္မာနုဘာဝေန ဝိနာ သမေန္တု"

"အမလေး . . . နားကွဲပါပြီတော့"

"ဟော့ . . . ဟော့ . . . လူတွေ . . . မရွတ်ပါနဲ့။ ပြေး . . . ပြေးကြ နောက်ဆုတ် . . . ပြေး"

"အမေ . . . အမေ . . . ကျွန်တော် နားကန်းသွားပြီ"

"သား . . . သား . . . လူလေး . . . အမလေးတော် . . ."

"ပြေးဟေ့ . . . ဆုတ်ကြ . . . သချိုင်းအတွင်းကို အမြန်ဆုတ်ကြ"

"ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ
ယော စာ'ပနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ့ အကန္တံ
သံဃာနုဘာဝေန ဝိနာ သမေန္တု"

"ဝေါ . . . ဝေါ . . . ဝေါ . . ."

"ဝုန်း . . . ဂလုံး . . . ဂလုံး . . ."





"ဝူ . . . အူ . . . အူ . . . အူ . . . ဝူး . . . ဝူး . . ."

သချိုင်းကုန်းထဲက လူယောင်ဆောင်ပြီး ငါတို့ကို ဖြားယောင်းတဲ့ နာနာဘာဝ ကျုတ်တွေရယ်ကွာ ဒရောသောပါး ပြေးကြတာဟေ့။

သချိုင်းကုန်းခြောင်းဆန်အောင် ဆူညံနေတယ်။

ညအိပ်ကျီးတွေကလည်း လန့်ပြီး ပျံကြ။

တောခွေးတွေ၊ သချိုင်းခွေးတွေက အူ . . .

ငါတို့အုပ်စုလည်း နောက်ပြန်ဆုတ်ပြီး ရွာထဲရောက်အောင် သုတ်ခြေတင်လိုက်ကြတာ . . .

ရွာတွင်းရောက်မှ အလန့်အကြောက်ပြေတော့တယ်ဟေ့။

ငါ့လူရေ . . . ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါနဲ့ ရောဂန္တရကပ်ဆိုက်ပြီး ရွာသုံးလေးရွာထဲက လူတွေ၊ ကလေးလူကြီး အကုန်သေကြတာကိုး။

စွန့်ပစ်ရွာပျက်တွေကိုး။

အချို့အိမ်ထဲမှာ သေနေတာတွေ ရှိသေးတယ်။

သရဏဂုံမတင်ဘဲ စွန့်ပစ်ခဲ့ရတဲ့ လူသေတွေလေ။

လူမနေတဲ့ တစပြင်သချိုင်းတွေ ဖြစ်ကုန်တော့ သေသူတွေက ကျုတ်တွေ၊ တစ္ဆေတွေဖြစ်ကုန်ကြတာကိုး။ အဲဒါ ကျုပ်တို့ ကိုယ်တွေ့ပဲ။ နေခင်းကြောင်တောင်ကြီးမှာတောင် ကျုတ်တွေခြောက်တာ . . . စာရေးဆရာ ညညနေ့နေ့မှာ တစ်ယောက်ယောက်လာခေါ်ရင် လုံးဝ မလိုက်နဲ့ . . . မှတ်ထား"

"အဘကျောက် . . ."

"ပြော . . . စာရေးဆရာ"

"မိန်းမရေ . . ."

"တော် . . ."

"အမဲခြောက်ဖုတ် လာချပါဦးဟဲ့"

"သမီးရေ . . . မီးဖုတ်ပြီး ဆီဆမ်းချပေးလိုက်ပါဦးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အမေ"

အဘကျောက်ရဲ့သမီးက ကျွန်တော်တို့စကားဝိုင်းကထပြီး နောက်ဖေးမီးဖိုဆောင်ရှိရာကို လှုပ်လှုပ်ခါခါ လှမ်းသွားရင်းက မောင်ပေပင်ကို လှည့်ကြည့်ပြီး ပြုံးစိုက်တာကို မြင်ရတယ်။ ပေပင်ကို ကြည့်လိုက်တော့ ငနဲသားလေးက ရွှင်လို့။

"ကျောက်ဆိုတာက ဘယ်လိုဖြစ်ရတာတုံးဟင်"

"အကြမ်းဖျင်းပြောရရင် စောစောက ရွာတွေလိုပေါ့။ ကပ်ရောဂါနဲ့ အစုလိုက်အပြုံလိုက် သေကြလို့။ သရဏဂုံမှ မတင်နိုင်ဘဲ သင်္ချိုင်းစွန့်ပစ်ရတော့ မကျွတ်မလွတ်ဘဝ ရောက်ကုန်တာပေါ့။ ဒီမှာ စာရေးဆရာရဲ့ .. ကျုပ်တို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက နောင်တမလွန်ဘဝရှိတာကို ဟောခဲ့တယ်လေ။ အစွဲအလမ်းတွေ၊ ကြောက်ရွံ့စိတ်တွေနဲ့ သေရင် ပြိတ္တာဖြစ်တာပဲ။ ပြိတ္တာဆိုတာ တစ္ဆေဘဝကိုပြောတာ။ အကုသိုလ်အစွဲနဲ့ သေရင် ငရဲဘဝကို သွားရတယ်တဲ့။ သားစွဲ၊ မယားစွဲ၊ လင်စွဲ၊ ဥစ္စာစွဲ၊ ကျောင်းစွဲ အဲဒီလို အစွဲတွေနဲ့ အသက်ထွက်သွားခဲ့ရင် ပြိတ္တာဘဝကို ရောက်ရတယ်တဲ့။ ကျုပ်တို့ ရွာကြီးသုံးရွာက ကြောက်လန့်စရာရောဂါ၊ ကယ်သူမဲ့ရောဂါနဲ့ အစုလိုက်အပြုံလိုက် သေကြတော့ ဒီအစွဲတွေနဲ့ ပြိတ္တာဘဝရောက်ပြီး ကျောက်လို့ခေါ်တဲ့ တစ္ဆေမျိုး ဖြစ်သွားခဲ့တာပဲ။

ကျောက်ဆိုတဲ့ တစ္ဆေက အံ့သြစရာကောင်းတယ် .. စာရေးဆရာ။

မူလဘဝကိုလည်း ပြန်ပြလို့ရတယ်။

ရွာတွေ၊ အိမ်တွေ၊ လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေ၊ ပျော်ပွဲရွှင်ပွဲတွေ စသည် ဖန်တီးလို့ရတယ်။

ကဝေ၊ စုန်းလို နာနာရုပ်တွေ ဖန်တီးနိုင်ပေမင့် ကဝေ၊ စုန်း ဇော်ဂနီ ဇော်ဂနက်စုန်းတို့လို မပြုစားဘူး။ မရက်စက်ဘူး။ သို့သော် ချောက်ချားအောင်၊ ရှုးသွပ်အောင်၊ သူတို့ ဘာလဲသိအောင် လုပ်ပြတာတော့ ကျုပ်တို့ ကိုယ်တွေ့ပဲ"

စိတ်ကူးသစ်စာပေ



ဒီမှာ ကျွန်တော်က ...

အမေကြီး ခေါ်ကြတိုင်းတို့ သားအမိနှစ်ဦးနဲ့ ရှပ်သေးပွဲသွားကြည့်တဲ့ညနဲ့ နံနက်ကအဖြစ်ကို သွားသတိရလိုက်တယ်ဗျာ။

မိုးလင်းတော့ ကျွန်တော်တစ်ယောက်တည်း အိပ်ပျော်လို့။ ကြည့်လိုက်တော့ သင်္ချိုင်းကုန်း တစပြင်ပေါ်မှာ။

ဟို ဦးပဥ္စင်းလေးကတော့ ပြောသွားသား။

"ဒကာလေး ... ဒီနေရာကို နောက် မလာနဲ့တဲ့"

"ဘာဖြစ်လို့ပါလဲ ... ဘုရား"

"ဒါ ကျောက်ကုန်း"

"ကျောက်ကုန်း ... ဟုတ်လား ... ဦးဇင်း ... ကျောက်ကုန်းဆိုတာ ဘာကိုခေါ်တာပါလဲ ဘုရား"

"အလွန်ဆိုးတဲ့ နာနာဘာဝတွေ ခြောက်လှန့်တဲ့နေရာ။ သိချင်ရင် လူကြီးသူမတွေ မေးကြည့်"

ဦးဇင်းလေးက ဒီလိုပြောသွားခဲ့တာလေ။

အခု ကျောက်(တစ္ဆေ)တွေကို ကိုယ်တိုင်ကြုံခဲ့ရတဲ့ တော်လှန်ရေးသမားဟောင်းကြီးနဲ့ တွေ့ပြီး ကျောက်တစ္ဆေကိုယ်တွေ့အကြောင်း စတင်သိရှိရပြီ။

"ကျုပ်တို့ တဲဆောင့်ကုန်းရွာသား မောင်ငတေဆိုတာပေါ့ ... တဲ့ကောင် ... ပေပင် ... နင် ငတေကို သိမဟုတ်လား"

"သိတယ် ... အဘကျောက် ... အရူးငတေ မဟုတ်လား"

"ဟုတ်တယ် ... သူ့ကို အရူးငတေပဲ ခေါ်ကြတယ်။ တစ်နေ့ ဖွတ်လိုက်ရှာတာ။ ဒီကောင် ဖွတ်တို့၊ ယုန်တို့ ထောင်တဲ့အလုပ်ကို လုပ်တယ်။ ဖွတ်နောက်ကိုလိုက်ရင်း အဲဒီတိုက်ပွဲကုန်းတစပြင် ရောက်မှန်းမသိ ရောက်သွားတာ။ ဖွတ်က ဖွတ်အစစ်မှ မဟုတ်ပဲဥစ္စာ"

သင်းက လောဘဇောနဲ့လိုက်ရင်း ဖွတ်က တောင်ပို့တွင်းတစ်ခုထဲ ဝင်သွားပါရောတဲ့လား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ တွင်းဝကနေ အမှိုက်တွေပုံပြီး မီးမြှိုက်တာပေါ့။ ဖွတ် မီးခိုး မွန်ပြီး ထွက်လာအောင် လုပ်နေတာ။

"မောင်ကြီး ..."

နောက်ကနေ ခေါ်သံကြားလို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ရော မိန်းမတစ်ယောက်တဲ့။ ချောလိုက်တာလည်း ငွေးယူရသတဲ့ကွ။

ဆံတောက်ဖားဖားနဲ့။

လုံးကြီးပေါက်လှတဲ့။ တင်းရင်းပြည့်ဖုနေတာပဲတဲ့။

"ကိုကျောက် ..."

ဒီမှာ နောက်ဖေးမီးဖိုဆောင်က အဘကျောက်ရဲ့မိန်းမ ခေါ်မီးခြစ်က အသံကျယ်ကျယ်နဲ့ လှမ်းခေါ်လိုက်တယ်ဗျ။

"မီးခြစ် ... ဘာတုံး"

"မိန်းမငယ်ငယ်တစ်ဦးဆိုရင်ရတယ်။ တော်ကဘာကိစ္စနဲ့ တင်းရင်းဖုထစ်တာတို့ ဘာတို့ ရှည်နေရတာလဲ"

"အဟတ် ..."

"ကြီးတော်တော့ ပြဿနာရှာပြီ ... အဘရေ"

"အေးပါကွာ ... လျှာရှေ့ရောက်သွားလို့ပါ ... မီးခြစ်ရ"

"ရှင် ကျွန်မအကြောင်း သိတယ်နော်"

"အေးပါ ... အေးပါ ... နောက် ... မပြောတော့ပါဘူးဟ"

"အင်း ... ဒါပဲနော် ... မချဲ့နဲ့၊ မဖွဲ့နဲ့ ... ကြားလား"

"အေး ... အေး ..."

"ရှင့်အကြောင်း ... ကျုပ် အူမချေးခါးမကျန် ... သိတယ် ... ကိုကျောက်"

"အေးပါကွာ ... အေးပါ ... ချီးမှုပဲကွာ"

"လုပ်ပါဦး ... အဘကျောက်ရ ... ဖုထစ် ..."

"ဟဲ့ ... ပေပင် ..."

"ဗျာ ... ကြီးတော်"





"နင်တို့တွေဝရိုး ငါ့အကြောင်း သိတယ်နော်"

"ဟုတ်ကဲ့ပါဗျာ ... ရှူး ... တိုးတိုးပြောပါဗျ ... အဘကျောက်ရ ... ကောင်းခန်းတွေရောက်ရင် အသံမကျယ်ပါနဲ့ဗျ"

ဟုတ်နေတာပဲဗျို့ ... ပျော်စရာတော့ ကောင်းဗျာ။

"ငတေ ... အချောအလှလေးမြင်တော့ အံ့အားသင့်သွားသတဲ့။ မိန်းမပျိုလေးကလည်း ထင်းစည်းရွက်ထားဆိုပဲ"

"မောင်ကြီး ... လာလုပ်နေတာတုန်းတော်"

"ဖွတ်ထွက်အောင် လုပ်နေတာပါ။ နင်က ဘယ်တုံး"

"ဟိုရှေ့အိမ်စုကပါတော်။ ဖွတ်က မီးနဲ့မြှိုက်ရင် ထွက်ရောလား တော့"

"ဟုတ်တယ် ... မီးခိုးမွန်လို့ ထွက်ရင်ထွက်၊ မထွက်ရင် တွင်းထဲမှာ မွန်ပြီး သေရောဟ။ အဲဒီကျမှ တောင်ပို့ကို တူးဖြိုပြီး ရှာယူရမှာ"

"အရမ်းပင်ပန်းမှာပေါ့တော်"

"ပင်ပန်းတာပေါ့။ ဒါနဲ့ နင့်နာမည် ဘယ်လိုခေါ်တုံးဟ"

"ကျုပ်နာမည်က မိသေတဲ့"

"မိသေ ..."

"ဟုတ် ... တော်"

"ဟ ... မိသေး မဟုတ်ဘူးလား"

"မိသေလို့ပဲ ခေါ်ကြပါတော်။ မောင်ကြီး ... ကျွန်မ တွင်းထဲက ဖွတ်ကို ထုတ်ပေးရမလားတော့"

"နင်က ဘယ်လိုထုတ်မတုံး ... ကောင်မလေးရဲ့"

"လက်နဲ့ နှိုက်မှာပေါ့တော်"

"ဟေ ... လက်နဲ့နှိုက်မယ်၊ ကြံကြီးစည်ရာ ... မိသေရယ်"

"တွင်းထဲဝင်သွားတဲ့ဖွတ်ကို လက်နဲ့နှိုက်ဆွဲထုတ်တာ ငါ မကြားဖူးဘူးဟ ... ကောင်မလေးရ ... သွား ... သွား ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မိသေဆိုသူ မိန်းမပျိုလေးက ခေါင်းပေါ်က ထင်းစည်းကြီးကို ပစ်ချလိုက်ပြီး တွင်းဝမှာထိုင်လို့ အနှံခံသလို လုပ်နေပါရောတဲ့ဟေ။

"တော်တော်ကြီးတယ်တော့ ... အနည်းဆုံး သုံးပိဿာပဲ"

တယ်ဟုတ်ပါလားဟေ့ ...

သုံးပိဿာလောက် ရှိမယ်တဲ့။ ဖွတ်ကိုမမြင်ဘဲနဲ့ တွက်ဆပြီးပြော လိုက်တာ နီးစပ်နေလို့ပဲတဲ့။ ငတေ အံ့ဩသွားတယ်။ ငတေလိုက်တဲ့ဖွတ် က သုံးပိဿာနီးပါးခန့် ရှိနေတာကိုး။

သို့သော် ...

ငတေ ဖွတ်ဝင်သွားတဲ့တွင်းထဲကို ပါလာတဲ့ ဝါးတုတ်နဲ့ ထိုးမွှေ ကြည့်ပြီးပြီ။ တစ်ရပ်ကျော်ဝါးတုတ်သာ ဆုံးသွားတယ် ဖွတ်ကိုမစမ်းမိဘူး။ တွင်းကြောရှည်တယ်။

ဒါကို သင်းကလေးက လက်နဲ့ နှိုက်မယ်ဆိုတော့ ...

သင်းလက်တစ်ဆုံးမှ ရှိလှ နှစ်တောင်သာသာဥစ္စာ။

ဒီကောင်မလေး လှစိမ်းဆိုပြီး နောက်ပြောင်နေတာနဲ့ တူရဲ့ဟေ့။ ဒီမှာ သင်းက မြေပြင်မှာမှောက်ပြီး တွင်းထဲကို သူ့ရဲ့ညာလက်ဆန့်ပြီး ထည့် လိုက်တာတဲ့။

အလိုလေးလေး ...

"တွင်းက ရှည်တယ်တော့"

" ...... "

"နှစ်ဖာလုံ အနည်းဆုံးရှိမှာပဲ"

"ဟင် ... နင် မိလို့လား"

"ဒီလောက် တွင်းကြောများတော် စာဖွဲ့လို့။ ရေတွင်းထဲ ရေပုံး ပြုတ်ကျသွားရင်တောင် ကျုပ်က တွင်းဘောင်ကနေ ငုံ့ပြီး ကျုပ်လက်ကိုဆန့် ပြီး ရအောင်ဆယ်တယ်"

"ဘုရားရေ ..."

လက်ကို ဆန့်လို့ရသတဲ့။

---

စိတ်ကူးသစ်စာပေ



ငတေ လန့်ပြီး ပေါက်တူးနဲ့လှံကိုကောက်ယူပြီး ပြေးဖို့ အသင့် ပြင်လိုက်တယ်။ သူမက တွင်းထဲလက်ထည့်ရင်း ငတေ့ကို ပြုံးပြတယ်တဲ့။

"ရပြီတော့ ... တစ်ကောင်တည်းမဟုတ်ဘူး၊ အများကြီးပဲ"

ဒီမှာ မိသေဆိုသူ ကလေးမက တွင်းထဲကနေ လက်ကိုဆွဲထုတ် ပြီး ပြလိုက်တာ ...

"ဟင် ... မြွေ ... မြွေ ... တွေ ..."

ကြည့်စမ်းပါ ... စာရေးဆရာရယ် ... မိသေဆိုသူရဲ့ လက်ထဲ မှာ ငတေ့လက်ဖျံလုံးလောက်ကြီးပြီး တစ်လံကျော်ရှည်တဲ့ မြွေဟောက်ကြီး နှစ်ကောင်။

လှူးလွန့် ပါးပျဉ်းထောင်ပြီး တဖူးဖူးမှုတ်လို့ တွန့်လိမ်နေတာ မြင် လိုက်ရရော ငတေ လန့်ပြီး ကြက်သေ သေသလို ဖြစ်နေချိန်မှာပဲ ...

မိသေဆိုသူကောင်မလေးရဲ့ လည်ပင်းကို မြွေ (အဖို+အမ) နှစ် ကောင်က တစ်ရစ်ချင်းပတ်ပြီး ခေါင်းပေါ်မှာ ပါးပျဉ်းယှဉ်မိုးလို့ ဘယ်ညာ ယိမ်းထိုးနေတာ မြင်လိုက်ရရော ...

"ဟာ ... ဖွ ဖွ ဖွ ..."

"ဟား ဟား ဟား ဟား ... မောင်ကြီး ... လာယူလေ ... လာပါ ... ဟား ဟား ဟား ဟား ..."

ငတေ နောက်ကို အမြန်ဆုတ်လိုက်တယ်။

"ရှူး ..."

"ဖူး ... ဖူး ..."

"ဟား ဟား ဟား ဟား ... ခစ် ခစ် ခစ် ... ရော့ ... ယူလေ"

သူမဦးခေါင်းပေါ်က မြွေဆိုးကြီးနှစ်ကောင်က နှာမှုတ်လိုက်၊ ယိမ်း လိုက်နဲ့ ခေါသတွေ ထွက်နေတာ။

မြွေတော်ရှင်မိန်းမက တရွေ့ရွေ့ ရွေ့တိုးလာရော ငတေ အသံ တုန်အော်ပြီး ပြေးလိုက်တာရယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲရောက်တော့ ကိုယ်တုံးလုံးကြီး။

ပါးစပ်ကလည်း ပေါက်ကရ အော်ဟစ်ဆဲရေးရင်း ရှူးသွားပါရော ဟော့။ အဲဒါ ပယောဂဆရာကြီး ဖိုးခမောက်ကို ပင့်ခေါ်ကုတာ သုံးရက်ကြာမှ ပျောက်တယ်။ အဲဒါ ကျတ်ပဲ။ ကျတ်က လူတွေကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ နောက်ပြောင်ခြောက်လှန့်တယ် ... စာရေးဆရာ။

ဒီလို နာနာဘာဝ ကျတ်တစ္ဆေအကြောင်း ကိုယ်တွေ့အဖြစ်အပျက်တွေ ပြောပြနေတဲ့ အဘကျောက်ကို ကျွန်တော် အလွန်သိချင်တဲ့အချက် မေးရတော့တယ်ဗျ။

"အဘကျောက် ..."

"ပြောပါ ... စာရေးဆရာ"

"ကျတ်တစ္ဆေတွေက ရွာထဲ အိမ်ထဲရော ဝင်လာလေ့ရှိလားဟင် အဘ"

"ရှိတာပေါ့ ... ရွာပျက်နေရင်၊ အိမ်ပျက်နေရင် ဝင်လာကြတာပဲ။ အချို့ ရွာတွေနံဘေးကနေ အစုအဝေးနဲ့ အော်ဟစ်ပြီး သွားတာတောင် ရှိတယ်"

"အဘကို ကျွန်တော် မေးချင်တယ်အဘ"

"မေး ... မေး ..."

"အဘကျောက် ... ဒေါ်ကြူတိုင်းဆိုတဲ့အမေကြီးနဲ့ ဒေါ်ကြူတိုင်းရဲ့မြေး မမွှေးထုံတို့ကို သိလားဟင်"

ဒီလိုမေးလိုက်ရော အဘကျောက်တို့ ဖနီးမောင်နှံနဲ့ မောင်ပေပင်တို့ ဘကျောက်ရဲ့သမီးတို့ဟာ ကျွန်တော့်ကို စူးစူးစိုက်စိုက် ဝိုင်းကြည့်ရော ကြလေရဲ့ခင်ဗျာ။

"အဘ ... သူတို့ကို သိလား"

"သိပါတယ် ... စာရေးဆရာ ... ဘာဖြစ်လို့တုံး"

"သူတို့မြေးအဘွားနဲ့ ကျွန်တော် ဆုံခဲ့လို့ပါခင်ဗျာ"

"ဟေ ..."

---

စိတ်ကူးသစ်စာပေ



"ဗျာ ..."

"အလိုလေးတော် ..."

"ဘုရား ... ဘုရား ..."

ကျွန်တော့်စကားအဆုံးမှာ ဒေါ်မီးခြစ်တို့ပါ ပါးစပ်က အာမေဋိတ်သံတွေ ထွက်လာပြီး မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်ကုန်ကြရောဗျာ။

"စာရေးဆရာ ..."

"ဟုတ်ကဲ့ ... အဘ"

"ငါ့လူစာရေးဆရာ သူတို့မြေးအဘွားနဲ့ ဘယ်လိုတွေ့ဆုံခဲ့ရတာလဲ ... ပြောပါဦးကွယ်"

ဒီမှာ ကျွန်တော်က မြို့သူကြီးရဲ့အိမ်ကြီးကို စရောက်ပြီး သုံးရက်မြောက်ည ကျွန်တော်တစ်ဦးတည်း ညဘက် စာရေးစာဖတ်နေချိန် ဒေါ်ကြူတိုင်း ကြက်သားဟင်းတစ်ခွက်နဲ့ ရောက်လာပုံမှစ၍ ...

နောက်ဆုံး ရုပ်သေးပွဲသွားကြည့်ရင်း ကြုံခဲ့ရသည့်အဖြစ် ...

ပြီး ... ရဟန်းငယ်တစ်ပါးနှင့် ...

ဒေါ်ကြူတိုင်းတို့ အိမ်အိုအိမ်ပျက်ကြီးမှာ မြင်ခဲ့ရတဲ့ လူအရိုးစုနစ်ခုအကြောင်းကို အသေးစိတ် ပြောပြလိုက်ရော ...

ဒေါ်မီးခြစ်နဲ့ သူ့သမီး ...

မောင်ပေပင်တို့အားလုံး ကြက်သီးဖြန်းဖြန်းထပြီး ကြောက်လန့်တုန်လှုပ်သွားတော့တယ်ဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၆ ]

❑

သေသေချာချာ နားထောင်ပါ . . . စာရေးဆရာ။ မောင်ရင်ရဲ့ မကြောက်မရွံ့ ငယ်ရွယ်သူ စိတ်ဓာတ်နှင့် သတ္တိ၊ ဖွဲ့လုံ့လ၊ ဝီရိယကို အဘ ချီးကျူးပါတယ် . . . စာရေးဆရာ။

ဒေါ်ကြူတိုင်းတို့ မြေးအဘွားကြောင်းကိုပြောရရင် ဒေါ်နန်းကထော် ဆိုတဲ့ မိန်းမကြီးအကြောင်းလည်း ပါမှ ပြည့်စုံမယ်ကွယ့်။

အလျှင် တို့များနေခဲ့တဲ့ . . .

တိုက်ပွဲကုန်းရွာနဲ့ ပလုတ်တုတ်ကုန်းရွာ နှစ်ရွာကြားမှာ ဒေါ်နန်းကထော်နဲ့ ဒေါ်ကြူတိုင်းတို့ ညီအစ်မမိသားစုဟာ ရေနံချေးဝနေတဲ့ နှစ်ထပ် သစ်သားအိမ်ကြီးမှာ နေကြတယ်။

သူတို့ မူလဇာတိ ကျူပ်တို့ မသိဘူး။

ပြောသံကြားတာက ပဲခူးဘုရားကြီး ဘုရားလေးကလို့ သဲ့သဲ့ကြားတယ်။ မြို့သူကြီးအိမ်ဝန်းကျင်တော့ ဘယ်သူမှ မသွားကြဘူး။ ရှောင်ကြကြဉ်ကြတယ်။





ဒေါ်နန်းကထော်တို့ ညီအစ်မနဲ့ မြေးမ မမွေးထုံတို့ ဂျပန်ခေတ် စစ်ပြေးကြရင်းက ဒီနေရာ ဒီအိမ်ကြီးကို ရောက်လာတာပဲ။

သူတို့ ဈေးချောင်ချောင်နဲ့ ရလိုက်တဲ့အိမ်က လူသေဖူးတဲ့ အင်္ဂလိပ်ခေတ်က အိမ်အိုကြီးကွ။ အိမ်ရှင်လင်မယား မိုးကြိုးပစ်ခံရပြီး ဒီအိမ်မှာ သေလို့ လူမနေကြဘူး။

ဒေါ်နန်းကထော်တို့က ဈေးအပေါ်ဆုံးနဲ့ ဝယ်ပြီး နေတာပေါ့။ ဒေါ်နန်းကထော်က အသားမည်းမည်း၊ ခါးကုန်းကုန်းကြီး။ ဆံပင်ကတော့ ဒေါင်းမှကောင်းပဲ။

တောင်ဝှေးတစ်ချောင်းနဲ့ သွားသွားလာလာရှိတယ်။

ထူးဆန်းတာက ဒေါ်နန်းကထော်ဆိုတဲ့ အဘွားကြီးက လူတိုင်းကြောက်တဲ့ မြို့သူကြီးဟောင်းတိုက်ရှိရာ ခြံထဲကို ဝင်ရဲတယ်။

ဝင်လေ့လာတယ်။

ပြီး . . . အဘွားကြီးက မြို့သူကြီးသချိုင်းခေါ် တိုက်ပွဲကုန်းသချိုင်းထဲ လျှောက်သွား၊ မြေပုံတွေပေါ်ထိုင်၊ လူခေါင်းခွံတွေကောက်ပြီး သချိုင်းမှာ အရူးမကြီးလိုပဲ လူခေါင်းခွံတွေနဲ့ စကားပြောပြောနေတာကို ရွာကလူတွေ မြင်ပြီး စုန်းမကြီး၊ ကဝေမကြီးလို့ သမုတ်ကြတယ်။

ဒေါ်နန်းကထော်က ဘယ်သူ့ကိုမှလည်း စိတ်မဆိုးတတ်ပါဘူးကွာ။ စောင်းပြောပြော ရွဲ့ပြောပြော ပြုံးပြုံးပြုံးပြုံးနဲ့။

သူ့ညီမ ဒေါ်ကြူတိုင်းကတော့ ဇာတ်၊ ရုပ်သေးထဲမှာ လိုက်ဖူးလား မသိဘူး . . .

ရုပ်သေးသီချင်း၊ ဇာတ်သီချင်းတွေ တယ်ဆိုပဲဟေ့။

သူတို့မြေး မမွေးထုံဆိုတာ အတော်ချောပဲ။

အသားဖြူဖြူ၊ တုတ်တုတ်ခဲခဲ၊ ဝင်းဝင်းမှည့်မှည့်ကြီးကွ။

"ကိုကျော်ကြောက် . . . ရှင်နော် . . ."

"မင်းကလည်းကွာ . . . လုပ်ပုံကို ပြောတာပါ။ ကာလသားတွေ အကြိုက်ပေါ့ကွာ။ အိမ်ရှေ့ကနေ ကာလသားတွေ လူလုံးပြလိုက်၊ ငွေကြူလိုက်၊ သီချင်းဟစ်လိုက်နဲ့ ဂေါ်ရေးပြတာပေါ့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် …

မမွေးထုံကို ပိုးပန်းနှစ်သက်ပေမင့် မယူရဲကြဘူး။

ဒေါ်နန်းကထော်နဲ့ ဒေါ်ကြုံတိုင်းကို ကြောက်လို့တဲ့။

ဟုတ်လည်း ဟုတ်တာပဲကွ။

သူတို့ညီအစ်မနှစ်ဦးက လပြည့်နေ့ညမျိုးရောက်ရင် သချိုင်းကုန်းထဲ မကြောက်မရွံ့ ရောက်နေကြတာပဲ။

မိုးပေါ်ကလကို မော့ကြည့်ပြီး ဘာတွေရွတ်နေကြမှန်း မသိဘူး။ ပြီးရင် ဂူပေါ်မှာထိုင်ပြီး ငုက်ပျောရွက်ခင်း ထမင်းစားကြတယ်။

ရွာကလူကြီးတွေ ကြောက်လို့ မမေးရဲဘူး။

တစ်ခါ မေးဖူးတယ်။

"ဒေါ်ထော် … ခင်ဗျားတို့ လပြည့်ညရောက်ရင် သချိုင်းကုန်းထဲ ဘာသွားလုပ်ကြတာတုံး"

"သိချင် လိုက်ကြည့်ပါလားတော်"

"မေးတာ ဖြေပါဗျာ"

"ဒီမှာ … သူကြီးရဲ့ ကျွန်မတို့ ရွာကပစ္စည်း ခိုးသလား"

"မခိုးပါဘူး"

"ရွာကလူတွေနဲ့ ရန်ဖြစ်သလား"

"မဖြစ်ပါဘူး"

"ဒါဆို ကျွန်မတို့ ရွာပျက်အောင် ဘာလုပ်လို့တုံး"

"ကျုပ် ရွာသူကြီးမို့ မေးတာပါဗျ"

"သိချင်ရင် လိုက်သာကြည့်"

"ကျုပ်ကို အချို့ လာပြောကြလို့။ ခင်ဗျားတို့ညီအစ်မ သချိုင်းထဲမှာ ဘာတွေလုပ်နေလဲ မသိဘူးတဲ့"

"ပြောလိုက် … ကျုပ်တို့ ဘယ်သူ့ကိုမှ အကျိုးယုတ်အောင် မလုပ်ဘူး။ သိချင် လပြည့်ည အတူလိုက်ခဲ့။ ဒါပဲ"





"ကောင်းကောင်းတော့နေပေါ့ … ဒေါ်ထော်"

"ဒီမှာ … သူကြီး။ ကျုပ်က ဖြူကားထိုင်နေလို့လား"

"စောင့်ကြည့်နေမယ် … သိလား"

"ကြည့်ကြပေါ့တော် … ကြည့်ပေါ့ … မျက်လုံး ဒေါက်ထောက်ကြည့် … ဟင်း … ဟင်း … ဟင်း … ဟင်း …"

ဖြစ်ချင်တော့ သူကြီးဦးစာကလေး ဒေါ်နန်းကထော်နဲ့ အခြေအတင်ဖြစ်ပြီးအပြန် ဖုန်တူလမ်းမှာ မြွေဆိုးကိုက်ပြီး သေပါရောဗျာ။

ရွာထဲ သတင်းကြီးသွားပါရောဟေ့။

သူကြီးဦးစာကလေးကို ဒေါ်နန်းကထော် မြွေဆိုးနဲ့တိုက်သတ်လို့ သေသတဲ့ပေါ့လို့။

ရက်လည်ပြီးနောက်နေ့မှာ …

သူကြီးတော့ သားတွေက သူတို့ဦးကြီး ဘကြီးအတွက် ကလဲ့စားချေကြတယ်။ ညဥ့်သန်းခေါင် အိပ်မောကျချိန်မှာ ဒေါ်နန်းကထော်အိမ်ကြီးပေါ် မီးကွင်းပစ်ပါရောဗျာ။

မီးကွင်းတွေ ဒေါ်ထော်တို့ အိမ်မိုးသစ်သားတွေပေါ်မှာ လင်းထိန်နေပါတယ်။

ကျုပ်တို့အရပ်မှာ တောင်ထန်းတို့၊ ဝါးကပ်တို့ကို အမိုးလုပ်ကြတယ်ကွယ်။ ပိုက်ဆံရှိသူတွေကတော့ သွပ်မိုးတယ်၊ အချို့က သစ်သားပျဉ်တွေကို ရေဆင်းကောင်းအောင် တပ်ပြီး စီပြီး မိုးကြတယ်ကိုး။

သို့သော် …

အမိုးလည်း မီးမလောင်ဘူး။

အကာလည်း မီးမလောင်ဘူး။

အဲဒါ အံ့ဩစရာပဲ။ ခေါင်မိုးပေါ်မှာ မီးစာကုန်တော့ မီးငြိမ်းသွားတယ်ကွယ့်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာ အဲဒီမီးကွင်းပစ်တဲ့ လူငယ်သူကြီးတွေတွေ အော့အန် ဝမ်းသွား ဖြစ်ကြတာရယ်။ ဆရာကြီးဦးခမောက်ကုတာတောင် ဆေးမတိုးဘူး။

ဆရာကြီးက ဒီလိုဖြစ်ရတဲ့ အကြောင်းအရင်းသိတော့ ...

"သွားကြ ... ကန်တော့ပွဲပြင်ပြီး ဒေါ်ထော်ကို သွားကန်တော့ တောင်းပန်ကြ"

"ကြောက်တယ် ... မသွား ... ရဲ ... ဘူး ... ဆရာကြီး"

ဒါနဲ့ သူတို့မိဘများနဲ့ ဆရာကြီးဦးခမောက်တို့ ကန်တော့ပွဲနဲ့ ဒေါ်နန်းကထော်တို့ညီအစ်မကို သွားတောင်းပန်ကြတယ်။

"အမိုက်မဲတွေမို့ ခွင့်လွှတ်ပါ ... ဒေါ်ထော်နဲ့၊ ဒေါ်ကြို"

"ဟဲ့ ... ငါက ဘာလုပ်လို့တုံး"

"ကလေးတွေ သနားပါတယ်။ သူတို့ကိုယ်စား ကျွန်တော်တို့ လူကြီး အုပ်ထိန်းသူတို့က တောင်းပန်ပါတယ် ... ဒေါ်ထော်"

"ငါဘာမှ မလုပ်ဘူးဟဲ့"

"တောင်းပန်ပါတယ် ... ဒေါ်ထော် ... ခွင့်လွှတ်ပါ"

"တော်တော်ခွကျတဲ့ ကောင်တွေပဲ။ ငါလည်း ဘာမှမလုပ်ရဘဲနဲ့ သက်သက်အထင်လွဲနေကြပါတော်"

"တောင်းပန်ပါတယ် ... ခွင့်လွှတ်ပါ ... ဆေးဝါးများလည်း ချို မြှင့်ပါ ... ဒေါ်ထော်"

"ဟဲ့ ... ခမောက် ..."

"ဟုတ်ကဲ့ ..."

"နင် ဆေးဆရာ၊ ပယောဂကုဆရာ မဟုတ်ဘူးလား"

"ဒေါ်ထော်ကို ဆရာတင်ပါတယ် ... ဒေါ်ထော်"

"နေပါဦး ... ခု သူတို့က ဘာဖြစ်လို့တုံး"

"ဒီလိုပါ ........





အဲဒါကြောင့် ကန်တော့ပွဲနဲ့လာတောင်းပန်ပြီး ဆေးဝါးများ မေတ္တာ ရပ်ခံတာပါ ... ဒေါ်ထော်"

"တကယ့် အကုသိုလ်ကောင်တွေပဲ။ ငါ့ကို ကြိမ်းဝါးပြီး အမြန်မှာ မြွေကိုက်လို့သေတာလည်း ငါလုပ်လို့တဲ့။ ခုလည်း ငါ့အိမ်ကို မီးလောင် တိုက်သွင်းကြပြီး ကိုယ့်အပြစ်နဲ့ကိုယ် အကုသိုလ်ဝင်တာကို ငါပြုစားတယ် လို့ ထင်တာပေါ့"

"ထင်တာမဟုတ်ပါဘူးဗျာ ... ကလေးတွေအထင်မှားပြီး မဟုတ် တာလုပ်မိကြလို့ပါ။ ဆေးဝါးများချိုမြှင့်ပါ ... ဒေါ်ထော်နဲ့ ဒေါ်ကြို"

"နင့်တို့ကွာ ... နင်တို့တော့လား ... ငါ့အလုပ် ငါမလုပ်ရဘူး ဟင်း ဟင်း ... ဟဲ့ ... မိမွေးထုံ ..."

"ရှင် ... ဘွားဘွားကြီး"

"မီးဖိုထဲက ထင်းမီးသွေးပြာတစ်ဆုပ် ယူခဲ့စမ်း"

"ဟုတ် ... ရှင့်"

မိမွေးထုံဆိုတဲ့ မိန်းမချောလေးက ထင်းမီးပြာတစ်ဆုပ် စက္ကူနဲ့ ထုပ်ယူလာပေးတော့ ပြာထုပ်ကို လက်ဝါးထဲမှာ ဘယ်ညာပြောင်းလိုက် ပြီး ...

"ရော့ ... ယူသွား။ သင်းတို့ပါးစပ်ထဲ နည်းနည်းစီခွံ့ပေး"

"ဟုတ်ကဲ့ပါ ... ဒေါ်ထော် ... ကျေးဇူးပါဗျာ"

"ပြောလိုက်ကြဦးဟဲ့ ..."

"ဘာများပါလိမ့်ဗျာ ..."

"ငါတို့နေတဲ့အိမ်ကို ဓာတ်ဆီလောင်းပြီး မီးရှို့တောင် ပြာမကျဘူး လို့ ပြောလိုက်"

"ဟုတ် ... ဟုတ်ကဲ့ပါခင်ဗျ"

အဘွားကြီးပေးလိုက်တဲ့ပြာကို ဝမ်းလျှောနေတဲ့ကောင်တွေ၊ မူးအော့ အော့အန်နေတဲ့ကောင်တွေကို ဆန်စေ့ခန့်မျှ လျှာပေါ်တင်ပေးလိုက်ရော..



www.burmeseclassic.com

www.burmeseclassic.com



နဲ့သားတွေ ဝမ်း ချက်ချင်းရပ် . . .

အန်တာ ချက်ချင်းရပ်ပြီး နေကောင်းသွားပါရောဗျာ။ ထူးဆန်းပါဘိ . . . ငါ့လူရာ။

အဲဒီကစပြီး . . .

ဒေါ်နန်းကထော်တို့ အိမ်သား (၃) ယောက်ကို စုန်း၊ ကဝေမကြီးတွေ၊ လူကိုပြုစားတတ်တယ်လို့ မှတ်ယူပြီး သူတို့နဲ့ ခပ်ကင်းကင်းနေလိုက်ကြတယ်။ သူတို့မြေးမချောလေး မမွှေးထုံ စွဲမက်စရာကောင်းအောင် ချောမောလှပပေမင့် ဘယ်သူမှ ရည်းစားစကား မပြောခဲ့ကြဘူး။

အိမ်ရှေ့ကနေ လျှောက်ပြန်သံပေး မလုပ်ခဲ့ကြတော့ဘူး။

အရင်ကတော့ ပြန်ပြေးခွေးဟောင်၊ ခြေအေးဝမ်းရောင်တောင် ဖြစ်ခဲ့အောင် ပိုးကြပေါ့။

"ဒေါ်နန်းကထော်က စုန်းကဝေအစစ်ပဲလား အဘ"

"စစ်သမှ ရေတောင်မရောတဲ့ စုန်းကဝေမကြီးပဲ။ သူညီမဒေါ်ကြူတိုင်းလည်း ပညာသည်ပဲ။ သို့သော် သူတို့ ဘယ်သူ့ကိုမှ သူတို့ပညာနဲ့ မပြုစားဘူး။ မနှောင့်ယှက်ဘူး။ သူတို့ပညာကျင့်စဉ်နဲ့သူတို့ လပြည့်ညတိုင်းမှာ သချိုင်းကုန်းတွေသွား ပညာတောက်စားကြတာပဲရှိတယ်။

"အံ့ဩစရာပဲနော်"

"လူ့ဘဝက ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်ပဲ။ မမွှေးထုံတို့ကြိုက်နှစ်သက်တဲ့ ယောကျ်ားတစ်ယောက် ပေါ်လာတယ်။

နာမည်က မောင်ချစ်ဖေတဲ့။ အစိုးရအမှုထမ်းပါ။ မြို့ပိုင်နဲ့ ရွာတွေလှည့်စစ်ရင်း မမွှေးထုံကို မြင်မြင်ချင်း စွဲလမ်းသွားသတဲ့။ မကြာခဏ မမွှေးထုံတို့အိမ်ကို လာလာနေတယ်။

မမွှေးထုံက သူ့သဘောမဟုတ်ဘူး။ အဘွားတို့သဘောလို့ မောင်ချစ်ဖေကိုပြောတော့ လူကြီးတွေနဲ့ လာပြောပါ့မယ်တဲ့။





ကျုပ်တို့ရွာထဲက လူကြီးသူမတွေက မောင်ချစ်ဖေကို အမျိုးမျိုးနားချတယ်။ သူတို့မိသားစုက စုန်းမျိုးတွေ။ ယူရင် မင်း အသက်ဆုံးမှာပဲလို့။

မောင်ချစ်ဖေက စုန်းကဝေဆိုတာ မယုံဘူး။ လက်မခံဘူး။ ဖွတ်မှ ဖွတ်။

"ငါတို့ရွာသားတွေက ကိုယ်တွေ့ . . . မောင်ချစ်ဖေ"

"စုန်းချင်စုန်း၊ ဝေချင်ဝေ ကျွန်တော် မမွှေးထုံကို ချစ်မြတ်နိုးတယ်။ ရအောင်ယူမယ်"

တားမရလည်း ယူပေါ့။

ဘာတတ်နိုင်မှာလဲ။

ဒီအချိန်မှာပဲ ရွာတွေမှာ ကပ်ဆိုးရောဂါဖြစ်တဲ့ ပုလိပ်ရောဂါနဲ့ ကာလဝမ်းရောဂါကြီး ကျပါရောဟေ့။

တစ်နေ့ကို သုံးလောင်းလေးလောင်း သေတာ။

ကြေးစည်သံလည်း မစဲဘူး။ မြေမြှုပ်လို့လည်း မနိုင်ဘူး။ အချို့ရွာလုံးကျွတ် သေကုန်တယ်။ မမြှုပ်နိုင်လို့ အိမ်ထဲမှာ အလောင်းကို ဒီအတိုင်းထားပြီး ပြေးကြ။

တိုတိုပြောရရင် ငါတို့လည်း ရွာကိုစွန့်ပြီး ပြေးကြ၊ ရွာသစ်တွေတည်ကြ၊ လူစိမ်း အဝင်မခံကြေး။ ရွာတံခါးပိတ်ထားကြ။

ပလုတ်တုတ်ကုန်းရွာမှာ ဒေါ်ကြူတိုင်းနဲ့ မမွှေးထုံတို့မိသားစု တစ်အိမ်တည်း ကျန်တော့တယ်။

ရွာမှာ ကပ်ကြီးကျတော့ ဒေါ်နန်းကထော် မရှိဘူး။ ဟိုး ရပ်ဝေးခရီး သွားနေသတဲ့။ ဒီလိုနဲ့ ရွာလုံးကျွတ် ပုလိပ်ရောဂါနဲ့သေပြီး ရွာပျက်ကြီးတွေ ဖြစ်သွားတဲ့အချိန်မှာ ဒေါ်နန်းကထော် ခရီးသွားရာက ပြန်ရောက်လာပြီး ရွာထဲဝင်တော့ ရွာထဲမှာ လူမရှိ၊ ကျွဲ၊ နွား၊ ကြက်၊ ဝက် ဘာမှမရှိ။

အိမ်တွေပျက်၊ ပုပ်စော်နံဟောင်၊ ခွေးတစီစီ၊ ငှက်ဆိုးသံကြည်း။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲလည်း လှမ်းဝင်လိုက်ရော ပုပ်စော်အနံ့ရတယ်။ ညီမနဲ့ တူမ အမည်ခေါ်တယ်။ ပြန်မထူးကြဘူး။

တံခါးကို ဆောင့်တွန်းပြီးဝင်လိုက်တော့ အောက်ထပ်ခုတင်ပေါ်မှာ သူ့ညီမကြီးတိုင်းရဲ့ မှောက်ပွနေတဲ့ အလောင်းကို မြင်လိုက်ရတယ်။

လောက်တိုးပြီး ရုပ်ပျက်နေပြီ။

တူမလေးကို စိုးရိမ်သွားတယ်၊ ဒါနဲ့ တူမရဲ့အခန်းတံခါးကို တွန်းဖွင့်ပြီး ကြည့်လိုက်ရော ...

အတွင်းခန်းခုတင်ပေါ်မှာ သူ့တူမ မမွှေးထုံ တစောင်းလှဲပြီး သေနေပြီ။

ဖောင်းကားစပြုပြီး အပုပ်နံ့ ထွက်နေပြီ။ ကြည့်ရတာ ညီမနဲ့တူမ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားပုံပဲ။ သည့်နောက် ဒေါ်နန်းကထော်လည်း အိမ်နဲ့အလောင်းနှစ်လောင်းကိုပစ်ပြီး အိမ်ကထွက်သွားခဲ့တယ် စာရေးဆရာ။

"ဗျာ ... ဒါဆို ... ကျွန်တော်နဲ့ ကြုံခဲ့ရတဲ့ အမေဒေါ်ကြူတိုင်းနဲ့ မမွှေးထုံတို့ လူအစစ်မဟုတ်ဘူးပေါ့ ဟင် .."

"သေချာတာပေါ့ ... စာရေးဆရာ။ အဲဒါ တစ္ဆေ၊ ကျတ်တွေပဲ"

"အံ့သြစရာကောင်းလိုက်တာ ... အဘကျောက်ရယ်။ ဒါကြောင့် ကျွန်တော် သူတို့နဲ့ ပွဲအတူကြည့်ပြီးနောက်ပိုင်း အိပ်ပျော်သွားတော့ မရှိကြတော့ဘူး။ ရုပ်သေးပွဲကလည်း ခြေစလက်န ဘာမှမရှိဘူး။ သူတို့မြေအဘွား သည်း မရှိဘူး။ ရဟန်းတစ်ပါးကြောင့် ကျွန်တော် သချိုင်းကုန်းထဲက ပြန်ထွက်နိုင်ခဲ့တာ"

"မသေကောင်း မပျောက်ကောင်း ... စာရေးဆရာရယ်"

"ဒါနဲ့ မကျေနပ်လွန်းလို့ ဒေါ်ကြူတိုင်းအိမ် ဝင်ကြည့်တော့ အခု ဘကျောက် ပြောသလိုပါပဲဗျာ။ အိမ်ထဲက ခုတင်ပေါ်မှာ အရိုးစုအလောင်း





နှစ်လောင်း တွေ့ခဲ့ရတယ်။ ဒီအတိုင်းသာဆို ကျွန်တော် ကျတ်၊ တစ္ဆေတွေနဲ့ ကြုံခဲ့ရတာ သေချာပြီပေါ့ဗျာ"

"ယုံရော ယုံရဲ့လား ... စာရေးဆရာ"

"အံ့သြစရာကောင်းတယ် ... အဘရယ်။ မယုံရခက်၊ ယုံရခက်ပဲဗျာ"

"စာရေးဆရာ ... အခုနေတဲ့ မြို့သူကြီးအိမ်မှာရော ထူးဆန်းတာ တွေ့ရလား"

"ခု ... မသက်သာစရာတွေတော့ ရှိနေပါတယ် အဘ"

ကျွန်တော်ကြုံခဲ့ရတဲ့ မြို့သူကြီးတို့ တော်လှန်ရေးသမား တစ္ဆေတွေ အကြောင်းနဲ့ ထူးဆန်းတဲ့ ကြိုးတစ်ချောင်းအကြောင်းကိုတော့ ပြောမပြဘဲ ချန်ထားခဲ့လိုက်တယ်"

"စာရေးဆရာ ..."

"ဟုတ်ကဲ့ ... အဘ"

"အခုရော အဲဒီအိမ်မှာ နေရဲရဲ့လား။ မနေရဲရင် ပခုက္ကူ ရွှေမျက်မှန်ဆရာတော်ကျောင်းမှာ နေပါ။ ကျုပ်တို့ ပြောပေးရတယ်။ ပခုက္ကူဆရာတော်နဲ့တွေ့ရင် နောက်ဘဝအကြောင်းနဲ့ တစ္ဆေ၊ ကျတ်ဖြစ်ရတဲ့အကြောင်း ဆရာတော် ပြောပြရှင်းပြနိုင်မယ် စာရေးဆရာ ... ဘယ့်နှယ့်"

"အဘကျောက်တို့ စေတနာကို လေးစားပါတယ် ... အဘ။ ကျွန်တော် မကြောက်ပါဘူး။ ဆက်ပြီး လေ့လာပါဦးမယ်။ ထူးခြားတာကြုံရရင် အဘတို့ကို ပြောပြပါ့မယ်"

"စာရေးဆရာကို စိုးရိမ်လို့ ပြောတာပါ။ မကြောက်လို့ နေရဲရင် နေပါ။ အကြောင်းထူးရင် အားမနာနဲ့ ပြောပါ"

ကျွန်တော် ညနေစောင်းမှ နေထိုင်ရာ မြို့သူကြီးအိမ်ဟောင်းထဲကို ပြန်လာလိုက်တယ်။

စဉ်းစားကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေ မယုံတဲ့ကျွန်တော် တစ္ဆေလို့ အမည်တပ်ရမည့် ကွယ်လွန်ပြီးသူတို့နဲ့ တွေ့ရကြုံရ အံ့ညြချောက်ချားစရာတွေ ကြုံနေရတယ်။

ကျွန်တော် ကြုံရသမျှ၊ ကြားရသမျှကို နေ့စဉ်မှတ်တမ်းထဲမှာ စုံစုံစေ့စေ့ မှတ်တမ်းတင်ထားလိုက်တယ်။

အကယ်၍များ ကျွန်တော် ဒီ မြို့သူကြီးအိမ်မှာ အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားခဲ့လျှင် ...

နောက်လူတွေ ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ဆန်းကြယ်တွေအကြောင်း ဒီ နေ့စဉ်မှတ်တမ်းက သိရှိနားလည်စေချင်လို့ပါ။

ကျွန်တော် မသေခဲ့ရင်တော့ ဒီလျှို့ဝှက်ဖြစ်ရပ်ဆန်းခေါ်မလား၊ ကမ္ဘာ့ဖြစ်ရပ်ဆန်းကြယ် ကိုယ်တွေ့ဖြစ်ရပ်ဆန်းတွေကို ဝတ္ထုရေးချင်ရေးမှာပါ။ သို့သော် မြို့သူကြီး ဦးသောမတို့မိသားစု တစ္ဆေဘဝ ရောက်နေတာကို ကျွန်တော် ကိုယ်တွေ့အရ လက်ခံချင်သလိုလို ရှိချင်ပါသော်လည်း ...

အင်္ဂလိပ်စစ်သားတွေ ...

ဂျပန်စစ်သားတွေ နေလို့မရအောင် ကြောက်လန့်ချောက်ချားစရာ ဖြစ်ခဲ့တဲ့ အိမ်ကြီးမှာ ကျွန်တော် ဘာ့ကြောင့် နေလို့ရနေတာလဲ။

အဲတာ ကျွန်တော် သိချင်နေတယ်။

ဒါကြောင့် ကျွန်တော် လက်တွေ့စမ်းသပ်မှုတစ်ခုကို ပြုလုပ်ကြည့်လိုက်တယ်။ အပေါ်ထပ်ကိုတက်သွားပြီး ဟိုနေ့က သူတို့ အစည်းအဝေး လုပ်တဲ့ အခန်းတံခါးရှေ့ကနေ ရပ်လို့ တံခါးခေါက်လိုက်တယ်။

"ဒေါက် ... ဒေါက် ..."

"ဒေါက် ... ဒေါက် ..."

"ဒေါက် ... ဒေါက် ..."

"မြို့သူကြီးဦးသောမခင်ဗျား ... ကျွန်တော် မြို့သူကြီးရဲ့အိမ်ကြီးမှာ ခေတ္တတည်းခိုနေပါတယ်၊ မြို့သူကြီး အမှန်တကယ် ဘဝသစ်မှာ





ပရလောကသားအဖြစ် ရောက်ရှိနေတာ ဟုတ်မှန်ခဲ့ပါရင် ကျွန်တော် မြို့သူကြီးနဲ့ စကားပြောချင်ပါတယ်။ ကျွန်တော့်ကို တွေ့ခွင့်ပြုပါခင်ဗျာ"

ဘေးလူမြင်ရင် ကျွန်တော့်ကို ရူးနေတယ်လို့ ထင်ကြမှာပဲဗျ။

ကျွန်တော် အခန်းတံခါးရှေ့မှာ ရပ်စောင့်နေလိုက်တယ်။

အထဲက လှုပ်ရှားသံ မကြားရဘူး။

ထပ်စောင့်တယ်။ တံခါး မဖွင့်ဘူး။ သော့က ခတ်ထားတာကိုး။

ဟိုနေ့က သူတို့ သော့ခတ်ထားတဲ့ တံခါးကနေပဲ ထူးဆန်းစွာ ထွက်သွားတယ်လေ။

အခု သူတို့ ဘာလို့ ထွက်မလာကြတာလဲ။

ကျွန်တော် မရူးပါဘူးဗျာ။ ကျွန်တော့်စိတ် ပုံမှန်ပါ။ ကျွန်တော် သိတာပေါ့။

ငါးမိနစ်၊ ဆယ်မိနစ်၊ မိနစ်နှစ်ဆယ်။

ဘယ်သူမှ ထွက်မလာကြဘူး။

ဟိုတုန်းက ကျည်ဆန်ဖောက်ဝင်သွားတဲ့ အပေါက်ကနေ ကျွန်တော် ချောင်းကြည့်လိုက်တယ်။ အထဲမှာ ဘယ်သူမှ မရှိကြဘူး။ ဒီလိုနဲ့ ကျွန်တော် အောက်ထပ်ကို ပြန်ဆင်းလာလိုက်တယ်ဗျာ။

ရွှေဝါ ... မင်းစိတ်က အမြင်မှောက်နေသလား။

အမြင်မမှောက်ပါဘူး။

ပက်လက်ကုလားထိုင်ပေါ် ပြန်ထိုင်ပြီး စီးကရက်တစ်လိပ် မီးညှိစွာ စဉ်းစားနေချိန် ခေါင်းထဲက ကျည်ခနဲဖြစ်သွားလို့ ကပျာကယာ လက်နဲ့ ဖိထားရတယ်ဗျာ။

တစ္ဆေတဲ့။ စက်ာပူနဲ့ မလေးရှားလိုနိုင်ငံမှာတောင် သချိုင်းဟောင်းတွေကိုရှင်းလင်းပြီး အဆောက်အဦ မဆောက်ရဲကြဘူး။ တစ္ဆေကြောက်လို့တဲ့ ဖတ်ဖူးတယ်။ မြန်မာတွေ သချိုင်းဟောင်းကို ဘာလို့ ဖယ်ရှားရဲတာလဲလို့မေးတော့ မြန်မာကဖြေတယ်။ မင်းမိန့်ပြန်ပြီး လုပ်တာပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟော . . . အိပ်ချင်လာတယ်။ မျက်စိ စင်းစင်းလာတယ်။ စီးကရက်ကို မီးငြိမ်းသတ်ပြီး ခေါင်းကို ဘယ်ညာယမ်းလိုက်ချိန် . . .

ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားစဉ်မှာပဲ . . .

လက်ရှိစိတ်နဲ့ ကျွန်တော် စက္ကန့်ပိုင်းမျှ ပြတ်တောင်းသွားချိန် . .

ခြေသံတွေ ကြားနေရပါလား။

ဟော . . . ခြေသံတွေ များများလာတယ်။

ဟော . . . တဖြည်းဖြည်း ငါ့အနားကို ရောက်လာနေကြပါလား။ ငါ ဘာလို့ မျက်စိဖွင့်မရ ရတာလဲ။ ဖွင့်ကြည့်တယ် မပွင့်ဘူး။

"ဟေ့ . . . မောင်ရင်"

"မောင်ရင် . . . . ထပါဦးကွယ့်"

ကျွန်တော့်ပခုံးကိုပုတ်ပြီး ပြောနေတာ။ ကျွန်တော် လန့်ပြီး မျက်လုံးကို ဖွင့်လိုက်ရော . . .

"ဟင် . . ."

"ဟား . . . ဟား . . . ဟား . . . လန့်သွားလို့လား"

"အလို . . ."

ကျွန်တော့်ပတ်ပတ်လည်မှာ ကျောပြောင်ကြီးတွေနဲ့ ဓားအိမ်သွင်းဓားတွေ လွယ်ထားတဲ့ လူ ဆယ့်သုံးယောက်။

ယောကျ်ားသားတွေ ကြားမှာ မိန်းမချောလေးတစ်ယောက်။

ယောကျ်ားကြီးတွေအားလုံး သျှောင်ထုံးတွေနဲ့။

အင်္ကျီမပါတဲ့ ရင်ဘတ်တွေပေါ်မှာ ဆေးနီဆေးနက်တွေနဲ့ ထိုးထားတဲ့ အင်းကွက်တွေက အပြည့်။

အချို့က ပုဆိုးခါးတောင်းကျိုက်တွေနဲ့ ခင်ဗျ။

ပေါင်အရင်းကနေ ဒူးအထိ အလွန်ဆန်းကြယ်လှပတဲ့ ထိုးကွင်းမင်ကြောင်တွေနဲ့။ အချို့ ပေါင်မှာ အိမ်မြှောင်ရုပ်တွေကို အတက်နဲ့အဆင်း





ထိုးထားတယ်။ အချို့လူတွေရဲ့ ကျောကုန်းပေါ်မှာ ဆေးမင်ကြောင် ဘီလူးရုပ်ကြီးတွေ ပါရဲ့ဗျ။

ကျွန်တော့်ရှေ့မှာ ရပ်နေတဲ့ လူကြီးက အရပ်မြောက်ပေနီးပါး မြင့်ပြီး ရင်ဘတ်ကြွက်သားတွေ မို့မောက်လို့ အင်းကွက်တွေက ချက်ကနေ လည်ပင်းတိုင်အောင် ထိုးထားလို့။ လက်ဖျံပေါ်မှာတော့ ဂါထာလိုလို စာတမ်းတွေလည်း ရေးထိုးထားတယ်။

နှုတ်ခမ်းမွေးကားကား။ ပါးရိုးကားကား၊ ထိမထင် လူစားမျိုး။

"မင်း . . . ငါ့ကိုသိလား"

"ခင်ဗျားတို့က ဘယ်သူတွေတုံးဗျာ။ အခု ဘာလာလုပ်ကြတာတုံးဟင်"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မင်းက လူငယ်လူရွယ်ဖြစ်ပြီး တယ်မေ့တတ်တာကိုး . . . မောင်ရင်ရဲ့။ မင်းပဲ စောစောတုန်းက ငါနဲ့ တွေ့ချင်တယ်လို့ ပြောတာလေ"

"ဗျာ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . ."

"အဟစ် . . . အဟစ် . . . ဟစ် . . . ဟစ် . . ."

"အဟတ် . . . အဟတ် . . . တကယ့်လူပဲဟေ့"

သူတို့က ကျွန်တော့်ကိုကြည့်ပြီး ရယ်ကြတယ်ဗျာ။ နေပါဦး . . . အဲ . . . အဲ . . . မှတ်မိပြီ။ မှတ်မိပြီ။

"ဒါ . . . ဒါဆို ဦးကြီးက ဟို . . . ဟို . . . မြို့ . . . သူကြီး . . . ဦး . . . သော . . . မ"

"အဲ့လိုမှပေါ့ . . . ဗျါလူရာ။ ကိုင်း . . . ပြော . . . မောင်ရင်က ဘာကိစ္စနဲ့ ကျုပ်နဲ့တွေ့ချင် ပြောချင်ရတာတုံး"

လက်စသတ်တော့ သီပေါမင်း ပါတော်မူပြီးစမှာ အင်္ဂလိပ်နယ်ချဲ့အစိုးရကို လက်နက်ကိုင်တော်လှန်ရင်း အင်္ဂလိပ်စစ်သားတွေ လက်ချက် နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးသွားတဲ့ မြို့သူကြီးဦးသောမနဲ့ တော်လှန်ရေး သွေးသောက်ရဲဘော်တွေ။

ဟုတ်တာပေါ့ဗျာ။

ဟိုတစ်နေ့ညတုန်းက အပေါ်ထပ်က အခန်းထဲမှာ အင်္ဂလိပ်တပ်ကိုတိုက်ဖို့ စည်းဝေးကြတာ ဒီလူကြီးတွေပဲလေ။ ကျွန်တော် မှတ်မိပြီဗျ။

ဟင် ... သူတို့သေဆုံးတာ ကြာပြီပဲလေ။

အို ... ဒါ ... ဒါ ... အဘဦးကျောက်ခဲပြောတဲ့ မြို့သူကြီးတစ္ဆေ။ တော်လှန်ရေးစိတ်နဲ့ မကျွတ်လွတ်ဘဝရောက်နေတဲ့ မျိုးချစ်တစ္ဆေ။

ငါ့ကို သူတို့ ဘာလို့ မခြောက်လှန့်ကြတာလဲ။

အိမ်ပေါ်က ကန့်ကျောက်မောင်းနှင် မချကြတာလဲ။

တစ္ဆေလို့သာ ပြောကြတယ်။ လူအစစ်အတိုင်းပါလား။

ဒီမှာပဲ မြို့သူကြီးက ...

"မောင်ရင် ... မောင်ရင့်ကို ကျုပ်တို့ဘာလို့ ကျုပ်အိမ်ပေါ်က နှင်မချသလဲဆိုတော့ မောင်ရင်ကလည်း ဝစ္စည်းမဲ့တော်လှန်ရေးသမားတစ်ဦးဖြစ်နေလို့ပဲကွ"

"ဗျာ ..."

အံ့ဩရပြန်ပါရောဗျာ။ ကျွန်တော့်စိတ်ထဲက တွေးနေတာကို သူတို့သိနေကြပါကလား။ ထူးဆန်းလှချေကလား။

ဪ ... ကျွန်တော့်အကြောင်းကို သူတို့ သိနေကြတယ်ဗျ။

"ခင် ... ခင်ဗျားတို့ ဘယ်လိုလုပ်သိလဲဟင်"

"ငါတို့ပြောရင် မောင်ရင် ယုံမှာလား"

"ဟုတ် ... ဟုတ် ... ကဲ့ ခင်ဗျ"

"ဟိုကောင်မလေးနာမည် ဘယ်သူလဲ"

"မိစေတနာပါ မြို့သူကြီး"





" ...... "

"အေး .. အေး ... မင်းချစ်သူ မိစေတနာဆိုတဲ့ကောင်မလေးက ငါ့ကိုလာပြောလို့ မင်းအကြောင်း သိနေတာပေါ့ကွ။ ဟား ... ဟား .. ဟား ... ဟား ... ဟား ..."

"မြို့သူကြီးခင်ဗျာ ..."

"အေး ... ဘာတုံး ..."

"ကျွန်တော့်ချစ်သူ မိစေတနာက တောထဲမှာ သေဆုံးသွားပြီဗျ။ မြို့သူကြီး ဘယ်လိုလုပ် သိတာတုံးဗျာ ..."

"အင်း ... အင်း ... ခုထိ မောင်ရင်က တုံးနေတုန်းပဲကိုး။ မင်းချစ်သူရဲ့ ရင်ဝမှာ ကျည်သင့်ထားတယ်"

"ဟင် ..."

"ဟုတ်ရဲ့လား ... မောင်ရင်"

"ဟုတ် ... ဟုတ်ပါတယ် ... မြို့သူကြီးခင်ဗျာ"

"ငါတို့လည်း စိတ်မကောင်းပါဘူး ... မောင်ရင်လေး"

"မြို့သူကြီးတို့ ... သူ့ ... သူ့ကို .. ဘယ်မှာတွေ့တာလဲဗျာ"

"မင်းချစ်သူ ငါတို့ထံ လာရောက်ပြောပြတာပဲ"

" ...... "

"မင်းကို စောင့်ရှောက်ပါတဲ့"

" ...... "

"သူ မင်းကို သတိရလို့ မင်းနောက်က တကောက်ကောက်လိုက်နေတာ မင်းက မသိဘူးလား"

"သူ ... သူ ... အခု ဘယ်မှာလဲ ... ဟင် ... ဟင် ..."

"နက်ဖြန်သူ ပြန်တော့မယ်။ သူ ငါတို့အိမ်မှာ နေခွင့်မရှိဘူး လေ။ မပြန်ခင် မင်းကို တွေ့သွားဦးမှာပါ ... တဲ့"

"အို ..."

ထူးဆန်းလှချေပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို . . . ဟိုရောက်စတုန်းက အိပ်မက်ပေးတာ မိစေတနာ ဒီကို ရောက်နေလို့ပေါ့။ အိုး . . . မဖြစ်နိုင်ပါဘူးဗျာ။

ကျွန်တော့်ရှေ့က လူတွေဟာ . . .

အဘကျော်ပြောသလို ဒီအိမ်ကြီးမှာ အစွဲကြီးကြီးနဲ့ မကျွတ် မလွတ်ဘဝရောက်နေတဲ့ တစ္ဆေတွေ။

သူတို့အာရုံထဲ ရင်ထဲမှာ အင်္ဂလိပ်ကို အချိန်ပြည့် တိုက်ခိုက်ဖို့ စွဲလမ်းနေတာ။ ကျွန်တော် တစ္ဆေ မကြောက်ဘူးဗျာ။

ကျွတ်တွေကို မကြောက်ဘူးဗျာ။

သူတို့ကို ကျွန်တော် ဂုဏ်ယူပြီး သနားလို့ပါ။

မြို့သူကြီးတို့ကို လွတ်လွတ်ကျွတ်ကျွတ် ပျော်ပျော်ရွှင်ရွှင် ဘဝခေါင်းခရီးသစ်ကို သွားစေချင်လို့ပါ။

“ဒီမှာ . . . မောင်ရင်၊ မောင်ရင်က ကျုပ်တို့အားလုံးကို ဘယ် အရပ်ဒေသ သွားစေချင်လို့တုံး။ တိုက်ပွဲ မပြီးသေးဘူးကွ”

အလို . . ကျွန်တော် တွေးတိုင်းကို မြို့သူကြီးကသိနေပါကလား။

သူတို့ တစ္ဆေဖြစ်နေရင်လည်း မကြောက်တော့ဘူး။

သူတို့ဟာ ကျွန်တော့်ရဲ့ရန်သူလည်း မဟုတ်ဘူး။

လေးစားလောက်တဲ့ မျိုးချစ်တော်လှန်ရေးသမားကြီးတွေ။

အင်္ဂလိပ်နယ်ချဲ့ကို အဦးအစ ရဲရဲတုံ့တုံ့ သေသေကျေကျေ တော်လှန်တိုက်ခိုက်ခဲ့တဲ့ သူရဲကောင်းတွေလေ။

“မြို့သူကြီးခင်ဗျ”

“ဘာတုံး . . . မောင်ရင် . . . ပြောလေ”

“အင်္ဂလိပ်နဲ့မြန်မာ စစ်ကြီး ပြီးသွားပြီ။ ကျွန်တော်တို့ လွတ်လပ် ရေးရနေတာ အနှစ် (၁၀၀)ကျော် ရှိသွားပါပြီ . . . မြို့သူကြီး”

“မပြီးသေးဘူး . . . လုံးဝ မပြီးသေးဘူး . . . ထို့”

“မြို့သူကြီး . . . လွတ်လပ်ရေးကို မြို့သူကြီးတို့ရော၊ ကျွန်တော်





တို့ အဖေ၊ အဘိုးတွေပါ ရယူတိုက်ခဲ့တာ။ အင်္ဂလိပ်လည်း ပြေးပြီ၊ ဂျပန်လည်း ပြေးပြီ၊ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့က လွတ်လပ်ရေး ကြိုးပမ်းမှုမှာ အသက်စွန့်ခဲ့ကြတဲ့ မျိုးချစ်တော်လှန်ရေး ရဲဘော်ရဲဘက်အားလုံးကို အမျှဝေခဲ့ပြီးပြီဗျ။ မြို့သူကြီးတို့ သာဓုမခေါ်ခဲ့ကြဘူး လားဟင်”

“အင်္ဂလိပ်ပြေးပြီ . . . ဟုတ်လား”

“ဟုတ်တယ်”

“လွတ်လပ်ရေးရပြီ . . . ဟုတ်ရဲ့လား . . . မောင်ရင်ရယ်”

“လွတ်လပ်ရေးရပြီး၊ ခေတ်ပြောင်းသွားပြီး ဟောဒါ နာရီလို့ခေါ် တယ်။ ဟောဒါ . . . ဖောင်တိန်လို့ ခေါ်တယ်။ ဟောဒါ လက်နှိပ်ဓာတ်မီး”

မြို့သူကြီး . . . ကျွန်တော်ထုတ်ခင်းပြတဲ့ ပစ္စည်းတွေကို ကြည့်ပြီး အံ့အားသင့်နေတယ်။ အံ့သြနေတယ်။

“လွတ်လပ်ရေးရမှ အမျှဝေပါလို့ ငါတို့ ပြောခဲ့တယ်”

“လွတ်လပ်ရေး အမှန်တကယ်ရခဲ့လို့ အမျှဝေပါတယ် . . . မြို့သူကြီး။ မြန်မာနိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်ကိုယ်တိုင် အမျှဝေခဲ့တာ။ ခင်ဗျားတို့လို မျိုးချစ်သူရဲကောင်းတွေအတွက် သီးသီးသန့်သန့် ရဟန်း သံဃာများကို ပင့်ဖိတ်လှူဒါန်း ရည်စူးပြီး အမျှအထူးဝေခဲ့တာ။ မြို့သူကြီး တို့ ဘာလို့ သာဓုမခေါ်ကြတာတုံးဗျာ . . . ဟင်။

ကျွန်တော် မိမိရဲ့မိဘများ၊ ဆွေမျိုးများသဖွယ် မှတ်ယူခံစားပြီး ဝမ်းနည်းလှိုက်လှဲသံနဲ့ မေးလိုက်တယ်ဗျာ။

“ငါ . . . တို့ . . . ခရီးလွန်နေလို့ . . . မကြားခဲ့ဘူး . . . မောင်ရင် ရယ်”

“ဒါဆို မြို့သူကြီးတို့ သာဓုခေါ်ချင်လားဟင်”

“ခေါ်ချင်တာပေါ့ . . . တို့နိုင်ငံ လွတ်လပ်ရေးတကယ်ရရင် ငါ တို့ သာဓုခေါ်ချင်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကူညီပါမယ် ... မြို့သူကြီးရယ်။ မြို့သူကြီးတို့ သာခု ခေါ်လို့ရအောင် ကျွန်တော် ဘာလုပ်ပေးရမလဲ ... ပြော ... ပြောပါ ... ကျွန်တော် လွတ်လပ်ရေးရပြီဆိုတဲ့အကြောင်း ပြောပြချင်လို့ တွေ့ချင်နေတာပါ"

ဒီမှာ မြို့သူကြီးက ဝမ်းနည်းဟန်နဲ့ သူ့လူတွေဘက်ကို လှည့်ပြီး ပြောလိုက်တယ်။

"သွေးသောက်တို့ ... လွတ်လပ်ရေးရပြီတဲ့"

"ငါတို့ တိုက်ပွဲပြီးသွားပြီ"

"ငါတို့ အလုပ်ပြီးသွားပြီ"

"ငါတို့နိုင်ငံကို မြန်မာမင်း အုပ်ချုပ်နေပြီ"

"ငါတို့ သာခုခေါ်ရမယ်။ ငါတို့ ဘဝအသစ်ကို ပြန်ရယူရမယ်နားလည်ကြရဲ့လား"

"ဟုတ် ..."

အားလုံးက အောင်မြင်တဲ့အသံကြီးတွေနဲ့ ပြောကြတယ်ဗျာ။

ကျွန်တော် ဝမ်းသာလိုက်တာ။

"မောင်ရင် ..."

"မြို့သူကြီး ... အမိန့်ရှိပါ ခင်ဗျား"

"မင်း ငါတို့အိမ်ကို ရောက်လာခဲ့တာ။ ငါတို့ဘဝကောင်း ဖြစ်ဖို့ပဲ။ မင်းကို ငါတို့ ကျေးဇူးတင်တယ်။ မင်း ငါပြောတာကို မမေ့အောင်မှတ်ထားပါ"

"အမိန့်ရှိပါ ... မြို့သူကြီး"

"တိုက်ပွဲကုန်းအရှေ့က ရေခန်းနေတဲ့ သဲချောင်းမရောက်ခင်မှာ ဘုရားပျက်တစ်ဆူရှိတယ်။ မြို့သူကြီးဘုရားတဲ့၊ ငါတည်ခဲ့တာပဲ။ အဲဒီဘုရားပျက်ရှေ့က ညာဘက်ခြမ်း ခြသေ့ရုပ်တုကျောကုန်းထဲမှာ ငါတို့ရဲ့ ရတနာ





အချို့ ငါဝှက်ထားတယ်။ တိုက်ပွဲရှေ့ရေး သုံးဖို့ပေါ့။ ဒါပေမင့် ငါတို့ကျဆုံးခဲ့ပြီး ဘဝကူး မကောင်းခဲ့ကြဘူး။

အဲဒီပစ္စည်းတွေ ရာပြီး ငါတို့အားလုံး ကျွတ်လွတ်ဖို့အတွက် သိမ်ဆောက်ပေးပါ၊ ကျောင်းဆောက်ပေးပါ။ ရဟန်းသံဃာကို လှူဒါန်းပြီး မင်းကိုယ်တိုင် အမျှဝေပေးပါ ... မောင်ရင်။ မင်းကို ငါတို့ ယုံကြည်ပါတယ်။ ဒီအိမ်ပေါ် မင်းနေတုန်း ငါ့သမီးခင်စောမြတ် မင်းတို့ကို ကျီစားခဲ့တာ ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါတယ် .. မြို့သူကြီးမင်းရယ်၊ မြို့သူကြီးတို့အကြောင်းကို ကြားသိရပြီးကတည်းက လေးစားပြီး ကူညီဖို့ ဆုံးဖြတ်ပြီးသားပါ။ ကျွန်တော် မြို့သူကြီးဖြစ်စေချင်တဲ့ ဆန္ဒအားလုံးကို ဆောင်ရွက်ပေးပါ့မယ်။ စိတ်ချပါ ... မြို့သူကြီးခင်ဗျာ"

"လူလေး ..."

"ဗျာ ..."

"ငါ့ကို အဖေလို့ တစ်ခွန်းလောက် ... ခေါ် ... စမ်း ... ပါ .. သားရယ်"

မြို့သူကြီးက ကျွန်တော့်ကို လူလေးတဲ့။

သားတဲ့ ...

အိုး ... ရင်ထဲမှာ သားလို့ ဝမ်းနည်းလှိုက်ကြီး ခေါ်လိုက်သံကို ကြားလိုက်ရတော့ ကျွန်တော့်ရင်ထဲ လှိုင်းထသွားခဲ့တယ်ဗျာ။

ကျွန်တော့်မှာ အဖေ မရှိတော့ဘူး။

အမေ မရှိတော့ဘူး။

နှမ မရှိတော့ဘူး။ သူတို့အားလုံး ပြည်တွင်းစစ် တိုက်ပွဲကြားမှာ ဆင်းရဲတွင်းနက်စွာနဲ့ သေဆုံးကုန်ကြပြီလေ။

"မင်းကို ငါ့သားလို သံယောဇဉ် ဖြစ်ခဲ့ရပါတယ် ... လူလေးရယ်၊ ငါ့သားအရင်းခေါက်ခေါက်ဟာ ... ငါ့အလောင်းကို လာကောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်သားတွေရဲ့ ကျည်သင့်လို့ ငါ့နံဘေးမှာ သေဆုံးခဲ့ရတယ်။ မင်းဟာ ငါ့သားပါပဲလို့ ယုံကြည်ပါရစေ၊ အားကိုးပါရစေ ... သားရယ်။ ငါ့ကို အဖေလို့ တစ်ခွန်းခေါ်လိုက်စမ်းပါ ... သား"

"အ ... ဖေ ..."

"သား ... လူလေး ..."

"အစ်ကို ..."

"ဟင် ..."

နောက်ဆုံး မြို့သူကြီးသမီး ခင်စောမြတ်ကလည်း အစ်ကိုလို့ခေါ်ပြီး အနီးကို တိုးလာပါရောဗျာ။

သွေးသောက်တွေရဲ့ မျက်လုံးအိမ်မှာလည်း မျက်ရည်တွေဝဲလို့။

"သား ... လူလေး ..."

"အ ... ဖေ ..."

"အစ် ... ကို ..."

"နှမလေး ..."

"သားကြီးရယ် ..."

မြို့သူကြီးဟာ ဝမ်းသာအားရ သားလို့ခေါ်လိုက်ပြီး ကျွန်တော့် ခန္ဓာကိုယ်ကို သန်မာတဲ့ လက်အစုံနဲ့ဖက်ပြီး ပါးချင်းကပ်ထားလိုက်ချိန်မှာပဲ ...

"အို ..."

ကျွန်တော့်ခေါင်းထဲမှာ မြိုးမြိုးပြက်ပြက်အရောင်တွေ ...

နီနီရဲရဲအရောင်တွေ၊ အားရပါးရ ဟစ်ကြွေးလိုက်တဲ့ အသံတွေ။

ငှက်ကြီးတောင်ဓားချင်း၊ ယှက်ထိလိုက်ကြတဲ့ အသံတွေကြားပြီး ကျွန်တော် ဆတ်ခနဲ ခေါင်းကိုမော့လိုက်တယ်။

"ဟင် ..."

"မြို့သူကြီး ... မြို့သူကြီးတို့ ... ဘယ်ရောက်သွားပါလိမ့်"

စိတ်ကူးသစ်တာပေ



ကျွန်တော် မူးယစ်ဝေ ဦးခေါင်းကို လက်နှင့်ဖိပြီး ကြိုးစားထရပ်လို့ လိုက်ရှာပေမင့် မြို့သူကြီးဦးသောမ၊ ခင်စောမြတ်နဲ့ ဓားကိုယ်စီလွယ်ထားတဲ့ သွေးသောက်ကြီးတွေကို ရှာလို့မတွေ့တော့ဘူး။

အိပ်မက်များလား ...

ကျွန်တော့်ရဲ့ ဦးခေါင်း၊ အာရုံကြော နှာကျင်စူးရှလို့ သတိလစ်ချင်သလို အချိန်မှာဗျာ ...

သူတို့ ရောက်လာကြရောလား။

ကျွန်တော့်ကို သားကြီးရယ်တဲ့ဗျ။

အစ်ကိုတဲ့လား ... နှမလေး ခင်စောမြတ်ရယ်။

✿ ✿ ✿

www.burmeseclassic.com

## [ ၁၇ ]

❑

တစ္ဆေလို့ပဲ ပြောပြော ...

နယ်ချဲ့တော်လှန်ရေးသမားတွေပဲ ဆိုဆို ...

ဘဝဟောင်းက ဆွေမျိုးသားချင်းတွေ အာရုံမြို့သစ်ထဲမှာ လာဆုံတယ်လို့ပဲ ထင်မှတ်ယူဆရင် ယူဆ ...

ကျွန်တော် သူတို့နဲ့ အမှန်တကယ် ကြုံဖူးတယ်။

သူတို့ကို ကတိပေးခဲ့ပြီးပြီ။

ကျွန်တော် ဘာကိုမှ မကြောက်တော့ဘူး။

လွယ်အိတ်တစ်လုံး၊ ဓားတစ်ချောင်းနဲ့ တူတစ်လက်ကို ယူပြီး လူမရှိ၊ ကန္တာရတောကုန်းထဲကို ဖြတ်လာခဲ့လိုက်တယ်။

သူတို့ ကျွန်တော့်ကို အန္တရာယ်မရှိရအောင် အနီးအဝေးက စောင့်ရှောက်ကြမှာပါ။

ကျွန်တော် ကန္တာရဆူးပင်အုပ်တွေ၊ ရှားစောင်းပင်ကြီးတွေနဲ့ ပေပင်ပုတွေကို ကွေ့ပတ်ကျော်ဖြတ်ပြီးရော ကျတ်တီးကုန်းတစ်နေရာမှာ ဘုရားစေတီပျက်ပုံကြီးကို တွေ့လိုက်ရတော့တယ်။





ဒီနေရာက ရွာသူရွာသားတွေ မသွားဝံ့တဲ့ နေရာတွေပဲ။

ဒီမှာ ဦးခေါင်းမရှိတော့တဲ့ ခြင်္သေ့ရုပ်တုကိုယ်လုံးကြီးကို သွားတွေ့လိုက်တယ်ဗျာ။

ကျန်ခြင်္သေ့ရုပ်တုကတော့ အုပ်ပုံဖြစ်နေပြီ။

ညာဘက်တော့ ညာဘက်ပဲ။

ကျွန်တော် ဓားမြှောင်နဲ့ ခြင်္သေ့ခေါင်းပြတ်ကြီးရဲ့ ကျောကုန်းကို ဆတ်ရိုက်လိုက်တော့ အုတ်ခွေးတွေ လန့်သွားပါရောဗျာ။

"ဟော့ ..."

"ဟော့ ..."

အလို ... လူသံပါလား။ အသာဝပ်ချလိုက်ပြီး ဓားမြှောင်ကို ကိုင်လို့ ဟိုဒီကြည့်လိုက်တော့လည်း ဘယ်သူမှမရှိ။

"ခစ် ... ခစ် ... ခစ် ..."

"ဟီ ... ဟီ ... ဟီ ..."

မိန်းမအချို့ရဲ့ ရယ်သံဗျာ။

ကိုယ်ကလည်း ပြန်မေးလိုက်တယ်။

"ဟော့ ... ဘယ်သူတုံး"

"ဟီ ... ဟီ ... ဟီ ..."

"ခစ် ... ခစ် ... ခစ် ..."

မုဆိုးထွန်းရှည်နဲ့တွေ့တဲ့ ကျတ်တစ္ဆေမ ... 'မသေ' ဆိုတာများလား။

"ဟော့ ... သတ္တိရှိရင် ထွက်ခဲ့ ... လာ ... လေ ..."

"ကဲဟာ ... ကဲဟာ ... ကိုင်းဟာ ..."

ကျွန်တော် ဘုရားကျိုးအုတ်ခဲတွေနဲ့ အသံလာရာကို အဆက်မပြတ် ပစ်လိုက်ရော။ တဝေါဝေါပြေးသွားသံတွေကို ကြားရပြီး ခေါင်းနားပန်းကို ကြီးသွားတာပဲ။

ကျောထဲမှာလည်း ဖျန်းခနဲ ဖျန်းခနဲ။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ဖြစ်ချင်ရာဖြစ်၊ ရင်ဆိုင်မယ်ဟေ့လို့ သန္နိဋ္ဌာန်ချပြီး ဦးခေါင်းမပါတဲ့ မြသော့ရုပ်တုရဲ့ ကျောကုန်းကို တူနဲ့ထု၊ တဆိုးချွန်နဲ့ ခပ်နာနာထိုးဆွပြီး မွကြေအုတ်ခဲတွေ ဖယ်လိုက်ရော ...

တွေ့ပြီဗျာ ...

ငွေဘူးတစ်ခု၊ ပန်းကနုတ်လက်ရာတွေနဲ့ နို့ဆီဘူးလုံးခန့်ရှိတယ်။ အလေးချိန်လည်း အတော်စီးတယ်။

ငွေဘူးကို ဓားနှင့် ဘယ်ညာရိုက်ပြီး လှည့်ဖွင့်လိုက်ရော ...

"ဟယ် ..."

ရွှေလက်စွပ်တွေ၊ ကျောက်နီလက်စွပ်တွေ၊ ရတနာပုံ ရွှေဒင်္ဂါးအချို့နဲ့ စိမ်း၊ ပြာ၊ နီ၊ ဝါ၊ ကျောက်တွေဗျာ။ ကျွန်တော် ရတနာငွေဘူးကို လွယ်အိတ်ထဲထည့်ပြီး ဘုရားပျက်ကနေ အမြန်ထွက်လာလိုက်ရော ...

"လိုက်ဟေ့ ... လိုက်ဟေ့ ..."

"ဟေ့ကောင် ... ရပ်လိုက်စမ်း"

"လိုက်ဟ ... ဝိုင်းဟ ..."

အလိုလေး ... လူအုပ်ကြီးရဲ့ လိုက်ဟ ဝိုင်းဟ အော်သံတွေ၊ ကျွန်တော်က ရှေ့ကနေပြေး၊ နောက်က အော်သံတွေကြား ...

လှည့်ကြည့်လိုက်တယ်။

အင်း ... ဘယ်သူမှ မရှိပါလား။ သို့သော် အော်သံဟစ်သံတွေ ကြားနေရဆဲ။ ဟုတ်ပြီ ... ဒါ ... ကျုတ်ဆိုတဲ့ လူယောင်ဆောင်တဲ့ အသံပြုတတ်တဲ့ နာနာဘာဝတွေရဲ့ အသံပဲနေမှာ။

ပြန်ပြီး မတုံ့ပြန်တော့ပါဘူး။

ခြေကုန်သုတ်ပြီး မြို့သူကြီးအိမ်ရှိရာကို ပြေးလာခဲ့လိုက်တယ်။ ကျွန်တော် အာရုံကြောဒဏ်ကြောင့် ရှုးကြောင်ကြောင် အိပ်မက်တွေ မက်နေတာမဟုတ်တာ သေချာသွားပြီဗျာ။

ဝမ်းသာလိုက်တာ ...

---

စိတ်ကူးသစ်စာပေ



မြို့သူကြီးတို့၊ သွေးသောက်ကြီးတို့၊ ခင်စောမြတ်တို့၊ မျိုးချစ်တော်လှန်ရေးသမားတွေ မကျွတ်မလွတ်ဘဝကနေ လွတ်မြောက်ပြီး ကောင်းရာဘုံဘဝကို ရောက်ရတော့မယ်။

ဒါ ဒီရတနာပစ္စည်းတွေကို ငါကိုယ်ကျိုးအတွက် တစ်စိုးတစ်စိမျှ မသုံးဘူး။ ဒါ မြို့သူကြီးတို့ တော်လှန်ရေးသမား ကျဆုံးသူတို့အတွက်ပဲ။

သည့်နောက် ရတနာဘူးကို လုံခြုံစွာ သိမ်းလိုက်ပြီး ပင်ပန်းလွန်းလို့ တစ်ရေးအိပ်ဖို့ ခုတင်ပေါ် လှဲချလိုက်တယ်။

အိပ်ရာက နိုးတော့မှ ...

အဘကျောက်တို့နဲ့ ဖြစ်ကြောင်းကုန်စင် ဖွင့်ပြောပြ တိုင်ပင်ပြီး မြို့သူကြီးတို့အတွက် အကောင်းဆုံး ကုသိုလ်ကောင်းမှုတွေကို လုပ်ပေးရမယ်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

❑

"မောင် ..."

"မောင် ... ထပါဦး ... မောင်ရဲ့"

လူကို လှုပ်နှိုးနေတာ ဘယ်သူပါလိမ့်။

မောင်ပေပင်လား ...

အဘကျော့ာက်လား ...

မြို့သူကြီးများလား ...

ဘာအရေးကြီးလို့ပါလိမ့်။ ဒါနဲ့ မျက်လုံးလည်း ဖွင့်ကြည့်လိုက်ရော ...

"ဟင် ... မိစေတနာ"

"မောင် ... ကျွန်မ ပြန်ရတော့မယ် ... မောင်ရယ်"

အိုး ... ကျွန်တော့်ချစ်သူ မိစေတနာပါလားဗျာ။ သူမရဲ့ပါးပေါ်မှာ မျက်ရည်တွေ စိုရွှဲနေတယ်။

"မိစေတနာ ... မင်း ဘယ်ကိုပြန်မှာလဲဟင်"





"အိမ်ကိုပြန်မယ်၊ မောင့်ကိုစောင့်နေမယ်"

"ဘာ ... ဘာပြောတယ် ... မင်း ... မင်း ... သေပြီလေ"

"မသေပါဘူး ... မောင်ရယ်၊ ကျွန်မနဲ့ မောင် လူ့ဘဝမှာ ပြန်ဆုံကြဦးမှာပါ။ မောင် ကျွန်မကို မမုန်းပါနဲ့ ... မောင်ရယ် ... နော် ... နော် ... မောင် ဆက်ဆက်လာခဲ့နော်။ ကျွန်မ စောင့်နေမယ်၊ ကျွန်မသွားမယ် မောင်။ မောင့်ပါးကို ကျွန်မ မနမ်းတော့ပါဘူး ... မောင်ရယ် .. အင့် ... ဟီး ..."

မိစေတနာရယ်ဗျာ ... မျက်နှာကိုအုပ်ပြီး ရှိုက်ငိုလို့ ပြေးထွက်သွားရော။

"မိစေတနာ ... နေဦးလေ ... မိစေတနာ ..."

"နေဦး ... ရပ်ပါဦး"

သူမ ကျွန်တော့်အော်သံကြောင့် ပြေးရင်းက ရပ်ပြီး ချာခနဲလှည့်လိုက်တယ်။ ကျွန်တော် မခွဲနိုင်ဘူး။

မိစေတနာကို ချစ်တယ်။

"မိစေတနာ မောင့်ကို တစ်ခါတည်း ခေါ်သွားပါတော့"

"မောင် ... မောင် ... တကယ်ပြောတာလားဟင်"

"ဟုတ်တယ် ... မောင့်ကို မထားခဲ့နဲ့"

"အိုး ... မောင်ရယ် ... ကျွန်မ ပြောသားပဲ .. မောင်နဲ့ကျွန်မ ညားမှာပါလို့။ ချစ်တယ် ... မောင်"

သူမက ဝမ်းသာအားရ ပြေးပြီး ကျွန်တော့်ကို ဖက်လိုက်တာ။ ဒီမှာ နှစ်ဦးသား ပြိုလဲကျသွားတာ။

"အို ... အို ... မောင် ..."

"မိ ... မိ ..."

"ဝုန်း ..."

"အား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်ရေ ... မောင် ... မောင် ... မောင် ..."

"ဝုန်း ..."

"ဟ ... ဟ ... ဟ ..."

ကျွန်တော် ဝုန်းခနဲ ကုန်းထလိုက်ရော ...

ကြောင်စုတ် ကြောင်နာရယ်များ ကျွန်တော့်ကိုယ်ပေါ်က ခုန်ချပြီး ပြေးပါရော။ တောက် ...

မိစေတနာရော ... မိစေတနာရေ ...

"မိစေတနာ သေသွားပြီလေ ... ရွှေဝါ"

မင်း ဘယ်လိုဖြစ်နေတာလဲ။ မင်း ဦးနှောက်အာရုံကြောရော ပြန်ထလာပြီနဲ့ တူတယ်။

မဟုတ်ဘူး ... မိစေတနာ ကျွန်တော့်ကို မှတ်မှတ်ရရ လာနှုတ်ဆက်သွားတာ။

သူမ ပြန်သွားပြီတဲ့။

ဘယ်ကိုပြန်တာလဲဟင်။

ကျွန်တော် ရူးသွားပြီလားများ ... ဟင် ...

အို ... ဘယ်ကလာ ရူးရမှာလဲ။ သတိရပြီ ... သတိရပြီ ... မြို့သူကြီးက ငါ့ကို ပြောသွားတယ်။ မိစေတနာ မင်းကို နှုတ်ဆက်ပြီး ပြန်လိမ့်မယ်တဲ့။

မိစေတနာ ငါ့ကို တကယ်နှုတ်ဆက်သွားပါပေါ့လား။

ထူးဆန်းလိုက်တာ။

သူမ ကျွန်တော့်ကို အိပ်မက်လာပေးသွားတာပဲ။

"မောင့်ကို စောင့်နေမယ်တဲ့"

"မောင့်ကို စောင့်နေမယ်တဲ့"

"ကျွန်မတို့ လူ့ဘဝမှာ ပြန်ဆုံမယ်တဲ့"

ကျွန်တော့်ဘဝမှာ ထူးဆန်းတဲ့ အိပ်မက်တွေကနေ တကယ့်ပြီ ရပ်တွေကို ဆုံနေရတယ်များ။

စိတ်ကူးသစ်စာပေ



မြို့သူကြီးရဲ့ အိပ်မက်ထဲက ...

ရွှေထုပ်နဲ့ သက်သေပြနိုင်ခဲ့တယ်။

ဒါဆိုရင် ကျွန်တော်နဲ့ ချစ်သူမိစေတနာ လူ့ဘဝမှာ တကယ်ပြန်ဆုံမှာလား ...

ဆုံတွေ့ပါရစေ ... မိစေတနာ။

မင်းကို မောင် ပြန်ဆုံတွေ့ပါရစေ။

✿ ✿ ✿

www.burmeseclassic.com

[ ၁၉ ]

❑

"ဟာ ..."

"မောင်ရွှေဝါ ... ဒါ ... ဒါ ... အဖိုးတန်ကျောက်တွေနဲ့ ရှာ တွေ့ပါလား။ စာရေးဆရာ ... ဘယ်က ရလာတာတုံး ဟင်"

အဘကျောက်ပန်းတောင်းရှေ့မှာ ကျွန်တော် ရတနာငွေဘူးကို ဖွင့်ပြလိုက်တော့ အံ့သြသွားပါရောဗျာ။

အဘကျောက်က ဘူးထဲကကျောက်တွေကို တစ်ခုချင်းကိုင်ကြည့်ပြီး ကျွန်တော့်ကို မေးလိုက်တယ်ခင်ဗျ။

"စာရေးဆရာရဲ့ ပစ္စည်းတွေလားဟင်"

"မဟုတ်ပါဘူး ... အဘကျောက်"

"ဒါဆို ... ဘယ်သူ့ရတနာတွေလဲ ဟင် ..."

"ဒါတွေအများကြီး စာရေးဆရာ ဘာလုပ်မလို့လဲ ... ပြောပါဦး ဒါ ဘယ်သူပိုင်တဲ့ ရတနာပစ္စည်းတွေတုံး ..."

"မြို့သူကြီး ဦးသောမ ..."





"ဟော ... မြို့သူကြီး ဦးသောမရဲ့ပစ္စည်း ... ဘုရား ... ဘုရား စာရေးဆရာ ဘယ်လိုလုပ်ပြီး မြို့သူကြီးပစ္စည်းတွေ ရခဲ့ ယူခဲ့တာတုံး ... စာရေးဆရာရယ် ... အဘကို ပြောပါဦး"

ဒါနဲ့ ကျွန်တော်က အဘကျောက်တို့၊ မောင်ပေပင်နဲ့ ဆရာကြီး ဦးခမောက်တို့ကို မပြောဘဲ ထိန်ချန်ထားခဲ့တဲ့ ဂမ္ဘီရ ဖြစ်ရပ်ဆန်းကြယ် ကျွန်တော့်ကိုယ်တွေ့တွေ ဖြစ်တဲ့ ...

ကြိုးဆွဲချ ကြိုးတစ်ချောင်း ...

အိမ်ကြီးအပေါ်ထပ်က မြို့သူကြီးအပါအဝင် တော်လှန်ရေးသမား (၁၂) ယောက်ရဲ့ လျှို့ဝှက်အစည်းအဝေး ...

ပြီး ... သူတို့နဲ့ကျွန်တော် ... လွတ်လပ်ရေးရပြီး အင်္ဂလိပ်အစိုးရ ဂျပန်အစိုးရပြေးတဲ့အကြောင်း ...

နိုင်ငံတော်သမ္မတကြီး စပ်ရွှေသိုက်ရဲ့ အမိန့်ပြန်တမ်းနဲ့ အမျှဝေတဲ့ကိစ္စ ... စသည်တို့ကို အစအဆုံး ရှင်းပြလိုက်တော့ ...

အဘကျောက်သာမက အဘရဲ့ဇနီး ဒေါ်မီးခြစ်ပါ အလွန့်ကို အံ့အံ့သြသြဖြစ်ပြီး ပါးစပ်ကနေ 'ဘုရားရေ ... ဘုရားရေ' နဲ့ အသံထွက်ပြီး နေပါရော။

"စာရေးဆရာ ..."

"ဗျာ ... အဘ"

"မင်းဟာ အလွန်သတ္တိကောင်းပြီး အရဲတင်းလွန်းတဲ့ လူတစ်ယောက်ပါပဲလား ... စာရေးဆရာ။ ဒီမြို့သူကြီးအိမ်မှာ နေဖို့နေနေသာသာ အိမ်ရှေ့လမ်းမတောင် မှောင်ရီသန်း နေဝင်ရီတရော ဘယ်သူ၊ လူ၊ လှည်း တွဲ၊ နွား ဖြတ်မသွားရဲကြဘူး။

ကြည့်ရတာ မြို့သူကြီးနဲ့ ငါ့လူစာရေးဆရာတို့ဟာ ဟိုနောက် နောက်ဘဝတွေက ဆွေမျိုးသားချင်း တော်စပ်ခဲ့ဖူးပြီး ယခုမှ ထူးခြားစွာ ပြန်ဆုံကြရင်းက ဘဝတွေ ယနေ့ မတူညီပေမင့် တစ်ဦးရဲ့စေတနာကို တစ်ဦးက နားလည်၊ တစ်ဦးရဲ့ယုံကြည်ချက် သစ္စာစကား၊ သစ္စာတရားကို

www.burmeseclassic.com



တစ်ဦးက နားလည်ယုံကြည်လို့ ယုံကြည်စွာ ဖွင့်ပြောပြီး အကူအညီပေးကြ တောင်းကြတာပဲ။ တစ်နည်းပြောရရင် လူနဲ့ အစွမ်းရှိတဲ့ ပရလောကသားတို့ရဲ့ ဆက်စပ်နေတဲ့ သံယောဇဉ်အဖြစ်ပဲ။ မင်းကို ယုံကြည်စိတ်ချလို့ သူတို့ ဖွင့်ပြောတာ။ ဒီတော့ ဘယ်လိုလုပ်ကြမလဲ''

''အဲဒါ ကျွန်တော် အဘနဲ့ လာတိုင်ပင်တာပါ။ သူတို့ ဘဝကူး ကောင်းအောင် ဘယ်လိုလုပ်ပြီး အမျှပေးဝေရမတုံး လာတိုင်ပင်တာ''

''အင်း ... မျိုးချစ်သူရဲကောင်း ပရသားကြီးတွေ ဖြစ်နေကြတာ ပေါ့ ... ဖြစ်နေကြတာပေါ့။ ဒါကြောင့်လည်း သူ့တိုက်အိမ်ကြီးမှာ အင်္ဂလိပ် စစ်သားတွေရော၊ ဂျပန်စစ်သားတွေရော လုံးဝ နေလို့မရအောင် အမျိုးမျိုး အဖုံဖုံ ခြောက်လှန့်ခဲ့တာပဲကိုး။ ဒီလို လုပ်ရမယ်နဲ့တူတယ် ... စာရေးဆရာ ရဲ့''

''ပြောပါ ... အဘ၊ လုပ်သင့်လုပ်ထိုက်တာ လုပ်ပေးပါ့မျာ''

''မကျွတ်မလွတ်ဘဝကို ရောက်နေသူများ အဲဒီဘဝဆိုးက လွတ် မြောက်စေချင်ရင် ဘုရားရှင်အမှူးပြုတဲ့ သီလဝန္တရဟန်းများကို ပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်း စသည်တို့ကို လှူဒါန်းကျွေးမွေးရတယ်တဲ့။ အဲဒီလို လုပ် တဲ့အကြောင်းကိုလည်း ကွယ်လွန်သူကို ရည်စူး၍ ဖိတ်၍ တရားနာ ရေစက် ချ အမျှဝေရတယ်တဲ့။

သီလမရှိတဲ့ ရဟန်းကို လှူမိရင်လည်း ကွယ်လွန်သူတို့အဖို့ အကျိုး မရဘူးတဲ့။ အဲဒါ တို့များ ကိုးကွယ်နေကြတဲ့ ပဋ္ဌာန်းရွှေမျက်မှန်ဆရာတော် ဟောတဲ့ တရားပဲ။ ကျွန်ရစ်သူများ၊ လုပ်ပေးနိုင်သူများက အစီအစဉ်တကျ လုပ်ပေးမှ သူတို့လည်း ကောင်းကျိုးရတာတဲ့။ ငါတို့ ဆရာတော်ကျောင်းကို သွားကြတာပေါ့။ ဆရာတော်နဲ့လည်း တွေ့ပြီး မေးသင့်တာ မေး။ လုပ်သင့် တာ လုပ်ပေါ့ ... ဟုတ်လား''

''ဟုတ်ကဲ့ ... ဒီရွာမှာ ဘုန်းကြီးကျောင်း ကောင်းကောင်းရော ရှိရဲ့လား အဘ''

''မရှိဘူး ... သစ်သားကျောင်းဟောင်းပဲရှိတယ်''

စိတ်ကူးသစ်စာပေ



''ကျောင်းတို့ သိမ်တို့ ဘုရားတို့ပါ လုပ်ပေးပါ ... အဘတော့ ရာ။ မြို့သူကြီးရဲ့ ရတနာတွေကို ကျွန်တော့်ကိုယ်ကျိုးအတွက် မသုံးချင် ဘူး။ မြို့သူကြီးကလည်း ပြောသွားတယ်။ တော်လှန်ရေးအဖွဲ့ပိုင် ရတနာ တွေပါတဲ့''

''အေး ... ဘုန်းကြီးကျောင်းကို သွားမယ်။ ကျောင်းမှာလည်း နယ်မြို့ကညော်သည်တွေ ရောက်နေသတဲ့ကွယ်''

''ဘုန်းကြီး အမျိုးတွေလား''

''ရပ်ဝေးရပ်မျိုးလိုလိုတော့ ကြားတာပဲဟေ့''

ကျွန်တော်တို့ လှည်းတစ်စီးငှားပြီး လာခဲ့လိုက်တာ အတန်ကြာ တော့ ကျွန်းဟောင်းတွေနဲ့ ဆောက်လုပ်ထားတဲ့ ခြေတံမြင့်မြင့် ဘုန်းကြီး ကျောင်းပေါ်ကို ရောက်ခဲ့ကြတယ်။

ဘုရားခန်းရှေ့မှာ ရွှေမျက်မှန်နှင့် အသက် (၇၀) ခန့် ဘုန်းကြီး တစ်ပါး စာအုပ်ထူကြီးတစ်အုပ်ကို ဖတ်နေတယ်ဗျာ။

ခြေသံကြားလို့ ဘုန်းကြီးက စာအုပ်ကို ချလိုက်ပြီး ...

''ဒကာကျောက်နဲ့ ဧည့်သည်ပါလား။ ဘယ်က လှည့်လာကြတာ တုံး''

ကျွန်တော်တို့ ဆရာတော်ကို ဝတ်ဖြည့်ကြတယ်။

ဘုန်းကြီးရဟန်းကို ခုအရွယ် ခုချိန်ကျမှ ကျွန်တော် ဦးချကန်တော့ ဖူးတာပါပဲဗျာ။

''ဟိုဒကာလေးက ဘယ်ကတုံး''

''မှန်ပါဘုရား .... ကျွန် ... တော် ... အဲ ... အဲ ... တပည့်တော်က အရင်တုန်းက ရန်ကုန်ဓာတိပါ ... ဘုရား။ နာမည်က မောင်ရွှေဝါလို့ ခေါ်ပါတယ်ဘုရား''

''မောင်ရွှေဝါ ...''

''မှန်ပါ ... ဘုရား''

''ဆရာတော်ဘုရား ... မောင်ရွှေဝါက စာရေးဆရာပါဘုရား''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... စာရေးဆရာလား၊ တော်တာပေါ့ကွယ်"

"ပြီး ... ဗ. က. ပ လူဟောင်းပါဘုရား"

"အလို ... ခုရော ဗ. က. ပ ပဲလား ... ဒကာရွှေပါ"

"မဟုတ်ပါဘူး ဘုရား"

"အိမ်း ... အိမ်း ... လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနဲ့ အမုန်းတွေကို မထားကြပါနဲ့တော့။ တို့ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ငြိမ်းချမ်းရေးကိုပဲ အလိုရှိတယ်ကွယ့် ... ဒကာ စာရေးဆရာရဲ့"

"မှန်ပါ ဘုရား"

"ငြိမ်းချမ်းရေးတရားနဲ့ ဒါန၊ သီလ၊ ဘာဝနာ တရားတွေကိုလည်း ပရိနိဗ္ဗာန်ပြုသွားသည့်တိုင် ဟောကြားတော်မူခဲ့တာပဲ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ဒါ ဗုဒ္ဓဟောတဲ့ ငြိမ်းချမ်းရေးတရားအစစ်ပဲ။ ဗြဟ္မစိုရ် တရားလေးပါ။ လောကကိုစောင့်ရှောက်တဲ့ တရားလေးပါးဖြစ်လို့ လောက ပါလတရားလို့လည်း ခေါ်တယ်။ ဒီတရားလေးပါး လူတိုင်း လက်ကိုင်ထား ပြီး လူက ငါးပါးသီလကို စောင့်ထိန်းမယ်၊ ရဟန်းဘက်ကလည်း ဆယ်ပါး သီလကို လုံခြုံအောင် စောင့်ထိန်းကြမယ်၊ မင်းအစိုးရက မင်းကျင့်တရား ဆယ်ပါးနဲ့အညီ အုပ်ချုပ်ကြမယ်ဆိုရင် လူဖြစ်ရတဲ့ဘဝ ချမ်းသာတာပဲ။ စိတ်ချမ်းသာမှ ကိုယ်ချမ်းသာ၊ ကိုယ်ချမ်းသာမှ စိတ်ချမ်းသာတယ်။ အဲဒီ လောကပါလတရားနဲ့အညီ ကျင့်ကြံနေထိုင်ပြုမူကြရင် လောဘ၊ ဒေါသ၊ မောဟတွေ ချုပ်ငြိမ်းပြီး ကံကောင်းလာရော။ ကံကောင်းရင် အလုပ် အကိုင်ကောင်းတာပဲ ... ဟုတ်ရဲ့လား"

"မှန်ပါ့ ဘုရား"

"ခုရော ... စာရေးဆရာက ရွာထဲမှာ ဒကာကျောက်တို့နဲ့ နေသလား"

"မနေပါဘူး ... အရှင်ဘုရား ... စာရေးဆရာက ... ဟို ... ဟို ... မြို့သူကြီးဟောင်းရဲ့ တိုက်ဟောင်းမှာ နေပါတယ်ဘုရား"





"ဟော ... မြို့သူကြီးတိုက်ခံအိမ်အိုကြီးမှာ နေတယ်။ ဒါနဲ့ အဲဒီ နေရာက အလွန်ဆိုးကြမ်းဆို ... ဒကာကျောက်၊ တစ္ဆေအခြောက်ကြမ်း ဆို"

"မှန်ပါ ... စာရေးဆရာမောင်ရွှေဝါနဲ့ တစ္ဆေမြို့သူကြီးတို့က အတူ နေလို့ရအောင် သဟဇာတ ထူးထူးခြားခြား မှုနေကြောင်းပါဘုရား"

"တယ်ဟုတ်ပါလား ... စာရေးဆရာ ... ကဲ ... ရှင်းစမ်းပါဦး ဗျာ။ ဘုန်းကြီးတောင် စိတ်ဝင်စားလာလို့ဗျာ"

ဒါနဲ့ ကျွန်တော်က ဒီမြို့သူကြီးအိမ်ကြီးရှိရာကို ရောက်ခဲ့ရပုံကနေ မြို့သူကြီးတိုက်ခံ အိမ်အိုကြီးမှာ ကျွန်တော် ကြုံရ၊ မြင်ရ၊ မြင်မက်ရတဲ့ အကြောင်းတွေ၊ ရွာထဲမှာ ဒေါ်ကြုံတိုင်းတို့ မြေးအဘွားနဲ့ ကြုံခဲ့ရပုံ၊ နောက် ဗိုင်း မြို့သူကြီးတစ္ဆေက ရတနာများ ဝှက်ထားတဲ့နေရာရှိရာကို ညွှန်ပြခဲ့ လို့ ပစ္စည်းများရခဲ့ပုံများကို ပြောပြလျှောက်ထားလိုက်ရော ...

"ဒကာ ... စာရေးဆရာ"

"ဘုရား ..."

"တစ္ဆေတွေ၊ ကျတ်တွေနဲ့ အတူကြုံခဲ့ နေခဲ့တာပေါ့"

"မှန်ပါ ဘုရား"

"ဒကာစာရေးဆရာ ... တစ္ဆေတို့၊ ကျတ်တို့ကို မကြောက်ရွံ့ဘူး လား"

"အစကတော့ တစ္ဆေမှန်း၊ ကျတ်မှန်း မသိပါဘူး။ ဘုရား ... လူအစစ်တွေလို့ ထင်တာပါဘုရား။ ပြီး ... ဒါဟာ သိပ္ပံသဘောအရ စိတ် နယ်လွန်ဖြစ်ရပ်၊ ထူးကဲအာရုံသိမှု (Extra Sensory Percetion) တွေ၊ စိတ် အမြင်မှောက်တာတွေလို့ ယူဆပြီး အရဲကိုးနေခဲ့တာပါ ဘုရား"

"ခုရော လက်ခံယုံကြည်ပါပြီလား"

"မှန်ပါ ... ကြုံခဲ့ရတာလည်း လက်တွေ့ဖြစ်နေ၊ နောက်ကြောင်း ပြန် ကြားသိခဲ့ရတာတွေကလည်း ဖြစ်ရပ်အမှန်တွေ ဖြစ်နေတော့ ကြုံခဲ့ပြီး ခိုပြီး အချို့ကို မကြောက်တော့ဘဲ သနားနေမိတာပါပဲ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ … ဗြဟ္မာ၊ တစ္ဆေတို့ရဲ့ဘဝက သနားဖို့ကောင်းပါတယ် … ဒကာကြီးတို့။ အချို့သော ကျွတ်၊ တစ္ဆေ၊ ဗြဟ္မာတို့က ကြမ်းကြုတ်တယ်။ အချို့က သိမ်မွေ့တယ်။ အချို့သော ဗြဟ္မာဘုံသားတို့ကျတော့ ကိုယ့်ကိုယ်ကိုယ် ဗြဟ္မာတစ္ဆေဘဝရောက်နေလို့ ရောက်မှန်း မသိကြဘူး။ ကျွတ်တွေကိုကြည့် … ဒကာပြောတဲ့ ကွယ်လွန်သူ ဒေါ်ကြုတိုင်းသူ့မြေးမနဲ့ ဇာတ်ပွဲကိုကြည့်။ သူတို့ကိုယ်သူတို့ လူယောင်ဖန်ဆင်းပြီး လူတွေကို ယဉ်ယဉ်လေး ခြောက်လှန့်ကြတာပဲ။ နောက်ပြောင်ကြတာပဲ။

အသူရကာယ်ဘုံသားနဲ့ ကျွတ်တို့ဟာ လိုအပ်ရင် လူယောင်ဖန်ဆင်း ရှာတည်နေထိုင်ပြတတ်ကြတယ်။ သူတို့ဘဝက ဝဋ်ကြီးလွန်းလှတယ် ဒကာ … ရက္ခစိုးဆိုတာရှိတယ်။ သူလည်း လူယောင်ဖန်တီး ပြတတ်တာပဲ။ ဒါပေမင့်လည်း သူ့ကျတော့ နတ်ကောင်းစာရင်းထဲ ဝင်သွားပြန်ရော။ လူ့ဘဝမှာနေတုန်းက သူတစ်ပါးအကျိုးဆောင်ရွက်ခဲ့လို့ ကူညီချင်တဲ့ စိတ်ကောင်းစိတ်မြတ်ရှိခဲ့လို့ ရပ်အကျိုး ရွာအကျိုး စိတ်ကောင်းနှလုံးကောင်းနဲ့ဆောင်ရွက်ခဲ့တော့ သေလွန်ပြီးတဲ့အခါမှာ ရက္ခစိုးဒေါ် ညောင်ပင် သစ်ကြီးပင်ကြီးတွေကို ဘုံဗိမ္မာန်လုပ်ပြီးနေရတဲ့ နတ်သွားဖြစ်နေပြန်တယ်။

ကျမ်းဂန်မှာတော့ ရက္ခစိုးနတ်တို့သည် သက်တမ်း အလွန်ရှည်သတဲ့။ နောင်ပွင့်မည့် အရိမေတ္တေယျမြတ်စွာဘုရားရှင်ကို ဖူးမြင်ရသည်တိုင် အသက်ရှည်သတဲ့။ လူသတ္တဝါတွေကို သူတို့လုပ်တဲ့ ကုသိုလ်ကောင်းမှုပေါ်မူတည်ပြီး စောင့်ရှောက်ပေးလေ့ရှိတယ်တဲ့။ အချို့သော ရဟန်းသူမြတ်များဆို သူတို့ ပံ့လွန်တော်မူပြီးရင် ရက္ခစိုးနတ်ကြီးတွေ ဖြစ်ချင်တယ်တဲ့။ ဘာလို့ ဖြစ်ချင်ရတာလဲဆိုတော့ နောင်ပွင့်တော်မူမည့် ဘုရားရှင်ကို ကိုယ်တိုင် သက်ရှိထင်ရှား ဖူးချင်လို့ပါတဲ့။ ဘာကြောင့် ဗြဟ္မာ၊ တစ္ဆေ ရလဲ သိလား … စာရေးဆရာ"

"ဘဝသစ်ကူးတယ်ဆိုတာ …"





"လူသားတစ်ဦး ဘဝကူးသည်ဆိုရာမှာ အသက်ဝိညာဉ်တောင်က ထိုသူရဲ့ကိုယ်တွင်းက ထွက်သွားပြီး အခြားဘဝတစ်ခုခုကို ရွှေ့ပြောင်း ရွေ့သွားခြင်းမျိုးလည်း မဟုတ်ဘူး။

လောက်လန်းသဖွယ် ဝိညာဉ်တွယ် ဆိုသကဲ့သို့ အသက်ဝိညာဉ်သည် ဘဝဟောင်းမှ မခွာသေးမီ ဘဝသစ်ကိုရှာပြီး မိမိကြိုက်နှစ်သက်သည့် ဘဝသစ်ကို တွေ့မှ မူလဘဝဟောင်းကို စွန့်ခွာကူးလူးသွားခြင်းမျိုး မဟုတ်ဘူး။

ဗုဒ္ဓအဘိဓမ္မာနည်းအရ ဘဝကူးပုံမှာ လက်ရှိဘဝ ရုပ်နှင့်နာမ် တင်းဖြတ်ပြီး ငြိမ်းစဲလျက် တစ်ခဏမခြားဘဲ ဆီမီးကူးသည့်ပမာ၊ တံဆိပ်တုံး နှိပ်နှိပ်သည့်ပမာ အခြားရုပ်၊နာမ်ဘဝသစ်၊ ပဋိသန္ဓေသစ်သို့ ကူးပြောင်းသွားခြင်းကို ဘဝသစ်ကူးတယ်လို့ ခေါ်တယ် … ဒကာ။

ထိုသူပြုထားတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံကသာလျှင် အရိပ်သဖွယ် ရုပ်နာမ်အသစ်သို့ လိုက်ပါသွားပါတယ်။ ပိုသိချင်ရင် သင်္ဂြိုဟ်၊ ဋီကာကို လေ့လာကြပါ … စာရေးဆရာ"

"မှန်ပါ … အရှင်ဘုရား"

"ကွယ်လွန်ခါနီး ဖြစ်ပေါ်လာတဲ့ အမြင်အစွဲ၊ သတိရမှု အာသန္နကံတောကြောင့် ဖြစ်ရတဲ့ အကျိုးပဲ။ ကုသိုလ်စိတ်နဲ့ အကုသိုလ်စိတ်ခေါ်တာပေါ့။ မွေးရာကနေ သေဆုံးသည့်တိုင် အကျိုးပေးတဲ့ ကံလေးမျိုးရှိတယ်။

ဂရုကံ – ပထမ အကျိုးပေးတဲ့ကံ။
အာသန္နကံ – ဒုတိယ အကျိုးပေးတဲ့ကံ။
အာစိဏ္ဏကံ – တတိယ အကျိုးပေးတဲ့ကံ။
ကဋတ္တာကံ – စတုတ္ထ အကျိုးပေးတဲ့ကံ။
ဂရုကံကို ကြီးလေးသောကံလို့ ခေါ်တယ်။

အမိအဖသတ်သူ၊ ရဟန္တာသတ်သူ၊ သံဃာကိုသင်းခွဲသူ၊ ဘုရားရှင်ကို သွေးစိမ်းတည်အောင် လုပ်တဲ့သူ၊ အကုသိုလ်ကံကြီးလို့ ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအမှု ကျူးလွန်တဲ့သူတွေဟာ အဲဒီဂရုက်ကြောင့် အဝီစိငရဲကို ကျရောက်ရတာပဲ။

အာသန္နကံ ...

သူ့ကို ကွယ်လွန်ခါနီးပြုသောကံလို့ ခေါ်တယ်။

ကောင်းမှု ပြုရင် တွေးရင်၊ မြင်ရင် ကောင်းမှုကံ ...

အကုသိုလ်စရိုက်ဆိုးကို အသက်ထွက်ကာနီး စွဲလမ်းဖြစ်နေရင် အဲဒီအစွဲကြောင့် ဘဝကူးမကောင်းတဲ့ မရဏာသန္နဇောတွေဖြစ်ပြီး သေလည်း သေရော၊ သူ စွဲလမ်းရာဘဝသစ်မှာ ချက်ချင်း ပဋိသန္ဓေတည်ပြီး ဘဝအသစ်ဖြစ်ရတာပဲ။

အဲဒီ အကုသိုလ်ကံဇောကြောင့် သေပြီး ပြိတ္တာဘုံသားဘဝကို ရောက်သွားရတယ်။ ပြိတ္တာဆိုတာ သရဲ၊ တစ္ဆေ၊ ကျတ် စသည့် မကျွတ်မလွတ်ဘဝရောက်တာကို ပြောတာ။

ဒါကြောင့် လူတစ်ယောက် ကွယ်လွန်ခါနီးကျရင် ...

အာသန္နကံမရှိရင် ...

ဘဝတစ်လျှောက် လုံ့လပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံက အကျိုးပေးမယ်တဲ့။ အဲဒါကို 'အာစိဏ္ဏကံ' လို့ခေါ်တယ်။ အမြဲလေ့ကျင့်တဲ့ ကံလို့ ခေါ်တယ်။

ကြက်သတ်၊ နွားသတ်သမားက နေ့စဉ် ဒီအကုသိုလ်အလုပ်ပဲလုပ်တယ်။

ဘုရားပန်းရောင်းတဲ့သူက နေ့စဉ်ဘုရားပန်းရောင်းတဲ့ အကုသိုလ်ကင်းအလုပ်ကို လုပ်တာပဲ။

ရှင်စဉ်တုန်းက ပြုခဲ့တဲ့ အာစိဏ္ဏကံကုသိုလ်၊ အကုသိုလ်က အခု သေခါနီးမှာ စွဲလမ်းပြီး ပြန်မြင်ပြီး ...

သူ နေ့စဉ်ပြုခဲ့တဲ့ အကုသိုလ်စွဲနဲ့သေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံကို ရောက်ရော ...

စိတ်ကူးသစ်စာပေ



သူ နေ့စဉ်ပြုခဲ့တဲ့ ကုသိုလ်အစွဲနဲ့သေရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကို ရောက်ရောတဲ့။ ဘုရားရှင်ကိုယ်တော်တိုင် ဟောခဲ့တဲ့အရာ။

အဲဒီ ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ ကံသုံးမျိုး အကျိုးပေးခွင့်မရှိတော့မှ ...

အမှတ်မထင်ပြုတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံက နောက်ဘဝသစ်ပဋိသန္ဓေအကျိုးကို ပေးတာ။

အဲဒီကံကို ကဋတ္တာကံလို့ ခေါ်တယ်။

ဒါကြောင့် တစ်ဦးတစ်ယောက် သေခါနီးရင် အနီးမှာရှိတဲ့ဆွေမျိုးသားချင်းတို့က ငိုသံမပြုရဘူး။

အဲဒီငိုသံကို စွဲပြီး အမှတ်မထင်ဖြစ်လာတဲ့ ကံကိုစွဲပြီး သေရင်လည်း ပြိတ္တာဘုံဘဝကို ရောက်ရော ...

ဒါကြောင့် လူဟာ အသေတတ်ရမယ်။

ရှင်တုန်းမှာလည်း အနေမြတ်ရမယ်တဲ့။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှု များများလုပ်ရမယ်တဲ့။ တောရောဒနဇာတ်၊ စတုတ္ထနိပါတ်မှာ ပြောခဲ့ ဟောခဲ့တာက ...

သေတိုင်းနေသေတိုင်း သေသောသူကို မေးရဦးမည်။

မစိုးရိမ်လင့်၊ ခန္ဓာကိုယ်အတ္တဘောရသော သတ္တဝါအားလုံးတို့သည် သေကြရမှာချည်း။ သေမျိုးတွေချည်း ... တဲ့။

တစ်ခါ ... မဟာပရိနိဗ္ဗာနသုတ်မှာ ဘုရားရှင်က ခုလို ဟောသေးတယ်ဗျာ။

" ... အကြင်သူသည် ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာဂုဏ်တော်ကိုးပါးကို သိ၍ ယုံကြည်၍ မတုန်မလှုပ် ကြည်ညိုပြီးလျှင် ငါးပါးသီလ၌ မပြတ်မပေါက် မပျောက်ရအောင် ထိန်းသိမ်းပြီး၍အင်္ဂါလေးပါးနှင့် ပြည့်စုံလျှင် အပါယ်တံခါးပိတ်၍ လားရာဂတိကောင်းပြီလို့ ဟောခဲ့တာ လက်ခံနိုင်ရဲ့လား ... စာရေးဆရာ"

"မှန်ပါ ... လက်ခံနိုင်ပါပြီ ဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



“ကွန်မြူနစ်ဝါဒနဲ့ ဗုဒ္ဓဝါဒ ဘယ်ဝါဒက သေနတ်စွဲ၊ ဓားဆွဲ ရှိသတုံး”

“ကွန်မြူနစ်ဝါဒက ဒေါသရှိပါ ဘုရား”

“ဘယ်ဝါဒက အေးချမ်းသတုံး”

“ဗုဒ္ဓဝါဒက အေးချမ်းပါတယ်ဘုရား”

“တစ်သဝေမတိမ်း လိုက်နာရင် ကံကောင်းအောင်၊ အလုပ်ကောင်း နေရင် ကံမကောင်းဘူးလား”

“ကောင်းပါတယ် ဘုရား”

“ရှင်ရင် ဒီတရားအတိုင်းနေ မဖြစ်ဘူးလား”

“ဖြစ်ပါတယ် ဘုရား”

“သေပြီးရင်ရော ဘဝ မမြတ်ပေဘူးလား”

“မြတ်ပါတယ် ဘုရား”

“ဒါကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘဝ မရောက် အောင် နေကြ။ အကြောင်းအားလျော်စွာ ကံလေးပါးအနက် ဂရုကံကို ဖယ် ပြီး ကျန်ကံသုံးပါးအနက် တစ်ပါးပါးသောကံကြောင့် မကျွတ်မလွတ်ဘဝ ရောက်နေသူတွေကို ဘဝကူးကောင်းအောင် လုပ်ဖို့က ရှင်ကျန်နေတဲ့ လူ တွေရဲ့ တာဝန်။

ဒါကြောင့် ... မြို့သူကြီးဦးသောမတို့ရဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းဘဝကို လက်တွေ့သိကြပြီဆိုတော့ ဘုရားရှင်နှင့်တကွ သီလဝန္တရဟန်းများကို ပင့် ဖိတ်ပြီး ကွယ်လွန်သူ မြို့သူကြီးဦးသောမနှင့် တော်လှန်ရေးရဲဘော်ဟောင်း မိသားစု များ၊ မကျွတ်မလွတ်သေးသောသူများကိုရည်စူးပြီး ဆွမ်း၊ ခဲဖွယ် ဘောဇဉ်တို့ကို လှူဒါန်းရေစက်ချ အမျှပေးဝေရမယ်ပေါ့။ သူတို့အတွက် အလွန်ကောင်းတဲ့ ကုသိုလ်ပါပဲ။ ဒကာကျောက်နဲ့ တိုင်ဝင်ပြီး နေ့ကောင်းရွေး လို့ စီစဉ်ကြပါတော့ ...”

“သာဓု ... သာဓု ... သာဓု ...”

✿ ✿ ✿

| ၂၀ |

“ဟော ... ဒကာမလေးတို့ ပြန်လာကြပြီလား”

“မှန်ပါဘုရား”

ဆရာတော်ရဲ့ လှမ်းမေးတဲ့အသံနဲ့ ပြန်ဖြေတဲ့အသံကြောင့် လှည့် ကြည့်လိုက်ရော ...

“ဟာ ...”

“ဟင် ...”

“ဟင် ... မိ ... စေ ... တ ... နာ ... မင်း ... မင်း ... မိစေတနာ ... မ ... မ ... ဟုတ် ... လား ... ဟင် ...”

ကျွန်တော် အရမ်းကို အံ့ဩသွားရပြီဗျာ။

မိစေတနာကို ကျွန်တော် ဆရာတော်ရဲ့ရှေ့မှာ မြင်နေရပြီဗျာ။

“မင်း ... မင်း ... မိစေတနာ ... ဟုတ်လား ... ဟင် ... ဟင် ...”

“အစ်ကိုက စာရေးဆရာ မောင်ရွှေဝါလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မိစေတနာ ... မောင် ... အဲလေ ... အစ်ကို မောင်ရွှေဝါပါ ... မင်း ... မင်း ... မ ... သေ ... ဘူးနော် ... နော်"

"ဒကာစာရေးဆရာ ..."

"ဘုရား ..."

"အသိတွေလား"

"မှန် ... မှန်ပါဘုရား"

"ပြန်ဆုံကြပြီပေါ့ ... ကိုင်း ... ကိုင်း ... စကားပြောကြဦး။ ဘုန်းကြီး စာဖတ်စရာရှိတယ်"

ကျွန်တော်တို့အားလုံး ဆရာတော်ကို ပြိုင်တူဦးချ ကန်တော့ လိုက်တယ်။ ပြီး ကျွန်တော် ဝမ်းသာအားရ ချစ်သူ မိစေတနာအနီးကို တိုး သွားတော့ ...

မိစေတနာရဲ့ နံဘေးက အဖော်အမျိုးသမီးက ဟန့်တဲ့အကြည့် နဲ့ ကျွန်တော့်ကို လှမ်းကြည့်လိုက်လို့ ...

"အစ်ကို့ကို ကျွန်မ မျှော်နေတာ"

"အို ... ဟုတ်လား"

"ဒါပေမင့် ကျွန်မ မိစေတနာမဟုတ်ဘူး"

"ဗျာ ... မနောက်ပါနဲ့ ... မိစေတနာ၊ မင်းဟာ ... မောင် ... အဲ ... အဲ ... အစ်ကို့ရဲ့ မိစေတနာ အစစ်ပါကွာ"

"မဟုတ်ဘူး အစ်ကို၊ ကျွန်မနာမည်က မိမေတ္တာတဲ့"

"ဟေ ... မိမေတ္တာ ... ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ် ... အစ်ကို၊ မိစေတနာက ကျွန်မရဲ့ အစ်မအရင်း ပါ။ ကျွန်မတို့က ..."

"မင်းတို့က ..."

"အမြွှာညီအစ်မ ..."

"ဟေ ... အမြွှာညီအစ်မ ..."

"ကျွန်မ အစ်ကို့ကို သိတယ်။ မျှော်နေတာပါ အစ်ကို"





အံ့သြရပြန်ပြီပေါ့။

ကျွန်တော်နဲ့ မိစေတနာတို့ ရန်ကုန်တက္ကသိုလ်မှာ အတူတွေ့ပြီး ချစ်သူဘဝကို ရောက်ခဲ့ကြတယ်။

သူမမှာ အမြွှာညီအစ်မရှိတာ လုံးဝ မဖွင့်ဟခဲ့ဘူး။ နှုတ်လုံလှ ချည်လား ... မိစေတနာရယ်။

သစ်ပုပ်ပင်အောက် ...

ဦးချစ်လက်ဖက်ရည်ဆိုင် ...

အင်းလျားကန်ဘောင်က ကျွန်တော်တို့ ချစ်သူဘဝရဲ့ နေ့ရက် တွေကုန်ခဲ့ကြပြီး ယုံကြည်ချက်ခြင်းတူညီလို့ တောခိုခဲ့ကြတယ်။ မိစေတနာ က မှန်ပြည်နယ်က၊ ကျွန်တော်က မန္တလေးက။

ချစ်သူ မိစေတနာ ပဲခူးရိုးမမှာ ကျဆုံးခဲ့တယ်။

ဒါပေမင့် သူမရဲ့ ဘဝသစ်ဝိညာဉ်က ကျွန်တော့်ကို နှစ်ကြိမ် ထူး ခြန်းစွာ အိပ်မက်ပေးပြီး ပြောခဲ့တယ်။

"မောင်နဲ့ကျွန်မ လူ့ဘဝမှာ ပြန်ဆုံမယ်တဲ့"

"မောင်နဲ့ အတူနေမယ်။ မောင် မမုန်းရဘူးနော်တဲ့"

ဟုတ်ရဲ့လား။

ကျွန်တော့်ရှေ့က မိန်းကလေးက ကျွန်တော်ချစ်သူ မိစေတနာ နဲ့ တစ်ထေရာတည်းဗျာ။ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ထည်၊ မျက်နှာ ၊ ဆံပင်၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း၊ လက်မောင်းကအစ ...

မိစေတနာဗျာ ... ကျုတ်တွေ၊ တစ္ဆေတွေလို အကူအညီလိုချင် ဘို့များ လူယောင်ဖန်ဆင်း ကိုယ်ထင်ပြနေရှာလေလား။

"ကျွန်မ အစ်ကို့အကြောင်းတွေ အားလုံးသိတယ်"

"ဟုတ်လား"

"နက်ဖြန် အစ်ကို အချိန်ရမလားဟင်"

"ရ ... ပါတယ် ... မိမေတ္တာ ... အားနေပါတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အစ်ကို့ကို ပြောပြစရာတွေ အများကြီးရှိတယ်။ ကျွန်မတို့ နက်ဖြန် ကျောင်းတောင်ဘက်က ကိုးတောင်ပြည့်စေတီမှာ မနက်ပိုင်း ဆုံကြရအောင် ... အစ်ကို"

"ကိုယ် လာခဲ့ပါ့မယ် ... မိမေတ္တာ၊ စိတ်ချပြီး စောင့်နေပါ"

"ကျွန်မတို့ ပြန်ဦးမယ်နော်"

"မိမေတ္တာ ဘယ်ကိုပြန်မှာလဲ ဟင်"

"ဆရာတော်ရဲ့ အမျိုးအိမ်မှာ တည်းပါတယ် အစ်ကို။ အဲဒီကို ပြန်မှာပါ။ သွားမယ်နော်"

"ဟုတ် ... ဟုတ် ..."

"တွေ့ချင်တာ ကြာပြီအစ်ကို"

"ဩော် ..."

သူမတို့ ကျောင်းပေါ်က ဆင်းသွားခဲ့တယ်။

ဒါ ... မိစေတနာရဲ့ အမြွှာညီအစ်မတဲ့။

မိမေတ္တာ လုံးဝ မဖြစ်နိုင်ဘူးဗျာ။

"စာရေးဆရာ ..."

"ဗျာ ... အဘကျောက်"

"ဒီမိန်းမချောလေးကို စာရေးဆရာ သိနေတယ်လား"

"ဟုတ်ကဲ့ ..."

"ဘယ်လိုသိခဲ့တာလဲဟင်"

"ကျွန်တော့် ... ချစ် ... သူ ..."

"ဟုတ်လား ... စာရေးဆရာရဲ့ ချစ်သူလား"

"မဟုတ်ဘူးလို့ ပြောတာပါဗျာ"

"ဟာ ... စာရေးဆရာကလည်းကွာ ..."

"ဓာတ်များပေါင်းတော့မလားလို့ ... နာပါ့ကွာ ... ဖွတ်"

❀ ❀ ❀

[ ၂၁ ]

❏

ကျွန်မတို့ အမြွှာညီအစ်မရဲ့ အဖြစ်ကလည်း ဂမ္ဘီရဆန်တယ် .. အစ်ကို။ မွေးလာကတည်းက တစ်ယောက်ဒိုရင် တစ်ယောက်က လိုက်ဒိုတယ်။ နို့စို့ရင်လည်း အမေ့နို့ကို ပြိုင်တူစို့ကြတယ်။

ချေးပါ၊ သေးပေါက်လည်း ပြိုင်တူပဲ။

အစ်မစားတဲ့အစားမှ ကျွန်မစားတယ်။

ကျွန်မ ချော်လဲရင် အစ်မလည်း ချော်လဲတာပဲ။

ထူးဆန်းတာက အစ်မလက်ကိုက်ရင် ကျွန်မလည်း လက်ကိုက်တယ်။ အစ်မ ရေတ်သီးစပ်ရင် ကျွန်မလည်း ရေတ်သီးစပ်လို့ ငိုရတာပဲ။ အစ်မရဲ့လက်ညှိုး နာကျင်ရောင်ရမ်းရင် ...

ကျွန်မလက်ညှိုးလည်း နာကျင်ရောင်ရမ်းတာပဲ။

သူမ ခံစားရသမျှ ကျွန်မလည်း မျှဝေခံစားရတယ်။ ဆရာဝန်က စိတ်တစ်ခုတည်း ထူးခြားစွာမွေးတဲ့ ဘဝတဲ့။

သို့သော် ... အရွယ်ရောက်လာတော့ ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစား ဆင်တူဝတ်ကြလို့ ...

ဖိနပ်၊ လွယ်အိတ် ဆင်တူဝတ်ကြလို့ မကြာခဏ လူမှားကြတာ နဲ့ မိဘတွေက အရောင်ကွဲတွေ ဝတ်ဆင်ပေးခဲ့ရတယ်။

ဆိုကြပါစို့ ...

အစ်မရဲ့အတွေးက ကျွန်မရဲ့ အတွေးပါပဲ ... အစ်ကို။

ဒါပေမင့် အရွယ်ရောက်လာတော့ မတူတာတွေ အချို့ ရှိလာ တယ်။ အစ်မက စာတော်ပြီး တက္ကသိုလ်ရောက်သွားခဲ့ပေမင့် ကျွန်မ စာရေးစာဖတ် ဝါသနာပါပြီး (၁၀)တန်းနဲ့ကျောင်းရပ်လို့ စာတွေပဲ ရေး ဖတ် တော့တယ်။

"မေတ္တာ ..."

"ဘာလဲ မမ"

"ငါ့မှာ ရည်းစားရှိတယ်"

"ဟုတ်လား ... ချောလားဟင်"

"ချောတယ်"

"ကျွန်မကို ဓာတ်ပုံပြပါလား မမ"

"ညီမလေးကြိုက်သွားမှာ စိုးရိမ်တယ်"

"ကျွန်မ မမရဲ့ ရည်းစားဆိုတာ ကျွန်မရဲ့ ခဲအိုလောင်းပဲလေ မကြိုက်ရဲပါဘူး"

"ဒါဆို ... ကြည့်၊ ဒီဓာတ်ပုံပဲ"

"အင်း ... အစ်ကိုက ခန့်ချောကြီးပဲကိုး"

"ဘယ့်နှယ်လဲဟေ့ ... မေတ္တာ"

"စိတ်ကောင်း နှလုံးကောင်းရှိပြီး ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် မယ့်လူစားပဲ မမ"

"တော်လိုက်တာ ... ဒါကြောင့် နင် ငါ့ညီမဖြစ်နေတာ သိလား မိမေတ္တာ။ ဒါပေမင့် ... မေမေတို့ မသိစေနဲ့ ... ကြားလား"

"အေးပါ ..."





ကျွန်မတို့ညီအစ်မ အလွန်ချစ်ခဲ့ကြတယ် အစ်ကို။

တစ်နေ့ တက္ကသိုလ်ကနေ မမက စာတစ်စောင်ပို့လိုက်တယ်။ သူ့ ယုံကြည်ချက်အတွက် မောင်နဲ့ တောခိုသွားပြီတဲ့။ ဒီစာကိုဖတ်ပြီးရင် မီးရှို့ ဖျက်ဆီးပစ်လိုက်ပါတဲ့။ ကျွန်မ ငိုလိုက်ရတာ ... အစ်ကိုရယ်။

နောင်တော့ ထောက်လှမ်းရေးတွေ ကျွန်မတို့ မော်လမြိုင်အိမ်ကို လာရှာဖွေစစ်ဆေးကြတယ်။ အဖေ့ကိုလည်း ခေါ်သွားတာ အကြာကြီးပဲ။ နောင်တော့ အမေစိတ်ထိခိုက်ပြီး ကွယ်လွန်သွားခဲ့ရတယ်။

အဖေက အချိန်ကြာတော့မှ အိမ်ပြန်ရောက်လာခဲ့တယ်။

ဒီအချိန်မှာ အစိုးရနဲ့ကွန်မြူနစ်တွေနဲ့ တိုက်ပွဲတွေဖြစ်လို့ ကျွန်မ တို့လည်း စစ်ရှောင်ရင်း အဖေ ကျည်ထိမှန်လို့ သေဆုံးခဲ့ရတယ် အစ်ကို။

ကျွန်မအဒေါ်နဲ့ အတူနေရင်း မမ မိစေတနာ ပြန်လာမဲ့ရက်ကို မျှော်နေမိတယ်။

တစ်ခါတစ်ခါ ကျွန်မစိတ်တွေ မာကျောခက်ထန်သလိုလိုဖြစ်ပြီး အလိုလို တောက်ခတ်နေလို့ အဒေါ်က လန့်လန့်သွားတယ်။

"မေတ္တာ ... ဘာဖြစ်လို့လဲ သမီး"

"မသိဘူး ... ဒေါ်လေး ... အလိုလို ဖြစ်သွားတာပဲ"

အဒေါ်က သိတယ်။ တောထဲရောက်နေတဲ့ မိစေတနာရဲ့ အာရုံ စိတ် ဒေါသစိတ်က အမွှာညီအစ်မရဲ့ စိတ်ထဲကို ပါဝါအားကြီးကြီးနဲ့ ရောက် လာတာ။

"မမစေတနာ ဘာဖြစ်နေလဲမသိဘူး"

"သူ ပေါက်ကွဲနေမှာပေါ့လေ။ သူ ခံစားရသလို၊ သမီးလည်း ရုတ် တရက် ခံစားလိုက်ရတာပါ"

ဟုတ်မှာပါ။ ကျွန်မတို့ရဲ့ စိတ်ခံစားချက် ရာခိုင်နှုန်း အတော်များ များက သဘာဝလွန်အဖြစ် တူညီနေတာကိုး။

တစ်နေ့ ...

ကျွန်မနဲ့ ဒေါ်ဒေါ် ထမင်းအတူစားနေကြတုန်း ...



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ ကျယ်လောင်တဲ့ပေါက်ကွဲသံ ကြားလိုက်ရပြီး ကျွန်မ စားနေရင်း ကုလားထိုင်ပေါ်က နောက်ပြန်လွင့်ကျသွားတယ်။

"အား ... အ ... အ ..."

"သမီး ... မေတ္တာ ... ဘာဖြစ်လို့လဲ ... ဟင် ဟင်"

"အား ... ရင်ဝက အောင့်တယ် ... ဒေါ်ဒေါ်"

"ဟင်း ... အစာဟင်းကြောင့်လား သမီးရယ် ဟင်"

"အား ... အား ... သွေးတွေ ... သွေးတွေ ... ကျွန်မ ... ကျွန်မ ... မ ... နေ ... ရတော့ဘူး ... မောင် ... မောင် ... အ ... အ ..."

"သမီး ... မေတ္တာ ..."

ဒေါ်ဒေါ်ရဲ့ အော်သံအဆုံးမှာ ကျွန်မ ရင်ဝကို လက်နဲ့ဖိနှိပ်ရင်း သတိလစ်သွားခဲ့တယ် အစ်ကို။

ကျွန်မ သတိရတော့ ...

မြို့ဆေးရုံပေါ်မှာ ရောက်နေတယ်။

ဒီမှာ အံ့ဩစရာကောင်းအောင် ထူးဆန်းတာက ကျွန်မရဲ့ရင်ဝမှာ ညိုမည်းပြီး တစ်စုံတစ်ခု စူးဝင်သွားခဲ့သလိုမျိုး အသားအမာရွတ်ကြီးတစ်ခု အလိုလို ပေါ်လာတာပါပဲ အစ်ကို။

ကျွန်မ နှစ်ရက် ဆေးရုံတက် ကုသခံပြီး နေကောင်းလို့ ဆေးရုံ ကဆင်းလာတော့ ကြေးမုံသတင်းစာထဲမှာ ဝမ်းနည်းကြေကွဲဖွယ်ရာသတင်း ကို ကြားလိုက်ရတယ်။

ဓာတ်ပုံက မမမိစေတနာရဲ့ ဓာတ်ပုံပဲ။

ပဲခူးရိုးမမှာ တပ်မတော်စစ်ကြောင်းနဲ့ တိုးပြီး တိုက်ပွဲဖြစ်ရာက ဗမာပြည် ကွန်မြူနစ်ပါတီဝင်ရဲမေ မိစေတနာကို အသေရရှိခဲ့တဲ့ သတင်း။

ကျွန်မ ချုံးပွဲချ ငိုခဲ့ရတယ်။

ဒါနဲ့အတူ ...

စိတ်ကူးသစ်စာပေ



အစ်ကိုရဲ့ဓာတ်ပုံနဲ့ မြန်မာပြည်ကွန်မြူနစ်ပါတီဝင် သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ရဲဘော်ရွှေဝါကိုလည်း ဒဏ်ရာနှင့် ဖမ်းဆီးရမိတဲ့ သတင်း။

ကျွန်မတို့ဘဝမှာ မျက်ရည်မိုး ဖြိုင်ဖြိုင်ရွာတဲ့ အနိဋ္ဌာရုံသတင်း တွေပေါ့။ ကျွန်မတို့ အစ်ကို့သတင်းကို စုံစမ်းပေမင့် ဘယ်နေရာပို့လိုက်မှန်း မေးလို့မရဘူး အစ်ကို။

ဒီလိုနဲ့ ...

အစ်မကိုရည်စူးပြီး ကောင်းမှုကုသိုလ်ပြု အမျှပေးဝေသည့်တိုင် မမ မိစေတနာ မကျွတ်မလွတ်ဘဝကို ရောက်နေတယ်နဲ့ တူပါတယ် ... အစ်ကို။

တစ်ည ကျွန်မကို အိပ်မက်ပေးခဲ့တယ်။

ကျွန်မ အိပ်မက်ထဲမှာ မြင်ခဲ့ရတာက စိတ်မကောင်းလိုက်တာ အစ်ကိုရယ်။

မမရဲ့ရင်ဝမှာ သွေးတွေ စီးကျနေတယ်။ နောက်ကျောတစ်ခုလုံး အပေါက်ကြီးဖြစ်ပြီး အသားစတွေ မွစာကြဲနေတာပဲ။

"ညီမလေးကို မမ ပြောစရာရှိတယ်"

"ဘာလဲဟင် ... မမ ... ဘာလဲလို့ ... ဟီး ... ဟီး"

"မငိုနဲ့ ... ညီမ ... ငါတို့ညီအစ်မ မငိုကြေးနော်။ ညီမလေး မှတ်ထား ... ကိုရွှေဝါများ သက်ရှိထင်ရှား ရှိနေသေးရင် သူ့ကို .... အင့် ... ဟီး ..."

မမေတ္တာရယ်ဗျာ ...

သူတို့ညီအစ်မရဲ့ ဖြစ်ရပ်ဆန်းကြယ် ဘဝအကြောင်းကို ရှင်းပြပြီး ကိုးတောင်ပြည့်ဘုရားပေါ်မှာ ရှိုက်ရှိုက်ငိုပါရော။ ကျွန်တော် သူမရဲ့ပါးပြင်ပေါ် က တလိမ့်လိမ့်စီးကျလာတဲ့ မျက်ရည်ဥတွေကို သူမခါးကြားကလက်ကိုင် ပဝါယူပြီး တယုတယ သုတ်ပေးလိုက်တယ်။

"ညီမလေး ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ..."

"မယ်မိစေတနာ အိပ်မက်ထဲမှာ နောက်ဆုံး ပြောခဲ့တဲ့စကားကို အဆုံးသတ်ပေးပါဦး ... ညီမလေး"

"ညီမလေး နောင်မှ ပြောပါရစေ ... အစ်ကို။ ညီမ အစ်ကို့ကို ပြန်တွေ့တော့ ကြေကွဲဝမ်းနည်းလွန်းလို့ပါ ... အစ်ကိုရယ်"

"ဟုတ်ပါပြီ ... ညီမလေးရယ် ... ဟုတ်ပါပြီ။ ညီမလေးတွေ့ချင်တဲ့ အစ်ကိုလည်း ညီမလေးအနီးမှာ ရောက်နေပါပြီ။ ညီမလေး အားမငယ်ပါနဲ့ကွယ် ... နော်"

"ဟုတ် ... ဟုတ် ... ဒါနဲ့အစ်ကို ..."

"ပြော ... ညီမလေး ... ပြော"

"မမ မိစေတနာကို ကြည့်ရတာ မကျွတ်မလွတ်ဘဝကို ရောက်နေတယ်နဲ့ တူပါရဲ့ ... အစ်ကိုရယ် နော်"

"ဖြစ်နိုင်ပါတယ် ... ညီမလေး။ ဆရာတော် စောစောက ပြောသလိုပါပဲ အစွဲအလမ်းကြီးပြီး ကံဆိုးဆိုးနဲ့ ကွယ်လွန်အနိစ္စရောက်သွားရင် မကောင်းတဲ့ မကျွတ်မလွတ်ဘဝကို ရောက်လို့ ဘဝသစ် ဖြစ်ရသတဲ့။ စိတ်မပူပါနဲ့ညီမ ... အစ်ကိုတို့ မြို့သူကြီးဦးသောမတို့အတွက် ကောင်းမှုကုသိုလ်ပြုဖို့ စီစဉ်ပြီးပါပြီ။ မင်းအစ်မ မိစေတနာနဲ့ ဒီအရပ်ဒေသက မကျွတ်မလွတ်သူတွေအတွက်ပါ အမျှဝေပေးဖို့ အကျွတ်အလွတ်ဒါနလုပ်မယ်လို့ အဘဦးကျောက်ပန်းတောင်းနဲ့ အစ်ကိုတို့ စီစဉ်ထားပြီးပါပြီ ... ညီမလေး"

"ကျေးဇူးပါပဲ အစ်ကို"

ဒီအချိန်မှာပဲ မောင်ပေပင် ကျွန်တော်တို့အနီးကို ရောက်လာခဲ့တယ်ဗျာ။

"မောင်ပေပင် ... ဘာတုံးဟေ့"

"နောင်ကြီးစာရေးဆရာကို အဘကျောက် ခေါ်ခိုင်းလို့ဗျ"

"ဘာကိစ္စတဲ့တုံး ... ညီလေး"

"သွားစရာရှိလို့တဲ့"





"အေး ... အေး ... လိုက်ခဲ့မယ်ဟေ့ ... လာ ... ညီမလေး လာ"

ကျွန်တော်နဲ့ မိမေတ္တာတို့နှစ်ဦး ဘကျောက်ပန်းတောင်းအိမ်ကို ရောက်လာခဲ့လိုက်ကြတယ်။

"ထိုင်ကွ ... စာရေးဆရာ ... သမီးလည်း ပါသကိုးကွယ့်"

"ဟုတ်ကဲ့ အဘ"

"ပြော ... ဘကျောက် ... ဘာတဲ့တုံး"

"ဟောဒီစာရင်းက မြို့သူကြီးကိစ္စအတွက် မြို့ပေါ်မှာ ဝယ်ရမည့် စာရင်းကွ။ ဒါ စာရင်းက လက်သမားအဖွဲ့နဲ့ အကြမ်းဖျင်း တိုင်ပင်ထားတဲ့ ဘုန်းကြီးကျောင်းသစ်ရယ်၊ ဆွမ်းစားဆောင်နဲ့ ကုဋီအတွက် သစ်သား၊ အုတ်၊ ဘိလပ်မြေ၊ သံ၊ သွပ် ဝယ်ရမည့် စာရင်းပဲ။ ကြည့် ..."

"ဘကျောက် ..."

"ဟေ ..."

"ကျွန်တော့်ကို စာရင်းမပြနဲ့။ အဘကျောက်တို့ ကြိုက်နှစ်သက်သလို အကောင်းဆုံးတွေကို လုပ်ပေး၊ ငွေကိစ္စ မပူနဲ့။ အရေးကြီးတာ မြို့သူကြီးတို့ စိတ်ချမ်းသာပြီး ဘဝကူးကောင်းဖို့ပဲ ... ဟုတ်လား"

"အေးပါ ... အေးပါ ... ဒါဆို အဘ ဆက်လုပ်လိုက်မယ် နော်"

"ကြာသလားလို့ ... အဘရာ နော့"

"စာရေးဆရာကို နောက်ထပ်အရေးကြီးတာ ပြောရဦးမယ်ကွ"

"ဘာလဲ ခင်ဗျာ"

"စာရေးဆရာ ခေါ်ကြုံတိုင်းတစ္ဆေကို မြင်ဖူး ကြုံဖူးရပြီးပြီနော်"

"ဟုတ်ကဲ့ ... အဲတော့ ..."

"သူ့အစ်မ ခေါ်နန်းကထော် ရှိသေးတယ်ကွယ့်"

"ဟုတ်လား ... ခု ခေါ်ကထော် ဘယ်မှာနေတုံး အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်က နတ်ကြီးကုန်းရွာမှာ နေတယ်ကွယ့်။ မောင်ရင် ကြည့်ချင်လား"

"ကြည့်ချင်တယ်ဗျာ ... အဘကျောက်ရာ၊ စုန်းကဝေဆိုတာကို မမြင်ဖူးဘူးဗျ။ ပြီး ဒေါ်နန်းကထော်ဆိုတာလည်း တွေ့ဖူးချင်လို့ပါ ခင်ဗျ"

"တွေ့ရမှာပေါ့ ... ဟော ... လာ ... လာ ... ဆရာကြီးရေ့ ခေါ်င်းရင်းကြွပါဗျာ"

"စောင့်နေတာ ကြာပြီလား ... စာရေးဆရာတို့"

ပယောဂကုဆရာကြီး ဦးခမောက်ဗျ ... လွယ်အိတ်ကြီးလွယ်ပြီး ရောက်လာတယ်။

"ခုနလေးပဲရောက်တယ် ... ဆရာကြီး"

"ဆရာကြီးရေ ... ဒီလူငယ် စာရေးဆရာက စုန်းကဝေကို မမြင်ဖူးဘူးတဲ့။ ပြီး ... ဒေါ်နန်းကထော်ကိုလည်း မြင်ဖူးချင်တယ်တဲ့။ စုန်းကဝေ ပညာ ရှိမရှိလည်း စူးစမ်းချင်လို့တဲ့ခင်ဗျ။ ဆရာကြီးကတော့ ဒေါ်နန်းကထော် နဲ့ ရင်းနှီးမဟုတ်လား"

"ရင်းနှီးပါတယ် ... ကိုကျောက်ရဲ့"

"ဒေါ်နန်းကထော်အိမ်ကို သွားချင်တယ်ဗျာ။ ဆရာကြီး စီစဉ် ပါဦး"

"ဘယ်တော့သွားချင်လို့တုံး"

"ခုပဲ သွားချင်ပါတယ် ... ဆရာကြီးခင်ဗျ"

"မြန်လှချည်လား ... ကျုပ် ဒေါ်နန်းကထော်ကို ကြိုပြီး မေးထား ရပ်ခံပါရစေဦးဗျာ။ သူ့ကို စည်းရုံးရဦးမှာ။ ရ၊ မရ မပြောတတ်ဘူးနော်။ နောက်ပြီး စာရေးဆရာ လက်တွေ့မြင်ချင်တာမျိုး ဒေါ်နန်းကထော် လုပ်ပြ မပြ ဆွေးနွေးရဦးမှာလေ"

"ဆရာကြီး ခင်ဗျ"

"ပြော ... စာရေးဆရာ"





"တွေ့ရ မြင်ရအောင် လုပ်ပေးပါ ... ဆရာကြီးရယ်။ ကျွန်တော် အဲဒီလို စုန်း၊ ကဝေ ဂန္ဓာရီလုံ့ဂှက်ပညာကို မမြင်ဖူးလို့ပါ။ အမေကြီး ဒေါ်ထော်ကိုရော၊ အဘတို့ကိုရော ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ် ... ဆရာကြီးရယ်"

"အဘတို့ ဒါတွေ မလိုပါဘူးဆရာ။ သို့သော် မြန်မာလူမျိုးတို့ရဲ့ လောကီဂန္ဓာရီပညာဆိုတာ နှစ်ပေါင်းများစွာကတည်းက ရှိခဲ့ဖူးတယ်ဆိုတာ သိစေချင်ပါတယ် ... စာရေးဆရာ။ လောကမှာ အတိုက်ရှိရင် အဖျက်ရှိ တယ်။ သို့သော် မပြုကောင်းတဲ့အလုပ်၊ ဘုရားမကြိုက်တဲ့ အလုပ်တွေပါ။ ဒေါ်နန်းကထော် လောကီစုန်းကဝေအတတ်ကို တတ်တာ ကျုပ်အသိဆုံး ပဲ။

ဒါပေမဲ့ ဒီပညာနဲ့ ဒေါ်နန်းကထော် မည်သူ့ကိုမှ မပြုစားခဲ့ဘူး။ မျိုးရိုးအရ သင်ခဲ့တတ်ခဲ့တာပဲ ရှိတယ်။ ဘာလို့ ဒီလိုပြောရဲလဲဆိုရင် ဒေါ်နန်း ကထော်နဲ့ ကျုပ်နဲ့က ဘုရားကြီး ဘုရားလေးမှ အတူ တစ်ရွာတည်း နေခဲ့ ကြလို့ပဲ။ ကိုင်း ... ကျုပ်သွားစည်းရုံးကြည့်မယ်။ အဆင်ပြေရင် ညနေ လာ ခေါ်မယ်"

"ကျေးဇူးပါပဲ ... အဘဆရာကြီးခင်ဗျာ"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂၂]

❑

ညနေ နေဝင်ရီတရောမှာ ဆရာကြီးဦးခမောက် အပါအဝင် .. ကျွန်တော်၊ မိမေတ္တာ၊ မောင်ပေပင်နဲ့ အဘကျောက်ခဲတို့ ကဝေမကြီး ဒေါ်နန်းကထော်တို့ အိမ်ရှိရာကို လာခဲ့လိုက်ကြတယ်။

ကျွန်တော် အလွန်ကို ပျော်နေတာဗျ။

ဒီလို ကဝေတို့၊ စုန်းတို့ဆိုတဲ့ ပညာသည်ကို မြင်ရဖို့က မလွယ်ဘူးလေ။ ရန်ကုန်မှာဆို ပိုရှားသေးဥစ္စာဗျာ။

ဘယ်လိုလူစားမျိုးကမှ ကျွန်မ စုန်းမပါ၊ ကဝေမပါ၊ ပညာသည်ပါ မပြောဘူး။

သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက်ပဲ နေလေ့ရှိတာ။

အဘဆရာကြီး ဦးခမောက်ကောင်းလို့သာ မြင်ရ တွေ့ရ ကြုံရမှာကိုးခင်ဗျ။

"အစ်ကို ..."

"ဘာတုံး ... ညီမလေး"





"ရှူး ... တိုးတိုး ... ညီမလေး ... ကြောက်တတ် ..."

"မကြောက်နဲ့ ... ညီမလေး ... အစ်ကို တစ္ဆေရော၊ ဖုတ်တွေရော ကိုယ်တိုင် မြင်ဖူးပြီးပြီ။ ကိုယ်တွေ့ကြုံမှပဲ အစ်ကိုလည်း ယုံတာ။ မကြောက်နဲ့"

သူမက ကျွန်တော့်ရဲ့လက်မောင်းကို မဝံ့မရဲကိုင်ပြီး ကျွန်တော့် နံဘေးကနေ အသာကပ်ပြီး လိုက်ခဲ့လိုက်တယ်။

"ဒေါ်နန်းကထော် ..."

"ခမောက်လား ..."

"ဟုတ်တယ်ဗျော့ ... ငါတို့ ဝင်ခဲ့ရမလား"

"ဝင်ခဲ့ ..."

"ဝင်ကြဗျော့ ... စာရေးဆရာတို့ရေ"

ကျွန်တော်တို့ငါးဦး နေဝင်ရီတရော နွားရိုင်းသွင်းချိန်မှာ အမိုးကုပ်ကုပ် မြေစိုက်အိမ်ကြီးထဲကို ဝင်လိုက်ကြတယ်။

နောက်ဖေးကျုံးထားတဲ့ မြေကြီးအခင်းပေါ်က ဖျာတစ်ချပ်ပေါ်မှာ မိန်းမကြီးတစ်ယောက် ဆောင့်ကြောင့်ထိုင်ပြီး ကြို့လို့။

အသက် (၇၀) ကျော် (၈၀) နှစ်ခန့် ရှိမယ်တူရဲ့။

ဆံပင်ဖားလျားချထားတယ်။

မျက်နှာပေါ်မှာ ... အရေးကြောင်းတွေ အက်ကြောင်းထနေပြီး မျက်တွင်းဟောက်ပက်နဲ့ ပါးစပ်ထဲမှာ သွားတွေ လုံးဝမရှိဘူး။

ဒေါ်နန်းကထော်ဆိုတဲ့ စုန်းကဝေမကြီးရဲ့ လက်မောင်းနှစ်ဖက်ပေါ်မှာ ဘာရုပ်လို့ခေါ်ရမှန်းမသိတဲ့ ဆေးမင်ကြောင်ထိုးအရုပ်တွေ စာတမ်းတွေ အပြည့်ရှိနေတာကိုလည်း မြင်ရတယ်ခင်ဗျ။

ဘုရားစင်မရှိဘူး။

အနီးမှာတော့ ကြောက်စရာကောင်းအောင် သွားဖြဲဖြဲနေတဲ့ လူဦးခေါင်းခွံ အရွယ်အကြီးအသေး ငါးလုံးရှိနေတယ်ဗျ။

ခြေရင်းက တန်းပေါ်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်သဘီနှစ်ထည်ကို ဖောက်ထိုးလှမ်းတာလည်း မြင်ရတယ်။

ထူးခြားတာက ဒေါ်နန်းကထော်ရဲ့ မျက်လုံးနှစ်လုံးတာ ကျားမျက်လုံးလို ရဲတွတ်နေတာပဲ။

မိမေတ္တာက ကျွန်တော့်နောက်နားမှာ ခပ်ကွယ်ကွယ်နေပြီး တစ်ချက်တစ်ချက် ကြောက်ရွံ့မျက်လုံးနဲ့ အဘွားကြီးကို လှမ်းကြည့်နေရဲ့။

"မြို့က စာရေးဆရာဆိုတာ နင်လား"

"ဟုတ်ကဲ့ပါ ... အမေကြီးခင်ဗျ"

အဘွားကြီးရဲ့အသံက အေးစက်စက် မာကျောကျော။

"နေပါဦး ... နင်က ဘာလို့ ငါ့ကို တွေ့ချင်တာတုံး"

"စာရေးဆရာ ... ဖြေလိုက်လေ"

"ဟုတ် ... ဟုတ်ကဲ့ ... ကျွန်တော် အမေကြီးရဲ့ညီမ ဒေါ်ကြူတိုင်းနဲ့ ဆုံဖူးပါတယ် အမေ"

"ငါ သိသားပဲ"

"ဗျာ ..."

"နင် သူတို့ဘာလဲ သိပြီမဟုတ်လား"

"ဟုတ် ... ဟုတ်ကဲ့ ... ခင်ဗျ"

"ကဲ ... ပြော ... ဘာကြောင့် ..."

"အမေ ... ဒေါ်ကြူတိုင်းမှာ အစ်မအရင်းတစ်ယောက်ရှိတယ်။ နာမည်က ဒေါ်နန်းကထော်တဲ့"

"ငါပဲလေ ... ဟင်း ဟင်း ဟင်း ဟင်း"

"မြင်ဖူးချင်လို့ပါ ... အမေကြီး"

"ခု မြင်ပြီမဟုတ်လား"

"အဲ ... အဲ ..."

"နောက်ထပ် ဘာသိချင်လို့တုံး"

စိတ်ကူးသစ်စာပေ



ကျွန်တော် ဘာပြောရမှန်းမသိဖြစ်နေတုန်း ဆရာကြီးဦးခမောက်က ဝင်ပြောလိုက်ပါသေးရဲ့။

"မထော် ..."

"ဘာလဲ ... ခမောက်"

"နေ့ခင်းတုန်းက ငါ နင့်ကို ရှင်းပြထားသလိုပေါ့ဟာ ... သူက စာရေးဆရာပါ။ တစ္ဆေတို့ ကျတ်တို့ မယုံတဲ့လူပါ"

"ခုပဲ တွေ့ခဲ့ဆို"

"ဟုတ်ပါတယ် ... သူက ညည်းရဲ့ ပညာအစွမ်းကို မြင်ဖူးချင်လို့ပါ။ မြင်မှ ယုံချင်လို့ပါ"

"တယ်အလုပ်ရှုပ်တာပဲ ... ငါ ဒါမျိုးတွေ မပြချင်ဘူး ... ခမောက်"

"နည်းနည်းပါးပါးပေါ့ဟာ ... ပြလိုက်ပါ။ ခုခေတ်လူငယ်တွေက ဒီပညာတွေကို မြင်ဖူးချင်ကြတယ်။ ဒီပညာတွေ တကယ်ရှိပါလားဆိုတာ သိချင်ကြလို့ ... ပြပေးလိုက်ပါ ... မထော်ရာ နော်"

"ဒီမှာ စာရေးဆရာကောင်လေး"

"ဟုတ်ကဲ့ပါ အမေ"

"မြင်ပြီးရင်ရော နင်က အာချောင်ပြီး အပုပ်ချဦးမလို့လား"

"မပြောပါဘူး ... အမေကြီးရယ် ... စိတ်ချပါခင်ဗျာ"

"ပြောရင်လည်း နင် သွေးအန်မှာပဲ"

"အမလေး ..."

ဒီမှာ မိမေတ္တာက လန့်ပြီး အော်ပါရော ...

"ဒီကလေးမက ဘယ်ကတုံး"

"ကျွန်တော့်ညီမပါ အမေကြီးခင်ဗျ"

"ဟင်း ဟင်း ဟင်း ဟင်း ... အဟတ် အဟတ် အဟတ် ... နင်က ငါ့အိမ်ပေါ်ရောက်နေတာတောင် ညာချင်သေး ... ဟင်း ... ဟင်း ဟင်း ... ဟင်း ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိမေတ္တာ ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီး တုန်နေတယ်။ ကျွန်တော်က သူမရဲ့လက်ကို ကုပ်ပြီး သတိပေးလိုက်တယ်။ ငြိမ်ငြိမ်နေပေါ့။

"စာရေးဆရာ ... ကောင်လေး"

"ဗျာ ..."

"နင့်လက်နှစ်ခုကို လက်ဝါးချင်းပူးပြီး လက်အုပ်ချီသလို လုပ်လိုက်"

"ဟုတ် ..."

ကျွန်တော် လက်ဝါးနှစ်ခုကိုပူးပြီး လက်အုပ်ချီသလို ပြောက်ထားတုန်းမှာ အမေကြီး ဒေါ်နန်းကထော်က ကျွန်တော့်လက်အစုံကို စိုက်ကြည့်ပြီး ပါးစပ်က တတွတ်တွတ်ရွတ်နေရင်းက ...

"ဖောင်း ..."

သူ့လက်ဝါးနှစ်ခုကို အသံမြည်အောင် ရိုက်လိုက်ပြီး ...

"ကိုင်း ... နင့်လက်ဝါးနှစ်ခုကို ခွာကြည့်စမ်း"

"ဟင် ..."

အလို ခွာလို့မရပါလား။

ကျွန်တော် အားစိုက်ပြီး ခွာကြည့်တယ်။

ဘုရားရေ ... လုံးဝ ခွာလို့မရတော့ဘူး။

လက်ဝါးနှစ်ခု ကပ်သွားပြီဗျာ။

"ကဲ ... ကဲ ... အား ... ကဲ ..."

ကျွန်တော် လက်နှစ်ဖက်ကားပြီး လက်ကို ဖြဲခွဲကြည့်တယ်။ အလို လက်ဝါးနှစ်ဖက် ဘယ်လိုမှ ခွာလို့မရပါလား။

ဒုက္ခပါပဲ။

"ဟဲ့ ... စာရေးဆရာ"

"ဗျာ ... ဗျာ ... အမေကြီး"

"နင် ခွာလို့ရလားဟဲ့ ဟင်"





"မ ... မရ ... ဘူး ... အမေကြီး ... လုပ်ပါဦး ... အမေကြီးရာ"

"ဟား ဟား ဟား ဟား ... မိနန်းကထော်ကို ဘာများထင်နေကြလို့ လာကြလဲမသိဘူး။ ဟား ဟား ဟား ဟား ... နင် ဒီအတိုင်း ဖြစ်တော့"

"ဗျာ ... ဗျာ ..."

"ဟင် ..."

"အို ..."

အားလုံး ဆံပင်ဖားလျားချပြီး ရယ်နေတဲ့ ကဝေမကြီး ဒေါ်နန်းကထော်ရဲ့ စကားအဆုံးမှာ လန့်ဖျပ်ကုန်ကြပါရော။

"အမေကြီးရယ် ... အဲလို ... မလုပ်ပါနဲ့ဗျာ ... ကျွန်တော် အမေကြီးရဲ့ ပညာစွမ်းကို ... သိ ... သိပါပြီဗျာ ... ကျေးဇူးပြုပြီး လက်ကို ခွာပေးပါနော် ... နော် ... အမေကြီး"

"ဟဲ့ ... ငမောက်နဲ့ ငကျောက် ..."

"ဗျာ ... ဒေါ်ထော်"

"နင်တို့နှစ်ယောက် တစ်ယောက်တစ်ဖက် ဆွဲပြီး ခွာပေးလိုက်ကြ"

"ဟုတ် ... ဟုတ် ..."

ဆရာကြီးဦးငမောက်နဲ့ အဘကျောက်တို့က ကျွန်တော့်ရဲ့ လက်တစ်ဖက်တစ်ချက်စီကို ဆွဲခွာကြတယ်ဗျ။

"အား ... အား ... နာတယ် ... အဘရဲ့ ... အား ..."

"အစ် ... ကို ... အစ်ကို ..."

"အား ... မ ... ဆွဲကြ ... ပါ ... နဲ့ ..."

"အား ... အား ... အား ..."

"တော်ပါတော့ဗျာ ... ရပ်ကြပါတော့ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



လူနှစ်ယောက်အားနဲ့ ဆွဲခဲ့တော့ မကျွာဘဲ ဝိုနာလို့ အော်ဟစ်တားရတာပေါ့ဗျား။ မီမေတ္တာလည်း စိုးရိမ်ပူပန်ပြီး ငို …

"ဟော့ … ရပ်တော့ … သေတော် … နင်တို့ ခွာလို့မရဘူး"

"အ … မေကြီး …"

"ဟဲ့ကောင် … စာရေးဆရာ … ငါ့အကြောင်း သိပြီလား"

"သိ … သိ … ပါပြီ … အမေကြီးရယ်"

"နင့်လက်နှစ်ဖက် ကွာသွားချင်လားဟဲ့"

"ဟုတ် … ဟုတ်ကဲ့ပါ … အမေကြီး …"

ဒီမှာပဲ ကဝေမကြီး ဒေါ်နန်းကထော်က အပ်ချည်ကြိုးမည်းတစ်စနဲ့ ကပ်နေတဲ့ လက်ကြားကို ညှပ်ပြီး …

"ဟဲ့ … ခွာလိုက်စမ်း"

ပါးစပ်ကနေ သို့ကလို အမိန့်ပေးပြီး ကျွန်တော့်လက်ဝါးနှစ်ခုကြား အပ်ချည်ကြိုးကို သူမရဲ့လက်နဲ့ ဆောင့်ဆွဲလိုက်ရော …

"ဟယ် …"

"အို …"

"အလိုလေး … တော်လိုက်တာဗျာ"

အပ်ချည်ကြိုးမည်းက ပူးကပ်နေတဲ့ လက်ဝါးနှစ်ခုကြားက စစ်ခနဲ ဖြတ်အသွား …

လက်ဝါးနှစ်ခု ကွာထွက်သွားပြီး နဂိုအတိုင်း ပြန်ကောင်း လှုပ်ရှားလို့ရတာကို မြင်လိုက်ရပြီး ကျွန်တော် အမေကြီးဒေါ်နန်းကထော်ရဲ့ပညာကို အလွန့်ကို လေးစားသွားခဲ့ရပါပြီဗျာ။

အားလုံးလည်း ခုမှ ဝမ်းသာပြီး မျက်နှာတွေ လန်းသွားကြရဲ့။

"အဲဒါ သူငယ်တန်းအဆင့်ပဲ ရှိသေးတယ်"

"ဟုတ်လား … အမေကြီး"

"ဟုတ်တယ် … ကဲ … မင်း နောက်ထပ် ဘယ်လိုပညာမျိုးများ ကြည့်ချင်သေးလဲ … စာရေးဆရာလေး"





"ဗျာ … တော် … တော်ပါပြီ … အမေကြီး … ခင် … ဗျာ"

"ဟား ဟား ဟား ဟား … မကြောက်ပါနဲ့ … ငါ့သားရယ် … အမေကြီးက ဘယ်သူ့ကိုမှ မပြုစားပါဘူး … သားရဲ့။ အမေကြီးက ပညာကို အမျှော်သဘော သင်ယူလေ့ကျင့်ခဲ့တာပါ။ ကိုင်း … ငါ့ကို မကြောက်နဲ့။ ကြိုက်ရာတစ်ခု ပြောပြီး ဖြစ်ပြီးရင် ပြန့်ကြ။ ရဲရဲပြော …"

"ပြောလေ … စာရေးဆရာ။ မောင်ရင်ပဲ ဒီပညာရဲ့အစွမ်းကို လက်တွေ့သိချင်တယ်ဆို … ပြောပါ … မေးပါ"

ဒါနဲ့ မရဲတရဲ မေးရတာပေါ့။

"အမေကြီး … စိတ်မဆိုးပါနဲ့ နော်"

"မဆိုးဘူး … ပြော"

"ဟို … ဟိုလေ … လူစင်စစ်က … ဟို … လင်းတဖြစ်အောင် လုပ်ပြလို့ … ရ … ရမလား … ဟင် …"

ဒီလိုမေးလိုက်တော့ အမေကြီးက ကျွန်တော့်ကို မျက်လုံးပြူးပြီး ကြည့်လိုက်တာ ရင်ထဲ ဒိန်းခနဲဖြစ်သွားတာပဲ။

စိတ်ဆိုးသွားပြီနဲ့ တူပါရဲ့ဗျာ။

"စာရေးဆရာ …"

"ဗျာ … ဗျာ …"

"မင်း ထဘီခြုံရင် လင်းတဖြစ်တာကို မြင်ဖူးလို့လား"

"ဟို … မျက်လှည့်ပွဲမှာတော့ မြင်ဖူးပါတယ်ခင်ဗျ …"

"အဲဒါက လက်လှည့်၊ မျက်လှည့်ဟဲ့။ လိမ်ညာပြီး လှည့်စားတာ တကယ်မဟုတ်ဘူး"

"ဟုတ်လား … အမေကြီး … ကျွန်တော် မသိလို့ပါခင်ဗျာ"

"မင်းတို့ ကြည့်ချင်တယ်ပေါ့"

"ဟုတ် … ဟုတ်ကဲ့ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ကောင်းပြီလေ၊ ငါတို့ လောကီပညာဟာ ဘယ်လို ထက်မြက်တယ်ဆိုတာ လက်တွေ့ပြရတာပေါ့"

ကျွန်တော်တို့အားလုံး ပွဲကြီးပွဲကောင်း အထူးဆန်းဆုံးကို မြင်ရမှာမို့ ဝမ်းသာသွားကြတယ်။

"အားလုံး အိမ်မြင်ကို ထွက်ကြဟေ့"

ကျွန်တော်တို့ရော၊ ဒေါ်နန်းကထော်ပါ အိမ်ရှေ့ကွက်လပ်မှာ စုဝေးရပ်လိုက်ကြတယ်။

"ဟဲ့ ... ခမောက် ... ဆရာစုတ်"

"ဘာတုံးဟ ... ကန်းတာမရ ..."

"ငါ နင်တို့ရှေ့မှာ ထဘီခြုံပြီး လူကနေ လင်းတဖြစ်အောင် လုပ်ပြမယ်။ ငါ လင်းတများ ဖြစ်သွားခဲ့ရင် နင်တို့အားလုံး ပြန်ကြတော့ ... နားလည်လား"

"အေးပါ ... နားလည်တယ်"

"မင်းတို့အားလုံး မှတ်ထား။ လျှို့ဝှက်ဆန်းကြယ် လောကီပညာ ပြကွက်အကြောင်း၊ ငါ့အကြောင်းကို ငါသေပြီးမှ အခြားသူကို ပြောပြကြ။ ငါ အသက်ရှင်နေတုန်း ပြောပြရင်တော့ နန်းကထော်အကြောင်း သိရမယ် ကြားကြလား"

"ဟုတ်ကဲ့ပါ ခင်ဗျား ... မပြောပါဘူးခင်ဗျ"

ဒီမှာ အမေကြီးနန်းကထော်က စည်းဝိုင်းတစ်ခုကို သူရပ်နေတဲ့ အလယ်ကနေ တုတ်နဲ့ ဝိုင်းလိုက်တယ်။

အချိန်က မှောင်ရီသန်းစ ပြုနေပြီ။

"ကြည့်ထား"

ဒီမှာ အမေကြီးက စည်းဝိုင်းအတွင်းမှာပဲ ဖောက်ထိုးဝတ်ထားတဲ့ ထဘီအနက်ကို ဖြေလိုက်ပြီး တဖြည်းဖြည်း ထိုင်ရင်းကနေ သူမရဲ့ဦးခေါင်းကို ထဘီနဲ့ အုပ်ခြုံလိုက်တော့တယ်။ မကြာခင်မှာပဲ အဘွားကြီး ထဘီခြုံအောက် ရောက်သွားရော။

စိတ်ကူးသစ်စာပေ



ကျွန်တော်တို့ သူမကို မမြင်ရတော့ဘူး။

သို့သော် အထဲကနေ တတွတ်တွတ်ရွတ်သံနဲ့ တလှုပ်လှုပ်ကို မြင်ပြီး ရင်တွေ တဒိတ်ဒိတ် ခုန်နေပြီဗျ ...

ဟုတ်ပါ့မလွှားဗျာ ဟင် ...

စာထဲမှာ ဖတ်ဖူးပါရဲ့ ...

ထဘီခြုံတာ လူစင်စစ်က လင်းတဖြစ်သတဲ့။

သမန်းမြက်ကို ကိုက်ပြီး လရောင်အောက်မှာ ခုန်လိုက်တာ ချက်ချင်း ကျားဖြစ်သွားသတဲ့။

သမန်းကျားလို့ ခေါ်ကြဆိုပဲ။

ဟော ... ဟော ... မန္တန်ရွတ်ဆိုသံ တိတ်သွားပြီ။ လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေတယ်။

ဟော ... ထဘီ ပုံကျသွားပြီးရော ...

"ဂေါ ... ဂလောက် ... ဂေါ့ ... ဂွီး ..."

"ဂွီ ... ဂေါ ... ကလောက် ... ဂွီ ..."

"ဖျန်း ... ဖျန်း ..."

"ဟင် ..."

"အမလေး ..."

အလို ... လင်းတခေါင်းပြောင်ကြီးဗျာ ...

လည်ပင်းမှာ အမွေး လုံးဝမရှိဘူး။

လည်ပင်းရှည်ရှည်၊ နှုတ်သီးကောက်ကောက်နဲ့ အရုပ်ဆိုးဆိုးကြီး။

အတောင်ကိုဆန့်ပြီး ရိုက်နေတယ်။

အို ... အို ...

ရှေ့ကို ခုန်လိုက်တယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟော ... ခုန်ဆွခုန်ဆွလုပ်ပြီး ကျွန်တော်တို့ကို ကြည့်နေတယ်ဗျာ။ ကြည့်ရင်းက ရှေ့တိုးခုန်လာလို့ ကျွန်တော်တို့အားလုံး နောက်ကို အမြန်ဆုတ်လိုက်ကြတယ်ဗျာ။

မိမေတ္တာက ကြောက်လွန်းလို့ ကျွန်တော့်ခါးကို ဖက်တွယ်ထားတယ်။

"အော ... အော ... ဂလောက် ... ဂွစ် ... ဂွစ် ..."

"ဟာ ..."

ရှေ့ကို လေးငါးလှမ်း ခုန်ပြီးရော မိုးပေါ်ကို ပျံတက်ပြီး အိမ်ခေါင်မိုးပေါ် လေးငါးပတ် ဝဲပြနေတာဗျာ။

ဝဲပျံပြပြီးရော အဝေးကို ပျံသွားတော့တာပဲ။

ဘုရားရေ ...

ဒီအကြောင်း သူများတွေကို ပြန်ပြောပြရင်တောင် ယုံပါ့မလား မသိဘူး။ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ပါ။

ရှေ့မှာ ထဘီကွင်းလုံးပဲ ပုံလျက် ကျန်နေတယ်။

"အံ့ဩစရာပဲကွာ"

"ဟုတ်ပါ့ ... အဘရယ်"

"ကိုင်း ... စာရေးဆရာ၊ ကဝေတို့၊ စုန်းတို့ရဲ့ အောက်လမ်းအတတ်ပညာအစွမ်းကို ယုံပြီလားဟင်"

"ယုံပါပြီ ... ဆရာကြီးခင်ဗျာ"

ကျွန်တော် ငွေစက္ကူအတော်များများ ထုတ်လိုက်ပြီး စည်းပိုင်းရှေ့မှာ ခဲလုံးနဲ့ဖိလို့ ထားခဲ့လိုက်တယ်။

အမေကြီးဒေါ်နန်းကထော်ရဲ့ ပညာအစွမ်းကို ချီးမြှင့်ဂါရဝပြုတဲ့သဘောပါ။

"ကိုင်း ... စာရေးဆရာ ပြန်ကြစို့"

"ဟုတ်ကဲ့ ... အဘဆရာကြီး"





ကျွန်တော်တို့ ကဝေမကြီး ဒေါ်နန်းကထော်ရဲ့အိမ်ထဲက ပြန်ထွက်လာခဲ့ကြတယ်။ မိမေတ္တာက ကြောက်နေတုန်းမို့ ကျွန်တော့်လက်ကို ဆုပ်ညှစ်ထားတုံးပဲဗျာ။

ကျွန်တော်တို့ အမှောင်ရောက်မလာခင် ခြေကုန်သုတ်ပြီး လာနေတုန်းမှာပဲ ...

"ဟော့ ... ပြန်ပီလားဟဲ့"

"ဟင် ..."

"အမလေး ..."

"မြတ်စွာဘုရား ... ကယ်တော်မူပါ"

လမ်းနံဘေး သစ်ပင်အောက်ကနေ ပြန်ပြီလားမေးလို့ လှည့်ကြည့်လိုက်ရော ...

လင်းတကြီးမဟုတ်ဘူး ...

ဒေါ်နန်းကထော်ရယ် ...

ထဘီဖောက်ထိုးကြီးဝတ်ပြီး ခါးထောက်ကြည့်လို့ဗျာ ...

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂၃]

❑

ကျွန်တော့်ရဲ့ အကျိုးဆောင်ပေးမှုကြောင့်လို့ပဲ ပြောရမလိုဘဲ မြို့သူကြီးရဲ့ဝိညာဉ်ကို လေးစားသနားကြပြီး ကျွန်တော်နေတဲ့ မြို့သူကြီး တိုက်ခံရှေးဟောင်း အိမ်အိုကြီးရှိရာကို ရွာထဲက လူအချို့ လာရဲကြပြီဗျာ။

အခု မြို့သူကြီးတိုက်အိုထဲမှာ ...

ကျွန်တော်၊ ဘကျောက်ခဲ၊ ဆရာကြီးဦးခမောက်၊ ဦးကြီးလွှန်းစိပ်၊ မောင်ပေပင်နဲ့ ညီမလေး မိမေတ္တာတို့ပါ ရောက်ရှိနေကြပြီဗျာ။

ကျွန်တော်တို့ ဒီမြို့သူကြီးတိုက် ရှေးဟောင်းအိုကြီးပေါ်မှာ မြို့သူကြီးမိသားစုအပါအဝင် အင်္ဂလိပ်နယ်ချဲ့ အစိုးရကို ဓား၊ လှံဆွဲပြီး တိုက်ပွဲဝင်တော်လှန်ခဲ့တဲ့ မြို့သူကြီးသူပုန်များခေါ် ကျဆုံးလေပြီးသော မျိုးချစ်အညတြ တော်လှန်ရေးသမားများအတွက် နက်ဖြန် ဘုန်းကြီးဆွမ်းကပ် အမျှဝေမှာလေ။

ဒီနေ့ မြို့သူကြီး အိမ်ပေါ်တံခါးကို ဖွင့်ကြတယ်။

တစ်အိမ်လုံး သန့်ရှင်းရေးလုပ်တယ်။





ပြီးရင် ... ဘကျောက်တို့ယူလာတဲ့ လှူဖွယ်သက်န်း၊ [illegible] ကန်တော့ပွဲတွေကို အသင့်ပြင် နေရာချကြရတယ်။

"မောင်ပေပင်ရေ ..."

"ဗျာ ... နောင်ကြီး"

"မင်းရယ်၊ ညီမလေး မေတ္တာရယ်က ဒီနေ့ တို့စားဖို့ ထမင်းဟင်း ချက်ကြကွာ"

"ဖြစ်ပါတယ်နော် ... နောင်ကြီး"

မောင်ပေပင်က ဟိုတစ်နေ့က ကြိုးဆွဲချတာခွေကို ရည်ရွယ်ပြီး ပြောလို့ ...

"အင်း ... ဖြစ်ပါတယ်။ မင်းတို့နဲ့အတူ ဦးကြီးလွှန်းစိပ်လည်း ရှိမှာပဲ။ ဒြော် ... ဦးကြီးလွှန်း ..."

"အေး ... ပြော ... စာရေးဆရာ"

"ဘုန်းကြီးကို နေ့ဆွမ်းကပ်မှာနော်"

"စိတ်ချပါ ... အိုးတွေ၊ ခွက်တွေ၊ ပန်းကန်တွေနဲ့ ဟင်းချက်ပြီး သားတွေ မိုးလင်းရင် လှည်းနဲ့ သယ်လာမှာပါကွယ်"

"ဒါဆို ... မောင်ပေပင်နဲ့ ညီမလေးက တို့များစားဖို့ ချက်နှင့်၊ အစ်ကို ဘကျောက်တို့နဲ့ အပေါ်ထပ် သန့်ရှင်းရေး သွားလုပ်ဦးမယ်"

"ဟုတ်ကဲ့ ... အစ်ကို၊ စိတ်ချသာ သွားပါ"

ကျွန်တော်နဲ့ လူကြီးပိုင်းများက အိမ်အပေါ်ထပ် လှေကားအတိုင်း တက်ခဲ့ကြတယ်။

အပေါ်ထပ်လှေခါးရှေ့ရောက်တော့ အခန်းတံခါးက သော့ခလောက်ကြီးခတ်လျက် ရှိနေတော့ ...

"ဖွင့်ဖို့ သော့ပါလား"

"ဒါဆို ရိုက်ဖွင့်မှာလား"

"နေဦး ... အဘကျောက်၊ ဖွင့်နည်းရှိတယ်ဗျ ... ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စက်ဘီးစမုတ်တိုင် ထုထားတဲ့ သံချောင်းကို ထုတ်ပြီး သော့ပေါက်ထဲထိုးလို့ ကလိလိုက်တယ်။

သော့ မပွင့်ဘူး။

"နေဦး ... အဘရေ ဒီလို လုပ်ကြည့်မယ်ဗျာ"

ကျွန်တော် သော့ခလောက်ကြီးကို ဘယ်လက်နှင့်ကိုင်ပြီး ပါးစပ်ကနေ ပြောလိုက်တယ်ဗျ။

စမ်းကြည့်တဲ့ သဘောပေါ့ဗျာ။

"မြို့သူကြီးမင်းခင်ဗျား ..."

"မြို့သူကြီးမင်းခင်ဗျား ..."

"ဘမြို့သူကြီးမင်းခင်ဗျား ..."

"နက်ဖြန်မနက်မှာ မြို့သူကြီးမင်းတို့ လိုလားတဲ့ သံဃာတော်များအား ဆွမ်းကပ်အမျှဝေမည့် ကုသိုလ်ကောင်းမှုပြုလုပ်မှာ ဖြစ်ပါတယ်။ မြို့သူကြီးမင်းရဲ့ အခန်းထဲမှာ တရားနာမှာမို့ သော့ဖွင့်ပေးပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား"

လူကြီးတွေက ကျွန်တော့်လို ခေတ်ပညာတတ် စ်ဦးက သို့ကလို ကွယ်လွန်သူတို့ထံမှာ ခွင့်ပြုချက်တောင်းနေတာမြင် တော့ ကြည့်ပြီး လေးလေးစားစား ခေါင်းညိတ်ကြတယ်ဗျ။

ပြောပြီး အတန်ကြာ စောင့်နေလိုက်ကြတယ်။

သည့်နောက် ထုထားတဲ့ စမုတ်တိုင်သံချောင်းနဲ့ သော့ပေါက်ထဲ ထိုးမွှေလိုက်ရော ...

"ချောက် ..."

"ဟာ ... တယ်ဟုတ်ပါလားဟေ့ ... မောင်ရွှေဝါ"

"သူ့အဆက်နဲ့သူတော့ ဟန်ကျနေတာပဲ ... ဦးခမောက်ရေ နောင်ဆို ဆရာကြီး သူ့ကို နောက်လိုက်တပည့်အဖြစ် ခေါ်သုံးတော့ဗျ"

"ဟုတ်ဟေ့ ... စာရေးဆရာ တော်သားဟ"





ကျွန်တော်က သူတို့ ပြောက်ပင့်ချီးမွမ်းနေလို့ ရယ်နေလိုက်တယ်။ သော့ခလောက်ဖြုတ်ပြီး တံခါးဖွင့်ဝင်လိုက်ကြပြီး အခန်းပြတင်းတံခါးတွေအားလုံးကို ဖွင့်လိုက်တော့ ...

အထဲ ကြမ်းခင်းပေါ်မှာ ဖုန်တွေ ထူနေတယ်။

ရှေးဟောင်း ကျွန်းစားပွဲကြီးပေါ်မှာလည်း ခားစုတ်ရာတွေနဲ့ သစ်သားတွေ ပွဲလန်လို့။

တစ်နေရာမှာတော့ ...

ဖုန်တက်နေတဲ့ သေတ္တာကြီးနှစ်လုံးနှင့် ပန်းကနုတ်သေတ္တာရှည် တစ်လုံးကို မြင်ရတယ်ဗျ။ သေတ္တာနှစ်လုံးကတော့ ရှေးတုန်းက စာတိုက်သေတ္တာလို အံဆွဲတံခါးနှင့် သေတ္တာကြီးတွေ။

ဦးစွာ ကျွန်တော်တို့ ကျွန်းစားပွဲကြီးကို မ,ရွှေ့ တွန်းရွှေ့ပြီး အခန်းနောက်ဘက်ခြမ်းမှာ ကပ်ထားလိုက်ကြတယ်။

သည့်နောက် ဖုန်တွေ၊ အမှိုက်တွေ၊ ပင့်ကူအိမ်တွေကို ဖယ်ရှားရှင်းလင်းပြီး ရေပတ်နဲ့ အထပ်ထပ်တိုက်လိုက်တော့မှ မူလသစ်သားကြမ်းခင်း သရုပ် ပေါ်လာခဲ့တော့တယ်။

"အဘကျောက် ..."

"အေး ... ဘာတုံး ... မောင်ရွှေဝါ"

"ဟို ကျွန်းသေတ္တာကြီးကို ဖွင့်ကြည့်မလားလို့"

"ကြည့်ချင် ကြည့်ပေါ့ကွာ။ ဘာတွေရှိလဲ သိရတာပေါ့"

ဒါနဲ့ စာတိုက်သေတ္တာကြီးနှစ်လုံးနဲ့ ရှေးဟောင်းကျွန်းသေတ္တာ တစ်လုံးကို ဖုန်ခါသန့်စင်လိုက်ပြီး ကျွန်းသေတ္တာအဖုံး သစ်သားအစို့ကို ရိုက်ထုတ်လိုက်တော့ အဖုံး ပွင့်ဟသွားရော။

ဒါနဲ့ အသာလေး ဖွင့်လိုက်ရော ...

အထဲမှာ ခွေးရိုနေတဲ့ ခေါက်လျက်သား ပုဆိုးနဲ့ အကျီတွေကို မြင်ရတယ်ခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အဝတ်အစွေးတွေကို ဖယ်ထုတ်လိုက်တော့မှ ဓားအိမ်နဲ့ ထည့်ထားတဲ့ ဓားရှည်တစ်ချောင်း၊ ငွေဘူးရှည်တစ်ခုကို တွေ့ရပြန်တယ် ဗျ။

ဓားကို အသာမ,ယူပြီး ပွတ်ကြည့်လိုက်တော့ ...

ဓားအိမ်ပေါ်မှာ စာတစ်ကြောင်း တွေ့ရတယ်။

မြို့သူကြီး သောမ ... တဲ့။

"ဟုတ်ပြီ ... အဘရေ ... ဒါ မြို့သူကြီးရဲ့ ဓားပဲဗျ။ သူ့မြေးသားတွေ ဒီအိမ်မှာ ပြန်ရှာဖွေစုဆောင်း သိမ်းထားခဲ့ပုံပဲ"

"ငွေသေတ္တာကို ဖွင့်ကြည့်စမ်းပေ့ါ"

ငွေသေတ္တာကို ဖွင့်ကြည့်တယ်။ ကျပ်နေတယ်။ အသာခေါက်ပြီး ဖွင့်လိုက်တော့ ပေရွက်တစ်ရွက်ကို တွေ့ရတယ်။ ပေရွက်မှာ ရှေးလူကြီး လက်ရေးနဲ့ လှပသေသပ်စွာ ရေးထားပေမင့် ပေရွက်အောက်နားက စုတ်ပြတ်နေတယ်ဗျ။

ပေရွက်မှာလည်း သွေးလိုအရာတွေ ပေကျံပြီး မည်းနေပါ့ဗျာ။

ပေရွက်ကို အသာ အဝတ်စနဲ့ ပွတ်ပြီး အသံထွက်ဖတ်လိုက်တယ်။

*အမိန့်တော်နာခံစေ ...*

*ထုလားဖြူနတ်ချဲ့တို တွေ့ရာထချိုင်း*

*ဓားဆောင်ငြိုးသဲ ဘုတ်အင်တော်ချာန်ဖြ ...*

အောက်က လက်မှတ်နေရာက စုတ်ပြဲသွားပြီမို့ မည်သူရေးသား အမိန့်ပေးမှန်း မသိရဘူးဗျာ။

"အမိန့်တော်ပေးတာ ဘယ်သူတဲ့တုံး ရွှေဝါ"

"အောက်က အမိန့်ပေးသူနေရာ စုတ်ပြတ်နေတယ် ... အဘကျောက်"

"မဟုတ်မှလွဲရော မင်းကြီးမင်းလက်ဝါးများလား။ ဒါမှမဟုတ် မင်းကြီးရွှေလုံ့မိုလ်များလားပဲ။ မင်းကြီးတို့က အင်္ဂလိပ်ကုလားဖြူတွေကို





တော်လှန်တဲ့နေရာမှာ ရှေ့တန်းကပါခဲ့တဲ့ သူတွေလေ။ ကင်းဝန်မင်းကြီး ဦးကောင်းက ပြန်မတိုက်နဲ့၊ ပြန်တိုက်ရင် သူပုန်လို့ အမိန့်စာထုတ်တော့ မင်းလက်ဝါးတို့၊ မင်းကြီးရွှေလုံ့မိုလ်တို့က အတော်စိတ်ဆိုးကြတာ"

"ကိုကျောက်ရဲ့ ..."

"ပြော ... ဖိုးခမောက်"

"ကျုပ်တို့မင်းကြီးရော မဖြစ်နိုင်ဘူးလား"

"ပသူတုံးဗျာ"

"မြို့လုလင် မြို့သူကြီး မင်းကြီးရွှေလရောင်လေဗျာ"

"ဟုတ်တာပေါ့ဗျာ ... မင်းကြီးရွှေလရောင် ဖြစ်ဖို့များတာပေါ့။ မင်းကြီးက အသက်သေသည့်တိုင် ဓား လက်ကမချ၊ အင်္ဂလိပ်ကုလားဖြူတွေကို တိုက်သွားတာကွယ့်။ သူ့အမိန့်စာပဲနေမှာပေ့ါ"

"အင်္ဂလိပ်က မျိုးချစ်တွေကို သူပုန်တဲ့"

"ကျုပ်က 'သူပုန်'လို့ပြောလည်း ကြိုက်တာပဲ ... ဆရာခမောက်ရဲ့"

"ဘာလို့ကြိုက်တုံး ... ကိုကျောက်"

"အင်္ဂလိပ်အစိုးရ အခမ္မနယ်ချဲ့ အုပ်ချုပ်ဖိနှိပ်နေတဲ့ 'သူ' တို့ကို 'ပုန်' ကန်လို့ 'သူပုန်' အမည်တပ်တာ ကြိုက်တယ်ဗျာ။ 'သူပုန်' ဆိုတာ တော်လှန်ရေးသမားပဲဗျ"

ကျွန်တော် နောက်ထပ်စာတိုက်သေတ္တာတွေ ဖွင့်လိုက်တော့ –

အထဲမှာ ပေစာထုပ်တွေ အထပ်လိုက်ပဲ။

ပေစာကြိုးတွေနဲ့ စနစ်တကျ ထုပ်စည်းထားတာ မြင်ရတယ်။ အချို့က ဘုရားသမိုင်းပေစာထုပ်၊

ဆေးကျမ်း၊ ဓာတ်ကျမ်း၊ မြင်းကျမ်း ပေစာတွေသာမက အဋ္ဌာရသ နှင့် စပ်လျဉ်းသည့် ရှေးဟောင်းပေစာများကိုပါ တွေ့ရခြင်းကို ဝောက် ရှင်..



www.burmeseclassic.com

www.burmeseclassic.com



မြို့သူကြီး ဦးသောမဆိုသူဟာ စာပေကိုလည်း အလွန်လိုက်စားလေ့လာသူ ဖြစ်ဖို့များတယ်။

ဒီပစ္စည်းတွေအားလုံးကို သားမြေးများကပဲ စစ်ကြီးပြီးတော့ ရှာဖွေ ဆောင်းနေရာပြန်ပြီး အမှတ်တရ ထားရှိထားပုံပါပဲဗျာ။ တော်လိုက်တဲ့ သားမြေးတွေရယ်ဗျာ။

ကျွန်တော် စာတိုက်တံခါးကို ပြန်ပိတ်လိုက်တယ်။

မြို့သူကြီးရဲ့ လက်သုံးဓား၊ တိုက်ပွဲဝင်ဓားနှင့် အမိန့်စာကို ငွေသေတ္တာထဲကို ပြန်သွင်းလိုက်ပြီး ...

ရှေးဟောင်းကျွန်းသေတ္တာထဲမှာ နေရာတကျ ပြန်သိမ်းထားပေးလိုက်တယ်။

ကျွန်တော် အပေါ်ထပ်ကို ပွတ်တိုက်ဆေးကြော သန့်စင်ပြီးနောက် ခေါင်းရင်းခန်းမှာ ပါလာတဲ့ ဖျာချောကြီးတွေကို ခင်းလိုက်တယ်။

နက်ဖြန်ရောက်ရင် ...

မြို့သူကြီးတို့ ဘဝကူးကောင်းရေးကို ရှေးရှုပြီး ရဟန်းသံဃာတို့ကို ဒီနေရာမှာ လှူဒါန်းအမျှဝေမှာ။

မြို့သူကြီးနဲ့ ကျွန်တော် ဘယ်လို ပဋ္ဌာန်းဆက်ပါနေလည်း မသိဘူး။

ဟောဒီ စားပွဲရှည်ကြီးကို ဝိုင်းရံပြီး သူတို့ အစည်းအဝေးလုပ်ကြတာ ...

ကျွန်တော် ခြစားကျည်ပေါက်ကနေ ချောင်းကြည့်ပြီး မြင်ခဲ့ရတာပေါ့ဗျာ။

အခု ပြန်စဉ်းစားကြည့်တော့ ...

မြို့သူကြီးတို့က တစ္ဆေဘဝကို ရောက်နေကြတာပဲ။ သူတို့ အင်္ဂလိပ်စစ်တပ်ကို တိုက်ရင်း ကွယ်လွန်ကျဆုံးခဲ့တာ ကြာပြီလေ။

ဒါဆို ကျွန်တော် တစ္ဆေဖြစ်နေသူတွေကို မျက်စိနဲ့ တပ်အပ်မြင်နေရတာပဲ။

စိတ်ကူးသစ်စာပေ



မြို့သူကြီးသူပုန်တစ္ဆေတွေကရော ...

ကျွန်တော့်ကို ဒီ သူ့အိမ်ကြီးပေါ်ကနေ ကြောက်လန့်ထွက်ပြေးသွားအောင် မခြောက်လှန့်တာ အံ့ဩစရာပဲ။

သူနဲ့ ကျွန်တော် ဟိုးဘဝတစ်ခုက သားချင်းများ တော်စပ်ခဲ့လေရောလား။ အဲဒီ သမုဒယ သံယောဇဉ်ကြောင့်များလား၊ မြို့သူကြီးပြောခဲ့သလို တော်လှန်ရေးသမားချင်း မို့လို့လား။

ကျွန်တော့်ကို မြို့သူကြီးက လှိုက်လှဲသံနှင့် ခေါ်ခဲ့တယ်ဗျာ။

'လူလေး' တဲ့။

'သား ...' တဲ့။

'ငါ့ကို အဖေလို့ ခေါ်လိုက်စမ်းပါ ... သားရယ်တဲ့ ...'

ဒီတုန်းက ကျွန်တော် စီးမျောအိပ်မက်ထဲမှာ သူ့ကိုကြည့်နေရင်း ရင်ထဲ လှိုက်လှိုက်လှဲလှဲ လှုးလှုးလိမ့်လိမ့်ဖြစ်ပြီး 'အဖေ' ဆိုတဲ့စကားကို ခေါ်ချင်နေတယ်။

အဲဒါ ဘာလို့ ခေါ်ချင်ရတာလဲ ကျွန်တော် မစဉ်းစားတတ်ဘူး။ ဒါကြောင့် အားရပါးရ ခေါ်လိုက်တာပဲဗျာ။

"အဖေ ..."

"သား ... ငါ့သား ..."

မြို့သူကြီး ရင်ခေါင်းသံကြီးနှင့် ဝမ်းသာအားရ သားလို့ခေါ်ရင်း ကျွန်တော့်ကို ဖက်ထားတာ။ သူ့မျက်လုံးအိမ်မှာ တွဲလွဲခိုနေတဲ့ ပီတိမျက်ရည်ဥတွေကို ကျွန်တော် မြင်နေရညစ္စာဗျာ။

သူဟာ ဟိုးဘဝဟောင်းက ကျွန်တော့်အဖေ အမှန်တကယ် ဖြစ်ခဲ့ရောသလား။

သူ့ကို ကျွန်တော် သံယောဇဉ်ဖြစ်နေတယ်။

'မင်းကလည်း တော်လှန်ရေးသမား သူပုန်ပဲ'

'မင်းကို ငါတို့ ဒီအိမ်ပေါ်က နှင်မထုတ်ပါဘူးတဲ့'။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



*အမေသာ မြစ်လိုက်ချင်ပါဘိလေ။*

သူ့မှာ ပိုင်ဆိုင်မှုတွေ ဆုံးရှုံးခဲ့တာ အများကြီးပဲ။

သူ့ဖနိး ...

သူ့သား ...

သူ့အချစ်ဆုံးသမီး ...

ပြီး သူ့အသက် ...

သူ့သွေးသောက်ရဲဘော်တွေအားလုံးရဲ့အသက်။

သူ ... သူ့မျက်စိရှေ့မှောက်မှာ အသက်ရှင်နေတဲ့ သားတစ်ယောက်။ ယုံကြည်ချက်ရှိတဲ့ သားတစ်ယောက်။ သူဖြစ်ချင်ရှာမှာပေါ့။ ဒါကြောင့်များ ကျွန်တော့်ကို သံယောဇဉ်ရှိပြီး မျှော်လင့်နေရော့လေမလား။

ကြည့်စမ်း ...

အင်္ဂလိပ်မှန်သမျှကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်း လိုက်တိုက်နေတဲ့ သူပုန်ကြီးရယ် ...

သူ့ကိုယ်သူ ဘဝသစ်မှာ ရောက်လို့ရောက်နေမှန်း မသိ၊ တော်လှန်ရေးခရီးကို ဆက်သွားနေတုန်း ...

တိုက်ပွဲထွက်ဖို့ စည်းဝေးနေတုန်း ...

လွတ်လပ်ရေးရခဲ့တာ သူတို့မသိ။

လွတ်လပ်မှ အမှုဝေပါတဲ့။

လွတ်လပ်လို့ အမှုဝေတာကို သူတို့မသိ။

အခု ... သူတို့ လွတ်လပ်လို့ အမှုဝေသည့်အသံကို အရမ်းကြားချင်နေကြပြီ။

သာခုကို လိုက်လုံအားရ ခေါ်ချင်နေကြပြီ။

ကျွန်တော် ပရဝိညာဉ်လောက မယုံကြည်ပါဘူးဗျာ။ ပစ္စုပ္ပန်တည့်တည့် ကြည့်တဲ့လူပါ။

အခု ကျွန်တော် မျက်မြင်ကြုံခဲ့ရတယ်။

စိတ်ကူးသစ်စာပေ



သွေးပျက်ပြီး ရှူးသွားချင် သေသွားချင်လောက်တဲ့ တစ္ဆေ၊ ကျတ်နှင့် စုန်းကဝေဆိုတာကို ကျွန်တော့်ကိုယ်တွေ့ ကြုံခဲ့ရပြီလေ။

အချို့က ယဉ်ယဉ်လေးနှင့် လန့်စရာ။

အချို့က ခပ်ကြမ်းကြမ်းနှင့် ကြောက်စရာ။

အချို့က ပီပီ ဣန္ဒြေနှင့်သိက္ခာနှင့်၊ ယုံကြည်ချက်နှင့်၊ သူတို့ဘဝမှာလည်း အမျိုးအစားကွဲတွေရှိရဲ့။

အစွဲတဲ့ ...။

ပခုက္ကူဆရာတော်က ကွယ်လွန်ကာနီးအစွဲတဲ့။

မရဏာသန္ဓေဇောရဲ့ အရှိန်ကြောင့် ဖြစ်ရတဲ့ ပဋိသန္ဓေဘဝသစ်တဲ့။ ကြောက်စရာကောင်းလိုက်တဲ့ဘဝ။ နက်ဖြန် မွန်းမတည့်ခင်မှာ အဖေမြို့သူကြီးတို့ နောက်ထပ် ဘဝကောင်း ဘဝမှန် တစ်ခုရှိရာကို သွားရတော့မှာပဲ။

ပခုက္ကူဆရာတော်က အသေအချာ မိန့်တာပါ အဖေမြို့သူကြီး။

လက်ရှိ ပြိတ္တာ တစ္ဆေဘဝသစ်ထက် ...

အဆများစွာ သာလွန်ကောင်းမွန်တဲ့ဘဝတဲ့။

အဖေမြို့သူကြီးရယ် ...

အဖေမြို့သူကြီးတို့ မျိုးချစ်သူပုန်မိသားစုနှင့်တကွ တိုက်ပွဲဝင်သူပုန်သူရဲကောင်းကြီးတွေ ဘဝကောင်း ဘဝသစ်ရှိရာကို သွားနိုင်ကြပါစေ၊ ရောက်နိုင်ကြပါစေ။

အဖေမြို့သူကြီးရယ် ...

အဖေမြို့သူကြီးကိုလည်း ကျွန်တော် အဖေအရင်းလို လေးစားချစ်ခင် တန်ဖိုးထားခဲ့ရပါတယ် ... အဖေ။

အဖေတို့ ...

သာခုခေါ်ဖို့ အရေးကြီးသတဲ့နော် ... အဖေ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘဝဟောင်းတုန်းက တော်စပ်ခဲ့ရတဲ့ မျိုးချစ်တော်လှန်ရေး သူပုန်ခေါင်းဆောင်ကြီး အဖေအဖြစ် ကျွန်တော် အမှုဝေမယ်နော် အဖေ။

အဖေ့ကို ထပ်မှာလိုက်ဦးမယ်။

သွေးစွန်းဓားကို ချပြီး ...

သာရ သုံးကြိမ် ခေါ်ကြဖို့ ...

မမေ့နဲ့နော် အဖေ ...

မမေ့နဲ့ ...

လုံးဝ မမေ့လိုက်ပါနဲ့ ...အဖေမြို့သူကြီးရယ်။

✿ ✿ ✿

[၂၄]

❑

ဒီနေ့ပွဲကတော့ အလွန့်ကို အားရကျေနပ်စရာကောင်းပြီး အမြင်သစ်တွေ မွှန်းထုံနေတဲ့ပွဲလို့ ပြောရင် မမှားနိုင်တော့ဘူးဗျာ။

ကြည့်စမ်း ...

ရှေ့ဆုံးမှာ ကြီးတော့် ဒေါ်မီးခြစ်က အုန်း၊ ငှက်ပျောပွဲကြီးရွက်ပြီး ကြော့ကြော့ကြော့ကြော့နဲ့ လှမ်းလာနေတာခင်ဗျ။

ကြီးတော်မီးခြစ်နောက်မှာတော့ ...

ဒေါ်မီးခြစ်ရဲ့သမီး မလှအုန်းမယ်ရယ်၊ ညီမလေး မိမေတ္တာရယ်၊ လှအုန်းမယ်ရဲ့သူငယ်ချင်း မိန်းမပျိုတွေက သက်န်းတွေ၊ ဖောင်းထောင်ချိုင့်ဆဲ ထည့်ပြီး ပိုက်ပွေ့ လိုက်လာတာကလား။

အလို ...

မသိရင် မြို့သူကြီးတိုက်ရှေ့ ရှင်လောင်းလှည့်လာတဲ့ အတိုင်းပါဘာလားဟရို့။ အံ့မယ် ...ပရိတ်အိုး ကိုင်လာသူတောင် ပါသေးဗျ။

အဲဒါ ဘယ်သူပါလိမ့်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အလို . . . အဘလွန်းစိပ်ကတော့ ဒေါ်ချစ်မေကိုး။

နောက်မှာတော့ လှည်းတစ်စီး . . .

လှည်းမောင်းသူက ဘယ်သူ . . .

သိပြီ . . . သိပြီဗျ . . . အဲဒီလှည်းဆရာက ကျွန်တော် မြို့သူကြီး အိမ်ကို ပထမဦးဆုံး စတင်ပြောင်းရွှေ့လာတုန်းက ကြောက်ကြောက်ရွံ့ရွံ့နဲ့ လိုက်ပို့တဲ့ လှည်းဆရာ ကိုတုံးတိုကိုး။ အိုးခွက်တွေ၊ ချက်ပြုတ်ပစ္စည်းတွေ သယ်လာကြတာကိုး။

"ဗျို့ . . . ကိုတုံးတို"

"ဗျာ . . . စာရေးဆရာ"

"ဒီနေရာကို လှည်းမောင်းလာတာ မကြောက်ဘူးလားဗျ ဟေ"

"ကျွန်တော် မကြောက်တော့ဘူး . . . စာရေးဆရာရေ . . . ဟဲ . . . ဟဲ . . . ဟဲ . . ."

"အရင်တုန်းက ကြောက်ပြီး ခုမှ ဘာလို့ မကြောက်ရတာတုံး . . . ကိုတုံးတိုကြီးရ"

"ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . . မပြောပါရစေနဲ့ . . . စာရေးဆရာ . . . အဟဲ"

"မပြောမှ ကြားချင်တာဗျ . . . ပြောစမ်းပါ"

"အဟဲ . . . သူ . . . သူတို့ . . . ပါ . . . လို့ . . . ဗျ"

"သူတို့ဆိုတာ ဘယ်သူတွေကို ပြောတာလဲ"

"ရွာ . . . ရွာက . . . ကောင် . . . ကောင်မလေးတွေ . . . ပါ . . . ပါ . . . လို့ လိုက်ရဲတာပါ . . . အဟီး . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . . ကိုတုံးတိုက သတ္တိကောင်းပဲကိုးဗျ . . . ဟား ဟား ဟား ဟား . . ."

ဒီမှာ ရွာသူတစ်ဦးက လှမ်းပြောသဗျ။

"တော့် . . . ကိုရင်တုံးရှည် . . ."

"တုံးတိုပါဟ . . . နင်တို့နဲ့ကျမှ ရှည်ရတယ်လို့"





"ကိုတုံးတိုရဲ့ . . ."

"ပြောဟ . . . မိသန်းရ . . . ဘာတုံးလဟ"

"တော်က သတ္တိကောင်းတယ်တော့်"

"အဟီး . . . နင် . . . နင် သိသားနဲ့ဟာ . . . အဟီး"

"အဲဒါကြောင့် ရေမရှိတဲ့ချောင်း နွားခေါင်းဖော်ပြီး သေလိုက်တော့"

"ဟာ . . . ဒီကောင်မလေး . . . ငါက ဘာလို့ ရေမရှိတဲ့ချောင်း 'နွားခေါင်း' ဖော်ပြီး သေရမှာတုံးလဟ"

"တော်က လူတစ်ကိုယ်လုံး နွားခေါင်းက အသားများပြီး ပိုကြီးလို့တော့်"

"ဟား . . . ဟား . . . နင်တို့ကလည်းဟာ . . ."

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ခစ် . . . ခစ် . . . ခစ် . . . ခစ် . . ."

"အဟတ် . . . အဟတ် . . . အဟတ် . . . အေ့ . . ."

"သတ္တိကောင်းမှာပေါ့အေ . . . တိုတိုတို့မျိုးက သူခိုးနင်းလို့ သေတဲ့မျိုးပဲ"

"အိပ်ပျော်နေလို့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

အားလုံးက နောက်ပြောင်ရယ်မောကြပါဗျာ။

လှည်းပေါ်က ထမင်းအိုး ဟင်းအိုးတွေ ပန်းကန်တွေချ အပျို အုပ်နဲ့ ညီမလေး မိမေတ္တာတို့က ဆေးကြောပြုပြင် နေရာချကြ။

အပေါ်ထပ်မှာတော့ ကြီးတော်ဒေါ်မီးခြစ်နှင့် ဘကျော်တို့က ကန်တော့ပွဲနှင့် သက်နီးထည့် မောင်းထောင်ချိုင့်ဆယ်လုံးရယ်၊ ဝတ္ထုငွေ စာအိတ်တွေရယ်ကို ပြင်နေကြတယ်။

ရှေ့မှာ ရေစက်ခွက် ဖလားတွေလည်း အသင့်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်တို့ ... ကြွလာပြီဟေ့ ..."

ကျွန်တော်တို့ အိမ်ပေါ်ကနေ ပြေးဆင်းပြီး လက်အုပ်ချီလို့ ကြိုဆိုကြတယ်။

လှည်းသုံးစီးပေါ်ကနေ ဆရာတော်နှင့် သံဃာတော်စုစုပေါင်း (၁၀) ပါးတို့ ဆင်းလာပြီး အပေါ်ထပ်ကို ကြွရောက်နေရာယူကြတယ်ခင်ဗျ။

အိမ်ပေါ်မှာ လူစုံတက်စုံပါပဲဗျာ။

တစ်ချိန်တုန်းက ဒီအိမ်ကြီးကို တစ်ရွာလုံး ကြောက်ရွံ့ကြတယ်။

မလာရဲ၊ မကြည့်ရဲကြဘူး။

အခု ... သူတို့ အိမ်ပေါ်ကို တက်ရဲကြပြီ။

မြို့သူကြီးတို့ဘဝကို မုဒိတာပွားနိုင်ကြပြီလေ။

ကျွန်တော်တို့ အကျိုးဆောင်ရကျိုး နပ်ခဲ့ပြီပေါ့။ အိမ်ပေါ်မှာ တရားနာဖို့ လူစုံနေပါပြီ။ ဒီမှာ အဘကျောက်က ...

"မောင်ရွှေဝါ ..."

"ဗျာ ... အဘကျောက်"

"မင်း သွားဖိတ်ခေါ်လိုက်တော့။ တရားနာတော့မယ် ... သွား"

"ဘယ်သူ့ကို သွားဖိတ်ခေါ်ရမှာတုံး ... ဘကျောက်ရ"

"မကျွတ်မလွတ်ဘဝရောက်နေတဲ့ မြို့သူကြီးတို့အားလုံးကို သူတို့အတွက် ရည်စူးပြီး ကောင်းမှုရေစက်ချပွဲ လုပ်နေပါတယ်၊ တရားနာယူဖို့ ကြွပါလို့ သွားဖိတ်ကွ"

"ဟာ ... အဘကျောက် ခေါ်လိုက်ပါဗျ"

"မင်းက ကာယကံရှင်ဖြစ်နေပြီလေကွာ"

"မင်းက မြို့သူကြီးရဲ့ လူရင်းဖြစ်နေပြီ။ သွား ... ခြံပြင်ကနေ သွားဖိတ်ခဲ့"

ကျွန်တော့်မှာလည်း ဒီအရပ်ကို ရောက်တော့မှ တစ်သက်လုံးမလုပ်ခဲ့တဲ့ မြန်မာမှုဓလေ့တွေကို ကိုယ်တိုင်လုပ်နေရတာပေါ့ဗျာ။

စိတ်ကူးသစ်စာပေ



ကြားဖူးနားဝနဲ့ ငယ်တုန်းက မြင်ဖူးတာပေါင်းပြီး ကြိတ်ရတော့တာပဲဗျ။

ကျွန်တော် ခြံအပြင်ကနေရပ်ပြီး ပြောလိုက်တယ်ဗျာ။

"ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြတဲ့ အင်္ဂလိပ်နယ်ချဲ့ တော်လှန်ရေးသမား သူရဲကောင်း မြို့သူကြီးဦးသောမနှင့် မိသားစုများ၊ တော်လှန်ရေးသမားများ ... အဲ ... အဲ ... ပြီးတော့ ..."

ဒီမှာ ကျွန်တော့်ချစ်သူ မိစေတနာကိုပါ ပြေးသတိရလိုက်တယ်ဗျာ။

"ကျဆုံး တော်လှန်ရေးသမားများနှင့် ချစ်သူ မိစေတနာတို့ခင်ဗျား ..."

"အားလုံးအတွက် ရည်စူးပြီး ဘုရားအမှူးပြုတဲ့ သံဃာတော်အရှင်သူမြတ်များကို ဆွမ်းဒါနများ လှူဒါန်းဆက်ကပ်လို့ ရေစက်ချတရားများ နာကြပါတော့မယ် ... အဲ ... ဟဲ ... ပြီးတော့ ... ဘာ ..."

" ...... အဖေမြို့သူကြီးခင်ဗျား ... သားရဲ့ချစ်သူ မိစေတနာကိုတွေ့ရင်လည်း ရောက်ရာဘုံဘဝမှ ခေါ်လာပြီး ကျွန်တော်တို့နဲ့ တရားအတူနာပေးကြပါ"

"ကျွန်တော်တို့က အမျှပေးဝေရင်လည်း အဖေမြို့သူကြီးတို့ ဘဝသစ်ကို ရောက်နေသူများအားလုံး သာဓုခေါ်ကြပါလို့ ပြောကြား ဖိတ်ကြားရပါတယ်။ ကြွခဲ့ ဝင်ခဲ့ကြပါခင်ဗျာ"

အမယ်လေး ... မောလိုက်တာနှယ်။

ပြောရင်းက ကြက်သီးကို ဖြန်းခနဲ ထသွားတာပဲ။

ကျွန်တော့်ကို ကျွန်တော်လည်း ပြန်မေးနေမိတယ်။

"ရွှေ ... ဝါ ... မင်း ရုပ်ဝါဒသမား ဗ. က. ပ ဟောင်းလား"

"ဒါမှမဟုတ် စိတ်ဝါဒသမား ... ရွှေဝါလား"

"ကျုပ် အခု ဗုဒ္ဓဘာသာ **ထေရဝါဒ**လမ်းပေါ် ရဲရဲလျှောက်ဖို့ကြိုးစားနေတဲ့သူ ဖြစ်သွားပြီဗျ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ကိုယ့်ကိုယ်ကိုယ် ပြောရင်း လှည့်ဝင်လိုက်တုန်း ...

ကျွန်တော့်နားထဲမှာ ခြေသံတွေလိုလို ကြားရတယ်။

မဟုတ်ပါဘူး ...

ငါ့ခေါင်းက ဘာတွေဖြစ်ပြန်ပြီတုံး။

ကိစ္စဝိစ္စပြီးရင် ရန်ကုန်တက်ပြီး ဦးနှောက်နှင့်အာရုံကြောဆေးရုံမှာ ပုံမှန် ပြန်စစ်ဆေးဦးမှပါ။

အလို ...

ကျွန်တော့်ခန္ဓာကိုယ်ကို လေဟပ်သွားသလို ခံစားနေရတယ်ဗျား။ ဘာဖြစ်ကြတာပါလိမ့်။ နောက်ကနေ အသာတွန်းသလိုလို။

ဒီလိုနဲ့ အိမ်ပေါ်ကိုရောက်ပြီး တရားနာမလို့ လုပ်နေတုန်း မိန်းမကြီးတစ်ယောက် ဝင်လာတာကို ဆရာတော်က လှမ်းမြင်လို့ ...

"ဒကာမကြီးပါ ရောက်နေတာလား"

"မှန်ပါ ဘုရား"

အားလုံး လှည့်ကြည့်လိုက်ရော ...

"ဟင် ..."

"ဟာ ..."

"အလိုလေး ..."

နောက်မှာ ကြို့ကြို့လေး ရပ်နေသူက ...

စုန်းကဝေမကြီး ဒေါ်နန်းကထော်ပျား။ ပခုံးပေါ်မှာ ယောဂီရောင်တဘက်ကို ခေါက်လျက်တင်လို့။

"ဟိုမိန်းမကြီးတော့် ..."

"အမလေး ... သူ ဘာလာလုပ်ပါလိမ့်ဟယ်"

"ဘုရား ... ဘုရား ... ကြောက်လိုက်တာ"

"ဒကာမကြီး ... ဒေါ်နန်းကထော် ..."

"ဘုရား ..."

စိတ်ကူးသစ်စာပေ



"တရားနာယူဖို့ပဲလား ... ဒကာမကြီး"

"မှန်ပါ ဘုရား ... ဘဝတစ်လျှောက် ဘုရားမသိ၊ တရားမသိ၊ သံဃာရှိမှန်းမသိဘဲ နေခဲ့ရတဲ့ မိုက်ရက်ဆိုးရက် မိစ္ဆာဒိဋ္ဌိနေ့ရက်တွေ များခဲ့ပါပြီ ဘုရား။ သေရမဲ့ရက်နီးလာလေ အသိနောင်တ ရလာလို့ မြို့သူကြီး အမှုဝေတဲ့ပွဲမှာ အရှင်ဘုရားတို့ကို ရှိသေစွာ ရှိခိုးပြီး ရတနာသုံးပါးကို သက်ဝင်ယုံကြည်၍ ဘဝကူးကောင်းအောင် နေထိုင်ချင်လို့ပါဘုရား"

ကြားရတဲ့စကားကြောင့် ကျွန်တော်တို့အားလုံး အံ့ဩသွားခဲ့ရတယ်ဗျား။

"သာဓု ... သာဓု ... သာဓု ... ဒကာမကြီး ... မိုက်တာကို သိရတာ၊ အယူမှား၊ အမြင်မှားကနေ အမြင်မှန်ရတာသည်လည်း လိမ္မာတာပဲတဲ့။ အဓမ္မနဲ့ ဓမ္မကို ခွဲခြားသိမြင်တာလည်း လိမ္မာတာပဲတဲ့။ ဒုစရိုက်နဲ့ သုစရိုက်ကို နားလည်သိရှိပြီး သုစရိုက်ကို ဆောင်ရွက်တာလည်း လိမ္မာတာပဲတဲ့။ လိမ္မာတယ်ဆိုတဲ့ အဓိပ္ပာယ်က ကောင်းမွန်တယ်လို့ ဆိုလိုတာပဲ။ ဘုန်းကြီး ဒီနေ့ တရားဟော ကြွရောက်ရတာ အလွန်ဝမ်းသာတယ်။ ဒီနေ့ ကုသိုလ်တွေရကြပြီပေါ့။ ကိုင်း ... စလိုက်ကြရအောင်"

ကျွန်တော်တို့ ဩကာသကို ရွတ်ဆိုကြတယ်။

သရဏဂုံသုံးပါးကို ဆောက်တည်ကြတယ်။

ငါးပါးသီလကို ခံယူကြတယ်။

ပခုက္ကူဆရာတော်နှင့် ရဟန်းအရှင်သူမြတ်ကြီးများက ပရိတ်တရားများချီးမြှင့်ပြီး မေတ္တာသုတ်ပါ ရွတ်ဆိုကြတယ်။

"ဒကာ၊ ဒကာမကြီးတို့ ... ဒီနေ့ ကုသိုလ်ကောင်းမှု အလှူမင်္ဂလာပွဲကတော့ လွန်စွာထူးခြားပြီး မွန်မြတ်တဲ့ပွဲပါ။ ဘုန်းကြီးတို့ ဒီမြေလတ်ဒေသမှာ အင်္ဂလိပ်ခေတ်အခါတုန်းက အင်္ဂလိပ်နယ်ချဲ့ အစိုးရကို တိုက်ထုတ်ရင်း မြင့်မြတ်စွာ အသက်ပေးခဲ့ကြသူတွေ ရှိခဲ့ပါတယ်။ ဘုန်းကြီးတို့ မှတ်မိသမျှတော့ နတ်မောက်ဘက်မှာ မြို့လုလင်မြို့သူကြီး ဦးမင်းခေါင်ခေါ် ဗိုလ်မင်းရောင်။ အဲဒါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဘိုးပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မကွေးနဲ့ တောင်တွင်းကြီးဘက်မှာ ရွှေခင်ညိုမင်းသား ဘုန်းကြီးတို့ ဒီအရပ်ဒေသမှာတော့ မြို့သူကြီးဦးသောမနဲ့ သူ့နောက်လိုက်နောက်ပါ ဆွေးသောက်ရဲဘော်တွေပေါ့။ သူတို့ဟာ တိုင်းပြည်လူမျိုး ဘာသာရဲ့အကျိုးအတွက် အင်္ဂလိပ်နယ်ချဲ့တွေကို တိုက်ခိုက်ရင်း အသက်စွန့်သွားခဲ့ကြရတယ်။ ဒီနေ့ ကွယ်လွန်သူ မျိုးချစ်သူပုန်တော်လှန်ရေးသမားတွေကို ထူးထူးခြားခြား အုံ့အုံ့ညြညြ ဂုဏ်ပြုတဲ့ပွဲ၊ အမျှဝေတဲ့ပွဲပါ။ လွတ်လပ်ရေးရပြီးပါပြီ။ ဒကာမြို့သူကြီးတို့ . . . သင်တို့ အမိတိုင်းပြည်အတွက် တာဝန်ကျေခဲ့ပါပြီ။ သင်တို့မှာ လွတ်လပ်ရေးဆိုတဲ့ အစွဲကို ရပ်ကြပြီး သင်တို့ ကောင်းမှုန်တဲ့ဘဝကို ရောက်ရှိစေဖို့ ဘုရားအမှူးပြုတဲ့ သီလဝန္တသံဃာတော်များကို ဆွမ်း၊ ခဲဖွယ်ဘောဇဉ်၊ လှူဖွယ်တို့ဖြင့် လှူဒါန်းပြီး ရေစက်ချ အမျှဝေပါတော့မယ်။

ဒကာတို့ သီလဝန္တရဟန်းဆိုတဲ့ အဓိပ္ပာယ်က သီလနှင့်ပြည့်စုံတဲ့ သံဃာကို ဆိုလိုတာပါ။ သီလရှိတဲ့ ရဟန်းသံဃာတွေကို ပင့်ဖိတ်လှူဒါန်း ရေစက်ချ အမျှဝေမှ အလှူရှင်လည်း အကျိုးရှိတယ်၊ ရည်စူးခံရတဲ့သူတွေလည်း အကျိုးရှိတယ်လို့ ဘုရားဟော ရှိခဲ့ပါတယ်။ သီလဝန္တသီလရှိသော ရဟန်းသံဃာတို့ကိုတော့ ပင့်ဖိတ်လှူဒါန်းပါရဲ့ ကွယ်လွန်သူတို့ရဲ့ ဘဝသစ်ဝိညာဉ်တို့ကို ဖိတ်ခေါ်ပြီး အမျှမဝေရင်လည်း သူတို့က သာဓုမခေါ်ရလို့ မကျွတ်မလွတ်ဘဝအတိုင်း ရှိနေမှာပဲ။

ကွယ်လွန်သူတို့က ဤကောင်းမှုကုသိုလ် အဖို့ဘာဂကို သာဓုမခေါ်ရင် ကောင်းသောဘုံဘဝကို မရောက်ရပြန်ဘူးတဲ့။

ဗိမ္ဗိသာရမင်းကြီးက ဘဝဟောင်းက ဆွေမျိုးတို့ကို ရည်စူးပြီး အလှူကြီးပေးသတဲ့။

သီလမရှိတဲ့ ရဟန်းတွေ ပင့်ဖိတ်ပြီး အလှူလုပ်တော့ ကုသိုလ်လည်းမရ၊ ဟို ပြိတ္တာဆွေမျိုးတွေလည်း ဘာမှမရ . . .

တစ်ခါ သီလရှိသော ရဟန်းတို့ကို ပင့်ဖိတ်လှူဒါန်း၍ ကွယ်လွန်သူတို့ကို ရည်စူးပါသော်လည်း . . .

စိတ်ကူးသစ်စာပေ



ဆွေမျိုးပြိတ္တာတို့ကို အမျှသုံးကြိမ် မပေးဝေတော့ ဆိုဆွေမျိုးပြိတ္တာတွေလည်း သာဓုမခေါ်နိုင်ဘဲ မင်းကြီးကို စိတ်ဆိုးလို့ နန်းတော်မှာ အချိုးချိုး ခြောက်လှန့်ကြသတဲ့။

ဒါကြောင့် မြတ်စွာဘုရားကို မေးမြန်းလျှောက်ထားတော့ မင်းကြီး ဘဝဟောင်းက ဆွေးမျိုးပြိတ္တာတို့ ဘဝကူးကောင်းအောင် ဒါနပြုမယ်ဆိုရင် . . .

ပထမ သီလရှိတဲ့ ရဟန်းသံဃာကို ပင့်ပါ။

ဒုတိယ ရည်စူးခံရတဲ့ ဆွေမျိုးပြိတ္တာကို တရားအတူနာကြဖို့ ဖိတ်ပါ။

တတိယ ကောင်းမှုကုသိုလ် အစုစုတို့ကို ရေစက်ချ အမျှဝေရင် ရည်စူးခံ ဆွေမျိုးပြိတ္တာတို့ကို အမျှသုံးကြိမ်ဝေပါ။

ဒီတော့မှ ဆွေမျိုးပြိတ္တာများက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ခွင့်ရရင် ပြိတ္တာဘုံသားဘဝကနေ နတ်ပြည်ကဲ့သို့သော အနေမြင့်မြတ်သည့် ဘုံဘဝကို ချက်ချင်းရပါလိမ့်မယ်လို့ ဟောမှ အသိရရှိပြီး . . .

ဘုရားရှင်ဟောကြားတဲ့အတိုင်း ပြုလုပ်အမျှပေးဝေတော့မှ ဘဝပေါင်းများစွာက ဆွေမျိုးပြိတ္တာတွေ သာဓုခေါ်ပြီး နတ်တို့အသုံးအဆောင်များရကာ မင်းကြီးကို ကောင်းချီးပေးကြသတဲ့။

ယခု မြို့သူကြီးတို့ကို ကောင်းမြတ်သောစေတနာနှင့် သီလရှိသော ရဟန်းကိုယ်တော်တွေကို ကျွေးမွေးလှူဒါန်းကြတယ် . . .

ရတနာမြတ်သုံးပါးကို လုံးဝဥဿုံ ယုံကြည်သူတွေ လာရောက် တရားနာယူကြတယ် . . .

မြို့သူကြီးမင်းရဲ့ အလှူစစ်စစ်လည်း ပါလာလို့ သူတို့ကလည်း ဆိုလာကြတယ်လို့ အိပ်မက်ပေးတယ်။

ရောက်လာသူတို့ရော၊ တရားနာကြသည့် မမြင်ရသော ပုဂ္ဂိုလ်တို့သည် . . .

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကံ,ကံရဲ့ အကျိုးကို ယုံကြည်ကြတယ်။

ဘဝသံသရာရဲ့ လည်ပတ်ခြင်းအကြောင်းကို လက်ခံယုံကြည်ကြတယ်။ ကုသိုလ်ရဲ့အကျိုး၊ အကုသိုလ်ရဲ့အကျိုးကို သက်ဝင်ယုံကြည်ကြတာမို့ ဒီနေ့ ရည်စူးလှူဒါန်း ကုသိုလ်အဖို့ဘာဂကို ကွယ်လွန်သူ မြို့သူကြီး ဦးသောမအပါအဝင် အားလုံး ရရှိခံစားရမှာ ကေန်မုချပါပဲ။ ကိုင်း ... ရေစက်ချပြီး အမျှပေးဝေကြရအောင်”

ဆရာတော်က ရေစက်ချတရားကို အေးချမ်းစွာ ဟောကြားတော်မူတယ်။

“ကိုင်း ... ရေစက်ချပြီးပြီ ... အမျှဝေကြပါ ... ဒကာကြီးတို့”

“ကွယ်လွန်သူ မြို့သူကြီးမင်း ဦးသောမနှင့်တကွ ဇနီး၊ သမီးနှင့် တော်လှန်ရေးသူရဲကောင်းများ အပါအဝင် (၃၁) ဘုံသားအားလုံး ကြားကြသမျှ ...

“အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါခင်ဗျာ ...”

“သာဓု ... သာဓု ... သာဓု ...”

“အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါခင်ဗျာ ...”

“သာဓု ... သာဓု ... သာဓု ...”

“အမျှ ... အမျှ ... အမျှ ... ယူတော်မူကြပါခင်ဗျာ ...”

“သာဓု ... သာဓု ... သာဓု ...”

သာဓု သုံးကြိမ်ခေါ်ပြီး ကုန်တော့တဲ့အခိုက်မှာ မွှေးကြိုင်သင်းပျံ့တဲ့ ရနံ့တွေကို အခန်းထဲမှာ ရှူရှိုက်မိကြပါရောဗျာ။

“မွှေးလိုက်တာဟာယ် ...”

“ပန်းရနံ့ဟ”

“အမွှေးနံ့သာ ရနံ့ရောတော့”

ဒီမှာပဲ ကျွန်တော် မမျှော်လင့်တဲ့ ဖြစ်ရပ်ဆန်းကြယ်ကို မြင်လိုက်ရတာပဲဗျာ ...





“မြို့ ... သူ ... ကြီး ...”

“အ ... ဖေ ... အဖေမြို့သူကြီး ...”

ဘုရားရေ ...

မြို့သူကြီးရယ် ...

မြို့သူကြီးကတော် ဖြစ်ဟန်တူသူရယ် ...

ပြီး ... လူထွားထွား ခန့်ခန့်ချောချောကြီးတွေ ... ဝင်းလက်တောက်ပ ပြောင်လက်တဲ့ အဝတ်အစားတွေ ဝတ်လို့။

သူတို့ မျက်နှာအသီးသီးပေါ်မှာ ...

ကျေနပ်ဝမ်းသာ ရွှင်လန်းနေတဲ့ အပြုံးတွေ ဝေသီလို့ ...

သူတို့မျက်နှာတွေပေါ်မှာ ...

မာန ဆူးခက်တွေ မရှိဘူး။

ဒေါသ အဖုအထစ်တွေ မရှိဘူး။

စီးလိမ့်နေတဲ့ မျက်ရည်မရှိဘူး။

သူတို့ဟာ ကျွန်တော်နှင့် ညီမလေးမိမေတ္တာကို ကြည့်ပြီး ကြည်နူးစွာ ပြုံးနေကြလို့။

ဟော ... ဟော ... မြို့သူကြီးက ခေါင်းညိတ်ပြီး ကြွန်ရွှေကြီးစွာသော ခြေလှမ်းနဲ့ လှမ်းပြီး တိုက်ထဲကနေ စထွက်နေတယ်။

သူ့နောက်မှာ ...

မြို့သူကြီးကတော်နဲ့ တူရဲ့၊ ကြော့ကြော့သန့်သန့် ခန့်ခန့်ကြီးဗျာ။ ပြုံးပြုံးကြီးနဲ့ လိုက်ပါလို့။

ပြီး ... ခန့်ခန့်ညားညား လူကြီးတွေ ကျွန်တော့်ကို ပြုံးပြပြီး မြို့သူကြီးနောက်ကို လိုက်ပါသွားနေကြတာ။

အလို ... ဟိုတစ်ယောက်က ...

ဟင် ... ဒါ ... ဒါ ... မြို့သူကြီးသမီးထင်ရဲ့။

ယေင်ယေင်ရွှယ်ရွှယ် လှလှပပလေး။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကာတစ်ယောက်က ခေါင်းကို မော့လိုက်ရော။

"ဟင် ..."

"မိ ... စေ ... တ ... နာ ..."

"မိ ... စေ ... တ ... နာ ..."

ချစ်သူ မိစေတနာရယ်ဗျာ ...

နှုတ်သမီးတမျှ ပြုံးပြုံးပြုံးပြုံး အဝတ်အစားတွေ ဝတ်လို့ မြူးမြူး ကြီးနဲ့ ရှေ့ကသွားသူတွေနောက်ကို ...

ကျွန်တော် သူမကိုကြည့်ပြီး ပါးစပ်ကနေ လွှတ်ခနဲ အသံထွက် လို့ ထရပ်မလို ဖြစ်သွားချိန်မှာ ...

"အစ်ကို ..."

"အစ်ကို ..."

"အင်း ... အင်း ..."

"အစ်ကို ... ဘာကိုတွေ့လိုက်လို့လဲဟင် ... ဟင်လို့"

"သူ ... သူတို့ ... သူတို့ ..."

"အစ်ကို ..."

ညီမလေး မိမေတ္တာ လှုပ်ခါလိုက်မှ ကျွန်တော်ရဲ့ စီးမျောအာရုံ အမြင်တွေ လန့်နိုးသွားခဲ့တယ်ဗျ။

"အစ်ကို ... ညီမခေါ်နေတာ ကြားရဲ့လား အစ်ကို"

"ကြားပါတယ် ညီမလေးရယ်"

"အစ်ကို ... ဘာကိုမြင်ပြီး ထရပ်တာလဲဟင်"

"သူ ... သူတို့သွားကြပြီ ညီမလေး"

"ဘယ်သူတွေတုံး ... အစ်ကိုရဲ့ .... ဟင် ... ဟင်"

"သူတို့ လွတ်လပ်ရေးရသွားပြီ"

"သူတို့ လွတ်လပ်ရေးကို ယုံကြည်သွားကြပြီ။ သူတို့ လွတ် မြောက်သွားကြပြီ ညီမလေးရဲ့။ သူတို့ မြင့်မြတ်ကောင်းမွန်တဲ့နေရာကို ရောက်သွားကြပြီ သိလား"



BURMESE CLASSIC .com



ကျွန်တော် ဝမ်းသာအားရ ပြောလိုက်ပြီး ညီမလေး မိမေတ္တာရဲ့ ပခုံးကို တင်းတင်းလေး ညှစ်ဖက်ထားလိုက်မိတယ်။

အနီးမှာရှိကြတဲ့ ဘကျော်ပန်းတောင်းတို့၊ ကြီးတော်မီးခြစ်နဲ့ ရွာသူရွာသားတွေက ကျွန်တော့်အဖြစ်ကို ကြည့်ပြီး ကြည်ကြည်နူးနူး ရယ် မောပြုံးပြလို့ဗျာ။ ဘုန်းတော်ကြီးတွေလည်း ခေါင်းတညိတ်ညိတ်နဲ့ဗျ။

ဒီမှာ အဘဆရာကြီး ဦးခမောက်က ....

"စာရေးဆရာ"

"ဗျာ ... ဆရာကြီး"

"မြင်လိုက်ရဲ့လား"

"ဗျာ ... ဘာ ... ဘာကိုလဲဟင်"

"မင်းရဲ့ မြို့သူကြီးမိသားစုကိုလေကွာ"

"ဗျာ ... အဘ ... ဆရာကြီး ... ရော မြင်လိုက်လား ဟင် ဟင် ... ဆရာကြီး"

"မြင်တာပေါ့ ... ခုမှ သူတို့ တကယ့်လွတ်လပ်ရေးအရသာကို ခံစားကြရပြီပေါ့ စာရေးဆရာ"

"ဟုတ် ... ဟုတ်ကဲ့ ဆရာကြီး"

ဒီမှာ ဆရာကြီးဦးခမောက်က ရေနွေးကြမ်းသောက်နေတဲ့ အမေ ကြီး ဒေါ်နန်းကထော်ရှိရာကိုကြည့်ပြီး ...

"မိထော်"

"ဘာတုံး ငမောက်"

"နင်ရော မြင်လိုက်မဟုတ်ဘူးလား"

"ဘာကို ကျုပ်က မြင်ရမှာတုံး"

"မြို့သူကြီးတို့ကိုလေ"

"ဟွန်း ... ပယောဂဆရာစုတ်၊ နောင်ကို အဲဒီအကြောင်းတွေ ဒို့ လာမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ... ဘာဖြစ်လို့တုံး မိထော်ကြီးရ"

"ငါ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးမဲ့ ငါမြင်တော့ မှာ အောက်လမ်းဆရာကြီးရဲ့"

"ဟား ... ဟား ... ဟား ... သာဓု ... သာဓု ... နောင် တစ်ခွန်းတော့ နင့်ကို မြေမြုပ်တဲ့နေ့ကျမှ ခေါ်မယော့ ဟား ... ဟား ... ဟား ... ဟား ..."

အမေကြီး ဒေါ်နန်းကထော်က သို့ကလို ပယောဂဆရာကြီး ဦးသမောက်ကို လှမ်းဖဲ့လိုက်ပြီးနောက် ...

ကျွန်တော်တို့နှစ်ဦးကို လှည့်ပြီးပြုံးပြပြီး သင်း ... မှတ်သွားပြီ ကွယ့်ဆိုတဲ့ စကားကို အမူအရာနဲ့ လုပ်ပြလိုက်တော့ အားလုံး ရယ်လိုက် ကြပေါ့ဗျာ။

ကျွန်တော်တို့နှစ်ဦး အမေကြီး ဒေါ်နန်းကထော်ရဲ့နံဘေးမှာ ဝင် ထိုင်လိုက်ကြပြီး ...

BURMESE CLASSIC

"အမေကြီး ..."

"ဘာတုံး လူကလေး"

"အမေကြီးကို ကျွန်တော် အရမ်းလေးစားသွားပြီ အမေကြီးရဲ့"

"သမီးကရော"

"အမေကြီးကို လေးစားပါတယ်ရှင့်"

"ငါ့ကို မကြောက်ကြတော့ဘူးပေါ့"

"ဟုတ်"

"ဘာလို့ မကြောက်ကြတော့တာလဲ၊ သမီးတို့သားတို့ရဲ့"

"အမေကြီးက ..."

"ဘာဖြစ်လဲ ... ဆက်ပြောလေ"

"ဘုရားလူဖြစ်သွားလို့"

"အို ... ဒီစကားကြားရတာ ဝမ်းသာလိုက်တာ သမီးလေးရယ် ဒီစကား အမေကြီး ကြားချင်နေတာ ကြာပြီ သမီးတို့ရဲ့၊ ဘုရားလူ ... ဘုရားလူ .... ဒီ ဘုရားလူဖြစ်သွားပြီ။ အို ... ကျေးဇူးတင်လိုက်တာ။ မြို့သူကြီးရယ်။ ကျွန်မ ရှင်တို့ကို ကျေးဇူးတင်လိုက်တာ။ ရှင်တို့ကို အမှီ ပြုပြီး ကျွန်မ ဘုရားလူဖြစ်သွားပြီတော်။ မြို့သူကြီး ရှင့်ကို ကျွန်မ မြင်ပါတယ် မြို့သူကြီးရယ် ... ရှင်တို့ ဘဝကူးကောင်းသွားပြီ။ ကျွန်မ ဝမ်းသာတယ်။ ကျွန်မ ဘဝကူးကောင်းအောင် ပြုမူနေထိုင်သွားပါမယ်လို့ ရှင့်အိမ်ပေါ်မှာ ဘုရားတရားသံဃာကို တိုင်တည်ပြီး သစ္စာပြုပါတယ် မြို့သူကြီး ..."

ကျွန်တော်တို့နှစ်ဦးမှာ ....

အမေကြီး ဒေါ်နန်းကထော်ရဲ့ စကားအဆုံးမှာ အမေကြီးကို ဝမ်း သာအားရ ပိုင်းဖက်ထားလိုက်ကြတယ်။

အမေကြီး ဒေါ်နန်းကထော်ရဲ့ ပါးပြင်ပေါ်မှာ ဝမ်းသာမျက်ရည်ဥ တွေ တလိမ့်လိမ့် စီးကျလာခဲ့တာ မြင်နေရတယ်။

ဒီမျက်ရည်ဥတွေဟာ ...

ဖနောင့်ပေါက် တောက်ခတ်တာနဲ့ ပိုင်းခနဲ လဲကျသေဆုံးသွားနိုင် သော ပညာရှင်ကဝေမကြီး ...

ထဘီခြုံလိုက်တာနဲ့ လင်းတဖြစ်သွားတဲ့ စုန်းကဝေမကြီးအဖြစ် ရွာသူရွာသားတွေ ကြောက်ရွံ့ အော့နှလုံးနာကြတဲ့ အမုန်းကိုခံယူပြီး ဒေါသ ထွက် ရင်နာလို့ကျတဲ့ မျက်ရည်ဥတွေ မဟုတ်ဘူး။

ဘဝကူးမကောင်းတဲ့ စုန်းကဝေ ဆယ့်နှစ်ကြိုးပညာတွေကို အပြီး တိုင် စွန့်ခွာပြီး အများရှေ့၊ ဘုရားရှေ့၊ သံဃာရှေ့မှာ ရတနာမြတ်သုံးပါး ကို ခံယူတည်ဆောက်ခြင်း လက်ငင်းအကျိုးကြောင့် အများရဲ့ ချစ်ခင် ခြင်းကို၊ ချစ်ခြင်းရရှိသောဘဝကို ဝမ်းသာလွန်းလို့ စီးလိမ့်ကျလာတဲ့ မျက် ရည်ဥတွေပါ။

ငိုလိုက်ပါ အမေ ...

ကျွန်တော်တို့ ကံကံရဲ့အကျိုး ယုံကြည်ပြီး အနာဂတ်ဘဝရှေ့ရေး အတွက် ခွန်အားကိုဖြစ်စေတဲ့ သစ္စာမိုးတွေ ဖြိုင်ဖြိုင်ရွာပြီး အားရ ငို လိုက်ပါ။

စိတ်ကူးသစ်စာပေ



www.burmeseclassic.com

www.burmeseclassic.com



မြို့သူကြီးတို့ ....

ကောင်းရာသုဂတိဘုံကနေ မြင်ပြီး ကျွန်တော်တို့ အမေကြီးတို့ရဲ့ ...

မျက်ရည် ...

ချွေးစက်၊ ချွေးပွင့် ...

သွေးစက်၊ သွေးပွင့်တွေရဲ့ နှလုံးလှုတန်ဖိုးကို ဂုဏ်ယူဝမ်းမြောက်သာဓုခေါ်ကြဦးမှာ ကေန်မလွဲပါပဲ ... အမေကြီးရယ် ...

မောင်ညီမိုး(သန်လျင်)

BURMESE CLASSIC

## စိတ်ကူးသစ်စာပေမှ ထုတ်ဝေပြီးစာအုပ်များစာရင်း

| စဉ် | စာရေးသူ | စာအုပ်အမည် | ကျသင့်ငွေ |
|---|---|---|---|
| ၁။ | မောင်ညီမိုး | ခြေဖဝါးမခင်ရွှေ | ၁၂၀၀/- |
| ၂။ | (သန်လျင်) | ၂ လူထူးဆန်းဘကိုထိပ်ဦးရာကျော် | ၁၂၀၀/- |
| ၃။ | ״ | ၃ သည်းထိတ်ဆန်းကြယ်ချွေးနတ်ကြီး | ၁၂၀၀/- |
| ၄။ | ״ | ၄ သေရွာငါးကြိမ်ပြန်ခင်ခေါင်းစုံ | ၁၂၀၀/- |
| ၅။ | ״ | ၄၂ ဦးတစ္ဆာလျှို့ ဝစ္ဆန်ဆရာစံဖြန်လာလိမ့်မည်ဟေ့ | ၁၅၀၀/- |
| ၆။ | ״ | ၄၃ ဆင်မနင်းဘုန်းတော်ကြီး | ၂၅၀၀/- |
| ၇။ | ״ | ၄၄ မိုးခေါင်တောင်စွာ | ၁၃၀၀/- |
| ၈။ | ״ | ၄၅ သိုက်ကြီး | ၁၀၀၀/- |
| ၉။ | ״ | ၄၆ ထူညီဆန်ခြောက်တောင့်နှင့်လက်ဖွားဆိုင် | ၂၅၀၀/- |
| ၁၀။ | ״ | ၄၇ ထင်စုန်းဘုရင်မဝန်ထွာ (ပထမပိုင်း) | ၁၀၀၀/- |
| ၁၁။ | ״ | ၄၈ ထင်စုန်းဘုရင်မဝန်ထွာ (ဒုတိယပိုင်း) | ၁၀၀၀/- |
| ၁၂။ | ״ | ၄၉ မြို့သူကြီးသူဝန် | ၂၀၀၀/- |
| ၁၃။ | နေမိုးသော် | ၁ ရွှေနေမလေးမေစံရှားနှင့်ဝတ္ထုမြားဖြစ်သွားတဲ့သွေး | ၇၀၀/- |
| ၁၄။ | ״ | ၄ ״ တစေမထောသီမော်ဒေဝီ | ၇၀၀/- |
| ၁၅။ | ״ | ၂၃ ״ သောနတ္တိနှင့် စွဥ္စသုဘဒ္ဒာများ | ၁၅၀၀/- |
| ၁၆။ | ״ | ၂၄ ״ ထာမဘုံသားဆုံလည်နွား | ၁၅၀၀/- |
| ၁၇။ | ״ | ၂၅ ״ သံလက်တောင်သဂျမ်း | ၁၅၀၀/- |
| ၁၈။ | ״ | ၂၆ ״ တံကြမ္မာထားပွဲ | ၁၅၀၀/- |
| ၁၉။ | ״ | ၂၇ ״ သေမင်း၏သတင်းပို့သံ | ၁၅၀၀/- |
| ၂၀။ | ״ | ၂၀ ״ နံ့ရုံထဲထနား | ၁၅၀၀/- |
| ၂၁။ | ထောင်မှူးကြီး | ၁ ဇာတ်ထွင်းဗိဇ္ဇာကျော်ကြီး | ၁၀၀၀/- |
| ၂၂။ | သိန်းဝင်း | ၄ ဖြဲခါးရှင်မြင့်ဦး | ၁၀၀၀/- |
| ၂၃။ | ״ | ၂၉ မြန်မာနိုင်ငံအကျဉ်းထောင်၏နောက်ခံသမိုင်း | ၁၅၀၀/- |
| ၂၄။ | ״ | ၃၀ နတ်ဆိုးကျိန်စာလျှန်း | ၁၅၀၀/- |
| ၂၅။ | ״ | ၃၁ အတိတ်ဘဝက ဝဠာန်းဆက်အိမ်ဇတ် | ၁၅၀၀/- |
| ၂၆။ | ״ | ၃၂ သစ်တောအရေးပိုင်ဦးနေအောင်နှင့် ရွာပုန်းများ | ၁၅၀၀/- |
| ၂၇။ | ״ | ၃၃ မရှိခထာ | ၁၃၀၀/- |
| ၂၈။ | ״ | ၃၄ သံသရာဝန်လာပုံဆန်းကြယ် | ၁၀၀၀/- |
| ၂၉။ | ״ | ၃၅ ဝန်ထွာဘုရင်မ | ၁၆၀၀/- |
| ၃၀။ | ״ | ၃၆ နန်းကြာညို | ၁၀၀၀/- |
| ၃၁။ | ״ | ၃၇ ကြိမ်ဒဏ်ဖူးစာ | ၁၀၀၀/- |

www.burmeseclassic.com